ဝိပဿနာ

# အလုပ် – တရားတော်

အမှတ်စဉ် ( ၁၆ )



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန် ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလျှော်။ ဗြဟ္မာ-သိကြား၊ ဝသည်များက၊ ထင်ရှားပြပြင်၊ ဒီရင်အဆင်။ အကြောင်းရင်းကြောင့်၊ လူနတ်များနှင့်၊ သတ္တဝါတို့၊ ဖြစ်လာရဟု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။

(သင်္ချာဆောင်ပုဒ်) မူလနှစ်ပြား၊ သင်္ခါနှင့်၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရစ်မှ ဝဋ်သုံး၊ ဝနှင့်၊ ကာလသုံးပြား ဖြင့်၊ ဘုန်းစဉ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

၈၈၄၁

# ကျေးဇူးတော်ရှင်

**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား**

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း- ဓမ္မာရုံ၌

ဟောကြား- ဆုံးမတော်မူသော

( ဝိပဿနာ )

# အလုပ် – တရားတော်

အမှတ်စဉ် ( ၁၆ )

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

၂၂၄၁

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

**အဖွဲ့ကိုယ်စား ၊-ထုတ်ဝေဖြန့်ချိသူ**
ဦးဘသောင်း ( အတွင်းရေးမှူး ) မှတ်ပုံတင် ( ၀၁၂၅ )
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

မထမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
( ၂၇ - ၈ - ၆၆ )

# နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

"ဤကျောင်း, ဤကန်, ဤတန်ဆောင်း အစရှိသည်တို့ကို လှူဒါန်းရသော အကျိုးအားကြောင့် နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတို နှင့် ရောက်ရပါလို၏ ဘုရား"ဟူ၍ ဆုတောင်းကြသည်။ ဘယ်တော့မှ မရဟူ၍ ကျေးဇူးရှင် ဆရာတော်ကြီးသည် ရှင်းရှင်း ပြတ်ပြတ်ဘဲ မညှာ-မထောက် ပြောတော်မူလေ့ရှိသည်။ နိဗ္ဗာန် အသာထားဦး....မင်းတို့ အရှုံး ၁၂-မျိုး အရင် ပျောက်အောင် လုပ်ကြဦးဟူ၍ ရင်းချာသော တကာတကာမ အရင်းတွေကို ပြောလေ့, ဟောလေ့ ရှိသည်။

ဤစကား....မှန်ပါ၏၊အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ရှာဖွေလုပ်ကိုင်၍ နေကြ,ထိုင်ကြ,ပြောကြ,ဆိုကြ, ကြံကြ,စည်ကြ,လုပ်ကြ, ကိုင်ကြသည်မှာ အမှားတွေ တပြုံကြီး တခေါင်းကြီး၏ အတွင်းမှာသာ ဖြစ်သည်။ အမှားသောက၊ အမှားဝဲသြဃ အမှားသံသရာကြီးထဲ၌သာ နံနက်မိုးလင်းသည်မှ စ၍ ညမိုးချုပ်သည်အထိ အမှားတော်ပုံကြီးထဲ၌ပင် စခန်းသွား လျက် အမှားပင်လယ်ကြော၌ မျောပါး၍သာ အဆုံး၌ လုတ် တိုင်းသို့ ရောက်ကြသည်ဖြစ်၏။

အများဆိုသည် အဘယ်နည်း....၊ အဘယ်သို့ များသနည်း....။ အဘယ်မျှ များသနည်း....။အဘယ်ကြောင့် များသနည်းဟူ၍ စစ်တမ်းထုတ်သော်၊ သားဘည်းဟူသော အမှတ်များ၊ အသိများ၊ အယူများ၊ ခင်ပွန်းဘည်းဟူသော အမှတ်များ၊ အသိများ၊ အယူများ၊ ပါဠိလိုဆိုလျှင် ဝိပလ္လာသဟူ၍ ခေါ်သည်။

အနိစ္စကို နိစ္စဟု အမှတ်များ၊ အနိစ္စကို နိစ္စဟု အသိများ၊ အနိစ္စကို နိစ္စဟု အယူများ။

ဒုက္ခကို သုခဟု အမှတ်များ၊ ဒုက္ခကို သုခဟု အသိများ၊ ဒုက္ခကို သုခဟု အယူများ။

အနတ္တကို အတ္တဟု အမှတ်များ၊ အနတ္တကို အတ္တဟုအသိများ၊ အနတ္တကို အတ္တဟု အယူများ။

အသုဘကို သုဘဟု အမှတ်များ၊ အသုဘကို သုဘဟု အသိများ၊ အသုဘကို သုဘဟု အယူများ။

သူသူ ငါငါ ဤအများပင်လယ်ကြော၌ နစ်မွန်းမျောပါး၍ နေကြရာ၊ မြတ်စွာဘုရားသခင်သည် လူတသိန်းသေ၍ သုဂတိသို့ တယောက်ရောက်တာ ငါဘုရား မတွေ့ဘူးဟူ၍ ဟောတော်မူရာ ဘုရားရှင်တို့ ပွင့်တော်မူသော အခါလည်း ဖြစ်၊ အဂ္ဂသာဝက၊ မဟာသာဝက အသီတိရှစ်ကျိပ်သော ရဟန္တာအရှင်မြတ်များ စုံစုံလင်လင် တရားရေအေး တိုက်ကျွေးတော်မူသော ခေတ်အချိန်အခါ၌ပင် ဤမျှ သတ္တဝါတွေ သုဂတိ အရောက် နည်းခဲ့ပါမူ.. သာသနာ နောက်ပိုင်းကျလာသော ယခု အချိန်အခါမျိုး၌ ဆိုလျှင် လူပေါင်း နှစ်သိန်း, သုံးသိန်း သေသည်တိုင်အောင် သုဂတိ ရောက်သူ တယောက်တလေမျှပင် ရှိချင်မှ ရှိပေလိမ့်မည်။

သတ္တဝါတွေသည် ဤမျှ လောဘ, ဒေါသ, မောဟ, မာန ထူပြောနေသည်။ ကျေးဇူးရှင် ဆရာတော်ကြီးသည် လူတွေ ဤမျှ စိတ်ရိုင်း စိတ်မိုက်တွေ မွေးမြူနေကြသည်ကို အလွန် ကရုဏာ ရှေ့ထား၍ ကယ်တင် ဆောင်ယူရန် ဆန္ဒပြင်းပြတော်မူသည်။

ထိုကြောင့် လူတွေ အပါယ်ဒုဂ္ဂတိဘေးမှ လွတ်ကင်းအောင် ကယ်ယူမည်ဆိုလျှင် အသိမှား, အမှတ်မှား အယူမှား တည်းဟူသော အတ္တာနုဝါဒဘေးမှ ကယ်တင်ရမည်ဖြစ်ရာ ဒိဋ္ဌိပြုတ် တရားကို အဓိကထား၍ ပဋိစ္စသမုပ္ပါဒ်နှင့်ရင်း၊ သစ္စာနှင့်ရင်း ဟပ်၍ ဟောကြားတော်မူသည်။

အခု အမှတ်စဉ် (၁၆) ၌ ပါရှိသော တရားများမှာ ဝိပ္ပလ္လာသဟု ခေါ်သော အမှား ၁၂-ပါးကို အဓိကထား၍ ဟောတော်မူသည်။ အမည်ကွဲသော်လည်း သဘောတရားမှာ ဒိဋ္ဌိပြုတ်တရားပင် ဖြစ်သည်။

မိမိတို့သည် အမှတ်မှား၍, အသိမှား၍, အယူမှား၍ ပြောတိုင်း, ဆိုတိုင်း, လုပ်တိုင်း, ကိုင်တိုင်း ဝိပ္ပလ္လာသတည်းဟူသော တံတိုင်းကြီးက ကာရံလျက် ကာရံလျက်ရှိကြောင်း။ လွန်စွာ မြင့်မားသော တံတိုင်းသဖွယ် မိမိတို့ ကာရံ၍ ထားသည့်သဖွယ် မြတ်စွာဘုရား၏ တရားတော်သံမျှ မဝင်လာနိုင်အောင် ကာကွယ် ပိတ်ဖုံးသော ဝိပ္ပလ္လာသကို တန်ဆာဆင်လျက် ဘတ်၍ မငြိုးအောင် ဟောကြားထားသော တရားတော်များ ဖြစ်ချေသည်။ ခုန်ကျော်လွှား၍ သွား၍မလွယ် ကြီးကျယ်မြင့်ဆိုင်း တံတိုင်းပမာ ဝိပ္ပလ္လာသဖြင့်ဟု ဝိပ္ပလ္လာသ ၁၂-ပါးကို ဥပမာပေး၍ ဟောထားတော်မူရာ၊ ကျွန်ုပ်တို့သည် ဤတံတိုင်းတည်းဟူသော ဝိပ္ပလ္လာသ

၁၂ ပါးတို့၏ မြင့်မားမှုကြောင့် ဘုရားအဆူဆူနှင့် လွဲခဲ့ရ၊ ဖယ်ခဲ့ ရသည်များကို အထူးသဖြင့် ဓမ္မသံဝေဂ၊ ဩတပ္ပသံဝေဂ ရသင့် ရထိုက်ပေသည်။ ကျေးဇူးရှင် ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ် နှင့် ယှဉ်၍ ပြုပြီး ဟောကြားတော်မူပုံမှာ၊ ထောင်နိုင်တဲ့နား ရှိ သူများ အဘို့မှာ စူဠသောတာပန် မုချ ဖြစ်နိုင်ဘွယ် ရှိပေ သည်....။

ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်အတိုင်း ဆိုသော် * သဉာပစ္စ ယာ တဏှာဟူ၍ ဟောတော်မူသည်။ တဏှာပစ္စယာ ဥပါဒါန်၊ 'ဥပါဒါနပစ္စယာ ကမ္မဘဝ'ဟု ဆိုသဖြင့် ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံ ဆိုသဖြင့် ကမ္မဘဝပစ္စယာ ဇာတိဖြစ်သည်။ဇာတိ ဆိုသော်... အပါယ်ဇာတိမှ တပါး မဖြစ်နိုင်ချေ။

ရှင်းပါဦးအံ့....၊ မိမိတို့ မျက်လုံးဖွင့်လိုက်လို့ မြင်သည် ဆိုကြ ပါစို့... မြင်လျှင် သား တည်းဟူသော အမှတ်များ၊ ခင်ပွန်း တည်းဟူသော အမှတ်များ မလာဘဲ မနေ၊ လာသည်ချည်းပင်။ ဤသို့ အမှတ်များ တနေ့ ဘယ်နှစ်ကြိမ်မျက်စိဖွင့်သလဲ ဖွင့်တိုင်း ဖွင့်တိုင်းလည်း အမှတ်များ, အသိများ ဖြစ်သည်ချည်းပင်။အမှတ် မှာ.ယင် အခင်များလာမည်။ မိမိသားဘဲ၊ သားမို့လို့ ခင်တာ ဘာဖြစ်သေးသလဲ၊ မခင်လျှင် တိရစ္ဆာန်ဖြစ်မှာပေါ့ဟုပင် ပြော ချင် ပြောကြပေလိမ့်မည်။ မိမိခင်ပွန်းမို့လို့ အားကိုးတာ ဘာ

---

* သဉာပစ္စယာ တဏှာဆိုသည်မှာ ဝိပ္ပလ္လာသ တည်းဟူ သော အမှတ်များ၍ တဏှာဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် သဘော သည် .... အကြောင်းကြောင့်.... အကျိုးဖြစ်သည်ကို ပြခြင်း....၊ အကြောင်း အကျိုးတရား ဖြစ်စဉ် ကိုက်မှု အဓိကဖြစ်သည်။

ဖြစ်သေးသလဲဟု ဆင်ခြေပေးကြမည်ကား... အမှန်၊ သို့သော်.... အမှတ်မှား၍ အားကိုးမှားသည်ဟူ၍ မသိမှာကြချေ။

ဤသို့ အမှတ်မှားယင် အသိမှား၊ အသိမှားယင် အခင်မှား၊ အခင်မှားယင် အားကိုးမှား၊ စွဲလမ်းမှား၊ အပြုမှား ၊အရမှား၊ အရမှားယင် ပဋိစ္စသမုပ္ပါဒ်အတိုင်း 'ကမ္မဘဝပစ္စယာ ဇာတိ' လာရတော့မည်။ ဇာတိဟူသည် အပါယ်ဇာတိပင်တည်း။

အမှတ်မှား, အသိမှား, အခင်မှား, အားကိုးမှား,စွဲလမ်းမှား ဟူသရွေ့သည် အပါယ်အကျိုးပေးမည့် ကံတွေကို ဤဘဝက-နေပြီး ဖန်တီးပေးခြင်း, တည်ဆောက်နေခြင်း မုချဖြစ်သည်။

ဤဘဝက-နေ၍ နောက်ဘဝ ဖြစ်မည့်ကံတွေကို စုဆောင်း နေခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်သံသရာ ဆက်နေခြင်း ဖြစ်သည်....။

သောတာပန် ဖြစ်သောအခါ၌သာ ဤအမှား ၁၂-ချက်ထဲမှ ၈-ချက်ကို ပယ်ခွါနိုင်သည်။ ဤ ၈-ချက် ပယ်နိုင်လျှင် အပါယ် ဒုဂ္ဂတိဘေးမှ စိတ်ချရပြီ။ အပါယ်ပို့မည့် ဘေးမှ ကင်းလွတ်ပြီ။ "စတူဟွာ ပါယေဟိစ ဝိပ္ပမုတ္တော" ဆိုသည့်အတိုင်း ဝိနိပါတ ဘေးမှ ကင်းလွတ်ပြီ။

ဤသို့သောတာပန်ဖြစ်ခဲ့လျှင် ဒိဋ္ဌိဝိပ္ပလ္လာသတွေကွင်းလုံးကျွတ် ပယ်သတ်နိုင်ပြီ၊ ဤသို့ ကွင်းလုံးကျွတ် ပယ်သတ်နိုင်စေခြင်းငှာ မဂ္ဂင်အလုပ်( ဝါ ) ဗောဇ္ဈင်အလုပ်ကို လုပ်မှသာလျှင် ဤသို့ ကွင်းလုံးကျွတ် လွတ်နိုင်သည်။

( မှတ်ချက် ) ဗောဇ္ဈင် ၇- ပါးဆိုသည် (ဗောဓိ+အင်္ဂ= ဗောဇ္ဈင်္ဂဟု သဒ္ဒါနည်းအရခေါ်သည်) ဗောဓိပက္ခိယတရား ၃၇- ပါးအပါအဝင်ဖြစ်သည်။ ဗောဓိဆိုသည် ပါဠိစကား ဖြစ်၍

မြန်မာလို မင်္ဂလာ, ဖိုလ်ဉာဏ်,အရဟတ္တမဂ်ဉာဏ်ကို ဆိုသည်။ ထိုဉာဏ်တို့၏ အင်္ဂါအစိတ်အပိုင်းဟု ခေါ်သည်။ ဗောဇ္ဈင်ဟူ၍ ကြားဘူးကြသည် များကြသော်လည်း။ တိတိကျကျ သိရှိနားလည်၍ သဘောပေါက်ကြသူနည်းပါးပေလိမ့်မည်။ စာရေးသူကိုယ်တိုင် ဗောဇ္ဈင်ဆိုတာသည် နေမကောင်းမှ ရွတ်ရဘတ်ရသည်ဟု ထင်မိခဲ့ပါသည်။ ဝိပဿနာ အလုပ်ခွင်ထဲ၌သွင်းရသော အလုပ်တရားဟူ၍ နားမလည်ခဲ့ချေ။ ဗောဇ္ဈင်ဆိုသည်မှာ မဂ္ဂင်နှင့် သဘောတမျိုးတည်းဟု နားမလည်ခဲ့ပေ။ ဆရာတော်ကြီးရှင်းလင်းဟောကြားမှသာ ဗောဇ္ဈင်ဆိုတာနှင့် မဂ္ဂင်ဆိုတာမခြားနားကြောင်း သိရှိသဘောပေါက်ခဲ့ ပါသည်။ ဥပမာ-သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် အတူတူပင်။ ဝီရိယသမ္ဗောဇ္ဈင်နှင့် သမ္မာဝါယာမ၊ သမ္မာသတိနှင့် သတိသမ္ဗောဇ္ဈင်၊ သမ္မာဓိနှင့် သမာဓိသမ္ဗောဇ္ဈင်တို့သည် သဒ္ဒါကွဲသော်လည်း အနက်အတူတူပင်ဖြစ်ကြသည်။ လိုရင်းမှတ်ရန်မှာ ဗောဇ္ဈင်သည် အလုပ်တရားဖြစ်သည်။ အနည်းဆုံး နှလုံးသွင်းမှု အဓိပ္ပါယ် နားလည်မှုရမည်။ နှုတ်တက်ရွတ်ဘတ်နေရုံမျှနှင့် ကုသိုလ်ရရုံရှိမည်။

ယခုအမှတ်စဉ်(၁၆)၌ဗောဇ္ဈင်အလုပ်တရားဖြစ်ကြောင်းထင်ရှားစေခြင်းငှာ သုဗြဟ္မနတ်သား အကြောင်းကို ဝတ္ထုထုတ်၍ ပြတော်မူသည်။

## သုဗြဟ္မနတ်သားအကြောင်း

ဘုရားရှင် လက်ထက်တော်၌ သုဗြဟ္မနတ်သားဟူ၍ တန်ခိုးကြီးမားသော နတ်သားရှိသည်။ နတ်သမီးတထောင် ခြံရံလျက် ခံစားစံစားနေရာ၊ တနေ့သ၌ နန္ဒဝံဥယျာဉ်၌ နတ်သမီးများနှင့်

တီးမှုတ်ကခုံသီချင်းသီဆို၍နေကြစဉ်၊ နတ်သမီး ငါးရာသည်ပန်းပင်၌ပန်းများဆွတ်ခူး၍သီဆိုနေကြသည်။ ရုတ်တရက် နတ်သမီးငါးရာစလုံး စုတိစိတ်ကျပြီးအဝီစိငရဲသို့ကျလေသည်။ သုဗြဟ္မနတ်သားသည်အချိန်တန်၍နတ်သမီးငါးရာကို စုံစမ်းရာ အားလုံးစုတိစိတ်ကျပြီး အပါယ်ငရဲ၌ရောက်ပြီး ကြီးစွာသောဆင်းရဲကို ခံနေရသည်ကို နတ်တို့တန်ခိုးဖြင့်တွေ့မြင်ရာ။ မိမိကိုယ်ကိုလည်း ပြန်၍ဆင်ခြင်ကြည့်လေသော် မိမိနှင့်အတူကျန် နတ်သမီးငါးရာသည်လည်း ၇-ရက်နေလျှင် နတ်သက်ကြွေပြီးအဝီစိ၌ ကျရောက်ပြီး ကြီးစွာသောဆင်းရဲကိုခံရမည်ကို မြင်သည်။ လွန်စွာထိတ်လန့်သည်၊ လွန်စွာကြောက်သည်။ ထောက်ရာ တည်ရာမရှိဖြစ်သည်။ သို့နှင့်သိကြားမင်းထံသွား၍ ကယ်ပါဦးဟု ပြောဆိုတောင်းပန်သည်။ မိမိမကယ်နိုင်ကြောင်း သိကြားမင်းကပြောသည်။ လူ့ပြည်၌ ဘုရားရှင်ပွင့်သည်၊ ဘုရားရှင်ထံသို့သွား၍ အဝီစိငရဲမှလွတ်ကြောင်း သွား၍လျှောက်ကြားရန် ညွှန်ကြားသည်။ မြတ်စွာဘုရားထံ ရောက်၍ဘုရားက ဗောဇ္ဈင် မဂ္ဂင်အကျင့်မှတပါး သတ္တဝါတို့ကိုကယ်တင်နိုင်မည့်တရား မရှိဟု ဟောကြားတော်မူသည့် အဆုံး၌ နတ်သားသည် ဒေသနာတော်ကို အစဉ်လျှောက်ပြီးလျှင် မိမိ၏ခန္ဓာကို ဉာဏ်လှည့်သဖြင့် ဖြစ်ပျက်မြင်- ဖြစ်ပျက်မုန်း၍ ဖြစ်ပျက်အဆုံး၌ ပဌမမဂ်တည်းဟူသော သောတာပတ္တိမဂ်၌တည်၍ အပါယ်ငရဲမှလွတ်လေသည်။ ထိုနည်းအတူပင် နတ်သမီးငါးရာတို့သည်လည်း ဒေသနာကို အစဉ်လျှောက်ပြီးလျှင် မိမိခန္ဓာကို ဉာဏ်လှည့်ကြသဖြင့် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး၍ သောတာပတ္တိမဂ်၌ တည်သောကြောင့် အပါယ်ငရဲမှ ကျွတ်လွတ်ကြကုန်သည်။

ထိုကြောင့် ဗောဇ္ဈင်မဂ္ဂင်အလုပ်သာလျှင် မိမိတို့အားတကယ်ကယ်ယူနိုင်မည့် တရားဖြစ်သည်ဟု ဆုံးဖြတ်ချက်ချသင့်ပါသည်။ ၇-ရက်နေယင် နတ်သမီးငါးရာနှင့်တကွ အဝီစိငရဲ၌ကျရောက်ခံစားရမည့်ဘေးကြီးကို ကယ်တင်နိုင်တာသည် ဗောဇ္ဈင်အလုပ်(ဝါ)မဂ္ဂင်အလုပ်(ဝါ) ဝိပဿနာအလုပ်သာ ကေန်ဖြစ်ကြောင်း ယုံမှားသံသယ အလျှင်းမရှိ တထစ်ကြယုံကြည်အားထား၍ကျင့်ကြံပွားများ အားထုတ်ကြရန် ဆုံးဖြတ်ချက်ချသင့်ပါသည်။

သုပြဟ္မနတ်သားကဲ့သို့ နတ်သမီး ငါးရာနှင့်တကွ ဒီဂရီကျပြီးသား ပုဂ္ဂိုလ်တွေပင်လျှင် အဝီစိငရဲဘေးမှ လွတ်နိုင်ပါလျှင် မိမိတို့သည် ဒီဂရီကျပြီးသား မဟုတ်ကြသေးပါ။ ပို၍လွတ်ရေး ကျွတ်ရေး မျှော်လင့်စရာများစွာ ရှိပါသည်။

မိမိတို့ ကျန်းမာရေးကောင်းတုန်း၊ အကြံဉာဏ်ကောင်းတုန်း၊ ရောဂါဝေဒနာ မဖိစီး မနှိပ်စက်ခင်၊ အကြံဉာဏ်မတုံးခင်၊ အသေမဦးခင် ဤမဂ္ဂင်ဗောဇ္ဈင်အလုပ်(ဝါ) သတိပဋ္ဌာန်အလုပ်(ဝါ) ဝိပဿနာ ဘာဝနာအလုပ်ကိုဖြင့် လုပ်ဖြစ်အောင်လုပ်ကြပါဟု အထူးတိုက်တွန်းပါသည်။

အဘယ်ကြောင့်ဆိုသော် ဤဝိပဿနာတရား ဘာဝနာတရားများသည် ယခုအခါ အထွန်းကားဆုံးဟု ဆိုနိုင်လောက်အောင် ဟိုမှာလည်း ဝိပဿနာ၊ ဒီမှာလည်း ဝိပဿနာဆိုသလို ရိပ်သာတွေကလည်း လက်လှမ်းမှီရှိကြပေသည်။ သို့ရာတွင် အထူးသတိပြုကြရန်မှာ ဘယ်မှာဘဲအားထုတ်ထုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ(ဝါ) ဖြစ်ပျက်ကို လက်မလွှတ်ဘို့ အထူးအရေးကြီးသည်ဟု သတိပေးလိုပါသည်။ ဖြစ်ပျက်မပါသည့် ဝိပဿနာဆိုခဲ့ပါလျှင် သိပ်မဟန်ဘူး၊ စိတ်မချရဘူးဟု သတိထားကြစေလိုသည်။

ဖြစ်ပျက်ပါသည် ဆိုသော်လည်း ပညတ်ကို ဖြစ်ပျက်ရှုရခြင်း မဟုတ်။ ပရမတ္ထဓမ္မဖြစ်သော မိမိတို့ခန္ဓာငါးပါး ပေါ်၌သာ ဖြစ်ပျက်ရှုရမည်ဖြစ်သည်။ ဖြစ်ပျက်မရှုခင်၌ ရုပ်နာမ်ကွဲဘို့လို ပြန်ပါသေးသည်။ ၎င်းနောက် ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာများ အသိနှင့်စင်ကြယ်ဘို့ လိုပြန်ပါသည်။ ဤသို့ အသိနှင့် စင်ကြယ်ရန်မှာသည်း ခန္ဓပဋိစ္စသမုပ္ပါဒ်ကို သိဘို့ လိုအပ်ပြန်ပါ သည်။

ဤကဲ့သို့ တရားအားမထုတ်ခင်အချိန်မှာ သိဘွယ်ကိစ္စ၊ ပြုဘွယ်ကိစ္စ အစရှိသဖြင့် သိအပ်- ပြုအပ်- နားလည်အပ်သော သဘောတရားများကို သိရှိနားလည်ပြီး အသိဉာဏ်ရှင်းမှသာ ဝိပဿနာကို အားထုတ်သင့်ပါသည်ဟုဆိုရပေမည်။ သို့မဟုတ် အခြေခံမရှိဘဲ ပြုံးစားကြီးသွား၍ အား ထုတ် မည် ဆိုပါက အခြေမပိုင်ဘဲ လိုရင်းသို့မရောက်ဘဲ ကြန့်ကြာ၍ ပင်ပမ်းကျိုးနပ် ကြမည်မဟုတ်ချေ။

ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဝိပဿနာ နောက်ထားပါ၊ ဒိဋ္ဌိအရင်ဖြုတ်ပါဦး (အသိနှင့် ဖြုတ်ခြင်းကို ဆိုလိုသည်) အရှူး ၁၂-မျိုး အရင်ဖြုတ်ပါဦး ဆုံးမတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိတို့ အိမ်မှာဘဲဖြစ်ဖြစ်၊ ကျောင်းမှာဘဲ ဖြစ်ဖြစ်၊ ရိပ်သာမှာဘဲ ဖြစ်ဖြစ် ပြဆိုခဲ့သည့်အတိုင်း....

၁။ ဝိပဿနာဆိုသော်လည်း ဖြစ်ပျက်ပါတဲ့ ဝိပဿနာဖြစ် ပါစေ။

၂။ ဖြစ်ပျက်ပါသော်လည်း မိမိတို့ခန္ဓာငါးပါးပေါ်၌သာ ရှုသော ဝိပဿနာဖြစ်ပါစေ (ပညတ်ကိုရှုခြင်းမဟုတ်)။

၃။ ရုပ်ဆိုသည် ဘာလဲ၊ နာမ်ဆိုသည်ဘာလဲ ခွဲခြားတတ်ပါစေ။

၄။ ရုပ်နာမ်ကွဲပြီးနောက် ဒိဋ္ဌိဝိစိကိစ္ဆာကို အသိနှင့်ဖြုတ်ပေးပါ။

၅။ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ခွါရန်မှာ ပဋိစ္စသမုပ္ပါဒ်ကိုရေလည်စွာ ပြတတ်သော ဆရာကို ဆည်းကပ်ပါ၊ သင်ကြားပါ၊ လေ့လာပါ၊ပြတတ်သော ဆရာမရှိလျှင် ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာကို အမြဲတွဲ၍ ဟောကြားတော်မူသော မိုးကုတ်တရားစာအုပ်များ၌ လေ့လာဘတ်ကြားပါ။

ဤသို့ အသိတရားရရှိပြီး မိမိတို့ဥာဏ်၌ရှင်းလင်းသောအခါ ကြမှသာလျှင် အလုပ်တရားကို စ,ရန်ဖြစ်ပါသည်။ သို့မှသာ အစဉ်ကိုက်လိမ့်မည် ဖြစ်ကြောင်း ကောင်းမြတ်သော စေတနာနှင့် ရေးသားလိုက်ပါသည်။

ဦးသံဒိုင်· ဥက္ကဋ္ဌ
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ခန္ဓာငါးပါးသူသတ်ယောကျ်ား ညအလုပ်ပေးတရားတော် | ၁ |
| ၂ | ခန္ဓာကယ်တင်ရမည့် နေ့အလုပ်ပေးတရားတော် | ၅၉ |
| ၃ | ဝဋ်ကျွတ်ကံဖြတ် ။ | ၉၉ |
| ၄ | ကံဖြတ် တဏှာဖြတ် ဝဋ်ဖြတ် ။ | ၁၄၆ |
| ၅ | တဏှာ ဥပါဒါန် ကံဖြတ် ။ | ၁၉၆ |
| ၆ | ကိုယ့်ခန္ဓာသုံးသပ်ပုံ ။ | ၂၄၄ |
| ၇ | ဝိပ္ပလ္လာသတံတိုင်းအတွင်းမှောင်ကျပုံ ။ | ၂၈၅ |
| ၈ | ဝိပ္ပလ္လာသ ဆယ့်နှစ်ပါးအကြောင်း ။ | ၃၄၅ |
| ၉ | မဂ်မှတပါး ကယ်မည့်ယူမည့်သူမရှိ ။ | ၃၉၇ |
| ၁၀ | သဿတ, ဥစ္ဆေဒကင်းစင်ရေး ။ | ၄၄၄ |
| ၁၁ | သဿတ, ဥစ္ဆေဒသိမှုနှင့်ပြုတ်ရေး ။ | ၄၉၆ |
| ၁၂ | အမှတ်မှားကြောင့် ကျန်အမှားတွေဆက်တိုက် ဖြစ်လာပုံ နေ့အလုပ်ပေးတရားတော် | ၅၄၁ |
| ၁၃ | ခိုကိုးရာ၊ အားထားရာ၊ မှီခိုရာ အစစ်ရှာသင့်ကြောင်း နေ့အလုပ်ပေးတရားတော် | ၅၉၀ |

# စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

} အပြင်ဧည့်သည် ၅ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောကြံစည်စိတ်

} အတွင်းဧည့်သည် ၆ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ဧည့်သည်၊အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ၊
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ၊

# ရနိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသတ္တ့သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

## ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း၊
(၂) ဗုဒ္ဓမမ္မလောက စာစောင်- ရွှေတိဂုံဘုရားလမ်း
(၃) ဦးချစ်ထူး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တယ်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း
(၆) တင်ဆွေအေး-စာအုပ်ဆိုင်၊ အမှတ် ၄၇ဂ-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
(၇) သစ်ဘုရားသားအယ်(လ်)ရုံ ဈေးချိုတော်မန္တလေး
(၈) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းဈေးချို ၄င်း
(၉) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့
(၁၀) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၁၁) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘိစီ-လမ်းမတော် ပြည်မြို့
(၁၂) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့
(၁၃) ဦး မောင် ရှန်၊ ၁-စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၄) ဦးတင်အောင် ဒေါ်ခင်ကြည်၊ဈေးအနီးဆင်ဖြူကျွန်း
(၁၅) ဦးအုန်းမောင်မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၆) ဦးတင်၊ ဇမ္ဗူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၇) ဦးထွန်းလူ၊ အနော်မာလမ်းဒေါင့်၊ ဖျာပုံမြို့။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မှာရှိ၍ - ဟောကြားတော်မူသော

( ခန္ဓာငါးပါး သူသတ်ယောကျ်ား )

# ညအလုပ်ပေးတရားတော်

( ၂၇ - ၇ - ၆၁ )

အားလုံးတရားနာကြတာတွေ ဘုန်းကြီးတို့၏ မိဘဆွေမျိုးဥာတကာ မတော်ဘူးသည်-မည်သည်လို့ သံသရာမှာ မရှိခဲ့ဘူး။

အဲဒါကြောင့် ဒီသံသရာမှာ အတူတူဘဲ ကျင်လည်ပြီးသကာလ နေငြားသော်လဲ ဘုန်းကြီးများတို့က သာသနာတွင်း ကြုံပြီး ရဟန်းဘောင်သို့ ရောက်ခဲ့တဲ့ အတွက် အသိဉာဏ် ပိုတယ်.... (မှန်ပါ) တကာတကာမတွေက အသိဉာဏ်က တဏှာခိုင်းတာနဲ့ဘဲ အချိန်တွေ ကုန်ခဲ့တဲ့အတွက် အသိဉာဏ် မဲ့တယ်လို့ ဆိုရမယ်... (မှန်ပါ)။

အဲဒီကဲ့သို့ အသိဉာဏ် မဲ့ပြီးသကာလ နေတော့ အဝိဇ္ဇာ ဆို တာကြီးက ထင်သလို တကာတကာမတွေပေါ်မှာ ချယ်လှယ် နေတယ်... (မှန်ပါ့) မသိမှု အဝိဇ္ဇာက ထင်သလို ချယ်လှယ်နေ တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

မသိမှု အဝိဇ္ဇာက....(ချယ်လှယ်နေပါတယ်ဘုရား) ထင်သလို ချယ်လှယ်ပြီးသကာလ နေတော့ ဘုန်းကြီးတို့ တကာတကာမ တွေက ကိုယ့်အိမ်၊ ကိုယ့်ရာ၊ ကိုယ့်သား၊ ကိုယ့်ခင်ပွန်း ဒါတွေနဲ့ နေတာဟာ ခြေဘ်....အကျိုးပေး ကောင်းတယ်လို့ အောက်မေ့ တယ် (မှန်ပါ့)။

ဘယ်ကလာ အကျိုးပေး ကောင်းရမတုံး....၊အဝိဇ္ဇာ အပျော် ခိုင်းတာနဲ့ အဝိဇ္ဇာလက်ချက် အဝိဇ္ဇာနဲ့ဘဲ အချိန် ကုန်ပြီး သကာလ နေတော့ ခြေဘ်....ဒို့မှာဖြင့် ဉာဏ်အလင်းမှ မရပါ ကလားဆိုတာ မှတ်ရလိမ့်မယ်....(မှန်ပါ့)။

အဲဒီ့ ဉာဏ်အလင်းကလေးကို ယနေ့ ဆရာဘုန်းကြီးသည် ရှေးဦးစွာ စ,ဟောတဲ့နေ့ ဖြစ်လေသောကြောင့် ဒီ ဆွေမျိုး ဉာတကာ မိဘ တော်ဘူးတဲ့ ပုဂ္ဂိုလ်တွေ အလုံးစုံ အကုန်ကို ဉာဏ်မျက်လုံး အမှန် တပ်ပေးလိမ့်မယ်လို့ဆိုတာ ဆုံးဖြတ်ချက် ချပြီး နာကြပါ....( မှန်ပါ့ )ဉာဏ်မျက်လုံး အမှန်တပ်ပေးလိမ့် မယ်....(မှန်ပါ့)။

ဘာတပ်ပေးရမှာပါလိမ့်(ဉာဏ်မျက်လုံး အမှန်တပ်ပေးမှာပါ ဘုရား) ဉာဏ်မျက်လုံးအမှန်တပ်ပေးလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ လေးလေးစားစားနဲ့ မှတ်....(မှန်ပါ့)လူတွေ ကတော့ဖြင့် ခုနင်က ပြောတဲ့အတိုင်း တကာကြွယ် သိပ် ကြပ် တည်းတာဘဲ....(မှန်ပါ့)။

ကြပ်တည်းပင် ကြပ်တည်းငြားသော်လဲ ဒါ ငရဲနဲ့ စာယင် မဖြစ်လောက်ဘူးသာ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

ငရဲနဲ့ စာယင်....(ဒါ မဖြစ်လောက်ပါဘုရား) မဖြစ်သောက် ပါဘူး၊ ဟိုမှာတော့ မှိုညက်ကို ကျည်ပွေ့နဲ့ ထောင်းပြီးသကာလ ထားသလို စေ့နေသောကြောင့် အဝီစိခေါ်တာကိုး .... (မှန်ပါဘုရား)။

အဲဒါတွေ ဦးခင်မောင်တို့ ကြားပြီးသား - သိပြီးသား ဖြစ် လေသောကြောင့် ဒီ အခု အသိဉာဏ်ပေးတဲ့ အချိန်ကလေးမှ မရလိုက်တော့ဘူး ဆိုလို့ရှိယင် ခုနင်က ပြောတဲ့ မှိုညက်လို.... ထောင်းထားတဲ့ အဝီစိနိုင်ငံဟာ ငါတို့၏ အိုးအိမ်ဘဲဆိုတာ မှတ် ရလိမ့်မယ်....(မှန်ပါဘုရား)။

ငါတို့၏ အိုးအိမ်ဘဲဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ က မှတ်ထားတော့ ကိုင်း ...ဒါဖြင့် ဒီတကာ တကာမတွေကို ဘုန်းကြီးတို့လို ဆရာသမားများကမှ ကယ်ယူပို့ဆောင် တင် ပို့မှုကို တကာကြွယ် မလုပ်တော့ဘူးဆိုလို့ရှိယင်ဖြင့် ဦးလှဘူး— သွားပြီ....( မှန်ပါဘုရား )မသွားပေဘူးလား... ( သွားပါဘယ် ဘုရား )။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ သေသေချာချာ ဉာဏ်မျက်လုံး တပ်ပြီးသကာလ ခန္ဓာဘက်ကို ဉာဏ်လှည့်ပြီးသကာလ ကိုယ်အလဲ့တွေဟူသ၍ အကုန် ပြင်ပေး လိမ့်မယ်ဆိုတဲ့ ဥစ္စာကို ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

အလွဲတွေ ပြင်ပေးလိုက်လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ အမှန် ရောက်တော့မယ်....(မှန်ပါ) အမှန် ရောက် ယင် မဂ္ဂင်ဆိုက်တော့မယ်ဆိုတာ မှတ်ပါ...(မှန်ပါ)။

အမှန်ရောက်လို့ မဂ္ဂင် ဆိုက်လို့ ရှိယင်ဖြင့် ဘဝများစွာ သံသရာက ပါခဲ့တဲ့ မိုက်မှုတွေ မဲမှုတွေ အပါယ်သွားစရာ ကံ ဟောင်းတွေ ယခုဘဝ လုပ်ထားတဲ့ ကံသစ်တွေ တကာကြွယ်တို့၊ ဦးလှဘူးတို့....ဦးခင်မောင်တို့ အကုန် အဟောသိကံ ဖြစ်ရမယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ကြွေးမရှိတဲ့ ပုဂ္ဂိုလ် အေးအေးနေရပါတယ်....၊ ကိလေသာကြွေးတွေက နည်းတာတွေ မဟုတ်ဘူး တနေ့-တနေ့ တင်နေလိုက်တာ....(မှန်ပါ့) အဲဒီ တင်နေလိုက်တဲ့ ကြွေးတွေကို ဒီနေ့ ဆရာဘုန်းကြီးပေးတဲ့ အသိဉာဏ်နဲ့သာ ဆပ်နိုင်ပါတယ်.... (မှန်ပါ့) ခင်ဗျားတို့ နဂိုရ်က တတ်ထားတဲ့ ဒါနနဲ့ ဆပ်လို့လဲ မပြေပါဘူး....(မှန်ပါ့) သီလနဲ့ ဆပ်လို့လဲ....(မပြေပါဘုရား) အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ ဆပ်မှ ပြေမယ်....(မှန်ပါ့)အဝိဇ္ဇာရောဂါကို ဝိဇ္ဇာဆေးနဲ့ ဆပ်မှသာလျှင် ပြေမယ်....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာ●တွေယနေ့အဝိဇ္ဇာမျက်လုံး ကြီးကို ဖုံးလွှမ်းပြီးသကာလ နေတဲ့ အဖြစ်မှ ဝိဇ္ဇာဉာဏ်ဖြင့် ယနေ့ ရတော့မှာဘဲလို့ဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါ ဘုရား)။

အဲ....တကာတကာမတွေမှာ ဘာအဖြစ်ရှိသတုံးဆိုတဲ့ အဖြစ် ကလေးကိုလဲ ဩြဘ် . အဖြစ်ရှိတယ်ဆိုတာကလေး ဘုန်းကြီးတို့ က ရှေ့ပိုင်းမှာ နည်းနည်း ရှင်းပြပါရစေ....(မှန်ပါ့)။

အောက်က မမြင်ရတဲ့ ပုဂ္ဂိုလ်များ မမြင်ရသလို ထားတာ ပေါ့နော်....(မှန်ပါ့) အသံဘဲ နားထောင်ကြ၊ မြင်ရတဲ့ ပုဂ္ဂိုလ် များ အတွက်မှာလဲ ကြည့်ရှုကြပါဆိုတာ သတိပေးပါတယ်.... (မှန်ပါ့)။

ဘကာ တကာမတို့ မျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင်နက် တည်း ဒီဘက်က သားကလေး....(မှန်ပါ) သားကလေးဘက်ကို အမေမိဘက မျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း သား ကလေးနဲ့ တွေ့တဲ့ ဖဿဆိုတာ လာတော့မယ်....(မှန်ပါ)မလာ ပေဘူးလား....(လာပါတော့မယ်ဘုရား)။

သားကလေးနဲ့ တွေ့တယ်ဆိုတဲ့ ဖဿဟာ မလာဘူးလား.... (လာပါတယ်ဘုရား)ဪ....ဒါဖြင့် ဒါ မျက်လုံး ဖွင့်လိုက်လို့ ရှိယင်ဖြင့် သားကလေးနဲ့ တွေ့တဲ့ ဖဿ၊ ဒီဘက်က သားကလေး ဒီဘက်က မျက်လုံးထဲမှာ ပေါ်တဲ့ ဖဿ....( မှန်ပါ )သားနဲ့ ဖဿနဲ့ဖြင့် တွေ့ပေါ့....(တွေ့ပါပြီဘုရား)။

အဲဒီတော့ ဒီမှာ တကာတကာမတွေက ကံတွေ ဘယ်လောက် ထိအောင် မိုက်မဲပြီးသကာလ မသိမှုနဲ့ လုပ်ထားကြတယ်ဆိုတာ ရှင်းပြမယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် ဖဿပစ္စယာ ဘယ့်နှယ်ဆိုကြမလဲ....(ဝေဒနာ ပါဘုရား)ဪ....ဝေဒနာလာတယ်၊ ဝေဒနာဆိုတာက သား ကလေး ကြည့်ရတာ ခင်စရာ့မင်စရာ ကောင်းလိုက်တာဆိုတဲ့.... သုခဝေဒနာလာတယ်....(လာပါတယ် ဘုရား) မလာဘူးလား.... ( လာပါတယ်ဘုရား ) အင်း.... သားကလေးနဲ့ တွေ့တာက (ဖဿပါဘုရား) မြင်မြင်ခြင်းဘဲခင်စရာ....မင်စရာ ကောင်းလိုက် တာက....(ဝေဒနာပါဘုရား)။

ဪ.... ဒါကလေးနဲ့ ဘဝရေစက်က ဆုံခဲ့ကြတယ် ဆိုပြီး သကာလ မခင်ယင် ဘယ့်နှယ်လုပ်မလဲ ဆိုတာက တဏှာ .... ( မှန်ပါ ) သဘောကျပလား....( ကျပါပြီ )။

ဒါဖြင့် တဏှာ ဆိုလို့ရှိယင် ဒီ သားကလေး မျက်ခြေပြတ် မခံနိုင်တာက ဥပါဒါန်....( ဥပါဒါန်ပါဘုရား ) သဘောကျပလား ...(ကျပါပြီ) ဒါဖြင့်တဏှာပစ္စယာ....(ဥပါဒါန်ပါဘုရား) ဒါဖြင့် ဒီ သားကလေးကို ပြောစရာရှိတာ ပြောမယ်ဆိုယင် ဝစီကံ....(မှန်ပါ) ကာယကံနဲ့ ပွေ့မယ်-ပိုက်မယ်ဆိုလို့ရှိယင်လဲ ကာယကံ....( မှန်ပါ ) မနောထဲက မထွက်ပါဘူး။ တရေးရေး ပေါ်နေတယ်ဆိုယင် မနောကံ.... (မှန်ပါဘုရား)။

ဒါဖြင့်.. တကာတကာမတွေ သေသေ-ချာချာသာ ကြည့်ကြပါတော့တဲ့....၊ " ဥပါဒါနပစ္စယာ ကာယကံ ဝစီကံ မနောကံ လာတယ် "....(မှန်ပါ)။

ဒါဖြင့် ....တကာတကာမတို့ မျက်လုံးပေါက်က ဖွင့်လိုက်တာသည် ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ မလာသေးဘူးလား.... (လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့်.... ဒါ.... ဒီ ဘဝတွင် ဖြစ်တာနော်....( မှန်ပါ ) ကောင်းပြီ....ဒါဖြင့်....တပည့်တော်တို့ အိမ်မှာ ကိုယ့်သားကလေး ကိုယ့်သမီးကလေး ကြည့်နေတာ ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့မှ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် တန်းပါတယ်.... (မှန်ပါဘုရား)။

မျက်လုံးပေါက်က....( ပဋိစ္စသမုပ္ပါဒ်တန်းပါတယ်ဘုရား ) ရှင်းပလား ...( ရှင်းပါပြီ ) သားကလေးနဲ့တွေ့တာက ဘာပါလိမ့် .. ဖဿ.... ( မှန်ပါ ) သားကလေးကောင်းတယ်-ဆိုးတယ်ဆိုတာက.... ( ဝေဒနာပါဘုရား ) ကောင်းခြင်း, ဆိုးခြင်းကြောင့် ကောင်းလဲ ခင်ရမှာဘဲ၊ ဆိုးလဲ ခင်ရမှာဘဲဆိုတာက.... ( တဏှာပါဘုရား ) မခင် ဘယ့်နှယ် လုပ်မလဲ၊ ကိုယ်မွေး လာတာကိုး၊

သူ့ဖြင့် မျက်လုံးအောက်က အပျောက်မခံနိုင်ဘူးဆိုလို့ရှိယင်.... (ဥပါဒါန်ပါဘုရား)။

အဲဒီ ဥပါဒါန်လာပြီးသည်၏ အခြားမဲ့၌ သူ့ကို ကာယကံနဲ့လဲ ပွေ့ချင်,ချီချင်တယ်၊ ဝစီကံနဲ့လဲ ပြောချင်, ဆိုချင်တယ်၊ မနောကံနဲ့ တရေးရေးပေါ်တယ်၊ မလာဘူးလား.... ( လာပါတယ် ဘုရား )။

ဒါဖြင့် ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါပါဘုရား) တကာကြွယ်....မျက်လုံးကလေးတပေါက် ဖွင့်လိုက်တာ ကံမြောက်သွားတယ်....(မှန်လှပါဘုရား)။

မျက်လုံးကလေး တပေါက် ဖွင့်လိုက်တာ ဘာဖြစ်သွားပါလိမ့်....(ကံမြောက်သွားပါတယ်ဘုရား) ကံမြောက်သွားပြီဆိုတာ သေချာပလား.... ( သေချာပါပြီဘုရား )။

ဒါဖြင့်....နားကကြားလဲ ဒီပဋိစ္စသမုပ္ပါဒ်အတိုင်း ကံမြောက်မှာဘဲ....(မြောက်ပါတယ်ဘုရား) နှာခေါင်းက ရှုလိုက်, ရှိုက်လိုက် ပြန်တော့.... ( မြောက်ပါတယ်ဘုရား ) လျှာက စားလိုက်သောက်လိုက်ပြန်တော့....(ကံမြောက်ပါတယ်ဘုရား) **အဲ**....ဖဿပစ္စယာ ဝေဒနာနဲ့ သွားနေမှာဘဲ....( မှန်ပါ ) သဘောကျပလား....(ကျပါပြီ)။

အင်း .... ကိုယ်ပေါက်က နေပြီးသကာလ အထည့်,အလိပ်ကလေးတွေ ဝတ်လိုက်ပြန်တော့လဲ ကံကျအောင် မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ဒါဖြင့် မနောပေါက်က ကြံလုံး,စည်လုံးနဲ့ ထုတ်လိုက်ပြန်တော့လဲ ဖဿပစ္စယာ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝေါ ကျအောင် မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ဒါဖြင့်.... တကာ တကာမတို့ တနေ့မှာ တကာ တကာမတို့ အပါယ်သွားတဲ့ ကံပေါင်း....(မရေတွက်နိုင်ပါဘုရား)ပေါ်ကြပြီ (ပေါ်ပါပြီဘုရား) အပါယ်သွားတဲ့ ကံပေါင်း....(မရေတွက်နိုင် ပါဘုရား)။

အပါယ်သွားတဲ့ ကံပေါင်းမရေတွက်နိုင်ဘူးဆိုတော့ ကျုပ်တို့ ဘာမှအပြစ်မရှိဘူးလို့ တချို့ မသိတဲ့ တကာ တကာမတွေက ထင်ကြတယ်....( မှန်ပါ ) အခုတော့ ထင်စရာရှိသေးသလား.... ( မရှိပါဘုရား ) တဏှာ ဥပါဒါန် ကံ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....( တဏှာ ဥပါဒါန် ကံ ပါဘုရား ) အင်း.... မျက်လုံးပေါက်က လာလိုက်လဲ တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးတယ်....( မှန်ပါဘုရား ) နားပေါက်က လာလိုက်ပြန်တော့ ကော.... ( တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးပါတယ်ဘုရား ) နှာခေါင်းပေါက်က လာလိုက်ပြန်တော့....(တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးပါတယ်ဘုရား) လျှာပေါက်က စားလိုက်ပြန်တော့ (တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးပါတယ်ဘုရား) ကိုယ်ပေါက် က ဝင်လိုက်ပြန်တော့....(တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးပါ တယ် ဘုရား) မနောပေါက်က သွားရေး၊ သမီးရေး၊ ကြံလိုက် ပြန်တော့....(တဏှာ ဥပါဒါန် ကံ ရောက်မှ ဆုံးပါတယ်ဘုရား)။

ဒါဖြင့်....တကာတကာမတို့ ကံပေါင်း .... ခင်ဗျားတို့ ဘယ် လောက်ရှိသတုံး....(မရေတွက်နိုင်ပါဘုရား) တနေ့....တနေ့နေ့- (မှန်ပါ)။

အင်း....ဒီကံသည် တကာတကာမတို့ သူများဟာ မခိုးဘဲနဲ့ သူများဟာ မလိမ်ဘဲနဲ့ ဖြစ်ရတဲ့ ကံ တွေ.... ( မှန်ပါဘုရား )

မခိုး မလိမ်ဘဲနဲ့ ဘာတိုး....(ဖြစ်ရတဲ့ ကံ တွေပါဘုရား) မုသား မပြောဘဲနဲ့....(ဖြစ်ရတဲ့ ကံ တွေပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် .... ဒီ တကာတကာမတွေဟာ ကမ္မဘဝပစ္စယာ ဆိုပြီး တဘဝဆက်လိုက်ကြစို့နော်....( မှန်ပါ ) တဘဝဆက်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့ ကမ္မဘဝပစ္စယာ ဇာတိဆိုတာ မလာ ပေဘူးလား....(လာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီဇာတိဆိုယင် ခန္ဓာငါးပါး လာပြီလို့ အောက်မေ့ပါ....(မှန်ပါ) ဇာတိဆိုယင်.... (ခန္ဓာငါးပါးလာပါ ပြီ ဘုရား) ခန္ဓာငါးပါးလာပြီလို့ မှတ်လိုက်ပါနော်....(မှန်ပါ) ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ တနေ့ကို ဇာတိ မရောက် ခင် ကံ ပေါင်း ဘယ်လောက်တုံးလို့ မေးလိုက် ပါတယ် .... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီကံတွေ အဟောသိကံ ဖြစ်ပါ့မလား၊ မဖြစ်ဘူး လား....(မဖြစ်ပါဘုရား) ဒါဖြင့် ဒီကံတွေကို ဘယ်သူက စုထား လို့ တပည့်တော်တို့ ဒီကံတွေ ဒါလောက်များရပါလိမ့်မလဲ ... ကံတွေဟာ တကာတကာမတို့ ကံတွေက "ကမ္မပစ္စယာဇာတိ" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကလွဲလို့ မရဘူး.... ( မှန်ပါ ) ဘုရားမရှိလဲ ဒီ အတိုင်းဘဲ....(မှန်ပါ) ဘုရားမဟောလဲ....( ဒီ အတိုင်းပါဘဲ ) ဘုရားဟောလဲ....( ဒီ အတိုင်းပါဘဲဘုရား )။

ဒါ....ဖြစ်စဉ်ကို ပြောတာကိုး....( မှန်ပါ ) ဘုရားယူလာတဲ့ တရားမဟုတ်ပါဘူး။ ဖြစ်စဉ်ပေါ်နေတဲ့ တရားလို့ မှတ်လိုက် စမ်းပါ....(မှန်ပါဘုရား)။

ဒါဖြင့် ဘုရားယူလာတဲ့ တရားလား....၊ ဖြစ်စဉ်ကိုက် တရားလား....(ဖြစ်စဉ်ကိုက် တရားပါဘုရား) ဖြစ်စဉ်ကိုက်တရားဆိုတာ သေသေ-ချာချာမှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် မျက်လုံးပေါက်က တနေ့ကို ကံပေါင်းဘယ်လောက်-(မရေတွက်နိုင်ပါဘုရား) နားပေါက်က....( မရေတွက်နိုင်ပါ ) နှာခေါင်းပေါက်က.... ( မရေတွက်နိုင်ပါ ) လျှာပေါက်က.... (မရေတွက်နိုင်ပါ) မနောပေါက်က....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီကံတွေ ဘယ့်နှယ်လုပ်ကြမလဲ တကာတကာမတို့.... ဒီဆရာမကယ်လို့ ရှိယင် ခင်ဗျားတို့ ဒီကံတွေဟာဖြင့် ကမ္မဘဝ ပစ္စယာဇာတိ ဆိုပြီး အပါယ်ချည့်သွားတော့မယ်....(မှန်ပါ့)။

ကမ္မဘဝပစ္စယာ....( ဇာတိပါဘုရား ) အပါယ်ဇာတိချည့် သွားတော့မယ်ဆိုတာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ဒါဖြင့်.... ဒီတကာတကာမတွေကို အခုလို....ဆရာ-ဘုန်းကြီးကမှ ကံဖြတ်လမ်းကို မပြတော့ပါဘူး ဆိုလို့ရှိယင် ခင်ဗျားတို့သည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး သွားကြပေတော့ .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်သွားကြရမယ်.... (အပါယ်လေးပါး သွားကြရပါမယ်) ဪ....ဘုန်းကြီးတို့ တကာတကာမတွေကတော့ ကျုပ်-သားနဲ့ ကျုပ်သမီးနဲ့ ကျုပ်အကျိုးပေးဖြောင့်ပါတယ်လို့ ဆိုနေကြတာဘဲ ( မှန်ပါ့ ) ဆိုပင်-ဆိုကြငြားသော်လဲ တကာကြွယ်တို့၊ ဦးလှဘူးတို့က၊ ဦးခင်မောင်တို့က စဉ်းစားကြည့်တဲ့အခါ ကိုယ့်အကျိုးပေးက ကံမြောက်ပြီး အပါယ်ချည့် ရောက်နေတယ်....(မှန်ပါ့)။

မျက်လုံးဖွင့်လိုက်ယင်လဲ ကံမြောက်၊ အပါယ်ရောက်-(မှန်ပါ့) နားကြားလိုက်ယင်လဲ....( ကံမြောက်၊ အပါယ်ရောက်ပါတယ် )

နှာခေါင်းက ရှူလိုက်-ရှိုက်လိုက်ယင်ကော - (ကံမြောက်၊အပါယ် ရောက်ပါတယ်) လျှာက စားလိုက် - သောက်လိုက်ယင်ကော.... (ကံမြောက်၊အပါယ်ရောက်ပါတယ်) ကိုယ်က ဝတ်လိုက် - ဆင် လိုက်ယင်ကော....( ကံမြောက်၊အပါယ်ရောက်ပါတယ် ) မနော ပေါက်က ကြံလိုက်ယင်ကော.... ( ကံမြောက်၊အပါယ်ရောက်ပါ တယ်-ဘုရား)။

ကိုင်း .... တကာတကာမတွေ ဒါလောက် ဆိုလို့ ရှိယင် ဒွါရ ခြောက်ပေါက်မှာဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အကြီး အကျယ် သိပါပြီ....(မှန်ပါ့) သိပြီ....တဲ့။

အဲဒီတော့ သီလ စခန်းကို ဆောက်တည်ငြားသော်လဲ ကံမ လွတ်ဘူး....(မှန်ပါ့) ဒါနပေးလှူငြားသော်လဲ ဒီ ကံမလွတ်ဘူး.... (မလွတ်ပါဘုရား) လွတ်ပါ့မလား .... (မလွတ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သမထ အားထုတ်ငြားသော်လဲ .... (မလွတ်ပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်မှ ရတော့မယ်.... (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... ( ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်မှ ရပါတော့ မယ်-ဘုရား )။

သေသေ - ချာချာမှတ်ကြပါ။ ဘုရားတဆူမှ တခါပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြတ်ခဏ်းဆိုတဲ့ဉစ္စာ ခင်ဗျားတို့ ဒီ ပဋိစ္စသမုပ္ပါဒ် ကိုယ်တိုင်ရှုပြီးသကာလ နေငြားသော်လဲ ဖြတ်နည်း နိသျည်း ကို ဆရာ-ဘုန်းကြီးက မပေးခဲ့သော် တကာကြွယ် .... ကိုယ်ကျိုး နည်းပြီ....(မှန်ပါ့)။

တကာကြွယ်-မမှာရုံကြီးဆောက်ထားငြားသော်လဲ ဒီမနောကံ တွေက လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ကိုယ့်မှာ အထည်ရောင်းလိုက်၊ အထည်ဝယ်လိုက်၊ ပြောစရာရှိတာပြောလိုက်၊ ဆိုစရာရှိတာ ဆိုလိုက်ဆိုတော့ " ကမ္မဘဝပစ္စယာဇာတိ " တွေက နည်းပါမလား.... ( မနည်းပါဘုရား )။

အဲဒီကဲ့သို့ မနည်းလို့ရှိယင်ဖြင့် ဒီတကာတကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်။ လူတသိန်းသေလို့နတ်ရွာ့သုဂတိ တယောက်မရောက်ဘူးကွ....တဲ့.... ( မှန်ပါ့ ) ဟောပြီ ...တကာတကာမတို့....(မှန်ပါ့)။

လူတသိန်းသေလို့ - (နတ်ပြည့်တယောက်မရောက်ပါဘုရား) ခင်ဗျားတို့ တောင်းထားတဲ့ဆုကတော့ မိုးပေါက်လို့ပေါ့ဗျာ.... (မှန်ပါ့) မရောက်ပါဘူး စိတ်သာချ....(မှန်ပါ့)။

ဘာကြောင့် မရောက်သတုံးဆိုတော့ " ကမ္မဘဝ ပစ္စယာဇာတိ " အပါယ်ဇာတိသာလာတယ်....( မှန်ပါ့ ) ဒီ့ပြင်ဇာတိက.... ( မလာနိုင်ပါဘုရား ) မလာနိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အဲဒါတွေ ထိုးထိုးထွင်းထွင်း သိရတော့မှ ဩော် .... ငါတို့အနေမှားနဲ့ နေခဲ့တဲ့အတွက် အသေမှားတော့ဖြင့် ကြုံရတော့မှာဘဲ....(မှန်ပါ့) အနေမှားနေခဲ့တဲ့အတွက်.... (အသေမှားကြုံရမှာပါဘုရား)။

အသေမှားကြုံရတော့မယ် ဆိုတာ တကာတကာမတို့ အလွန်စိုးရိမ်တယ်ဆိုတာကော....ဆရာ-ဘုန်းကြီးပြောလို့ အကြောင်းကိုသိလောက်ပါပြီ....(သိပါပြီဘုရား)။

ကျုပ်တို့ ဘာအပြစ်ရှိသတုံးလို့ ပြောချင်သေး သလား.... (မပြောချင်ပါဘုရား)။

ခင်ဗျားမျက်လုံးမဖွင့်ဘဲ နေရဲ့လားလို့မေးယင် ဘယ့်နှယ် ပြောမလဲ....( မနေရပါဘုရား ) မျက်လုံးဖွင့်လိုက်ယင် တဏှာ ဥပါဒါန် ကံ ရောက်,မရောက်....( ရောက်ပါတယ်ဘုရား )။

ကိုင်း....တကာတကာမတို့ ဒီကံတွေဟာ သေသည်၏အခြား မဲ့၌ ဇာတိလာ,မလာ....(လာပါတယ်ဘုရား) တယ် .... စိုးရိမ်စရာ ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

တကာတကာမတို့ အားလုံးဘဲ သတိပေးလိုက်ပါတယ်၊ မသေ ပါနဲ့ဦးလို့ . ( မှန်ပါ ) တားလို့မရယင်ဖြင့် မပြောတတ်ဘူး။ ဒီကံကိုဖြင့် ဖြတ်ပါဦး.... (မှန်လှပါဘုရား)။

ဒီကံကို....(ဖြတ်ပါဦး) ဖြတ်ရလိမ့်ဦးမယ်- တကာတကာမတို့ (မှန်ပါ) ဒါလောက်များတဲ့ကံတွေကို ဘုန်းကြီးတို့ တကာ တကာမတွေ ဘာမှ မစိုးရိမ်နဲ့.... ( မှန်ပါ ) ဘုရားဟောလို့ ဘုန်းကြီးပြောတဲ့ ဝိပဿနာဉာဏ်, မဂ်ဉာဏ်နဲ့ ဖြတ်လိုက်ယင် အကုန်-အဟောသိကံ ဖြစ်မယ်.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ)။

ဝိပဿနာဉာဏ်, မဂ်ဉာဏ်နဲ့ ဖြတ်လိုက်ယင် .... ( အကုန်- အဟောသိကံဖြစ်ပါတယ်ဘုရား ) အကုန်-အဟောသိကံ ဖြစ် တယ်....ဆိုတော့ ဩော်....မိုက်ကြွေးဟူသရွေ့ အကုန်ကြေတာဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ရှိပါတော့လား....(မှန်ပါ)။

မိုက်ကြွေးကြေတာ ဘယ်သူပါလိမ့်.... ( ဝိပဿနာဉာဏ်, မဂ် ဉာဏ်ပါဘုရား ) ဝိပဿနာ တယ်.... ခက်တယ်ဘုရာ့....၊ မဂ် ဉာဏ်ကလဲ တယ်....ခက်တယ်ဘုရာ့....၊ လုပ်မှ မကြည့်ဘဲနဲ့ ခက် နေလို့ရှိယင် တကာကြွယ်၊ ဦးလှဘူး အပိုပေါ့ဗျာ.... ( မှန်လှပါ ဘုရား) လုပ်ကြည့်တော့ ခက်ပါ့မလား....(မခက်ပါဘုရား)။

" လုပ်ကြည့်တော့ ခန္ဓာကိုယ်ထဲမှာ အနိစ္စရှိလို့....
အနိစ္စသိယင်.... ဝိပဿနာမဂ်ဖြစ်တာဘဲ....( မှန်လှပါ )
ဌင်း အနိစ္စဆုံးအောင်လိုက်လိုက်လို့ ရှိယင်ဖြင့် ဝိပဿနာ
မဂ်ဖြစ်တာဘဲ....(မှန်ပါ) " ။

ကဲ...လုပ်ကြည့်တော့ မလွယ်ဘူးလား.... ( လွယ်ပါတယ် ) အဲဒီတော့ ဆရာနည်းမပြလို့ အင်း နိဗ္ဗာန်ဆိုတာ အဝေးကြီး ဆိုတဲ့ သူများပြောသံကြား လမ်းဆုံးနေလို့ ရှိယင်ဖြင့် အမှားကြီး မှားကြပါလိမ့်မယ်... (မှန်လှပါဘုရား)။

ဒါကြောင့် ဒီနေ့ကစပြီး ဘုန်းကြီးတို့ တကာတကာမတွေ- ဒီအချိန် ၃-နာရီခွဲ ဥပုသ်နေ့ဟောမယ်.... (မှန်ပါ) နေ့တိုင်းတော့ ဖြင့် ၄-နာရီက ၅-နာရီပေါ့ဗျာ.... (မှန်ပါ) နေ့တာရှည်လို့.... (မှန်ပါ) အဲဒါ...တကာတကာမတွေ လာနာကြ.... (မှန်ပါ)။

ကိုင်း ဒါဖြင့် တကာတကာမတို့ ဒီကံတွေ အဟောသိကံ ဖြစ်အောင် ဘယ့်နှယ်လုပ်ကြမတုံးမေးယင် ဖြေတတ်ကြပလား။ ဝိပဿနာလုပ်မယ်ဘုရာ့....၊ မဂ်ဉာဏ်လုပ်မယ်ဘုရာ့....( မှန်ပါ ) ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်ရအောင်.... ( လုပ်ရပါမယ် ) လုပ်လို့ရှိယင် အဟောသိကံဖြစ်မယ်....(မှန်ပါ)။

ဒါကြောင့် တကာတကာမတို့ အင်္ဂုလိမာလ ခိုးသူကြီးဟာ- ဒီဘဝတွင် လူပေါင်းများစွာ သတ်လိုက်တဲ့ အကုသိုလ်တွေ မရေ တွက်နိုင်ဘူး....( မှန်ပါ ) ဝိပဿနာဉာဏ် ရှေ့သွားပြီး မဂ်ဉာဏ် ပေါ်လာတော့ ဒါတွေ အကျိုးပေးသေးသလား.... ( မပေးပါ ဘုရား )။

ဒါဖြင့် ဒီဉာဏ်သည် တကာတကာမတို့ အားကိုးထိုက်တဲ့ ဉာဏ်ပါလား....(မှန်ပါ) ဘယ်လိုဆိုမယ်.... ( အားကိုးထိုက်တဲ့

ဉာဏ်ပါဘုရား ) အားကိုးထိုက်တဲ့ ဉာဏ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဪ....ဒါဖြင့် ဒို့ ဒီဆရာနဲ့ တွေ့တော့တဲ့အတွက် အားကိုးထိုက်တဲ့ ဉာဏ်ကလေးတခု ရသေးတယ်... ( မှန်ပါ့ ) ဆိုတော့ဘုန်းကြီးပြောသလို တကာတကာမတွေ တကယ်လို့ မတားနိုင်လို့သာ ဒီ ဉာဏ်ကြီး ရပြီးမှ သေစေချင်တယ် ဆိုတာကော ....ပေါ်ရောပေါ့....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

ဒီဉာဏ်မှ မရဘဲနဲ့ သေသွားဘဲ့ ပုဂ္ဂိုလ်မှာ တနေ့ ကံပေါင်းအနန္တဆိုတာ ပေါ်ပြီနော် ( မှန်ပါ့ ) တနေ့ဘယ်လောက်ပါလိမ့်....( အနန္တပါဘုရား ) ကံပေါင်းအနန္တနဲ့ ဆိုတော့ တကာတကာမတို့ တခါ-အပါယ်ရောက်သွားယင် ထွက်ခွင့် မြင်သေးသလား....(မမြင်ပါဘုရား) ဒါဖြင့် သိပ်ဆိုးတယ်.... ( ဆိုးပါတယ်ဘုရား )။

အေး....ဒါကြောင့် တကာတကာမတို့ ဘုန်းကြီး ဒီနေ့ ဒီကံတွေကို တကာတကာမတွေ ရှင်းနိုင်သလောက် ရှင်းပြီးသကာလကံဖြတ်တရားကို ဟောပါလိမ့်မယ်....(မှန်ပါ့)။

ဘာ့တရားပါလိမ့် .. (ကံ ဖြတ်တရားပါဘုရား) ဘုန်းကြီးတို့တကာတကာမတွေမှာ နားမလည်တော့ ဘာဖြစ်နေသတုံးဆိုတော့ကံတွေက ဘယ်တော့မျှား အကျိုးပေးပါ့မလဲ ဆိုတာ ကံလိုက်ရှာတယ်....(မှန်ပါ့)။

ဘုန်းကြီးတို့ကသဲ တကာတကာမတို့ ဒီကံတွေဟာ ခင်ဗျားတို့ဒုက္ခပေးမည့် ကံ တွေ....( မှန်ပါ့ ) သုဂတိပေးတဲ့ ကံ ဟာလဲဇာတိ ဒုက္ခ ဇရာ ဒုက္ခရမှာဘဲ....(မှန်ပါ့) အပါယ်ပေးတဲ့ကံဟာလဲ ဇာတိဒုက္ခ ဇရာဒုက္ခ မရပေဘူးလား....(ရပါတယ်ဘုရား)။

အဲ....ဘယ်ကံ ကြိုက်သလဲ.... (ဘယ်ကံမှ မကြိုက်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘယ်ကံ ကြိုက်ကြသလဲ....(ဘယ်ကံမှ မကြိုက်ပါဘုရား) ဩော်.... ကျုပ်တို့ဖြင့် ကံ-အမိ၊ ကံ-အဖဘဲ အားကိုးနေရတယ်ဆိုတဲ့ အသွားတွေ တကာကြွယ်ရေ....ရပ်ဆိုင်း ရမယ်....(မှန်ပါ)။

အခုလို ကံ ပစ်ထားလိုက်ပြန်တော့လဲ သုဂတိ ရောက်သွား တယ်၊ သုဂတိရောက်ပြန်တော့လဲ ဇာတိ ဇရာမရဏနဲ့ တွေ့မယ်- ( မှန်ပါ ) ဒုဂ္ဂတိရောက်ပြန်တော့လဲ အပါယ်လေးပါးနဲ့ ကြုံရ တယ်... (မှန်ပါ) ဘယ်ကံများ ကြိုက်ကြသတုံး.... ( ဘယ်ကံမှ မကြိုက်ပါဘုရား )။

ဒါဖြင့် တကာတကာမတို့ ဒီကံဘယ်က လာသတုံးလို့ မေး ယင် ပို-ရှင်းတယ်။ ဒီကံဟာ ဘယ်က လာသတုံးလို့ မေးတဲ့ အခါကျတော့မှ ဥပါဒါန်က လာတယ်ဘုရား.... လို့ ဖြေလိုက်- (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်က လာသတုံး.... (ဥပါဒါန်က လာပါတယ်ဘုရား) ဒီ ဥပါဒါန် ဘယ်ကလာသတုံး မေးလိုက်တော့.... (တဏှာက လာ ပါတယ်ဘုရား) ဒီ တဏှာ ဘယ်က လာပါလိမ့်မတုံးမေးတော့မှ- (ဝေဒနာက လာပါတယ်ဘုရား) ဝေဒနာက လာတယ်.... ရှင်းပ လား....(ရှင်းပါပြီ)။

ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံး မေးတော့မှ ဖဿကလာ တယ်၊ ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် တကာတကာမတို့ဖဿ ကို အနိစ္စမြင်အောင်ကြည့်....(မှန်ပါ) ဖဿကို အနိစ္စမြင်အောင်

ကြည့်လိုက်တော့ ဟာ....ဖဿကလေး ဖြစ်ပျက်ကို မြင်လိုက်လို့ ရှိယင်ဖြင့် ဖဿသည် အနိစ္စ၊ မြင်တာကမဂ္ဂ....(မှန်ပါ) ဖဿက (အနိစ္စ)မြင်တာက.... (မဂ္ဂပါဘုရား)။

ဒါဖြင့် ဝေဒနာ တဏှာ ဥပါဒါန် ကံတွေ လာသေးသလား (မလာပါဘုရား)။

အင်း....ဘယ်သူကများ ဒီတဏှာ ဥပါဒါန် ကံတွေဖြတ်လိုက်ပါလိမ့်မတုံးဆိုတော့.... (ဝိပဿနာကပါဘုရား)ဝိပဿနာဉာဏ်က ဖြတ်တယ်....(မှန်ပါ)။

တကာတကာမတို့ ဘယ်သူကဖြတ်သတုံး....(ဝိပဿနာဉာဏ်က ဖြတ်ပါတယ်ဘုရား) ဝိပဿနာဉာဏ်က ဖြတ်တယ်ဆိုတာ သေချာ၎လား.... (သေချာပါပြီဘုရား)။

ကဲ .... ဖဿတော့ တပည့်တော်တို့က မရှုမိဘူးဘုရား....၊ ဝေဒနာကလေး သွားကလေးမြင်ရလို့ ချမ်းသာတဲ့ ဝေဒနာကလေးတပည့်တော်တို့ မြင်အောင်ကြည့်ပြီးသကာလ ဒါကလေး ရှိ-မရှိ အကဲခတ်ကြည့်ပါတယ်.... ( မှန်ပါ ) ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိတော့ကို မရှိတာဘာခေါ်ကြမယ်....( အနိစ္စပါဘုရား ) မရှိမှန်းသိတာက.... (မဂ္ဂပါဘုရား) သြော်....ဒါဖြင့် ဒီမဂ်သည် တကာတကာမတို့အား ကယ်တင်တဲ့မဂ်ဘဲ၊ တဏှာ ဥပါဒါန် ကံ သတ်တယ်....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘာသတ်ပါလိမ့်.... (တဏှာ ဥပါဒါန် ကံ သတ်ပါတယ်ဘုရား) တဏှာ ဥပါဒါန် ကံ သတ်တယ်ဆိုတော့ ဒီဘာက် ဇာတိ ဇရာ မရဏ အနာဂတ်ဘဝတွေ လာသေးရဲ့လား....(မလာပါဘုရား) ဒါ့ကြောင့် အားလုံး တကာတကာမတွေလဲ စေတနာရှေ့ထား

ရှိ မေတ္တာကြီးမားစွာနဲ့ဘဲ ပြောနေတော့ ဒီတရားကို ဆက်ပြီး နာမှလဲ ကျေးဇူးများတယ်....(မှန်ပါ့)ဆရာဘုန်းကြီးက နာမည် ကလဲ ကြီးတာနဲ့ ဒို့-သွားပြီးတော့ တရားထိုင်ပေးဦးမယ်ဆိုလို့ ရှိယင် မရဘူး (မှန်ပါ့)။

မရပါဘူးတဲ့ ဒီလိုဆိုတော့ အရှိန် မပါတဲ့လူ အတွက်မှာ ဘုန်းကြီးမဆိုလိုဘူး....(မှန်ပါ့) အရှိန်မပါသေးတဲ့အတွက်မှာဖြင့် တကာဟကာမတို့ ဆက်နာမှ နာမှ နားလည်မယ်.... ( မှန်ပါ့ ဘုရား ) နားလည်မှုသည် သိမှုလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ ဘုရား)။

နားလည်မှုသည်....( သိမှုပါဘုရား ) သိမှုသည်ကား....လို့ ဆိုယင် တကာတကာမတို့ တဏှာ ဥပါဒါန် ကံကို ဘာဖြစ်စေ သတုံး....(ပြတ်စေပါတယ်ဘုရား) ပြတ်အောင် လုပ်နိုင်တယ် ဆိုတာ ပေါ်ကြပလား ..(ပေါ်ပါပြီ)။

ဒါဖြင့် တဏှာဥပါဒါန် ကံ ပြတ်တဲ့ တကာ တကာမတွေ သည် ဒီဘက်က ဇာတိဇရာ မရဏ လာသေးရဲ့လား.... (မလာ ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဇာတိ ဒုက္ခသစ္စာ....( မလာပါဘုရား ) ဇရာဒုက္ခ သစ္စာကော....( မလာပါဘုရား ) မရဏ ဒုက္ခသစ္စာကော.... (မလာပါဘုရား)။

အင်း.... ဘယ့်နှယ်ကြောင့် တကာတကာမတို့ ဖြစ်သွားပါ လိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင် မဂ်ဝင်လို့.... ( မှန်လှပါ ဘုရား )။

ဘယ်လိုမှတ်ကြမယ်.... ( မဂ်ဝင်လို့ပါဘုရား ) မဂ်ဝင်လိုက် လို့ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) အဲဒါကြောင့် တကာ

တကာမတွေ ဩြသော်....မဂ်ဝင်မှ ကိစ္စပြီးတာကိုး....(မှန်ပါ့ဘုရား) မဂ်ကြားဝင်မှ.... (ကိစ္စပြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့က တပည့်တော်တို့၏ ဤဆွမ်း, ဤကွမ်းကြောင့် အပါယ်လေးပါး မလား မရောက်ရကြောင်း ဖြစ်ရပါလို၏လို့ ဆိုငြားသော်လဲ ခန္ဓာက တန်းနေမယ်ဆိုယင် လွတ်ပါ့မလား....( မလွတ်ပါဘုရား ) တကာကြွယ်....လွတ်ပါ့ မလား....(မလွတ်ပါဘုရား)။

ခန္ဓာကတန်းနေယင် အကုန်ဒီဥစ္စာ တန်းနေရမှာဘဲ-(မှန်ပါ့ ဘုရား) ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ....ဆိုယင် အပါယ် ဇာတိက လာထိုက်- မလာထိုက်.... (လာထိုက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဆုတောင်းနဲ့ လွတ်မှာလား.... ဉာဏ်ဖြတ်မှ လွတ် မှာလား....(ဉာဏ်ဖြတ်မှ လွတ်မှာပါဘုရား) သေသေ ချာချာ မှတ်စမ်းပါ တကာတကာမတို့ ဒီဟာ အလွန်အရေးတကြီးပြော နေတယ်ဆိုတာလဲ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဆုတောင်းနဲ့ ပြတ်မှာလား.... ဉာဏ်ဖြတ်မှပြတ်မှာလား.... (ဉာဏ်ဖြတ်မှပြတ် မှာပါဘုရား)။

ဒါဖြင့် တကာ တကာမတွေမှာ နိဗ္ဗာန်ရချင်လို့ တောင်း နေငြားသော်လဲ့ ဉာဏ်မဝင်လို့ရှိယင် မရပါဘူးဆိုတာ ဆုံးဖြတ် ချက်ချ....(မှန်ပါ့)။

ဉာဏ်မဝင်ယင်....( မရပါဘုရား )မရဘူးဆိုတာ သေချာ ပလား....(သေချာပါပြီ) ကိုင်း.... ဒါဖြင့် တကာတကာမတို့.... ဉာဏ်ဦးလှည့်ကြစို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဘာလုပ်ကြမယ်....(ဉာဏ်ဦးလှည့်ကြရပါမယ်ဘုရား) ဉာဏ်ဦးက ဘယ်ဘက် လှည့်ရမှာတုံးဆိုတော့ ဟောဒါ တကာတကာမတွေ၏ခန္ဓာ..(မှန်ပါ့) ဒီဟာက တကာတကာမတွေရှိတဲ့ခန္ဓာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါတကာတကာမတွေ၏ တဏှာဆိုတဲ့ သင်္ခါရက္ခန္ဓာ(မှန်ပါ့) ဒါဥပါဒါန်ဆိုတဲ့ သင်္ခါရက္ခန္ဓာ၊ ဒီတဏှာသည် ယခုဖြစ်ပေါ်တဲ့ ခန္ဓာကို တကာတကာမတွေက နောက်ခန္ဓာနဲ့ မဆက်အောင် ဉာဏ်ဝင်ရမယ်....(မှန်ပါ့)။

နောက်ခန္ဓာနဲ့ မဆက်အောင်....(ဉာဏ်ဝင်ရပါမယ်) ဉာဏ်ဝင်ရမယ်ဆိုတာ သေချာပလား.... ( သေချာပါပြီ )ဉာဏ်ဝင်တော့ နောက်ခန္ဓာဆက်သေးရဲ့လား.... ( မဆက်ပါဘုရား ) နောက်ခန္ဓာ ဘာသစ္စာ....( ဒုက္ခသစ္စာပါဘုရား ) ရှင်းပလား.... (ရှင်းပါပြီ)။

ဩော်....နောက်ခန္ဓာ ဒုက္ခသစ္စာကြီး ပြတ်သွားတာသည် နိဗ္ဗာန်ဘဲဆိုတာ သူများပြောလား.... ( ကိုယ်ကိုယ်တိုင် ပြတ်သွားတာပါဘုရား)။

အင်း....ဘာဝင်လို့ ပြတ်ပါလိမ့်..... ( ဉာဏ်ဝင်လို့ ပြတ်ပါတယ်ဘုရား ) ဒီကနေဝင်တယ်....(မှန်ပါ့) အဲဒီတော့ ဉာဏ်ဝင်လို့ပြတ်တာကို ဘုန်းကြီးတို့ တကာ တကာမတွေက ကင်းကင်းရှင်းရှင်းဖြစ်ပြီးသကာလနေတော့ ဩော်....နိဗ္ဗာန် အလုပ်ဟာ ဉာဏ်စခန်းအလုပ်ပါလား....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်... (ဉာဏ်စခန်း အလုပ်ပါဘုရား) အားလုံးတကာတကာမတွေနိဗ္ဗာန်သွားချင်ယင်ဘာနဲ့ လုပ်ရမလဲ ( ဉာဏ်နဲ့ လုပ်ရပါမယ်ဘုရား ) ဉာဏ်က ဘာဖြတ်ပါလိမ့်....

( တဏှာဥပါဒါန် ကံ ဖြစ်ပါတယ်ဘုရား ) ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဖြစ်တယ်....(မှန်ပါ့)။

ဥာဏ်က ဘာဖြစ်ပါလိမ့်.... ( ပဋိစ္စသမုပ္ပါဒ် ဖြစ်ပါတယ် ဘုရား )။

ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်တန်းနေတာကြီးဟာတန်းနိုင်သေးရဲ့လား (မတန်းနိုင်ပါဘုရား) ဝေဒနာနောက်က ဥာဏ်သွင်းလဲ ပြတ်တာ ဘဲ....(မှန်ပါ့)။

တဏှာနောက်က ဥာဏ်သွင်းယင်ကော.... ( ပြတ်ပါတယ် ဘုရား)တဏှာဖြစ်ပျက်ရှု၊ မြင်တာက မဂ်ဖြစ်သွားရော....(မှန်ပါ့ ဘုရား)။

ဒီမဂ်သာဝင်လိုက်ယင်.... ( ပြတ်ပါတယ်ဘုရား ) ပြတ်တယ် ဆိုတာ သေချာကြပလား... (သေချာပါပြီ)။

ဒါဖြင့် ဩော်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ မင်းတို့ကွာ....တဲ့ "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တ သရဏာ" ဆိုတဲ့အတိုင်း ဓမ္မဒီပါ....ဆိုတဲ့ မဂ္ဂင်တည်းဟူသော ကျွန်းသောင် ကြီးကိုသာ အားကိုးကြပါကွ....တဲ့....(မှန်ပါ့)။

အတ္တဒီပသုတ် သံယုတ်ပါဠိတော်ကြီးမှာ ဟောထားတယ်.... (မှန်ပါ့)။

တကာတကာမတို့ ဘာအားကိုးကြမ သ်.... (မဂ္ဂင်အားကိုးကြ ရပါမယ်ဘုရား) မဂ္ဂင်အားကိုးကြ၊ တကာတကာမတို့ သေသေ ချာချာမှတ်စမ်းပါ၊ အင်မတန်လူကြပ်တဲ့အထဲမှာ အပင်ပန်းခံလို့ ဆရာဘုန်းကြီးကလဲ ပြောနေတယ်....( မှန်ပါ့ ) တကာတကာမ တွေကလဲ ကြိုးကြိုးစားစားနဲ့ လာကြတယ်....(မှန်ပါ့) အဲဒီတော့ သယ်ယူပို့ဆောင်မည့် ကိုယ်ပိုင် ကိုယ့်ကျေးဇူးကို ရှက်ဆောင်

မည့် တရားဟာ ဘယ်တရားကိုးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဘာပါလိမ့်ဗျာ....(မဂ္ဂင်တရားပါဘုရား)။

တကာတကာမတို့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိဆိုတဲ့ လောကီမဂ္ဂင်ငါးပါး....( မှန်ပါ ဘုရား )။

ဒါဟာ တကာတကာမတို့ကို သယ်ယူပို့ဆောင်ပြီးသကာလ နိဗ္ဗာန်သောင်သို့ ပို့မည့်တရား...(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာအားကိုးကြမယ်....( မဂ္ဂင်အားကိုးကြရပါမယ်ဘုရား ) ဟို... နောက်က တကာတကာမတွေ မကြားဘူးတဲ့ တကာတကာမတွေ ဘာအားကိုးကြမယ်....(မဂ္ဂင်အားကိုးပါမယ်ဘုရား)မဂ္ဂင်ငါးပါး....(မှန်ပါ)ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

မဂ္ဂင်အားကိုးတော့ ဒီမှာ စဉ်းစားလိုက်ပါ၊ ဥပမာမယ်....ဝေဒနာဖြစ်တယ်၊ တကာတကာမတွေ ခန္ဓာထဲမှာ နာတယ်၊ ယားတယ်၊ ကောင်းတယ် အလတ်စားဖြစ်တဲ့ ဝေဒနာသုံးမျိုး၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီ ဝေဒနာကလေးတွေကို တကာတကာမတွေက ဉာဏ်နဲ့ တည့်ထားပြီးသကာလ ဩော်....ဖြစ်ပြီး ပျက်တာဘဲလို့ မဂ္ဂင်နဲ့ ရှုလိုက်....(မှန်ပါ)။

ရှုလိုက်တဲ့အခါကျတော့ ကိုယ့်အပျက်ကို ကိုယ်မြင်လိမ့်မယ် (မှန်ပါ)ကိုယ့်အပျက်က အနိစ္စ၊ ကိုယ်မြင်တာက မဂ္ဂ....(မှန်လှပါဘုရား)။

ကိုယ့်အပျက်က....(အနိစ္စပါဘုရား) ကိုယ်မြင်တာက....(မဂ္ဂ ပါဘုရား) ဟောဒါ မဂ်ရတာဘဲ....(မှန်ပါ့)တကာတကာမတို့.... ဝဋ္ဋဘဝတိုတို့နဲ့ မဂ်ဖိုလ်ရ-ရပါလို့၏ ဆိုတာ ရှမှ မဂ်ပေါ်တာ-- (မှန်ပါ့) မရှယင်....(မပေါ်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲ....ဒါဖြင့် ခင်ဗျားတို့ ဒီက-ရှေ့ကို နှုတ်နဲ့ ဆုတောင်းမှုကို ဖြုတ်ပြီးသကာလ အလုပ်-လုပ်ယူပါ....(မှန်ပါ့)။

နှုတ်နဲ့ ဆုတောင်းကို....( ဖြုတ်ပြီးတော့ ) ဘာယူရမလဲ.... (အလုပ်-လုပ်ယူရပါမယ်ဘုရား) အလုပ်-လုပ်ပြီး ယူပါဆိုတာကို ဖြင့် လေးစားစွာနဲ့ဘဲ တိုက်တွန်းပါတယ်....(မှန်ပါ့)။

တိုက်တွန်းတော့ကို ဘုန်းကြီးတို့ တကာ တကာမတွေက ခြေ....ဒီဥစ္စာက ဒိုက တောင်းရိုး-တောင်းစဉ်နဲ့ တောင်းနေတာ၊ တကယ်ပြတ်ပါရဲ့လား မေးတော့....(မပြတ်ပါဘုရား)ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပြတ်ကဲ့လား....(မပြတ်ပါဘုရား)။

မပြတ်တော့ကို သူက လုပ်ချင်သလို အကြောင်းအကျိုးဆက်ပြီး ခန္ဓာကြီး ကျေးဇူးမပြုပေဘူးလား....( ပြုပါတယ်ဘုရား ) ဒါဖြင့် ကိုင်းကွာ....တဲ့ ဆုတောင်းနဲ့တော့ မပြတ်ဘူးဟေ့-တဲ့၊ အလုပ်နဲ့ ဖြတ်လိုက်မယ်ဆိုတော့ ဖြစ်-မဖြစ်....( ဖြစ်ပါတယ် ဘုရား )။

သေသေချာချာ နားထောင်ကြပါ တကာတကာမတို့နော်-- (မှန်ပါ့)ကိုယ့်ဘဝကလေးတွေဟာ အခု မသေသေးတဲ့ ပုဂ္ဂိုလ် ရှိကြပါတယ်၊မမာကျန်းတဲ့ ပုဂ္ဂိုလ်လဲ ထိုက်တန်သလောက် ရှိကြ ငြားသော်လဲ နောက်ဆုံးပိတ် ခင်ဗျားတို့အားလုံး မသာဖြစ်ကြ

မှာဘဲ...(မှန်ပါ) မဖြစ်မည့်ပုဂ္ဂိုလ် ပါသေးသလား....(မပါပါ ဘုရား)။

ဒါကြောင့် ဘုန်းကြီးပြောရတယ်၊ တကာတကာမတို့ အဲဒီ ဘဝမှာ နေ့ခင်းတဖန် ဘဝကို ဆုမတောင်းလိုက်ပါနဲ့....(မှန်ပါ) ဘာဖြစ်လို့ တုံး ..ဆိုတော့ မသာဆုတောင်းလို့ ....( မှန်လှပါ ဘုရား )။

ဘာတောင်းတာတုံး....( မသာဆုတောင်းတာပါ )ဘာဆု တောင်းတာတုံး ...(မသာဆုတောင်းတာပါဘုရား)အို....ခင်ဗျား တို့က ပြောနေတယ်၊ မသာများ ကျုပ်မပို့ချင်ဘူးတဲ့-(မှန်ပါ) အခု တောင်းယူထားတာက....(မသာဆုတောင်းယူထားပါတယ် ဘုရား)အဲဒီမှာ အလွဲကြီး လွဲတယ်....(လွဲပါတယ်ဘုရား) ရှင်းကြ ပလား....(ရှင်းပါပြီ)ဘာဆုတောင်းကြသလဲ--(မသာဆုတောင်း ကြပါတယ်ဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေကလဲ ခက်လိုက်တဲ့ ဖြစ်ခြင်း၊ မသာ သွားရည်ကျတော့ လူခန္ဓာလေးတောင်း.... (မှန်ပါ)။

ဟို....နတ်ခန္ဓာကြီးက သုံးဂါဝုတ်ရှိတယ်....(မှန်ပါ) ဒါဖြင့် မသာ သွားရည်ကျလို့ တောင်းတဲ့ အမိပ္ပါယ် ရောက်နေတယ်.... (မှန်ပါ)။

ဒါဖြင့် ဒီဘဝ စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် နတ်ခန္ဓာ ရ-ရပါလို၏....နတ်ဖြစ်ရပါလို၏ဆိုတော့ ဘာဆုတောင်းတာတုံး (မသာဆုတောင်းတာပါဘုရား)။

မလုပ်ပါနဲ့ဗျာ....ရှက်စရာကြီး....(မှန်ပါ) ခင်ဗျားတို့တောင် အခု မသာ မတွေ့ချင်ဘူးဆိုတာ အထင်ရှားနဲ့ ကိုယ်ကိုယ်တိုင်

မသာ အရယူပါဦးမယ်ဆိုတော့ ကောင်းသေးရဲ့လား-(မကောင်းပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် မသာ ဘယ်သူ လုပ်ပါလိမ့်မတုံးလို့....မေးတဲ့အခါကျတော့ ဟောဒီ ကံက လုပ်တာ....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

မသာ ဘယ်သူက လုပ်ပါလိမ့်....(ကံက လုပ်ပါတယ်ဘုရား) ကမ္မဘဝပစ္စယာ ဇာတိကိုးဗျ....( မှန်ပါ့ )ဇာတိဆိုကတည်းက ခန္ဓာပေါ်ပြီ....(ပေါ်ပါပြီ) ခန္ဓာပေါ်ယင် အိုမှု့သေမှုဆိုတဲ့ ဇရာ မရဏ လာမလား-မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဒါဖြင့် မသာ ဘယ်သူ လုပ်ပါလိမ့်....( ကံလုပ်ပါတယ် )ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ဒီကံကို ဘုန်းကြီးတို့ တကာတကာမတွေက ကံကိုအုပ်ချုပ်နေတဲ့ တဏှာ ဥပါဒါန်ကို တကာတကာမတွေသည် သူ့ရှေ့နားရှိတဲ့ ဝေဒနာကို ဖြစ်ပျက်လို့ အနိစ္စရှုပါ....(မှန်ပါ့)ဉာဏ်ဟာ မဂ္ဂဖြစ်ပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာက....(ဖြစ်ပျက်ပါဘုရား)ဉာဏ်က....(မဂ္ဂပါဘုရား) ဝေဒနာက....(ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ဆိုတာ အနိစ္စနော်....(မှန်ပါ့)။

ဝေဒနာက ဖြစ်ပျက်....ဉာဏ်က မဂ်....(မှန်ပါ့)ဝေဒနာက--(ဖြစ်ပျက်ပါ)ဉာဏ်က....(မဂ်ပါ)မဂ်ဘဲ သိနေတော့ ဩော်....ဒီ မဂ်သည်ကားလို့ဆိုယင် ဘယ်သူ ဖြတ်လိုက်သတုံးဆိုတော့....တကာတကာမတို့ မသာလုပ်ကြောင်းဖြစ်တဲ့ တဏှာလဲ ဖြတ်လိုက်တယ်....(မှန်ပါ့)ဥပါဒါန်ကော....(ဖြတ်ပါတယ်)ကံကော-(ဖြတ်ပါတယ်)ဒါဖြင့် မသာပေါ်စရာ ရှိသေးသလား....( မရှိ

ပါဘုရား)မသာသည် အသုဘ....(မှန်ပါ့)မသာဟာ ဘာပါလိမ့် (အသုဘပါဘုရား)။

တကာတကာမတွေက နောက်ဘဝ လူဖြစ်ရပါလို၏ နတ်ဖြစ်ရပါလို၏ ပြဟ္မာဖြစ်ရပါလို၏ ဆိုလို့ရှိယင် အသုဘဖြစ်ရပါလို၏ဘဲ....(မှန်ပါ့) ဘာဖြစ်ရပါလို၏လဲ....(အသုဘဖြစ်ရပါလို၏ပါဘုရား)။

အသုဘဖြစ်ရပါလို၏ ဆိုတဲ့ဥစ္စာ တကာတကာမတို့ ခင်ဗျားတို့အတွက်ဖြင့် ဘုန်းကြီးက ကြားက-နေ ပြောပေးတယ် .... (မှန်ပါ့)မသာဆိုတာ သုတောင်းကောင်း....မတောင်းကောင်း-- (မတောင်းကောင်းပါဘုရား)။

မတောင်းကောင်းတာကို ဘုန်းကြီးတို့ တကာတကာမတွေ ဘုရားရှေ့မှာသွားပြီး ဤဆွမ်း, ဤကွမ်း, ဤဖယောင်းတိုင်, ဤမီးတွေကြောင့် စုတေမနေ သေလွန်ရသည်ရှိသော် လူ့ချမ်းသာ, နတ်ချမ်းသာ အကြိမ်ကြိမ်ခံစားပြီး၍ မသာမျိုးစုံ ဖြစ်ရပါလို၏ (မှန်ပါ့)ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် အတောင်း ဖြုတ်ပါတယ်ဆိုတာကိုဖြင့် .... သဘောကျပလား--(ကျပါပြီ)ဒါဖြင့် မသာလွတ်သွားလို့ရှိယင် တပည့်တော်တို့ ဘာဖြစ်မှာဘုံး....။အို....အသုဘလွတ်ယင် သုဘနိဗ္ဗာန်ရှိတော့တယ်....(မှန်ပါ့) အသုဘလွတ်ယင်....(သုဘနိဗ္ဗာန်ရှိပါတော့တယ်ဘုရား)။

အဲ....ဒါဖြင့် ဘုရား.... တပည့်တော်တို့က မျက်စိလည်တာသိပ်ကြောက်ပါတယ်....(မှန်ပါ့)တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်....(မျက်စိလည်တာ သိပ်ကြောက်ပါတယ်ဘုရား) တကာ

ကြွယ်ကြီး အိုကြီး-အိုမနဲ့ မလည်ချင်နဲ့တော့....(မှန်ပါ့)ဦးလှဘူး ကော....(မလည်ချင်ပါဘုရား) နောက်က တကာတကာမတွေ ကော လည်ချင်သေးသလား....(မလည်ချင်ပါဘုရား)။

တောင်ဝှေးထောင် မျက်မှန်ချွတ်ပြီး လည်တဲ့ဥစ္စာ သေခြင်းဆိုး သေချင်လို့နေ၁်....(မှန်ပါ့)ဒါ့ကြောင့် မလည်ပါနဲ့ဆိုတာ ဒီကံကို ဒီနားကနေ ဝေဒနာဖြစ်ပျက် ရှုလိုက်လို့ရှိယင် ဉာဏ်ကလေးက ခန္ဓာထဲမှာ မဂ်ဖြစ်သွားတယ်....(မှန်ပါ့) မဂ်ဖြစ်လာတော့ တဏှာ့ဥပါဒါန် လာနိုင်သေးရဲ့လား .... (မလာနိုင်ပါဘုရား)။

မလာနိုင်တော့ ဒီ ဇာတိ့ဇရာ့မရဏဆိုတဲ့ နောက်မသာတွေ၊ နောက် အသုဘတွေ တကာတကာမတို့ ကိုယ်ပိုင်ဖြစ်သေးရဲ့လား....(မဖြစ်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မသာဖြတ်နည်း နိဿယည်းမှာဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဘဲရှိတယ်....(မှန်ပါ့) မသာသိမ်းနည်း နိဿယည်း ဟာဖြင့်(ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဘဲ ရှိပါတယ်)ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နည်းဟာဖြင့်....(ဝိပဿနာဉာဏ် မဂ်ဉာဏ်ဘဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီးသည် ဘုန်းကြီးတို့ တကာတကာမတွေက ဩော်....တကယ့် ကျေးဇူးရှင်ဘဲ၊ ဒို့မသာတွေ သိမ်းပေးပါလား.... ( မှန်ပါ့ ) ဒို့ နောက်လာမည့် မသာတွေသိမ်းပေးတယ်....(မှန်ပါ့) ဒို့ဒုက္ခတွေကို.... ( သိမ်းပေးပါတယ် ) ဒို့ ကိလေသာမီး လောင်ရမည့် ကိစ္စတွေကို .... (သိမ်းပေးပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဆရာကို ခင်ဗျားတို့သည် ကိုးကွယ်ရတော့မယ်၊ ဆည်းကပ်ရတော့မယ်၊ နည်းပေးတာ ယူရတော့မယ်....(မှန်ပါ့) လူဘို့တန်းဘို့ မလိုပါဘူး ဘုန်းကြီးကို.... (မှန်ပါ့) နည်းကိုယူသွားပါ....(မှန်ပါ့ဘုရား)။

လူဘို့တန်းဘို့ ဘာမှမယူနဲ့ ကိစ္စမရှိဘူး ခင်ဗျားတို့၊ ဒါမလိုပါဘူး၊ ခင်ဗျားတို့ နည်းယူယင် ကြိုက်ပါတယ်-(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ကို ဆရာဘုန်းကြီး ပေးတာသည် တကာတကာမတို့ သူများကယ်တင်တာလား- ကိုယ့်ကိုယ်- ကိုယ်ကယ်တင်တာလား (ကိုယ့်ကိုယ်-ကိုယ်ကယ်တင်တာပါဘုရား)။

ဒါကို သေသေချာချာ မှတ်ပါ၊ ဝိပဿနာအလုပ်- လုပ်တာသည် ဘယ်အကျိုးငှာပါလိမ့်.... (ကိုယ့်ကိုယ်- ကိုယ်ကယ်တင်ဘို့ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာအလုပ်-လုပ်တာ ဘာပါလိမ့်....(ကိုယ့်ကိုယ်- ကိုယ်ကယ်တင်တာပါ) ကိုယ့်ကိုယ်-ကိုယ် ကယ်တင်တာ ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဩော် .... ခင်ဗျားတို့ကတော့ ထမင်းကလေး ကျွေးတာ ကိုယ့်ကိုယ်-ကိုယ်ကယ်တင်တယ်၊ ဆေးကလေးကျွေးတာ ကိုယ့်ကိုယ်-ကိုယ်ကယ်တင်တယ်၊ ဒီလိုထင်နေကြတယ် .... ( မှန်ပါ့ ) ဝတ်ကောင်း စားကောင်းကလေး ကျွေးမွေးပြီး ကိုယ့်ကိုယ်-ကိုယ် ကယ်တင်တယ်လို့ ထင်ကြတယ်....(မှန်ပါ့)ဘယ်လို ကျွေးကျွေး၊ ဘယ်လိုမွေးမွေး အိုဘေး နာဘေး သေဘေးက ရပ်စဲရဲ့လား....(မရပ်စဲပါဘုရား)။

အဲဒါ ကယ်တင်တဲ့တရား မဟုတ်လို့ မရပ်စဲတာ....(မှန်ပါ့) ကယ်တင်တဲ့ တရားမဟုတ်လို့.... ( မရပ်စဲတာပါ ) မရပ်စဲတာ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါမြဲဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာလုပ်ပါ လို့ ဆရာဘုန်းကြီးက တိုက်တွန်းရမှာလား၊ ကိုယ့်ကိုယ်သနား လို့ ကိုယ်ကယ်တင်ရမှာလား.... (ကိုယ့်ကိုယ် သနားလို့ ကိုယ် ကယ်တင်ရမှာပါဘုရား)။

ဟာ....အတော်စကားတတ်လို့ အတော်တတ်တဲ့ ဘုန်းကြီး လို့လဲ အောက်မေ့မနေနဲ့.... ( မှန်ပါ့ ) ခင်ဗျားတို့အတွက် ပြောတာ....( မှန်ပါ့ ) ကိုယ့်ဒုက္ခကို ကိုယ်သိမ်းတဲ့ ဥစ္စာသည် ကိုယ့်ကိုယ် ကယ်တင်တာဟုတ်-မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒို့ဆရာဘုန်းကြီး ရောက်လာပြီ၊ ဒို့လဲ ကိုးကွယ်နေ တယ်၊ ဆည်းကပ်နေတယ်၊ ကယ်တင်တဲ့နည်းကလဲ သူ့ဆီမှာရှိ တယ်၊ ဒါဖြင့် ကြိုးစားပြီးနာမှဘဲ၊ ကြိုးစားပြီးလုပ်မှဘဲ ဆိုတဲ့ စိတ်မွေးလို့ရှိယင် ဘယ်ပြော....ကိုယ့်ကိုယ်-ကိုယ်သနားတဲ့ပုဂ္ဂိုလ်ထဲ ပါသွားပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) နို့မဟုတ် လို့ရှိယင် ကိုယ့်ကိုယ်-ကိုယ် သနားတဲ့ထဲ ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

အဲ....ဒီတကာတကာမတွေဟာ သနားတာတောင်မှ မှန်မှန် မသနားတတ်ဘူး....(မှန်ပါ့) တယ်လဲ ကြောက်စရာ ကောင်းပါ လား....(မှန်ပါ့) ရှေ့ချက်က သိပ်သန်တယ်နော်....(သန်ပါတယ် ဘုရား)။

ရှုးချက်က....( သန့်ပါတယ် )အို....ဒီခလေးကလေး လူလား မမြောက်သေးတာနဲ့ တပည့်တော်ဖြင့်ဘုရား ဝိပဿနာအလုပ်-မလုပ်နိုင်သေးအောင်ဖြစ်နေတယ်၊ စီးပွားရေးကလေးက ချို့တဲ့နေတာနဲ့ ဝိပဿနာအလုပ်-မလုပ်နိုင်သေးဘဲ ဖြစ်နေတယ်ဆိုတော့ ကိုယ့်ကိုယ်-ကာယ်တင်တဲ့ အလုပ်ရုပ်စဲတာ....(မှန်ပါ့ဘုရား)။

ဘာရုပ်စဲတာတုံး....(ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်ရုပ်စဲတာပါဘုရား)အဲဒီ ကိုယ့်ကိုယ်မှ မသနားတဲ့ပုဂ္ဂိုလ်ဟာ သူများကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ညကို ကြေးစည်ကလေး ရိုက်ပြီး အော်နေတာ အလကား....( မှန်ပါ့ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကြေးစည်ရိုက်ပြီး အော်နေတာ အားလုံး အမျှဗျာ၊ ကျန်းမာပါစေ- ချမ်းသာပါစေဆိုတာ ကိုယ့်ကိုယ်တော့ မကယ်တင်ဘူး....(မှန်ပါ့) သူများတော့ဖြင့် ကျန်းမာပါစေ- ချမ်းသာပါစေလို့ အမျှပေးတယ်ဆိုတဲ့ဥစ္စာ မပေးရဘူးလို့မဆိုပါဘူး ....(မှန်ပါ့)သို့သော် ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ် မပါဘူး....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ.... ( ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်မပါပါဘုရား)ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ် မပါဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကြေးစည်ရိုက်တာ မကြည်ညိုလို့မဟုတ်ပါဘူး၊ သို့သော် လိုရင်းဟာနေလို့ ပြောရတာ....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....(လိုရင်း ဟာနေလို့ပါ)လိုရင်း ဟာနေလို့ပြောရပါတယ် ဆိုတော့ သေချာကြပလား....(သေချာပါပြီ ) အဲဒီတော့ ကိုယ့်ကိုယ်- ကိုယ်သနားတဲ့ ပုဂ္ဂိုလ်ဖြင့် ဘာလုပ်ရမလဲ (ဝိပဿနာလုပ်ရပါမယ်ဘုရား)။

ကျယ်ကျယ်ပြော- ကျယ်ကျယ်ပြော၊ ခင်ဗျားတို့ ဒီဥစ္စာ နားကိုလည်နေမှ....(မှန်ပါ့) ကိုယ့်ကိုယ်- သနားယင် ဘာလုပ်ရမယ်....(ဝိပဿနာလုပ်ရပါမယ်ဘုရား)။

ဝိပဿနာအလုပ်· လုပ်လိုက်တော့ တကာတကာမတို့ ဒါဟာ ခင်ဗျားတို့ ခန္ဓာကိုယ်၊ ဒီဘက်က နောက်လာမည့် ခန္ဓာကိုယ်၊ ဒါရှေ့ခန္ဓာကိုယ်.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဖဿဝေဒနာ- ဒါ ရှေ့ခန္ဓာကိုယ်ဗျာ၊ ဒီစိတ်တလုံး ဟာ ခန္ဓာတခုကိုး .... ( မှန်ပါ့ ) အဲဒီခန္ဓာကို.... ဝေဒနာကို တကာ တကာမတွေက ဖြစ်ပျက်ရှုလိုက်တော့ တဏှာ, ဥပါဒါန်, ကံ နောက်ခန္ဓာလာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ အိုဘေး, နာဘေး, သေဘေး, ဆိုတာတွေ နောက်က တကာတကာမတို့ အဆက်ပြတ်-မပြတ် .... (မပြတ်ပါ ဘုရား)ဒါ ဘယ်သူ့ကယ်တင်လိုက်တာတုံး(ကိုယ့်ကိုယ်ကယ်တင် တာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးက ဒီတကာတကာမတွေ အမေ မိဘ မတော်ဘူးသူမည်သည်မရှိလို့ကယ်ယူပို့ဆောင်မည်ဆိုငြားသော် လဲနည်းသာပေးတတ်တယ်၊ဒီမဂ်ကိုရအောင် ခင်ဗျားတို့တရားတပွဲ လုံးကအားထုတ်ရမယ်(မှန်ပါ့)ရှင်းကြပလား....(မှန်ပါ့ဘုရား)။

ဝေဒနာနောက်က ဘာထားရမလဲ....( မဂ်ထားရပါမယ် ) မဂ်ထားပေးရမယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဘုရားတပည့်တော်တို့ ဝေဒနာဆိုတော့ အင်မတန်နဲ့ပါတယ်-ဘုရား....ဆိုလို့ရှိယင်တော့ တဏှာနောက်က မဂ်ထားပေး တဏှာလာယင် ဘာလုပ်ရမလဲ.... ( ဖြစ်ပျက်ရှုရပါမယ် ) ဖြစ်ပျက်ရှုရမယ်။

တဏှာလာယင် ဖြစ်ပျက်ရှုလိုက်တော့ တဏှာက ဖြစ်ပျက်၊ ရှုတာက ...( မဂ်ပါဘုရား )ဆိုတော့ ဥပါဒါန်နဲ့ ကံလာသေးရဲ့လား....(မလာပါဘုရား)။

ဩော်....ဒါလဲ ကိုယ့်ကိုယ်သနားလို့ ကယ်တင်လိုက်တာဘဲ (မှန်ပါ)တကာတကာမတွေ ဘယ့်နှယ်ဆိုကြမလဲ....(ကိုယ့်ကိုယ်ကိုယ်သနားလို့ ကယ်တင်လိုက်တာပါဘုရား)။

ဩော်....ဒီတကာတကာမတွေ ကယ်တင်နည်း နိဿယည်းတောင်မှ မကြိုက်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဒီတကာတကာမတွေကို ဘုန်းကြီးစွဲချက်တင်ချင်တာက ဘယ်လို တင်ရမလဲလို့ မေးတော့ ရေနည်းတဲ့အထဲမှာ ငါးငယ်ကလေးတွေက ပြေးနေကြတယ်....(မှန်ပါဘုရား)။

အခုလို နွေရာသီကြီး ပူကပူသနဲ့ဆိုတော့ ကယ်မည့် ပုဂ္ဂိုလ်က ဇွန်းကလေးနဲ့ဖြစ်စေ၊ ခွက်ကလေးနဲ့ဖြစ်စေ လိုက်ပြီး ရေများရာ ပို့မလို့ သူ့ကို လိုက်ဖမ်းတဲ့အခါ ကြာလေပြေးလေဘဲ၊ အဖမ်းမခံဘူး....(မှန်ပါ)။

အင်း....ဒီ ပုဂ္ဂိုလ်ကလဲ စေတနာကောင်းနဲ့ ရေနည်းရာက ရေများရာ ပြောင်းပြီးသကာလ ဘာတုံး....( ကယ်ယူပို့မလို့ပါ )

အဲဒါ သူက အတင်းပြေးတယ်....( မှန်ပါ ) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ဒါဖြင့် ဒီငါးကလေး ကုန်းပေါ်က ပညာရှိက နေပြီးတော့ ဩော်....ဒါ့ကြောင့် တိရစ္ဆာန် ဖြစ်တာဘဲ။ ကယ်တင်မည့်လူ ရှောင်တယ်....(မှန်ပါ) ဘာ့ရှောင်တာပါလိမ့်.... (ကယ်တင်မည့် သူ ရှောင်တာပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ တရားနာ မလာကြဘူး။ တရားအားမ ထုတ်တော့ဘူးဆိုလို့ရှိယင် ဘုန်းကြီးက ခွက်နဲ့လိုက်ပြီး သကာလ ကော်ပြီးသကာလ ခင်ဗျားတို့ ရေများရာ ချမ်းသာရာ ပို့နေတဲ့ ဥစ္စာ ခင်ဗျားတို့က မလာတော့ဘူးဆိုတော့ ခင်ဗျားတို့လူလား၊ ခုနင်က ငါး-တိရစ္ဆာန်မို့လား....(ငါး တိရစ္ဆာန်မို့ပါ ဘုရား)။

အဲ့ဒါ ရက်ရွှေ့ယင် ဒီ အတိုင်းမှတ်ပါ....(မှန်ပါ) ရက်ရွှေ့ ယင်....(ဒီအတိုင်းမှတ်ပါ) ဆူတယ်လို့တော့ အောက်မေ့မနေ ကြနဲ့နော် (မှန်ပါ) ခင်ဗျားတို့ သနားလို့ပြောတာ....(မှန်လှ ပါဘုရား)။

ဘုန်းကြီးများကတော့ စေတနာတော့ရှိပါတယ်။တယောက် တည်းလာလဲ ပြောရတော့မှာဘဲ။ အခုလို သောင်းကိုးထောင် လာလဲ....(ပြောရတော့မှာပါဘုရား)။

ပြောရမှာဘဲ တကာတကာမတို့ .... သို့သော် တကာတကာမ တွေက အိမ်ကျတဲ့အခါကျတော့ ကုလားဖန်ထိုးတယ်လို့လဲ မယူ ပါနဲ့။ တရားလို့သာ မှတ်ပါ....(မှန်ပါ)။

ဩော် .. ဒီနေ့တော့ သားကလဲမလာ။သမီးကလဲ အကြောင်း က မညီညွတ်သေးဘူး - ဆိုတော့ ဒီနေ့တော့ ဆရာဘုန်းကြီးဆီ

မသွားသေးဘူး.... ( မှန်ပါ ) ဒီနေ့ ဆယ်ယူတာမခံသေးဘူး.... (မှန်ပါ)။

ဘာပါလိမ့်...(ဆယ်ယူတာ မခံသေးပါ) ဟ....ဒီနေ့ ဘာနေ့ ပါလိမ့်။ ဆယ်ယူတာမှ မခံတဲ့နေ့ဆိုတော့ ချောက်ကျတဲ့နေ့ဗျ.... (မှန်ပါ) နေ့ကောင်း-ရက်ကောင်း မှတ်မနေနဲ့....(မှန်ပါ)။

ချောက်ကျတဲ့နေ့ကို.... ( နေ့ကောင်း-ရက်ကောင်းမှတ်နေပါ တယ်ဘုရား ) နေ့ကောင်း-ရက်ကောင်းမှတ်ပြီးသကာလနေတော့ ဩော်.... မသွားလိုက်ရလို့ မတိုး။ မတိုးလိုက်ရလို့ မကျင့်။ မကျင့်ရခြင်းကြောင့် မရောလား....(မှန်ပါ) ဒီအဓိပ္ပါယ်မရောက် ပေဘူးလား....( ရောက်ပါတယ်ဘုရား)

အဲဒါ ကိုယ့်အိမ်ကျလို့ ရှိယင် ခင်ဗျားတို့ ဆင်ခြေလဲပါလိမ့် မယ်....( မှန်ပါ ) သားကလေးက အကြောင်းမညီလို့-သမီးက အကြောင်းမညီလို့၊ သားက မကြုံလို့ အမျိုးမျိုး ခန္ဓာကိုယ်က ခေါင်းကြီးက ကိုက်သလိုလို-လည်က နာသလိုလိုနဲ့ ကြပ်သလို လိုနဲ့ ခင်ဗျားတို့က လုပ်ချင်တာ....(မှန်ပါ)။

ဒါ ကိလေသာက ဝင်စားတာ အောက်မေ့....( မှန်ပါ ) တိရစ္ဆာန်စိတ်ပေါက်အောင်လို့ ကိလေသာက ဝင်စားတာလို့ မှတ်လိုက်ပါ....(မှန်ပါ) ဘယ်လိုမှတ်ကြမယ်.... ( တိရစ္ဆာန်စိတ် ပေါက်အောင်လို့ ကိလေသာက ဝင်စားတာပါဘုရား )။

ဒီနေ့မလာရလို့ ရှိယင်ဖြင့် အိမ်မှာ ဝိပဿနာ ထိုင်ချင်ထိုင်။ မထိုင်ဘဲနဲ့ ခုနင်က ဝေယျာဝစ္စတွေ ရှောက်လုပ်ကြမယ်၊ ဘယ် သူ့ မျှော်နေတယ်။ ဘယ်သူ့တောင့်တ နေတယ်ဆိုလို့ ရှိယင်ဖြင့် ကယ်တင်တာ လက်မခံတာဘဲ....(မှန်ပါ)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....( ကယ်တင်တာ လက်မခံတာ ပါဘုရား ) ကယ်တင်တာ လက်မခံတာဟာ လူဖြင့် ခံရမယ်.... (မှန်ပါ့) ငါးတိရစ္ဆာန်ဖြင့်.... ( မခံပါဘုရား ) ရှင်းပလား.... (ရှင်းပါပြီ)။

ဪ....တပည့်တော်တို့ သေခါနီးမှ ကယ်တင်တာ လက်မခံဘူး-ဆိုတာ တကာကြွယ် ဒီ့ထက်အရုပ်ဆိုးတာ ရှာတွေ့ရဲ့လား-(မတွေ့ပါဘုရား)။

သေခါနီးမှ ဘာတုံး....( ကယ်တင်တာ လက်ခံရပါမယ် ) လက်မခံဘူးဆိုလို့ရှိယင် သေခါနီးတောင်မှ ရောင်းတုန်းဆိုယင် ဖြင့် လက်ခံတဲ့ အဓိပ္ပါယ်ရောက်ပါရဲ့လား.... ( မရောက်ပါ ) မရောက်ဘူး-တကာကြွယ်ရ။

အဲဒီတော့ သေခါနီး မိုက်တော့ မမိုက်လိုက်ပါနဲ့.... (မှန်လှပါဘုရား) ကယ်တင်တဲ့ အထဲမှာ ဇလုံနဲ့ကော်ပြီး ရေမျှားရာပို့နေတယ်။ နိဗ္ဗာန်ပို့နေတာကို တကာကြွယ်က ဒီနေ့အရောင်းအဝယ်ကလေးက သွက်နေတာနဲ့ ပြတ်နေတာလဲ ကြာပြီဘုရာ့၊ ဒါကလေးတော့ဖြင့် လွတ်သွားလို့ရှိယင် တပည့်တော်တို့ ခက်ထော့မယ်ဘုရာ့။ အဲဒါ ဘာမှ မခက်ဘူး.... ( မှန်ပါ့ ) အဲဒါ စီးပွားမရရှိဘဲ....(မှန်ပါ့)။

သုန်းကြီးပြောတာ မလုပ်မိလို့ရှိယင်ဖြင့် အပါယ် အမွေခံရပါလိမ့်မယ်....(မှန်ပါ့) သဘောပါကြပလား.... ( ပါ-ပါပြီ ) ဘာအမွေခံရမှာတုံး....(အပါယ်အမွေခံရမှာပါဘုရား)။

အပါယ်အမွေခံရမယ်ဆိုတော့ အပါယ်ကို ဘာနဲ့ ဆပ်မတုံး-ဆိုတဲ့ မေးခွန်း ပေါ်လာတယ်....(မှန်ပါ့) ဘာနဲ့မှဆပ်လို့မရ ဘူး ခန္ဓာနဲ့ ဆပ်မှရတယ်....(မှန်ပါ့)။

ကိုင်း....တကာတကာမတို့ ဘာနဲ့ ဆပ်ကြမလဲ.... ( ခန္ဓာနဲ့ ဆပ်ရမှာပါ ) ခံနိုင်ကြပါ့မလား....(မခံနိုင်ပါဘုရား)။

ဒီတခါ ဒီကံ့ဇလေး ခန္ဓာနဲ့ အဆပ်ခိုင်းလိုက်တယ်။ ပဋ္ဌမဒယ်အိုး။ နောက်တခါ ပဋ္ဌမ ဒယ်အိုးက နှစ်စေ့သွားတော့ ဒုတိယ ကံ့ကနေပြီးတော့ ဒုတိယ ဒယ်အိုးထဲမှာ ထည့်ပေးတယ်- (မှန်ပါ့) ဘာ ခန္ဓာနဲ့ ဆပ်နေရသတုံး.... (အပါယ်ခန္ဓာနဲ့ ဆပ်ရပါတယ်) မိမိခန္ဓာနဲ့ ဆပ်နေရတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာနဲ့ ဆပ်ရသတုံး....(မိမိခန္ဓာနဲ့ ဆပ်ရပါတယ်ဘုရား) ဩော်....ပိုက်ဆံပေးလို့ရသလား .... ( မရပါဘုရား ) ဆွေမျိုး-ဉာတကာ အစားထိုးလို့ရမလား.... (မရပါဘုရား) ဘာနဲ့ ဆပ်ရမတုံး....(ခန္ဓာနဲ့ ဆပ်ရပါမယ်ဘုရား)။

ခန္ဓာနဲ့ ဆပ်ရမယ် ဆိုတော့ တကာတကာမတို့ ဆားမှ မြီးရဲပါ့ မလား....(မမြီးရဲပါ) ငရဲမီးဆိုတာ တကာတကာမတို့ .... ဒီကျောင်းလောက် ရှိတဲ့ စိုပေ့-ဆိုတဲ့ သဖန်းသား အစည်းတွေကို ပုံပါ။ ငရဲမီး ပိုးစိမ်းဖြူလောက် ဒီထဲကျလို့ရှိယင် တကာတကာမတို့ ဒီတပုံကြီးဟာ ဟုန်းကနဲဆိုပြီး အကုန် မီးလောင် အကုန်ပြာကျတယ်....( မှန်ပါ့ ) ကျသည်နဲ့ တပြိုင်နက်တည်း ပြာဖြစ်တာဘဲ .. (မှန်ပါ့)။

ဒဲဒါ ခန္ဓာနဲ့ ဆပ်ရမယ်-ဆိုတော့ ဆပ်နိုင်ကြပါ့မလား.... (မဆပ်နိုင်ပါဘုရား) ဒါဖြင့် ကြောက်ပါပေါ့-ဘုရား .... တပည့်တော်တို့ ဒီ ခန္ဓာ ဇာတ်သိမ်းပါတော့မယ်....(မှန်ပါ့)။

ဘာလုပ်ကြမယ်....( ခန္ဓာဇာတ်သိမ်းပါတော့မယ်ဘုရား ) နောက်က တကာတကာမတွေ ဘာလုပ်ကြမယ်.... ( ခန္ဓာဇာတ်သိမ်းပါတော့မယ်ဘုရား )။

သူများပြောလို့မပြောလိုက်ပါနဲ့ ကိုယ့်ခန္ဓာကြီးက နေ့တိုင်း ကျေးရင်းမွေးရင်းနဲ့ ကိုယ့်သန္တာန်မှာ ကျေးရင်းမွေးရင်းနဲ့(ဒုက္ခ ရောက်ပါတယ်ဘုရား) ဆင်ရင်းပြင်ရင်းနဲ့ (ဒုက္ခရောက်ပါတယ် ဘုရား) တားလို့ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့်- သူ့ရထားတဲ့အတွက်ဟာ တကာ့တကာမတို့ အလွန် ဆိုးတဲ့ ခန္ဓာငါးပါးဆိုတာပေါ်ပလား....(ပေါ်ပါပြီ) ကျေးရှင် မွေးရှင်ရယ်လို့ ငဲ့ပါရဲ့လား....(မငဲ့ပါဘုရား) ဘယ်အရောက် သွားသတုံး(အပါယ်လေးပါးအရောက်သွားပါတယ်ဘုရား)။

ဆင်တဲ့ပြင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ကော.... (မငဲ့ပါဘုရား) ဘယ် အရောက်သွားသတုံး (အပါယ်လေးပါးအရောက် သွားပါတယ် ဘုရား)ဒါဖြင့်-ဘုန်းကြီးတို့တကာ့တကာမတွေဘုန်းကြီး ပြောချင် တာက ခင်ဗျားတို့ ခန္ဓာကြီးဟာ သူသတ်ယောကျ်ား....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ခင်ဗျားတို့ ခန္ဓာကြီးဟာ (သူသတ်ယောကျ်ားပါ ဘုရာ ပထမဓါတ်က သတ်လိုက်တယ်ဆိုလို့ရှိယင်လဲ တောက်လျှောက် သေတာဘဲ....(မှန်ပါ) အာပေါဓါတ်က သတ်လိုက်တယ်ဆိုယင်လဲ ဆီးလွန်သေးလွန်ပြီး သေတာဘဲ....(မှန်ပါ) ဝါယောဓါတ်က သတ်လိုက်တယ်ဆိုလို့ရှိယင်လဲ ရောင်ဖေါပြီး ....(သေတာပါဘဲ ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်-ဝေဒနာတွေက သတ်လိုက်ပြန်ယင်ကော....(သေပါ တယ်ဘုရား) သညာတွေကအမှတ်မှားပြီး လန့်ဖြန့်ပြီး သေတာ ကော (ရှိပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဘာတရားလို့ဆိုကြမလဲ....(သူသတ်သမားပါဘုရား)။

ကြော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒါ့ရှင်သာရိပုတ္တာရာ ဟောတယ်လို့မှတ်လိုက်စမ်းပါ....(မှန်ပါ့)ခန္ဓာငါးပါးဘာတရား ပါလိမ့်... (သူသတ်သမားပါဘုရား)။

ကြော်....ဒါဖြင့် တကာတကာမတွေကမနက်ကျတော့ ကဗျာ ကရာ သုတ်သုတ်ကလေးထပြီး မျက်နှာကလေးသစ် ကျင်ကြီး ကျင်ငယ်ကလေးစွန့်ပြီးသကာလ ကဗျာကရာ အိမ်ထဲကဆန်ယူပြီး ချက်ကြပြုတ်ကြတယ်၊ ဘာလုပ်ကြဘို့တုံးလို့မေးလို့ရှိယင် ခန္ဓာ အခွန်ဆက်ဘို့ဘဲ....(မှန်ပါ့)။

ဘာလုပ်ဘို့ပါလိမ့်... (ခန္ဓာအခွန်ဆက်ဘို့ပါဘုရား) ရှင်းရှင်း ပြောပါ ခင်ဗျားတို့ ဘာလုပ်ကြတာတုံး....(ခန္ဓာအခွန် ဆက်ကြ တာပါဘုရား)။

ကြော်....ဒါဖြင့် သေမင်းအခွန်ဆက်တယ်.... (မှန်ပါ့) ခန္ဓာ ငါးပါးက သူသတ်ယောကျ်ားကိုး....(မှန်ပါ့)ခန္ဓာငါးပါးက.... (သူသတ်ယောကျ်ားပါဘုရား)။

**အဲ**....မနက်မိုးလင်းတဲ့အခါ တာရှည်နေဘို့ကို ဟုတ်လား၊၊ ကာဖီကလေးယင်လဲတိုက်ကြတယ်၊ မုန့်ကလေးယင်လဲ ကျွေးကြ မွေးကြတယ်၊ ဟာ.. ဘာလုပ်ကြတာတုံး (အခွန်ဆက်တာပါ ဘုရား) ဘယ်သူ့အခွန် ဆက်တာတုံး.... (သေမင်း အခွန်ဆက် တာပါဘုရား)။

ခန္ဓာက တကာတကာမတို့ သေမင်းလားတဲ့၊ သေခြင်း လွတ် အောင် လုပ်တတ်တဲ့တရားလား... (သေမင်းပါဘုရား)ကြော်.... ခင်ဗျားတို့ ဝဋ်ကြီးလိုက်တာ သေမင်း အခွန် ဆက်နေတယ်.... (မှန်ပါ့) တကာတကာမတို့ ဘာအခွန်ဆက်ပါလိမ့်.... (သေမင်း

အခွန်ဆက်ပါတယ်ဘုရား) ဘယ်လောက်ကြာခဲ့ကြပလဲ....(မရေတွက်နိုင်ပါဘုရား) ဘဝပေါင်းများစွာကဘဲ....(မှန်ပါ)။

ဒီတခါအခွန်မဆက်ပါနဲ့။ သူ့ကို မင်းခိုင်းကျွေးရုံတွင် ကျွေးမယ်ကွ။ မင်းလွတ်ရာသွားမယ်ကွ။ မင်းသတ်ခဲ့လို့သေရတာတွေများလှပြီ။ နတ်ပြည်မှာ တကာတကာမတို့ သူပုန်လဲ မရှိဘူး....(သဘောကျပလား) မင်းစိုးလဲထားပါတော့။ သတ်နိုင်တဲ့မင်းလဲ မရှိပါဘူး အလိုလိုသေကြတယ်....(မှန်ပါ့) ဘယ်သူက သတ်တာတုံး....(ခန္ဓာကသတ်တာပါဘုရား) ခန္ဓာကသတ်တာ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဘယ်သူက သတ်ပါလိမ့်....(ခန္ဓာက သတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လူ့ဘဝ ဆုတောင်းတာဟာ သူသတ်ယောကျ်ားနဲ့ မခွဲမခွါနေရပါလို၏....(မှန်ပါ့)နတ်ဘဝဆုတောင်းတာကော....(သူသတ်ယောကျ်ားနဲ့မခွဲမခွါနေရပါလို၏) ရှုံးလိုက်တာများ....(မှန်ပါ့)။

တကာတကာမတို့နည်းနည်းရှုံးတာလားသွက်သွက်ခါအောင်ရှုံးတာလား .. (သွက်သွက်ခါအောင်ရှုံးတာပါဘုရား)။

အံမာလေး....ဖြစ်မှဖြစ်ရပလေ။ သွက်သွက်ခါအောင်တော့ မကောင်းတော့ဘူး....(မှန်ပါ)ရွာထဲမြို့ထဲ သုံးဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား) ကဲ....ခင်ဗျားတို့ရှုံးနေတာ အခုဒီမှာ တရားနာလို့သာ သိတာ။ နို့မဟုတ်ယင် သွက် သွက် ခါပြီ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

နာကြသလားဗျ.... (မနာပါဘုရား) အင်း....နာချင်လဲနာ ရှုံးတာက ဒီထက်ပိုတယ်အောက်မေ့.... (မှန်ပါ့) နာချင်လဲနာ

ရှူးတာက....(ဒီ့ထက်ပိုပါတယ်ဘုရား) ဒီ့ထက်ပိုတယ် အောက်မေ့ပါ....(မှန်ပါ့)။

ကျုပ်တို့ကတော့ဖြင့် ဆရာဝန်ကို ဘယ်လောက်ပေးရပေးရ ဒီခန္ဓာကျန်းမာဖို့ကိုကြိုက်ပါတယ်၊အသက်နဲ့လဲရလဲရ။ရှိတဲ့ပစ္စည်းတွေထဲက ပုံတိုက်ပေးရပေးရ။အဲ့မှာ....တရားဆိုင် တယ်ရဲပါလား ပြီးတော့ လွတ်ကဲ့လား....(မလွတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဘာတရားလို့ဆိုမလဲ....(သူသတ်ယောကျ်ားပါဘုရား)။

အဲဒါ ခင်ဗျားတို့ကို ရှင်းပြပါမယ်။ ဒါ....ရှင်သာရိပုတ္တရာ ဟောတာ....(မှန်ပါ့) ဒီခန္ဓာငါးပါး လာသရှိဟာဖြင့် သူသတ်ယောကျ်ားလက်ထဲမှာ ခေါင်းစင်းပြီးသေပွဲဝင်ဘို့ဆိုတာဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)။

ကိုင်း....ခင်ဗျားတို့ လောကီဥပမာနဲ့ ဘုန်းကြီးရှင်းပြပါမယ် လောကီဥပမာနဲ့ ရှင်းပြပါမယ်၊သေသေချာချာနားထောင်ပါ....(မှန်ပါ့) ငန်းတော်ကြားမြွေဆိုတာ တကာကြွယ်တို့ ကြားဘူးတယ်....(မှန်ပါ့) တကာတကာမတို့ ငန်းတော်ကြား မြွေဆိုတာ ကြားဘူးသလား.... (ကြားဘူးပါတယ်) အဲဒါ မြွေမင်းတဲ့....(မှန်ပါ့)ဘာပါလိမ့်... (မြွေမင်းပါဘုရား)။

မြွေမင်းဟာတကာတကာမတို့ သူကပါးစပ်ကလေးဟနေတယ် ဘေးက သူ့ထက် တန်ခိုးနိမ့်တဲ့ မြွေကလေးတွေက အစာရှာပြီး သကာလ ပါးစပ်ထဲသွင်းရတယ်....(မှန်ပါ့)။

ခိုင်းနေလိုက်တာ တော်တော်ကြာ ကြွက်ကလေး ရှာသွင်းရ အိမ်မျှောင်ကလေး ရှာသွင်းရ၊မရှာနိုင်တဲ့ အဆုံးကျတော့ ဒီမြွေ

ကလေးပါ ပါးစပ်ထဲ ဝင်လိုက်ရတယ်....(မှန်ပါ့) ဘယ်လောက် ဆိုးသတုံး....(ဆိုးပါတယ်ဘုရား)။

ရှာသွင်းနိုင်ယင် ရှာသွင်း၊ ရှာမသွင်းနိုင်တော့ ဘာလုပ်ရ သလဲ....(ကိုယ့်ကိုယ်တိုင်ဝင်ရပါတယ်ဘုရား)ကိုယ့်ခန္ဓာရဲ့ အခွန် ဆက်လိုက်တယ်....(မှန်ပါ့)

ဒီမှာလဲ ခင်ဗျားတို့ တိုက်နဲ့နေတယ်။ တာနဲ့နေတယ်၊ ထော ပတ်ထမင်း ဒန်ပေါက်ထမင်းနဲ့ ရှာကျွေးနေရတာ.... (မှန်ပါ့) မြွေငယ်ကလေးက ရှာပေးနေရတာ....(မှန်ပါ့)ပုဂ္ဂိုလ်က ရှာသွင်း နေတာ....(မှန်ပါ့)။

နောက်ဆုံးပိတ် မသွင်းနိုင်တဲ့တနေ့ကျလို့ရှိယင်ဖြင့် သူကဘဲ ခင်ဗျားတို့ သတ်တော့မယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့အိမ်မှာ အန္တရာယ်ရှင်းလို့ ဘေးကင်းပါ ရဲ့လား.... (မကင်းပါဘုရား)။ ဘာတွေရှိသလဲ.... (သူသတ် ယောကျ်ားတွေရှိပါတယ်ဘုရား)။

ငါးယောက်ရှိတယ်နော်.... ဒီအိမ်မှာ သူသတ် ယောကျ်ား ငါးယောက်ရှိပါတယ်.... (မှန်ပါ့) တယောက် တယောက်မှာ သူသတ်ယောကျ်ားငါးခုငါးခုရှိပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ပြုကျိုး စုကျိုးကော နပ်ပါရဲ့လား.... (မနပ်ပါဘုရား)။ ပြင်ကျိုး ဆင်ကျိုးကော.... (မနပ်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ကျွန်ခံရပါလိမ့် မတုံးလို့ မေးဘို့ မလိုဘူးလား (လိုပါတယ်ဘုရား)။

ကြော်...သူနဲ့နေရတာ တပည့်တော်တို့ အင်မတန်ကြက်သရေ ရှိတယ်ထင်တဲ့ အမှားကြောင့်ဘုရား....(မှန်ပါ)။

ဘယ့်နှယ်ကြောင့်ပါလိမ့်....(ကြက်သရေရှိတယ်ထင်တဲ့အမှား ကြောင့်ပါဘုရား)။ ကြက်သရေရှိတယ်လို့ မှားနေတဲ့ သညာ များတွေ စိတ်မှားတွေကြောင့်ဖြစ်ရတာ.... (မှန်ပါ) သဘောပါ ပလား....(ပါပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်အိမ်မှာ မသာရှိတယ်လို့ဆိုတော့ မကောင်းရာ မကောင်းကြောင်း သွားမေးကြတယ်။ အသုဘ မပို့ခင် မေးကြ မြန်းကြတယ်။ ဘာဝေဒနာတုံး သွားမေးတယ် _ (မှန်ပါ) ဘာ မေးကြတာတုံး....(ဝေဒနာမေးတာပါဘုရား)။

ဘာဝေဒနာတုံးမေးတော့ ခင်ဗျားတို့က ပေးတဲ့ဝေဒနာလား သူ့အထဲကပါတဲ့ဝေဒနာလား....(သူ့အထဲကပါတဲ့ ဝေဒနာပါ ဘုရား)။ ဒါတောင်မရိပ်မိသေးဘူး... (မှန်ပါ) ကြော်....ဆရာ ကောင်းနဲ့မတွေ့ရှာလို့ဖြစ်နေတာ.... (မှန်ပါ) မေးမိသလား မမေးမိသလား ခင်ဗျားတို့က....(မေးမိပါတယ်ဘုရား)။ဘယ်လို ဆရာကောင်းကောင်း ဆရာဝန်ကိုဘဲ ဒီမသာဖြစ်ရသေးတာဘဲ.... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဆရာဝန်ကိုယ်တိုင်က ဘာတုံး....(မသာဖြစ်ရပါတယ်ဘုရား) မသာဖြစ်ရတာ ထောက်လိုက်လို့ရှိယင်ဖြင့် ဆေးကောင်း ဝါး ကောင်းနဲ့ ဆရာကောင်းနဲ့ မတွေ့ရှာလို့ဆိုတာလွဲတယ်... (လွဲပါ တယ်ဘုရား)။မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီအထဲမှာ အန္တရာယ်ကင်းလို့ ဘေးရှင်းမည့်ပုဂ္ဂိုလ် ပြောစမ်း.... (မပါပါဘုရား)။

ခန္ဓာငါးပါးဟာ ဘာပါလိမ့်... (သူသတ် ယောကျ်ားပါဘုရား)။ နေ့တိုင်း ကျွေးမွေးနေရတာ ဘာတုံး.... (အခွန်ဆက်ရတာပါဘုရား)။ မဆက်နိုင်တဲ့ တနေ့ကျတော့ သေပွဲ ဝင်လိုက်တယ်....(မှန်ပါ)။

မဆက်နိုင်တဲ့ တနေ့ကျတော့.... (သေပွဲ ဝင်လိုက်ရပါတယ်ဘုရား)။ သေပွဲဝင်ရတယ်ဆိုတော့ ဒါဖြင့် ရှင်တုံး ဒုက္ခပေး.... (မှန်ပါ) ရှင်တဲ့အခါတော့....(ဒုက္ခပေးပါတယ်ဘုရား)။

ကဲ....မဆက်နိုင်တော့။ ဟော့.... ဆက်ပင် ဆက်ငြားသော်လဲ မရတော့ဘူး။ မင်းကိုဘဲသတ်ရလိမ့်မယ်ဆိုတော့ တကာ တကာမတွေက ငြင်းနိုင်သေးရဲ့လား.... (မငြင်းနိုင်ပါဘုရား)။ ခုနင်က မြွေကြီးနဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။ အဲဒါ အင်မတန်ဥာဏ်နားကြီးကြီးနဲ့ ထောင်မှ ဒီအခိပ္ပါယ်ပေါ်တယ် .. (မှန်ပါ) တကာကြွယ်ရေ နေရာကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးများ ဆုတောင်းယူတဲ့ပုဂ္ဂိုလ် ဘာတွေရပါလိမ့်ဆိုယင် ဘယ့်နှယ်ဆိုကြမယ်.... (သူသတ် ယောကျ်ားနဲ့တွေ့ရပါမယ်ဘုရား)။

တကာတကာမတွေ ပေါ်ကြပလာ ....(ပေါ်ပါပြီ)။ ခန္ဓာငါးပါးဆုတောင်းယူတဲ့ပုဂ္ဂိုလ်များ ဘာတွေ့ရပါလိမ့်....(သူသတ်ယောကျ်ားတွေ့ရပါတယ်ဘုရား)။

သူသတ်ယောကျ်ားတွေ့ရပါလို့၏။ ရှင်းပလား....(ရှင်းပါပြီ) သူ့ကျွန်ခံရပါလို့၏ကော ပါ-မပါ.... (ပါဝါတယ် ဘုရား)။

နောက်ဆုံးပိတ် သူသတ်လို့ သေရပါလို၏ကော.... (ပါပါတယ်ဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒီလိုနည်းမှန်လမ်းမှန်တဲ့ ဆရာကောင်း သမားကောင်းနဲ့ ပြောမည့် ဆိုမည့် လူမရှိလို့ ရှိယင်ဖြင့် နောက်ဘဝချောချောလှလှဖြစ်ရတယ်....(မှန်ပါ့) သူဌေးသူကြွယ် (ဖြစ်ရပါတယ်ဘုရား)။ စကြာဝတေး မန္ဓာတ် (ဖြစ်ရပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့က မသာကြီးရယင် သိပ်ကြိုက်တယ်.... (မှန်ပါ့) ဘာကြိုက်နေသလဲ.... (မသာကြီး ကြိုက်နေပါတယ်ဘုရား)။ တော်တော်အရုပ်ဆိုးတဲ့ တကာ တကာမတွေ....(မှန်ပါ့ဘုရား)။ မဖီးမလိမ်းလို့ ဆိုးတာမဟုတ်ဘူး ခင်ဗျားတို့ဉာဏ်ထဲမှာ အဝိဇ္ဇာ အမဲကွက်ကြီးကြောင့် ဒီဆုတောင်းတာ....(မှန်ပါ့)

အဝိဇ္ဇာအမဲကွက်ကြီးကြောင့် (ဒီဆုတောင်းတာပါ ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) အဲဒါ သက်ကြီး အိုမှတွေနဲ့ တကွအလုံးစုံအကုန် ဒီ ဒုက္ခဝဋ်မှ ကျွတ်ချင်တဲ့ဉာဏ်သာလျှင် ပဓာနထားပြီး လုပ်စမ်းပါ.. (မှန်ပါဘုရား)။ ခန္ဓာဝန်ကိုဖြင့် နောက်ဆက်တွဲ မလွဲပါနဲ့တော့....(မှန်ပါ့)။

အခုဘဝလဲ သူသတ်လို့သေရမှာဘဲ....(မှန်ပါ့) နောက်ဘဝကျတော့ကော....(သူသတ်လို့သေရမှာပါဘဲဘုရား)။ မသတ်ခင်ဘာလုပ်ခိုင်းသလဲ....(အခွန်ဆက်ခိုင်းပါတယ်ဘုရား)။ ခိုင်းလို့မှ မဖြစ်တဲ့ တနေ့ကျတော့....(သူသတ်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါး ဘာတရားလို့ ဆိုကြမလဲ....(သူသတ်ယောကျ်ားပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ခြေဘဲ...ဒို့ ယောကျ်ားကလေး ဖြစ်လာတာ ဝမ်းသာသေးတယ်။ တချို့ကလဲ ကျုပ်က မိန်းကလေး ဖြစ်လာတာ ဝမ်းသာသေးတယ်။ အမေမိဘ ဆေးပေးမီးယူ လျောက်ပတ်တယ်....(မှန်ပါ)။

အံမာလေး .... တကာတကာမတွေ သတ်မလို့ လာတဲ့လူကို ခန္ဓာငါးပါးလာတာ ခင်ဗျားတို့က ဝမ်းများ သာနေလိုက်သေးတယ်။ အတော်ထူတယ်....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်.... (အတော်ထူပါတယ်ဘုရား) နောက်က တကာတကာမတွေ ဘယ်လိုစိတ်ကူးရှိပါလိမ့်.... (အတော်ထူပါတယ်ဘုရား)။

အဲဒီ ထူတာ ယနေ့ မပါးယင် သွားမယ်.... (မှန်ပါ) ယနေ့ မပါးယင်....(သွားပါလိမ့်မယ်ဘုရား) သွားပြီဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီ ခန္ဓာငါးပါးသည် တကာတကာမတို့ စိန်တွေကြားမှာ ရွှေတွေကြားမှာ ရွှေဒင်္ဂါးတွေကြားမှာ ပရိသတ်တွေ ကြားမှာ သေနေတာတွေ တွေ့ပါလိမ့်မယ်....(မှန်ပါ)။

ဒါဟာ စားစရာမရှိလို့ သေတာလား။ ခန္ဓာသတ်လို့လား- ( ခန္ဓာသတ်လို့ပါဘုရား ) ဝတ်စရာ မရှိလို့ သေတာလား.... (ခန္ဓာသတ်လို့သေတာပါ) ဆေးသမား ဝါးသမား မခေါ်နိုင်လို့ သေတာလား....(ခန္ဓာသတ်လို့သေတာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီ ခန္ဓာကြီးဟာ ခင်ဗျားတို့အတွက်မှာဖြင့် တဏှာသတ်တရားလို့ ခေါ်တယ်... ( မှန်ပါ ) ဘယ်လို မှတ်ကြမယ်....( တဏှာသတ်တရားပါဘုရား ) တဏှာသတ်တရားဆိုတာ ဒီခန္ဓာ မခင်ဘို့ ပြောနေတာ....(မှန်ပါ)။

ဒီ ခန္ဓာခင်ဆိုလိုတဲ့ အခါကျမှလို့ ရှိယင်ဖြင့် ဝေဒနာခင်လိုက် တယ်ဆိုယင်လဲ ခန္ဓာခင်ထားဘဲ .... ( မှန်ပါ ) ဝေဒနာပစ္စယာ တဏှာ ဝေဒနာကို တဏှာကခင်တာ(မှန်ပါ)ထဏှာကို ဥပါဒါန် က စွဲလမ်းတယ် .... ( မှန်ပါ ) ဥပါဒါန်နဲ့ စွဲလမ်းတော့ ကံနဲ့ အားထုတ်တယ်-(မှန်ပါ)ခလုတ်မထိဆူးမငြိပါစေနဲ့ ဆိုပြီးတော့ ကာယကံ ဝစီကံနဲ့ အားမထုတ်ကြဘူးလား.... ( အားထုတ်ပါ တယ်ဘုရား)။

အဲဒီတော့ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)တကာတကာ မတို့ အားထုတ်ကျိုး နပ်ပါရဲ့လား....(မနပ်ပါဘုရား) သေသည် ၏ အခြားမဲ့၌ ဇာတိခန္ဓာကြီး မရလား....( ရပါတယ်ဘုရား ) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ပြောဘ်....ဒီတ ရား ဘယ်နှယ်ကြောင့် ဒီတကာတကာမတွေ ဆရာဘုန်းကြီး ဟောဖြစ်ပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့ ရှေးက ခန္ဓာငါးပါး သူ့သတ်ယောကျ်ားလို့ မသိဘူး....(မသိပါဘုရား)။

မသိတော့ ခင်ဗျားတို့ကလဲ ကိုယ့်ကိုယ်ကို ကိုယ်ပြုမှ ကိုယ်နှ မှာတဲ့ (မှန်ပါ) အဲမှာ ကိုယ်စိတ်ပေါက်သာတယ်....( မှန်ပါး) ဘာတဲ့တုံး....( ကိုယ်စိတ်ပေါက်ပါတယ် ) ကိုယ့်ကိုယ် ကိုယ်ပြုမှ ကိုယ်နှုမှာ....တဲ့....(မှန်ပါ)။

ဟာ ဦးလှဘူးတို့ .... ပဆိုးတောင်ရှည်ကြီးတွေနဲ့ ခေါင်း ပေါင်းကြီးတွေနဲ့ မောင့်ကြက်သရေတွေနဲ့ မဆိုးဝါးဘူးလား- (ဆိုးဝါးပါတယ်ဘုရား)။

ကိုယ့်ကိုယ် ကိုယ်ပြုမှ ကိုယ်နတာ ဟုတ်ပါရဲ့လား....(မဟုတ် ပါဘုရား)။

အဲဒါသည် ကျွန်ခံတာလို့ မှတ်လိုက်စမ်းပါ... ( မှန်ပါ့ ) နောက်ကျတော့ ဒီခေါင်းပေါင်းကြီးနဲ့ဘဲ သေပွဲဝင်ရတယ်.... (မှန်ပါ့) ဒီဘန်ကောက် လုံချည်ကြီးနဲ့ကော ... (သေပွဲဝင်ရပါတယ်ဘုရား) ဘယ်သူသတ်လိုက်ပါလိမ့်....(ခန္ဓာက သတ်ပါတယ်ဘုရား)။

ဆရာညံ့တာလား၊ ခန္ဓာက သတ်တာလား.... (ခန္ဓာက သတ်တာပါဘုရား) တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ခန္ဓာငါးပါးဟာ သူသတ်ယောကျ်ား၊ သူသတ်ယောကျ်ားလို့ သူ့ကို ဖြစ်ပျက်ရှုပေး....(မှန်ပါ့)။

ဝေဒနာလာလဲ ဝေဒနာက္ခန္ဓာကိုး....(မှန်ပါ့) သူ့ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှု။

တဏှာလာသဲ သင်္ခါရက္ခန္ဓာဘဲ....(မှန်ပါ့) သူ့ကို ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်) ဉပါဒါန်လာလဲ၊ သင်္ခါရက္ခန္ဓာဘဲ။ သူ့ကို ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရမယ်) ကံလာလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်သာ ရှုလိုက်လို့ရှိယင် တကာတကာမတို့ မဂ်က အကုန်တားလိုက်တယ်....( မှန်ပါ့ ) နောက် ပဋိသန္ဓေတွေ လာသေးရဲ့လား (မလာပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သေပွဲမှ လွတ်တဲ့ တရားဘဲ....(မှန်ပါ့) မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ အပြောသာ ပြောနေကြတာ ဒီဟာတွေ ဖြစ်ပျက်သာ မရှုယင် ဒီခန္ဓာလာမှာဘဲ.... (မှန်ပါ့) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

လာယင် ဒီ ခန္ဓာငါးပါးဟာ ဘာ့တရားတဲ့တုံး....(သူသတ်ယောကျ်ားပါဘုရား)။

သူသတ်ယောကျ်ားဆိုတာ တကာတကာမတွေ မရှုတဲ့ပုဂ္ဂိုလ်မှာ သူသတ်ယောကျ်ားခေါ်တယ်....(မှန်ပါ) ရှုတဲ့ပုဂ္ဂိုလ်မှာဖြင့် (သူသတ်ယောကျ်ား မခေါ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းလို့ လွတ်မှာလား။ ရှုယူမှ ပြွတ်မှာလား....(ရှုယူမှ ပြွတ်မှာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီနေ့ တရားမှာဖြင့် တကာကြွယ် သေပျော်ပြီ....(သေပျော်ပါပြီဘုရား) သေပျော်ပြီ တကာတကာမတို့....( မှန်ပါ ) လာသေးလား.... ငါးချက်....( မလာပါဘုရား )။

ဒါဖြင့် ဝိပဿနာ မရှုဖြစ်တဲ့ နေ့မှာ ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်သူက မဖြစ်အောင် လုပ်ပါလိမ့်မလဲလို့ မေးဘို့ မလိုဘူးလား .. ( လိုပါတယ် ) တဏှာက ရှင်းပလား....(ရှင်းပါပြီ)။

ဝိပဿနာ မရှုဖြစ်အောင် လုပ်တာ.... (တဏှာကပါဘုရား) တဏှာက....၊ တကာတကာမတို့ တဏှာက မင့်သားကိစ္စ မပြီးသေးဘူး .. (မှန်ပါ) မင့်သမီး ကိစ္စ.... (မပြီးသေးပါ) မင့်ရစရာ ကလေး ကိစ္စ....(မပြီးသေးပါဘုရား)။

ဩော်....သေပွဲတွန်းတဲ့ တရား ခင်ဗျားတို့က လိုက်နာပြီး နေတာ ကျွန်တော်မျိုး ပြီသလွန်းလို့.... (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ ... (ကျွန်တော်မျိုးပြီလွန်းလို့ပါဘုရား) ကျွန်တော်မျိုးပြီလွန်းလို့-လို့ ဦးလှဘူး ဆိုထိုက် - မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ စေတနာ သုံးတန်ပြည့်ဘန်းပြီးသကာလ ခန္ဓာကို ဘယ်တော့မှ မလိုချင်ပါနဲ့ (မှန်ပါ့) ခန္ဓာ ဘာ့သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သူမလာ လို့ရှိယင် သူ့နေရာမှာ ဘယ်သူအစားထိုးမလဲဆိုတာမှတ်တော့မှ သုခသစ္စာ အစားထိုးမယ်....(မှန်ပါ့)။

ခန္ဓာက ဘာသစ္စာ....(ဒုက္ခသစ္စာပါ) မဂ်နဲ့ ဖြတ်လိုက်တော့ ခန္ဓာလာသေးရဲ့လား....(မလာပါ) မလာတော့ ဒီနေရာ ဘယ် သူ အစားထိုးမလဲ....(သုခသစ္စာအစားထိုးပါမယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာချုပ်၍ သုခသစ္စာသည် နိဗ္ဗာန်.... (မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်သည် မဂ်နဲ့ဖြတ်မှ နိဗ္ဗာန်ပေါ်တယ်....( မှန်ပါ့ ) မဂ်နဲ့ မဖြတ်ယင်....(နိဗ္ဗာန်မပေါ်ပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်သွားနည်း နိဿယည်းမှာဖြင့် မဂ္ဂင်ငါးပါး၊ မဂ္ဂင်ရှစ်ပါးမှတပါး အားလုံး တကာတကာမတွေ မှတ်လိုက်ပါ တော့ လမ်းမရှိ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

နိဗ္ဗာန်သွားချင်ယင်ငါးပါးကိုရှစ်ပါးဖြစ်အောင် အားဘုတ်မှ (နိဗ္ဗာန်သွားပါတယ်) ငါးပါးကို ရှစ်ပါး မလုပ်တော့ပါဘူး .. ဆိုယင်ဖြင့် (လမ်းမရှိပါ) နိဗ္ဗာန်လမ်းကို တွေ့သေးရဲ့လား.... (မတွေ့ပါဘုရား)။

နိဗ္ဗာန်လမ်း မတွေ့လို့ရှိယင်ဖြင့် တကာတကာမတို့ အပါယ် လေးပါးလမ်းရယ်၊ သုဂတိလမ်းရယ် ဒါဘဲတွေ့မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း ...ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါး တရား သူ့သတ်ယောကျ်ားဆိုတာဖြင့် သေသေချာချာပေါ်ပြီ....(ပေါ်ပါပြီဘုရား )။

ဒါဖြင့် ဒီကရှေ့မှာ တရားတွေလဲ ရင့်တဲ့ ပုဂ္ဂိုလ်လဲ ရင့်ကုန်ပြီ....(မှန်ပါ့) နုတဲ့ ပုဂ္ဂိုလ်လဲ နုသေးတယ်....( မှန်ပါ့ ) ဒီနေ့ တရားကို ဘာ့သတ်တဲ့ဟာရား ခေါ်မလဲ....(တဏှာသတ်ပါတယ်ဘုရား ) တဏှာသတ်တဲ့တရား။ ဒိဋ္ဌိမသတ်တော့ဘူး....(မှန်လှပါဘုရား)။

ဘာ့သတ်တဲ့ တရားတုံး.... (တဏှာသတ်တဲ့ တရားပါဘုရား) တဏှာသတ်တဲ့တရားဆိုတာ ခန္ဓာကိုယ်ခင်တာက ဘာပါလိမ့်....(တဏှာပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ခင်တာက တဏှာဆိုတော့ ဒီ ခန္ဓာကို ဖြစ်ပျက်ရှုလိုက်လို့ ရှိယင် ခန္ဓာဇာတ်သိမ်းသွားတယ်....( မှန်ပါ့ ) ခင်တာ ဘယ့်နှယ်တုံး....(သေပါတယ်) ဒါဖြင့် ဘာ့ သတ်လိုက်ပါလိမ့်....(တဏှာသတ်ပါတယ်ဘုရား)။

အဲ.. အထက်မဂ် လိုချင်ယင် တဏှာသတ်....(မှန်ပါ့)သဘောကျပလား....( ကျပါပြီ ) အောက်မဂ်လိုချင်ယင် ဒိဋ္ဌိသတ်....(မှန်ပါ့) အောက်မဂ်လိုချင်ယင်....(ဒိဋ္ဌိသတ်ရပါမယ်) အထက်မဂ်လိုချင်ယင်....(တဏှာသတ်ရပါမယ်ဘုရား)။

ဒီနေ့ ဘာ့တရားဟောနေသတုံး....(တဏှာသတ်တရား ဟောနေပါတယ်) တဏှာသတ်တရား ဟောတယ်ဆိုတာ တကာတကာမတွေ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်လိုရှုရမှာတုံး မေးတဲ့အခါကျတော့မှ ဝေဒနာကလေး ပေါ်လာလဲ သူ့သတ် ယောကျ်ားဘဲ....(မှန်ပါ့)။

ဝေဒနာကလေး ပေါ်လာလဲ....(သူ့သတ်ယောကျ်ားပါ)စိတ် ကလေးပေါ်လဲ ...(သူ့သတ်ယောကျ်ားပါ) ရုပ်ကလေးပေါ်လဲ ... (သူ့သတ်ယောကျ်ားပါဘုရား)။

သူ့သတ်ယောကျ်ား....သူ့သတ်ယောကျ်ား၊ ' ဝဓကတော.... ဝဓကတော ' နဲ့ ရှု....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဘယ် လို ရှုရမှာတုံး....(ဝဓကတောလို့ ရှုရပါမယ်ဘုရား)။

' ဝဓကတော....ဝဓကတော ' ဝဓကတောဆိုတာ သူ့သတ် ယောကျ်ားအားဖြင့်ရင်း၊သတ်တတ်သော အဓိပ္ပါယ်အားဖြင့်ရင်း ဒီလိုချည့် ရှုပေးစမ်းပါ.... (မှန်ပါ့)။

တကာကြွယ်တို့ဆိုယင် တော်တော်ကြာ ရှုရတော့မယ်.... (မှန်ပါ့) မရှုရပေဘူးလား....(ရှုရပါမယ်ဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ တဏှာသေမယ်....(မှန်လှ ပါဘုရား) တဏှာခင်သေးရဲ့လား.... (မခင်ပါဘုရား) သူ့သတ် ယောကျ်ားမှန်းသိတဲ့ ပုဂ္ဂိုလ် ခင်သေးရဲ့လား....(မခင်ပါ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဒိဋ္ဌိမနေ့က သတ်ပြီးလို့ ယနေ့တဏှာသတ်ကို ဟောတယ်....( မှန်ပါ့ ) ဘာ ဟောနေတာတုံး....(တဏှာသတ်ဟောနေပါတယ်ဘုရား)။

တဏှာသတ်ဟောတယ်ဆိုတော့ တဏှာနဲ့ ဒိဋ္ဌိသည် တကာ တကာမတို့ ဗဟုသုတရှိအောင် နည်းနည်းကလေး မှတ်လိုက်စမ်း

ပါ။ ဒိဋ္ဌိက မယက်ဘူး။ တဏှာက ထက်တယ်....(မှန်ပါ) ဒိဋ္ဌိက (မထက်ပါဘုရား) တဏှာက....(ထက်ပါတယ်) ရှင်းပလား.... (ရှင်းပါပြီ)။

ဒိဋ္ဌိက အောက်မဂ်က ပယ်တယ်။ သောတာပတ္တိမဂ်က.... (မှန်ပါ) အကြွင်းအကျန် မရှိပယ်ပါတယ်(မှန်ပါ) သဘောကျပလား.... ( ကျပါတယ် ) ဒါ့ကြောင့် အပါယ်လေးပါးရောက်ဖေသးရဲ့လား... (မရောက်ပါဘုရား)။

အဲဒီတော့ အပါယ်လေးပါးအတွက်တော့ ဒိဋ္ဌိဖြုတ်လိုက်ယင်ပြုတ်တာဘဲ....(မှန်ပါ) ရှင်းပလား....( ရှင်းပါပြီ ) သုဂတိဒုက္ခတွေ ကျန်မနေဘူးလား....(ကျန်နေပါတယ်ဘုရား)။

အဲဒါကတော့ဖြင့် တကာတကာမတို့ တဏှာမသတ်ယင် ရကိုမရဘူး....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ) ဘာလုပ်ရမတုံး ( တဏှာသတ်ရပါမယ် ) တဏှာသတ်ရမယ်ဆိုတာ သေချာပလား...(သေချာပါပြီ)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးကို ဒါ သူသတ်ယောကျ်ားပါလား.... ဒါ သူသတ်ယောကျ်ားပါလား .... ဒါ သူသတ်ယောကျ်ားပါလားလို့ ဝေဒနာပေါ်လဲရှု....(မှန်ပါ) စိတ်ပေါ်လဲ.... (ရှုရမှာပါဘုရား) ရုပ်ပေါ်ယင်ကော...( ရှုရမှာပါ ) အကုန်ရှုစမ်းပါ-ဆိုတာကို ဘုန်းကြီးတိုက်တွန်းပါတယ်....(မှန်ပါ)။

တိုက်တွန်းလိုက်တော့ကို သူသတ်ယောကျ်ားက ဒုက္ခသစ္စာ။ ရှုတာက....( မဂ္ဂသစ္စာပါ ) ပြတ်တာက....( သံသရာပါ ) ဖြစ်ပျက်က ဘာ့သစ္စာတုံး....(ဒုက္ခသစ္စာပါ)။

အေး....သူသတ်ယောကျ်ားက ဒုက္ခသစ္စာ။ ရှုတာက.... (မဂ္ဂသစ္စာပါဘုရား) ပြတ်တာက သံသရာ ၁- ၂- ၃- အကုန်ပြတ်တယ်....(မှန်ပါ)။

သံသရာထဲ တဏှာ ဥပါဒါန် ကံတွေ ပါနေတယ်....(မှန်လှပါဘုရား) သံသရာမပြတ်ဘူးလား....( ပြတ်ပါတယ် ) သံသရာပြတ်လို့ ကိုယ်တိုင်ရမှာက နိရောဓသစ္စာ....(မှန်ပါ) သံသရာပြတ်လို့ ကိုယ်တိုင်ရမှာက....(နိရောဓသစ္စာပါ) ရှင်းပလား.... ( ရှင်းပါပြီဘုရား )။

ဩော်....တကာတကာမတွေ ဒီအသံကလေး ဆရာဘုန်းကြီးက ရှေ့ကသွား။ ခင်ဗျားတို့က နောက်ကလိုက်လာလို့ ရှိယင်ဖြင့်....တဲ့ ဒီ သစ္စာသိပြီးသွားတဲ့ ပုဂ္ဂိုလ်ဖြင့် သံသရာစခန်းသတ်ပြီ....(မှန်ပါ)။

ဘယ်လိုပါလိမ့်.... (သစ္စာသိပြီးသွားတဲ့ ပုဂ္ဂိုလ်ဖြင့် သံသရာစခန်းသတ်ပါပြီ) သံသရာစခန်းသတ်ပြီဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ သံသရာစခန်း သတ်ချင်လို့ရှိယင် ခန္ဓာကိုယ် ဘယ်လို ရှုကြမယ်.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ .... တဏှာသတ်, ဒိဋ္ဌိသတ် ရှင်းပါတယ်....(ရှင်းပါတယ်) အပါယ်တံခါးပိတ်ချင်ယင်....(ဒိဋ္ဌိသတ်ရပါတယ်)အထက်သံသရာ မလည်ချင်ယင်....(တဏှာ သတ်ရပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အပါယ်တံခါးပိတ်ချင်ယင်.... (ဒိဋ္ဌိသတ်ရပါမယ်) အထက်သံသရာမလည်ချင်ယင်... (တဏှာသတ်ရပါမယ်)ပေါ်ပြီ--(ပေါ်ပါပြီ)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည်တဲ့....ဩော်.... ခန္ဓာကိုယ်ကြီး၏ပေါ်ရာကို တကာတကာမတို့သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် စားချင်တဲ့စိတ် ပေါ်လဲ သူ့သတ်ယောကျ်ားဘဲ (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)အိပ်ချင်တဲ့စိတ်ပေါ်လဲ-(သူ့သတ်ယောကျ်ားပါဘုရား)။

ကောင်းပြီ....နာကျင်တဲ့စိတ်ပေါ်တယ်--(သူ့သတ်ယောကျ်ားပါ) ကောင်းတဲ့စိတ်ကလေး ပေါ်လဲ....(သူ့သတ်ယောကျ်ားပါ) ကောင်းတာ စားမိလို့ တက်သေသွားတာတွေ၊ တကာတကာမတို့ ဆို့ပြီး သေသွားတာတွေ....(သူ့သတ်ယောကျ်ားပါ ဘုရား) သဘောကျပလား .. (ကျပါပြီဘုရား)။

ကောင်းတာ စားမိတာနဲ့ အကောင်းလွန်ပြီး သေသွားတယ်ဆိုတော့ ဘယ်သူသတ်လိုက်ပါလိမ့်....(ဝေဒနာ သတ်ပါတယ်) အမှတ်မှားပြီး သတ်လိုက်ပြန်တယ်....( သညာသတ်ပါတယ် ) ကိုယ့်စိတ် ကိုယ်မနိုင်လို့ သေပွဲဝင်ရတယ် .... (ဝိညာဏ်သတ်ပါတယ်) ဝိညာဏက္ခန္ဓာသတ်တယ်၊ရှင်းပလား....(ရှင်းပါပြီဘုရား) ရောင်ဖေါ်ပြီး သေတာကတော့ ဘယ်သူ သတ်လိုက်ပါလိမ့် .... ရူပက္ခန္ဓာ၊ ရောင်ဖေါ်သေတာလေ....( မှန်ပါ့ )ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ .... ခင်ဗျားတို့ ကိုယ်ကိုလဲ စမ်းကြည့်ပါဦးလို့ .... မန္တလေးလဲ ဟောခဲ့တယ်....(မှန်ပါ့) တကာတကာမတို့ ခင်ဗျား

တို့ ကိုယ်ကိုလဲ စမ်းကြည့်ပါဦး၊ စမ်းကြည့်တော့ ဘယ့်နှယ်နေသလဲ ပူတယ်မဟုတ်လား....( မှန်ပါ့ ) အဲဒါ တေဇော....၊ ပူတာဘာခေါ်ကြမယ်....(တေဇောပါဘုရား)။

အင်း....ဘာလုပ်မလို့ပါလိမ့်မတုံး ဆိုတော့ သတ်မလို့ ရှယ်နေတာ....(မှန်ပါ့)ဘယ်လိုပါလိမ့်....(သတ်မလို့ ရှယ်နေတာပါဘုရား)။

နောက်ကျတော့ သူက သတ်လိုက်ပြီးတဲ့ အခါကျတော့ ....အေးဆင်းမသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲ.... သူ ချုပ်သွားတဲ့အခါ မင်း သေရစ်တော့ဆိုတာနဲ့ အတူတူမကျဘူးလား....(ကျပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ အတူတူနေရတာ ဘယ်သူနဲ့ နေရပါလိမ့်....(သူသတ်ယောကျ်ားနဲ့နေရပါတယ်) သေမင်းနဲ့ အတူတူနေရတယ်... (မှန်ပါ့)။

တကာတကာမတို့ ဘယ်သူနဲ့ အတူတူနေရသတုံး....(သေမင်းနဲ့ အတူတူနေရပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ခင်ဗျားတို့က ဘေးက-နေ ပရိတ်ချည်နဲ့ ကာတယ်၊ ပရိတ်ကြိုး ဆယ့်တသုတ်နဲ့ ဝိုင်းထားတယ်....(မှန်ပါ့)သေမင်းက ကြိုက်ပါတယ်၊ ငါ လုံလုံခြုံခြုံ သာတ်ရတယ်တဲ့(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)ဘာတဲ့တုံး....(ငါ လုံလုံခြုံခြုံ သတ်ရပါတယ်ဘုရား)။

လုံလုံခြုံခြုံ သတ်ရပြီတဲ့....၊ သူ မပြေးနိုင်တော့ဘူးတဲ့....၊ သူ့ကိုယ်သူ ပရိတ်နဲ့ ဝိုင်းထားတယ်....(မှန်ပါ့)။

ဒါကြောင့် တကာတကာမတို့ ပရိတ်ဟာ အပေါ်အန္တရာယ်သာ ကင်း၍ တကယ့်ခန္ဓာ့သေမင်း မလွတ်ကင်းပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ)။

ပရိတ်ဟာ တကာတကာမတို့ ခန္ဓာ ဘေးအန္တရာယ်သာ .... (ကင်းပါတယ်)အတွင်းအန္တရာယ်ကျတော့....(မကင်းပါ) ဒါဖြင့် အတွင်းနဲ့ အပြင် ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး .... (အတွင်းအန္တရာယ် ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် အန္တရာယ်ကင်း၍ ဘေးရှင်းချင်ယင် အတွင်း သူသတ်ယောကျ်ားတွေနဲ့ အိုးစားကွဲအောင်လုပ်....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာနဲ့ လုပ်ရမလဲ....(အတွင်းသူသတ်ယောကျ်ားတွေနဲ့ အိုးစားကွဲအောင် လုပ်ရပါမယ်ဘုရား) အတွင်း သူသတ်ယောကျ်ားတွေနဲ့ အိုးစားကွဲအောင် လုပ်ရလိမ့်မယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့ ။ ဒီဘက်က ဝေဒနာနဲ့ ဖဿနေ၁်....(မှန်ပါ) ပေါ်လာသည်နဲ့ တပြိုင်နက်တည်း ဝေဒနာကလေးက နာတယ်,ကျင်တယ်,ကိုက်တယ်,ခဲတယ်,ကောင်းတယ် ဆိုးတယ် အလတ်စားရှိတယ်....။ အကုန် ဖြစ်ပျက်ရှု....(မှန်ပါဘုရား)။

ဖြစ်ပျက်သည် သူသတ်ယောကျ်ား....( မှန်ပါ ) ရှုတာသည် သူသတ်ယောကျ်ားကို တကာတကာမတို့ ကန့်ကွက်တာ....(မှန်လှပါ)သဘောကျပလား....(ကျပါပြီ) သူသတ်ယောကျ်ားကို ဘာလုပ်သလဲ....(ကန့်ကွက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မဂ်မှတပါး ကန့်ကွက်ပေးမည့် တရားက (မရှိပါဘုရား) ဘြော်....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည်ကားလို့ ဆိုလို့ရှိယင် ငါ ဘုရားသခင်ကိုတ်တော်မြတ်ကြီး ကိုလေသာရန်သူကို အောင်ပွဲယူခဲ့တာ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ၊ နောက် သတ်ရလိမ့်မယ်လို့ .... မအောက်မေ့နဲ့တော့။ ဒါကို ချီးကျူးတာဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း ဒါဖြင့် တကာတကာမတို့ ဗီခန္ဓာကြီးထဲမှာ ဘယ် နှစ်ပါးရှိသတုံး....(ငါးပါးရှိပါတယ်) အင်း....သူတော်ကောင်း တွေလား....(မဟုတ်ပါဘုရား) ရန်သူတွေလား... (ရန်သူတွေပါ ဘုရား)။

အင်း.... ဘာလုပ်ကြမလို့ပါလိမ့်....( သတ်မလို့ပါဘုရား ) မသတ်ခင် ဘာခိုင်းထားသတုံး.... (အခွန်ဆက်ခိုင်းထားပါတယ် ဘုရား)။

အခွန်ဆက်ခိုင်းတယ်....( မှန်ပါ့ ) မသတ်ခင်တော့....(အခွန် ဆက်ခိုင်းထားပါတယ်)မဆက်နိုင်တဲ့ တနေ့ကျတော့....(သတ်ပါ တယ်ဘုရား)။

ကဲ....ဘယ်ဟာ ကျေးဇူးတင်ကြမလဲ....(ဘယ်ဟာမှ ကျေးဇူး မတင်ပါ)ကျွန်လုပ်ရတာ ကျေးဇူးတင်မလား....။အသတ်ခံရတာ ကျေးဇူးတင်မလား... (ဘယ်ဟာမှ မတင်ပါဘုရား)။

ဘာမှ ကျေးဇူးမများတဲ့ ခန္ဓာကြီး ဖြစ်လေသောကြောင့် သူ့ကို မခင်အောင် ခင်ဗျားတို့ ဝိပဿနာ ရှုလိုက်လို့ရှိယင် တဏှာသေပါတယ်....(မှန်ပါ့) တဏှာနိရောဓော နိဗ္ဗာန်ကိုး.... (မှန်ပါ့)။

တဏှာနိရောဓော.... ( နိဗ္ဗာန်ပါ ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တဏှာနိရောဓောဆိုတော့ တဏှာနိရောဓ ဥပါဒါန်နိရောဓောဆိုတာ အထူးရှုတ်ဘို့ လိုသေးသလား.... ( မလိုပါ ) ဥပါဒါနနိရောဓ ကမ္မဘဝနိရောဓောလဲ ရှုတ်ဘို့ လိုသေးသလား... (မလိုပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တဏှာ ဥပါဒါန် ကံ ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ နောက်ခန္ဓာလာသေးသလား....(မလာပါဘုရား)။

ဒါဖြင့် သူ့သတ်နဲ့ အိုးစာကွဲပြီ.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ) ဘာနဲ့ အိုးစားကွဲတယ်.... (သူ့သတ်နဲ့ အိုးစားကွဲပါတယ်ဘုရား)။

ဒါဖြင့် သူသတ်က ဒုက္ခသစ္စာ။ ဟုတ်လား .... (မှန်လှပါဘုရား) သူ့သတ်ယောကျ်ားလွတ်အောင် လုပ်နိုင်တာက....(မဂ္ဂသစ္စာပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

သူ့သတ်ယောကျ်ား၏ အချေအရံတွေ သတ်နိုင်တာကလဲ.... သမုဒယချုပ်တာ....(မှန်ပါ)။

နောက်တခါ သူ့သတ်ယောကျ်ားမပေါ်တာက အမတဆိုတဲ့ မသေရာမှန် ပြည်နိဗ္ဗာန်လို့ မှတ်လိုက်ပါ....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု.. သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော
( ခန္ဓာကယ်တင်ရမည့် )

# နေ့အလုပ်ပေး-တရားတော်

( ၂၀-၇-၆၁ )

တရားနာကြတယ်။ ဆရာဘုန်းကြီးကိုလဲ ကြည်ညိုလေးစားပြီး လာကြတယ်။ တရားနာကြတယ် ဘယ် အကျိုးငှာတဲ့လို့ သူများက မေးမေး။ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချချ။ ကိုယ့်ကိုယ်ကယ်တင်တဲ့ အလုပ်လုပ်ရတယ်လို့ တခါတည်း မှတ်ထားကြပါ....(မှန်ပါ)။

တရားနာတယ်။ တရားအားထုတ်တယ်-ဆိုတာ ဘာ့အလုပ်ပါလိမ့်.. (ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ပါဘုရား)။

တကာကြွယ် နေရာကျပြီ.. (ကျပါပြီ) နေရာကျပြီတဲ့ ဘုန်းကြီးတို့ တကာတကာမတွေဟာ ကိုယ့်ကိုယ်, ကိုယ်ကယ်တင်တဲ့ အလုပ်ကို တယ့်သိခဲတယ်... (မှန်ပါ)။

ကိုယ့်ကိုယ့်ကိုယ်ကယ်တင်တဲ့ အလုပ်ကို အင်မတန်သိခဲတယ်-(မှန်ပါ) ကိုယ့်ကိုယ့်ကိုယ်ကယ်တင်တဲ့ အလုပ်ကို မသိသေးတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်မှ မသနားတဲ့ ပုဂ္ဂိုလ်လို့ မှတ်ပါ....(မှန်လှပါဘုရား)။

ကိုယ့်ကိုယ်မှ မသနားတဲ့ပုဂ္ဂိုလ် ကိုယ့်ကိုယ်ကို ကယ်တင်ချင်တဲ့ စိတ်မရှိလို့ရှိယင် ကိုယ့်ကိုယ်မှ မသနားတဲ့ ပုဂ္ဂိုလ် အဆိပ်ပင် ရေလောင်းနေတယ်လို့ ဆိုရလိမ့်မယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အရောင်းကလေးက မအားလို့-အဝယ်က မအားလို့ ညှော်သည်က ရှုပ်လွန်းလို့ အခုအခါမှ ရတုန်းရခါမို့ သိမ်းပိုက်နေရတယ်-ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ခန္ဓာကိုယ်ကြီးက ဘယ်လိုဘဲ ရေလောင်း ရေလောင်း သေအောင် သတ်မည့် အပင်ကြီး....(မှန်လှပါဘုရား) ဘယ်လိုဘဲ အစားတွေစား၊ အဝတ်တွေဝတ်၊ ငါးသောင်း-ခြောက်သောင်းတန် ကားတွေ ( မာစီဒီ ) တွေစီး၊ အမျိုးမျိုး-အဖုံဖုံတွေ တကာကြွယ်တို့ ချီးမြှောက်ပြောသော်လဲ-တဲ့....၊ ကိုယ့်ကိုယ် ကယ်ကင်ရာ မရောက်ပါဘူး။ သတ်မှာကို ပူဇော်ရာသာ ရောက်ပါတယ်....( မှန်ပါ့ ) သတ်တတ်တဲ့ ခန္ဓာကိုယ်ကြီး ပူဇော်ရာသာ ရောက်ပါတယ်....(မှန်ပါ့)။

အဲဒါ တကာတကာမတွေက ကိုယ့်ကိုယ်၊ ကိုယ်သနားလို့-လို့ ထင်နေကြတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ် ကိုယ်သနားတာလား....၊ အဆိပ်ပင်ရေလောင်းတာလား....(အဆိပ်ပင် ရေလောင်းတာပါဘုရား)။

အဆိပ်ပင်ကြီးပွားလို့ အဆိပ်သီး သီးတော့ အဆိပ်ပွင့်တွေပွင့်တယ်၊ အဆိပ်နံ့တွေ နံလို့ရှိယင်ဖြင့် တကာတကာမတို့ ဒီအပင် ကြီးပွားသလောက် ဒီအပင်ကို ခင်တွယ်တဲ့ ပုဂ္ဂိုလ် အကျိုးယုတ်လိမ့်မယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

ဒီ အပင် ကြီးပွားသလောက် ဒီအပင် ခင်တွယ်တဲ့ ပုဂ္ဂိုလ်ဟာ.... ( အကျိုးယုတ်ပါတယ် ) ရှင်းပလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ကဖြင့် တရားနာ၊ တရားအားထုတ်တဲ့ အလုပ်လို့ သေသေ ချာချာမှတ်ကြပါ.... (မှန်ပါ့) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ငယ်ငယ်တုန်းကလဲ ကယ်တင်ရမှန်းမသိခဲ့ဘူး....( မသိခဲ့ပါဘုရား ) ကြီးတော့လဲ သားပွါး, သမီးပွါး, မြေးပွါးဆိုတဲ့ ပွါးများတဲ့ အလုပ်တွေ လုပ်နေရတဲ့အတွက်လဲ ကယ်တင်ချိန် မရဘူးဆိုလို့ ရှိယင်ဖြင့် လူ့ပြည် လာတာသည် လူ့တိရစ္ဆာန်အဖြစ် လာတာဘဲဆိုတာ မှတ်ရလိမ့်မယ်....(မှန်လှပါဘုရား)။

လူ့ပြည် လာတာသည် လူ့တိရစ္ဆာန် အဖြစ် သစ်ပင် ဇရပ် လောင်းတဲ့ အဖြစ် ဒါနဲ့သာ ကြုံနေတော့မယ်ဆိုတာ တကာ တကာမတွေ ယနေ့ စွဲစွဲမြဲမြဲမှတ်ပါ....(မှန်ပါ့)။

ဩော်....ဒီဆရာဘုန်းကြီးပြောတဲ့ တရားဟာ၊ တပါးသော ပုဂ္ဂိုလ်များကတော့ ကိုယ့်ကိုယ်မှ ကိုယ်မခင်ယင် ဘယ်သူ့ခင်မလဲ လို့ဆို... ခင်လေလေ နောက်ခန္ဓာ ဒုက္ခသစ္စာ ပွါးလေလေဘဲ.... (မှန်ပါ့)ခင်လေလေ....(နောက်ခန္ဓာ ဒုက္ခသစ္စာ ပွါးလေလေပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ အမြင်လွဲ.... အထင်လွဲတွေကို ဆရာဘုန်းကြီးကမှ တည့်မပေးဘူး ဆိုလို့ရှိယင် လွဲသည်ထက် လွဲ.... ချော်သည်ထက် ချော်.... မှောက်သည်ထက် မှောက်ဆိုတဲ့ လမ်းကောက်ချည်းဘဲ ရောက်တော့မယ်ဆိုတာ သိ

လို့....ကဲ....ဝါတွင်းသုံးလ, သုံးလခွဲ, လေးလဆိုသလိုဘဲ တကာ တကာမတွေ ဘုန်းကြီးလဲ ကျန်းမာမယ်၊ ကိုယ်ကယ်တင်တဲ့.... အလုပ်ကိုဖြင့် ကိုယ့်ကိုယ် ကိုယ်သနားကြလို့ရှိယင်ဖြင့် ကိုယ့် ကိုယ် ကင်တင်တဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်မလဲဆို ရွေး ခြယ်ပြီး လုပ်စေချင်လို့ ဒီတရားပွဲကြီး ကျင်းပနေတယ်လို့ မှတ် ပါ....(မှန်ပါ့)ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ကိုယ့်ကိုယ်ကယ်တင်တဲ့ အလုပ်ဟာ ဘာ ပါလိမ့်မလဲလို့ဆိုတော့ မဂ္ဂင်ဖေါင်ကြီးယင်လဲ စီးမိပါမှ....(မှန် လှပါဘုရား)။

မဂ္ဂင်ဖေါင်ကြီးယင်လဲ... (စီးမိပါမှ)စီးမိပါမှဆိုတာ သဘော ကျပလား....(ကျပါပြီ)မဂ္ဂင်လမ်းမတော်ကြီးသော်ငြားလည်း-လျှောက် မိပါမှ ဆိုတာကော....( သဘောကျပါတယ်ဘုရား )မဂ္ဂင်လမ်း မတော်ကြီးလဲ့ လျှောက်မိပါမှ (မှန်ပါ့)။

အဲဒီ မဂ္ဂင်ဖေါင်ကြီး မဂ္ဂင်လမ်းမတော်ကြီးကို အားထုတ်ယူ ရတယ်....(မှန်ပါ့)မဂ္ဂသစ္စာဆိုတာ ပွါးများအားထုတ်ယူရတာ။ ဆုတောင်းနဲ့ ရတာမဟုတ်ဘူး....(မှန်ပါ့)။

အဲဒါကြောင့် မဂ္ဂင်လမ်းကိုဘဲ ဆရာဘုန်းကြီးက ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ဖြင့် ကိုယ့်မဂ္ဂင်က ကိုယ့်ကို ကယ်တင်မှ ကိုက် မယ်ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)တကာကြွယ် .... ဘယ်လို ဆုံးဖြတ်ချက် ချမလဲ... (ကိုယ့်မဂ္ဂင်ကမှကိုယ့်ကယ်မှာပါဘုရား)။

ကိုယ့်မဂ္ဂင်က ကိုယ့်ကယ်တင်မှ အမှန်ရောက်တော့မယ်ဆိုတာ ဒုက္ခသိမ်းရှဲ ငြိမ်းတော့မယ် ဆိုတာကိုလဲ တကာ တကာမတွေ ဘုန်းကြီးကို ကြည်ညိုလေးစားသဖြင့်ငြား—ကိုယ့်ကိုယ်ကို သနား

သဖြင့်ရင်း မဂ္ဂင်ဘဲ အားကိုးရာရှိတော့တယ်ဆိုတာဖြင့် ဆုံးဖြတ်ချက် ချပါလို့ သတိပေးလိုက်တယ်နော်....(မှန်ပါ)။

အားလုံး တကာတကာမတွေ ကိုးစားရာ၊ အားထားရာအဖြစ်ဖြင့် မဂ္ဂင်ဘဲဆိုတာ ဆုံးဖြတ်ချက်ချပါတော့...(မှန်ပါဘုရား) ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ကိလေသာရန်ပွဲကြီး အောင်မြင်တော်မူတာသည် မဂ္ဂင်ဘဲလို့.... မှတ်ပါ....( မှန်ပါ )။

အဲဒီ မဂ္ဂင်ရမှ ငါဖြင့် နောက် .... အသေဆုံးပေါ့....(မှန်ပါ) တဏှာယောကျ်ား လက်သမားသည် ခန္ဓာအိမ် မဆောက်ရတော့ဘူး....(မှန်ပါ)ခန္ဓာအိမ် မဆောက်ရတဲ့အတွက် အသေဇာတ်ဖြင့် ပြတ်ပေါ့လို့ဆိုပြီး ဝမ်းမြောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အနေကဇာတိ သံသာရံ ဆိုတာကြီး ရွတ်တော်မူတယ် (မှန်ပါ)။

ဘုရားဖြစ်စေချင်လို့ ရွတ်တယ်လို့ အောက်မေ့မနေပါနဲ့....၊ ဘုရား ရှေးဦးစွာ အောင်ပွဲယူလို့ အောင်သံပေးတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

အဲဒါ တကာတကာမတွေက မသိတဲ့အခါကျတော့ နံနက်စောစော ဘုရားအနေကဇာ မတင်ရ၊ ဘုရားမဖြစ်ဘူးရယ်လို့ တကာကြွယ်တို့က မှတ်ချင် မှတ်နေသေးတယ်၊ ဘာမှ မဆိုင်ဘူး ဆိုတာ အောက်မေ့ပါ....(မှန်ပါ)။

ဒီ ကျောက်ဆင်းတုဖြစ်စေ, ဘာဖြစ်စေ ဥဒ္ဒိဿ-ရည်မှတ်ပြီး ကိုးကွယ်လို့ရှိယင်ဖြင့် တကာတကာမတို့ ကုသိုလ်ရတာပါဘဲ....

(မှန်ပါ) အနေကဇာတင် မတင်က လိုရင်း မဟုတ်ပါဘူး(မှန်လှပါဘုရား)။

အနေကဇာတင်- မတင်က လိုရင်းမဟုတ်ပါဘူး၊ သူ့ဟာသူ ကိလေသာရန်ပွဲကြီး အောင်ပွဲကြီးကို ဆွတ်ခူးနိုင်တာနဲ့ သူ့ဟာသူ အောင်သံပေးတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဘုရားဖြစ်လို့ အောင်သံပေးတာလား....၊ဘုရားဖြစ်ပြီ ကိလေသာရန်သူ အောင်ပွဲယူပြီးတော့ သူ့ဟာသူ အောင်သံပေးတာလား—(အောင်သံပေးတာပါဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတွေလဲ ကိလေသာ ရန်သူကို အောင်ပွဲယူမှသာလျှင် သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာဖြစ်မယ်....(မှန်ပါ) ဒီ့ပြင် နည်းနဲ့ဖြင့် လွတ်ရေး-ကျွတ်ရေး မမြင်သေးဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ကိလေသာ ရန်သူဟာ ဘယ်မှာကိန်းပြီး ဘယ်မှာ အောင်းပါလိမ့်မလဲ ဆိုတဲ့ .... လက်သည်မေးဘို့ လိုပါတယ်ဆိုတာ တကာ တကာမတွေ ရှင်းပါတယ်....(မှန်ပါ)ကိလေသာဟာ ခန္ဓာမှာ ကိန်းတယ် (မှန်ပါ) ကိလေသာဟာ ဘယ်မှာ အောင်းပါလိမ့်.... (ခန္ဓာမှာ အောင်းပါတယ်ဘုရား)။

နောက်က တကာတကာမတွေ အသက်အရွယ်တွေလဲ ကြီးကြပြီ၊ လိုရင်းတရားကိုဖြင့် မြဲမြဲစွဲစွဲကြီး မှတ်လိုက်စမ်းပါဆိုတဲ့

ဥစ္စာကို တကာကြွယ်တို့...ဦးလှဘူးတို့ သတိ အခု ပေးတယ်.... နော်....(မှန်ပါ) သာမညစေတနာနဲ့ တကာတကာမတို့ကို ချီး မြှောက်နေတယ်လို့ မအောက်မေ့နဲ့....(မှန်ပါ) သာမညစေတ နာနဲ့ ချီးမြှောက်နေတယ်ဆိုတာ မအောက်မေ့ လိုက်ပါနဲ့၊ ကိလေသာသည် ဘယ်မှာကိန်းအောင်းပါလိမ့်.... (ခန္ဓာမှာကိန်း အောင်းပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကို ကျုပ်တို့ အပြစ်မမြင်သ၍ ကိလေသာသေ ပါ့မလား....( မသေပါဘုရား ) ခန္ဓာ၏ အနိစ္စမမြင်သဖြင့်လဲ.... (မသေပါ) ကိလေသာမသေဘူး....(မှန်ပါ) ခန္ဓာ၏ ဒုက္ခသစ္စာ မသိသဖြင့်ကော....(ကိလေသာမသေပါ) ခန္ဓာ၏ မပိုင်ပုံ အစိုး မရပုံ အနတ္တမမြင်သဖြင့်ကော .... (ကိလေသာမသေပါဘုရား)။

ခန္ဓာကိုယ်ကြီး အသုဘသဘောပေါ်အောင် မရှုနိုင်လို့ ရှိ ယင်လဲ....(ကိလေသာမသေပါဘုရား)။

ဩော်....ဒါဖြင့် ကိလေသာ သယ်မှာ အောင်းပါလိမ့်.... (ခန္ဓာမှာ အောင်းပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာ့အပြစ်ကို အခုပြောခဲ့တဲ့ လေးချက်ကို တကာ တကာမတွေ တချက်ချက် အမှန်မြင်လို့ရှိယင် ကိလေသာရန်သူ ကို အောင်ပွဲယူသောကြောင့် အောင်သံပေးနိုင်သည်လို့ သေ သေချာချာ ဆုံးဖြတ်ချက်ချပါ.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကိလေသာဟာ ဘယ်ကလာတာတုံးဆိုတဲ့ ဥစ္စာကို ခန္ဓာက လာတယ်ဆိုတာ သိ

တော့ ခန္ဓာ၏ ဖြစ်စဉ် ဝမ်းထဲမှာ ခန္ဓာ့ဖြစ်စဉ် မဖြတ်သ၍ ကာလပတ်လုံး ခန္ဓာပြတ်ပါ့မလား....(မပြတ်ပါဘုရား)။

ခန္ဓာ့ဖြစ်စဉ်ကို မမြင်သ၍ ခန္ဓာပြတ်ပါ့မလား.... (မပြတ်ပါဘုရား)။

ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတာလဲ တကာတကာမတို့သိပြီ၊ တဏှာသိမ်း နိဗ္ဗာန်ဆိုတာကော....(သိပါပြီဘုရား)။

အဲဒါကြောင့် တဏှာဘယ်မှာ ကိန်းပါလိမ့်ဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ....(ခန္ဓာမှာ ကိန်းပါတယ်ဘုရား)။

ဒါဖြင့် တဏှာက ခန္ဓာလုပ်သမားဖြစ်သောကြောင့် တဏှာသိမ်းယင် ခန္ဓာသိမ်းတယ်....(မှန်ပါ့) တဏှာသိမ်းယင်....( ခန္ဓာသိမ်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ဘဲ ပြကြပါစို့... (မှန်ပါ့) သေသေချာချာဂရုစိုက်ပြီး ကြည့်....ဒါဘုန်းကြီးက ရှေ့က ပလပ်စတိတ်ခွက်ကလေးတွေ ကိုင် ပြနေတယ်လို့ အောက်မေ့မနေနဲ့၊ ခင်ဗျားတို့ ခန္ဓာထဲ ဒီတရားပြီး ဒီ တရားဖြစ်တယ်ဆိုတာ မှတ်ရမယ်....( မှန်ပါ့ ) အင်မတန်အရေးကြီးတယ်ဆိုတာကော စိတ်ထဲမှာ ပိုက်ကြပလား.... (ပိုက်ကြပါတယ်ဘုရား)။

မပေါ့ကြပါနဲ့၊ မပေါ့ကြပါနဲ့ ခင်ဗျားတို့ သိတာကဖြင့် ကိလေသာ ပွားစီးရေးသာ သိပါတယ်....(မှန်ပါ့) ကိလေသာကုန်ရေးခမ်းရေးကိုဖြင့် မသိတာအမှန်ပါဘဲ....(မှန်ပါ့)။

ဒါကြောင့် ကိလေသာ မကုန်သ၍လဲ ခန္ဓာမကုန်ပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကိလေသာက သမုဒယသစ္စာ....(မှန်ပါ့) ခန္ဓာက.... ( ဒုက္ခ သစ္စာပါ ) ကိလေသာက....( သမုဒယသစ္စာပါ ) ခန္ဓာက.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ သစ္စာနှစ်ခု ချုပ်ပြီးသကာလ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ နှစ်ခုကျန်မှ ကိစ္စပြီးတော့မယ်ဆိုတာ သေသေချာချာ မှတ်ပါ.... (မှန်ပါ့)။

ဝဋ်သစ္စာနှစ်ခုသိမ်းပြီးသကာလ ဝိဝဋ္ဋသစ္စာနှစ်ခုပေါ်ပေါက်မှ ဒို့ချမ်းသာခွင့်ရတော့မယ် အောက်မေ့ပါ .... ( မှန်လှပါ ဘုရား )။

ဝဋ်သစ္စာနှစ်ခုတော့ သိမ်းရလိမ့်မယ်....(သိမ်းရမှာပါ) ဝိဝဋ္ဋ သစ္စာနှစ်ခုပေါ်မှသာလျှင် လိုရာခရီး ရောက်တော့မယ် ဆိုတာ မှတ်ကြစမ်းပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် သေ သေချာချာ တကာတကာမတွေက ကြော်....ဒို့ခန္ဓာထဲ ဒီတရား ပြီးယင် ဒီတရားဆက်ဖြစ်တယ်၊ ဒီတရားပြီးယင် ဒီတရားဆက် ဖြစ်တယ်ဆိုတာမှ မသိသေးလို့ရှိယင် ကိုယ့်ခန္ဓာ အကြောင်း ကိုယ်သိသေးရဲ့လား....(မသိပါဘုရား)။

ကိုယ့်ခန္ဓာအကြောင်းမှ ကိုယ်မသိသေးလို့ရှိယင် အတူနေပြီး မသိတဲ့ပုဂ္ဂိုလ်မို့ စုံသုံးကန်းလို့ဆုံးဖြတ်ချက်ချ.... ( မှန်ပါ့ ) အတူ နေပြီးမသိယင် ဘယ့်နှယ်ဆိုကြမလဲ.... (စုံသုံးကန်းပါဘုရား)။

ဒီ ခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီး၊ သမုဒယသစ္စာ ချယ်လှယ်သလိုခံနေရတာကြီးကို မသိပြန်လို့ ရှိယင်လဲ ကိုလေသာရှုး-ရှုးပြီးသကာလ တကာတကာမတွေ ပျော်ချင်သလိုပျော်၊ ပါးချင်သလိုပါးပြီးသကာလ သားနဲ့၊ သမီးနဲ့၊ ပစ္စည်းနဲ့ ပျော်ကြလို့ ရှိယင်လဲ အင်း....ကန်းလဲ ကန်းသေးတယ်ဟော့၊ ရှူးလဲ ရှူးသေးတယ်ဟော့လို့ မှတ်. (မှန်ပါ့)။

ကန်းလဲ....(ကန်းပါသေးတယ်) ရှူးလဲ.... ( ရှူးပါသေးတယ်ဘုရား )။

အဲဒါ နောက်က တကာတကာမတွေ ဒီလို ဆရာကောင်း၊ သမားကောင်း မတွေ့ခဲ့တဲ့အတွက်တဲ့ အရှူးနဲ့ အကန်းနဲ့ ဇာတ်သိမ်းခဲ့ရတယ်....(မှန်ပါ့)။

အင်း....နောက်တုန်းက ဘယ်လိုများ ဇာတ်သိမ်းခဲ့ရသတုံး (အရှူးနဲ့ အကန်းနဲ့ ဇာတ်သိမ်းခဲ့ရပါတယ်ဘုရား)။

ရှူးလဲရှူးသေးတယ်၊ မျက်လုံးနှစ်ဖက်ကလဲ စုံလုံးကန်းသေးတယ်ဆိုသဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဘယ်လမ်းလျှောက်လျှောက် ချောက်ဟူသ၍ ကိုယ်ပိုင်ပစ္စည်းမှတ်ပါ(မှန်လှပါဘုရား)။

ဘယ်လမ်းလျှောက်လျှောက်....(ချောက်ဟူ၍ ကိုယ်ပိုင်ပစ္စည်းမှတ်ရပါမယ်ဘုရား )။

ဒါကြောင့် ခင်ဗျားတို့ ပဋိသန္ဓေချောက်ထဲကျလိုက်၊ အိုဘဲ့ချောက်ထဲကျလိုက်၊ နာတဲ့ချောက်ထဲကျလိုက်၊ အပါယ်သေးပါးချောက်ထဲကော....(ကျပါတယ်ဘုရား)။

ချောက်မျိုးစုံ မကျဘူးတယ်လို့ ရှိသေးသလား....(မရှိပါ) အဲဒီကျမှ ကိုယ်ကျိုးနည်းပေါ့လို့ နောင်တ ရနေကြလို့ ရှိယင်ဖြင့် ကိုစ္စကလွန်ကုန်ပြီ....(လွန်ပါတယ်) ကိစ္စက မလွန်သေးဘူးလား (လွန်ပါတယ်ဘုရား)။

အဲဒီကိစ္စလွန်မှ နောင်တ ရမယ်ဆိုလို့ ရှိယင် နောင်တပင် ရငြားသော်လဲ မှားလို့ ဖြစ်ခဲ့တယ်ဆိုတာ အမှန်ပြင်ပေးမည့်လူနဲ့ မတွေ့သေးလဲ တကာကြွယ် အလကားဘဲ....(မှန်ပါ့) ရှင်းကြပ လား....(ရှင်းပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေကို ယခုအခါ မှာဖြင့် အင်း....လ့ကလေးကလဲသာတယ်၊ တရားမိုးကလေးကလဲ စွေနေတယ်၊ ဒီ အချိန် ဒီ ကာလကလေးမှာမှ မျက်စိနှစ်ကွင်း အလင်းမရ၊ အရှုးဇာတ်မသိမ်းဘူးဆိုလို့ ရှိယင်ဖြင့် ကိုယ်ကျိုး နည်းပေါ့....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ကိုယ်ကျိုးနည်းပေါ့လို့ ချရ ပါမယ်ဘုရား) ကိုယ်ကျိုးနည်းပေါ့လို့ အကြီးအကျယ်ဆုံးဖြတ် ချက်ချပါ....(မှန်ပါ့)။

ခင်ဗျားတို့ အိမ်မှာရှိတဲ့ ပစ္စည်း အကုန် ပျောက်သွားတာ နှမြောစရာ ဘာမှမရှိပါဘူး.... ( မှန်ပါ့ ) ဒီ ဉာဏ်ကလေး မရ လိုက်လို့ ရှိယင်ဖြင့် တကာတကာမတို့ ကိုယ်ကျိုးနည်းတာ အစစ် ပါဘဲ....(မှန်ပါ့)။

အဘိုးတန်အောင် ပြောနေတာလားလို့ မေးလိုက်တဲ့ အခါ ကျတော့မှ ဘုန်းကြီးပြောတဲ့ အဘိုးတန်မှုဟာက ပြောတတ် သ

လောက်သာ ပြောလို့နည်းပါသေးတယ်....(မှန်ပါ့) ခင်ဗျားတို့ ဒုက္ခခပ်သိမ်းငြိမ်းတယ်ဆိုတဲ့ ဥစ္စာက ကြီးကျယ်တဲ့ လာဘ်ကြီး ပါ....(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ တရားနာမပျင်း နဲ့ တရားအားထုတ်မပျင်းနဲ့.... (မှန်ပါ့) တရားဆိုတာ ဘယ်မှ မရှာနဲ့၊ ခန္ဓာထဲ အနိစ္စတွေ့ယင် တရားတွေ့ပြီ အောက်မေ့ .... (မှန်ပါ့)။

ခန္ဓာထဲ အနိစ္စတွေ့ယင်... ( တရားတွေ့ပါပြီ ) တရားတွေ့ပြီ လို့ ဆုံးဖြတ်ချက်ချလိုက်ပါ....(မှန်ပါ့)။

အနိစ္စတွေ့တယ်ဆိုယင်ဖြင့် တကာတကာမတို့ အနိစ္စက ဖြစ် ပျက်။ တွေ့တာက မဂ်ရတယ်....(မှန်ပါ့)။

အနိစ္စက....(ဖြစ်ပျက်ပါ) တွေ့တာက....(မဂ်ပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်လို့ရှိယင်ဖြင့် ဘာ ပါရ မီမှ မလိုတော့ပါဘူး၊ လိုရာခရီး ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ခရီးကို မဂ်ကဘဲ ပို့ဆောင်တော့မယ်....(မှန်ပါ့)။

လူသွားလို့ မရပါဘူး....(မှန်ပါ့) ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသည် မနေ့ကမှစပြီး ပြောရတဲ့အတွက် တိုက် တွန်းနှိုးဆော်လွန်းများတာကိုလဲ ခင်ဗျားတို့က မီးဝေး ချိတ်မာ တွေမို့ ပြောနေတယ်အောက်မေ့ပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) မီးဝေးချိတ်မာတွေမို့ ပြောနေတယ်ဆိုတာ ကော ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခင်ဗျားတို့က ဒီ က တရားပွဲက ပြန်သွားတော့ အိမ်မှာ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ ပစ္စည်းနဲ့၊ ညွှ်သည်နဲ့၊ စောင်သည်နဲ့ ဆိုလို့ရှိယင် ဒီဟာတွေ အကုန်ဖျက်ချတယ်....( ဖျက်ချပါတယ် ဘုရား )။

တကာကြွယ် သိပ်ရိုင်းတဲ့စိတ်တွေ....( ရိုင်းပါတယ် ) မရိုင်း ဘူးလား....(ရိုင်းပါတယ်)။

အေး....ဒါ့ကြောင့် ဘုရားအဆူဆူ ခင်ဗျားတို့ကို မသနားလို့ အိုပွဲ၊ နာပွဲ၊ သေပွဲထဲထားခဲ့တာလား၊ ကိုယ့်ကိုယ်တိုင်က မလိုက် နာလို့ အဖြစ်ဆိုးရတာလားဆိုတာ အကဲခတ်ကြည့်ပါ....(ကိုယ့် ကိုယ်တိုင်က မလိုက်နာလို့ အဖြစ်ဆိုးရတာပါ) ပေါ်ကြပြီ.... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီတခါ မလိုက်နာလို့ရှိယင်ဖြင့် သွားပြီ.... ( မှန်ပါ့ ဘုရား )။

ခင်ဗျားတို့ အခုမဂ်တရား၊ ဖိုလ်တရားကို ဆရာဘုန်းကြီးက ဟောနေတယ်....( မှန်ပါ့ ) ခင်ဗျားတို့ကို ရောက်အောင်လဲ ပို့ တာဘဲ....(မှန်ပါ့) ဒါကို လက်မခံတော့ဘူး၊ တပည့်တော်တို့ သားရေး၊ သမီးရေး၊ စီးပွားရေးက အလွန်မှဘဲ ကြပ်တည်းပါ တယ်ဘုရား၊ လူဆိုတာ မလွယ်ပါဘူးဘုရား့-လို့ ကိလေသာလဲ တဲ့.... ဆင်ခြေနဲ့သာ လာမယ်ဆိုယင်ဖြင့် ကိုယ်ကျိုးနည်းပြီ.... (မှန်ပါ့)။

သားရေး၊ သမီးရေးပစ်ထားပါ၊ စီးပွားရေး ပစ်ထားပါ....

( မှန်ပါ ) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ ရှုယင်ဖြင့် မကယ်နိုင်လို့-လို့ မှတ်လိုက်— (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(မကယ်နိုင်လို့ပါဘုရား)။

အဲဒီတော့ မကယ်နိုင်တာ အရေးတကြီး ထားရမှာလား၊ ကယ်နိုင်တာ အရေးတကြီး ထားရမှာလား .... ( ကယ်နိုင်တာ အရေးတကြီးထားရမှာပါဘုရား)။

တကာကြွယ် ဘုန်းကြီးက တဇွတ်ထိုး ပြောနေတယ်လို့ အောက်မေ့သလား....(မအောက်မေ့ပါဘုရား)။

တဏှာနားနဲ့ ထောင်ယင် တဇွတ်ထိုးပြောတယ်....(မှန်ပါ) ဉာဏ်နားနဲ့ထောင်ယင်ဖြင့် ဩော်....မလိုက်နာ မဖြစ်တဲ့အလုပ် ဒီအလုပ်ပါလား....(မှန်ပါ) မပေါ်ကြပေဘူးလား....( ပေါ်ပါတယ်ဘုရား )။

အေး....ဒါကြောင့် ခင်ဗျားတို့ ခန္ဓာရတဲ့ဘဝမှာ စဉ်းစားကြည့်ပါတဲ့၊ ခင်ဗျားတို့ ဒီခန္ဓာဝန်ကြီးကို ထမ်းပြီးနေရတာ။ ဟိုသွားဒီသွားတယ်ဆိုတော့လဲ ဗိုက်ထဲမှာ ကျင်ကြီးနဲ့အစာသစ်နဲ့ (မှန်ပါ) ချွေးတွေ သံတွေနဲ့ အသုဘကြီး ထမ်းလည်နေရတာ များ ကြက်သရေ ရှိတယ်လို့ ထင်ကြသလား.... ( မထင်ပါဘုရား)။

အသုဘထမ်းလည်ရတာများ.... (ကြက်သရေရှိတယ် မထင်ပါဘုရား) ကြက်သရေမရှိပါဘူး .... (မှန်ပါ) အဲ - ဒီဘဝမှာလဲ ဟိုအိမ်လည်လိုက်- ဒီအိမ်လည်လိုက်နဲ့၊ ဘာထမ်းလည်သတုံး....

(အသုဘထမ်းလည်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးနှယ် ပြောရက်လိုက်တာလို့ ဆိုမလား....ရှိပြီးသား ပြောနေတာလို့ ဆိုမလား....(ရှိပြီးသားပြောနေတာပါဘုရား) ရှိပြီးသားပြောနေတယ်လို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဒီအထဲမှာ ကိလေသာတဏှာက မြှောက်ပင့်လို့ နတ်ပြည်ရောက်ချင်၊ ဗြဟ္မာပြည်ရောက်ချင်တဲ့ စိတ်နဲ့ တကာတကာမတွေက ဒါနလုပ်၊ သီလတွေ လုပ်ကြမယ်၊ ဝဋ္ဋကျွတ်တဲ့ အလုပ်ကို မလုပ်တော့ဘူးဆိုလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အသုဘ ထမ်းပြရတာ အားမရသေးလို့ဘဲ....(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....(အသုဘထမ်းပြရတာ အားမရသေးလို့ပါဘုရား) လွန်လွန်းလှချည်လား....(မှန်ပါ)တကာကြွယ် မလွန်ဘူးလား....(လွန်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အေး....ဒါကြောင့် အသုဘဖြင့် လည်ထမ်းပြီးသကာလ ဘယ်မှာပြပြ ကြက်သရေတော့ မရှိဘူးဆိုတာ မှတ်ပါ...( မှန်ပါ ) ကြက်သရေရှိကြရဲ့လား....(မရှိပါဘုရား)။

အေး... ဒါကြောင့် ခင်ဗျားတို့ ဘယ်လိုဘဲနေနေ ဘယ်လိုဘဲထိုင်ထိုင် ခန္ဓာဇာတ်မသိမ်းသ၍ ကာလပတ်လုံး အသုဘဇာတ်မသိမ်းပါဘူး....(မသိမ်းပါဘုရား) ခန္ဓာဇာတ် မသိမ်းသ၍ ကာလပတ်လုံး....(အသုဘဇာတ် မသိမ်းပါဘုရား)။

ဒီ အသုဘကြီးနဲ့ ကျုပ်ဖြင့် နေဘဲ မနေချင်တော့ဘူး၊ ရဘဲ မရချင်တော့ဘူးဆိုတဲ့ မဂ်ဉာဏ် ရမှသာလျှင် တကာကြွယ်ရေ- သုဘကြီးနဲ့ သုဘနိမ္မိတ်နဲ့ ခင်ဗျားတို့ အဲဒီကျမှ ခပ်ပြုံးပြုံး နေ လိုက်စမ်းပါ.. (မှန်ပါ)။

အခုအချိန်မှာတကာတကာမတွေက သားနဲ့ပြုံး, သမီးနဲ့ပြုံး ပစ္စည်းကလေးရလို့ပြုံး, အရောင်းအဝယ်ကလေးဖြောင့်လို့ပြုံး ဆိုတဲ့ဥစ္စာက ခုနင်က စုံလုံးကန်း ရူးပြီးပြုံးတာ....(မှန်ပါ) စုံလုံး ကန်း.. (ရူးပြီးပြုံးတာပါ)တကာကြွယ်-ပြုံးရပါ့မလား....(မပြုံး ရပါဘုရား)။

အားလုံး တကာတကာမတွေ ပြုံးစရာအချိန် ရောက်ပလား တဲ့....၊ အခုအချိန်မှာ စိတ်မချရတဲ့ အချိန်လား.... (စိတ်မချရတဲ့ အချိန်ပါဘုရား)။

အဲ....ပြုံးချိန်ရောက်တော့ ဘုန်းကြီးက သတိပေးပါ့မယ်.... (မှန်ပါ)အားသာထုတ်ကြည့်ပါ ဒီအချိန်ဖြင့် ပြုံးတော့ဟေ့.... ဆိုတာ ဘုန်းကြီးတို့က ရဝံ့စွာဘဲ ဘုရားဟောဒေသနာတော်တွေ နဲ့ ညှိနိုင်းပြီးသကာလ ပြုံးတော့ တကာကြွယ်ရေ.... (မှန်လှပါ) ပြောရပါတယ်နော်....(မှန်ပါ)။

အခုအချိန်မှာဖြင့် စိတ်မချ, လက်မချနဲ့ စိတ်ချရတဲ့ဆီကို အရောက်သွားပြီးသကာလ ခန္ဓာအသက် မငဲ့ကွက်ဘဲနဲ့ဘဲ ဝိပဿနာရှုပါ....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါ ဘာပါလိမ့်မတုံးလို့ .... မေးတဲ့အခါကျတော့ တကာ တကာမတွေ မသိသေးတာ ဖေါ်ပြောပြီးသကာလ သိလာတဲ့....

တရားကို တိုက်တွန်းတဲ့ သဘောနဲ့ ခင်ဗျားတို့ ဇွဲသန်သန်နဲ့ ကိုယ့်ဝင်္ဂ ကိုယ်ချတ်ကြပါဆိုတာ တိုက်တွန်းတဲ့ ရှေ့ပိုင်းတရား လို့ မှတ်ပါ....(မှန်ပါ့)။

ကိုယ့်ဝင်္ဂ ကိုယ်ချက်တဲ့ ရှေ့ပိုင်းတရား....(မှန်ပါ့) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘာတရားတဲ့တုံး.... (ကိုယ့်ဝင်္ဂ ကိုယ်ချတ်တဲ့ ရှေ့ပိုင်းတရား ပါဘုရား) ကိုယ့်ဝင်္ဂ ကိုယ်ချတ်တဲ့ ရှေ့ပိုင်းတရားလို့ တကာ တကာမတွေက မှတ်ပါနော်... (မှန်ပါ့)။

ကောင်းပြီ....နောက်ပိုင်းတရားကိုဘဲ စပါတော့မယ်၊တကာ တကာမတို့နော်....(မှန်ပါ့)ပုံစံကိုလဲ ကြည့်ကြပါ တကာတကာမ တို့။ ဒီနေ့တော့ လူနည်းလို့ မြင်နိုင်ပါတယ်....(မှန်ပါ့)ဟောဒါ က သားကလေး....(မှန်ပါ့)။

တကာတကာမတွေ ဒီဘက်က ဘာပါလိမ့်....(သားကလေး ပါဘုရား) သားကလေးကို မျက်လုံးနဲ့ ကြည့်လိုက်ပါ၊ မမြင်ဘူး လား....(မြင်ပါတယ်ဘုရား) တွေ့လို့ မြင်တာလား.. မတွေ့လို့ မြင်တာလား....(တွေ့လို့ မြင်တာပါဘုရား)။

တွေ့လို့ မြင်လို့ရှိယင် ဒါ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဖဿဆိုတဲ့ နာမ်ဓမ္မလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် သားကလေးနဲ့ တွေ့တာ ဘယ်သူပါလိမ့်.... (ဖဿ ပါဘုရား) သေသေချာချာ မှတ်ပါ....တကာတကာမတို့....သား ကလေးနဲ့ တွေ့တာ....(ဖဿပါဘုရား)။

သမီးကလေးနဲ့ တွေ့တာ....(ဖဿပါ)ရွှေကလေး၊ငွေကလေး စိန်ကလေး၊ကျောက်ကလေးနဲ့ တွေ့တာ....(ဖဿပါဘုရား)။

ဩော်....ဖဿဖြစ်တယ်....(မှန်ပါ) ဒါ ခင်ဗျားတို့ သန္တာန် ဖျတ်ကနဲပေါ်တဲ့ ယခုမှ ဖြစ်ပေါ်တဲ့ ညှော်သည်ဓမ္မလို့ မှတ်လိုက် စမ်းပါ....(မှန်ပါ)။

တွေ့လို့ ရှိယင်ဖြင့်တဲ့ တကာတကာမတွေက ဝမ်းသာလိုက် တာလို့ မလာဘူးလား....(လာပါတယ်) ဝမ်းသာလိုက်တာက ဝေဒနာ....(မှန်ပါ)။

ဝမ်းသာတာက....(ဝေဒနာပါ) တွေ့တာက....( ဖဿပါ ) တွေ့ရုံကလေးနဲ့ ရပ်ကြသလား-ဝမ်းသာလုံးကလေးများလာသေး သလား....(ဝမ်းသာလုံးကလေး လာပါတယ်ဘုရား)။

ဩော်....ဒါ ခင်ဗျားတို့၏ ခန္ဓာကိုယ်တဲ့.... ဒါဟာ သူများ ပြောတာလား ကိုယ့်ဖြစ်စဉ်လား....(ကိုယ့်ဖြစ်စဉ်ပါ)အဲ....ကိုယ့် ဖြစ်စဉ်ကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ်....(မှန်ပါ)။

ကိုယ့်ဖြစ်စဉ်ကို....( ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ် )ပဋိစ္စ သမုပ္ပါဒ်လို့ ခေါ်တယ်ဆိုတာကိုဖြင့် တကာတကာမတို့ တသေ့ မတိမ်းအောင် မှတ်ပါ... (မှန်ပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီ ဘုရား)။

ဝေဒနာဆိုတဲ့ ဥစ္စာဟာ ဩော်....ဝမ်းသာလိုက်တာဆိုတာ ဝေဒနာ....(မှန်ပါ)တွေ့ရတာ ဝမ်းသာလိုက်တာ....(မှန်ပါ)။

တွေ့ရတာက ဘယ်သူပါလိမ့်....(ဖဿပါဘုရား) ဝမ်းသာ လိုက်တာက....(ဝေဒနာပါဘုရား)။

ဪ....တကာတကာမတို့ ဖြစ်စဉ်ကဖြင့် တွေ့ယင် ဝမ်းသာ တတ်တယ်နော်....(မှန်ပါ)။

တခါတလေကျလို့ရှိယင် တွေ့ယင် ဝမ်းနည်းတတ်တယ် .... (မှန်ပါဘုရား)။

ဒါလဲ ဝေဒနာဘဲ....(မှန်ပါ) ဒေါမနဿဝေဒနာလို့ ခေါ် ပါတယ်....(မှန်ပါ)။

တွေ့ရတာဖြင့် သူနဲ့ တွေ့ရတာ ကျေပ်စိတ်ထဲ ဘယ်လိုမှ မဖေါက်ပြန်ဘူးဆိုယင် ဥပေက္ခာဝေဒနာမှတ်ပါ--(မှန်ပါ)။

ဒါဖြင့် ဝေဒနာသုံးပါး တပါးပါးဖြင့် တကာကြွယ် လာ ရမယ်....(လာရပါမယ်ဘုရား)။

ဒါဖြင့် ဖဿပစ္စယာ ဝေဒနာဆိုတဲ့ အသွားဟာ တကာ တကာမတို့ ရှင်းပါ့မလား....(ရှင်းပါပြီဘုရား)။

သူများဖြစ်စဉ်လား....မိမိခန္ဓာထဲမှာ တခုပြီး တခု ပေါ်တာ လား စဉ်းစားစမ်း .... (မိမိခန္ဓာထဲမှာ တခုပြီး တခု ပေါ်လာ တာပါဘုရား)။

အင်း....ဒါကလေး ရိပ်မိလို့ရှိယင်ဖြင့် ဘုန်းကြီးသည်တဲ့ .... ကယ်တင်ကျိုး နပ်ပါတယ်....(မှန်ပါ)။

ကယ်တင်ကျိုး ဘယ့်နှယ်ကြောင့် နပ်တယ်လို့ ပြောရပါ လိမ့်မတုံးလို့ တကာကြွယ်တို့....ဦးလှဘူးတို့က မေးခဲ့သည်ရှိသော် ဖဿပေါ်တာ ဖဿပေါ်တယ်လို့ သိသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ပျောက်ပါတယ်....(မှန်ပါ)သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ် (မှန်ပါ)။

တွေ့ရတာ ဝမ်းသာလိုက် ဘာဆိုသဖြင့် ဝေဒနာပေါ်တာ (မှန်ပါ့) သက္ကာယဒိဋ္ဌိ မပျောက်သေးဘူးလား .... (ပျောက်ပါတယ်ဘုရား)။

ဩော်....ပုဂ္ဂိုလ် သတ္တဝါပေါ်တာလား... ဝေဒနာပေါ်တာလား .. (ဝေဒနာပေါ်တာပါဘုရား)။

ဝမ်းသာတော့ ကျုပ်စိတ်ယဲ ဘယ်နှယ်ဖြစ်သွားတယ်မသိဘူး သုံးနှစ်-သုံးသီး ကွဲနေတယ်၊ မနှစ်- တနှစ်ကတည်းက ကွဲနေရတာ အင်မတန် အကွဲက ကြာတာနဲ့ ကျုပ်ဖြင့် ခင်တဲ့စိတ်ပေါ်တယ်ဆိုတော့ တဏှာမလာသေးဘူးလား....(လာပါတယ်) ဝေဒနာပစ္စယာ.... (တဏှာပါဘုရား)။

ဩော်....တကာတကာမတို့ သူများ ဖြစ်စဉ်လား....မိမိဖြစ်စဉ်လား... (မိမိဖြစ်စဉ်ပါ) မိမိဖြစ်စဉ်ဆိုတာ ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား)။

ဒီတဏှာသာ ဖြစ်လာလို့ ခင်လုံးသာ လာမယ်ဆိုလို့ရှိယင်ဖြင့် မတတ်သာလို့သာ ခွဲရကယ်၊ ကျုပ်မခွဲချင်ဘူးဆိုတဲ့ ဥပါဒါန်က ...(လာပါတယ်ဘုရား)။

ဩော် .. ခင်ဗျားတို့ ဖြစ်ချက်ကလဲ မျက်လုံးဖွင့်လိုက်လို့ .... သားကလေး မြင်လိုက်ကာရှိသေးတယ် ပဋိစ္စသမုပ္ပါဒ်က တကာကြွယ်....တဏှာ ဥပါဒါန်လာပြီဗျာ့....(လာပါပြီ)မလာသေးဘူးလား....(လာပါတယ်ဘုရား)။

တဏှာ ဥပါဒါန် လာသည်နဲ့ တပြိုင်နက်တည်း တကာ

တကာမတို့ ခန္ဓာကိုယ်ထဲ တခုပေါ်လာပြန်တယ် ... (မှန်လှပါဘုရား)။

တကျာချုပ်သွားပြီး ဥပါဒါန်ချုပ်သွားပြီးသကာလ ကာယကံနဲ့ ကျောကလေးသပ်ကာ သပ်ကာ၊ ဝစီကံနဲ့ ဘယ်လိုစားရသတုံး....ဘယ်လိုသောက်ရသတုံး....၊ မင်း လမ်းမှာ ကောင်းကောင်းမွန်မွန်မှ ရောက်ခဲ့ရဲ့လားဆိုတဲ့ ဝစီကံတွေကော မလာဘူးလား....(လာပါတယ်ဘုရား)။

မနောထဲက လိုက်လိုက်လှဲလှဲကော မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ကမ္မဘဝလို့ခေါ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က သားကလေး....(မှန်ပါ့)မျက်လုံးထဲမတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

တွေ့ရတာက ဘယ်သူတဲ့....(ဖဿပါ)တွေ့ရလို့ ဝမ်းသာတာက....(ဝေဒနာပါဘုရား)။

ဟို....သုံးနှစ်, သုံးသီးကွဲနေလို့ ခင်တာက....( တဏှာပါ ) ငါဖြင့် ဘယ်မှ နင်နဲ့ မခွဲချင်ဘူးဆိုတာက .... (ဥပါဒါန်ပါဘုရား)။

ဒါ့ကြောင့် နင်တို့ စားဘို့, သောက်ဘို့, နေဘို့, ထိုင်ဘို့ ငါတို့ အဆင်သင့်ဘဲ ရှာထားတယ်လို့ ဆိုတာက....(ကမ္မဘဝပါဘုရား)။

ကာယကံ-ဝစီကံဆိုတဲ့ ကမ္မဘဝ....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ မျက်လုံးပေါက်က ဖွင့်လိုက်တာ ကံ မြောက်သွားပြီ...(မှန်ပါ)။

မျက်လုံးပေါက်က ဖွင့်လိုက်တာ....(ကံမြောက်သွားပါတယ် ဘုရား)။

အင်း....ဒီကံကလဲ ဒီကံကို စဉ်းစားရမယ် တကာကြွယ်တို့.... ဦးလှဘူးတို့က....(မှန်ပါ)။

ဒီကံ စဉ်းစားရမယ်....ကိုယ့်သားနဲ့ ကိုယ်တွေ့တာ ဘာအပြစ် ရှိသတုံးလို့ တကာတကာမတွေကလဲ ဆင်ခြေအကြီးအကျယ် လဲ့ချင်လဲလိမ့်မယ်....(မှန်ပါ)။

မသိတဲ့ ပုဂ္ဂိုလ် အဆိပ်သီးစားတာတောင် ဘာကိစ္စရှိသတုံး ပြောချင်ပြောလိမ့်မယ်....(မှန်ပါ)။

မသိတဲ့ပုဂ္ဂိုလ် အဆိပ်သီးစားတာတောင်မှ....(ဘာကိစ္စရှိသလဲ့ ပြောချင်ပြောမှာပါဘုရား)။

သူမှ မသိဘဲ၊ သူက နောက် တနာရီလောက်ရှိ သေမှာ .... (မှန်ပါဘုရား)။

နောက် တနာရီလောက်ရှိ သေမှာကို သူ အဆိပ်သီးစားတာ ကို မသိတဲ့ ပုဂ္ဂိုလ် ဖြစ်နေတော့ မလိမ္မာတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ဘုန်းကြီးတို့တကာတကာမတွေကိုယ့်သားကလေးနဲ့တွေ့လို့ ကိုယ့် ဟာ ကိုယ်ယုယတာဘဲဆိုတော့ ယုယတာက ကံကိုးဗျ....(မှန်လှ ပါဘုရား)။

ကာယကံ ဝစီကံတွေနဲ့ ယုယတယ်၊ ပွေ့ကာ ပိုက်ကာ.... ပြောကာဆိုကာနဲ့ မရှိကြဘူးလား ... (ရှိပါတယ်) အဲဒါ ကမ္မဘဝ....(မှန်ပါ)။

ကောင်းပြီ....ဒီ ကံနဲ့ဘဲ တကာ တကာမတွေက တနေ့ ဒီကံမျိုး ဘယ်လောက် လာသတုံး....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီကံတွေသည် အပါယ်ချည်း သွားမယ်....(မှန်ပါ) စုတေယင် ပြန်ဘက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ် မသနားတဲ့ ပုဂ္ဂိုလ်ဖြင့် ဒီလမ်းအတိုင်း သွားရလိမ့်မယ်... (သွားရမှာပါဘုရား)။

ကိုယ့်ကိုယ် မသနားတဲ့ ပုဂ္ဂိုလ် ဒီလမ်းအတိုင်း သွားရတော့မယ်....(မှန်ပါ) အဲဒါကြောင့် ခင်ဗျားတို့ သိထားတာကလေးတွေဟာ မဖြစ်လောက်ဘူး တကာကြွယ်ရ ... (မှန်ပါ)။

အခု သေသေချာချာ စစ်ဆမ်းထုတ်လိုက်တဲ့ အခါကျတော့မှ ဩော်.... မျက်လုံးတပေါက် ဖွင့်လိုက်တယ် ကံမြောက်ပါပေါ့လား....(မှန်ပါ)။

မျက်လုံးတပေါက် ဖွင့်လိုက်တာနဲ့.... ( ကံမြောက်ပါတယ်ဘုရား )တနေ့ ဘယ်နှစ်ခါဖွင့်သတုံး....(မရေတွက်နိုင်ပါဘုရား) ဘယ်တော့များ ဒီ မျက်လုံး ပဋိစ္စသမုပ္ပါဒ် ဖြတ်တယ်လို့ ရှိရဲ့လား...(မရှိပါဘုရား)။

တကာကြွယ်ရေ ငါသေယင် ဒီအတိုင်းသာ သေယင် ဆွမ်းမသွတ်နဲ့လို့ ပြော....(မှန်ပါ)အပါယ်တောက်လျှောက် ဆောက်

မှုဘဲ....(ရောက်မှာပါဘုရား) ဟယ်လောက်များ ကြောက်စရာ ကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေ နားမလည်လဲ နာပါ၊ တဖြေးဖြေး နားလည်သွားမယ်....(မှန်ပါ့)ဒါမှုနားမလည် လို့ ရှိယင်လဲ ခင်ဗျားတို့ လုပ်ထားတာကလေးတွေကတော့... အားမကိုးလောက်ဘူး... ( မှန်ပါ့ ) သဘောပါကြပလား....(ပါ ပါပြီဘုရား)။

ဒီကံတွေက ခင်ဗျားတို့ကို ဘယ်သူ့ သနားတဲ့ ကံတုံး....။ 'ကမ္မ' သတ္တေ ဝိဘဇတိ' ဆိုထားတာဘဲ၊ ဘုရားတောင် မငဲ့ဘူး ကံက...(မှန်ပါ့)။

ကံဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် ချမ်းသာလိမ့်မယ်....(မှန်ပါ့) ကံ မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်...(မချမ်းသာပါဘုရား) မချမ်းသာဘူး ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့က တကာတကာမတို့ တဏှာ ဥပါ ဒါန် အုပ်ချုပ်တဲ့ ကံကိုဖြင့် အင်မတန် စက်ဆုပ်စရာ ကောင်းပါ တယ်ဆိုတော့ တကာကြွယ်... ယုံတော့နော်....(မှန်ပါ့)။

တဏှာ ဥပါဒါန်အုပ်ချုပ်တဲ့ ကံဟာ ကုံကောင်းဆိုမလား.... တံဆိုးဆိုမလား....(ကံဆိုးပါဘုရား)။

ဒါဖြင့် ဒီကံတွေကိုလဲ့ တကာတကာမတွေက မသိတော့ တွေ့ရတာက ဖဿဆိုတော့ ငါတွေ့တယ်လို့ ထင်ယင် ဒိဋ္ဌိပေါ့ ဗျာ....(မှန်ပါ့)။

ဝမ်းမြောက်ဘာက ဝေဒနာ...( မှန်ပါ ) အင်း....ငါ ဝမ်းမြောက်လိုက်ဘာဆိုတော့ ဘာဖြစ်သွားသတုံး .... ( ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒိဋ္ဌိဖြစ်သွားတယ်၊ အယူမှား ဖြစ်သွားတယ်....(မှန်ပါ) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အင်း....ဒါကြောင့် ကျုပ် ခင်ရတယ်ဆိုတော့....(တဏှာပါ) တဏှာဖြစ်တယ်၊ တဏှာကို ကျုပ်မထင်ဘူးလား .... (ထင်ပါတယ်)ထင်တော့ ဒိဋ္ဌိက ပါပြန်ပြီ ...(ပါပါတယ်ဘုရား) ဒါဖြင့် အယူမှားလား....အယူမှန်လား....(အယူမှားပါဘုရား)။

ကိုယ့်သားသမီးတော့ဖြင့် ကိုယ်ဘယ်နည်းနဲ့မှ မျက်စိအောက်က အပျောက်မခံနိုင်ဘူးဆိုတဲ့ ဥပါဒါန်ကကော....(လာပါတယ်ဘုရား) ဒါလဲ အယူမှန်လား .... အယူမှားလား....(အယူမှားပါဘုရား)။

ဒါနဲ့ ပြုကာ စုကာနဲ့ သားရေး, သမီးရေး, စီးပွါးရေးနဲ့ဘဲ ခေါင်းထဲဝင်တယ်ဆိုကြပါစို့....(မှန်ပါ)။

ဒါဖြင့် ဒီကံက တကာတကာမတို့ ခေါင်းထဲဝင်ပြီးသကာလ ဟိုဘဝ ပဋိသန္ဓေနေကြစို့နော်....(မှန်ပါ)အယူမှန်နဲ့ သေသွားသလားတဲ့ .... အယူမှားနဲ့ သေသွားသလားတဲ့ ...(အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

အဲဒါ လောကကြီးထဲမှာ ဒီတရားမျိုး နားမလည်တဲ့ပုဂ္ဂိုလ်ဟာ အယူမှားနဲ့ သေတယ်ချည့် ဆုံးဖြတ်ချက်ချ ...( မှန်ပါ ) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (အယူမှားနဲ့ချည့် သေပါဘယ်ဘုရား)။

ဒါဖြင့် ရှေးက တကာကြွယ်တို့ ဒီတရားမျိုးကလဲ မနာရ၊ ဒီလိုကလဲ ဗဟုသုတကလဲ နည်းနေတော့ ဘယ်လိုများ ဆုံးဖြတ်ချက် ချကြမလဲ၊ ဘယ်သူ သေသွားပြီဆိုယင် အယူမှန်နဲ့ သေသလား....အယူမှားနဲ့ သေသလား....(အယူမှားနဲ့ သေပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်ကဲ့လား(မပြုတ်ပါဘုရား)တဒင်္ဂတောင် ပြုတ်ပါရဲ့လား....(မပြုတ်ပါဘုရား)။

မပြုတ်တော့ သက္ကာယဒိဋ္ဌိဆိုတာ အမှတ်မှား... အယူမှား.... အသိမှား . အမှားသုံးချက်နဲ့ သေသွားတယ်....(မှန်ပါ)။

အမှတ်ကကော... (မှားပါတယ်ဘုရား) အမှတ်က ဒါ သား ကလေးလို့ မှတ်ကတည်းက အမှတ်မှား... (မှန်ပါ) ဒီ ခင်တာတွေဟာ ငါဘဲလို့ ယူလိုက်သဖြင့် အယူမှား....(မှန်ပါ)သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သေသွားတဲ့ မသာတွေဟာ တကာကြွယ်ရေ....ဘယ်လို သေသွားကြသလဲ ... (အမှတ်မှား, အယူမှား, အသိမှား နဲ့ သေသွားပါတယ်ဘုရား)။

တကာကြွယ်... ကြောက်စရာကောင်းလိုက်တာ .... (ကောင်းပါတယ်ဘုရား) ခင်ဗျား ကံကောင်းလို့ တွေ့တယ်အောက်မေ့ပါ... (မှန်ပါ)။

ဒီဘက်က တကာတကာမတွေ ဘာ့ကြောင့် တွေ့ပါလိမ့် — (ကံကောင်းလို့ တွေ့ပါတယ်ဘုရား)ကံကောင်း အကြောင်းသင့်လို့ တွေ့တယ်လို့ ဆုံးဖြတ်ချက်ချပါ။

ဘယ်လိုများ သေသွားကြတယ်ဆိုတာ ခင်ဗျားတို့ ယခု ဝေဘန်ပြောလိုက်တော့ သိပါပြီ—(မှန်ပါ)။

ဘယ်လို သေသွားကြပါလိမ့်-(အယူမှား, အမှတ်မှား, အသိမှားနဲ့ သေသွားကြပါတယ်ဘုရား)။

အဲဒါ တကာကြွယ်တို့ သိထားတဲ့ အယူမှားက တခြား .... (မှန်ပါ့)အခု သေသေချာချာ အဘိဓမ္မာနဲ့စစ်လိုက်လို့ မှားနေတဲ့ အယူမှားက တခြား....(မှန်ပါ့)။

ဒီအယူမှားနဲ့ သေသွားတယ်ဆိုတာကော ငြင်းစရာ ရှိသေးသလား....(မရှိပါဘုရား)။

ကိုင်း....တကာကြွယ်....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ဒီလို သုညဘဖြစ်တဲ့ တရား၊ ပုဂ္ဂိုလ်သတ္တဝါဆိတ်တဲ့ တရား မနာဘဲနဲ့ သေသွားလို့ရှိယင်ကွာ....တဲ့ အယူမှားနဲ့ သေသွားတာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဘာနဲ့ သေသွားသလဲ....(အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

အယူမှားနဲ့ သေသွားတယ်ဆိုကတည်းက အပါယ်လေးပါးမှ တပါး ကိုယ်ပိုင်ပစ္စည်း ဖြစ်သေးရဲ့လား....( မဖြစ်ပါဘုရား ) ဘယ်လောက် ကြောက်စရာ ကောင်းသတုံး .... (ကောင်းပါတယ်ဘုရား)ဘက်လမ်းရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ တွေ့တာ ဘာခေါ်ကြမယ်....(ဖဿပါဘုရား)။

အဲဒါလဲ ငါ တွေ့တယ်လို့ ပြောပင် ပြောငြားသော်လဲ ဖဿလို့ဘဲ စိတ်ထဲက ပြောင်းပါ....(မှန်ပါ့)သဘောကျပသား (ကျပါပြီဘုရား)။

ငမ်းသားလိုက်တာဆိုတာ ဘာပါလိမ့်....(ဝေဒနာပါဘုရား) ဒါလဲ ဝေဒနာလို့သာ မှတ်....(မှန်ပါ)ပုဂ္ဂိုလ်သတ္တဝါဟုတ်သေး ရဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ယင် ဒါပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းတဲ့သုညတမဂ်ရတယ် (မှန်ပါ) သုညတမဂ်ဉာဏ် ရပြီဆိုတာ မှတ်ပါ....( မှန်ပါ )ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ခင်တာသည်ကား တဏှာမဟုတ်လား....( မှန်ပါ ) ပုဂ္ဂိုလ် သတ္တဝါ ဟုတ်သေးရဲ့လား... (မဟုတ်ပါ) တဏှာဟာ တဏှာပါ ဘဲ... (မှန်ပါ) ယောကျ်ား-မိန်းမ ဟုတ်ပါရဲ့လား....(မဟုတ်ပါ ဘုရား)။

အင်း... ဒီလို သိပြန်တော့လဲ တကာတကာမတို့ ဒါ သုညတ ဖြစ်သွားတယ်... ( မှန်ပါ ) သုညတဆိုတာ ပုဂ္ဂိုလ်သတ္တဝါဆိတ် တာ... (မှန်ပါဘုရား)။

တဏှာပြီးတော့ တဏှာချုပ်သွားတော့ ဥပါဒါန်မလာလား (လာပါတယ်)အဲဒါကော တကာတကာမတို့ ပုဂ္ဂိုလ် သတ္တဝါ လား-ဥပါဒါန်လား.... ( ဥပါဒါန်ပါ ) ဒါဖြင့် သုညတမဆိုက် သေးဘူးလား....(ဆိုက်ပါပြီဘုရား)။

ကဲ့ဟာကော တကာတကာမတို့ ပုဂ္ဂိုလ်သတ္တဝါတဲလား- ကံစေတနာဘဲလား....( ကံစေတနာပါ ) ဒီလိုသိသွားတဲ့ ပုဂ္ဂိုလ် ကျတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိသေးရဲ့လား....( မရှိပါ )ငါပြုတာ ဆိုတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါ) ဒီလိုသိသွားတဲ့ တကာ တကာမတွေကျတော့ သုညတဆိုက်တယ်.... ( မှန်လှပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုညတဆိုက်တယ်ဆိုယင် မပူပါနဲ့တော့ တကာတကာမတို့ သုညတနိဗ္ဗာန်ကပ်သွားပြီ....(မှန်ပါ့ဘုရား)။

သုညတဆိုက်ယင်....(သုညတနိဗ္ဗာန် ကပ်သွားပါပြီ)သုညတ နိဗ္ဗာန်ကပ်သွားပြီ....(မှန်ပါ့ဘုရား)။

ဩော် .... ဒီဥစ္စာသည်ကားလို့ ဆိုယင်ဖြင့် ဆရာကောင်း သမားကောင်းက လမ်းပြလို့ ကိုယ်ကလဲဉာဏ်နဲ့ မှတ်မိပြီး သကာလ ထားမယ်ဆိုလို့ရှိယင်ဖြင့် ဩော် .... ပုဂ္ဂိုလ်သတ္တဝါ မရှိတာ အမှန်ပါလားဆိုတော့ သက္ကာယဒိဋ္ဌိက တကာတကာမ တို့ အသိနဲ့ပြုတ်သွားတယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ .. (အသိနဲ့ပြုတ်သွားပါမယ်)အသိနဲ့ ပြုတ် သွားပြီ....(မှန်ပါ့) နောင်ကျတော့ ဘုန်းကြီးက အပွားနဲ့ပြုတ် တာပြမယ်....(မှန်ပါ့) အပယ်နဲ့ပြုတ်တာကော .... (ပြမှာပါဘဲ ဘုရား)။

အဲ.... ပယ်မှုနဲ့ပြုတ်တာကိုလဲ တကာတကာမတွေ ကယ်တင်ရ မယ်ဆိုတော့ အိမ်မှာသာ နေမယ်ဆိုတော့ တကာတကာမတို့ ဒီအသံကိုကြားရပါ့မလား....(မကြားရပါဘုရား) မကြားရတော့ သက္ကာယဒိဋ္ဌိက ဘယ့်နှယ်နေသတုံး....(မပြုတ်ပါဘုရား)။

မပြုတ်တော့ တကာတကာမတို့ သက္ကာယဒိဋ္ဌိ မပြုတ်သရွေ့ အပါယ်နဲ့ အိုးစားမကွဲသေးဘူးလို့ စာအုပ်ထဲမှာလဲ ဘုန်းကြီးတို့ ဆတန်တန်ရေးတယ်....(မှန်ပါ့)ရေးတဲ့ အတိုင်းကော မဟုတ်ဘူး လား....(ဟုတ်ပါတယ်)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့်တဲ့ အခု ဘုန်းကြီးတရားဟောပြီး သကာလ တကာတကာမတွေ သယ်ယူပို့ဆောင် ကယ်တင်နေတယ်ဆိုတာ ခင်ဗျားတို့ တခြားမဟုတ်ပါဘူး၊ အကုန်အပါယ်သွားမှာမြင်လို့ တကာကြွယ် သယ်ယူပို့ဆောင်နေတာ....(မှန်ပါ့ဘုရား)။

အကုန်အပါယ်သွားမယ်....(မှန်ပါ့) ကျောင်းဆောက်ပေမဲ့ လဲ နတ်ရွာသုဂတိသွား၊ တော်တော်ကြာပြန်ကျ....(မှန်ပါ့)ဒါန တွေ ပေးလှူလို့ နတ်ရွာသုဂတိ ဦးအောင်ရောက်ချင်လဲ ရောက် သွားမယ်ပေါ့ဗျာ.... (မှန်ပါ့)သို့သော် ဒိဋ္ဌိမပြုတ်ယင် အပါယ် ပြန်ကျ....(မှန်ပါ့)ဒီသုညတ မမြင်သ၍ အပါယ်တော့ကျဦးမှာဘဲ (မှန်ပါ့)ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်း ပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်တင်မည့်တရား ဘယ်တရားပါလိမ့် (မဂ်ပါဘုရား)ရဲရဲပြော- ရဲရဲပြော။ခင်ဗျားတို့မိတ်ဆွေကို တိုးတိုး ပြောနေလို့မရဘူး....(မှန်ပါ့)ခင်ဗျားတို့ကို အကြီးဆုံးကယ်တင် မည့်တရား ဘယ်သူပါလိမ့်...(မဂ္ဂင်တရားပါဘုရား)။

ဒီမှာ အခု အသံတိုးသွားတာ ခင်ဗျားတို့ တကာကြွယ်တို့က မရိပ်မိဘူး။ ကယ်တင်မည့် မိတ်ဆွေကို မတွေ့ဘူးလို့ .... (မှန်ပါ့ ဘုရား)။

ကယ်တင်မည့် မိတ်ဆွေကို.... ( မတွေ့ဘူးလို့ပါ )မတွေ့ဘူး တော့ကို မမှတ်မိဘူး....(မှန်ပါ့) မမှတ်မိတော့ ပြောလိုက်ယင် လွဲချည့်မလား- ဒါလောက်တောင် ရိုင်းတယ်... ( မှန်ပါ့ )ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

အံ့မာလေး...ဒါတွေဘူးယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာဖြစ်ပါပြီ....(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

မတွေ့ဘူးတော့ ခင်ဗျားတို့ ကယ်တင်မှာ ဘယ်သူတုံးလို့ မေးလိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ သိထားတာက သာမည လောက်သိထားတယ်...( မှန်ပါ ) တကယ်ကိုလေသာ ငြိမ်းပြီး ဇာတ်သိမ်းအောင် ကယ်တင်မှာက ဘယ်သူပါလိမ့်.... (မဂ္ဂင်ပါ ဘုရား)။

အဲ....အားကိုးရာအစစ်ဟာ မဂ္ဂသာလျှင် ကေန်ဖြစ်တယ်လို့ မှတ်လိုက်ဇမ်းပါ....(မှန်ပါဘုရား)။

အားကိုးရာအစစ်....(မဂ္ဂင်ပါ) မဂ္ဂင်သာလျှင် ကေန်ဖြစ်တယ်လို့ ယနေ့ဆုံးဖြတ်ချက်ချ.... (မှန်ပါ) ဘုရားအဆူဆူ နိဗ္ဗာန်ပို့သွားတာ ဘယ်သူတုံး... (မဂ္ဂင်ပါဘုရား)။

ဘုရား တဆူဘဆူပွင့်တဲ့အခါ နှစ်ဆဲ့လေးသင်္ချေနဲ့ ကုဋေ ရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်း အရေအတွက်ရှိတဲ့ များပြားမှုကြီး ကို ဘယ်သူ ပို့လိုက်ပါလိမ့်....( မဂ္ဂင်ပါ )အဲဒါ ခင်ဗျားတို့ကို ကယ်တင်မည့်တရားဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နောက်ကျတော့ ခင်ဗျားတို့က ကယ်တင်မည့်လူများမေ့နေလို့ရှိယင်ဖြင့် သေပွဲသာပြန်...(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ကယ်တင်မည့်ပုဂ္ဂိုလ် မေ့နေယင်....(သေပွဲသာပြန်ရပါမယ်) ရောက်ရာသောဘ၊ ရောက်ရာသောဘ- ဒီလိုချည့် မသွားပေဘူးလား (သွားပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ တရားထူးတရားမြတ် ဆိုတာ တကာကြွယ်-မလွယ်ဘူးနော်...( မလွယ်ပါ )မလွယ်ဘူး-မလွယ်ဘူး။

ကိုင်း....တကာတကာမတို့ မျက်လုံးပေါက်က တနေ့ကို ကံ ဘယ်နှစ်ခုမြောက်သတုံး....(မရေတွက်နိုင်ပါဘုရား)။

အင်း....ကြောက်စရာကြီးပါလား၊ တကာကြွယ်....(ကြောက်စရာကောင်းပါတယ်) တံငါလဲမလုပ်ပါဘူးဗျ ခင်ဗျားတို့ — (မှန်ပါ) မလုပ်ပါဘူး၊ ကိုယ့်ဟာကိုယ်ဘဲ ပိုးထည်, ချည်ထည် ရောင်းနေကြတာ...(မှန်ပါ) ပိုးထည်, ချည်ထည်ရောင်းနေကြတဲ့ ကံ,ပါဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် ဒီကံက ပိုးထည်,ချည်ထည် ရောင်းပြီးနေတဲ့ကံ၊ကျုပ် မှုသားလဲ မပြောပါဘူးဗျာ။ ဒါလောက်ဖြင့် အရင်းကျလို့ ဒါလောက် အမြတ်ရမှာဘဲလို့ အမှန်ပြောရောင်းတာပါဘဲလို့ တကာကြွယ်ကဘဲ စကားတတ်တတ်နဲ့ ပြောစေကာမူ ဒီကံက တဏှာ,ဥပါဒါန် အုပ်ချုပ်တဲ့ကံ....(မှန်ပါ) ဆိုးကျိုးပေးမလား-ကောင်းကျိုးပေးမလား....(ဆိုးကျိုးပေးမှာပါ) ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)

တနေ့ကို ဒီမျက်လုံးပေါက်က ကံပေါင်းဘယ်လောက် .... (မရေတွက်နိုင်ပါ)နားပေါက်က....(မရေတွက်နိုင်ပါ) နှာခေါင်း ပေါက်က....(မရေတွက်နိုင်ပါ) လျှာပေါက်က.... (မရေတွက်နိုင် ပါ)ကိုယ်ပေါက်က.... ( မရေတွက်နိုင်ပါ ) မနောပေါက်က.... (မရေတွက်နိုင်ပါဘုရား)။

ခင်ဗျားတို့သေယင် သပိတ်မသွတ်နဲ့.... (မှန်ပါ) ဒီကံတွေက အလှည့်ကျ အကျိုးပေးသွားမယ်...( မှန်ပါ ) သိပ်ကြောက်စရာ ကောင်းပါတယ်....(မှန်ပါဘုရား)။

ဒီကံတွေက ဘယ်လိုတဲ့ဗျ...(အလှည့်ကျ အကျိုးပေးသွားမှာ ပါဘုရား) ကံကလဲ ဟောဒီ မျက်စိတမှိတ်မှာကို တကာတကာမ တို့ ကုဋေငါးထောင်ကျော်လောက် ဖြစ်တယ်....(မှန်ပါ)။

မျက်စိတမှိတ်မှာ .... (ကုဋေငါးထောင်ကျော် ဖြစ်ပါတယ် ဘုရား)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီလောက်ဆိုးဝါးတဲ့ ကံတွေကိုခင်ဗျားတို့လက်သတ် မွေးတော့မလား၊ဒါတွေဟာရန်သူတွေပါလားဟ...၊မသိတုန်းက လွန်ကျူးထားတာတွေပါလားဟ...၊ မင့်ကို နိုင်တဲ့ ဆေးဖြင့်မရှိ တော့ဘူးလား....၊မင်းပေးသလောက် ခံရမယ်ဆိုယင် အပါယ်က ခေါင်းပြူစရာ မရှိဘူး....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါ ပြီဘုရား)။

အပါယ်တ ဘယ့်နှယ်တုံး....( ခေါင်းပြူစရာ မရှိပါဘုရား ) ခေါင်းပြူစရာ မရှိဘူးဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါလောက် ဆိုးဝါးတဲ့ ကံတွေ အောက်မှာ ခင်ဗျားတို့ သပေါက်ဖြစ်ရမှာကို အလွန် ကြောက်စရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား)။

အပါယ်ကို တချက်ရောက်သွားမယ်ဆိုလို့ရှိယင် တကာ တကာမတို့ မပြန်တော့ဘူးလို့ ဆုံးဖြတ်ချက်ချ... (မှန်ပါ)။

အပါယ်တချက်ရောက်ယင်(မပြန်တော့ပါဘုရား) မပြန်တော့ဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ) အပါယ်က ကျွတ်တော့ကို တကာ့ကြွယ်ရေ တိရစ္ဆာန်ဘုံ တက်လိမ့်မယ်....(မှန်ပါ)။

တိရစ္ဆာန်ဘုံတက်လိုက်တော့ နိုင်ရာစားဘဝ ပါဏာတိပါတကံတွေက မများဘူးလား....(များပါတယ်)အဲဒီကံတွေက တခါ ဘယ်ပို့မလဲ...(အပါယ်ပို့ပါမယ်ဘုရား)။ *

အပါယ်ကအသက်တမ်းကုန်လို့ ကံတွေကုန်လို့ ပြန်တက်ပြန်တော့ ဘယ်ရောက်မတုံး....(တိရစ္ဆာန်ဘုံ ရောက်ပါမယ်ဘုရား)။

တိရစ္ဆာန်ဘုံကျတော့ နိုင်ရာစားဖြစ်ပြန်တော့ ဘယ်ပြန်ကျမလဲ....(အပါယ်ပြန်ကျမှာပါဘုရား) ကိုင်း....အားလုံး တကာ တကာမတို့ တချက်တိမ်းယင် မရပါဘူး....(မှန်ပါ)။

ဒါ့ကြောင့် ခင်ဗျားတို့ ဆရာဘုန်းကြီးကလဲ ပြောနိုင်တုန်း၊ ခင်ဗျားတို့ကလဲ ထောင်နိုင်တဲ့ နားနဲ့ အားထုတ်နိုင်တဲ့ ဉာဏ်ကလေးကလဲ ရှိတုန်း၊ မြန်မြန် ကိုယ့်ကိုယ် ကိုယ်တင်ပါ....(မှန်ပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ....(မြန်မြန်ကိုယ့်ကိုယ် ကယ်တင်ရပါမယ်ဘုရား)။

ဒီထဲမှာ သေခါနီးတွေကလဲ နည်းတာတွေ မဟုတ်ဘူးတော့ .... သူတို့ ပိုမိုအရေးကြီးတယ်....(မှန်ပါ)ပိုမို အရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်ပါပြီဘုရား)။

---

* ဤအခန်း၌ ငရဲကိုပင် အပါယ်ဟု ဥပစာတင်စား၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ကိုင်း....ခင်ဗျားတို့ မြို့ထဲ ရွာထဲမှာဖြင့် ဘယ်သူက ဘာစျေးကောင်းလို့....ဘယ်သူက အရောင်းအဝယ်တိုးလို့၊ ဒါ လှည့်ပြီးချီးမွမ်းနေဘို့ မလိုဘူး... (မှန်ပါ)တကာကြွယ်....လိုသေးသလား (မလိုပါဘုရား)။

ကိုယ့်ကိုယ် ကိုယ်လွတ်ရေး,ကျွတ်ရေး,ကယ်တင်ရေးသာလျှင် အရေးကြီးပါတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကယ်တင်မည့်တရား ဘယ်တရားတုံး....(မဂ္ဂင်တရားပါ ဘုရား)။

အခုမှဘဲ ပြောသံကြားနဲ့ တက်လာပေတော့တယ်-(မှန်ပါ) ကိုယ်တိုင် မလုပ်ရသေးဘူး...(မလုပ်ရသေးပါ)ကိုယ်တိုင် မလုပ်ရသေးဘူး၊ ပြောသံကြားကလေး ဩော်....အခုမှဘဲ ကိုယ့်ကယ်တင်မည့် တရားဆိုတာ သူ အစစ်ပါလားဆိုတာ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)။

ကဲ....ဦးလှဘူး ဘယ်လောက်ထိအောင် ကျုပ်တို့ ခင်ဗျားတို့

ဘဝများစွာ သံသရာက ကယ်တင်မည့်သူ ကင်းဝေးခဲ့တယ်ဆိုတာ ပြောဘို့ မလိုဘူး....(မလိုပါ) အသံတောင် မကြားဘူးအောင် ဖြစ်နေတယ်....(မှန်ပါ)။

တကာတကာမတို့ ခင်ဗျားတို့ အသံတောင် ကြားဘူးရဲ့လား...(မကြားဘူးပါဘုရား)။

ဒါဖြင့် ဘယ်တော့များ ကယ်မှု ယူမှု ခင်ဗျားတို့ ရခဲ့သတုံးလို့ မေးတော့....(မရခဲ့ပါဘုရား)။

ကုဋ္ဌိထဲက လောက်ဟာ ကုဋ္ဌိထဲဘဲ ပြန်ဖြစ်နေတာဘဲ၊ ကယ်မည့် လူကို မလာဘူးလား....(မလာပါဘုရား)။

ဘယ်နှယ်ကြောင့် မလာပါလိမ့်မတုံးဆိုတော့ ကယ်မည့်လူကလဲ ဒီ ကုဋ္ဌိထဲက လောက်ထယ်လို့ ဘာမှထူးမှာမဟုတ်ပါဘူး၊ သွားလဲ မသွားချင်ဘူး၊ဒီထဲ နံကန် - စော်ကစော်နဲ့ ဆိုပြီး ဒီထဲမေး ဒီထဲသေချည့် လာခဲ့ကြတယ်လို့ ဆုံးဖြတ်ချက်ချပါ .... (မှန်ပါဘုရား)။

ဒီပဋိသန္ဓေ အိုဘေး, နာဘေးနဲ့ဘဲနေ၊ ပဋိသန္ဓေ အိုဘေး နာဘေးနဲ့ဘဲသေ .... ( မှန်ပါ ) နောင်တခါ ဖြစ်ပြန်တော့လဲ ပဋိသန္ဓေ အိုဘေး,နာဘေး, သေဘေးဆိုတဲ့ ကုဋ္ဌိထဲမှာဘဲပေါက်ပွား....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေတော့လဲ ဒီကြားထဲမှာဘဲ သေပြီး ဒီဘဝထဲမှာဘဲ သေလိုက်ဆိုတော့ တကာကြွယ် မဂ္ဂင်ဆိုတာ အသံမကြားဘူးပါဘူး (မကြားဘူးပါဘုရား)။

နောက်က ဇကာတကာမှတွေ ကြားဘူးရဲ့လား....(မကြားဘူးပါဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့တရားမှာဖြင့် ကယ်မည့်ယူမည့်လူတွေ့တဲ့တရား....(မှန်ပါဘုရား)ဘာပါလိမ့်....(ကယ်မည့်ယူမည့်လူတွေ့တဲ့တရားပါဘုရား)။

နေရာတော့ကျပြီ.... ( မှန်ပါ ) သို့သော် ကယ်မည့် ယူမည့်သူကိုတော့ နာမည်တော့ မှတ်မိပြီဘုရား၊ ပုဂ္ဂိုလ်လက်ညှိုးညွှန်

ပါဦး...(မှန်ပါ) အခုဟာ နာမည်မှတ်မိသေးတယ် .... (မှန်ပါ ဘုရား)။

ကယ်မည့် ယူမည့်လူတော့တွေ့ပြီ တကာတကာမတို့ မျက်စိ မျက်နှာမမှတ်မိဘူး....(မှန်ပါ) သဘောကျပလား .... (ကျပါပြီ ဘုရား)။

မျက်စိမျက်နှာက....(မမှတ်မိပါ)မျက်စိမျက်နှာ မမှတ်မိသေး တော့ ဒီပုဂ္ဂိုလ်ဟာ ကိုယ့်အထဲမှာ ဘယ်အချိန်ဘဲတွေ့တွေ့ သူမှ အစစ်ဘဲဆိုပြီး ကိုယ့်ဝမ်းထဲရောက်အောင် သွင်းရလိမ့်မယ် .... (မှန်ပါ)ဒီတရား ကိုယ့်ဝမ်းထဲရောက်အောင် သွင်းရလိမ့်ဦးမယ်.... (မှန်ပါ)ပေါ်ကြဲပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ဝမ်းထဲရောက်အောင် သွင်းရမှာဖြစ်နေတော့ တကာတကာမတို့ ပြောသံကြားနဲ့ဘဲ ကျုပ်တို့က သူ့ကိုကယ် တင်ပါဆိုလို့ လက်ညှိုးမညွှန်တတ်တော့ သူရယ်လို့လဲ မသိတော့ ဆယ်တင်မှာမဟုတ်ပါဘူး....(မှန်ပါဘုရား)။

ကိုယ့်ဝမ်းထဲ ကိုယ့်ဉာဏ်ထဲကို ရောက်မှကယ်တင်တော့မယ် ဆိုတာကိုလဲ သေသေချာချာမှတ်ပါ....(မှန်ပါ) ဘယ်လိုမှတ်ကြ မယ် .... (ကိုယ့်ဝမ်းထဲ ကိုယ့်ဉာဏ်ထဲရောက်မှ ကယ်တင်မှာပါ ဘုရား)။

အဲဒါက ဆုတောင်းနဲ့ မရဘူး....(မှန်ပါ) ကယ်မည့် ယူမည့် လူဖြင့်ဘုရား ရောက်ရာဘဝ တွေ့ရပါလို၏။မတွေ့ဘူး....(မှန်ပါ) ကိုယ်တိုင်ပွားယူမှ ရောက်မှာ....(မှန်ပါဘုရား)။

ဘယ်လိုပါလိမ့်... (ကိုယ်တိုင်ပွားယူမှ ရောက်မှာပါ)ကိုယ်တိုင် ပွားယူမှ ရောက်မယ်ဆိုတာ တကာတကာမတွေ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စနဲ့ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကလဲ ဘာဝေတဗ္ဗကိစ္စဆိုတာ တခြားအောက်မေ့မနေနဲ့၊ ဝိပဿနာမဂ်ကိုဆိုတာ... (မှန်ပါဘုရား)။

ဘာဆိုတာပါလိမ့်(ဝိပဿနာမဂ်ကို ဆိုတာပါ)ဝိပဿနာမဂ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာမဂ်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးလိုက်တော့မှ ကိုယ့်ခန္ဓာ၏ အနိစ္စဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်မဂ်ကို ဆိုပါတယ်... (မှန်ပါဘုရား)။

ကိုယ့်ခန္ဓာ၏ အနိစ္စဖြစ်ပျက်ကို.... (မြင်တဲ့ ဉာဏ်မဂ်ကို ဆိုပါတယ်ဘုရား)။

အဲဒီဉာဏ်မဂ်ဘဲ ကယ်တာ....(မှန်ပါ) ဉာဏ်မဂ်က ဘယ်လိုတယ်မလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဉာဏ်မဂ်က ဟိုဘဝ ပဋိသန္ဓေနေတတ်တဲ့ ဒုက္ခပေးတဲ့ ကိလေသာကိုလဲ သူကဘဲ သတ်ပေးမယ်....(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဟောဒါ ဒုက္ခသစ္စာလို့လဲ သူကဘဲ ပြောပေးမယ်....(မှန်ပါ) ဟောဒါ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်လို့ဆိုတာလဲ သူကဘဲ တကာတကာမတို့ ပြောပေးမယ်...(မှန်ပါ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခထဲမှ တယ်တင်နိုင်တဲ့တရား ဘယ်သူပါလိမ့် ... (မဂ္ဂင်တရားပါဘုရား)။

ဒါကို သူက မိတ်ဆွေ လုပ်ရမှာလား၊ ကိုယ်က မိတ်ဆွေလုပ် ရမှာလား .. (ကိုယ်က မိတ်ဆွေလုပ်ရမှာပါဘုရား)။

ရော....သူက စွမ်းရည်သတ္တိရှိလို့ ကယ်တင်တဲ့ တရားဘဲ .. ၊ သူက ခင်ဗျားတို့ အောက်ကို ကျုပ် ရှက်ဆောင်ပေးပါရစေ.... မျိုးတော့ မလာဘူး .... (မလာပါ) ခင်ဗျားတို့က နှုတ်ဆက်မှ ရမယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက နှုတ်ဆက်ရမတုံး....(တပည့်တော်တို့က နှုတ်ဆက် ရပါမယ်ဘုရား) ခင်ဗျားတို့က မဂ္ဂင်ပေါ်အောင် ခဏခဏ နှုတ် ဆက်ရမယ်....( မှန်ပါဘုရား )သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာအလုပ် မလုပ်ယင် ရကို မရဘူး....(မရပါဘုရား) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ဘာလုပ်ရမလဲ... ( ဝိပဿနာအလုပ် လုပ်ရပါမယ်ဘုရား ) ဝိပဿနာအလုပ် လုပ်ရမယ်ဆိုတာ သေချာပလား....(သေချာပါ ပြီဘုရား)။

ကိုင်း....ဝိပဿနာအလုပ် လုပ်တဲ့အခါကျတော့ ကယ်မည့် ယူမည့်လူ ဝမ်းထဲရောက်နေတယ်....(မှန်ပါ)ဝိပဿနာလုပ် လုပ် လိုက်တဲ့အခါကျတော့ (ကယ်မည့် ယူမည့်လူ ဝမ်းထဲ ရောက် ပါတယ်ဘုရား)။

ဝမ်းထဲ ရောက်နေတဲ့ တရား ဖြစ်သောကြောင့် တကာ တကာမတွေ လှေထဲမှာ အင်ဂျင်စက်တခု တပ်ထားတယ်....(မှန် လှပါ)ဒီလှေကို စုန်ချင်လဲ ဒီ အင်ဂျင်စက် မောင်းမှာဘဲ....(မှန် လှပါ) ဒီလှေကို ဆန်ချင်ယင်ကော . (ဒီအင်ဂျင်စက် မောင်းမှာ

ပါဘဲဘုရား) ဒီလှေကို မကွဲအောင် တုံးနဲ့ တိုင်နဲ့ ကျောက် ဆောင်နဲ့ မတိုက်အောင် ရှက်ဆောင်ပေးတာကော—(ဒီအင်ဂျင် စက်ပါဘဲဘုရား)။

ဒီအတိုင်းဘဲတဲ့....ခင်ဗျားတို့ ခန္ဓာလှေထဲမှာ မဂ္ဂင်ကဘဲ လိုရာ ဆောင်လိမ့်မယ်....(မှန်ပါ့) မဂ္ဂင်မှတပါး တခြားသော တရား တွေကဖြင့် ဒါလောက် ဆောင်နိုင်လိမ့်မယ်လို့ မအောက်မေ့ ပါနဲ့ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် ဘာအားကိုး ကြမယ်....(မဂ္ဂင်အားကိုးကြပါမယ်ဘုရား)။

ကျုပ်တို့ဖြင့် အမေသေသွားမှာ သိပ်စိုးရိမ်တယ် လုပ်မနေနဲ့ (မှန်ပါ့) အမေသေလို့လဲ သေသေ ခင်ဗျားတို့ အားကိုးရာ မဟုတ်ပါဘူး....(မှန်ပါ့)။

အဖေသေလို့လဲ သေသေ....(အားကိုးရာ မဟုတ်ပါဘုရား) ခင်ဗျားတို့ အားကိုးရာ အစစ်က.... (မဂ္ဂင်ပါဘုရား) တကာ ကြွယ်ရေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အမေနဲ့ သမီးနဲ့, အမေနဲ့ သားနဲ့ ရန်တိုက်တယ်လို့ .... အောက်မေ့မနေနဲ့၊ ခင်ဗျားတို့က ရန်တိုက်တာတောင် ရန်ဖြစ် တဲ့ လူတွေ မဟုတ်ဘူး....( မှန်ပါ့ ) အတော်ဆိုးနေတယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ တကယ် ကယ်မည့်ယူမည့် တရား ဘယ်သူပါလိမ့်....(မဂ္ဂင်ပါဘုရား) ရှင်းပလား... (ရှင်းပါ ပြီဘုရား)။

ကဲ....မဂ္ဂင်တရား နက်ဖြန်မှ ပေးသနာမယ်ဆိုတာ အောက် မေ့လိုက်....(မှန်ပါ့ဘုရား)။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မှာရှိ၍ - ဟောကြားတော်မူသော

( ဝဋ်ကျွတ်၊ ကံ့ဖြတ် )

# နေ့အလုပ်ပေး-တရားတော်

( ၂၉ - ၇ - ၆၁ )

တကာ တကာမတို့အား ကယ်မည့် ယူမည့် တရားသည် အဘယ်တရားပါလိမ့်မလဲလို့ သေသေချာချာ မေးလို့ရှိယင်ဖြင့် မဂ္ဂင်တရားလို့ မှက်ကြပါ....(မှန်ပါ့)။

တကာတကာမတို့ ကယ်မည့်ယူမည့်တရားဟာ အဘယ်တရားပါလိမ့်....( မဂ္ဂင်တရားပါ ) မဂ္ဂင်တရားမှ တပါး ကိုးစားစရာ အားကိုးစရာ မရှိဘူး....(မှန်ပါ့)။

ဒါက ဘာကို ပြောလိုက်ပါလိမ့်မလဲလို့ တကာကြွယ်တို့က မေးမေး, တကာသစ်တို့က မေးမေး၊ စစ်နိုင်သလောက် အစစ်ကို ရွေးတော့ သူဘဲ ရတယ်....(မှန်ပါ့)။

ဒါနစေတနာက ကယ်နိုင်ပါတယ်၊ ယာယီဘဲလို့ မှတ်ပါ (မှန်ပါ့) သီလစေတနာတွေက ကယ်နိုင်ပါတယ်၊ ယာယီဘဲလို့ မှတ်ပါ....(မှန်ပါ့) အပါယ်လေးပါးအမြစ်က မပြတ်သေးဘူး ... (မှန်ပါ့)။

သမထစေတနာတွေ သမထသမာဓိတွေက ကယ်ယူ ပို့ဆောင်နိုင်ပါတယ်၊ ယာယီဘဲလို့ မှတ်ပါ....(မှန်ပါ)။

ဝိပဿနာ, မဂ်ဉာဏ်မှသာလျှင် အပါယ်လေးပါးမှ လုံးဝကင်းလွတ်နိုင်တယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာ မှတ်ထားပါ....(မှန်ပါ)။

ဒါကြောင့် တကာတကာမတို့ကို တကယ်တမ်း သယ်ယူပို့ဆောင်ပြီးသကာလ ချမ်းသာတဲ့ နေရာသောင်ကျွန်းသို့ ပို့ဘိုရာအကြောင်း တရားစစ် အမှန်ဖြစ်တာကဖြင့် မဂ္ဂင်ဘဲလို့မှတ်ထားကြပါ....(မှန်ပါ)။

၎င်းမဂ္ဂင်သည် တကာတကာမတို့ ပွါးများယူမှ ရမှာကို ဆုတောင်းယူယင် ဝေးသောအကြောင်း၊ ပွါးများယူယင် နီးသောအကြောင်းလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဆုတောင်းယူယင်.... (ဝေးသောအကြောင်းပါ) ဝေးသောအကြောင်း ဆိုတာက ဘယ်လောက်ထိအောင် ဝေးမယ်လို့ အတိုင်းအထွာ မရှိဘူး....( မှန်ပါ ) လုပ်ရမယ်ဆိုလို့ရှိယင်ဖြင့် ညနေ အားထုတ်ယင် မနက်ရတယ်... (မှန်ပါ)မနက် အားထုတ်ယင်....(ညနေရပါတယ်ဘုရား)။

အဲဒါတွေ သိထားတော့ ဩော်....အနာရောဂါဆိုတာ မြန်မြန် ပျောက်တာနဲ့ ခပ်ဖြေးဖြေး နှေးနှေးပျောက်တာ ဘယ်ဟာကြိုက်ပါလိမ့်မလဲ....(မြန်မြန်ပျောက်တာ ကြိုက်ပါတယ် ဘုရား)။

ခန္ဓာကိုယ်ကြီးက ရောဂတော... လို့ ဆိုထားပါတယ် ....(မှန်ပါ) ရောဂါမျိုးစုံ အကုန်စုံတာ ဆိုတာ ခန္ဓာကိုယ်ကြီးလို့ မှတ်ပါ....(မှန်ပါ)။

ရောဂါမျိုးစုံ အကုန်စုံတာက....( ခန္ဓာကိုယ်ကြီးပါ )အဲဒီ ခန္ဓာကိုယ်ကြီးက ရောဂါလို့ သိပြီးဆိုမှဖြင့် ရောဂါပျောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်တရားကောင်းကို တကာတကာမတွေ မရ-ရအောင် တကာတကာမတွေ ကြိုးစားလို့ရှိယင်ဖြင့် ဆုတောင်းလျှော့ပြီးသကာလ အလုပ် သွက်လက်ပေးလိုက်လို့ ရှိယင်ဖြင့် တကာသစ် မရ မရှိပါဘူး....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ရောဂါရှိတဲ့ ပုဂ္ဂိုလ်ဟာ ဈေးရောင်းနေဘို့ မလိုပါဘူး....(မှန်ပါ့)ရောဂါရှိတဲ့ ပုဂ္ဂိုလ်ဟာ အထည်တွေ ရက္ကန်းထောင်နေဘို့ မလိုသေးပါဘူး....( မှန်ပါ့ ) ရောဂါပျောက်ပြီးမှ တခြားအလုပ်တွေ လုပ်ဘို့ကောင်းပါတယ် (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေကို ငတ်အောင် တိုက်တွန်းနေတာလားလို့ မဆိုလိုပါဘူး....( မှန်ပါ့ )ငတ်လို့ လုပ်နေတဲ့ဥစ္စာ ဘယ်တော့မှ အငတ်မပြေတဲ့ အလုပ်·လုပ်နေလို့ ဒီအလုပ်ဟာဖြင့် အဆာပြေအလုပ်လဲ မဟုတ်ဘူး၊အငတ်ပျောက် အလုပ်လဲ မဟုတ်ဘူး ဆိုပြီးသကာလ မလိုချင်မှ အငတ်ပျောက် တယ်ဆိုတာသာ မဂ္ဂင်မှ ပေးစွမ်းနိုင်ပါတယ် .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာ တကာမတွေသည်ကားလို့ ဆိုလို့ရှိယင် ကိုယ့်ကိုယ်ကယ်တင်မည့် အရေးသည် မဂ္ဂင်ဘဲလို့ ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကိုယ့်ကိုယ် အငတ်ပျောက်တဲ့ အရေးသည်....(မဂ္ဂင်ပါ)ကိုယ့်ကိုယ်ကြီးမှာ အနာမျိုးစုံ ပျောက်တဲ့ အရေးသည်....(မဂ္ဂင်ပါ ဘုရား)။

သိပြီ....တဲ့၊ ဒါဖြင့် ခန္ဓာဇာတ်သိမ်း ငြိမ်းမှ ချမ်းသာမှာ ဘဲဆိုတဲ့ နိဗ္ဗာန်ပေါ်လာတယ်....(မှန်ပါ့)ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ပေါ်လာလိမ့်မယ်....(မှန်ပါ့)ကိုင်း....ဒါဖြင့်နိဗ္ဗာန်ဆိုတာ တကာတကာမတို့အလုပ်-လုပ်ယူမှုရမယ်ဆိုတဲ့အကြောင်းကောင်း ကောင်းသိတော့ အလုပ် မလုပ်ယင် သံသရာထဲမှာ အိုဘေး၊နာ ဘေး၊သေဘေးက ကိုယ်ပိုင်ပစ္စည်းလို့ မှတ်ပါ....(မှန်ပါ့)။

အလုပ်-မလုပ်လို့ရှိယင်ဖြင့်... (အိုဘေး၊ နာဘေး၊ သေဘေး ဟာ ကိုယ်ပိုင်ပစ္စည်းပါဘုရား) အိုဘေး၊နာဘေး၊သေဘေးသည် ကိုယ်ပိုင်ပစ္စည်းလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

တကာတကာမတွေ စိတ်ထဲကလဲ မအိုချင်ပါဘူး၊ မနာချင် ပါဘူး၊ မသေချင်ပါဘူး၊ မမွဲချင်ပါဘူး၊ မခွဲချင်ပါဘူးနဲ့ စိတ် ထားကတော့ တမျိုး၊ အလုပ်သွားကတော့ဖြင့် အိုဘေး၊ နာ ဘေး၊ သေဘေးပေါ်မှာချည်းဘဲ လမ်းလျှောက်နေတယ်....(မှန် လှပါဘုရား)။

ဒါ့ကြောင့် ဒီကနေ့ အချိန်ကောင်းရခိုက်ကို ပြင်လိုက်ကြပါ ဆိုတာကို ဆရာဘုန်းကြီးက မေတ္တာရှေ့ထားပြီး သတိတရား ဖြင့် ပေးအပ်ထားတယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် အပါယ်သွားတတ်တဲ့ တရား၊ ငါတို့ ရိုးရိုး နေတာသည် ဘယ်တရားပါလိမ့်မလဲ .... မသိလို့ နေတာသည် ဘယ်တရားပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် တကာသစ်ရေ . အပါယ်သွားတဲ့ .... တရားလို့ မှတ်လိုက်စမ်းပါ .... (မှန်လှပါ ဘုရား)။

နည်းနည်းကလေး တကာတကာမတွေ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် တမျိုးကလေး မှတ်လိုက်ပါဦး....၊ ဒီတကာတကာမတွေ၏ သား ကလေး....သမီးကလေးက အမေရယ်၊ အဖေရယ်လို့ ခေါ်လိုက် တဲ့ အခါကျတော့ .... နားနဲ့ မထိဘူးလား .... (ထိပါတယ် ဘုရား)။

နားနဲ့ ထိတာသည် နားနဲ့ အသံနဲ့ ဆက်သွယ်ပေးတဲ့တရား က ဖဿတရား....( မှန်ပါ့ )ဪ....အသံကလေး ကြားရတာ ဝမ်းသာလိုက်တာ ဆိုတာက ဝေဒနာတရား - (မှန်ပါ့)။

ဒါဖြင့် နားနဲ့ အသံနဲ့ ထိလိုက်တာက ဘာတဲ့....(ဖဿပါ ဘုရား) ဖဿလဲ ထိခိုက်ပါရော တကာတကာမတို့ အသံကလေး က အားရှိစရာဘဲဆိုပြီး ဝမ်းသာဘာက ဘာပါလိမ့်....(ဝေဒ နာပါဘုရား)။

ဪ....တကာတကာမတို့ သားသမီးကြားမှာ နေရတာ - ခင်ပွန်းမတွေ ကြားထဲ ခင်ပွန်းသည်တွေကြားထဲ နေရတာသည် ဒီအသံက ကြားရလိမ့်မယ်... (မှန်ပါ့)။

ဒီအသံ ကြားရလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမ တွေ ဖဿပေါ်တော့မယ်....(မှန်ပါ့)။

ဖဿပေါ်လို့ရှိယင် ကြားရတာ ကောင်းတယ်၊ ကြားရတာ စိတ်မချမ်းသာဘူးဆိုတဲ့ ဝေဒနာနှစ်မျိုး တမျိုးမျိုးပေါ်ရမယ်- (ပေါ်ရပါမယ်)မပေါ်ရဘူးလား....(ပေါ်ရပါတယ်ဘုရား)။

ပေါ်တာက တကာတကာမတို့ အလိုလိုပေါ်တာလား....

ဖဿကြောင့် ပေါ်တာလား .... (ဖဿကြောင့် ပေါ်တာပါ ဘုရား)။

ဖဿမရှိတဲ့လူ သေတော့ ဘယ်လိုပင် လူတွေဝိုင်းငိုကြွေးသော်လဲ လူသေက ပြန်ပြောတယ်လို့ ထုံးစံ မရှိပါဘူး....( မရှိပါ ) အဲဒါ ဖဿနိရောဓ ဖြစ်လေသောကြောင့် ဝေဒနာနိရောဓ ဖြစ်နေတယ်....(မှန်ပါ့)။

ဖဿချုပ်လို့....(ဝေဒနာချုပ်ပါတယ်) နိဗ္ဗာန်ရောက် ချုပ်တာတော့ မဟုတ်ဘူးပေါ့ဗျာ....(မှန်ပါ့)။

သူ့ ပင်ကိုယ်သဘောအားဖြင့် ချုပ်နေတယ်လို့ မှတ်လိုက်တာပေါ့... (မှန်ပါ့)။

ကြားရတာ ကောင်းတယ်ဆိုတော့ ဝေဒနာပေါ်လာတယ်၊ ဝေဒနာ ပေါ်လိုက်သည်နှင့် တပြိုင်နက်တည်း အင်း အိမ်နား ရောက်လာလို့ ကြားလဲကြားရ- ဝမ်းလဲသာရသည်ဖြစ်လေသောကြောင့် အခုမှဘဲတဲ့ ခင်လိုမင်လိုတဲ့ ပုဂ္ဂိုလ်နဲ့ ခင်တွေ့ မင်တွေ့ တွေ့ရတော့တယ် ဆိုတာကတော့ ခင်တတ်တဲ့ တဏှာကလေး မလာဘူးလား....(လာပါတယ်) ဝေဒနာပစ္စယာ....(တဏှာပါ ဘုရား)။

မှတ်ထားကြပါ- မှတ်ထားကြပါ၊ ဒါ သူများဖြစ်စဉ်လား၊ (ကိုယ်ကြားတဲ့အခါမှာ ဖြစ်စဉ်ပါဘုရား)။

တကာကြွယ် သေသေချာချာမှတ်ပါ၊ ကြားတဲ့ဖြစ်စဉ်ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ကြားတော့ အင်း .... တကာတကာမ တို့က ကောင်းတယ်။ ကောင်းတဲ့အခါကျလို့ရှိယင် နှစ်သက်တယ်။ နှစ်သက်တာက တဏှာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

နှစ်သက်ရုံတွင်မကဘူး ဒီအနေရာက ခွာတာကို မကြိုက်ဘူး ဆိုတာက ဘာပါလိမ့်....(ဥပါဒါန်ပါ) ဥပါဒါန် စွဲလမ်းသွားတယ်....(မှန်ပါ့)တဏှာပစ္စယာ....(ဥပါဒါနံပါဘုရား)။

အင်း...တကာသစ်တို့၊ တကာကြွယ်တို့၊ ဦးလှဘူးတို့ စဉ်းစားပါဦးဆိုတာ သတိပေးရတယ်....(မှန်ပါ့)ဒီအတိုင်းဖြစ်ကြသလား လို့ မေးယင် ဘယ့်နှယ်ဖြေမလဲ .... (ဒီအတိုင်းဖြစ်ပါတယ် ဘုရား)။

ဒီအတိုင်းဖြစ်တယ်၊ ဒါ ခန္ဓာ၏ဖြစ်စဉ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်သူ၏ ဖြစ်စဉ်ပါလိမ့်(ခန္ဓာ၏ ဖြစ်စဉ်ပါ) ခန္ဓာ၏ဖြစ်စဉ် လို့ သေသေချာချာမှတ်ပါ.... ( မှန်ပါ့ )စွဲလမ်းသွားသည်တိုင် အောင် ရောက်သွားပြီ .. (မှန်ပါ့ဘုရား)။

ဥပါဒါန် စွဲလမ်းပြီဆိုမှဖြင့် သူ့အတွက် ကျွေးချင်တဲ့-အင်း- ကိုယ်တိုင်ထ,ပြီး သကာလ ထမင်းပွဲ, ဟင်းပွဲ, ကာဖီ အစရှိသည် တို့ ပြင်ခြင်း ဆင်ခြင်းနဲ့ ကာယကံတွေ စားပါဦး-သောက်ပါဦး နဲ့ မြိန်မြိန်ရှက်ရှက်ဆိုတဲ့ ပြောဆိုတဲ့ ဝစီကံတွေ မရှိပေဘူး လား....(ရှိပါတယ်ဘုရား)။

ဒါ ဘယ်ပုဂ္ဂိုလ်လဲ။မစွဲလမ်းတဲ့ပုဂ္ဂိုလ်မှ ဒီအလုပ်,လုပ်ဖြစ်တာ (မှန်ပါ့)စွဲလမ်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကံအလုပ်တွေ ဘယ့်နှယ်

နေသတုံး... (လုပ်ပါတယ်) ဒါဖြင့် ဥပါဒါနပစ္စယာ .... (ကမ္မဘဝေါပါဘုရား)။

တကာတကာမတို့ ဒါ နားပေါက်ကလာတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ့ဘုရား)။

အင်း .. ဘယ်ကလာတာပါလိမ့် .... (နားပေါက်က လာတာပါဘုရား)နားပေါက်က လာတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် .... (မှန်ပါ့ဘုရား)။

ဘယ်ကလာပါလိမ့် ... ( နားပေါက်ကပါ ) နားပေါက်ကလာတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ဆိုတာ သိထားတော့ ဩော်....ငါတို့သည် နားပေါက်က ကြားလိုက်လို့ ရှိယင်ဖြင့် ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်,ကံ ဖြစ်တယ်....(မှန်ပါ့ဘုရား)။

နားပေါက်က ကြားလိုက်ယင်.... (ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကံဖြစ်ပါတယ်ဘုရား)။

တကာတကာမတို့ နားပေါက်က ကြားလိုက်ယင်ဘာတဲ့ .... (ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ကံဖြစ်ပါတယ်)ဖဿ,ဝေဒနာ, တဏှာ,ဥပါဒါန်ကံ....(မှန်ပါ့ဘုရား)။

ဩော်....တကာတကာမတို့ ခင်ဗျားတို့ နားကြားတဲ့ ဥစ္စာသည် ကံမြောက်သွားပြီ.... ( မှန်ပါ့ )နားကြားတာ ဘယ့်နှယ်တုံး....(ကံမြောက်သွားပါပြီဘုရား)။

ဒါမသေသေးဘူးနော် .... ( မှန်ပါ့ ) မသေသေးဘူး ကံမြောက်ရုံဘဲလုပ်ထားတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ သေပလား- ကံပြောက်ရှိဘဲလား .... (ကံပြောက်ရှိပါဘုရား)။

ကိုင်း....ဒီကံနဲ့ မသေသေးတော့ နောက်တခါ သားအငယ်က ခေါ်ပြန်တော့လဲ ဒီလိုဘဲလာမှာဘဲ....(မှန်ပါ) ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်,ကံ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

သားကြား- သမီးကြားနေရတော့ ခေါ်သံ ပြောသံတွေ ကြားရတော့ တနေ့ ကံပေါင်းဘယ်လောက်တုံး ....(မရေတွက်နိုင်ပါဘုရား)။

ဩော်.... တကာတကာမတို့ သိပ်ကံပေါတဲ့ တကာဘကာမ တွေပါလားလို့ ဆိုယင်ကော လွဲပါ့မလား.... (မလွဲပါ) ရှင်းပြီ နော် (ရှင်းပါပြီဘုရား)။

ကိုင်း....တကာသစ်ရေ ဒီပုဂ္ဂိုလ်ဟာ သားကြား, သမီးကြား မှာဘဲ ဒီကံတွေက အများကြီးပေါ့ဗျာ....(မှန်ပါ)သေကြပါစို့ လို့ ဒီပုဂ္ဂိုလ်တွေ သေကြပါစို့ဆိုတော့ ကမ္မဘဝပစ္စယာဇာတိ ဆိုတဲ့ ခန္ဓာငါးပါးလာမယ်....(မှန်ပါဘုရား)။

ဒီခန္ဓာငါးပါးက ရိုးရိုးခန္ဓာငါးပါးလားလို့ မေးတဲ့အခါ ကျတော့ ငရဲခန္ဓာငါးပါး .... ( မှန်ပါ ) ပြိတ္တာခန္ဓာငါးပါး၊ တိရစ္ဆာန်ခန္ဓာငါးပါး၊ အသုရကယ်ခန္ဓာ ငါးပါး....( မှန်ပါ ) သားသမီး စွဲလမ်းပြီးသကာလ ဖြစ်တဲ့ ကံကြောင့်ဖြစ်တာကိုးဗျ (မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကံက တကံကို တခါဖြစ်ရမယ် ဆိုတော့ တနေ့လျှင် ကံပေါင်း ဘယ်လောက်ပါလိမ့် .... (မရေတွက်နိုင်ပါ) အပါယ်ကလွတ်ရက် ဘယ့်နှယ်နေသတုံး.... (မရှိပါဘုရား)ဒါ ကိုယ့်ဖြစ်စဉ်ဗျ....(မှန်ပါဘုရား)။

တကာတကာမတို့ ဘယ်သူ့ဖြစ်စဉ် ပါလိမ့်.... (ကိုယ့်ဖြစ်စဉ်ပါ) တယောက်တည်း ဖြစ်စဉ်လား။ အားလုံးဖြစ်စဉ်လား .... (အားလုံးဖြစ်စဉ်ပါဘုရား)။

အဲဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ သူတော်ကောင်းနားကပ်ပြီး သကာလ တရား ဥပါဒါန်, ကံ ပြတ်တဲ့ တရားများ ကြိုးစားကြစမ်းပါကွာ။မင်းတို့ကြိုးစားလို့ရှိယင်ဖြင့် ငါသဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါ လူတသိန်းသေလို့ သုဂတိတယောက်မရောက်ဘူး၊ အပါယ်ချည့်သွားတယ် (မှန်ပါဘုရား)။

လူတသိန်းသေလို့....(သုဂတိ တယောက်မရောက်ပါဘုရား။ အပါယ်ချည့်သွားပါတယ်ဘုရား)။

သုဂတိ တယောက်ရောက်ဘို့ အင်မတန်ခဲယဉ်းတယ်၊အပါယ်ချည့်သွားတယ်ကွတဲ့....(မှန်ပါဘုရား)။

ဒါ တကာဘကာမတို့ နားပေါက်ကနေပြီး အပါယ်သွားတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်ကနေသွားတာတုံး .... (နားပေါက်ကနေပြီး အပါယ်သွားတာပါဘုရား)။

တကာကြွယ် မသိတော့လဲ ကိုယ့်သားကလေး အသံကြားနေတော့လဲ ကျုပ်က စိတ်အေးတယ်လို့ ပြောတယ်.... (မှန်ပါ) ကျုပ်က အခုမှ ဘဝင်ကျသွားတယ်၊ သူတို့အိမ် ရောက်သွားမှ သူတို့အသံကလေးကြားရမှ ကျုပ်ကစိတ်ချမ်းသာတာလို့ ပြောတယ် .. (မှန်ပါဘုရား)။

စိတ်ချမ်းသာတာက ဝေဒနာကိုးဗျ .... ( မှန်ပါ )ဝေဒနာ ပစ္စယာ....( တဏှာပါ )တဏှာပစ္စယာ .. (ဥပါဒါန်ပါ) ဥပါဒါနပစ္စယာ....( ကမ္မဘဝေပါဘုရား )။

ကဲ....တကာကြွယ်တယောက်ဘဲ စုတေစိတ်အဖြစ်သို့ ရောက်ကြပါစို့ဆိုတော့၊ ကမ္မဘဝပစ္စယာ....(ဇာတိပါ)ဟာ....အပါယ်လေးပါး ဇာတိပါလား....(မှန်ပါဘုရား)။

တကာတကာမတို့ ဘာဇာတိပါလိမ့် .... (အပါယ်လေးပါး ဇာတိပါဘုရား)။

ခင်ဗျားတို့က မသိတဲ့ပုဂ္ဂိုလ်တွေက အင်း....တကာကြွယ်ကြီးဖြင့် ယခုအချိန်မှာ ကျောင်းတွေ ကန်တွေ ဘုရားတွေနဲ့သူတော်ကောင်းစိတ်တွေနဲ့ လားရာ နတ်သား,နတ်သမီးတွေနဲ့ ပျော်ရွှာရေ့မယ်လို့ အောက်မေ့တယ်။ ဟိုမှာ အော်ကာ အင်ကာနဲ့ ခံနေရတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ တကာကြွယ်ရေ ဒီတဏှာ,ဥပါဒါန် အုပ်ချုပ်တဲ့ ကံကပစ်ချလိုက်လို့ .... (မှန်ပါဘုရား)။

တဏှာ, ဥပါဒါန် ဆိုတာက တကာတကာမတို့ မည်းတဲ့တရားလား၊ ဖြူတဲ့တရား....(မည်းတဲ့တရားပါဘုရား)။

မည်းတဲ့တရားက အမည်းကံကိုလုပ်တယ်....(မှန်ပါ) အမည်းကံလုပ်လို့ အမည်းခန္ဓာဖြစ်ရပါတယ်.... ( မှန်ပါ )မည်းသောအကျိုးကို ပေးရပါတယ်ဆိုတာ ရိပ်မိပလား-....( ရိပ်မိပါပြီဘုရား )။

ဒါဖြင့် အားလုံးတရားနာလာကြတဲ့ တကာတကာမတွေ တဏှာ,ဥပါဒါန်,ကံကို ဆရာဘုန်းကြီးကသော်ရင်း၊ ခင်ဗျားတို့

ကိုယ်တိုင်ကသော်ငင်း၊ ပြတ်အောင်မလုပ်နိုင်တဲ့ သဘောသာ ရှိနေကြမယ်ဆိုယင်ဖြင့် ငါသေယင် ဆွမ်းမသွတ်နဲ့ သာမှာလေ.... (မှန်ပါ)အပါယ်သွားရမယ်....(မှန်ပါ) အမျှပေးလို့လဲ ရောက်ပါမလား....(မရောက်ပါဘုရား)။

ခင်ဗျားတို့ ကျွေးတဲ့ ဆွမ်းတော်ပွဲကလေးလောက်နဲ့လဲ စားပါမလား....(မစားပါဘုရား)။

ဟိုမှာ-ကံ့သံတွေခဲစားနေတာ ခင်ဗျားတို့ ပို့လိုက်တဲ့ထမင်းဟင်းကလေး စားတာမဟုတ်ပါဘူး ( မှန်ပါ ) တကာကြွယ်ဘယ်လောက် ကြောက်စရာကောင်းသတုံး .... (ကောင်းပါတယ်ဘုရား)။

တကာသစ် သေသေချာချာ ကြောက်ပါ .... (မှန်လှပါဘုရား)။

ဒါက တကာတကာမတို့ စာမှာကြည့်ပြီး ပြောတာလား....၊ ကိုယ့်ခန္ဓာဖြစ်စဉ်ကြောင့် ရောက်ရတာလား....(ကိုယ့်ခန္ဓာဖြစ်စဉ်ကြောင့်ရောက်ရတာပါဘုရား)။

ဒါကြောင့် စာကို အသာထားစမ်းပါဦး.... (မှန်ပါ) ကိုယ့်ခန္ဓာဖြစ်စဉ်ဟာ ဒီအတိုင်းမို့ ဒီရောက်တယ်မှတ်လိုက်တာပေါ့.... (မှန်ပါ)သဘောကျပလား ....(ကျပါပြီဘုရား)။

ကိုယ့်ခန္ဓာဖြစ်စဉ်က ဖဿ,ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ။ ကမ္မဘဝပဋ္ဌာ ဇာတိ၊ အပါယ်လေးပါးဇာတိ .... (မှန်ပါဘုရား)။

တကာတကာမတို့ ငြင်းဘို့ လိုသေးသလား....(မလိုပါ) အဲဒီတော့ စာကဘာရေးရေး၊ စာဆိုတာ ဘုရားဟောတာမှန်ပါ

တယ်၊ စာအတိုင်းကို နားလည်ချင်မှ နားလည်တာ....( မှန်ပါ ) ကိုယ့်ခန္ဓာ ဖြစ်စဉ်အတိုင်းတော့ နားလည်ရမယ် .... (မှန်ပါ ဘုရား)။*

တကာတကာမတို့ သားကလေး အသံကြားလို့ ရှိယင်ဖြင့် သားအသံနဲ့ နားနဲ့မတွေ့လား... (တွေ့ပါတယ်)တွေ့တာဘယ်သူ တုံး....(ဖဿပါ)ဖဿကလေးနဲ့ တွေ့တဲ့အခါကျတော့ နားချမ်း သာလိုက်တာ ဆိုတာက....(ဝေဒနာပါဘုရား)။

နားချမ်းသာခြင်းကြောင့် ကျုပ်စိတ်ထဲမှာလဲ သူရောက်လာ ကတည်းကိုကဘဲ ခင်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရတယ်ဆိုတာ မလာဘူး လား....(လာပါတယ်ဘုရား)။

နောက်တော့ ကျုပ်ဖြင့် ဒီနားကကို မခွာချင်ဘူး ဆိုတဲ့ ဥပါဒါန်ကော....(လာပါတယ်ဘုရား)။

သူတို့ ပွဲ့ကာ ဖက်ကာ ကျွေးကာ မွေးကာဆိုတဲ့ကာယကံ နဲ့ မကောင်းတာကလေး ဆုံးမလို့ သွန်သင်လို့ဆိုတဲ့ ဝစီကံတွေ ကော မလာဘူးလား... (လာပါတယ်ဘုရား)။

အဲဒီကံတွေကလဲ့ ဘုန်းကြီးတို့ တကာတကာမတွေက မပြော ဘဲ- မဆိုဘဲ နေနိုင်ကြရဲ့လား .. (မနေနိုင်ပါဘုရား)။

ဒါလဲ တဏှာ,ဥပါဒါန်,အုပ်ချုပ်တဲ့ ကံတွေဗျ .... (မှန်လှပါ ဘုရား)။

---

* ဒေသနာတော်၏ ဂမ္ဘီရသဘာဝကြောင့် ဉာဏ်နုနယ် သူတို့ စာအတိုင်းဉာဏ်ကျက်စားဘို့ မလွယ်သဖြင့် အဓိပ္ပါယ် သွားကို မှတ်သားခိုင်းခြင်းဖြစ်သည်။

ဘယ်သူအုပ်ချုပ်တဲ့ ကံပါလိမ့်…(တဏှာ,ဥပါဒါန်အုပ်ချုပ်တဲ့ကံပါဘုရား)ဟောဒီ တဏှာ,ဥပါဒါန်က အုပ်ချုပ်လို့ ပေါ်လာတဲ့ကံ .. (မှန်ပါ့ဘုရား)။

ဒီကံနဲ့ တကာတကာမတွေက အသက်အတိုင်းနေပြီးသေကြတော့ ကမ္မဘဝပစ္စယာ…. (ဇာတိပါ) ဘယ်ဇာတိပါလိမ့်မတုံးမေးကြည့်ပါ…. ( အပါယ်ဇာတိပါ ) အပါယ်လေးပါး ဇာတိဆိုတာ သေချာကြပလား….(သေချာပါပြီဘုရား)။

ဩော်…. ဒါဖြင့် တပည့်တော်တို့ တနေ့တနေ့ သားအသံသမီးအသံ- ခင်ပွန်းအသံ- ခင်ပွန်းမအသံကြားရတာဟာ တပည့်တော်တို့တော့ဖြင့် ဒီပဋိစ္စသမုပ္ပါဒ်မဖြစ်ပါနဲ့ ဆိုလို့ ….(မရပါဘုရား) သေယင် ဒီအကျိုးမပေးပါနဲ့တော့ ဆိုယင်ကော ….(မရပါဘုရား)။

ကိုင်း….တကာတကာမတို့ မဂ်တရား,ဖိုလ်တရားသာရအောင်အားမထုတ်ဘူး ဆိုလို့ ရှိယင်ဖြင့် ယခု အလည်လာတာသာမှတ်ပေရော့။ ကိုယ့်အိမ်ကိုယ့်ရာ အပါယ်လေးရွာသာ ပြန်ကြပေတော့….(မှန်လှပါဘုရား) သဘောကျပလား ….( ကျပါပြီဘုရား)။

ယခု လူ့ပြည်ဘာလုပ်လာကြတာလဲ…. (အလည်လာတာပါဘုရား)အလည်လာပြီး သကာလ ကံစုလာကြတာ… (မှန်ပါ့) အင်း — ဘာလုပ်လာကြပါလိမ့် …. ( ကံစု လာကြတာပါဘုရား )။

ဒီကံတွေကို ဘယ်သူကစုထားသဘုံး မေးတော့ ဟောဒီ့တဏှာ,ဥပါဒါန်,က စုထားဘယ်....(မှန်ပါ့ဘုရား)။

တဏှာ,ဥပါဒါန်က ကံတွေကို တခါတည်း လက်ခုတ်ကြီးနဲ့ ထည့်ထားသလို အိတ်ကြီးနဲ့ ထည့်ထားသလို စုထားတယ် ....(မှန်ပါ့) ကံသတ္တိကလေးစုထားတယ်၊ ကံတွေကကော့ ချုပ်သွားပါပြီ၊ သတ္တိလေး စုထားတယ်....(မှန်ပါ့ဘုရား)။

အဲဒီသတ္တိတွေ အပါယ်မှာ ဒီကနှစ်ပေါင်းတသောင်းအကျိုးပေးတဲ့ကံက တခါ မုနင်က အထုပ်ကြီးထဲက ဖြေပြီးလွှတ်လိုက်တယ်၊ လွှတ်လိုက်တော့ နှစ်ပေါင်း တသောင်း အပါယ်မှာခံရတယ်....(မှန်ပါ့)ကုန်ပြီလား အိတ်ကြီးထဲမှာ ... (မကုန်သေးပါဘုရား)တဏှာ,ဥပါဒါန်, စုထားတဲ့ အိတ်ကြီးထဲမှာ ကုန်ပြီလား (မကုန်သေးပါဘုရား)။

ဟိုက နှစ်ပေါင်း တသောင်းခံပြီး ဒီကနေ တကံလွှတ်ပြန်တာဘဲ....(မှန်ပါ့) တကံလွှတ်တော့ နှစ်ပေါင်း တသောင်းမခံရပေဘူးလား....(ခံရပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ဒါက အတိတ်ကံကြောင့်ဖြစ်ရတဲ့ အပါယ်ပဋိသန္ဓေလို့မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

အတိတ်ကံကြောင့် ဖြစ်ရတဲ့.... (အပါယ်ပဋိသန္ဓေပါဘုရား) ဇမ္ဗာဝပစ္စယာ .. (ဇာတိပါဘုရား)။

ဒါက တကာတကာမတို့ဘဲ စဉ်းစားပါတော့ သူများပြောလား၊ ကိုယ်တိုင်ဖြစ်စဉ်လား .. (ကိုယ်တိုင်ဖြစ်စဉ်ပါဘုရား)။

တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ) ဒီလိုကံတွေ တကာကြွယ်

မှာ ဘယ်လောက်များသလဲ- (မရေတွက်နိုင်ပါ)သမီးတယောက် တည်းမို့နော်....(မှန်ပါ) နှစ်ယောက်များ မွေးမိယင် ခင်ဗျား ငရဲကတောင် တက်စရာမရှိဘူး....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုရား သခင်ကိုယ်တော်မြတ်ကြီးကလူတသိန်းသေလို့ သုဂတိတယောက် မရောက်ပါဘူးကွ၊ အပါယ်ချည့်သွားတာပါဘဲ ဆိုတာ သစ္စ သံယုတ်မှာဟောတော်မူဘာ ယုံပလား....(ယုံပါတယ်ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဘုန်းကြီးတို့လို အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များက ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ တပည့်သား ဖြစ်သည်အားလျော်စွာဒီဖြတ်လမ်းကိုမပြောဘူးဆိုရင်အပါယ် လမ်းကိုသာ....(သွားကြတော့မှာပါဘုရား)။

အဲဒီတော့ ဒီအချိန်ကလေးကိုဖြင့် ခင်ဗျားတို့ ဒီအဘိုင်း ရှောက်ပြီး ဘန်းမနေပါနဲ့၊ ကြွေးဟောင်း မကုန်ခင်က ကြွေး သစ် မချေးပါနဲ့တော့ .... ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ကြွေးဟောင်း မကုန်ခင်က .... (ကြွေးသစ်မချေးကြပါနဲ့ ဘုရား)။

တကာကြွယ် အိမ်ပြန်ချေးချင်သေးသလား.... (မချေးချင်ပါ ဘုရား)မချေးပေမဲ့ ပြန်ဦးမှာဘဲ ခင်ဗျား....(ပြန်တော့ပြန်မှာဘဲ ဘုရား)။

ချေးမည့်သဘောကပါနေသေးတယ်... (မှန်ပါ)ဘာ့ကြောင့် တုံးဆိုတော့ နဂိုရ်ကကြွေးတင်နေကျ လူကိုးဗျ .. (မှန်ပါ)ကြွေးနဲ့

မနေရလို့ရှိယင် စိတ်မချမ်းသာတဲ့လူ ဖြစ်နေတယ် ...( မှန်ပါ့ ) တယ်လဲ့ ဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ တကျော့ဉပါဒါန်, ကံ ပြတ်တဲ့တရားကိုဖြင့် မနေ့ကလဲ ခင်ဗျားတို့ကို ကယ်မည့် ယူမည့် လူကို ပြပါတော့မယ်လို့ တာဝန်ခံထားတဲ့အတွက် ဘုန်းကြီး တို့ တကာတကာမတွေ ယနေ့ စူးစူးစိုက်စိုက် နာပါ....(မှန်ပါ့) ကဲ... ကံပြတ်ပြမယ် ...(မှန်ပါ့ဘုရား)။

ယနေ့ ဒီအချိန်နဲ့ ဒီနာရီမှာ နာရီဝက်နီးပြီ၊ တကာတကာမ တို့ ကိုယ့်ကယ်တင်မည့် တရားမို့ ကိုယ်သေသေချာချာမှတ်လိုက် စမ်းပါ... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်ပါလဲမို့ ... (ကိုယ့်ကယ်တင်မည့် တရားမို့ ကိုယ်သေသေချာချာ မှတ်ရမှာပါဘုရား) ကုသိုလ်ရရုံနာပါနဲ့ (မှန်ပါ့ဘုရား)။

တကာတကာမတွေက တရားနာယင် ကုသိုလ်ရတယ်ဆိုတာ ဖြတ်ပစ်လိုက်စမ်းပါ.... (မှန်လှပါ) တရားနာယင် ကုသိုလ်မရ ဘူးလို့တော့ ဘယ်ဘုရားမှ မဟောဘူး....(မှန်ပါ့ဘုရား)။

ကုသိုလ်ရရုံနဲ့ မတင်းတိမ်ပါနဲ့ .... (မှန်ပါ့) ကိုယ့်ကယ်တင် မည့် တရားကို ကိုယ့်ကိုယ်တိုင် ခန္ဓာထဲဉာဏ်ရောက်ပြီးသကာလ· ကိုယ့်ကယ်တင်မည့် တရားကို ခန္ဓာထဲ ဉာဏ်ရောက်စေတာသည် တကာတကာမတို့ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့တရား ... (မှန်ပါ့ ဘုရား)။

ဒါကို အမှန်ယူပါ၊ ကုသိုလ်ရချင်ယင် ရေအိုးစင်တယ်လဲ ရပါတယ်(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သို့သော် ကိုယ့်ကိုကယ်တင်တဲ့ တရားကတော့ဖြင့်ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်မှ ကယ်တင်တဲ့တရား .. (မှန်ပါ့) ဒါခွဲခွဲခြားခြားသိပါနော်....(မှန်ပါ့ဘုရား)။

ခွဲခွဲခြားခြားသိပါ၊ ဒီဥစ္စာ တကာတကာမတို့ တသက်နဲ့ တကိုယ်ကြားရခဲ့တဲ့ စကားတွေလို့လဲ မှတ်ထားလိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

ကုသိုလ်ရချင်လို့ရှိယင် ရေအိုးစင်တည် တံမြက်စီးလှဲ တကာတကာမတို့ သီလရင်တွေလာ ဆန်လောင်း ကုသိုလ်ရတာဘဲ.... (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ် ကယ်တင်မည့် တရားစစ်ဆိုတာ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ရတယ်... (မှန်ပါ့ဘုရား)။

ဘာပါလိမ့် .... (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရပါတယ်ဘုရား)။

သွားနေမှာက ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကြောင့် ကိုယ့်တဏှာဥပါဒါန် တဏှာဆိုတာ ပဋိစ္စသမုပ္ပါဒ်၊ ဥပါဒါန်ပဋိစ္စသမုပ္ပါဒ် ကံပဋိစ္စသမုပ္ပါဒ်တွေကြောင့် အပါယ် သွားရတယ် ... (မှန်ပါ့ဘုရား)။

ဒီကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်မလာအောင် ဖြတ်မယ်ဆိုလို့ရှိယင် ကိုယ်သွားစရာရှိသေးရဲ့....(မရှိပါဘုရား)။

ဒါဖြင့် ကိုယ့်ကယ်တင်တဲ့ တရားက တကာတကာမတို့ ပွားများတဲ့မဂ္ဂင်တရား....(မှန်ပါ့ဘုရား)။

ကိုယ့်ကယ်တင်မည့်တရားက .... (ပွားများတဲ့ ပဋိစ္စသမုပ္ပါဒ် တရားပါဘုရား)။

သေသေချာချာ မှတ်စမ်းပါ၊ဒါ ကုသိုလ်ရဘယ်လို့ ခင်ဗျား တို့ ကုသိုလ်ရချင်လို့ တရားနာမယ်ဆိုယင် ပြန်ကြပေတော့ .... (မှန်ပါ့)ဘာမှ အသုံးမကျဘူး....(မှန်ပါ့ဘုရား)။

ဘာပြုလို့တုံးလို့မေးတော့ ကုသိုလ်ရတယ်ဆိုတာ ဟုတ်ပါ တယ်၊နတ်ရွာသုဂတိ ဗြဟ္မာ့ပြည်ရောက်ကြမှာ၊ ကုသိုလ်ကြောင့် ရောက်ကြမှာဘဲ၊ သို့သော် ခန္ဓာပဋိစ္စသမုပ္ပါဒ်က ဆက်နေတယ်- (မှန်ပါ့ဘုရား)။

လူခန္ဓာအဆုံးမှာ နတ်ခန္ဓာမလာဘူ လား.... (လာပါဘယ်) လူခန္ဓာအဆုံးက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)နတ်ခန္ဓာ အစက (ဒုက္ခသစ္စာပါဘဲဘုရား)။

အဲ....ခင်ဗျားတို့ရတဲ့ ကုသိုလ်က ဒါတွေ ဒုက္ခဆက်ပေးမှာဘဲ (မှန်ပါ့) အခုဟာကတော့ တကာဘကာမတို့ ကိုယ့်ခန္ဓာ့ ပဋိစ္စ သမုပ္ပါဒ်ကြီးကို ဖြတ်လိုက်သည်နဲ့ တပြိုင်နက်တည်း တကာ တကာမတို့ လူခန္ဓာ,နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ လာသေးရဲ့လား.... (မလာတော့ပါဘုရား) အပါယ်ခန္ဓာတွေကော.... (မလာတော့ ပါဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းတာပေါ့..( မှန်ပါ့ )ဟိုဟာက ဒုက္ခဆက် တာ (မှန်ပါ့) ဒီဟာက ဘာပါလိမ့်....(ဒုက္ခသိမ်းဘာပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒုက္ခသိမ်းတာသည် တကာ တကာမတို့ လောင်စာသိမ်း၍ မီးငြိမ်းကာ... (မှန်ပါ့)။

လောင်စာသိမ်း၍ မီးငြိမ်းတယ်ဆိုတာ နောက် ခန္ဓာက လောင်စာ....(မှန်ပါ့)ဒီဘာဝ ကိလေသာ,တဏှာ,ဥပါဒါန်တွေက

မီးတွေ....(မှန်ပါ)နောက်အဝမှ သွားတဲ့ ကိလေသာတွေကကော မီးတွေဘဲ....(မှန်ပါ - မီးတွေပါဘဲဘုရား) သဘောကျပလား.... (ကျပါပြီ) ခင်ဗျားတို့က လောင်စာနဲ့ မီး တွဲလျက်ကြီးချည့် သွားတယ်... (မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ကိုယ် ကယ်တင်တဲ့ တရားသည် ဟောဒီကြားထဲ မင်္ဂဝင်တဲ့ တရားလို့ မှတ်လိုက်စမ်းပါ.. (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ကြားထဲမှာ....(မဂ်ဝင်တဲ့ တရားပါဘုရား)။

ဒါဖြင့် ကိုယ့်ကယ်တင်တဲ့ တရား ဘယ်တရားပါလိမ့်....(မဂ်ဝင်တဲ့တရားပါ) ဘယ်ကြားဝင်ရပါလိမ့်... (ပဋိစ္စသမုပ္ပါဒ်ကြား ဝင်ရပါတယ်) ပဋိစ္စသမုပ္ပါဒ်ကြားထဲ ဝင်ရတယ်....(မှန်လှပါဘုရား)။

ဒါ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်ကြားထဲ ဝင်ရသတုံး.... (ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကြားထဲ ဝင်ရပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ် ကယ်တင်တဲ့ တရားသည် ပဋိစ္စသမုပ္ပါဒ် တရား... (မှန်ပါ)ရိပ်မိကြပလား.. (ရိပ်မိပါပြီ)ကိုယ့်ကိုယ် ကယ်တင်တဲ့ တရားဟာ .. (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။

ဒီတလုံးသိယင်ဘဲ တော်ပါပြီ....( မှန်ပါ )ပွါးများနည်း ဘုန်းကြီး ပြောပါမယ်....(မှန်ပါ)။

သို့သော်လဲ တကာတကာမတွေက ရှေးက ကိုယ်ကလဲ သွားရေး, သမီးရေး, စီးပွါးရေးနဲ့ ငယ်တုန်း ပညာသင်ရေးနဲ့ ကြီးတော့ အိမ်ထောင် ထောင်ရေးနဲ့ ဒီ့ထက်ကြီးလာတော့ လူချင်းတူတူ သူချင်းမျှမျှဆိုတဲ့ အရေးတွေနဲ့၊ နောက်ကျတော့ လူအိုလူအိုချင်းတွဲ၊ လူငယ် လူငယ်ချင်းတွဲဆိုတဲ့ တကာတကာမတို့

မဟုတ်တဲ့ အရေးတွေနဲ့သာ ခေါင်းထဲ ဝင်လိုက်ရတယ်....(မှန်လှပါဘုရား)။

ကိုယ့်ကိုယ် ကယ်တင်တဲ့တရား ဘယ်တရားလို့ မသိလိုက်ရဘူး....(မသိလိုက်ရပါဘုရား)။

ခေါင်းထဲသာ ဝင်လိုက်ရတယ်၊ ကိုယ့် ကယ်တင်မည့် တရားအစစ် သိလိုက်ရရဲ့လား....(မသိလိုက်ရပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်မှ ကိုယ်မဖြတ်လို့ရှိယင် တကာတကာမတို့ မှတ်လိုက်၊ ကိုယ့်ကိုယ် ကယ်တင်တဲ့တရား မရှိသေး....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်ယင်.... (ကိုယ့်ကိုယ် ကယ်တင်တဲ့တရား မရှိသေးပါဘုရား)။

ကိုင်း....ဒါဖြင့် အခု ဒါ နားပေါက်က ပဋိစ္စသမုပ္ပါဒ်ပါဘဲ (မှန်ပါ) သားသမီးကလေးက ခေါ်လိုက်တဲ့ အသံ ကြားလိုက်တဲ့အခါကျတော့ အသံနဲ့ တွေ့ထိရတာ ဖဿ....(မှန်ပါ) ဖဿပစ္စယာ .. (ဝေဒနာပါဘုရား)။

အဲဒီ ဖဿဘဲ ဖြစ်ပျက်ရှုရှု၊ ဟောဒီ မဂ္ဂင်ငါးပါးနဲ့ ဖဿကိုအနိစ္စရှုရှု ...(မှန်ပါ) ဖဿ မရှုမိပါဘူးဘုရား....တပည့်တော်ဖြင့် ကြားလို့ ကောင်းတာကလေး ရှုမိပါတယ်ဆိုယင် ဝေဒနာကလေးကို ဖြစ်ပျက်အနိစ္စရှု(မှန်ပါ) ရှုလိုက်တော့ အနိစ္စ၊ဒီက ဘာပါလိမ့်... (မဂ္ဂပါ)အနိစ္စ... (မဂ္ဂပါဘုရား)။

ဒီမဂ် ဝင်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာ, ဥပါဒါန်, ကံ၊ နောက်ဘဝလာမည့် ဇာတိ အကုန်ချုပ်တယ် .. (မှန်လှပါဘုရား)။

ဒါဖြင့် ကိလေသာသိမ်း၍ ဒုက္ခငြိမ်းတယ်....(မှန်ပါ)ရိပ်မိရဲ့လား... (ရိပ်မိပါတယ်) ဒီဘက်က ကိလေသာသုံးခု....( မှန်ပါ ) သဘောကျပလား....(ကျပါပြီ) ကိလေသာသိမ်း၍.... (ဒုက္ခငြိမ်းပါတယ်ဘုရား) ဒုက္ခငြိမ်းတယ်....(မှန်ပါ)။

အင်း....ကိလေသာလဲ ဒို့ သိမ်းတယ်၊ ကိလေသာ အပူဓာတ် အလောင်ဓာတ်တွေလဲ သိမ်းတယ်....(မှန်ပါ)။

ဒုက္ခတွေ ငြိမ်းအောင်ဖြင့် ဘယ်သူက ကယ်တင်လိုက်ပါလိမ့် မဝံ့းဆိုတဲ့ဥစ္စာ ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဉာဏ်နဲ့ ဖြတ်လိုက်လို့ မှတ်ပါ....( မှန်ပါ ) သေသေချာချာ အရေးကြီးတဲ့ စကား....(မှန်ပါ)။

ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို....(ကိုယ့်ဉာဏ်နဲ့ ဖြတ်လိုက်လို့ပါဘုရား) ကိုယ့်ဉာဏ်နဲ့ ဖြတ်ရမယ်....(မှန်ပါ)။

ဘုန်းကြီးက လာဖြတ်ပေးလို့ မရဘူး...(မရပါ) ဘုရားက လာဖြတ်ပေးလို့....( မရပါဘုရား ) တရားက ဖြတ်မှ ရမယ်.... (မှန်ပါ)သဘောကျပလား ...(ကျပါပြီဘုရား)။

ဘုန်းကြီးက နည်းပေးအားဖြင့်တော့ ပေးတတ်တယ် .... (မှန်ပါ)ခင်ဗျားတို့ ဝမ်းထဲ ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်တော့ သွားပြီး ဖြတ်မပေးနိုင်ဘူး၊ နည်းဘဲ ပေးတတ်တယ်....( မှန်ပါ) ဘုရားပွင့်လာလဲ နည်းဘဲ ပေးမှာဘဲ...၊ သွားပြီး ဖြတ်မပေးနိုင်ဘူး.... (မှန်ပါ)။

တကယ် ဖြတ်ပေးနိုင်လို့ရှိယင် ယောက်ဖတော် ပဋိစ္စသမုပ္ပါဒ် ဒေါသ ပဋိစ္စသမုပ္ပါဒ်ကြီးကြောင့် အဝီစိကျသွားတဲ့ ... ဒေဝဒတ်ဖြတ်ပေးလို့ ရရဲ့၊ ယောက်ဖ အရင်းဆုံးဘဲ(မှန်ပါ)

ရမှာပေါ့.. (မှန်ပါ့ဘုရား)အဝိစိကျနိုင်ပါ့မလား....(မကျနိုင်ပါ ဘုရား)။

သို့သော် သူ့ဟာသူ မဖြတ်တဲ့အတွက် ကျသွားရတယ်.... (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အမေ ကုသိုလ်ရအောင် အမေ တရားနာ အရင်လွှတ်ရမယ်....(မှန်ပါ့)မလုပ်နဲ့ ကိုယ့်ဟာ ကိုယ် ဖြတ်ရမယ်....(မှန်ပါ့)။

အဖေကြီးလာပြီ၊ အဖေ တရားနာ အရင်လွှတ်ပြီး အဖေ အလုပ်-လုပ်ခိုင်းရမယ်လို့ ခင်ဗျားတို့ လောကွတ် သွားမချော် လိုက်နဲ့.. (မှန်ပါ့)။

ကိုယ့်ကိုယ် ကယ်တင်တဲ့ တရားသည် ကိုယ့်မဂ္ဂင်က ကယ် တင်နိုင်တယ်... (မှန်ပါ့) အမေ့သန္တာန်မှာ ဖြစ်တဲ့ မဂ္ဂင်က သား သမီး မကယ်ဘင်ပါဘူး....( မှန်ပါ့ )အဖေ့သန္တာန်မှာ ဖြစ်တဲ့ မဂ္ဂင်ကကော... (မကယ်တင်နိုင်ပါဘုရား)။

ဒါ့ကြောင့် ဒီက 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'... (မှန်ပါ့) ဝိညူဟိ=အားထုတ်သော ပုဂ္ဂိုလ်တို့သာလျှင်၊ ပစ္စတ္တံ=အသီး အသီး၊ ဝေဒိတဗ္ဗော=မဂ္ဂင်ကို ရထိုက်၏၊ ကိုယ်လုပ် ကိုယ်ရမယ် (မှန်ပါ့) ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)ဘယ်လိုဆိုကြမယ်- (ကိုယ်လုပ်မှ ကိုယ်ရပါတယ်ဘုရား)။

ဒါကို တကာဘကာမတွေက မသိတော့ ဘုရားသာ ထ့ပြီး ရှိခိုးနေတယ်၊ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'၊ ဘာမှန်းသဲ မသိ ဘူး... (မှန်ပါ့) ကိုယ်လုပ်မှ ကိုယ်ရတယ်လို့ ဟောတာ သူက.... (မှန်ပါ့)။

ကိုယ်လုပ်မှ ကိုယ်ရတယ်လို့ ခင်ဗျားတို့ ဘုရားရှေ့ သွား ပြောနေ အပိုပေါ့....(မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါ)။

ဘုရားက ကိုယ်လုပ်မှ ကိုယ်ရမယ်လို့ ဟောလိုက်တော့ မင်း တို့ဟာ မင်းတို့ လုပ်ကြလို့ ဟောတာ....(မှန်ပါ)။

အဲဒါ ခင်ဗျားတို့က 'ပစ္စတ္တ' ဝေဒိတဗ္ဗော ဝိညူဟိ'နဲ့ — ရှိခိုးပါ၏ဘုရား၊ ကိုယ်လုပ်မှ ကိုယ်လုပ်ရတာနဲ့ ရှိခိုးပါ၏ ဘုရား တဲ့....၊ လုပ်လဲ မလုပ်ဘူး၊ အလကား ရှိခိုးနေတာဘဲ....(မှန်ပါ) ရိုပ်မိပလား — (ရိပ်မိပါပြီ ဘုရား)။

အဲဒီလောက် ခင်ဗျားတို့မှာ အသိဉာဏ် ချို့တဲ့နေလို့- ဘုန်းကြီးများသည် အပင်ပန်းခံပြီး ပြောတယ်လို့ အောက်မေ့ ပါ....(မှန်ပါ)။

'ပစ္စတ္တ' ဝေဒိတဗ္ဗော ဝိညူဟိ'အားထုတ်တဲ့ ပညာရှိတို့သည် သာလျှင်၊ (ဝါ) တရားနာဘူး၍ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ် တဲ့ ပုဂ္ဂိုလ်သည်သာလျှင်၊ ဝေဒိတဗ္ဗော=သိအပ်၊ ရအပ်၊ ခံစား အပ်၏... (မှန်ပါ)သြော် သူလုပ်မှ သူရမှာ....(မှန်ပါ)။

အဲဒါ ခင်ဗျားတို့ အိမ်မှာနေကြတဲ့ အခါကျတော့ ချစ်မြတ် နိုးတဲ့ အိမ်ပေါ့ဗျာ....(မှန်ပါ) ဥပမာ...တကာကြွယ်တို့ အိမ်ဆို လို့ရှိယင်ဖြင့် တကာကြွယ် သေခြင်းသေ သူက အရင်သေမှာ.... (မှန်ပါ)။

အဲဒီတော့ အဖေသာ သွားတရားနာ ဆိုတော့ သမီးက သူ မယူဘူးပေါ့လေ... မဂ္ဂင်....(မှန်ပါ)တကာမအရွယ် မယူဘူးဆိုတဲ့ အဓိပ္ပါယ် မပါဘူးလား....(ပါပါတယ်ဘုရား)။

ခင်ဗျားက ပြန်လာတော့ ငါတရားနာခဲ့တယ်ဟေ့... ၊အမျှ ယူဘော့ဆိုတော့ ဒီ့ပြင်ကုသိုလ် အမျှပေးလို့ ရတယ်၊ မှက်

ကုသိုလ် အမျှပေးလို့ မရဘူး....(မရပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) တခြားကုသိုလ်တော့.... (အမျှပေးလို့ ရပါတယ်ဘုရား)။

ဒါကတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ မဂ္ဂင်ဆိုတာ ကိုယ့်ဝမ်းထဲမှာသာ ပေါ်တယ်၊သူများသန္တာန် ပေါ်ကို မပေါ်နိုင်ဘူး....(မှန်ပါ့)ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ အသုံးတွေနဲ့ အနှုန်းတွေနဲ့ မိုးသုံးတွေက ယဉ်ကျေးလိုက်တာ ဖုံးကာ ဖိကာနဲ့ ကိုယ် အပါယ်ကျဘို့ချည့်ဘဲ... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့ ဖုံးတာ ဖိကာ လှည့်တာ ပတ်တာကလေးတွေဟာ ဘာထင်ကြသတုံး....(ကိုယ်အပါယ်ကျဘို့ပါဘုရား) ကိုယ်အပါယ်ကျဘို့....(မှန်ပါ့)။

ကျုပ်က နာလိုတဲ့စိတ် ရှိပါတယ်၊ ဘုန်းကြီးလဲ ကြည်ညိုပါတယ်၊ နာလဲ နာဘူးပါတယ်၊ အခုတော့ မအားလပ်တာနဲ့က များနေတယ်....(မှန်ပါ့) အဲ....ကိုယ့်ဟာ ကိုယ် အပါယ်လေးပါးတံခါးဖွင့်ပေးလိုက်တာ....( မှန်ပါ့ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်မယ်ပြောတာလား .... ကျချင်သလို ကျပေစေတော့လို့ ပြောတာလား....(ကျချင်သလို ကျပေစေတော့လို့ ပြောတာပါဘုရား)။

တကာကြွယ်တို့....ဦးလှဘူးတို့ လူတွေ တကာသစ်တိုက အေးနင်တို့ကတော့ အမေမိဘ ငဲ့တာကိုး၊ ဒိဋ္ဌိ ငဲ့ကျိုးတော့ တနေ့နေ့

ပေးမှာဘဲ၊ ပေးမှာပေါ့....အပါယ်ဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာပေးမယ် ထင်သတုံး...(အပါယ်ပေးမှာပါဘုရား)။

အပါယ်ပေးမှာဘဲဆိုတာ ခင်ဗျားတို့ ပြောတာလဲ မသိပြောပြောပေမဲ့ အပါယ်ကျတော့ မှန်နေတယ်....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ) အားကြီးဆိုးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် တကာဘကာမတို့ ကိုယ့်အရေး ကိုယ်ကြီးပါ (မှန်ပါ့ဘုရား) ဘယ်လိုမှာပါလိမ့်....(ကိုယ့်အရေး ကိုယ်ကြီးပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို....(ဖြတ်ရပါမယ်) ကိုယ့်ကိုယ်တိုင်ဖြတ်-(မှန်ပါ့)ဘုရားလာဖြတ်လို့ မရဘူး....(မရပါဘုရား)တရား လာဖြတ်ယင်တော့....(ရပါတယ်ဘုရား)။

ဘုရားလာဖြတ်ယင်.. ( မရပါ ) သံဃာက လာဖြတ်ယင်....(မရပါ)ဘယ်သူက လာဖြတ်ယင် ရသလဲ....(မဂ္ဂင်တရားလာဖြတ်ယင် ရပါတယ်ဘုရား)။

အဲ....ဒီမဂ္ဂင်တရားနဲ့ ဟောဒီ ဖဿတို့ကို ဟောဒီ ဝေဒနာတို့ကို ခင်ဗျားတို့ ဖြစ်ပျက်ရှုနိုင်သို့ ရှိယင်ဖြင့် သူတို့ မလာခင် မဂ္ဂင်က အရင်ဝင်လာတယ်...(မှန်ပါ့) ဘယ်သူ ဝင်လာသတုံး....(မဂ္ဂင်က အရင်ဝင်လာပါတယ်ဘုရား)။

ဝင်လာတော့ သူတို့က ဒီတရားနဲ့ ဆက်ရမှ သူတို့က ဒီမဂ်ပေါ်မှာကိုးဗျ....(မှန်ပါ့)ကြားကနေ မဂ်တရားက ဝင်ဖြတ်လိုက်တဲ့အခါ တဏှာ ဉပါဒါန် ကံ လာသေးရဲ့လား .... (မလာပါဘုရား)။

မလာတော့ တဏှာ ဥပါဒါန် ကံဆိုဘဲ့ ကိလေသဝဋ်က ပြတ်ပြီ....(မှန်ပါ) ကိလေသဝဋ်က ပြတ်တော့ သူတို့ နှစ်ခုမှ မရှိဘဲနဲ့ ကံဖြစ်ချင်လို့ ရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ကမ္မဝဋ်က ပြတ်ပြီ..( ပြတ်ပါပြီ ) ကံပြတ်တော့ ဒီဘက်မှာ ဝိပါကဝဋ်ဆိုတဲ့ အပါယ်လေးပါးတို့ နတ်ရွာသုဂတိတို့ဆိုတဲ့ ခန္ဓာငါးပါး လာဦးမလား .. (မလာပါ) ဝိပါကဝဋ်လဲ ပြတ်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဘက်က ဘာဝဋ်ပါလိမ့်...(ကမ္မဝဋ်)ကိလေသဝဋ်၊ရှုပ်မနေနဲ့ဦး၊ ကိုယ့်ဟာကိုယ် ကိုယ့်ပဋိစ္စသမုပ္ပါဒ်တောင် ဘာဖြစ်နေမှန်း မသိသေးဘူး ခက်လိုက်တာ ( မှန်ပါ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တဏှာ ဥပါဒါန်က ဘာတုံး....( ကိလေသဝဋ်ပါ ) ဘဏှာ ဥပါဒါန်ရှိမှ ကံလာမယ် မဟုတ်သား....(မှန်ပါ)ဒါက ဘာခေါ်မယ်....(ကမ္မဝဋ်ပါဘုရား)။

ဒီကံရှိမှ ဒီအပါယ်လေးပါး- ခန္ဓာငါးပါးလာမယ်။ ဒါက ဘာခေါ်သတုံး....(ဝိပါကဝဋ်ပါဘုရား)။

ဒါဖြင့် ဒီမဂ်ဝင်လိုက်တဲ့အတွက် ဝဋ်သုံးပါးကျွတ်တယ် .... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ်ဝင်လိုက်တဲ့အဘွက်.. (ဝဋ်သုံးပါး ကျွတ်ပါဘယ်)
ဒါဖြင့် ဝဋ်ကျွတ်ဘရားဆိုတာ ဒါဘဲ .... (မှန်ပါဘုရား)
ဝဋ်ကျွတ်တရားဆိုဘာ မဂ္ဂင်အလုပ်- လုပ်တဲ့ပုဂ္ဂိုလ် ....
(မှန်ပါဘုရား)။

ခင်ဗျားတို့က ဘုရားရှေ့သွားပြီး သကာလ တပည့်တော် ဆွမ်းနဲ့ ကွမ်းနဲ့ ဘုရား ဝင္ဒသုံးပါးမှ ကျွတ်ရပါလို၏... တဲ့။လုပ်လဲ မလုပ်ဘူး....(မှန်ပါ) ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကော....( မဖြတ်ပါ ) ကိုယ်မဖြတ်ဘူး....(မှန်ပါဘုရား)။

အရှင်ဘုရား.... တပည့်တော် ဝဋ္ဋဘဝတိုတိုနဲ့ ဒီဝဋ္ဋကလေး တွေ တိုတိုနဲ့ ပေါ့ဗျာ .. (မှန်ပါ)မလာဘူးလား ... (လာပါတယ် ဘုရား)။

ဝဋ္ဋဘဝတိုတိုဆိုတာ ကိလေသာလဲ တိုရပါလို၏ .... (မှန်ပါ) ကံကော....(တိုရပါလို၏) ဝိပါကအကျိုးပေးကော .... (တိုရပါ လို၏ဘုရား)။

ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ်ရရပါလို၏ အရှင်ဘုရားလို့ ဘုရား ရှေ့သွားတောင်းတယ်....(မှန်ပါ)မတောင်းဘူးလား....(တောင်း ပါတယ်ဘုရား)။

တောင်းတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပေးနိုင် တာလား၊ နည်းပေးနိုင်တာလား- တကယ်ဝဋ္ဋဖြတ်ပေးနိုင်တာ လား၊ အကဲခတ်စမ်း .. (နည်းပေးနိုင်တာပါဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ် ဒီအတိုင်း ဒီကြားကနေပြီး ဖြတ်ဆိုတဲ့နည်း တော့ ပေးနိုင်ရဲ့....(မှန်ပါဘုရား)။

ခင်ဗျားတို့ တောင်းတာက ပေးတော်မူပါဘုရားလို့ တောင်း တဲ့အခါ နည်းတောင်းတာလား၊ သူ့ကို အဖြတ်ခိုင်းတာလား... (သူ့ကို အဖြတ်ခိုင်းတာပါဘုရား)။

ဘုရားက ဘယ်နည်းနဲ့မှ လုပ်မပေးနိုင်ဘူး....(မှန်ပါ) ရှင်းကြ ပလား....(ရှင်းပါပြီ)ဘုရားက ဘယ်နည်းနဲ့မှ လုပ်မပေးနိုင်ဘူး ... (မှန်ပါ)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဘုရားက- ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက နည်းပေးရှိဘဲ တတ်နိုင်တယ်....( မှန်ပါ ) ငါ့ကိစ္စက နည်းပေးဘို့ကိစ္စ .... (မှန်ပါ) ဖြတ်ဘို့ကိစ္စက မင်းတို့ကိစ္စ....(မှန်ပါ) သူကနှစ်ကိစ္စနဲ့ ဘုရားဖြစ်လာတာ....(မှန်ပါဘုရား)။

နည်းပေးဘို့ကိစ္စက.... ( ဘုရား၏ကိစ္စပါ ) ဖြတ်ဘို့ကိစ္စက.... (တပည့်တော်တို့ကိစ္စပါ) ကိုယ့်ကိစ္စဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။ *

အဲဒီတော့ ကိုယ့်ကိစ္စရော သူ့ကိစ္စရော အရှင်ဘုရားတာဝန်ပါဘုရားဆိုတော့ ဘုရားက မတတ်နိုင်ဘူး .... ( မတတ်နိုင်ပါ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ့်ကိစ္စရော သူ့ကိစ္စရော အရှင်ဘုရား တာဝန်ဆိုယင် ဘယ့်နှယ်တုံး....(မတတ်နိုင်ပါဘုရား)။

ခုနင်က ပါဠိပြန်တွေးလိုက် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဝိညူဟိ=တရားနာလို့ ပညာရှိတဲ့ပုဂ္ဂိုလ်တို့သည်သာလျှင်၊ပစ္စတ္တံ အသီးသီး၊ ဝေဒိတဗ္ဗော=မဂ်ပညာကိုခံစားရ၏(မှန်ပါ) ဒီပုဂ္ဂိုလ်သူလုပ်မှ သူရဘယ် (မှန်ပါ၊ မလုပ်ယင်....(မရပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က အနာပျောက်ဆေးကို နည်းပေးနိုင်တဲ့ ပုဂ္ဂိုလ်ကို ဆေးအစ်သောင်းဘယ် (မှန်ပါ) ဆေးနည်းပေးနိုင်တဲ့ သတ္တိ ဘုရားမှာရှိတယ်....(မှန်ပါ) အဲဒီဆေးကို တပည့်တော်တို့ မလိုချင်ဘူး တကယ်ထောင်းနည်း ထုနည်းပျောက်တဲ့ဆေး

---

* ဥပရိပဏ္ဏာသပါဠိတော်၊ ဂဏကမောဂ္ဂလ္လာန်သုတ်ကြည့်။

တပည့်တော်တို့ လိုချင်တယ်ဆိုတော့ ဘုရားက ငါ့မှာမရှိဘူး ပြောလိမ့်မယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် ဒီအလှဲတွေကို ဒီဆရာဘုန်းကြီး တွေကမှ ပြင်ဆင်မပေးတော့ဘူး ဆိုယင်ဖြင့် ဆေးရော နည်းရော ပေးတော်မူပါလည့်ဘောင်းမှာဘဲ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘုရားမှာ နည်းတော့ ရှိတယ်နော် (မှန်ပါ့) ဆေးတော့.... (မရှိပါ)သဘောပါကြလား.... ပါ-ပါပြီဘုရား) နည်းတော့ဖြင့် (ရှိပါတယ် ဆေးတော့ဖြင့် (မရှိပါဘုရား)။

မိလိန္ဒပဥှာမှာ သွားကြည့်ပါ တကာတကာမတို့ ငါဘုရား သည် ဆေးသမားသဖွယ်ဖြစ်ပါ၏တဲ့ .... (မှန်ပါ့) ဆေးသမား တောင် အစစ်ပြောတာမဟုတ်ဘူး၊ ဆေးသမားသဖွယ်တဲ့။ သ ဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ကိုတဲ့ ငါဟောထားတဲ့ တရားတွေရှိတယ်၊ အဲဒီ တရားတွေကို မင်းတို့အားထုတ်ပြီးသကာလ စားကြယင်ပျောက် မယ်လို့ သေသေချာချာပြောတယ် (မှန်ပါ့) မပြောဘူးလား (ပြောပါတယ်ဘုရား)။

ငါနည်းတွေ ထားပစ်ခဲ့တယ်.... ( မှန်ပါ့ )အဲဒီနည်းတွေနဲ့ မင်းတို့ ဖေါ်စပ်စား၊ ပျောက်မယ်ဆိုတာ မဟောခဲ့ဘူးလား.... (ဟောခဲ့ပါတယ်)ရှင်းပသလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ယနေ့ကစပြီး ကိုယ်တိုင်လုပ်မှ ကိုယ်ဘိုင်ရမှာဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုယ်တိုင်လုပ်မှ... (ကိုယ်တိုင် ရမှာပါ) အကြွင်လင်မယား သည် အင်မတန်ချစ်ခင် လေးမြတ်ကြလို့ဘဲ တယောက်နဲ့ တယောက် ကျင်ကြီး ကျင်ငယ်တောင် ကြုံးနိုင်ကြပါတယ် .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ စွမ်းရည်သတ္တိ သေးတယ်လို့ မဆိုပါဘူး....(မှန်ပါ့ ဘုရား) တကာ ကြွယ် ယုံလား....(ယုံပါတယ်ဘုရား) ခင်ဗျား တို့ စွမ်းရည်သတ္တိ မသေးပါဘူး....(မှန်ပါ့)။

တယောက်ကျင်ကြီးကို တယောက် သုတ်သင်နိုင်ပါတယ်....၊ တယောက်ကျင်ငယ်ကို တယောက်သုတ်သင်နိုင်ပါတယ်၊ အညစ် အကြေးဟူသ၍ ချေးတွေဘာတွေကို သုတ်ပေးနိုင်ပါတယ် ၊ ဒါလောက်ထိအောင် ခင်ဗျားတို့ တယောက်တယောက်အပေါ် မှာတော့ စေတနာတွေ သဒ္ဒါတွေ ကြီးပါတယ်... (မှန်ပါ့) မဂ် ပညာတော့ တယောက်နဲ့ တယောက် ပေးလို့ မရဘူး.... (မရနိုင် ပါဘုရား) ရှင်းပလား... (ရှင်းပါပြီ)။

မဂ်ပညာ တယောက်မဂ်ကို တယောက် ရနိုင်ရဲ့လား.... (မရ နိုင်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)၊

ဓမ္မဒိန္နာနဲ့ဝိသာခ သူဌေး ထောက်ကြည့်ပါ... (မှန်ပါ့ဘုရား) ဝိသာခက အနာဂါမ်တည်လာတော့ ဓမ္မဒိန္နာက သူ့ကို စကား မပြော, သူ့ကို အသိမလုပ်တဲ့အတွက် ဘာများဖြစ်ပါလိမ့်မတုံး လို့ မိန်းမတွေးတောင်- တွေးလိုက်သေးတယ်.... (မှန်ပါ့ဘုရား)။

နောက်တော့ ဘာမှ မဖြစ်ပါဘူး၊ ဒါ-တရား၏ သဘောပါ လို့ ပြောလိုက်တဲ့အခါ ဒီတရားဟာ ယောကျ်ားသာ အား ထုတ်ရသလား၊ မိန်းမများကော အားမထုတ်နိုင်ဘူးလား... ဆို

တော့ အို....အားထုတ်ယင် ဘုရားက ဘယ်သူ့မဆို ခွင့်ပြုပါတယ်-ဆိုတော့ သူ သွားအားထုတ်တော့ ရဟန္တာမ ဖြစ်သွားပြီး တဆင့်တောင် သာလိုက်သေးတယ်၊ ဟိုက အနာဂါမ်ကိုး-(မှန်လှပါဘုရား)။

တကာတကာမတို့ ကိုယ်လုပ်လို့ ကိုယ်ရတာ.... ( မှန်ပါ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ... ဒါဖြင့် တကာတကာမတို့ ယနေ့ကစပြီး တရားနာလာကြတဲ့ တကာတကာမတွေ နည်းပေးဘို့ရာ ဘုန်းကြီးတို့တာဝန်-(မှန်ပါ) အားထုတ်ဘို့ရာ... (တပည့်တော်တို့ တာဝန်ပါဘုရား) ရှင်းပြီ... (ရှင်းပါပြီဘုရား)။

ဆေးစာဖတ်ရုံနဲ့ ရောဂါ ပျောက်ပါမလား....(မပျောက်ပါဘုရား) အဲ... တရားနာရုံနဲ့လဲ ရောဂါ မပျောက်သေးဘူး.... (မှန်ပါ) တရားအားထုတ်မှ ဘာပျောက်မယ်ထင်ကြသတုံး.... (ရောဂါပျောက်မှာပါဘုရား)။

ဟော... ကိလေသာရောဂါပျောက်မယ်-(မှန်ပါ) ကဲ-ရောဂါတွေ....(ပျောက်ပါမယ်ဘုရား)အကျိုးပေးရောဂါတွေ-(ပျောက်မှာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည် ကိုယ့်ကိုယ်သနားယင် လုပ်ပါ... (မှန်လှပါဘုရား)။

ဘယ်လိုပြောပါလိမ့်.... (ကိုယ့်ကိုယ် သနားယင် လုပ်ကြပါဘုရား) မလုပ်သေးတော့ ကိုယ့်ကိုယ်, ကိုယ်ဘယ်လိုထင်ကြသလဲ (မသနားလို့ပါဘုရား)။

ဟာ....ဒီအထဲ ကိုယ့်ကိုယ်သနားတဲ့လူနဲ့ မသနားတဲ့လူ ဘယ် လောက်များသတုံး.... (များပါတယ်ဘုရား) ဘယ်သူက များ သတုံး တကာကြွယ် မှုသားမပါစေနဲ့ ...(မသနားတဲ့လူက များ ပါတယ်ဘုရား)။

မသနားတဲ့လူက များဘယ်....(မှန်ပါ) တကယ်ရိုင်းပါလား (မှန်ပါ) ဒီထဲ လူဆိုးချည်းပါလား – (မှန်ပါ)။

တကာတကာမတို့ ကိုယ့်ကိုယ်သနားတဲ့လူ အတော်နည်းပါ တယ်....(နည်းပါတယ်ဘုရား) ကိုယ့်ကိုယ် မသနားတဲ့လူဘာလုပ် နေသတုံး....လို့ မေးတို့ မလိုဘူးလား.... ( လိုပါတယ်ဘုရား ) ကိလေသာ၏ ကျွန်ခံနေတယ်....(မှန်ပါ)။

ကိုယ့်ကိုယ့်ကိုယ် မသနားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူ့ ကျွန် ခံနေ သတုံး–(ကိလေသာ၏ကျွန် ခံနေပါတယ်ဘုရား) ကိလေသာ၏ ကျွန်ခံနေတယ်....(မှန်ပါ) ရိုပ်မိကြပလား ... (ရိပ်မိပါပြီ ဘုရား) ကိုယ့်ကိုယ် မသနားတဲ့ပုဂ္ဂိုလ် ဘာလုပ်နေသတုံး....(ကိလေသာ၏ ကျွန်ခံနေပါတယ်ဘုရား)။

အဲ....တရားအားမထုတ်သေးဘူး၊ တရားမနာသေးဘူး ဆိုယင် မင်း ဘာကောင်တုံးလို့မေး.... (မှန်ပါ) မင်း ဘာကောင်တုံးလို့ မေးတဲ့အခါ မင်းလူနွေးဘဲ၊ တဏှာ့ကျွန်ခံနေတာ(မှန်ပါဘုရား) မင်းကိုယ်မင်း သနားတာ.... မဟုတ်ဘူး၊ မင်းသောက်မိုက်ဘဲ့ လူ မရှိတော့ဘူးလို့ ကိုယ့်ကိုယ့်ကိုယ် ဆုံးမပါ.... ( မှန်လှပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့ ဆုံးမရမလဲ.... ( ကိုယ့်ကိုယ် ကိုယ် ဆုံးမရပါမယ် ဘုရား)။

ကိုယ့်ကိုယ်ကိုဆုံးမတော့ တကာတကာမတို့ ခလေးဆုံးမ ရတာထက် ခက်တယ်လို့ ဘုရားက ဟောထားတယ်.... ( မှန်ပါ ဘုရား)။

ဒါကြောင့် တကာတကာမတို့.... ကိုယ့်ကိုယ်ဟာ ဆုံးမ အကောင်းဆုံးဆိုတော့ ကိုယ့်ပစ္စုပ္ပန် ကိုယ်ဖြတ်မည့်တရား အရခဲဆုံးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ရှင်းပလား....(ရှင်းပါ ပြီဘုရား ။

ဒီတရားဟာ အစဉ်အတိုင်း ခုနင်ကသွားလို့ အပါယ်လေး ပါးကျအောင် ပြခဲ့ပါကယ်၊ ဖြတ်လိုက်လို့ရှိယင် ဒီကိလေသာ ဝဋ်လဲ ချုပ်ပါတယ်... (ချုပ်ပါတယ်ဘုရား) ကမ္မဝဋ်.... (ချုပ်ပါ တယ်ဘုရား)ဝိပါကဝဋ်ယ်(ချုပ်ပါတယ်ဘုရား)အပါယ်လေးပါး ဆိုတဲ့ ဝိပါကဝဋ် လာသေးရဲ့လား....(မလာပါဘုရား)။

ကဲတော့ကော တကာတကာမတို့ ကဲတွေက လူ့ပြည်ပစ်တင် လိုက်၊လူ့ပြည်မသာဖြစ်အောင်ပို့လိုက်(မှန်ပါ)အပါယ်လေးပါး မီးလောင်ကောင်ဖြစ်အောင် လုပ်လိုက် ကဲက-ကဲက....(မှန်ပါ)။

သူ့ဇီမ့်တဲ့နေရာမှလဲ လွတ်ကင်းမသွားဘူးလား... (လွတ်ကင်း ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့စီမံချင်လို့ စီမံရတာလား-ကိလေသာနှစ်ခု စီမံတာလား ( ကိလေသာနှစ်ခုက စီမံတာပါဘုရား) ကိလေသာနှစ်ခုက စီမံ တာဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ စီမံတတ်တဲ့တရားလဲ သေပြီ၊ လုပ်မည့်တရားလဲ သေပြီ၊ လုပ်လို့ ပေါ်လာတဲ့ အထည်လဲ ပျောက်ပြီ....(မှန်ပါ) မပျောက်သေးဘူးလား....(ပျောက်ပါပြီဘုရား)။

ဒါဖြင့် ဝဋ်သုံးပါး ကျွတ်ရပါလို၏....လို့ ဆုတောင်းရမှာလား၊ ဝဋ်ဖြတ်ရမှာလား....(ဝဋ်ဖြတ်ရမှာပါဘုရား) ပေါ်ပါပြီဗျာ....(ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ အင်မတန်အရေးကြီးပြီနော် (မှန်ပါ) ဝဋ်သုံးပါးကျွတ်ရပါလို၏ ဆိုမလား၊ ကိုယ်တိုင်ဉာဏ်နဲ့ ဖြတ်ရမှာလား....(ကိုယ်တိုင်ဉာဏ်နဲ့ဖြတ်ရမှာပါဘုရား)။

အို တကာကြွယ် ဝဋ်ကျွတ်ရပါလို၏ဆိုတဲ့လူက များတယ်နော်....(မှန်ပါ) ကိုယ်တိုင် ဖြတ်နေတဲ့လူက ရှားတယ်....(မှန်ပါဘုရား)။

အဲဒီတော့ တကာကြွယ် ဘယ်လို ဆုံးဖြတ်ချက်ချမတုံး....ဆိုတော့ အပြောသမားသာရှိ၍ အလုပ်သမားမရှိဘူး... (မှန်ပါဘုရား) အပြောသမားသာ... (ရှိပါတယ်ဘုရား) အလုပ်သမားက ဘယ်နှယ်... (မရှိပါဘုရား)။

ဒါဖြင့် အလုပ်သမားမရှိလို့ရှိယင် ဘယ်ပစ္စည်း အပြီးတိုင်ရောက်မလဲ....(မရောက်ပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိလေသဝဋ်ပြတ်မှ ကမ္မဝဋ်က (ပြတ်မှာပါဘုရား) ကမ္မဝဋ်ပြတ်မှ.... ( ဝိပါကဝဋ်ပြတ်မှာပါဘုရား) ဝိပါကဝဋ်ပြတ်မယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားလက်ထက်က တကာတကာမတို့ မုဆိုးကြီး သားခုနစ်ယောက်, ချွေးမခုနစ်ယောက်နဲ့ တသက်လုံး မုဆိုးလုပ်စားတယ်....(မှန်ပါဘုရား) မုဆိုးကြီးမိန်းမက သောတာပန်ဆိုတာ ခင်ဗျားတို့ သိပါတယ် .. (မှန်လှပါဘုရား)။

တသက်လုံး မုဆိုးလုပ်စားနေတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တနေ့သဒ္ဒ သွားပြီးတော့ ကိလေသဝဋ်ချတ်ပေးလိုက်တယ်....(မှန်ပါဘုရား)။

တကာတကာမတို့ ဘာချတ်ပေးလိုက်သလဲ.... (ကိလေသဝဋ်ချတ်ပေးလိုက်ပါတယ်ဘုရား)။

သူလုပ်ထားတဲ့ ကမ္မဝဋ်တွေ အကျိုးပေးသေးရဲ့လား.... (မပေးပါဘုရား) ဒါဖြင့် ဝိပါကဝဋ်ဆိုတဲ့ အပါယ်လေးပါး.... (မလာတော့ပါဘုရား)။

ဒါဖြင့် မုဆိုးကို ဘယ်သူ ကယ်တင်သတုံးမေးတော့ အမြင်အထင်ပြောတော့ဘုရား. .. (မှန်ပါ) အတွင်းက အလုပ်သမားက တရား . (မှန်ပါ)။

အမြင်အတင်ပြောတော့... (ဘုရားပါဘုရား)ဘုရားကယ်တင်လိုက်တာ အပြောကတော့.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) စင်စစ် ကယ်တင်လိုက်တာက တရားက ကယ်တင်လိုက်တာ... (မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အမြင်အထင်ပြောတော့ ဘယ်သူ ကယ်တင်ပါလိမ့်- (ဘုရားကယ်တင်တာပါဘုရား) ဝမ်းထဲ ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်တာကတော့... (တရားက ကယ်တင်တာပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ တရားဟာ အရေးကြီးတော့တယ်ဆိုတာ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ အရေးကြီးပါလိမ့်.... ( တရား အရေးကြီးပါတယ်ဘုရား)။

ဘုန်းကြီးကလဲ ဗဟုသုတကလဲများများ၊ ကျမ်းကလဲစုံစုံနဲ့ တကာတကာမတွေ ပြောရတာက တခုကလေး စ,ထွက်လာလို့ ရှိယင် အကိုးအကား လုံလောက်အောင်ကလဲ တကာတကာမတွေ သိစေချင်တယ်....(မှန်လှပါဘုရား)။

အဲဒါကြောင့် ကြားဖြတ် နည်းနည်းကလေး နားထောင်ပေးပါ....(မှန်ပါ) ခင်ဗျားတို့ ယုံလောက်တဲ့နည်းကလေး ယုံယုံကြည်ကြည်နဲ့ တရားသာ အားထားရာရှိတယ်ဆိုတာ ပေါ်အောင်လို့... (မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာတယ်၊ ဘုရားဖြစ်ပြီးသကာလ ခုနစ်ရက်လောက် ရှိတဲ့အခါကျတော့ ဩော်.... လောကကြီးမှာ ငါဖြင့် လောကရဲ့ အထွဋ်အထိပ်ဘုရားဖြစ်လာပြီ၊ လူ့,နတ် ဦးခိုက်ပူဇော်ထိုက်တဲ့ ဘုရားဖြစ်လာပြီ၊ သို့သော်သဲ အလေးအမြတ်ပြု၍ ကိုးကွယ်ရာမရှိဘဲတော့ နေလို့ မကောင်းဘူး.... (မှန်ပါဘုရား) သူ့ဟာသူ တွေးလိုက်တယ်.... (မှန်ပါဘုရား)။ ❋

သူ့ထက် အထက်တန်းကျ ကိုးကွယ်ရာ မရှိယင် နေလို့ မကောင်းဘူးတဲ့.... (မှန်ပါဘုရား) ဒါတွေးမိတယ်....(မှန်ပါ)။

ဒါနဲ့ မြဟ္မာပြည်မှာ ကိုးကွယ်ရာ ဖြစ်မလားလို့ ကြည့်လိုက်ပြန်တော့ သူ့ထက် သီလ သမာဓိ ပညာသာတာ တယောက်မှ ရှာမတွေ့ဘူး.... (မှန်ပါ) နတ်ပြည်ကြည့်လိုက်သဲ သူ့ထက် သီလ သမာဓိ ပညာသာတာ တယောက်မှ မရှိဘူး ...

---

❋ သဂါထာဝဂ္ဂသံယုတ်၊ ဂါရဝသုတ်တော်ကြည့်ပါ။

( မှန်ပါ ) ဒါနဲ့ သုံးဆယ့်တဘုံ လျှောက်ရှာလိုက်တာ မတွေ့ဘူး....(မှန်ပါ)။

ဒါနဲ့ ဘုရားက ပြောဘ်.... ငါ ဘယ်သူ့ကြောင့် ဘုရားဖြစ်လာပါလိမ့်မလဲလို့ တွေးလိုက်တယ်.... (မှန်ပါဘုရား) တရားကြောင့်ဘုရားဖြစ်တယ်... (မှန်ပါ)သိလုံးပေါ်လာတာ မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

ဘုရားဟာ ဘယ်သူ့ကြောင့် ဘုရားဖြစ်ပါလိမ့်.... ( တရားကြောင့် ဘုရားဖြစ်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တရားဘဲ သရဇ္ဈာယ်, တရားဘဲ ကိုးကွယ်နေတော့မယ်လို့ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါဘုရား)။

ဘုရား ဘယ်လို ဆုံးဖြတ်ချက်ချပါလိမ့်-(တရားဘဲ သရဇ္ဈာယ် တရားဘဲ ကိုးကွယ်တော့မယ်လို့ ဆုံးဖြတ်ချက်ချပါတယ်ဘုရား) မှတ်ထားပါနော်... (မှန်ပါ)။

အဲဒီတွင်မှ ကဿပ ဘုရားတိုင်တိုင် မှီလိုက်တဲ့ သဟမ္ပတိ ဗြဟ္မာကြီးက လူ့ပြည်ဆင်းလာတယ်.... (မှန်ပါ) သူက ဘုရားနှစ်ဆူ မှီတာကိုး....(မှန်ပါ)။

အဲဒီတွင် ဆင်းလာပြီး အရှင်ဘုရား၊ အရှင်ဘုရားစိတ်ကူးဟာ သိပ်မှန်တာဘဲ....(မှန်ပါ) ကဿပဘုရားနဲ့တကွ ရှေးဘုရားတွေဟာလဲ တရားဘဲ- တရားကြောင့် ဘုရားဖြစ်လာပြီး တရားဘဲ အလေးအမြတ်ပြု၍ နေထိုင်တော်မူကြပါတယ်ဘုရား၊ဒါကြောင့် အရှင်ဘုရား တရားဘဲ သရဇ္ဈာယ်၍ တရားဘဲ အလေးအမြတ်ပြုစရာ ရှိပါတော့တယ်လို့ ဟိုက ထောက်ခံချက် လာပေးတယ် (မှန်ပါဘုရား)။

သူကိုယ်တိုင် အတွေး မှန်ပါတယ် ဆိုတာ မြတ်စွာဘုရားက ထောက်ခံချက်ပေးတယ်.. (မှန်လှပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ ကိုးကွယ်ပါ၊ ကိုယ့်ကိုယ်ကယ်တင်တဲ့ တရားတော့ လုပ်ယူပါ (မှန်ပါဘုရား)။

ဘုရားကိုတော့....(ကိုးကွယ်ဆည်းကပ်ပါ) တရားကိုတော့ .... (လုပ်ယူပါဘုရား)။

ဒါကလေးနှစ်ခု ယနေ့ပါယင် ဘုန်းကြီး သေပျော်ပြီအောက်မေ့ (မှန်ပါ)ခင်ဗျားတို့ အတွက်မှာ ဒါလောက်အရေးကြီးပါတယ်... (မှန်ပါ)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဘုရားလဲ ဘာလုပ်ကြရမယ် ... (ကိုးကွယ်ဆည်းကပ်ကြရပါမယ်)တရားကိုတော့ဖြင့်... (လုပ်ယူရပါမယ်)လုပ်ယူရမယ်။

တရားကိုးကွယ်တော့ ဓမ္မာနုဿတိဖြစ်ပါတယ်....( မှန်ပါ ) တရားလုပ်ယူတဲ့ အခါကျတော့ ဝိပဿနာပညာဖြစ်ပါတယ်။ အင်မတန် ခြားနားပါတယ်....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တရားကိုးကွယ်ယင် သုဂတိရောက်မယ်.... ( မှန်ပါ ) တရားအားထုတ်ယူယင် နိဗ္ဗာန်ရောက်မယ်.... (မှန်ပါ) ဒါလောက်ကွာခြားပါတယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကဲ....တကာကြွယ် သေပျော်ပလား....(သေပျော်ပါပြီ) စောပါသေးတယ်ဗျာ။နည်းနည်းကလေး နားပါဦး။

ကိုင်း... တကာတကာမတွေ ဝင့်ဖြတ်ပေးတာ ဘယ်သူပါလိမ့် (မဂ္ဂင်တရားပါ)ဒါ မဂ္ဂင်တရား ...(မှန်ပါဘုရား)။

ကိလေသဝဋ်တော့ ဘယ်သူဖြတ်ပေးသလဲ....(မဂ္ဂင်ပါ) ကမ္မဝဋ်...(မဂ္ဂင်ပါ) ဝိပါကဝဋ်....(မဂ္ဂင်ပါ) မဂ္ဂင်တရားဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒါက ဆုတောင်းနဲ့ဖြတ်ယူတာလား-ကိုယ့်ဟာကိုယ် ဝေဒနာဖဿ ဖြစ်ပျက်ရှုလို့ မဂ်ဖြစ်တာလား....(ဝေဒနာဖဿ ဖြစ်ပျက်ရှုလို့ မဂ်ဖြစ်တာပါဘုရား)။

ဖြစ်ပျက်ရှုလို့ မဂ်ဖြစ်တာ (မှန်ပါ)မဂ်ဖြစ်လို့ဝဋ်ပြတ်တာ (မှန်ပါ) မဂ်မဖြစ်ယင်....(ဝဋ်မပြတ်ပါ) ဝဋ်မပြတ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ တရားကိုးကွယ်ယင် ဓမ္မာနုဿတိ .... ( မှန်ပါ ) တရားအားထုတ်ယင် ဝဋ်ပြတ်ဘယ်.... (မှန်ပါ) ခွဲခြားသိပလား....(သိပါပြီရား)။

တရားကိုးကွယ်ယင်....(ဓမ္မာနုဿတိပါ)တရားအားထုတ်ယင် (ဝဋ်ပြတ်ပါတယ်) ဝဋ်ပြတ်ပါတယ် မဂ်ဆိုက်ပါတယ်....(မှန်ပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တရားလဲကိုးကွယ်ပါ၊ ဝဋ်လဲဖြတ်ပါ.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားလဲ....(ကိုးကွယ်ပါ)ဝဋ်လဲ (ဖြတ်ပါ) ဒါဖြင့် ကိုးကွယ်ရုံနဲ့လဲ ကိစ္စမပြီးဘူး.... ( မှန်ပါ ) ခင်ဗျားတို့ကို ကယ်တင်တာကတော့ အလုပ်တရားကမှ ကယ်တင်လိမ့်မယ်-(မှန်ပါ)ဦးလှဘူးရေ- နေရာကျပလား....(ကျပါပြီဘုရား)။

ကိုင်းဒါဖြင့် တကာတကာမတို့ ဖဿတို့ ဝေဒနာတို့ဖြစ်ပျက် တပည့်တော်တို့က ဘုရား· အနိစ္စဆိုတဲ့ဖြစ်ပျက် တပည့်တော်တို့က အလေ့အကျက်မရှိသေးတော့ ပေါ်တယ်ဆိုယင် ကံရောက် ရောက်သွားတယ်....(မှန်ပါ) ခင်ဗျားတို့က ဆင်ခြေမလဲပေဘူးလား....(လဲပါတယ်ဘုရား)။

ကံရောက်လို့ရှိယင်ဖြင့်တဲ့ ဒီလိုလုပ်ကြပါ၊ တရားကို တကာတကာမတို့ ကံရောက်ခင်ကစပြီး သကာသ အလေ့အကျက်လုပ်ပါနော် .. (မှန်ပါဘုရား)။

'ဝေဒနာပစ္စယာ တဏှာ'ဆိုတော့ ဩော် .... သားကလေးခင်လိုက်တာဆိုတဲ့ စိတ်ကလေး မလာပေဘူးလား .... (လာပါတယ်)ခင်တဲ့နောက်ကနေပြီး ခင်စိတ်သည် ဖြစ်ပျက်ဘဲလို့ မြန်မြန်ရှု... (မှန်ပါဘုရား)။

ခင်စိတ်ကဘာတုံး... (ဖြစ်ပျက်ပါ) ရှုတာက....(မဂ်ပါဘုရား) ဒီလိုဆိုယင် ဥပါဒါန်နဲ့ကံချုပ်ဘယ်...(မှန်ပါဘုရား)။

ဒါ ခင်ဗျားတို့ ဖျင်းလွန်းလို့ အယင်တရားဘော့ မမိသိုက်လို့ နောက်တရားမိပါစေတော့လို့ ဘုရားက 'သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ' ဆိုပြီး စိတ္တာနုပဿနာ သတိပဋ္ဌာန်ဟောလာတာ....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟာ....တပည့်တော်တို့က ဒါလောက်လဲ မရသေးဘူးဘုရား၊ လူတွေက အဖျင်းတွေဘုရာ့ဆိုယင်၊ ကဲ .... တကာတကာမတို့ ဥပါဒါန်ပေါ်ပြီ....(မှန်ပါ) ဥပါဒါန် စွဲလမ်းတဲ့စိတ်ကိုဖြစ်ပျက်ရှု....(မှန်ပါ)သဘောကျပလား...(ကျပါပြီဘုရား)။

စွဲလမ်းတဲ့စိတ် ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်) ရှုလိုက်တော့ ရှုတာက ဘာလာဖြစ်သတုံး .... (မဂ်လာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါန်က ဖြစ်ပျက်၊ရှုတာက.... (မဂ်ပါ) သဘောကျပလား... (ကျပါပြီ) ကံလာသေးရဲ့လား (မလာပါ)ကံပြတ်တယ်... (မှန်ပါ) ကံပြတ်ယင် ဒီအကျိုးပေးကော .... (ပြတ်ပါတယ်) ပြတ်သွားပြီဆိုတာ သေချာပလား .... (သေချာပါပြီဘုရား)။

အင်း... ဘယ်သူကကယ်တင်ပါလိမ့်....(မဂ်ကပါ) ပေါ်ပြီဗျ။ ဒီမဂ်က ကယ်တင်နေတာ....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့၏ ကိုးစားရာ၊အားထားရာ၊ကျောက်ထီးတန္တု အခလေးပြုလောက်တာ ဘယ်သူပါလိမ့် .... (တရားပါဘုရား)။

ဘုရား- ဘာကိုးကွယ်ပါလိမ့်....(တရားပါ)ဘယ်သူကထောက်ခံချက်ပေးသလဲ....(သဟမ္ပတိဗြဟ္မာကပါဘုရား)။

သဟမ္ပတိဗြဟ္မာကြီးက ထောက်ခံချက်ပေးတော့ ဘုရားကိုယ်တိုင်ကိုဘဲ ထောက်ခံချက်နဲ့တကွ စိတ်ကူးနဲ့ မတည့်လား.... (တည့်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကိုလဲ ဒီအတိုင်းဘဲ ဘုန်းကြီးများက သတိပေးလိုက်ပါတယ်....(မှန်ပါ) တရားကို ကိုးကွယ်ရုံနဲ့ မပြီးသေးဘူး ...(မှန်ပါ) အားထုတ်မှပြီးမယ် ... ( မှန်ပါ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တရားကိုးကွယ်ယင် ဓမ္မာနုဿတိ....(မှန်ပါ) သမထဘက်လဲသွားတယ်....(မှန်ပါဘုရား)။

အနုသတိဆယ်ပါးဆိုတာ သမထ မဟုတ်လား .... (မှန်ပါ) တရားကိုးကွယ်ယင် သမထ ... ( မှန်ပါ ) တရားအားထုတ်ယင် ဝိပဿနာ....(မှန်ပါ)တရားကိုးကွယ်ယင် .... (သမထပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပုတီးသမားတွေကိုလဲ မစိပ်စေချင်လို့ ပြောတာမဟုတ်ပါဘူး၊ ဓမ္မဂုဏ်တော် အများကြီးရတယ်.... (မှန်ပါ) ဗုဒ္ဓဂုဏ်တော် အများကြီးရတယ်.... (မှန်ပါ) ကုသိုလ်မရဘူးလား·ရတယ်။ နိဗ္ဗာန်ရမလား၊ မရဘူး ... ( မှန်ပါ )ရိပ်မိပလား....(ရိပ်မိပါပြီ)မရနိုင်ဘူးဆိုတာ....(သေချာပါပြီဘုရား)။

အဘယ့်ကြောင့်တုံး ဆိုတော့ တကာတကာမတို့ သမထလေးဆယ်တဲ့....(မှန်ပါ) ပေါ်ကြပလား... (ပေါ်ပါပြီ)သမထလေးဆယ်ဟာ နိဗ္ဗာန်မရောက်ဘူး....(မှန်ပါ) သူကနေပြီး ဆက်ပြီး ဝိပဿနာကူးမှရောက်မယ် .... ( မှန်ပါ )ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားကိုကိုးကွယ်လဲ ကိုးကွယ်ပါ အားလဲထုတ်ပါ... (မှန်ပါ) ရှင်းပလား....( ရှင်းပါပြီဘုရား ) ကိုးကွယ်လဲ... (ကိုးကွယ်ရပါမယ်)အားကော....(အားလဲ ထုတ်ရပါမယ်) သို့သော် ကိုးကွယ်တာထက် အားထုတ်မှုသန်ပါ....(မှန်လှပါ)ရှင်းကြပလား·(ရှင်းပါပြီ)ကိုးကွယ်တာထက်·(အားထုတ်မှု သန်ပါ)အားထုတ်မှု သန်ပေးကြပါ....(မှန်ပါ)။

ဒီ တကာတကာမတွေ ဘယ်က လာကြသတုံးလို့ မေးလို့ရှိယင်ဖြင့် နောက်ဘဝ ဘယ်က လာကြသတုံး... မပြောတတ်ပါဘုရား၊ လူတိုင်း ဖြေမယ်... (မှန်ပါ)မဖြေပေဘူးလား... (ဖြေပါတယ်)ဘယ်က လာကြသတုံး....နောက်ဘဝက....(မပြောတတ်ပါဘုရား)။

မပြောတတ်ဘူး....(မှန်ပါ)ဒါဖြင့် ဘယ်သူ ပို့လိုက်သတုံး.... ဘယ်သူက ခင်ဗျားတို့ လက်ဆွဲခေါ်သတုံး....တရားက ပို့လိုက်ပါတယ်....(မှန်ပါ)ရိပ်မိပလား...( ရိပ်မိပါပြီ )ဘယ်သူက ပို့လိုက်သတုံး....(တရားက ပို့လိုက်ပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီကနေ အနေအထိုင်မတတ်လို့ အပါယ်သွားကြတာလဲ ကိုယ်တိုင်ခြေလျှင်သွားလို့ ရောက်ကြတာလား ...တရားပို့လို့ ရောက်တာလား....(တရားပို့လို့ ရောက်တာပါဘုရား)။

ဒါဖြင့် တရားသည် တကာတကာမတို့ မတရားတဲ့ တရားဟူသရွေ့က အပါယ်လေးပါး ပို့တတ်ပါတယ်၊ မဂ္ဂင်တရားတွေက နိဗ္ဗာန်ပို့တတ်ပါတယ်...(မှန်ပါ)။

အဲဒါကြောင့် ခင်ဗျားတို့ကို လမ်းပြ ကြိုးဆွဲခေါင်းဆောင် ကယ်တင်ယူမှု ထိုးချမှုဆိုတာ တရားဘဲရှိတယ်... (မှန်ပါ)ရှင်းကြပလား... (ရှင်းပါပြီ)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ရှေ့ဆက်ပြပါဦးမယ်၊ ဥပါဒါန်ကလေးလဲ တပည့်တော်တို့က ဖြစ်ပျက် မရှုမိဘူးဘုရာ့... ။ ခန္ဓာကိုယ်ထဲ ပေါ်တော့ ပေါ်ပါတယ်၊ ပေါ်ပင် ပေါ်ငြားသော်လဲ တပည့်တော်တို့က မရှုမိဘူးဘုရား၊ သတိက ဝေးဝေးသွားတယ် .... (မှန်ပါ)ဒါဖြင့် ရှုပါစေတော့ ကဲရှု....(မှန်ပါ)။

ကဲကလေး စေတနာ ပေါ်တိုင်းပေါ်တိုင်း ဘာလုပ်ရမတုံး- (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး၊ ရတယ်....(မှန်ပါဘုရား)။

"ရူပသဒ္ဒေတနာ လောလေ သဒ္ဒသဒ္ဒေတနာ လောကေ" နဲ့ သတိပဋ္ဌာန်ပါဠိတော်မှာ ဘုရားက ရှုသာ ရှုတဲ့....(မှန်ပါ)မလာ ဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကြောင့် ကံလာလို့ရှိယင်လဲ ဘာရှုရမှာလဲ....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)ကံက ဖြစ်ပျက်၊ ရှုတာက.... (မဂ်ပါ) ဝိပါက ဝဋ် လာဦးမလား....(မလာပါဘုရား)။

ဒါဖြင့် ဘကာတကာမတို့ ရှေ့မှာ ပြထားတော့ ဖဿနဲ့ ဝေဒနာက တွဲလျက်....(မှန်ပါ)တွဲရှု .. (မှန်ပါ)တဏှာကို တကာ တကာမတို့ ခွဲရှု....(မှန်ပါ) တဏှာ ဥပါဒါန် မခွဲချင်ပါဘူး ဆို ယင်လဲ တဏှာတခုတည်း လုံးရှု၊ ရတယ်၊ ကံနဲ့တော့ ရောလို့မရ ဘူး....(မှန်ပါ)ကံသီးသန့်ရှု... (မှန်ပါ)။

ဒါဖြင့် ဖဿနဲ့ ဝေဒနာ တွဲရှုပါ....( မှန်ပါ )သဘောကျ ပလား....(ကျပါပြီ) ဖဿထက်ယင် ဖဿရှု....(မှန်ပါ) ဝေဒနာ ထက်ယင်....(ဝေဒနာ ရှုရပါမယ်)ဘဏှာထက်ယင်....(တဏှာ ရှု ရပါမယ်) ဥပါဒါန်ထက်ယင် .. (ဥပါဒါန် ရှုရပါမယ်ဘုရား)။

ကံကတော့ တခုဘည်း ဖြစ်နေတဲ့ အတွက် အထက်, အနု့ မရှိဘူး၊ ရှုသာ ရှုတော့၊ ပေါ်တာရှု....(မှန်ပါ)ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဒါဘယ့်နှယ်ကြောင့် ဆရာ ဘုန်းကြီးက ဖြစ်ပျက် အရှုခိုင်းပါလိမ့်မလဲလို့ မေးဘို့ မလိုဘူး လား (လိုပါတယ်ဘုရား)။

ဩော်....လိုမှာဘဲ တကာတကာမတို့....၊ ဖဿ ဝေဒနာဆို တာသည် တကာကြွယ် ဗီအခါန်မှာ ဖဿဝေဒနာနဲ့ အသက်ရှင် နေတာ....(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ဖဿဝေဒနာပေါ်တုန်း ဘာနဲ့ အသက်ရှင်နေကြသလဲ ....(ဖဿဝေဒနာနဲ့ အသက်ရှင်ပါတယ်) တဏှာ ဥပါဒါန် ပေါ်တော့ ဘယ်သူနဲ့ အသက်ရှင်သတုံး (တဏှာ ဥပါဒါန်နဲ့ အသက်ရှင်ပါတယ်ဘုရား) ကံပေါ်တော့ကော....(ကံနဲ့ အသက်ရှင်ပါတယ်ဘုရား)။

ဒါဖြင့် ဒါတွေ ဖြစ်ပျက်လို့ ဖြစ်ပြီး ပျက်တယ်ဆိုတော့ ဖြစ်တာက မွေးတာ၊ ပျက်တာက သေတာ..( မှန်ပါ )အဲဒီ့ ကိုယ့်အသေ ကိုယ်မွေးတာနဲ့ ကိုယ့်အသေကို မြင်အောင်အရှုခိုင်းတာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ်မွေးတာရယ် ကိုယ်သေတာရယ် မြင်အောင်လို့ အရှုခိုင်းတာ....(မှန်ပါ)ကိုယ့်အသက်တမ်းက ဒါဘဲရှိတယ်(မှန်ပါ) သဘောပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်က နောက်ခန္ဓာ ရချင်ပါဦးမလား... (မရချင်ပါ)ကိုယ့်ဖဿ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ငါ နောက် မသာဖြစ်ပါရစေဦးလို့ လာပါမလား ....(မလာပါဘုရား)။

အဲ . ခင်ဗျားတို့ ဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ မသာ မမြင်သေးလို့ ဆုတောင်းတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ နောက်မသာ မမြင်သေးလို့ ....(မှန်ပါ)အခု ရှေ့ရောက်တဲ့ မသာမှ မမြင်သေးတဲ့ ပုဂ္ဂိုလ်ဟာ–နောက်မသာ ဆုတောင်းမှာဘဲ... (မှန်ပါ) ပေါ်ကြပလား ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုဆိုတာ ဘာပါလိမ့်၊ ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းတာ....(မှန်ပါ) ဝိပဿနာရှုဆိုတာ ဘာပါလိမ့် ..... (ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းတာပါဘုရား)။

ဒါဖြင့် ကိုယ့်အနိစ္စ ကိုယ်အရှုခိုင်းတာ....(မှန်ပါ) အနိစ္စလဲ မသာဘဲ....(မှန်ပါ)ဒုက္ခကော....(မသာပါဘုရား)အနတ္တကော-- ( မသာပါဘုရား )ရှုလိုက်တော့ ဒုက္ခသစ္စာ၊ အသုဘတရား.... (မှန်ပါ)သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ ရှုဆိုတာ ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းဘာ....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား) ကိုယ့်သစ္စာကို....(ကိုယ်အကြည့်ခိုင်းတာပါဘုရား)။

ဖြစ်တာလဲ ဒုက္ခသစ္စာဘဲ ...(မှန်ပါ) ပျက်တာလဲ....(ဒုက္ခသစ္စာပါဘုရား)ဖြစ်တာဟာ သေဖို့ ဖြစ်တာမို့ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါ)သေတာဟာ သေတဲ့ဒုက္ခနဲ့ကြုံသွားလို့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)အဲ...ဒုက္ခသစ္စာ အကြည့်ခိုင်းတာလို့ မှတ်ပါ....(မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါ) ရှုတာက-- (မဂ္ဂသစ္စာပါ)ပေါ်ပြီနော်...(ပေါ်ပါပြီ)သေတာက ဘာသစ္စာတုံး....(သမုဒယသစ္စာပါ)သူသေလို့ နောက်ဘပ် ခန္ဓာသစ် မရမှာက....(နိရောဓသစ္စာပါဘုရား)။

သစ္စာလေးပါး ဟောနေတယ်....(မှန်ပါ) ရိပ်မိကြပလား .. (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု...သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမွာရုံ၌ - ဟောကြားတော်မူသော

(ကံဖြတ်၊တဏှာဖြတ်၊ဝဋ်ဖြတ်၊)

# နေ့အလုပ်ပေး-တရားတော်

( ၃၀ - ၇ - ၆၁ )

တရားနာကြတဲ့ တကာတကာမတွေ ဒီခန္ဓာကိုယ်ကြီး အမှန်သွားရာလမ်းသည် သုသာန်လမ်းလို့ မှတ်ထားကြပါ....(မှန်ပါဘုရား) ခန္ဓာကိုယ်၏ အမှန်သွားရာလမ်းက.... (သုသာန်လမ်းပါဘုရား)။

အခု တရားနာနေကယ်လို့ ဆိုငြားသော်လဲ ထိုင်ရင်း သွားနေတယ်လို့ အောက်မေ့ပါ....(မှန်ပါ) ထိုင်ရင်းဘယ်သွားပါလိမ့် (သုသာန်သို့သွားပါတယ်ဘုရား)။

ဈေးရောင်းနေတဲ့ပုဂ္ဂိုလ်တွေလဲ ဈေးရောင်းတာက မှန်သလား၊ သုသာန်သွားတာက မှန်သလား....(သုသာန်သွားတာက မှန်ပါတယ်ဘုရား)။

ဈေးရောင်းရတာဘော့ ရောင်းရချိတချက်, မရောင်းရချိတချက်ရှိသေးတယ်....(မှန်လှပါ) ခန္ဓာကိုယ်ကြီးသွားနေဘာက တော့ဖြင့် တစက္ကန့်ထက် တစက္ကန့် သုသာန်နဲ့သာ နီးရတယ်....

(မှန်ပါဘုရား) ဈေးရောင်း ကောင်း,မကောင်း သူက ငဲ့သေး သလား....(မငဲ့ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ဒီလမ်းချည်းဘဲ သွားနေကြ တော့မယ် ဆိုလို့ရှိယင် တကာကြွယ်ရေ.... လမ်းမှားချည်း လျှောက်နေတာဘဲ....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ.... (လမ်းမှားချည်း လျှောက်နေကြပါ တယ်ဘုရား) လမ်းမှားချည်း လျှောက်နေတယ်ဆိုယင် လွဲပါ့ မလား....(မလွဲပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ဉာဏ် မျက်လုံးနဲ့ ကိုယ်ကြည့်တော့မှ ကိုယ့်ခန္ဓာသွားနေတာက သေရာ ချည်း သွားနေတယ် .. ( မှန်ပါဘုရား ) သေရာဆိုတာ သည် ချမ်းသာတဲ့နေရာ သွားတာလား၊ ဆင်းရဲတဲ့နေရာ သွားတာလား- (ဆင်းရဲတဲ့နေရာသွားတာပါဘုရား)။

" မရဏမ္ပိ ဒုက္ခသစ္စံ " ဆိုတဲ့ အတိုင်း ဒုက္ခသစ္စာဆီကို မရောက်,အရောက် သွားနေတယ်... (မှန်လှပါဘုရား)။

တကာတကာမတို့ ဘယ်သစ္စာဆီကို မရောက်, အရောက် သွားပါလိမ့်... ( ဒုက္ခသစ္စာဆီကို မရောက် အရောက်သွားပါ တယ်ဘုရား) ဒုက္ခသစ္စာဆီကို မရောက်,ရောက်အောင် သွားနေ တယ်ဆိုဘာဖြင့် ငြင်းဘို့ရာ မလိုပါဘူး....(မလိုပါဘုရား)။

တခါဟောနေတဲ့ ဘုန်းကြီးကလဲ ဩော်.... ဒို့ဘုန်းကြီးက ဒို့ကို ကယ်တင်နေတယ်ဆိုငြားသော်လဲ သုသာန်သွားရင်း ကယ် တင်နေတာလို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား)။

ဘယ်လို ကယ်တင်နေတာတုံး(သုသာန်သွားရင်းကယ်တင်နေတာပါဘုရား) သုသာန်သွားရင်း ကယ်နေတာဘဲ ဆိုတဲ့ဥစ္စာ ကောန်မှတ်ပါ.. (မှန်ပါ)။

တရားပွဲအစနဲ့ တရားပွဲ အလယ်နဲ့ သုသာန် ဘယ်ဟာက နီးပါလိမ့် .. (တရားပွဲ အသယ်က နီးပါတယ်ဘုရား) တရားပွဲ အလယ်က နီးတယ်ဆိုကြစို့.. (မှန်ပါ)။

တရားပွဲအလယ်နဲ့ တရားပွဲအဆုံးနဲ့ကော ဘယ်ဟာက နီးပါလိမ့် ... (တရားပွဲအဆုံးက နီးပါတယ်ဘုရား)။

ဒြေဲ.... ဒို့ဘုန်းကြီးကလဲ စိတ်မချရတဲ့ ဘုန်းကြီးပါလားလို့ မှတ်ထားပါ... (မှန်လှပါဘုရား) ဒို့ခန္ဓာကလဲ စိတ်မရချရတဲ့ ခန္ဓာလို့ မှတ်ထားလိုက်စမ်းပါ... (မှန်ပါ) သုသာန်သွားရင်း ဒို့ကို ကယ်ယူပို့ဆောင်နေတယ်ဆိုတာ သေသေချာချာ မှတ်ပါ.. (မှန်လှပါဘုရား)။

အင်း.... ဘယ်သွားရင်း ကယ်ယူ ပို့ဆောင်နေပါလိမ့်....... (သုသာန်သွားရင်း ကယ်ယူပို့ဆောင်နေပါတယ်ဘုရား)။

ဟာကြောင့်တုံးဆိုတော့ ဆရာကလဲ ဆရာဘုန်းကြီးကလဲ နောက်ဘဝက အသိအလိမ္မာနည်းခဲ့လို့ သုသာန်သွားတဲ့အလုပ်ကြီးဘဲ အမြဲတမ်းလုပ်နေတယ်.... (မှန်ပါ) တကာတကာမတွေကလဲ နောက်ဘဝက ဆရာမှား အမြင်မှားနဲ့ ကြုံခဲ့တဲ့ အတွက် သုသာန်သွားတဲ့အလုပ်ဘဲ အမြဲတမ်းလုပ်နေရတယ်.... (မှန်ပါဘုရား)။

ဆရာသွားတဲ့လမ်းကလဲ လမ်းကြမ်းဘဲ မှတ်ပါ.... (မှန်ပါ) တကာတကာမတွေ သွားတဲ့လမ်းကကော.... ( လမ်းကြမ်းပါဘုရား) ဒုက္ခသစ္စာလမ်းကြမ်းကြီးပေါ့ဗျာ....(မှန်ပါ)။

အဲဒါတွေ ဉာဏ်နဲ့ စဉ်းစားတော့မှ ကိုင်း....ဆရာက လမ်းပင် သွားငြားသော်လဲ သူက မျက်လုံးကျယ်တယ် ... (မှန်ပါ) ဒို့က လမ်းပင် သွားငြားသော်လဲ မျက်လုံးကျဉ်းတယ်....(မှန်ပါ ဘုရား)။

ကိုင်း ... ကျုပ်တို့ ဒီဘခါဘဲ သုသာန်သွားကြစို့ဘော....၊ နောင်ဖြင့် သုသာန် ဇာတ်သိမ်းကြစို့ .... ဆိုပြီး သကာလ ဒီတရားပွဲနာဘဲ့ပုဂ္ဂိုလ်ကလဲ သုသာန် အသေဇာတ်သိမ်းချင်လို့ နာတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါဘုရား) ဆရာဘုန်းကြီး ကလဲ တရားဟောနေတာသည် သုသာန်အသေဇာတ်ကို လမ်း ပြတ်ပြီးသကာလသွားအောင်တကာ တကာမတွေလဲသွားအောင် ကိုယ်လဲ ဒီဇာတ်ကို သိမ်းနိုင်အောင်ဆိုပြီး ဟောတယ်လို့ဆိုတာ သေသေချာချာမှတ်ကြပါ...(မှန်ပါဘုရား)။

ဒီစကားဟာ တကာကြွယ်တို့ ဦးလှဘူးတို့ အတော် အရေး ကြီးပါတယ်.... ( ကြီးပါတယ်ဘုရား ) ဉာဏ်ရောက်ကြပြီ.... (ရောက်ပါပြီဘုရား)။

ဉာဏ်ရောက်ကြပြီ....တဲ့၊ ဒါဖြင့် သုသာန်သွားတယ်ဆိုတာ ဘယ်သူက ပို့တာပါလိမ့်မတုံး....လို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)။

အို....တကာတကာမတို့ ဇာတိက ဇရာဆီပို့တယ်၊ ဇရာက ဗျာဓိဆီ....(မှန်ပါ) ဗျာဓိက ... ( မရဏဆီပို့ပါတယ်ဘုရား ) သြော် .. ဒါကြောင့် ရောက်ကြတာကိုး....(မှန်လှပါ)။

ကျုပ်တို့ ဒါဖြင့်ဇာတိရမိလို့ ဒီလမ်းလျှောက်ရတာ (မှန်ပါ) ဘယ်လိုဆိုကြပါမယ်... (ဇာတိ ရမိလို့ ဒီလမ်း လျှောက်ရတာ ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ.... ယနေ့ကစပြီး နောက် ဘယ်ဘဝ ဘာဖြစ်ချင်တယ်ဆိုတာ မလာပါစေနဲ့.... (မှန်ပါဘုရား) ဖြစ်ချင်လို့ ရှိယင် ဒီသုသာန် သွားရဦးမယ်.... (မှန်ပါ)။

ဖြစ်ချင်တဲ့ ဇာတ်သိမ်းရလို့ ရှိယင် ဒီသုသာန်သွားတဲ့ ခြေလှမ်း သိမ်းပြီဆိုတာ ကောန် အောက်မေ့ပါ .. (မှန်ပါ)။

ဒါဟာ တကာကြွယ် တယ်ပြီး ဉာဏ်ရောက်ခဲ့တယ်နော်.... (ရောက်ခဲ့ပါတယ်ဘုရား)။

ရောက်ခဲ့တယ်.. တဲ့၊ တကာကြွယ်တို့ ပင်ကိုယ်ဉာဏ်နဲ့ ဆိုလို့ ရှိယင် ဒီဘဝက စုတေမနေ သေလွန်ရယင် ဘဝ ကူးကောင်းယင် တော်ပါပြီ... တဲ့၊ ဒီလို သုံးလေ့ရှိတယ်... (မှန်ပါ)။

ဘယ်လို သုံးပါလိမ့်.... (ဘဝကူးကောင်းယင် တော်ပါပြီလို့ သုံးပါတယ်ဘုရား)။

ဩော်.... တကာ တကာမတို့ သာမည နဲ့ ဆိုယင် ဘာကူး ကောင်းယင် ကြိုက်မှာဘဲ....(မှန်ပါဘုရား)။

ကိုင်း....တကာတကာမတို့ မသိငြားသော်လဲ ဆရာဘုန်းကြီး က ရှင်းပြလို့ ရှိယင်ဖြင့် လင်းပါလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါဘုရား)။

ဒါက ဒီဘဝနောက်ဆုံးပိတ် မရဏာသန္နဇော ငါးကြိမ်ပြီး တော့ကို တကာတကာမတို့ စုတိဆိုတာ လာရပါတယ်....(မှန်ပါဘုရား)။

မရဏာသန္နဇော ငါးကြိမ်ပြီးတော့ ဘာလာပါလိမ့်....(စုတိ သာပါတယ်) စုတိဆိုတာ ဒီဘဝအဆုံး ...( မှန်ပါ ) စုတိဆိုတာ ဘာပါလိမ့်....(ဒီဘဝအဆုံးပါဘုရား)။

တကာတကာမတို့ မနာဘူးတဲ့ ပုဂ္ဂိုလ်များလဲ သေသေချာချာမှတ်ကြ။ နာဘူးတဲ့ပုဂ္ဂိုလ်များလဲ သံဝေဂဉာဏ် အမြန်ထွားကြိုင်းပါစေဆိုပြီး သကာလ ဒီကစပြီး ရှင်းလာတယ် ဆိုတာအောက်မေ့ကြပါနော်....(မှန်ပါ့ဘုရား)။

စုတိဟာ ဒီဘဝအဆုံးပါလား တကာတကာမတို့....(မှန်ပါ့) ကိုင်း....ဘဝကူးကြပါစို့။

ဘဝကူးကြပါစို့ဆိုတော့ တကာတကာမတို့ စုတိပြီးတော့ ပဋိသန္ဓေဆိုတာ လာတော့မယ်....(လာပါတယ်ဘုရား)။

စုတိပြီး ဘာလာပါလိမ့်...(ပဋိသန္ဓေလာပါတယ်) ဩော်... တခါဖြင့် ရှင်းပါပြီ တကာတကာမတို့ သစ္စာဖွဲ့စို့နော် (မှန်ပါ့) သစ္စာဖွဲ့ကြစို့ဆိုတော့ စုတိက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ကူးသွားတဲ့ ဘဝကရော....(ဒုက္ခသစ္စာပါဘုရား)။

ဩော် .... ဒါ ဘဝကူးကောင်းဘို့လို့ ပြောတဲ့ပုဂ္ဂိုလ်များ ဒီဒုက္ခက- ဒီဒုက္ခကူးတာများ ဘဝကူးကောင်းတယ်၊ ဘဝကူးကောင်းဘို့ အရေးကြီးတယ်လို့ပြောသော များဟာ တကာကြွယ်တို့၊ ဦးလှဘူးတို့ သစ္စာမသိလို့ပြောတာ.... (မှန်ပါ့) သဘောပါကြပလား(ပါ-ပါပြီ) ဘာမသိလို့ပါလိမ့်....(သစ္စာမသိလို့ပြောတာပါဘုရား)။

အဲဒီစကားတွေ လူကြီးကပြောပြော၊ ဘယ်သူကပြောပြော၊ ဘဝကူးဟာ ဘယ်တော့မှ မကောင်းဘူးလို့မှတ် ... ( မှန်ပါ့ ) ဘဝကူးဟာ....(ဘယ်တော့မှမကောင်းပါဘုရား)။

ကြည့်လေ- စုတိပြီး ပဋိသန္ဓေလာရတော့ ဒုတိယဘဝဘက် မရောက်လား....(ရောက်ပါတယ်) စုတိကဘာသစ္စာ .... (ဒုက္ခသစ္စာပါ)ပဋိသန္ဓေက....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ပဋ္ဌိသန္ဓေဘက်ကူးပါပြီ ထားပါဦးတော့၊ ခင်ဗျားတို့ ပြောနေကျစကားအတိုင်း ပြောလို့ ကူးတယ်ဘဲထားပါဦးတော့ ဘယ်သစ္စာက ဘယ်သစ္စာ ကူးပြောင်းသတုံး .... (ဒုက္ခသစ္စာက ဒုက္ခသစ္စာကူးပြောင်းပါတယ်ဘုရား)။

ကိုင်း....တကာသစ်ဘဲ စဉ်းစားပါတော့ ကောင်းလေရော့လား- ဆိုးလေရော့လား... (ဆိုးပါတယ်) နတ်ဇာတိဆိုဦးတော့ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ) ဗြဟ္မာဇာတိဆိုဦးတော့.... (ဒုက္ခသစ္စာပါ)တကာကြွယ် ဘယ်ဟာကူးချင်သတုံးဗျာ... (ဘယ်ဟာမှ မကူးချင်ပါဘုရား)။

ကိုင်း....တကာတကာမတွေ စဉ်းစားပြီး နားထောင်ပါ။ဘဝ များစွာ သံသရာကရင်း၊ ဒီဘဝမှာ ကြားဘူးနားဝနည်းလို့သော်ရင်း၊ ကျုပ်တို့တော့ဖြင့် ဘဝကူးကလေးကောင်းအောင် လုပ်ရဦးမယ်။ အံမာလေး.... နှုတ်များတက်လို့....(မှန်ပါဘုရား)။

တကာတကာမတို့ ဘယ်လိုများသုံးကြပါလိမ့် .... (ဘဝကူးကောင်းအောင် လုပ်ရဦးမယ်)။

ဖြစ်မှဖြစ်ရလေဗျာ။ဖြစ်မှဖြစ်ရလေ တကာတကာမတို့အမြင်ကျယ်တဲ့ပုဂ္ဂိုလ်ကဖြင့် ညည်းလုံးထုတ်ပြီ .... ( မှန်ပါ ) စုတိက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ) နောက်ဘဝကူးသွားတော့ ပဋိသန္ဓေဆိုတာ တခုသော ဝမ်းခေါင်းရောက်ရပါတယ်....(မှန်ပါ) သူက ဘာသစ္စာတုံး . (ဒုက္ခသစ္စာပါဘုရား)။

ကြည့်လေ ဓမ္မစကြာမှာ "ဇာတိပိဒုက္ခာ"တဲ့။ ဘယ်မှာ ဘဝကူးကောင်းတာ ပါကြရဲ့လား .. (မပါ-ပါဘုရား)။

ဒါကြောင့်တဲ့ တကာကြွယ်ရေ သေသေချာချာ စဉ်းစားပြီး သကာလ စကားများသုံးကြ, နှုန်းကြစမ်းပါဦး။ သစ္စာမသိတဲ့

ပုဂ္ဂိုလ်များသုံးတဲ့ အသုံးအနှုန်းဟူသရွှေဟာဖြင့် ရှူးသည်ထက်ရှူး တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....( ရှူးသည်ထက် ရှူးပါတယ် ) စုတိက ဘာသစ္စာ ....(ဒုက္ခသစ္စာပါ) ဘဝကူးသွားတော့ ဘာသစ္စာရသ တုံး....(ဒုက္ခသစ္စာရပါတယ်ဘုရား)။

ကောင်းတယ်လို့ ပြောတဲ့ပုဂ္ဂိုလ်များဖြင့် သူ့ဟာသူ ကြံဖန် ကောင်းပြီး အရှူးကောင်းသာဖြစ်ရမယ်၊ဉာဏ်အမြင်ရှိတဲ့ပုဂ္ဂိုလ်၏ အကောင်းတော့ ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

ဒါ့ကြောင့် တကာကြွယ်တို့ ကျောင်းဆောက်, ဘုရားတည်။ တကာသစ်တို့လဲ ကုသိုလ်တွေ အမျိုးမျိုးအဖုံဖုံလုပ်ကြငြားသော် လဲ ဘဝကူးကောင်းဘို့ မလုပ်ပါနဲ့... (မှန်ပါ့) ဘဝပြတ်ဘို့လုပ်ပါ (မှန်ပါ့ဘုရား)။

ဘယ်လိုလုပ်ကြရမလဲ....(ဘဝပြတ်ဘို့ လုပ်ကြရပါမယ်)ကဲ.... ဦးလှဘူး ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဧတရားပွဲ ဒီအသံတွေ ဖြိုင်ဖြိုင်ကြီးထွက် လာပါလိမ့်မတုံးဆိုတော့ သစ္စာသိကြလို့.... (မှန်ပါ့ဘုရား)။

သိတယ်- မသိတယ် စုတိက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ကူးတဲ့ဘဝက....(ဒုက္ခသစ္စာပါဘုရား)။

သစ္စာသိတဲ့ပုဂ္ဂိုလ်ကတော့ ဘဝကူးကောင်းဆို ကြောက်မယ် (မှန်ပါ့)သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်များကတော့ အင်း... ကျုပ်တို့ တော့ဖြင့် ဒီဘဝဒီလိုနေရငြားသော်လဲ မကျေနပ်သေးဘူး၊ ဘဝ ကူးကလေးက ကျန်သေးတယ်.... (မှန်ပါ့) အံ့မာ—လေချိုများ သွေးလိုက်သေးတယ် .... ( မှန်ပါ့ ) လေချိုသွေးငြားသော်လဲ သူ့ဟာ ကျုပ် ဒီဒုက္ခပြီးယင် ဟိုဒုက္ခယူမယ်ဗျ.... (မှန်ပါ့) ဧလို

ပြောတဲ့ လူမိုက်သံ... (မှန်ပါ)ဒီဒုက္ခပြီးတော့ကို .... (ဟိုဒုက္ခယူပါမယ်ဘုရား)။

အဲဒါ တကာကြွယ်တို့ကို သာမည ရှေ့က ဆရာသမားနဲ့ မကြုံသေးခင်ကတော့ ဒါ ဝတ္တရားပေါ့ဗျာလို့၊ အားများပေးလိုက်သေးတယ်....(မှန်ပါ) တကာကြွယ် အားပေးဘူးသလား.... (အားပေးဘူးပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရလေ၊ ခင်ဗျားလဲ ဒီထဲပါသွားပြီ...(ပါသွားပါပြီဘုရား)။

ပါသွားပြီ၊ ဘယ်တုံးကလဲ ဆိုတော့ သစ္စာ မသိတုန်းက အရှူးထတုန်းက(မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်တုံးကပါလိမ့်... (သစ္စာမသိတုန်းက အရူးထတုန်းကပါဘုရား)။

ဒါ့ကြောင့် ဘုရားက သစ္စာများသိအောင် လုပ်စမ်းပါကွာ၊ သစ္စာမသိလို့ ရှိယင်ဖြင့် အရူး အနှမ်း မပျောက်သေးပါဘူး၊ အကန်းနဲ့ အရူးတွဲလျက်ကြီး ရှိပါသေးတယ်ကွတဲ့၊ သေသေချာချာ ဟောတာများဟာ တကာကြွယ်တို့ရေ- ယုံပေတော့.... (မှန်ပါဘုရား)။

ကိုယ်တိုင် ဘဝကူးကောင်းကို သဘောကျခဲ့ကြတယ် .... (ကျပါတယ်)ဘယ့်နှယ်ကြောင့် ဒါကျပါလိမ့် .... (သစ္စာမသိလို့ပါ)သစ္စာမသိလို့။

ဩော်... ဒါဖြင့် လောကကြီး ငွေမရှိတာလဲ ပူစရာ မရှိပါဘူး၊ သားမရှိ၊ သမီးမရှိ၊ ဥတလုံး တကောင်ကြွက်လဲ ပူစရာ မရှိပါဘူး၊ သစ္စာ မသိတာမှ ဒုက္ခ အဆက်မပြတ်လို့ ပူစရာ အကြီး

ဆုံး ရှိတယ်လို့ အောက်ခမေ့စမ်းပါ....(မှန်ပါ့)ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒီဉာဏ်တွေ ရလိုက်တာ တကာ့တကာမတို့....၊ အခု တရား စ,လာတာ ဘာမှ မကြာသေးပါဘူး ၁၅-မိနစ်ဘဲ ရှိပါသေး တယ်....(မှန်ပါ့)။

သစ္စဉာဏ် ရသွားပြီ....(မှန်ပါ့)သစ္စဉာဏ် ရသွားတော့ ဘဝ တဏှာ သေပြီ....(မှန်ပါ့)။

သစ္စဉာဏ်ရတော့....(ဘဝဘဏှာ သေပါတယ်ဘုရား) နောက် ဘဝ ခင်တွယ်တဲ့ တဏှာ လာသေးရဲ့လား....(မလာပါဘုရား)။

ဘယ်လာနိုင်တော့မတုံး....စုတိက ဒုက္ခသစ္စာ၊ ကူးတဲ့ ဘဝက (ဒုက္ခသစ္စာပါ) အဲဒီဘော့ တော်ပြီ တန်ပြီဆိုတဲ့ ဉာဏ်လာပါ တယ်....(မှန်ပါ့)မလာဘူးလား....(လာပါတယ်) တကာ့တကာမ တို့ ၁၅ မိနစ် နာတာနဲ့ သေပျော်တဲ့ တရားလို့ မှတ်ပါ(မှန်ပါ့ ဘုရား)၁၅-မိနစ် နာတာနဲ့....(သေပျော်တဲ့တရားပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော်....ဒါ အမှန်သိရလို့နော်....(မှန်ပါ့)အမှန်ဆိုတာသည် သမ္မာဒိဋ္ဌိ(မှန်ပါ့)သမ္မာဒိဋ္ဌိနဲ့ ဩော်....ဒို့စုတိကလဲ ဒုက္ခသစ္စာပါ ကသား....(မှန်ပါ့)နောက်ကူးတဲ့ ပဋိသန္ဓေကလဲ....(ဒုက္ခသစ္စာပါ ဘုရား)။

ဩော်....ဒုက္ခပြီး ဒုက္ခရောက်တာများ ဘဝကူးကောင်းလို့.... ပြောတဲ့ ပုဂ္ဂိုလ်များ ဘာမသိလို့ပါလိမ့်မလဲ တကာသစ်ရေ.... (သစ္စာမသိလို့ပါဘုရား)။

တကာသစ်တို့လဲ ဒီအရွေး ထခဲ့တယ်နော် .... (ထခဲ့ပါတယ် ဘုရား) သစ္စာမသိတဲ့ အရွေးထခဲ့တယ်....(မှန်ပါ့)။

သစ္စာမသိတဲ့ အရှုးထခဲ့တဲ့ အတွက် တကာကြွယ်ရေ ပြုံးကို မပြုံးနဲ့ဦး....(မှန်ပါ့)သစ္စာသိပြီးမှ ပြုံးစမ်းပါ....(မှန်ပါ့) အခု ပြုံးတာသည် တကာတကာမတို့ အရှုးပြုံး အနှမ်းပြုံး ဖြစ်ပါ လိမ့်မယ်....(မှန်ပါ့) သဘောပါကြပလား....(ပါပါတယ်) ဘာ ပြုံးတဲ့တုံး....(အရှုးပြုံး အနှမ်းပြုံးပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကားလို့ ဆိုယင် သစ္စာမသိတဲ့ ပုဂ္ဂိုလ်များသည်ကားလို့ ဆိုလို့ရှိယင်ကွာ တဲ့ ပင်လယ်ထဲ သဘောပျက်တဲ့ ပုဂ္ဂိုလ်နဲ့ အတူတူပါဘဲတဲ့ .... (မှန်ပါ့)။

တောင်လေလာယင် မြောက်သို့ မျောရုံဘဲကွ(မှန်ပါ့)မြောက် လေလာယင်....(တောင်ကို မျောရုံပါဘုရား)အရှေ့လေလာယင် (အနောက်မျောပါမယ်)အနောက်လေလာယင်....(အရှေ့ မျော မှာပါဘုရား) ဝဲနဲ့တွေ့ယင် မြုပ်ရုံဘဲ....(မှန်ပါ့) ဒါဘဲ ရှိတယ်။ တကာတကာမတို့ ဘာမသိလို့ပါလိမ့် .... (သစ္စာ မသိလို့ပါ ဘုရား)။

အဲ....တောင်လေလာ မြောက်ဆိုတဲ့ဥစ္စာ တကာတကာမတို့ တခါတလေ ကာမာဝစရကုသိုလ်တွေ လုပ်လိုက်တဲ့အခါ မြောက် တည်းဟူသော အထက်သုဂတိသို့ ရောက်သွားတယ်....(မှန်ပါ့) သစ္စာမသိလဲ ရောက်သွားဗြန်ပြီ....(မှန်ပါ့)။

ဟာ....တခါ နတ်ပြည် အပျော်ကျူးတာနဲ့ အပါယ်လေး ပါး ချလိုက်ပြန်တော့ မြောက်လေလာလို့ တောင်ရောက်ပြန် တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ကျတော့ လူ့ပြည်ပြန်တက်လာတော့ ငါးပါးအာရုံ ကာမဂုဏ်ဝဲထဲ လှည့်လည်ပြီးသကာလ တနေ့မှ မအားတဲ့အလုပ်

လုပ်ပြုနိုင်တာဘဲ....(မှန်ပါဘုရား) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

တနေ့မှ ခင်ဗျားတို့ အားကြရဲ့လား....မေးယင် ဘယ့်နှယ်ဖြေမလဲ....(မအားပါဘုရား)။

ခန္ဓာက ဒုက္ခသစ္စာ၊ ဇရာဘေးကြီး သင့်လို့ ဗျာဓိဘေးကြီးသင့်တာတောင် စိတ်ထဲက လည်ချင်တုန်း ရှိသေးတယ်....(မှန်လှပါဘုရား)။

ဝဲထဲက တနေ့လောက် ထွက်နေရမယ်ဆိုယင် တကာကြွယ်တို့က ပျင်းတယ် .... (မှန်ပါ) အရောင်းအဝယ် ဆိတ်တဲ့နေ့ကျတော့ ဘယ့်နှယ်နေကြသတုံး....(ပျင်းပါတယ်ဘုရား) ဝဲမလှည့်ရလို့....(မှန်ပါ) သဘောကျပသား....(ကျပါပြီဘုရား)။

အရောင်းအဝယ် ဆိတ်တဲ့နေ့ကျတော့ ဘယ့်နှယ်ဖြစ်နေသလဲ (ပျင်းပါတယ်ဘုရား)။

ဩော်....ဒီလူတွေက အမူးနဲ့ အရူးနဲ့မှ ကိစ္စပြီးချင်တဲ့ လူတွေဆိုတာ သေချာတယ်....(မှန်ပါ)မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

တကယ့် သုခကလေးနဲ့ ဒီနေ့အတွက်ဖြင့်ကွာ... အရောင်းအဝယ်လဲ မဖြစ်တဲ့ အတူတူဖြင့် ခန္ဓာဉာဏ်စိုက်နေပါမယ်လို့ မလာဘူး....(မလာပါဘုရား)။

ကိလေသာအရှုးသမားက တခါတည်း လောဘရူးက မရူးရတော့ ဒေါသရူးက ပြင်းထွက်လာတယ်....(မှန်ပါ)။

လောဘရူး မရူးရတော့ ဘာတဲ့....(ဒေါသရူး ပြင်းပါတယ်ဘုရား)ဒေါသရူး ပြင်းလာတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ နေ့တိုင်း ဘာတွေ လှည့်နေကြ သတုံးဆိုတော့ ဒေါသဝဲ လောဘဝဲ မောဟဝဲဆိုတဲ့ မသိဝဲတွေ လှည့်နေတယ်....(မှန်ပါ)။

လှည့်မနေကြဘူးလား... (လှည့်နေပါတယ်ဘုရား) ဩော်.... မြုပ်မှ မြုပ်ပါ့မလား....(မြုပ်ပါတယ်ဘုရား)။

ဟာ....ကျောင်းတကာကြီး မြုပ်သွားပြီလို့ ပြောရလိမ့်ဦး မယ်....( မှန်ပါ )ဘုရားတကာကြီးကော....(မြုပ်သွားပါတယ် ဘုရား)။

အဲဒါ သစ္စာမသိသေးသ၍ ကာလပတ်လုံးဖြင့် မြုပ်, မျော ဘဲ ဇာတ်သိမ်းကြလိမ့်မယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

သစ္စာ မသိသေးယင်.... (မြုပ်မျောဘဲ ဇာတ်သိမ်းရမှာပါ)

ကိုင်း ...ယနေ့ဟောတဲ့ တရားမှာဖြင့် တကာတကာမတို့ .... အလုပ်ဖြတ်ခဏ်းကို မပြောသေးဘူး....၊ အမှားတွေ ပြောတုန်း ဘဲ ရှိသေးတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

ဘာတွေ ပြေစနေပါလိမ့်....(အမှားတွေ ပြောနေပါတယ် ဘုရား)။

တကာကြွယ် အခုလို တောင်မြို့မှာ ဘုန်းကြီးတို့ ကျောင်း မှာ ကြားရတာကဖြင့် ဘယ်သူမှ အရောင်းအဝယ် မကောင်း ကြပါဘူးဗျာ....၊ ခပ်ဆွံ့ဆွံ့ပါဘဲ၊ တိုင်းပြည်ကြီး ဘာဖြစ်တယ် မသိပါဘူးတဲ့....၊ တိုင်းပြည်က ဘာမှ မဖြစ်ဘူး ခင်ဗျားတို့ စိတ် က ဖြစ်နေတာ.... ( မှန်ပါဘုရား ) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

တိုင်းပြည်က နဂိုရ်ကမှ အထည်က မရှိတဲ့ဥစ္စာ သူ့ဟာသူ ရှိနေတာ၊ ရုပ်ဓမ္မ နာမ်ဓမ္မတွေ သူ့ဟာသူ နေတဲ့ဥစ္စာ တိုင်းပြည်က ဘာမှ မဖြစ်ဘူး....(မှန်ပါ)။

ခင်ဗျားတို့ ကိလေသာက ဖြစ်နေတာ...( မှန်ပါ )ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ သစ္စာက မကွဲတော့ တိုင်းပြည်က ဘာများ ဖြစ်ချင်လို့ စစ်ရိပ် စစ်ငွေ့ကြောင့်လား မပြောတတ်ပါဘူးဘုရား.... အရောင်းအဝယ်တွေဖြင့် ဆိတ်သုဉ်းနေတယ်.... မှန်ပါ) ပါးရှားနေတယ်၊ တပည့်တော်တို့ဖြင့် နေရ ထိုင်ရတာကို အခက်ကြီး ဖြစ်နေတယ်....တဲ့..၊ မခက်နဲ့ ခင်ဗျားတို့ လောဘဝဲ မလည်ရတာနဲ့ ဒေါသဝဲ လည်နေတာ.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

လောဘဝဲမလည်ရတာနဲ့.... (ဒေါသဝဲလည်နေတာပါဘုရား) တော်တော်ကြာကျတော့ မောဟဝဲဆိုတဲ့ အဝိဇ္ဇာ ပြန်မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား) ရောက်ယင် မြုပ်ရုံဘဲ ရှိတော့တယ် .. (မှန်ပါ)။

အဲဒါကြောင့် တကာတကာတွေ တိုင်းပြည်က ဘာဖြစ်တယ်သို့ ဘယ်တော့မှ မတွေးနဲ့၊ ခန္ဓာက ဂဏ္ဍာမငြိမ်တာသာ မှတ်ပါ... (မှန်လှပါဘုရား)။

ဘယ်သိုမှတ်ကြမယ်... (ခန္ဓာက ဂဏ္ဍာမငြိမ်တာပါဘုရား) ခန္ဓာက လောဘခန္ဓာက ဂဏ္ဍာမငြိမ်တော့ ဒေါသခန္ဓာက ထကြွ သောင်းကျန်းလာတယ်.... (မှန်လှပါဘုရား) ဣဿာ မစ္ဆရိယဆိုတာတွေက သူတို့ဆိုင်ကမှ နည်းနည်း ရောင်းရသေး

တယ်၊ ဒို့မျှား ဘာဖြစ်နေပါလိမ့်မလဲ.... တကာသစ်တို့ အသွား ပေါ့ဗျ....(မှန်လှပါဘုရား) အင်း.... ဣဿာ မစ္ဆရိယတည်းဟူ သော ဝဲတွေကလဲ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဟာ... လူတလုံးဘဲကွာ၊ ဒီဥစ္စာ လျှော့ရောင်းရတာဘဲဆိုတဲ့ မာန်မာနတွေနဲ့ တခါ မာနဝဲထဲ လှည့်လိုက်ပြန်တာ... (မှန်ပါ) မလှည့်ဘူးလား....(လှည့်ပါတယ်ဘုရား)။

ခြော်... ခင်ဗျားတို့ တယ်စေတနာကောင်းပါကလား- မြုပ် လမ်းချည့်လိုက်နေကြတယ်....(မှန်ပါ)။

တကာကြွယ် ခင်ဗျားကို စောင်းဟောတာ မဟုတ်ဘူးနော်- (မှန်ပါ)ဆိုးနေတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) အင် မတန် ဆိုးဝါးနေတယ်ဆိုတာ တကာတကာမတို့ သေသေချာ ချာ မှတ်ပါ... (မှန်ပါ)။

အဲဒါတွေကို ဝိပဿနာမဂ်ဉာဏ်နဲ့မှ မဖြတ်ဘော့ပါဘူး ဆို လို့ရှိဟင် လည်ပါများတော့ ဝဲထဲနေတဲ့ သစ်ရွက်ကလေးသည် တကာတကာမတို့ မြုပ်ဘို့ ရှေးရှူတယ်ဆိုဘာ ငြင်းဘို့ လိုသေး သလား... (မလိုပါ) သေသေချာချာ မြုပ်မှာဘဲ... (မြုပ်မှာပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တနေ့လုံးဟာလေ တကာသစ်ရေ- အိမ်ပြန်လိုက် ဟုတ်လား....(မှန်ပါ) ထမင်းဆာ ထမင်းသွားယူ လိုက်၊ အင်း.. ပြန်ထိုင်လိုက် ဒီနေရာကလေးကို၊ အင်း....ရေး လိုက်၊ ဘာလုပ်နေတာတုံး....တကာသစ်ရေ၊ ပြောစမ်းပါဦး.... ဝဲလှည့်တာဘုရာ့....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလုပ်တာတုံး....(ဝဲလှည့်တာပါဘုရား)။

လောဘဝဲက တော်တော်ကြာကျတော့ ဒေါသဝဲ- မမှတ်မိပြီ ဆိုမှဖြင့် ကိုယ့်ဟာ ကိုယ် စိတ်တိုတာက ရှိသေးတယ်.... (မှန်ပါ ဘုရား)။

လောဘဝဲက လည်ပြီးသကာလ ဒေါသဝဲဘက် တခါလှည့် တယ်... (မှန်ပါ)တော်တော်ကြာကျတော့ ကြောင့်ကြ တောင်း တတဲ့ သောက ပရိဒေဝဝဲထဲကော....(လှည့်ပါတယ်ဘုရား)။

လှည့်လိုက်တဲ့အခါကျတော့ ဒေါသ သောက ပရိဒေဝ ဆို တော့ တော်တော်ကြာ အဝိဇ္ဇာ ပြန်မရောက်ဘူးလား....(ရောက် ပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ သင်္ခါရနဲ့ ဝိုင်းလိုက်တော့ ခုနင်က လောဘ ဒေါသ သောက ပရိဒေဝက ပြန်မဆိုက်ဘူးလား .... (ဆိုက်ပါ တယ်ဘုရား) ဒါဖြင့် ဝိုင်းမသွားဘူးလား....(ဝိုင်းသွားပါတယ် ဘုရား)။

တနေ့ ဘယ်နှစ်ခါ ဝိုင်းကြသတုံး....(မရေတွက်နိုင်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ကြီးပေါ့ဗျာ....(မှန်ပါ)။

ဘယ်သူက ဖြတ်ပေးမည့်လူ ရှိသတုံး....( မရှိပါ ) ဒါဖြင့် အဝိုင်းပြေး ပြေးနေကြတာ....(မှန်ပါ) လိုရာခရီး အရောက်ကြီး ရောက်ပါ့မလား....(မရောက်ပါဘုရား)။

ရော...တကာတကာမတွေ အတော်ခက်နေပြီ .... (ခက်ပါ တယ်)အတော်ခက်နေတော့ ဆရာကောင်း သမားကောင်းအကူ အညီ ကင်းခဲ့သော် လင်ပန်းထဲပရွက်ဆိတ်လျှောက်သလို အဝိုင်း

ပြေးသာ ပြေးစရာရှိတယ်၊ ရောက်စရာ နားစရာ အပေါက်ရှိရဲ့လား....(မရှိပါ) ခင်ဗျားတို့ ဒီလို ဖြစ်နေတယ်ဆိုတာ ယုံကြည်ကြပလား....(ယုံကြည်ပါတယ်ဘုရား)။

တကာကြွယ် သဘောကျပလား....(ကျပါပြီ) တနေ့ ဘယ်နှစ်ခါ ဝိုင်းသတုံး....(မရေတွက်နိုင်အောင် ဝိုင်းပါတယ်)ဒီအဝိုင်းကြီးနဲ့ဘဲ လျှောက်ပြေးနေတယ် ဆိုတာကော ပေါ်ပလား ....(ပေါ်ပါပြီဘုရား)။

အဝိုင်း ဘယ်သူ ဖြတ်ပေးမည့်သူ ရှိသတုံးလို့....မေးတဲ့ အခါကျတော့ တရားနာမှ အဝိုင်းဖြတ်နည်း နိဿယည်း ရမယ် ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကျုပ်တို့သည်ကားလို့ ဆိုယင်ဖြင့် ရှင်အာနန္ဒာကို ဘုရားမေးသလို မေးရတော့မှာဘဲ.. ၊ အာနန္ဒာ မင်းတို့ သံသရာထွက်လမ်း ရောက်တဲ့ ပုဂ္ဂိုလ်များ ကလျာဏမိတ္တာဆိုတဲ့ သူတော်ကောင်းဟာ ဘယ်လောက်များ ကျေးဇူးများသတုံးကွ....၊ မင်း ပြောစမ်းပါဦးလို့ ဘုရားက ရှင်အာနန္ဒာကို မေးလိုက်တယ်....(မှန်ပါ့)။

ထက်ပက် ကျေးဇူးများတယ် ဘုရား....၊ သူ့ ထွက်ရပ်လမ်းပေါက်သွားတဲ့ နေရာ .. ကလျာဏမိတ္တာ အပြောကောင်း အဆိုကောင်း ဉာဏ်မျက်လုံး တပ်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရတယ်ဆိုယင် ထက်ဝက်ဟာ သူ့ကြောင့် ဟိုပုဂ္ဂိုလ် ဝဋ်ကျွတ်သွားတာဘဲလို့ ရှင်အာနန္ဒာက ဖြေလိုက်တယ်....(မှန်ပါ့)။

ဩော်....မင်းအင်မတန်ညံ့ဖျင်းပါသေးတယ်၊သာဝကဉာဏ်နဲ့ မင်းက ဖြေတာကိုးတဲ့....(မှန်ပါ့) အပြစ်တင်လိုက်တယ်....(မှန်လှ

ပါ) မင်းဟာ ဘာမှ မသိသေးဘူးလို့ ပြောလိုက်တာဘဲ....(မှန်လှပါ)သဘောပါပလား—(ပါပါပြီဘုရား)။

ဟော့....သာရိပုတ္တရာ လာစမ်း....၊ ဘုရားက ခေါ်လိုက်တယ် (မှန်ပါ့)အခုလို လမ်းပြပြီး ဟောပေးနေတဲ့ ဖြတ်နည်းကို ပြောနေတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ကလျာဏမိတ္တ၊ ကလျာဏက ကောင်းတာ။ မိတ္တက အဆွေခင်ပွန်း ဆရာသမားပေါ့ဗျာ....(မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လောက်များ ကျေးဇူးများသတုံးလို့ မေးတဲ့အခါကျတော့မှ အရှင်ဘုရား....သူ့ကြောင့် အလုံးစုံထွက်ရပ်လမ်း ပေါက်ပါတယ်ဘဲ့....။

သာခု....သာခုလို့ ခေါ်လိုက်တယ်....(မှန်ပါ့) သူ့ပေါ်မှာ အကုန်မှီနေတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အိမ်နေကြလို့ ဒီအချိန် ၄-နာရီက ၅-နာရီမှာ အိမ်မှာ နေကြမယ်ဆိုလို့ရှိယင်ဖြင့် ခင်ဗျားကို အဝိုင်းပြေး ပြေးနေတာဘဲ....( ပြေးနေပါတယ် )အဝိုင်းလှည့်လှည့်နေတာဘဲ....(လှည့်နေပါတယ်) လှည့်ပါများယင် မြုပ်မှာဘဲ....(မြုပ်မှာပါဘုရား)။

ဒါ့ကြောင့် ဒီအချိန်ကလေးကိုဖြင့် အရိုးကြေကြေ အရေခြောက်ခြောက် ဒို့သည်ကားလို့ဆိုယင် အရယူတော့မယ်၊ နို့မဟုတ်လို့ရှိယင်ဖြင့် ဒီတပတ် လွဲသွားလို့ရှိယင်ဖြင့် အိုပွဲ သေပွဲဟူသ၍ ငါပွဲချည့်သာမှတ် . (မှန်ပါ့) ရှင်းပသား ...(ရှင်းပါပြီဘုရား)။

ဘယ်သူ ရင်ထုနေတယ်၊ ဘယ်သူ မြေလူးနေတယ်၊ ဘယ်သူ မီးလောင်သွားတယ်၊ ဘယ်သူ ရေလွှမ်းမိုး သေတယ်ဆိုတာ

အဲဒါ ငါပါမည့် ပွဲချည့်မှတ်....(မှန်ပါ့)ဒီ ဖြတ်နည်းကို မရယင်-(မှန်ပါ့)။

ဒီ ဖြတ်နည်း မရလို့ရှိယင်ဖြင့် ငါ့ပွဲချည့်သာမှတ်... (မှန်ပါ့) ဘယ်တိရစ္ဆာန်ကို ဘယ်တိရစ္ဆာန်က စားလို့....စားသောက်သွားသတဲ့....၊ အင်း....ဒီထဲလဲ ငါ ပါရဦးမှာဘဲ.... ( ပါရဦးမှာပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ကလျာဏမိတ္တာဆိုတဲ့ဖြတ်နည်းပေးမည့်သူ၏ နည်းလမ်းကို မရလို့-လို့ မှတ်လိုက်-(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ယနေ့ ကြိုးစားပါဆိုတာများကို စောလွန်းတယ်လို့ မဆိုလိုက်ပါနဲ့....(မှန်ပါ့)။

ယနေ့က စ၍ ကြိုးစားပါဆိုတာ စောလွန်းသေးသလား .... (မစောလွန်းပါ) နက်ဖြန် သေမည့် ပုဂ္ဂိုလ်ကို ယနေ့ သတိပေးရတဲ့ ဥစ္စာ စောများနေသေးသလား....(မစောပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်က တရား စကတည်းက ပြောခဲ့တယ် သုသာန်သွားနေတာ.. (မှန်ပါ့) ရပ်စဲလို့ ရရဲ့လား.... (မရပါဘုရား)။

အဲဒီ့ သုသာန်သွားနေတဲ့ ပုဂ္ဂိုလ်ကို ယနေ့က စ,ပါဆိုတဲ့ ဥစ္စာ မရောက်ခင်ကလေး တည်းတည်းကျန်တယ်....( မှန်ပါ့ ) ရောက်သွားလို့ရှိယင် ကယ်မည့် ယူမည့် ပုဂ္ဂိုလ်နဲ့ တွေ့စရာ ဆုံစရာ ကြုံစရာ ရှိသေးရဲ့လား....(မရှိပါ) သဘောပါပလား.... (ပါပါပြီ)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အခု ဘုန်းကြီးဟောနေတဲ့ တရားသည် တကာ တကာမတို့ တနှစ်နဲ့လဲ မပြီးနိုင်ဘူး-(မှန်ပါ့)ဘြဲ....တရားကလဲ ဘုန်းကြီး ကလဲ တရားရှည်လိုက်တာလို့ အောက်မေ့မနေနဲ့၊ ငါတို့ အမေ့ ရှည်လို့ မေ့တာ အကုန်ဖြေနေရလို့ ဆက်ထုံးတွေ များလွန်း လို့ ဖြေနေရလို့သာ မှတ်ပေတော့ ( မှန်ပါ့ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တရားရှည်တာလား....ကိုယ့်မှာ မသိတဲ့ ဆက်ထုံးတွေက များ နေတာလား....(ဆက်ထုံးတွေက များနေတာပါဘုရား)။

အထုံးပေါင်းက သုံးကုဋေ့ခြောက်သန်းကို တနေ့တည်း ဖြေ လို့တော့ မပြီးဘူး....(မှန်ပါဘုရား) ပြီးပါ့မလား .... (မပြီးပါ ဘုရား)။

အဲဒီ ဒိဋ္ဌိအထုံးအဖွဲ့တွေကို အဝိဇ္ဇာ အမိုက်အမဲ။ဒိဋ္ဌိ အထုံး အဖွဲ့တွေကို တနေ့တည်း ဖြေလို့ မရပါဘူး....( မှန်ပါ့ )ဘုရား ၄၅-ဝါတိုင်တိုင် ဖြေတာတောင်မှ တကာ တကာမတို့ အပုံ တသိန်းပုံယင် တပုံလောက် ပါသွားတယ်....(မှန်ပါ့) ကျန်တာ အကုန်ကျန်ရစ်တာဘဲ....(မှန်ပါ့)။

အဲဒီတော့ တကာကြွယ် တရားရှည်တာလား....ကိုယ့် မိုက်မဲ မှုတွေ များတာလား....(မိုက်မဲမှုတွေ များတာပါဘုရား)။

ဘုန်းကြီးတရား နာရတာ ဆုံးတယ်လို့ မရှိဘူးလို့ ခင်ဗျား တို့က အောက်မေ့လို့ရှိယင် ဘုန်းကြီးအပေါ် စွဲချက်မတင်ပါ နဲ့....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူ့အပေါ် စွဲချက်တင်ရမလဲ....(ကိုယ့်အပေါ် စွဲချက်တင်ရပါမယ်)အဲဒါ အမှန်ဆုံးဘဲ ဦးလှဘူး....(မှန်ပါ့)ဒါ အမှန်ဆုံးဘဲဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ကြီးကလဲ သေလမ်းသွား၊ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ သေလမ်းသွား၊ နာတဲ့ ပုဂ္ဂိုလ်ကလဲ သေလမ်းသွားတော့ သုသာန်သွားရင်း ကယ်တင်နေကြတာ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သွားရင်း ကယ်တင်နေကြတာလဲ....(သုသာန်သွားရင်း ကယ်တင်နေကြတာပါဘုရား)။

ပြီးမှ ပြီးပါ့မလား....၊ အရောက်များ စောသွားမလား....။ ဒါတွေးရသေးတယ်....(မှန်ပါ့)တွေးစေချင်လို့ ဟောတာပါ....(မှန်ပါ့)။

ပြီးမှ ပြီးပါ့မလား....၊ ဟောတဲ့ ပုဂ္ဂိုလ်က ပြီးအောင်မှ ဟောနိုင်ပါ့မလား....၊ နာတဲ့ ပုဂ္ဂိုလ်ကလဲ သုသာန် မရောက်ခင် ပြီးအောင်မှနာနိုင်ပါ့မလား၊သုသာန်များအရောက်စောသွားချေမလားဆိုတာဘယ်သူမှ စိတ်မချနဲ့....(မှန်ပါ့)။

မသွားသေးတဲ့ ပုဂ္ဂိုလ်တွေ တယောက်မှ မပါဘူး....(မပါပါ) သွားဆဲ ပုဂ္ဂိုလ်ချည့်ဘဲလို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့ တရားလက်လွတ်တဲ့ နေ့ဟာ ယနေ့ အသွားရပ်ယင်တော့ အတော်ကောင်းမယ် ...(မှန်ပါ့)ရပ်ကြရဲ့လား....(မရပ်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကြေးဖလား ကြီး ပစ်ထားတာက တကာကြွယ် နှစ်ပေါင်းအစိတ်လောက် ရှိပြီ....(မှန်ပါ့)။

ဒီ ဖွေးလက်ဆပ်ပြာလောက်နဲ့ ဟုတ်လား .... (မှန်ပါ့) ကြေးချတ်ဆေးလောက်နဲ့ ဆေးလိုက်တဲ့အခါ နှစ်ပေါင်းက အစိတ်-သုံးဆယ် ချေးတက်နေတာကြီးကို ခဏကလေး ဆေးလို့ ပြောင်တယ်ဆိုတာတော့ ရှာမှ ရှားပါတယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ကိလေသာထုက ဘယ်လောက်များ ထူထပ်ခဲ့သလဲလို့ တကာတကာမတွေက မေးတော့ ဘယ်တော့မှ ဒီလို ဆရာဘုန်းကြီးနဲ့ တွေ့လို့ ကိလေသာထုကြီးကို ဉာဏ် တည်းဟူသော ဖွေးလက်ဆိုတဲ့ ဆပ်ပြာမျိုးနဲ့ ဆေးခဲ့ရတယ်လို့ မရှိဘူး....(မရှိပါဘုရား)။

ထုသာ ကြီးလာတာဘဲ....(မှန်ပါ့)အဲဒါ တနေ့တည်း ဆေး လို့ ဘယ့်နှယ်နေပါ့မလဲ....(မရပါဘုရား)။

အဲ....မနေ့မနား ပွတ်မှသာလျှင် ဒီကြေးသား ပေါ်လာ မယ်....(မှန်ပါ့)ဉာဏ်သားကလေး ပေါ်လာမယ်ဆိုတာပေါ့ဗျာ (မှန်ပါ့)။

အဲဒါကြောင့် တရား တနေ့တည်း နာလို့ ဘုန်းကြီးကလဲ ကုန်အောင် မဟောနိုင်ဘူး....(မှန်ပါ့)။

ပြီးတော့ ခင်ဗျားတို့ကို ထမင်းခွံ့ရတာနဲ့လဲ တယ်ပြီး တူ တယ်....(မှန်ပါ့)။

တကာကြွယ်တို့ တကာသစ်တို့က စဉ်းစားကြည့်ပါ၊ ခလေးကလေးက ခြောက်လသားကလေး၊ ရှစ်လသားကလေး ရှိသေးတယ်....(မှန်ပါ)ထမင်းဝါးခွံ့တဲ့အခါကျတော့ သူ့ပါးစပ်နဲ့ တန်ရုံခွံ့ရသလား....၊ မြန်မြန်ပြီးအောင်လို့ ကြီးကြီး ခွံ့ရသလား....(သူ့ပါးစပ်နဲ့ တန်ရုံခွံ့ရပါတယ်ဘုရား)။

ခင်ဗျားတို့ အခုပေးနေရတာလဲ ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့က ပါးစပ်က အပ်နဖါးလောက်မှ မရှိဘူး၊ ကျဉ်းနေလိုက်တာ....ကျဉ်းနေလိုက်တာ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီက အရိယာမဂ်ဉာဏ်ကြီး ပေးရမှာက တကာတကာမတို့ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ မဂ္ဂင်ရှစ်ပါးတောင် ပေးရမှာ.... (မှန်ပါ)အပ်နဖါးလောက်ရှိတဲ့ ပါးစပ်ကလေးနဲ့ ဉာဏ်ကလေးနဲ့ ထည့်ယူလို့ဖြင့် တော်တော်နဲ့ အထဲရောက်ပါ့မလား .... (မရောက်နိုင်ပါဘုရား)။

အဲဒါကြောင့် ဩော်....တရားက ရှည်တယ် မအောက်မေ့နဲ့ ကိုယ့်ပါးစပ်က ကျဉ်းလွန်းလို့ လိုရာခရီး အပြီးပိုင် ထည့်မပေးနိုင်တာနဲ့ တစိမ့်စိမ့် ထည့်နေရတာ မှတ်ပေတော့....( မှန်ပါ ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ ဥပမာကောင်းလို့ ဒီလို မယူလိုက်ပါနဲ့.... ( မှန်ပါ ) ကိုယ့်ကိလေသာထု ထူလွန်းလို့ ဒီလိုဖြစ်ရလေခြင်း.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လို မှတ်ကြမယ်....(ကိလေသာထု ထူလွန်းလို့ ဒီလိုဖြစ်ရတာပါဘုရား) ကိလေသာထု ထူလွန်းလို့ ဖြစ်ရလေခြင်းသာ မှတ်ပေတော့....(မှန်ပါ)။

ကိုလေသာထု မထူမည်ဆိုယင် ခုနင်က စုတိ ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)ပဋိသန္ဓေက....(ဒုက္ခသစ္စာပါ) အဲဒီ ဒုက္ခသစ္စာနှစ်ခု မြင်တာနဲ့ ခင်ဗျားတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတယ် (မှန်ပါ)။

ဩော် .... အခုတော့ဖြင့် ဒုက္ခသစ္စာကိုး၊ ဩော်.... ဒါက လဲ ဒုက္ခသစ္စာကိုး။ ဘဝကူးဆိုတာ တယ်မကောင်းပါလား၊ ဒါလောက်ဘဲသိမယ်....( မှန်ပါ ) ဉာဏ်ထဲမှာ မဂ်ဉာဏ်အစစ် မပေါ်လာဘူး....(မပေါ်လာပါဘုရား)။

သူများတော့ ကိုလေသာထုပါးတဲ့ ပုဂ္ဂိုလ်ကတော့ သစ်ရွက်ကလေးတရွက် ကြွေကျတာနဲ့ ဩော်... မခိုင်တတ်တဲ့ အနိစ္စဆိုတာ ဒါပါကလားဆိုပြီး ခန္ဓာဉာလှည့်လိုက်ယင် ချက်ချင်း ပစ္စေကဗုဒ္ဓါဖြစ်တယ်.... ( မှန်ပါ ) ကိုလေသာထုပါးတော့ .... (မှန်ပါဘုရား)။

ခင်ဗျားတို့ သစ်ရွက်ကြွေကျမနေနဲ့၊ သစ်ပင်ကြီးပိတာတောင် ရမှာမဟုတ်ဘူး၊ ဒါလောက် ဆိုးဝါးနေတာ....(မှန်ပါ) ကိလေသာထုက သိပ်ကြီးတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

အေး....ဒါကြောင့် တဖြေးဖြေး တစတစ သုံသာန်သွားရင်း ပြောကြစို့နော်....(မှန်ပါ) ဒါဘဲရှိတော့တယ်၊ ဒီ့ပြင်တော့ဖြင့် ပြောစရာမရှိတော့ဘူး....(မှန်ပါဘုရား)။

တကာကြွယ် တနေ့တည်း ပေးလို့ရပါမလား .... (မရပါ) ပါးစပ်က ဘယ့်နှယ်နေသတုံး.... (ကျဉ်းပါတယ်) အပ်နားဖါး

လောကကြီးရှိတယ်ဆိုတာ အတော်ကျဉ်းနေတယ်.... (မှန်ပါ့) ပေါ်ကြပြီ....(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ယနေ့တရားမှာဖြင့် တကာတကာမတို့ အလုပ်ထည့်ပါတော့မယ်နော်....( မှန်ပါ့ ) အလုပ်ထည့်ပါတော့မယ် တကာတကာမတို့။

ကဲ... အလုပ်ထည့်မယ်ဆိုတော့ ခန္ဓာဖြစ်စဉ် တန်းရသေးတယ် (မှန်ပါ့ဘုရား)။

အလုပ်ထည့်မယ်ဆိုတော့ ဘာလုပ်ရသေးသတုံး.... (ခန္ဓာဖြစ်စဉ် တန်းရပါသေးတယ်ဘုရား)။

ဒီခန္ဓာဖြစ်စဉ်ဟာ "ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" လို့ နိဂုံးမချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာအစကလဲ ဒုက္ခသစ္စာ၊ ခန္ဓာအလယ်ကကော.... (ဒုက္ခသစ္စာပါဘဲ) ခန္ဓာအဆုံးကကော....(ဒုက္ခသစ္စာပါဘဲ) ရှင်းပလား (ရှင်းပါပြီ) နောက်ခန္ဓာဆက်မည့် အစတွေကကော.... (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာအဆက်ကို အလယ်ကနေပြီးသကာလ တကာကြွယ် ဆက်ကြစို့နော် .... (မှန်ပါ့)ဉာဏ်နဲ့ဆက်ကြစို့နော်....(မှန်ပါ့ဘုရား)။

ဒီဖြတ်နည်းဟာ ဩော်....စားပွဲပေါ်မှာ ပလပ်စတိတ်တင်ပြီး သကာလ အပြာကို အနီနဲ့ ဖြတ်နေတယ်လို့ ဒီလိုမအောက်မေ့ပါနဲ့.... ( မှန်ပါ့ ) ခန္ဓာထဲ ဖြစ်နေတဲ့တရားကို ဉာဏ်အနီနဲ့ ဖြတ်တယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား)။

ရှေးက ပလပ်စတိတ်တွေကလဲ ခန္ဓာဖြစ်စဉ်....(မှန်ပါ့ဘုရား) နောက်ကဖြတ်လိုက်တာလဲ ခန္ဓာထဲမှာရှိတဲ့ ဆရာပေးတဲ့ဉာဏ်နဲ့ ဖြတ်ရတယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူများဟောနေတာလား၊ ကိုယ့်ခန္ဓာဖြစ်စဉ် ကိုယ် အဖြတ်ခိုင်းတာလား....(ကိုယ့်ခန္ဓာဖြစ်စဉ် ကိုယ်အဖြတ်ခိုင်းတာ ပါဘုရား)။

ဒါလောက်ဆိုယင် တော်ပြီ....( မှန်ပါ့ ) ရှေးတုန်းကတော့ မင်း နိဗ္ဗာန်ရလိမ့်မယ်လို့ ဟောတယ်နော်....(မှန်ပါ့)အခုတော့ ဒီလိုမဟောပါဘူး၊ အခုဖြတ်ယင် အခုရတယ်ဟေ့ .... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အခုဖြတ်ယင်....(အခုရပါတယ်) အခုရတယ်ဆိုတာ တခါ တည်း ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

ကိုင်း... တကာတကာမတို့ ဒီမှာ နည်းနည်းကလေး ကြည့်ကြ ပါ၊ မျက်လုံးမှိတ်တဲ့ ပုဂ္ဂိုလ်များကနော်... (မှန်ပါ့ဘုရား)။

ဒီကနေ ဝက်သား, ကြက်သားတုံးကလေး တကာကြွယ် မနက်က ဆွမ်းကျွေးတော့ မြင်လိုက်တယ် ဆိုပါတော့ဗျာ.... (မှန်လှပါဘုရား)။

အင်း .... လျှာပေါ်မှာ ဒီအတုံးကလေး ရောက်လာတော့ မထိလားဗျာ... (ထိပါတယ်)ထိတဲ့ သဘောကလေးဟာ ဘာပါ လိမ့်....(ဖဿပါ) ထိသည်နဲ့ တပြိုင်နက်တည်း တကာတကာမ တို့ ချက်ပုံပြုတ်ပုံကလေး ကောင်းလိုက်တာဆိုတဲ့ ဝါးကြည့် တော့ ဝေဒနာမပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

သူများဖြစ်စဉ်လား၊ တကာကြွယ်ဖြစ်စဉ်လား .... (တပည့်တော်ဖြစ်စဉ်ပါ)အားလုံး တကာတကာမတွေ၏ ဖြစ်စဉ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဝေဒနာပစ္စယာ ဆိုတော့ နောက်လဲ ဒါမျိုးစားနိုင်သောက်နိုင်အောင် ဆိုတဲ့ တဏှာကော....(လာပါတယ်ဘုရား)။

မစားရ မနေနိုင်ဘူးဟေ့၊ ဒါလောက် လုပ်ထားတဲ့ ပုဂ္ဂိုလ်တွေတော့ စားရမှာဘဲ အေးမယ်ဆိုတဲ့ ဉပါဒါန်ကော... (လာပါတယ်ဘုရား)။

ဉပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုပြီး ရေ့ကွာ အခိုင်းအစေဖြစ်စေ၊ သားမယားဖြစ်စေ ဒါကို သွားဝယ်ခြေစမ်း ဆိုတဲ့ ကာယကံ,ဝစီကံ, မလာဘူးလား .... ( လာပါတယ် ) အဲဒါက ဘာပါလိမ့်....(ကမ္မဘဝပါဘုရား)။

မလစ်စေနဲ့ - မလစ်စေနဲ့၊ လစ်သွားယင် ကိုယ့်အဖြစ် ကိုယ်မသိလို့မှတ်....(မှန်ပါ့ဘုရား)။

လစ်သွားယင်....(ကိုယ့်အဖြစ်ကို ကိုယ်မသိပါ)ဒါဖြင့် ကိုယ့်အနာပေါက်တာမှ ကိုယ်မသိတဲ့ ပုဂ္ဂိုလ်ဟာ အရူးထဲပါသွားလိမ့်မယ်....(မှန်ပါ့) မပါရပေဘူးလား....(ပါရပါတယ်ဘုရား)။

ဂရုစိုက် နားထောင်ပါ၊ ဂရုစိုက် နားထောင်ပါ တကာတကာမတို့၊ တနာရီထဲပါ သိပ်မကြာဘူး....(မှန်ပါ့) ဘုန်းကြီးကလဲ တနာရီထက်ပိုပြီး မဟောနိုင်ပါဘူး....(မှန်ပါ့)ခင်ဗျားတို့ကလဲ တနာရီနဲ့အရယူပါ....(မှန်ပါ့ဘုရား)။

ကောင်းပြီ "ကမ္မဘဝပစ္စယာ" ဆိုတာ တကာကြွယ်ရေ ပဋိစ္စသမုပ္ပါဒ်လျှာပေါက်က တန်းလိုက်ပြီ....(မှန်ပါ့ဘုရား)။

ဝက်သားတုံးကလေးကို လျှာနဲ့ထိတာက ဖဿ၊ လျှာပေါ် ရောက်လာတော့ ဖဿ....(မှန်ပါ့) ဖဿပစ္စယာ....(ဝေဒနာပါ) ဩော်.. ကောင်းလိုက်တာ ကောင်းလိုက်တာဆိုတာ ဝေဒနာ (မှန်ပါ့) ကောင်းလို့ ကြိုက်တယ်ဆိုတာက....(တဏှာပါ) ကြိုက် လို့ ကျုပ်ဖြင့် ဒီဟင်းချည့်- မြိန်လိုက်တာဘဲဆိုတော့(ဥပါဒါန် ပါဘုရား)ဥပါဒါန်ဘဲ ဆိုတာ သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဥပါဒါနပစ္စယာ ကမ္မဘဝေါလို့ဆိုတဲ့ ဥစ္စာက ကျုပ်တို့ ဒါမျိုးဘဲ စားဘို့သောက်ဘို့ လုပ်ရမှာဘဲဆိုတဲ့ ကာယကံ ဝစီကံ နဲ့ ရောင်းကြ ဝယ်ကြတာက ဘာဆိုကြမယ်....( ကမ္မဘဝပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝက်သားတုံး တတုံးကိုစားမိယင် ကမ္မဘဝရောက် တယ်....(မှန်ပါ့) ကြက်သားတုံး- တတုံးစားမိယင်.... (ကမ္မဘဝ ရောက်ပါတယ်) ချဉ်ရေဟင်း သောက်မိယင်ကော.... (ကမ္မဘဝ ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ ထမင်းစားနေကြတာလား- ကံ မြောက်နေကြတာလား....(ကံမြောက်နေကြတာပါဘုရား)။

ထမင်းစားယင်းမျှား သေသွားမယ်ဆို တကာကြွယ်ရေ အပါယ်လေးဘုံတန်းလို့....(တန်းပါတယ်ဘုရား)။

ကမ္မဘဝပစ္စယာ....(ဇာတိပါ) ဘာဇာတိပါလိမ့်· (အပါယ် ဇာတိပါ)အပါယ်ဇာတိဆိုတာ ရိပ်မိပလား .... ( ရိပ်မိပါပြီ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဩော် .... ဒါဖြင့် မသေခင်ကျတော့ ဒီကံမြောက်ပြန်တယ် နော်...(မှန်ပါ့ဘုရား)။

မသေသေးပါဘူး ဆိုလို့ရှိယင် တကာကြွယ်တို့က ဘာများ ထပ်လုပ်ပြန်ပါလိမ့်မလဲလို့ မေးတဲ့ အခါကျလို့ရှိယင် ဟင်း ပြောင်းနိုက်တယ်....(မှန်ပါ့ဘုရား)။

မသေသေးတော့....( ဟင်းပြောင်းနိုက်ပါတယ် )အဲဒီဟင်း ကလေးနဲ့ ထိတာက ဘာပါလိမ့်....( ဖဿပါ )ဖဿပစ္စယာ.... (ဝေဒနာပါ) ဝေဒနာပစ္စယာ (တဏှာပါ) တဏှာပစ္စယာ .... (ဥပါဒါန်)ဥပါဒါနပစ္စယာ....(ကမ္မဘဝေါ)ဟော-တကာကြွယ် လာပြန်ပြီ....(မှန်ပါ့ဘုရား)။

ကိုင်းဗျာ- ထမင်းစားတဲ့ အခါမှာ ကံဘယ်လောက် မြောက် သတုံး (မရေတွက်နိုင်ပါ) ထမင်းစားကြတာလား၊ အပါယ် သွားမလို့ ကံစုကြတာလား....(ကံစုကြတာပါ)ဒါဖြင့် သေခြင်း ဆိုး သေဘို့လုပ်ကြတာ....( မှန်ပါ့ ) ရိပ်မိပလား ....(ရိပ်မိပါပြီ ဘုရား)။

ဘာလုပ်ဘို့ လုပ်ကြပါလိမ့် .... (သေခြင်းဆိုး သေဘို့လုပ်ကြ တာပါဘုရား)။

အဲဒါ ဝိပဿနာဉာဏ် မပါသေးယင်ဖြင့် အပင်းစားနေတာ ဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ဝိပဿနာဉာဏ် မပါသေးယင် .... (အပင်းစားနေတာပါ ဘုရား)။

တကာသစ်-ယုံပလား....(ယုံပါပြီဘုရား) ဒီဟာ ဘုန်းကြီးက ဟောတာလား၊ ခင်ဗျားတို့ခန္ဓာက ဖြစ်စဉ်လား....(ခန္ဓာက ဖြစ် စဉ်ပါဘုရား)။

ဘုန်းကြီးက ခင်ဗျားတို့ စားပုံစားနည်း နိုသာယည်း မကောင်းလို့သာ ပေါ်ပြောတာပါ....(မှန်ပါ့ဘုရား)။

ဒီကံက တကာတကာမတို့ ဘယ်သူ့မှ ငဲ့မည့်ကံမဟုတ်ဘူး· (မှန်ပါ့) ငဲ့ပါ့မလား....(မငဲ့ပါ) အပါယ်ချလိုက်တဲ့ ကံဖြင့် အပါယ်ချမှာဘဲ.... (မှန်ပါ့) သဘောကျပလား....( ကျပါပြီ ) အိုဘေး,နာဘေး ပေးမည့်ကံဖြင့်.... (အိုဘေး,နာဘေးပေးမှာပါ ဘဲဘုရား) ပေးမှာဘဲဆိုတာ သေချာပလား .... (သေချာပါပြီ ဘုရား)။

ဒါဖြင့် တကာကြွယ်ရေ ဝိပဿနာဉာဏ်နဲ့ ထမင်းစားတာက မကြာသေးဘူး....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဒါတောင်မှ ဝိပဿနာဉာဏ်တွေ ဆရာဘုန်းကြီးက အမျိုး မျိုး အဖုံဖုံပေးထားငြားသော်လဲ တကာကြွယ်စားရင်းလွှတ်သွား တဲ့ အခါကော မပါဘူးလား .. (ပါ-ပါတယ်) ဘယ်လွှတ်သွား တာတုံး· အပါယ်လွှတ်သွားတာ....(မှန်ပါ့) အပါယ်ဘက် ဆင်း သွားတယ် .. (မှန်ပါ့) မဆိုးဝါးဘူးလား .... (ဆိုးဝါးပါတယ် ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က ဘုရားရှိခိုးတာက ညတကြိမ် မနက်တကြိမ်....(မှန်ပါ့) အပါယ်သွားဘို့ ကံက ထမင်းစားရင်း လဲ ဒါဘဲ....(မှန်ပါ့) အရောင်းအဝယ်လုပ်ယင်းလဲ ... (ဒါပါဘဲ) သားနဲ့,မယားနဲ့ စကားပြောရင်းသဲ ဒါပါဘဲ ... (မှန်ပါ့) မိတ် ဆွေသင်္ဂဟနဲ့ စကားပြောရင်းကော....(ဒါပါဘဲဘုရား)။

ဒါဖြင့် တကာတကာမတို့ မြစ်ငယ်ရေနဲ့ ဧရာဝတီရေ ဆုံပြီး

တိုက်တဲ့အခါကျလို့ရှိယင် ရောဝတီရေကများလို့ မြစ်ငယ်ရေကာ အရှုံးပေးရတယ် .... ( မှန်ပါ ) ခင်ဗျားတို့လဲ ဘုရားရှိခိုးတဲ့ ကံကလေးက အရှုံးပေးရမယ်....(ပေးရမှာဘဲဘုရား)။

အပါယ်သွားမည့်ကံက မင်းမလာခဲ့နဲ့ဆိုပြီး ငါယူချင်တဲ့ ဆီယူသွားမည်ဆိုပြီး အပါယ်သွားမည့် ကံတွေကများတော့ သူကချည်းထိုးချမယ် .... (မှန်ပါ) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

အဲဒီတော့ ငါကျောင်းတကာ- ငါဘုရားတကာဆိုလို့ တော်ပါ့မလား... (မတော်ပါဘုရား)။

မတော်တော့ တကာကြွယ် ဘာလုပ်ရမတုံးလို့ မေးတဲ့အခါ ကျတော့မှ တကာတကာမတို့ ခန္ဓာနဲ့ဆပ်မလား၊ ဥာဏ်နဲ့ ဆပ် မလားဆိုတဲ့မေးခွန်းနှစ်ခွန်းမေးရတယ်... (မေးရပါတယ်ဘုရား)။

ကံသာလုပ်နေကြယင် ဒီကံတွေက အကုသိုလ်ကံတွေက အပါယ်လေးပါး ခန္ဓာနဲ့ဆပ်ရတယ်... (မှန်ပါဘုရား)။

ဘာနဲ့ဆပ်ရသတုံး....(ခန္ဓာနဲ့ ဆပ်ရပါတယ်) ခန္ဓာနဲ့ ဆပ် ယင် ပြီးနိုင်ပါ့မလား....(မပြီးနိုင်ပါဘုရား)။

လူခန္ဓာနဲ့ဆပ်လို့ကော .... (မပြီးနိုင်ပါဘုရား) နတ်ခန္ဓာနဲ့ ဆပ်လို့....(မပြီးနိုင်ပါ)အပါယ်ခန္ဓာနဲ့ဆပ်လို့.... (မပြီးနိုင်ပါ) ကံတွေက နည်းသလား....(မနည်းပါဘုရား)။

ဒါဖြင့် ကံနဲ့ဆပ်လို့ရှိယင် မပြီးတော့ဘူးဘုရား၊ ဥာဏ်နဲ့ဘဲ ဆပ်ပါတော့မယ်ဆိုတာ ယနေ့ပြောင်းပါ.... ( မှန်ပါဘုရား ) တော်တော်အရေးကြီးတဲ့စကား....(ကြီးပါတယ်ဘုရား)။

တကာတကာမတို့ အခုပြောလိုက်တဲ့ တလုံးဟာ သေးသေး သိမ်သိမ်ကလေးလို့ မမှတ်လိုက်ပါနဲ့.... (မှန်ပါဘုရား) ကံနဲ့ ဆပ်ယင် မပြီးတော့ဘူး ... (မှန်ပါ) ကံနဲ့ဆပ်တော့ ခန္ဓာတွေ ဖြစ်ရတယ်.... (မှန်ပါ) အနှစ်တသောင်းမှ တကံ ကိစ္စပြီးမယ်.... (မှန်ပါ)။

ကံလုပ်ထားတာက သိန်း,သန်း,ကုဋေ-(မှန်ပါဘုရား) ဘုရား အဆူဆူနဲ့လွဲလို့ သေချာတယ်....(သေချာပါတယ်ဘုရား) မသေ ချာဘူးလား .. (သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာနဲ့ဆပ်မလဲ....(ဉာဏ်နဲ့ဆပ်ရမှာ ပါဘုရား) ဒါ ခင်ဗျားတို့ တသက်နဲ့တကိုယ် ဒီတခါဘဲ ကြား ဘူးတယ်....(မှန်ပါ)။

ဒီတခါဘဲ ကြားဘူးတယ်ဆိုတာ အသားယူပြောတဲ့ စကား လို့ တကာကြွယ်တို့ တကာသစ်တို့က မယူလိုက်ပါနဲ့....(မှန်ပါ) ခင်ဗျားတို့က ကံအမိ,ကံအဖဆိုပြီး ဒါဘဲ အားကိုးတယ်(မှန်ပါ) ကံနဲ့ ဆပ်မယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်ကလာရမတုံး....တဲ့၊ ကံနဲ့ဆပ်ယင် အကုသိုလ်ကံကလဲ အပါယ်ခန္ဓာနဲ့ဆပ်ရဘာဘဲ....(မှန်ပါ) ဗြဟ္မာပြည်သွားဟောလဲ ဗြဟ္မာခန္ဓာကြီးနဲ့ဆပ်လို့လဲ ကမ္ဘာလေးဆယ်နေလဲနိဗ္ဗာန်မရောက် ဘူး.... (မရောက်ပါဘုရား) ရောက်ပါ့မလား.... (မရောက်ပါ ဘုရား)။

အဲဒီတော့ ဘာနဲ့ဆပ်ကြမယ်.... ( ဉာဏ်နဲ့ဆပ်ရပါမယ် ဘုရား) အင်း....ဒီနေ့တရားပွဲမှာဖြင့် တကာတကာမတို့ နာရ တာထူးပြီ ... (မှန်ပါ) ဘာနဲ့ဆပ်ကြမယ်.... (ဉာဏ်နဲ့ဆပ်ရပါ မယ်ဘုရား)။

ဒါဖြင့် ဒီဉာဏ်ကလေးအကြောင်း ရှင်းအောင်ပြောပါရစေဦး... (မှန်ပါ) ခင်ဗျားတို့ မွေးကတည်းက ဒီလိုကံပေါင်း ဘယ်လောက်ရှိသလဲ.... (မရေတွက်နိုင်ပါဘုရား) အပါယ်သွားမည့်ကံတွေလေ....(မှန်ပါ) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

နောက်ဘဝက ဒီလို မသိမလိမ္မာခဲ့လို့ မှားခဲ့တဲ့ ကံတွေက အကျိုးမပေးရသေးတဲ့ကံတွေကကော ဘယ်လောက်ရှိသလဲ.... (မရေတွက်နိုင်ပါဘုရား) နောက် ဇီမဂ်ဉာဏ်မရယင် မိုက်လတ္တံ့ ကံတွေကလဲ ဘယ်လောက်ပါလိမ့်.... (မရေတွက်နိုင်ပါဘုရား)။

အဲဒါဉာဏ်နဲ့ဆပ်ယင် သုံးချက်ကြေတယ်....(မှန်ပါ) အတိတ်က ကံလဲ... ( ကြေပါတယ်ဘုရား ) ပစ္စုပ္ပန် ဒီဘဝစုထားတဲ့ကံတွေသဲ... (ကြေပါတယ်ဘုရား) အနာဂတ် ပို့လတ္တံ့ကံတွေကော.... (ကြေပါတယ်ဘုရား) ဘာနဲ့ဆပ်သတုံး... ( ဉာဏ်နဲ့ဆပ်ပါတယ်ဘုရား)။

အဲ....ကံနဲ့ဆပ်ယင် ဘယ်တော့မှ မကြေဘူး.... ( မှန်ပါ ) ဉာဏ်နဲ့ဆပ်ယင် သုံးချက်ကြေတယ်....(မှန်ပါ)။

တကာကြွယ် ကြားဘူးပလား.... ( ကြားဘူးပါပြီဘုရား ) ကံနဲ့ဆပ်ယင်.... (မကြေပါဘုရား) ဘယ်တော့မှ မကြေဘူး။

ကံနဲ့ဆပ်ယင် မကြေဘူးဗျ၊ ဒီကံဟောင်းမှ မကုန်သေးဘူး၊ ကံသစ်က ထပ်လုပ်တယ်....(မှန်ပါ) ကြေပါမလား.... (မကြေပါဘုရား) ဉာဏ်နဲ့ဆပ်ယင်-(ကြေပါတယ်ဘုရား)။

ဦးလှဘူး သတိထားပါ....(မှန်ပါ) နောက်က တကာတကာမတွေ သတိထားရမယ်....(မှန်ပါ) ခင်ဗျားတို့ ကံနဲ့ချည်းဆပ်ရ

တယ်၊ ဉာဏ်နဲ့ကို မဆပ်ဘူး.... (မှန်ပါ) ဒါကြောင့်လဲ ဘယ်တော့မှ ဝဋ်မကျွတ်ဘူး....(မှန်ပါ)ကျွတ်သေးရဲ့လား.. (မကျွတ်ပါဘုရား)။

ကဲ....ယနေ့ကစပြီး ဘာပြောင်းကြမယ်.... (ဉာဏ်နဲ့ ဆပ်ရပါမယ်ဘုရား) သဘောကျပြီ....(ကျပါပြီဘုရား)။

ဟိုသက ခိုးသူကြီး အင်္ဂုလိမာလ လူပေါင်းများစွာ သတ်ပါတယ်.... (မှန်ပါ) နောက်ဘဝတွေကလဲ သူသည် ပေါရိသာဒဆိုဘာလဲ သူဘဲ (မှန်ပါ) သူ့အမိုက်ဘဝချည်းဖြစ်ခဲ့ပါတယ်.... (မှန်ပါ) အဲဒါ ဒီဘဝမှာတွင် မိုက်ထားတာတွေက သူများထက် ကြီးကျယ်ခမ်းနားတယ်....လို့ မှတ်လိုက်စမ်းပါ၊ အမေမသတ်မိတာတမယ်ဘဲ ကျန်တယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တွေ့လို့ ဉာဏ်နဲ့ အဆပ်ခိုင်းလို့ မဂ်ဉာဏ်သူရသွားတဲ့အခါကျတော့ ဟိုဟာတွေ အဟောသိကံ ဖြစ်တယ်.... (မှန်ပါ) နောက်ကံတွေကော ... ( အဟောသိကံဖြစ်ပါတယ်ဘုရား ) ယခုဘဝမှာ လုပ်ထားတဲ့ လူသတ်ကံတွေကော.... ( အဟောသိကံဖြစ်ပါတယ်ဘုရား ) နောက် မိုက်လတ္တံ့ကံတွေကော.... ( မဖြစ်တော့ပါဘုရား ) ဘာနဲ့ဆပ်ပါလိမ့် .. (ဉာဏ်နဲ့ဆပ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့၏ အားထားရာ၊ ကိုးစားရာ၊ ကယ်တင်ရာ ပို့ဆောင်ရာသည် ဒီဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ဘဲ ဒို့မှာဖြင့် ခိုကိုးရာရှိတော့တယ်လို့ ယနေ့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ)။

ဘယ်ဉာဏ်သာ ရှိတော့သလဲ.... (ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်သာ ရှိပါတော့တယ်ဘုရား) ပေါ်ကြပလား.... ( ပေါ်ပါပြီဘုရား )။

တကာကြွယ် ဒီစကားကို အေးအေးဆေးဆေး ပြောနေတာဟာ ခင်ဗျားတို့ အားကိုးလွဲနေလို့ ပြောင်းပေးနေတာ- (မှန်ပါဘုရား) ဒို့က ကံအမိ ကံအဖနဲ့ ဘဲလို့ တချို့က အဘင်းခံတာဘဲ (မှန်ပါ)။

ကံအမိ ကံအဖကြောင့် ခင်ဗျားတို့ ဒုက္ခရောက်နေတယ်.... (မှန်ပါ) ဉာဏ်အမိ ဉာဏ်အဖ မပြောင်းခဲ့တဲ့အတွက် ကိုယ်ကျိုးနည်းခဲ့တယ်....(မှန်ပါ) ယနေ့ ဘာပြောင်းရမတုံး- (ဉာဏ်အမိ ဉာဏ်အဖ ပြောင်းရပါမယ်ဘုရား)။

ကဲ... ဉာဏ်အမိ ဉာဏ်အဖ စီရင်တာဘဲ လိုက်နာပါတော့မယ်ဆိုလို့ ရှိယင်ဖြင့် ဘဝပြတ်ပါတယ်.... ( မှန်ပါ ) မပြတ်ပေဘူးလား... (ပြတ်ပါတယ်ဘုရား)။

ကြင်ကြင်ပ် သတိထားနားထောင်ပါ၊ တသက်မှ တခါကြားရတယ်ဆိုတာ မျိုး ဘုန်းကြီးက ဘဝင်မြင့်လို့ ပြောနေတယ်လို့ ဒီလိုမယူပါနဲ့. (မယူပါဘုရား) ခင်ဗျားတို့ တသက်လုံးက ကံအမိ ကံအဖဘဲ၊ သူစီမံသလို ခံယူရမှတပါး ကျုပ်တို့ဖြင့် ဘာမှ မရှိဘူး.. တဲ့.... (မှန်ပါ) ဉာဏ်အမိ ဉာဏ်အဖ မျက်စောင်းထိုးဘူးရဲ့လား... (မထိုးဘူးပါဘုရား)။

သြော်.... ဒါကြောင့်လဲ သံသရာရှည်နေတာဘဲ.... (မှန်ပါ) ရှင်းလား.... (ရှင်းပါပြီဘုရား) ယနေ့ကစပြီး အကြီးအကျယ် အားကိုးရမှာက ဘာပါလိမ့်....(ဉာဏ်အမိ ဉာဏ်အဖပါဘုရား)။

အင်း....တော်တော်ကလေး တော်လာပြီ....(မှန်ပါ) တကာ သစ် ဒီအသံ သေးတာမဟုတ်ဘူးနော်.... ( မှန်ပါ ) တသံသရာ လုံး၏ အမှားဖြစ်နေတယ်....(မှန်လှပါဘုရား) တသံသရာလုံး၏ အမှားပျောက်တာ ယနေ့ဘဲ....(မှန်လှပါဘုရား) ရှင်းကြပလား· (ရှင်းပါပြီဘုရား)။

တကာတကာမတွေ့ဘာအားကိုးကြမယ်(ဉာဏ်အမိ,ဉာဏ်အဖ အားကိုးကြပါမယ်ဘုရား)ပေါ်ပြီနော်....(မှန်လှပါဘုရား)၊

ဘာအားကိုးကြမယ်....(ဉာဏ်မိ,ဉာဏ်ဖ အားကိုးကြပါမယ် ဘုရား)။ ဒါ· ဒီတခါ အသံထွက်တာ ဘော်တော်ကောင်းတယ် (မှန်ပါ)။

တကာကြွယ်တို့ ရှေ့က ဘာအားကိုးသလဲ.... (ကံမိ,ကံဖ အားကိုးပါတယ်ဘုရား)။

နို့... အားမကိုးနဲ့လို့ ဘုန်းကြီးက ဆိုရမှာလားလို့ မေးတဲ့ အခါကျတော့ "ကမ္မံသတ္တေ ဝိဘဇတိ ဟီနပဏီတ ဘာဝါ ယ" ဘုရားက ဟောပါတယ် (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) ယုတ်အောင် မြတ်အောင် လုပ်နိုင်တယ်ကွ၊ ကံအမိ ကံအဖကလုပ်နိုင်တယ်၊ ဘဝပြတ်အောင်တော့ မလုပ်နိုင်ဘူး.... (မှန်ပါ) အဲဒီကျအောင် မယူဘူး....(မှန်ပါ)။

ကံပိုင်းမှာ ကံ၏ အကျိုးပေး ဟောရလိမ့်မယ်.... ( မှန်ပါ ) ဉာဏ်ပိုင်းကျတော့ ဉာဏ်၏ အကျိုးပေးကို ဟောရလိမ့်မယ် .... (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကိုယ်ကတော့ဖြင့် တပိုင်းတည်း, တစတည်း နား လည်ထားတော့ ကံအမိ ကံအဖဘဲ အားကိုးရမှာဘဲဆိုတော့ ...

ဘဝမပြတ်တဲ့ လမ်း အားကိုးတယ်—(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏသမ်း အားပေးတယ်... ကံအမိ, ကံအဖက....(မှန်ပါ)ဉာဏ်အမိ,ဉာဏ်အဖက "ဇာတိနိရောဓာ ဇရာ မရဏနိရောဓော ဟောတိ" ဆိုတဲ့ နိဗ္ဗာန် အကျိုးပေးတယ် .. ( မှန်ပါ ) မကွာဘူးလား....(ကွာပါတယ် ဘုရား)။

အဲဒါကြောင့် ဒါနလုပ်လဲ ဉာဏ်ပါပါစေ....(မှန်ပါ) သီလ ဆောက်တည်လဲ....(ဉာဏ်ပါပါစေ) ဝိပဿနာ အားထုတ်လဲ ....(ဉာဏ်ပါပါစေဘုရား)။

ဝိပဿနာအားထုတ်တော့ ဉာဏ်ပါမှကို အားထုတ်လို့ ရတယ်....(မှန်ပါ) ဒီအတိုင်းကို မရဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

တကာကြွယ် နေရာကျပလား...(ကျပါပြီ) ဒါဖြင့် တကာ တကာမတို့ ယခု ပါးစပ်ပေါက်က ပဋ္ဌိစ္စသမုပ္ပါဒ်.... (မှန်လှပါ ဘုရား)။

အခု ရှေ့က ပြထားတာ ဘယ်အပေါက်ပါလိမ့်.... (ပါးစပ် ပေါက်ကပါဘုရား)။

ဒါက ဝက်သားတုံးကလေး၊ ဒါက လျှာပေါ်မှာထိတာ ဖဿ... (မှန်ပါ)ဖဿပစ္စယာ....(ဝေဒနာပါ) ဩော် စားတော့ ဝေဒနာပေါ်လာတယ်....( မှန်ပါ ) အင်း.... ကောင်းလိုက်တာ ကောင်းလိုက်တာဆိုတာ ဝေဒနာက ပြောတာ....(မှန်ပါ)။

ကောင်းတော့ မင်း ဘယ့်နှယ်နေသတုံး.... ဆိုတော့ ကောင်း ကြိုက်တာပေါ့ဗျာ ဆိုတော့ တဏှာ....(မှန်ပါ)။

မင်း ကြိုက်တာ ခဏဘဲလား....၊ ဒါမျိုးဟာ အမြဲတမ်း စား ချင်သလားဆိုတော့ အမြဲ စားချင်တယ်၊ ဥပါဒါန် .... (မှန်ပါ ဘုရား)။

အမြဲ စားချင် ထိုင်နေလို့ မစားရဘူးကွ .၊ ရောင်းရ ဝယ် ရတယ်ဆိုတော့ ကာယကံ ဝစီကံ ...(မှန်ပါ)သဘောကျပလား.... (ကျပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီအတိုင်းသာဆိုလို့ရှိယင်ဖြင့် ကမ္မဘဝ ပစ္စယာ ဇာတိ .. (မှန်ပါ) မလာပေဘူးလား....( လာပါတယ် ) ခန္ဓာငါးပါး လာရလိမ့်မယ်....(မှန်ပါ) ခန္ဓာငါးပါး ဘာသစ္စာ တုံး .. (ဒုက္ခသစ္စာပါဘုရား)။

ကြည့် .. ခင်ဗျားတို့ကို သစ္စာဖွဲ့ပြမယ်၊ မလုပ်တတ်သေးလို့ရှိ ယင် ကံအမိ ကံအဖ အားကိုးလို့ရှိယင် ဟောဒီ ဇာတိရမယ်- (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကံအမိ ကံအဖ အားကိုးယင်....( ဇာတိရပါမယ် )ဇာတိ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ) တကာကြွယ် ပေါ်ပြီ....(ပေါ် ပါပြီဘုရား)။

ဘုန်းကြီးက ဥာဏ်ကျယ်လွန်းလို့ တပည့်တော်တို့ ရှေးထုံး တွေ အင်မတန် ခဲယဉ်းတာတွေတောင်မှ ပေါ်လွင်အောင် ပြတ် တောက်အောင် ဟောနိုင်တယ်လို့ ဒီလို မယူပါနဲ့၊ပဋိစ္စသမုပ္ပါဒ် က ဒီအတိုင်းပါ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဘုန်းကြီးက ဟောတာသား၊ ခန္ဓာဖြစ်စဉ်က ဒီအတိုင်းသား (ခန္ဓာဖြစ်စဉ်က ဒီအတိုင်းပါဘုရား)။

အဲဒါ ဘာမှ ငြင်းစရာ လိုသေးသလား....( မလိုပါဘုရား ) ကျုပ်တို့ဖြင့် မကြားဘူးပါဘူး၊ ဒီလို လာချင် လာလိမ့်မယ် .... (မှန်ပါ)။

မကြားဘူးပါဘူးဆိုတဲ့ဥစ္စာ သူ့ဟာသူ မကြားဘူးဘဲ နေတဲ့ ဥစ္စာ တကာတကာမတို့ သူ့တောမှာ သူ့ဟာသူ ကြီးနေတဲ့ဥစ္စာ ဘယ်ကြားဘူးလိမ့်မဝုံး၊ သူ့ ကိလေသာတောထဲ သူ ကြီးချင်သလို ကြီးနေတာ... (မှန်ပါ) ကြားဘူးနိုင်ပါမလား....(မကြားဘူးနိုင်ပါ) ဥာဏ်တောထဲ သူ ရောက်ကဲ့လား .... (မရောက်ပါဘုရား)။

အဲဒီတော့ သူ မကြားဘူးတာလဲ ခင်ဗျားတို့က အပြစ်မတင်နဲ့ ဩော်.. သူ့တောထဲ သူ ကြီးလို့မှတ်....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာတကာမတို့ ကံအမိ့ကံအဖဖြတ်ပြမယ်... (မှန်ပါ)ကံအမိ့ကံအဖကို ဖြတ်ရတော့မယ်လို့ဆိုတော့ တကာကြွယ် မျက်ရေများ ကျဦးမှာလား....(ကျပါတယ်)ဟုတ်ကဲ့လားဗျ.. (အခုတော့ သိပါပြီ)အင်း... အခုတော့ သိသွားပြီ-- (မှန်ပါ)။

ဩော်...တသက်လုံး ပေါင်းလာတဲ့....ကံနဲ့ အခွါကြီး ခွါရလို့ရှိယင်ဖြင့် အနာကြီးများ နာချည့်မလားလို့ အောက်မေ့မနေနဲ့၊ ကမ္မဘဝပစ္စယာ ဇာတိ... (မှန်ပါ)ဇာတိ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

အဲ... ဒုက္ခသစ္စာဆိုတော့ ကံခွဲမှ ဒုက္ခသစ္စာနဲ့ ကွဲမှာ(မှန်ပါ) ကံမခွဲလို့ရှိယင်... (ဒုက္ခသစ္စာနဲ့ မကွဲပါ) သဘောပါပလား.... (ပါပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ကံအမိ, ကံအဖနဲ့ ခွဲနည်း နိဿယည်း ဘယ်မှာ ဟောခဲ့သတုံးဆိုတာ မေးရလိမ့်မယ်နော်.. (မှန်ပါ)ရက်ပေါင်း တာရှည်တဲ့ အခါ ပေါ်လာလိမ့်(မှန်ပါ)။

အခု တနေ့တည်းဆိုတော့ ၁၂-မိနစ်လောက် ကျန်တော့.... တယ်မကုန်နိုင်ဘူး ...(မှန်ပါ) ဟောလို့ မကုန်နိုင်ဘူး၊ ကံဖြတ်ရမယ်ဆိုတာကို ဟောထားတာ ရှိသေးဘယ်... (မှန်ပါ)။

သို့သော်...အဲဒါ အသာချိတ်ထား၊ ခင်ဗျားတို့ကလဲ အသေစောမလား မသိဘူး၊ ဟောတဲ့ ဘုန်းကြီး အသေစောမလား မသိဘူး....(မသိပါဘုရား)။

မြန်မြန် အလုပ်ခွင်ဝင်မှ....(မှန်ပါ) အရေးမကြီးဘူးလား.... ( ကြီးပါတယ် ) အလုပ်ခွင်တရား ပိုမိုအရေးမကြီးဘူးလား.... (ကြီးပါတယ်) အဲ.... အလုပ်ခွင်တရား ပြတော့မယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့သန္တာန် ဖြစ်တဲ့ တရားကို ခင်ဗျားတို့ ကိုယ်တိုင်မြင်ရမယ်....( မှန်ပါ )ခင်ဗျားတို့သန္တာန် ဖြစ်တဲ့ ဖြစ်စဉ်ကို.... (တပည့်တော်တို့ကိုယ်တိုင် မြင်ရပါမယ်ဘုရား)။

ကိုယ့်သန္တာန် ဖြစ်စဉ်မှ ကိုယ်မမြင်ယင် တကာ:သစ် စဉ်းစားကြည့် ဒီပုဂ္ဂိုလ် စုံလုံးကန်း....(မှန်ပါ) ကိုယ့်သန္တာန်မှာ မှဲ့ရှိတယ်၊ ညှင်းရှိတယ်၊ တင်းတိပ်ရှိဘယ်မှ မသိလို့ ရှိယင် ဒီပုဂ္ဂိုလ် ဘယ်လိုဆိုကြမလဲ....(စုံလုံးကန်းပါ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒီမှာလဲ ထို့အတူဘဲ၊ ကိုယ့်သန္တာန်ဖြစ်တာ, ဖဿဖြစ်တာ သူ မသိလိုက်ဘူး၊ ဝေဒနာဖြစ်တာ သူ မသိလိုက်ဘူး၊ တဏှာ ဖြစ်တာ သူ မသိလိုက်ဘူး ဆိုလို့ရှိယင် သူ့ကို ဘယ့်နှယ် ဆိုကြမလဲ... (စုံလုံးကန်းပါဘုရား)။

စုံလုံးကန်းဘဲ၊ အဲဒါ မျက်လုံးတပ်ပေးမယ်-(မှန်ပါ့)နှစ်ဘက် ကန်းကို နှစ်ဘက်မြင်အောင် လုပ်ပေးရတော့မယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

နှစ်ဘက်ကန်းကို.... (နှစ်ဘက်မြင်အောင် လုပ်ပေးရပါမယ်) ဘုရားက မင်းတို့ နှစ်ဘက်မြင်ဖြစ်တဲ့နည်း ငါ ဟောခဲ့မယ် ဆို ပြီးသကာလ တကာတကာမတို့ ခင်ဗျားတို့ ဓမ္မာ့ဂုဏ်တော် .... ခြောက်ပါးထဲမှာ ကြည့်လိုက် သန္ဒိဋ္ဌိကော ... (မှန်ပါ့) ရှုတ်ကြ စမ်း....(သန္ဒိဋ္ဌိကောပါဘုရား)သုံးခါ ရှုတ်စမ်း။

မှတ်ထားနော်... (မှန်ပါ့)ဒါ ခင်ဗျားတို့ ဘုရားရှေ့ကျယင် အော်ပြီ ဒီဥစ္စာကြီးနဲ့....( မှန်ပါ့ )မအော်ဘူးလား....(အော်ပါ တယ်ဘုရား)။

ဘာအော်တာတုံး မေးတဲ့အခါကျတော့ အော်နေကျအော် တာပါဘုရား....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)ဘာအော်တာ တုံးမေးတော့....(အော်နေကျအော်တာပါဘုရား)။

အော်နေကျအော်တာတဲ့၊ စင်စစ်တော့ ဒီလိုမဟုတ်ပါဘူး၊ မင်းတို့သန္တာန်မှာရှိတဲ့ ခန္ဓာဖြစ်စဉ်ကို၊ သာမ်ပဿိတဗ္ဗော ကိုယ် တိုင် မြင်အောင်ကြည့်စမ်းကွ....(မှန်ပါ့)ဒါဟောတာ.... (မှန်ပါ့ ဘုရား)။

မင်းတို့ ခန္ဓာဖြစ်စဉ်ကို .... (ကိုယ်တိုင်မြင်အောင် ကြည့်ရမှာပါ)ကဲ.... ဒါအော်စရာလား- ကြည့်ရမှာလား.... (ကြည့်ရမှာပါ) တပည့်တော်တို့က အော်နေကျကိုးဘုရား မျိုးရိုး .. (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အော်နေကျ ဖြစ်နေတာ မျိုးရိုးဘဲ ....(မှန်ပါ) အခုအခါပွါယ်ကို ရှင်းပြလိုက်တော့ ကိုယ့်သန္တာန်ဖြစ်စဉ်ကို ကိုယ်တိုင်မြင်အောင်ကြည့်....(မှန်ပါ ဘုရား)။

ဘာတဲ့တုံး .... (ကိုယ့်သန္တာန်ဖြစ်စဉ်ကို ကိုယ်တိုင်မြင်အောင် ကြည့်ရပါမယ်) ကဲ.... အော်ရမှာတဲ့လား၊ ကြည့်ရမှာတဲ့လား ... (ကြည့်ရမှာပါ) တကာကြွယ် ဘယ်ဘက် အသုံးချလိုက်သလဲ ... (အော်တဲ့ဘက် အသုံးချလိုက်ပါတယ်ဘုရား)။

ဩော် .... ခင်ဗျား အသံကောင်းတာကိုးဗျ၊ ဒီအခါပွါယ် ရောက်နေတယ်....(ရောက်နေပါတယ်) မရောက်ဘူးလား-ရောက်သလား....(ရောက်ပါတယ်ဘုရား)။

အဲဒါတွေကိုလဲ တကာဘကာမတို့ တည့်မပေးလို့ ရှိယင် ဘယ်ရတော့မလဲ .. (မရပါ) မြင်သေးရဲ့လား ကဲ (မမြင်ပါ) တည့်ဘိုရာ မမြင်ဘူး တကာတကာမတို့ ( မှန်ပါ )သဘောပါကြပလား.... (ပါပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် သန္နိဋ္ဌာနကော သာမံပဿိတဗ္ဗော။ သာမံ= ကိုယ်တိုင်၊ ပဿိတဗ္ဗော=မြင်အောင် ကြည့်ရမယ်.... ( မှန်ပါ ) ဒါဖြင့် ဝိပဿနာအလုပ်, လုပ်ခိုင်းတာ.. (မှန်ပါ ဘုရား)။

ကိုယ့်ခန္ဓာဖြစ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်....(မှန်ပါ) ကိုယ့်ခန္ဓာဖြစ်စဉ်ကို....(ကိုယ့်ဉာဏ်နဲ့ ကြည့်ရမှာပါ)အဲဒါခင်ဗျားတို့

က သန္နိဋ္ဌာနကော ပြီးပြီ၊ အကာ:လိကော ဆက်သွားပြီ.... (မှန်ပါ ဘုရား)ကြည့်လိုက်သေးရဲ့လား....(မကြည့်လိုက်ပါဘုရား)။

ဘာလုပ်တာတုံး ဒါဖြင့်-အို.. မေ့သွားမှာစိုးလို့ ဆက်ထား ရတယ်ဘုရာ့....(မှန်ပါ) ဒီအဓိပ္ပါယ်ကျနေတယ် .... ( မှန်ပါ ) ကုသိုလ်မရဘူးလခး- ကုသိုလ်ရပါတယ်.... (မှန်ပါ) မဂ်ရမလား- ဖိုလ်ရမလားဆိုတော့ မရဘူးကွ... (မှန်ပါ)ပေါ်ပလား....(ပေါ် လာပါပြီဘုရား)။

ကုသိုလ်မရဘူးလား-ရမလား....(ရပါတယ်) မဂ်ဉာဏ် ဖိုလ် ဉ:ဏ်ရမလား....(မရပါ) ကဲ....ဒါလောက်ရှုံးတယ် .... (မှန်ပါ ဘုရား)။

တကာတကာမတို့ ဝေဘူလတောင်ကို သွားငြားသော်လဲ မီးခတ်ကျောက်ကောက်ပြီး ပတ္တမြားမကောက်ခဲ့တာ မှားလေ ခြင်း....(မှန်ပါ)အို တပည့်တော်တို့က ဒါနှ:လည်တာကိုး ဆို တော့ မီးခတ်ကျောက်နဲ့ သိမ်းခဲ့ရဘယ်....(မှန်ပါ) မဆိုးဝါးဘူး လား....(ဆိုးဝါးပါဘယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ယနေ့ကစပြီးသကာလ တကာတကာမတို့ ကိုယ့်သန္တာန် ဖြစ်တဲ့တရားကို ကိုယ်-ကိုယ်တိုင်မြင်အောင် ဘုရား က ဘယ်ပါဠိတော် ထားခဲ့သတုံး....(သန္ဒိဋ္ဌိကောပါဘုရား)။

တလုံးတည်းဟောမှာပါ တကာတကာမတို့ အိမ်ကျတော့ မဖျောက်ပါနဲ့.. (မှန်ပါ) ဘာတဲ့တုံး.... (သန္ဒိဋ္ဌိကောပါဘုရား) အံမာလေး- ဒါကလေးက ရတော့မနေတယ်နော်၊ အသုံးက မတည့်ဘဲဖြစ်နေတယ်... (မှန်ပါဘုရား)။

အိမ်မှာဘုရား တပည့်တော်တို့ လေနာဆေးကလေးတော့ အရှိသားဘဲ၊ သို့သော်လဲ ခရမ်းသီးစားယင် သူများက ပျောက်

တယ်လို့ ပြောတယ်... (မှန်ပါ) ဒါကြောင့် ခရမ်းသီးစားရတယ် ဆိုတော့ သွားပါရော .... ( မှန်ပါ ) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ခင်ဗျားတို့အိမ်မှာ လေနာဆေးရှိလျက်သားနဲ့ လေနာဆေး စားမိတဲ့အတွက် ပိုနာတာပေါ့....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ သန္တတိဃနကောဆိုတာ ဘုရားက တရားဂုဏ်တော် ခြောက်ပါးထဲမှာ ဒီဂုဏ်ကို မင်းတို့ယူပြီး အသုံးချပါလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

သို့သော် အရေးကြုံတဲ့ အခါကျလို့ ရှိယင် သန္တတိဃနကော မသုံးဘဲနဲ့ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိတွေ ဝင်ရှုပ်လာတယ် .... (မှန်ပါ)ဒါလုပ်မှာ ဒါလုပ်မှာ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခရမ်းသီး မစားပါနဲ့ တကာတကာမတို့၊ လေနာကို လေနာဆေးဘဲသောက်ပါ(မှန်ပါ)ဒါဖြင့် သန္တတိဃနကောလုပ်ရလိမ့်မယ်.... (မှန်ပါဘုရား)။

သန္တတိဃနကော သာမံပဿိတဗ္ဗော၊ သာမံ = ကိုယ်တိုင်၊ ပဿိတဗ္ဗော = ကိုယ့်သန္တာန်၌ ဖြစ်တာမြင်အောင်ကြည့်၊ အဲဒါ ဝိပဿနာ....(မှန်ပါဘုရား)။

ကိုယ့်သန္တာန် ဖြစ်တဲ့တရား ကိုယ်တိုင်မြင်အောင် ကြည့်နိုင်ယင်....(ဝိပဿနာပါဘုရား)။

ဒါဖြင့် ဝိပဿနာဟာ တခြားရှာရတာလား၊တကာကြွယ်ရေ ကိုယ့်သန္တာန်ဖြစ်တဲ့တရား ကိုယ်မြင်အောင်ကြည့်ရတာလား.... (ကိုယ့်သန္တာန် ဖြစ်တဲ့တရား ကိုယ်မြင်အောင် ကြည့်ရတာပါ ဘုရား)။

ကျုပ်တို့တော့ ဝိပဿနာအရှာထွက်ရဦးမယ် ဆိုယင် သွားပြီ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တချို့တကာတကာမတွေက ဒီနားမှာ ဝိပဿနာမရှိဘူးတဲ့၊ ဝိပဿနာအရှာ ထွက်ရဦးမယ်တဲ့၊ တကာကြွယ် ရှိရာကနေ-မရှိရာ ထွက်မယ်... (မှန်ပါ့ဘုရား)။

ဘယ်ထွက်တာတုံးဗျ....(ရှိရာကနေ မရှိရာထွက်တာပါ) တွေ့မှ တွေ့ပါ့မလား.... ( မတွေ့နိုင်ပါ ) မတွေ့ယင် မူးပြန်ခဲ့မှာဘဲ.... (မှန်ပါ့)ပြီးတော့ ပညာရှိနည်းလိုက်တာလို့ သူကညည်းလိမ့်ဦး မယ်...(မှန်ပါ့)သူက မရှိတာ....(မှန်ပါ့) ရိပ်မိပလား .. |(ရိပ်မိ ပါပြီဘုရား)။

ဘယ်သူကမရှိတာတုံး... ရှာတဲ့လူက မရှိတာ...(မှန်ပါ့)ဟော တကာကြွယ်တို့ အသုံးအနှုန်းတွေ လွဲပုံ ပြောတယ်... ( မှန်ပါ့ ) တကာသစ် ကျေနပ်ပလား .. (ကျေနပ်ပါပြီဘုရား)။

ဝိပဿနာရှုစရာက ဘယ်မှာရှိသတုံး... (ခန္ဓာမှာပါ) ခန္ဓာမှာ ရှိတယ်... (မှန်ပါ့) သာမဏ်ပဿိတဗ္ဗော ကိုယ်တိုင်မြင်ရမည့် တရား ကလဲ တကာတကာမတို့ သူများဆီမှာရှိသလား .. ကိုယ့်သန္တာန် မှာရှိသလား....(ကိုယ့်သန္တာန်မှာ ရှိပါတယ်ဘုရား)။

ဒါဖြင့် ရှုစရာကလဲ ကိုယ့်သန္တာန်၊ရှုဉာဏ်ကလဲ ကိုယ့်သန္တာန် ဒါနဲ့ ရှုစရာခန္ဓာနဲ့ ရှုဉာဏ်နဲ့တွဲရမယ်.... ( မှန်ပါ့ ) တွဲယင်

ဝိပဿနာမဖြစ်ပေဘူးလား .... ( ဖြစ်ပါတယ် ) ဖြစ်ယင် ပဋိစ္စ သမုပ္ပါဒ် မပြတ်ပေဘူးလား... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်သူပြောတာ လိုက်နာကြမတုံးလို့ မေးတဲ့အခါကျလို့ရှိယင် သန္ဒိဋ္ဌိကော ပြောတာလိုက်နာပါ .... (မှန်ပါ)။

ဘာပြောတာ လိုက်နာရမယ်....(သန္ဒိဋ္ဌိကောပြောတာ လိုက်နာရပါမယ်) မေ့များသွားကြမယ်နော်....( မမေ့ပါ )ဘာတဲ့တုံး....(သန္ဒိဋ္ဌိကော ပြောတာလိုက်နာပါမယ်) သန္ဒိဋ္ဌိကောဟာ ကိုယ်တိုင် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်ပါ.... (မှန်ပါဘုရား)။

ကိုယ့်သန္တာန်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို .... (ကိုယ့်ဉာဏ်နဲ့ ကြည့်ရပါမယ်ဘုရား) ကိုယ့်ဉာဏ်နဲ့ ကြည့်ပါ၊ ကြည့်လိုက်တဲ့ အခါကျလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ဆိုတာ နာမ်ရုပ်ဘဲခေါ်တာဘဲ၊ အဲဒီထဲ နိဗ္ဗာန်ကိုမပါဘူး....( မှန်ပါဘုရား ) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဝဋ်ပဋိစ္စသမုပ္ပါဒ်ဆိုတာ နာမ်ရုပ်ဘဲပါတယ် (မှန်ပါ) အဲဒီ နာမ်ကလေးတွေ၏ ဖြစ်ပုံပျက်ပုံကိုကြည့်ပါ....(မှန်ပါ) ရုပ်ကြည့်တဲ့ ပုဂ္ဂိုလ်ဖြင့် ရုပ်ကလေးတွေ၏ ဖြစ်ပုံပျက်ပုံကို ကြည့်လို့ရှိယင် ဘာဖြစ်မယ်ဆိုတာ သိမှာဘဲ....(မှန်ပါ) သန္ဒိဋ္ဌိကော ဖြစ်မယ်- (မှန်ပါ)။

သန္ဒိဋ္ဌိကော- သာမံ ပဿိ တဗ္ဗော.... ( မှန်ပါ ) သာမံ= ကိုယ်တိုင်၊ပဿိတဗ္ဗော=ရှုရမယ်ကွ....(မှန်ပါ)။

တကာတကာမတွ ဘာတဲ့တုံး.... ( သာမံ ပဿိတဗ္ဗော=

ကိုယ်တိုင်မြင်အောင် ရှုရပါမယ်ဘုရား) အဲ...ကိုယ်တိုင်ရှုရမယ်-(မှန်ပါ)။

ကိုယ့်သန္တာန်ရှိတာကို...(ကိုယ်တိုင်ရှုရပါမယ်ဘုရား) ကိုယ့်ဉာဏ်နဲ့ ရှုပါ (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ရင်းမှာ သောတာပန်တည်ပါတယ်၊ ဆက်ပြီး သကဒါဂါမ်တည်တယ်၊ အနာဂါမ်-ရဟန္တာဘုရားအဖြစ်သို့ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ဘယ်သွားရှု...လို့ ဒီကိုယ်တော်ကြီးသည်ကား မဂ်လေးတန် တန်းပြီး ရပါလိမ့်...(ကိုယ့်ခန္ဓာရှုလို့ပါဘုရား) ဘယ်ပါဠိတော် သူ အားကိုးပါလိမ့်.... ( သန္ဒိဋ္ဌိကော အားကိုးပါတယ်ဘုရား) ခင်ဗျားတို့ ဒီပါဠိ မရဘူးလား... (ရပါတယ်ဘုရား) အသုံးလွဲနေလို့ ခရီးမပေါက်တာ... (မှန်ပါဘုရား) ရိပ်မိကြပလား .. (ရိပ်မိပါပြီ)ဘာလွဲနေသလဲ.... (အသုံးလွဲနေပါတယ်ဘုရား)။

ဆေးရှိလျက်သားနဲ့ ခရမ်းသီးစားမိလို့ ခက်ဘယ်၊ လေနာသမားအတွက်မှာလေ....(မှန်ပါ) အင်မတန်မဆိုးဝါးဘူးလား-(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် စကြပါစို့ တကာဘကာမတို့ နာရီကလဲစေ့နေလို့၊ တကာကြွယ် လျှာပေါ်မှာလာပြီး သကာလ ဝက်သားတုံးကလေးဟာ မထိသား .... ( ထိပါတယ် ) လူသေထိတာနဲ့ လူရှင်မှာ လျှာပေါ်ထိတာနဲ့ တူရဲ့လား .. (မတူပါဘုရား)။

လူသေတော့ ထိမှန်းကိုသိရဲ့လား....(မသိပါဘုရား)လူရှင်မှာတော့....(သိပါတယ်ဘုရား)ဒါဖြင့် ဖဿပေါ်တာ .... (မှန်ပါဘုရား)။

အဲဒီ ဖဿကလေးကို'ဇိဝှါသမ္ဘဿောဿလောကော'ဆိုတဲ့အတိုင်း တဲ့ တကာတကာမတို့ ဟောဒီ မဂ္ဂင်ငါးပါးနဲ့ ပေါ့ဗျာ.... (မှန် လှပါ)ဖဿပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပါ....(မှန်ပါ)။

ဖဿပေါ်တိုင်း ပေါ်တိုင်း....(ဖြစ်ပျက်ရှုရပါမယ်) ဖဿက ဖြစ်ပျက်၊ရှုတာက....(မဂ်ပါ)ဒါဖြင့် ဒီမဂ်ဟာ ထကာတကာမ တို့ ဆုတောင်းလို့ ရတာလား....ရှုလို့ ပေါ်တာလား....(ရှုလို့ ပေါ်တာပါဘုရား)။

ဒါဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဝဋ္ဋဘဝတိုတိုနဲ့ အလိုလို ရရ ပါလို၏နဲ့တော့ အတော်ကွာတယ်... (ကွာပါတယ်ဘုရား) အလို လို ရတဲ့တရားမဟုတ်ဘူး....(မဟုတ်ပါဘုရား) ရှုပွားမှရတဲ့တရား (မှန်ပါ) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ဘယ်လိုလုပ်မှ ရသတုံး....(ရှုပွားမှရပါတယ်ဘုရား) ကောင်း ပြီ.... ဒါဖြင့် ဒီလိုရှုပွားလိုက်တဲ့အခါကျတော့ တကာတကာမ တွေ သိတဲ့အတိုင်း ဖဿက ဖြစ်ပျက်- အနိစ္စပေါ့ဗျာ- (မှန်ပါ) ရှုတာက .. (မဂ်ပါဘုရား)။

မဂ်ဆိုတော့ ဝေဒနာ မသေဘူးလား... (သေပါတယ်ဘုရား) ဝေဒနာက္ခန္ဓာ ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား) ဒါဖြင့် ခန္ဓာငါးပါး မပေါ်တော့ဘူး... (မှန်ပါ)နောက်ဘဝအကြောင်း တဏှာပေါ်သေးရဲ့လား... (မပေါ်ပါဘုရား)ဥပါဒါန်ကော ... (မပေါ်ပါဘုရား) ကံကော... (မပေါ်ပါဘုရား) ပြတ်ပြီ... (မှန်ပါ) မပြတ်သေးဘူးလား... (ပြတ်ပါတယ်ဘုရား)။

ခန္ဓာပြတ်, တဏှာပြတ်, ကံပြတ်... (မှန်ပါ) ကံပြတ်တော့ နောက်ဘဝ ဇာတိကော....(မလာပါဘုရား) ဟာ.... ဘယ်သူက ဖြတ်ပေးပါလိမ့်....(မဂ်က၊ဖြတ်ပေးပါတယ်ဘုရား)။

ဒါဖြင့် မဂ်သည် ဟောဒီ ကိလေသာတွေကို ဖြတ်ပါတယ်... (မှန်ပါ) ကိလေသာတွေကိုလဲ ဖြတ်ပါတယ်၊ ကမ္မဝဋ်ကော.... (ဖြတ်ပါတယ် ) ဝိပါကဝဋ်ကော....(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဦးလှဘူးရေ.... ကံပြတ်ဘုရား တဏှာပြတ်တရား .... သဘောပါပလား....(ပါပါပြီ) ဝဋ်ပြတ်ဘုရား ဟုတ်ပလား .... (ဟုတ်ပါတယ်ဘုရား)။

ကိလေသဝဋ်ကော... (ပြတ်ပါတယ်) ကမ္မဝဋ်ကော.... (ပြတ်ပါတယ်) ဝိပါကဝဋ်ဆိုတဲ့ အကျိုးပေးတွေ....( ပြတ်ပါတယ် ) ဟာ... ဘယ်သူက ဖြတ်ပေးပါလိမ့်.... (မဂ်က ဖြတ်ပေးပါတယ် ဘုရား)။

မဂ်က ဘာဖြစ်လို့ ဖြတ်နိုင်သတုံးဆိုတော့ သာမံ ပဿိ တဗ္ဗော သူ့သန္တာန်ဖြစ်တဲ့ ဖဿကို သူ့ဉာဏ်က သိတယ် .... (မှန်ပါ)။

သူ့သန္တာန်ဖြစ်တဲ့ ဖဿကို....( သူ့ဉာဏ်က သိပါတယ် ) ဒါဖြင့် သန္ဒိဋ္ဌိကောသိလို့ တကာတကာမတို့ ဒီဘက်က အကာလိကောဆိုတာ=အခါမလင့် အကျိုးပေးလိုက်တာ ကိလေသဝဋ် ပြတ်တယ်....( မှန်ပါ )ကမ္မဝဋ်....( ပြတ်ပါတယ် )ဝိပါကဝဋ်.... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကောလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အကာလိကော.... အကျိုးပေးပါတယ်... (မှန်ပါ)သန္ဒိဋ္ဌိကော မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ (အကျိုးမပေးပါ)ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာလာလာ သန္ဒိဋ္ဌိကော ဖြစ် အောင်လုပ်ပါ... (မှန်ပါ) ဝေဒနာလာယင်ကော....(သန္ဒိဋ္ဌိကော

ဖြစ်အောင်လုပ်ရပါမယ်) တဏှာလာယင်ကော.... (သန္နိဋ္ဌိကော ဖြစ်အောင် လုပ်ရပါမယ်)ဖြစ်ပျက်မြင်အောင် လုပ်ပါ--(မှန်ပါ) ဥပါဒါန် လာယင်ကော....(သန္ဒိဋ္ဌိကောဖြစ်အောင်လုပ်ရပါမယ် ဘုရား) ကံလာယင်ကော....(ဖြစ်ပျက်မြင်အောင် လုပ်ရပါမယ်) ဝိပါကဋ္ဌ ကျွတ်-မကျွတ်(ကျွတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျွတ်ချင်လို့ ကျွတ်တာလား.... သန္ဒိဋ္ဌိကောကြောင့် ကျွတ်တာလား .... (သန္ဒိဋ္ဌိကောကြောင့် ကျွတ်တာပါ)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

( တဏှာ ဥပါဒါန် ကံ့ဖြတ် )

# နေ့ အလုပ်ပေး-တရားတော်

( ၃၁ - ၇ - ၆၁ )

သက္ကာယဒိဋ္ဌိ ကွာချင်လို့ရှိယင်ဖြင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နား လည်ရမယ်....(မှန်ပါ) သက္ကာယဒိဋ္ဌိဆိုတာ အပါယ်ငရဲမျိုးစေ့ လို့ မှတ်ထားပါ...(မှန်ပါ)။

သက္ကာယဒိဋ္ဌိဆိုတာ ဘာပါလိမ့်.... (အပါယ်ငရဲမျိုးစေ့ပါ ဘုရား) အဲဒီ ငရဲမျိုးစေ့ကို ဘုန်းကြီးတို့ တကာတကာမတွေက ပယ်ရှင်း ခုတ်ထွင်နိုင်တဲ့ သဘောသတ္တိမရှိဘဲနဲ့ ဒါနတွေလုပ် ... ကုသိုလ်ရပါတယ်၊ သီလတွေ ဆောက်တည် ကုသိုလ် ရပါတယ်၊ သမထတွေ အားထုတ် ကုသိုလ်ရပါတယ်၊ ဝိပဿနာ အားထုတ် လဲ ကုသိုလ်ရပါတယ်၊ နိဗ္ဗာန်တော့ မရဘူးလို့ မှတ်ရမယ် ... (မှန်ပါ)။

ဒါ သေသေချာချာ မှတ်ပါ တကာတကာမတို့....(မှန်ပါ) ဒါ သေသေချာချာ မှတ်ပါ၊ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ ဒါန လုပ်လဲ ကုသိုလ်ရပါတယ်လို့ ဘုရားကလဲ ဟောတယ်....(မှန်လှ

ပါ) သီလ ဆောက်တည်လဲ....(ကုသိုလ်တော့ ရပါတယ်)သမထ အားထုတ်လဲ....(ကုသိုလ်တော့ ရပါတယ်ဘုရား)။

ကုသိုလ်ရ ကောင်းကျိုးတော့ ပေးတာပေါ့ဗျာ.... (မှန်ပါ) ဝိပဿနာ အားထုတ်လဲ... (ကုသိုလ်တော့ ရပါတယ်ဘုရား)။

သက္ကာယ မပြုတ်ဘဲနဲ့ လုပ်လို့ ကုသိုလ်ရတဲ့ လေးမျိုးလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

ရှင်းရှင်းနဲ့ ဒီ တကာတကာမတွေ အရင်းထားပြီး ပြောရ လို့ရှိယင် နိဗ္ဗာန်တော့ မရဘူး....(မှန်ပါ) နိဗ္ဗာန်တော့ မရနိုင် ဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

အဘယ့်ကြောင့်ဆိုသော်....တဲ့ တကာတကာမတို့ သောတာ ပတ္တိမဂ် တည်တဲ့ ပုဂ္ဂိုလ်များမှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပယ်ရတယ်ဆို တာ တကာသစ်တို့ ကြားပြီးပြီ....(မှန်ပါ) ဘယ့်နှယ်ကြောင့် ပယ်ရပါလိမ့်မတုံးလို့ မေးတော့ အပါယ်တံခါး ပိတ်ချင်လို့.... (မှန်ပါ)။

ဒါဖြင့် သူ့ မပယ်ဘဲနဲ့ လုပ်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿ နာတွေဟာ နိဗ္ဗာန် ရနိုင်ပါ့မလား....(မရနိုင်ပါ) အပါယ်လေး ပါး တံခါးကော ...(မပိတ်ပါ) မပိတ်နိုင်ဘူးတဲ့၊ ခဏဘဲ ပိတ်မယ် တကာတကာမတို့ ပြန်ရောက်မယ်ဆိုတာ အောက်မေ့ အပါယ် လေးပါးကို....(မှန်ပါ)။

ဒါ့ကြောင့် ဘုန်းကြီးပြောတဲ့ ပဋိစ္စသမုပ္ပါဒ်ကို တကာ တကာမတွေက ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းအောင် မှတ်ပါ .... (မှန်ပါ)။

မှတ်ပြီးသည်၏ အခြားမဲ့၌ ဒါ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ကြောင်းကိုလဲ ဖြစ်ပျက်မြင်အောင် ရှုပါ....(မှန်ပါ)။

ထိုကဲ့သို့ ရှုလို့ အဖြစ်အပျက်မြင်လို့ အဖြစ်အပျက် မုန်းခဲ့သော်၊ အဖြစ်အပျက် ဆုံးသည့်တိုင်အောင် ရောက်ခဲ့သော် ...၊ သက္ကာယဒိဋ္ဌိပြုတ်ပြီလို့ မှတ်....(မှန်ပါ)။

အဲဒီ ဒိဋ္ဌိ ပြုတ်ပြီးတဲ့ ဒါနသည် နိဗ္ဗာန်ရောက်၏.... (မှန်ပါ) သီလသည်...(နိဗ္ဗာန်ရောက်ပါတယ်)သမထသည်-(နိဗ္ဗာန်ရောက်ပါတယ်)ဝိပဿနာသည်....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

မဖြုတ်ဘဲနဲ့ လုပ်နေလို့ရှိယင် ဝိပဿနာလုပ်စေကာမူ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး...(မှန်ပါ)။

ဩော်....ဒါဖြင့် ဒါန၊သီလ၊ သမထ၊ ဝိပဿနာ လုပ်မှုထက် သက္ကာယဖြုတ်မှုကို တကာကြွယ်တို့ ရှေ့ထားရမယ်.... (မှန်ပါ) မနေ့စ်ကလဲ ဖြိုင်ဖြိုင်ဘဲ ဟောခဲ့ပါတယ်....(မှန်ပါ)။

အဲဒါကြောင့် တကာတကာမတွေ ရေလိုက်မလွဲပါနဲ့ ဆိုတာကိုလဲ အထူး သတိပေးပါတယ်ဆိုတာ မှတ်ဖြစ်အောင် မှတ်ပါ-- (မှန်ပါ)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ မနေ့က လျှာပေါက်ကနေပြီး ပဋိစ္စသမုပ္ပါဒ်ပြတော့ ယနေ့ ကိုယ်ပေါက်နေပြီး ပဋိစ္စသမုပ္ပါဒ်ပြမယ်... (မှန်ပါ)။

တကာတကာမတို့ ဒီဟာက ခင်ဗျားတို့ ဝတ်ချင်တဲ့ အထည်အလိပ်ကလေးလို့ မှတ်လိုက်တာပေါ့....(မှန်ပါ) ဖျတ်ဆို လက်လလေးနဲ့ ကိုင်ပြီးသကာလ ဝတ်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒီအထည်နဲ့ ကိုယ်နဲ့ ထိတာက ဖဿ....(မှန်ပါ)အထည်နဲ့ ကိုယ်နဲ့ ထိတာက....(ဖဿပါဘုရား)။

ကြော်....ဒါ ဖဿကို ဖဿလို ဘဲ မှတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး....(မှန်ပါ)ဖဿကို....(ဖဿလို့ မှတ်ပါ) ပုဂ္ဂိုလ်သတ္တဝါ ....(မဟုတ်ပါဘုရား)။

ဒါကို သေသေချာချာ မှတ်ထားတော့မှ ကြော်...ဒါပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ သဘောပါသား၊ ငါ-ငါ့ဥစ္စာလို့ ဆိုစရာမရှိပါလားဆိုတော့မှ အသိနဲ့ ပြုတ်တဲ့ သက္ကာယဒိဋ္ဌိ....( မှန်ပါဘုရား )။

အသိနဲ့ ပြုတ်တဲ့....(သက္ကာယဒိဋ္ဌိပါ) အပြုတ်က သုံးမျိုးရှိတယ်၊ အသိနဲ့ ပြုတ်ခြင်း၊ အပွါးနဲ့ ပြုတ်ခြင်း၊ အပယ်နဲ့ ပြုတ်ခြင်း....(မှန်ပါ) သက္ကာယဒိဋ္ဌိ အပြုတ် ဘယ်နှစ်မျိုးရှိပါလိမ့် ....(သုံးမျိုးပါဘုရား)။

သုံးမျိုးရှိတယ်ဆိုတာ မှတ်ထားတော့မှ ကြော်....ဒါက အသိနဲ့ ပြုတ်အောင် ဆရာက ပြနေတာ၊ အလယ်ပိုင်းလောက်ကျတော့ အပွါးနဲ့ ပြုတ်အောင် ပြလိမ့်မယ်....(မှန်ပါ) နောက်ဆုံးပိုင်းကျတော့ အပယ်နဲ့ ပြုတ်အောင် ပြတော့မှ တကာတကာမတို့ ခင်ဗျားတို့က ကြိုးစားလို့ ရှိယင် ခင်ဗျားတို့ ဝမ်းထဲရှိသည့် ရေမျိုးစေ့ ဒိဋ္ဌာနုသယဆိုတဲ့ ဥစ္စာသည် တကာတကာမတို့သန္တာန်၌ ရှင်းလင်းသွားမှသာလျှင် ပဋ္ဌမ သောတာပန်အဖြစ်သို့ ရောက်ပြီးသကာလ အပါယ်လေးပါးနဲ့ အိုးစား ကွဲရတော့မယ်လို့ အောက်မေ့ပါ....(မှန်ပါ)။

ဒီအတိုင်း ဘုန်းကြီးတို့ တကာတကာမတွေက ရိုးရာအတိုင်းသာ နေပြီး ကိုယ့်သန္တာန်ပေါ်တဲ့ ဖဿဖြစ်တာကိုလဲ ဖဿ ဖြစ်တယ်လို့ မသိ....( မှန်ပါ )ထိုကဲ့သို့ မသိတဲ့အခါကျလို့ ရှိယင်

ဝေဒနာ ဖြစ်တာကိုလဲ သူသိတော့မှာ မဟုတ်တော့ဘူး....(မှန်ပါ ဘုရား)။

မသိတော့ ဒီပုဂ္ဂိုလ်ဟာ ငါနဲ့ အသည်နဲ့ တွေ့တယ်၊ဒီအထည် ကလေး ငါ့စိတ်ထဲ တွေ့လိုက်တာ၊ ဒီအထည်ကလေး ဝတ်ရတာ ငါ ကောင်းလိုက်တာဆိုတော့ တွေ့တာလဲငါ၊ ဝတ်တာလဲ-ကောင်းလို့ ဝတ်တယ်ဆိုတော့ ငါကောင်းလို့ ဝတ်တာဘဲ ဆို လို့ ရှိယင်ဖြင့် ဝေဒနာကို ငါစွဲ–စွဲနေတယ်....(မှန်ပါ)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အထည် ဝတ် တာလား၊ ငရဲမျိုးစေ့ ရှာတာလား မေးယင် ဘယ့်နှယ် ဖြေကြ မလဲ....(ငရဲမျိုးစေ့ရှာတာပါဘုရား)။

ဒါ ကြပ်ကြပ်စဉ်းစားပါ တကာတကာမတို့ အရင်းထားပြီး ပြောနေတယ် အောက်မေ့ပါနော်....(မှန်ပါ)လိုရင်းကို ပြောရ သည် ဖြစ်လေသောကြောင့် ပုဂ္ဂိုလ်သတ္တဝါမငဲ့နိုင်တော့ဘူး.... (မှန်ပါ) ခင်ဗျားတို့ အကျိုးပြီးဘို့ ဘုန်းကြီးတို့ အမှန်တရား ဆိုက်ဘို့ ဒါနှစ်ခုကိုသာ အဓိကထားပါတယ်.... (မှန်ပါဘုရား)။

ကဲ... ဒါဖြင့် အထည်ကလေးနဲ့ ကိုယ်နဲ့ တွေ့တာက ဘာပါ လိမ့်....(ဖဿပါဘုရား)။

ဩော် .... ဒါ အထည်ကလေးနဲ့ ကိုယ်နဲ့ ထိမှုကလေးဟာ ဖဿပါလားလို့ တကာတကာမတွေက ဝတ်တိုင်း- ဝတ်တိုင်း အောက်မေ့ပါ–(မှန်ပါဘုရား)။

ဝတ်ပြီးသည်၏ အခြားမဲ့၌တခါ တကာတကာမတွေက ဒီအထည်ကလေး ဝတ်ရတာ ကောင်းလိုက်တာလို့ ဆိုလို့ရှိယင် ဘယ်သူဆိုကြပါမတုံး....(ဝေဒနာပါဘုရား)။

အင်း... ဝေဒနာကကောင်းတာ၊ ပုဂ္ဂိုလ်သတ္တဝါ မပါ-ပါဘူး (မှန်ပါ)ဒီလိုသိတော့မှ သက္ကာယဒိဋ္ဌိသည် အသိနဲ့ပြုတ်ပါတယ်- (မှန်ပါ)ဘယ်လိုပါလိမ့်....(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒါမပြုတ်မှာ ဘုန်းကြီးက သိပ်စိုးရိမ်တယ်....(မှန်ပါဘုရား) ဘုန်းကြီးတို့ တကာတကာမတွေ ဒါမပြုတ်ဘဲနဲ့ ခုနင်က ဒါန, သီလ, သမထ, ဝိပဿနာလုပ်ယင် နိဗ္ဗာန် မရပါဘူးဆိုထားတယ်.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတော့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတာ .... ( မှန်ပါ ) ကိလေသာအပူဓါတ် အလောင်ဓါတ်တွေ ငြိမ်းသတ်ရာအရပ် ဆိုတာလဲ မှန်ပါတယ် .... ( မှန်ပါ )ဒုက္ခခပ်သိမ်း ကင်းငြိမ်းတာ ဆိုယင်ကော....(မှန်ပါတယ်ဘုရား)မှန်ပါတယ်တဲ့။

ဝတ်လို့ကောင်းလိုက်တာ ဒီအထည်ကလေးသည် ဆိုတော့ ဘာပါလိမ့်....( ဝေဒနာပါ )ကောင်းလို့လဲ ကျုပ်ကြိုက်တာဘဲ ဆိုတော့ ဘာပါလိမ့်....(တဏှာပါ)ဒါဘဲ၊ တဏှာကိုတဏှာလို့ ဘဲသိ....(မှန်ပါ) ငါ မရောစေနဲ့....(မှန်ပါဘုရား)။

ငါကြိုက်တယ်, ငါနှစ်သက်တယ်ဆိုတဲ့ အပြောတော့ရောချင် ရော၊ သဘောမရောစေနဲ့....( မှန်ပါ )ရှင်းပြီနော်... (ရှင်းပါပြီ ဘုရား)။

ကောင်းလို့ကြိုက်တယ်၊ ကြိုက်လို့ဘဲ ပိုမိုနှစ်သက်တယ် ဆို တော့ ဘာဖြစ်ပြန်ပါလိမ့်....(ဥပါဒါန်ပါဘုရား)။

ဥပါဒါန်ဖြစ်တယ်ဆိုတာ တကာတကာမတို့ အထည်ကလေး ဝတ်လိုက်တာ အခု တစ်,နှစ်,သုံး,လေး၊ ခင်ဗျားတို့ လေးခုသော ဓမ္မပေါ်ပြီ....(မှန်ပါဘုရား)။

တစ်ချုပ်ပြီး နှစ်ပေါ်တယ်နော်...(မှန်ပါ) နှစ်ချုပ်ပြီးတော့ ( သုံးပေါ်ပါတယ် ) သုံးချုပ်ပြီးတော့ .... (လေးပေါ်ပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအထည်ကလေး ငါအလွန်နှစ်သက်တယ် ဆိုလို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိ ပါနေတယ်....( ပါနေပါတယ် ) ဒါ ဥပါဒါန်ပေါ်တာ ပါလားလို့ အောက်မေ့လိုက်ကြပါ.... (မှန်ပါဘုရား)။

ဘယ်လိုအောက်မေ့ရမလဲ .... (ဥပါဒါန် ပေါ်တာပါလား လို့ အောက်မေ့ရပါမယ်)ဒါတွေ နားမလည်ဘဲနဲ့ ဝိပဿနာရှု နေလို့ရှိယင် အကျိုးမများတဲ့ ဝိပဿနာလို့မှတ်လိုက်ပါ(မှန်ပါ) အကျိုးမများတဲ့ဝိပဿနာလို့သာ မှတ်လိုက်ကြပါတော့(မှန်ပါ) သူအနှစ်စွဲရှုနေတာ အကျိုးမများတဲ့ အနိစ္စဘဲ....(မှန်ပါဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တခုတခုပေါ် တာမှ မသိဘဲနဲ့ အကျိုးမများတဲ့အနိစ္စသာ ဖြစ်တယ်၊ ဉာဏ်အမြင် အနိစ္စမဖြစ်ပါဘူး....(မှန်ပါဘုရား)။

ဒါကြောင့် ကြိုးစားပြီးသကာလ ခင်ဗျားတို့ နာစေချင်တယ် ( မှန်ပါ ) နာပြီးသည်၏ အခြားမဲ့၌ မှတ်မိစေချင်တယ် .... (မှန်ပါ) မှတ်မိပြီးသည်၏ အခြားမဲ့၌ ဒါကလေးဖြစ်ပျက်ကို မြင်အောင်ကြည့်စေချင်တယ်....(မှန်ပါဘုရား)။

ဒီတခါ ဒီဆရာနဲ့ တွေ့လို့ ဒီတကာ တကာမတွေနဲ့ ဒီလို အကြောင်းညီညွတ်လို့ အပါယ်လေးပါး တံခါးပိတ်ရလို့ ရှိယင် ဖြင့် ခင်ဗျားတို့သည် အင်မတန်ကြီးကျယ်တဲ့ ဆုကြီး လာဘ်ကြီး ရတယ်၊ ပဋ္ဌမနိဗ္ဗာန်ရတာဘဲ....( မှန်ပါ ) ဒီတခါ အလွဲကြီးလွဲ၊

အချော်ကြီး ချော်သွားကြမယ် ဆိုလို့ရှိယင်ဖြင့် အပါယ်ဟာ ဒို့အိမ်လို့ သာမှတ်ထား....(မှန်ပါဘုရား)။

အပါယ်ဟာ ဘယ်လိုမှတ်ကြမယ်....(ဒို့အိမ်လို့ မှတ်ကြရပါမယ်)ဒါကြောင့် "စတ္တာရော အပါယာ သကဂေဟာသဒိသာ" လို့ ဓမ္မပဒအဋ္ဌကထာမှာ ဆိုလိုက်တယ်... ( မှန်ပါ ) စတ္တာရော အပါယာ=အပါယ်လေးဘုံတို့သည်၊ သကဂေဟာသဒိသာ=အမြဲနေရာ မိမိအိမ်ဂေဟာကြီးနဲ့ တူလှပေသတည်း။ဆိုတဲ့ဥစ္စာ တကာ တကာမတို့ ခင်ဗျားတို့ ထမင်းချက်စားလဲ အပါယ်တံခါးက ပွင့်လျက်... (မှန်ပါ)ငါ့လူ လာခဲ့-လာခဲ့နဲ့ စောင့်နေတယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့က ဖိုးလိမ်းပြုပြင်နေပြန်လဲ အပါယ်တံခါးပွင့်ပြီး စောင့်လျက်ဘဲ... (မှန်ပါဘုရား)။

ခင်ဗျားတို့က ဘုရားရှိခိုးပြီး သကာလ နေပြြားသော်လဲ အို....ဘုရားရှိခိုးတာက သုဂတိရောက်မှာ၊ အဲဒီကပြန်ယင် ဒို့ဆီ ရောက်မှာဘဲဆိုပြီး ဖွင့်စောင့်နေတာဘဲ... (မှန်ပါဘုရား)။

ဒါကြောင့် တကာတကာမတွေ ရှေ့ရေး· နောက်ရေးခွဲကြပါ... (မှန်ပါ) ဘာခွဲရမလဲ .... (ရှေ့ရေး·နောက်ရေး ခွဲရပါမယ်ဘုရား)။

ရှေ့ရေးက သက္ကာယဒိဋ္ဌိပြုတ်ရေး....(မှန်ပါ) နောက်ရေးက ကျင့်ရေး, ကြံရေး, လှူရေး, တန်းရေး, ပေးရေး, ကမ်းရေး.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေ့ရေးကဘာပါလိမ့်... (သက္ကာယဒိဋ္ဌိပြုတ်ရေးပါ)နောက်ရေးကမှ လှူရေး,တန်းရေး, ပေးရေး, ကမ်းရေး, ကျင့်ရေးလို့ မှတ်လိုက်တာပေါ့....(မှန်ပါဘုရား)။

သူ့မဖြုတ်ဘဲနဲ့ကျင့်ကြမယ့်ကြံကြမယ်ဆိုလို့ရှိယင် တကာ တကာမတို့ နောက်ဝတ္ထုတွေ ဘုန်းကြီးထုတ်ပြပါမယ်၊အလကား ပါဘဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံးသော တကာတကာမတို့ ဘုန်းကြီးသည် အင်မတန်အရေးကြီးတဲ့ အသုံးအနှုန်းကို အရေးကြီးတဲ့ အချက် အလက်တွေချည့်ဘဲ ပြောပြီးသကာလ နေရတဲ့အတွက် တကာ တကာမတွေက အိမ်ကျလို့ရှိယင် ဇီရတနာတွေဟာ ငါတို့ အပါယ်လေးပါးမှ ကယ်တင်တဲ့ သူတော်ကောင်းရတနာတွေ၊ ငါတို့ ဖျောက်ပစ်လို့ရှိယင် အမဲ့နဲ့ဆင်းရဲသာ အမြတ်ထွက်တော့ မှာဘဲဆိုတာလဲ အောက်မေ့ပါ... (မှန်ပါ့ဘုရား)။

ဖျောက်ပစ်ကြရင် ဘာကျန်ရစ်မယ်ထင်ကြသလဲ.... (အမဲ့နဲ့ ဆင်းရဲသာ ကျန်ပါမယ်ဘုရား)။

အမဲ့ဆိုတာက သူတော်ကောင်း ရတနာတွေ ပျောက်သွား လို့မဲ့ရပါတယ်.... ( မှန်ပါ့ )ဆင်းရဲဆိုတာ ဒီရတနာမပါတော့ အပါယ်လေးပါးသွားပြီး ဆင်းရဲရပါတယ်....(မှန်ပါ့) ခန္ဓာဝန် ထမ်းသမားဖြစ်ပြီး ဆင်းရဲရပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အခုပြောတဲ့ ဖဿပေါ်ယင် ဖဿသိဘို့ အရေး ဟာ တကာတကာမတို့၏ အရေး... (မှန်ပါ့)ဝေဒနာပေါ်ယင်.... ( ဝေဒနာသိဘို့ အရေးပါ ) တဏှာပေါ်ယင်....(တဏှာသိဘို့ အရေးပါ)ရှင်းပြီနော်... ( ရှင်းပါပြီ ) ဥပါဒါန်ပေါ်ယင်.... (ဥပါဒါန်သိဘို့အရေးပါဘုရား)။

အဲဒီတော့ ဒါတွေဟာ အားလုံး တကာတကာမတွေက စဉ်းစားလိုက်တဲ့ အခါကျတော့မှ သြော် .... ဒီဟာတွေဟာ ဘာတွေပါလိမ့်မတုံးလို့ ဆိုတော့ အထည်ဝတ်တိုင်း ဝတ်တိုင်း

ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်... (မှန်ပါ) အထည်ကိုင်တိုင်း-ကိုင်တိုင်းပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်.. (မှန်ပါဘုရား)။

ခင်ဗျားတို့က နှလုံးမသွင်းလဲ သူက ဒီအတိုင်းဖြစ်တာဘဲ.... (မှန်ပါ)ခင်ဗျားတို့က နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဒိဋ္ဌိကွာသွားတာဘဲ... (မှန်ပါ) နှလုံးမသွင်းယင် ဒီအတိုင်းဖြစ်မှာဘဲ (မှန်ပါ)နှလုံးသွင်းတော့ ဘာဖြစ်သွားသတုံး .... (ဒိဋ္ဌိကွာသွားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် "ယောနိသော မနသိကာရ" နှလုံးသွင်းမှု အရေးကြီးတော့တယ်ဆိုတာဖြင့် တကာသစ် သေချာပြီ .. (သေချာပါပြီဘုရား)။

နှလုံးသွင်းတည့်တော့ ဒိဋ္ဌိကွာတယ်....( မှန်ပါ )နှလုံးသွင်းမတည့်တော့.... (ဒိဋ္ဌိမကွာပါဘုရား) ဒိဋ္ဌိမကွာလို့ အပါယ်သွားတယ်(မှန်ပါ)ကိုယ့်အဝတ် ဝတ်တာနဲ့ ကိုယ်အပါယ်သွားတယ်· (မှန်ပါ)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ့်အဝတ် ကိုယ်ဝတ်တာဘဲ၊ ဘယ်သူ့ဟာမှ ခိုးမဝတ်ဘူး (မှန်ပါ)သိသက အပါယ်မချပါဘူး တကာတကာမတို့၊ သိလကကာယကံ့ပစိကံတွင်လုံတာကိုး.... (မှန်ပါ) အခုဟာက မနောကံကနေပြီး အပါယ်သွားတာ....(မှန်ပါ)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဩော် ..ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ခင်ဗျားတို့သိတာနဲ့ ခင်ဗျားတို့သန္တာန်မှာ အပါယ်သွားတဲ့ တရားကရှိနေတာနဲ့ ခင်ဗျားတို့ သိတာကလဲ ကျုပ်ဖြင့် ကျောင်းဆောက်, ဘုရား တည်ပြီးပြီ ဘာကိစ္စ ရှိသတုံး... တဲ့.... ( မှန်လှပါဘုရား ) တကာကြွယ်တို့ကဒါသောက်ဘဲ....(မှန်လှပါ)။

ဆံ့မ်းဦး,ကွမ်းဦးတွေ လှူရပြီ၊ ကျုပ်တို့ဖြင့် သေပျော်ပြီ....တဲ့ (မှန်ပါ) ဩော်.... ငရဲမျိုးစေ့က ဝမ်းထဲပါလျက် သွားနဲ့ သေပျော်ပြီဆိုတော့ ခက်သေးတယ်... (မှန်လှပါဘုရား) မခက်ဘူးလား....(ခက်ပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ပြောရပါတယ်...၊ ခင်ဗျားတို့ တကာကြွယ်တို့, ဦးလှဘူးတို့ တကာသစ်တို့ လှူတာဟာ ဘာမှမဖြစ်လောက်ပါဘူး.... (မှန်လှပါဘုရား) ပသေနဒီကောသလမင်းကြီးနဲ့ မလ္လိကာမိဖုရားကြီးတို့ လှူလိုက်, တန်းလိုက်, ပေးလိုက်, ကမ်းလိုက်တာဟာ ဘုရားတဆူမှာ သူ့ထက် ကြီးကျယ်တဲ့ အလှူမရှိဘူး....တဲ့.... (မှန်ပါ့ဘုရား) ရှိရဲ့လား.... ( မရှိပါဘုရား)။

'အသဒိသဒါန' တဲ့၊ အသဒိသ-ဆိုတာ သူတပါးနဲ့ မတူအောင်ကို လှူနိုင်တယ် .. (မှန်လှပါဘုရား)။

ဘုရားတဆူတဆူအတွင်းမှာ သူလိုလူဟာ သူတယောက်ဘဲ ပေါ်ရမယ်... (မှန်ပါ့) ဒါလောက်တောင် ကြီးကျယ်ခမ်းနားတဲ့ အလှူရှင်မကြီး သေတော့ အဝီစိရောက်ရသေးတယ်.... (မှန်ပါ့) မလ္လိကာမိဖုရားကြီး ခုနစ်ရက်ရောက်တယ်.... (မှန်လှပါဘုရား) သက္ကာယဒိဋ္ဌိမပြုတ်တော့ အာသန္နကံက ဝင်ချတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် သေပျော်ပြီလို့ ပြောတဲ့ပုဂ္ဂိုလ်များ မသိလို့ ပြောတာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) သေပျော်ပြီ—လို့ ပြောတဲ့ပုဂ္ဂိုလ်များ....(မသိလို့ပြောတာပါဘုရား)။

အဲဒါ တကာတကာမတွေက အခု အရင်းထားပြီး ပြော တော့မှ ငြောဲ....ဟုတ်သားဘဲ မလ္လိကာမိဖုရားကြီးဟာ အသဒိသဒါန အလှူကြီး ဘုရားတဆူမှာ ဒီအလှူဟာ အကြီးဆုံး ဆိုပြီးလှူတယ်၊ သေခါနီးမှာ အာသန္နကံ ဝင်ပြီး ဖျက်ဆီးလိုက်တဲ့ ဖြစ်ခြင်းဟာ အလှူက မကယ်နိုင်ဘဲနဲ့ အဝီစိရောက်သွားတယ်- (မှန်ပါဘုရား) နာလိုက်တဲ့ဖြစ်ခြင်း တကာတကာမတို့....(နာပါ တယ်ဘုရား)။

ဟ....ဘာယ့်နှယ်ကြောင့် ကျသွားပါလိမ့်၊ ဒီအလှူ့ရှင်ကြီး လို့ ဆိုတော့မှ သက္ကာယဒိဋ္ဌိက ချလိုက်တာ.... (မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီ)။

ဘယ်သူက ချပါလိမ့်... (သက္ကာယဒိဋ္ဌိက ချပါတယ်ဘုရား)

ကိုင်း .. တကာတကာမတွေ ရှေ့နောက်လွဲလို့မှတ်-(မှန်ပါ) ရှေ့ထားရမှာ ရှေ့မထား....(မှန်ပါ) နောက်ထားရမှာ နောက် ထား....(မှန်ပါ)။

ဒိဋ္ဌိဖြုတ်တာကို ရှေ့ထား.... (မှန်ပါ) လှူမှု တန်းမှု ပေးမှု ကမ်းမှု အားထုတ်မှုကို....(နောက်ထားရပါမယ်ဘုရား)။

အဲဒါကြောင့် အသိဉာဏ်ရှေ့ထားမှ အလုပ်က နောက်က မှန်ပါတယ်... (မှန်ပါ) အသိဉာဏ်ရှေ့မထားဘဲနဲ့ အလုပ်က ရှေ့ထားနေမယ်ဆိုယင်ဖြင့် ဒီအလုပ်သည် အားလုံး တကာသစ် ... တကာတကာမတို့ မှတ်ကြပါ အလွဲနဲ့ အချောင်ချည်းမှတ်.... (မှန်လှပါဘုရား)။

အဲဒီတော့ အခု ဘုန်းကြီးပြောနေတာ ဘာပါလိမ့်မလဲလို့ ...န်းကြီးတို့ တကာတကာမတွေက မသိလို့ မေးကြတဲ့အခါ ...င်ပေးနေတာလို့မှတ်ပါ....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (ပြင်ပေးနေတာပါဘုရား) ပြင်ပေးနေတာ ပြင်ပေးနေတာခနော် -- (မှန်ပါ့)။

ခင်ဗျားတို့ကို ဒီလို ဆရာကောင်း သမားကောင်းကမှ ပြင်မပေးတော့ဘူးဆိုယင်ဖြင့် ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြီး သေပျော်ပြီ ပြောနေမှာဘဲ... (မှန်ပါ့) မပြောပေဘူးလား.... ( ပြောပါတယ်ဘုရား ) အင်မတန် ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒီအထည်ကလေးဝတ်တာ ကြည့်ပါလား၊ ဖဿဆိုတာ ဖဿလဲ ငါ-ဒီအထည်ကလေး တယ်တွေ့တယ်ဟေ့၊ ငါဘဲ ရောနေတာဘဲ..(မှန်ပါ့) ဒါကလေး တယ်ကောင်းတယ်ဟေ့၊ ဘာရောနေသလဲ.... ( ငါရောနေပါတယ်ဘုရား) ငါရောနေတာဘဲ ဝေဒနာထဲမှာ ... (မှန်ပါ့) မရောဘူးလား... (ရောပါတယ်ဘုရား)။

ငါကြိုက်တယ်ဟေ့-ဆိုတာ ငါနဲ့ တဏှာနဲ့ ရောနေတယ်...၊ ငါ သိပ်ကြိုက်တာဘဲဆိုတော့... (ဥပါဒါန်ပါဘုရား) ငါ-မဝတ်ရ မနေနိုင်ဘူး၊ ကဲ...ငါ့ဟာငါ ဝယ်ဝတ်မယ်ဆိုတော့ ဘာဖြစ်သွားသလဲ... (ကံမြောက် သွားပါတယ်ဘုရား) ကံမဖြစ်သေးဘူးလား တကာသစ်... (ဖြစ်သွားပါတယ်ဘုရား)။

ကဲ... ဒီကံဟာ ဘယ်သွားမတုံးလို့ မေးကြတာပေါ့၊ ဒီကံဟာ ဘယ်အကျိုးပေးမတုံး မေးကြတာပေါ့....(မှန်ပါ့)သူ့အထက်က အရှင်သခင်တွေ ကြည့်တာပေါ့... (မှန်ပါ့) တဏှာ ဥပါဒါန် အုပ်ချုပ်တဲ့ကံ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... ( တဏှာ ဥပါဒါန် အုပ်ချုပ်တဲ့ ကံပါဘုရား)။

ကဲ....ဒီကြားထဲ စုတိဆိုတာကလေး သေကြစို့ဆိုတော့နော် (မှန်ပါ့) စုတိ....၊ သေပြီ ဒီဘဝမှာ ဆိုပါတော့....(မှန်ပါ့)မသေ သေးယင် ဒါ ပြန်လှည့်မှာဘဲ....(မှန်ပါ့) သေလို့ရှိယင် ဒီနေရာ စုတိလာပြီ၊ ဟော....အပါယ်ပဋိသန္ဓေ....(မှန်ပါ့) အပါယ်ခန္ဓာ ငါးပါးပေါ်လာတယ်.... (မှန်ပါ့) အဝတ်ဝတ်လိုက်တယ်.... (မှန်ပါ့)။

အဝတ်ဝတ်တာကို တကာတကာမတို့ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ ဝတ်လိုက်တာနဲ့ကမ္မဘဝပစ္စယာ ဇာတိ...(မှန်ပါ့)အပါယ် လေးပါး ဇာတိလာတယ်....(မှန်ပါ့) တကာကြွယ် ရိပ်မိပလား-( ရိပ်မိပါပြီဘုရား )။

ခင်ဗျားတို့ ဒီလိုမသိဘဲနဲ့ဝတ်တဲ့ ပိုးလုံ ချည်- ချည်လုံ ချည်ပေါင်း တကာကြွယ် ဘယ်လောက် ကုန်သွားသလဲ- (မရေ တွက်နိုင်ပါဘုရား)။

ဩော်....ခင်ဗျားသည်ကား အပါယ်သွားဘို့ ဝတ်တတ်သား ကဲ.... (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား... ( ဆိုထိုက်ပါတယ် ဘုရား) ဥာဏ်နဲ့ နားထောင်ကြနော်....(မှန်ပါ့)။

ဒီက ရှေ့ဘောဖြင့် ဒီလိုမဟုတ်ဘဲနဲ့ ဩော်... အထည် ကလေးနဲ့ ကိုယ်နဲ့တွေ့တာ ထိခိုက်တာဟာ ဖဿ.... (မှန်ပါ့) ကောင်းတယ်ဆိုးတယ်ပြောတာက...(ဝေဒနာပါဘုရား) ကြိုက် တယ်နှစ်သက်တယ် ပြောတာက ... (တဏှာပါဘုရား) စွဲသမ်း ကယ် မခွဲနိုင်ဘူးပြောတာက ...(ဥပါဒါန်ပါဘုရား) အားထုတ် တာက.... ( ကံပါဘုရား ) သဘောကျပလား.... ( ကျပါပြီ ဘုရား)။

ဒါတွေ ပေါ်တိုင်း ပေါ်တိုင်း တကာ တကာမတွေက နောက်ကနေပြီးသကာလ ဟောဒီဖဿပေါ်လဲ ဖဿရယ်လို့ သိပေးရမယ်....(မှန်ပါ့ဘုရား) ဪ....ဖဿ၏ အလုပ်ပါလား၊ သဘောကျပလား ... (ကျပါပြီ) ဝေဒနာပေါ်ပြန်လဲ ဘယ့်နှယ် သိရမလဲ....(ဝေဒနာ၏အလုပ်ပါလား) အသိကလေးက နောက် က လိုက်လိုက်ပေးရမယ်....(မှန်ပါ)။

အသိကလေးက နောက်က လိုက်လိုက်ပေးတော့ ဖဿကလဲ ဖြစ်ပျက်၊ ဝေဒနာကကော ... (ဖြစ်ပျက်ပါဘုရား) အသိကလေး က မဂ်ချည်း သွားဖြစ်တယ်....(မှန်ပါ)။

ဒီမဂ်သည် တကာတကာမတို့ ဒီကိလေသာ မဖြတ်ဘူးလား- (ဖြတ်ပါတယ်ဘုရား) ဒီကံတွေကော.... (ဖြတ်ပါတယ်ဘုရား) ဒီအပါယ်လေးပါးကော....(ဖြတ်ပါတယ်ဘုရား)။

ဪ... ဒါသည် ဖြစ်ပျက်ဆိုတော့ ငါမဟုတ်· ငါ့ဥစ္စာ မဟုတ်လို့ ဖြစ်ပြီးပျက်တာဘဲ.... (မှန်လှပါဘုရား) ငါမဟုတ် ငါ့ဥစ္စာမဟုတ်လို့ ဖြစ်ပြီး ပျက်တာဘဲ... လို့ မဂ်က သိလိုက်တဲ့ အခါကျတော့ ဒီဖြစ်ပျက်ထဲမှာ ဖြစ်ပျက်သာရှိတော့ ငါရှိသေး သလား ...(မရှိပါဘုရား)။

အဲဒီ သက္ကာယဒိဋ္ဌိကို ဘယ်သူက ဖြုတ်ပစ်ပါလိမ့်မတုံး မေး တော့ ပဌမပေါ်တာ ပေါ်မှန်းသိတာက သိပြုတ်.... (မှန်ပါ ဘုရား ) ပေါ်တာ ပေါ်တာမှန်းသိတာက.... ( သိပြုတ်ပါ ဘုရား)။

နောက်ကျတော့ သူကလေး ရှုလိုက်တယ်....၊ ပေါ်တဲ့ ဖဿ ပေါ်တဲ့ ဝေဒနာကလေးကို ဖြစ်ပြီး ပျက်တာဘဲ .... အနိစ္စ

သဘောကလေးဘဲလို့ ဉာဏ်က ရှုလိုက်ပြန်တော့ ဒါ ပွားပြုတ်လို့ မှတ်ပါ...(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ ဘုရား)။

ဉာဏ်နဲ့ ရှုလိုက်တော့ (ပွားပြုတ်ပါ) ပဋ္ဌမတုန်းက တန်းပြတုန်းကတော့ သိပြုတ်....(မှန်ပါ့)နောက် တခုဘခု ဖြစ်ပျက်မြင်အောင် ရှုတော့....(ပွားပြုတ်ပါဘုရား)။

သေသေချာချာမှတ်ပါ တကာတကာမတို့၊ ဘုရားတဆူတဆူမှ တခါ ပေါ်ပြီးသကာလ သဏ္ဍာယ တခါ ဖြုတ်နိုင်တာပါ....(မှန်ပါ့) ပစ္စေကဗုဒ္ဓါအရှင်များမှာ သူတို့ဟာ သူတို့သာ ဖြုတ်တတ်တယ်၊ သူများကို ဖြုတ်နည်း မဟောတတ်ပါဘူး .. (မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ယခု ဘုရားသာသနာရှိလို့ ဘုန်းကြီးတို့က ဆက်လက်ပြီး သူ့ ဓမ္မက္ခန္ဓာတွေ ကြည့်ပြီး ပြောနိုင်တာပါ...(မှန်ပါ့ဘုရား)အခု ဖြုတ်နည်း နိဿယည်းကို ဘုန်းကြီးတို့လဲ သေမယ်၊ အားလုံးလဲ ကွယ်တော့မယ် ဆိုလို့ ရှိယင်ဖြင့် လူဖြစ်လာတာ အလည်လာတာ၊ ဒီက ဘယ်သွားမှာတုံး .... အပါယ်သွားမှာ (မှန်ပါ့)ဒီလိုချည့် ဖြစ်ကြတော့မယ်....(မှန်ပါ့)။

အဲဒါကြောင့် ဒီအချိန် ဒီအခွင့် ဒီအရေးကလေးကို ဘုန်းကြီးများကတော့ဖြင့် ခင်ဗျားတို့ မအားမလပ်ဘာတော့ဖြင့် ခင်ဗျားတို့ ဆင်ခြေနဲ့ ခင်ဗျားတို့ အပါယ်သွားမှာဘဲ....( မှန်ပါ့ )ကြိုးတော့ ကြိုးစားမှ ကိုယ့်အပါယ်လေးပါး လွတ်ပြီးသကာလ နေရာ ကျကြမယ် ... (မှန်ပါ့)။

ဒါ့ကြောင့် ဒီတရားပွဲမှာ ပဋ္ဌမ နိဗ္ဗာန် ရောက်အောင်ဖြင့် ငါတို့ နာလဲ နာမယ်၊ ကျင့်လဲ ကျင့်မယ်၊ ကြိုးလဲ ကြိုးစားမယ် ဆိုတာဖြင့် အားခဲထားလိုက်တာပေါ့....(မှန်ပါ့)။

ပဌမ နိဗ္ဗာန်ရယင် အပါယ်လေးပါး လွတ်တာဘဲ· (မှန်ပါ) နို့.. ဒုတိယနိဗ္ဗာန်, တတိယနိဗ္ဗာန်, စတုတ္ထနိဗ္ဗာန်တော့ ဘယ်လို တုံးဘုရား ၊ အို ..ပဌမ နိဗ္ဗာန် ရပြီးသား ပုဂ္ဂိုလ်သည် တကာ တကာမတို့ ဘုန်းကြီးက အိပ်နေဆိုတာတောင် ဒုတိယနိဗ္ဗာန်ရဘို့ အလုပ်ကို ဖြစ်ပျက် သူ ဆက်ရှုဘာဘဲ....(မှန်ပါ) မရှုပါနဲ့ဆိုလို့ တားလို့ ရသေးရဲ့လား....(မရပါ) သဘောပါပလား... (ပါပါ ပြီဘုရား)။

အဲဒါကြောင့် ပဌမနိဗ္ဗာန်ဟာ အရေးအကြီးဆုံး....(မှန်ပါ) ဘယ်လို မှတ်ကြမယ် .... (ပဌမနိဗ္ဗာန်ဟာ အရေးအကြီးဆုံးပါ ဘုရား)။

ဒီနေ့ ပဌမနိဗ္ဗာန်ရောက်အောင် ဟောမယ်... (မှန်ပါ)တကာ တကာမတို့ ကြားကြွင်ဂရုစိုက်ပြီး သြော် ပဌမနိဗ္ဗာန် ရောက်ဘို့ ဟာ ဒီနေ့ ဝမယ်တဲ့လို့ ဆိုသဖြင့် ငါတို့သည်ကားလို့ ဆိုယင် နိဗ္ဗာန် အဲဒါကြီးလားမှတ်တယ် ယနေ့ မြင်ရမှာပါလားဆိုတာ ပေါ်လာလိမ့်မယ် (မှန်ပါ)။

တကယ်လို့ အခု တရားဟောတဲ့နည်းက နည်းသားပေးသွား လို့ ဒီယင်ဖြင့် အိမ်မှာ အားထုတ်လို့ ရှိယင်လဲ ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ် နေ့ချင်းနဲ့ မြင်ပါလိမ့်မယ်....( မှန်ပါ ) ဉာဏ်လေးတဲ့ ပုဂ္ဂိုလ်တော့ ပြောရာ မရှိဘူးပေါ့ဗျာ၊ သူ့ဉာဏ်နဲ့လိုက်ပြီး မြင် ရမယ်.. (မှန်ပါ)။

နိဗ္ဗာန် ဝေးသလား၊ နီးသလားလို့ မေးယင် တကာကြွယ် မေးယင် ဘယ့်နှယ်ဆိုပါ့မလဲ....( နီးပါတယ်ဘုရား )နီးတယ်။

နီးတာက ဘယ့်နှယ်ကြောင့် နီးပါလိမ့်မတုံးလို့ မေးတဲ့အခါ နိဗ္ဗာန် တခြားမှာ ရှိသလား....ခန္ဓာ၏ ဖြစ်ပျက်အဆုံးမှာ ရှိသလား....(ခန္ဓာ၏ ဖြစ်ပျက်အဆုံးမှာ ရှိပါတယ်ဘုရား)။

ခန္ဓာက ခင်ဗျားတို့ အတောင်နဲ့ ခင်ဗျားတို့ အတောင် တိုင်းကြည့်ပါ လေးတောင်ဘဲ ရှိမယ်- (မှန်ပါ့) အဲဒီ့လေးတောင် ခန္ဓာကိုယ်ထဲမှာ ဖြစ်မှု ပျက်မှုကလေးတွေ ဆုံးသွားလို့ရှိယင် လေးတောင်အဆုံးမှာ နိဗ္ဗာန်ရှိဘယ်..(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်အဆုံးမှာတုံး...( လေးတောင်အဆုံးမှာပါ ) ဒါဖြင့် ကိုယ့်အနားတွင် ကပ်နေတယ်....( ကပ်နေပါတယ် ) တကာ တကာမတို့ နိဗ္ဗာန် ဘယ်နားနေပါလိမ့် .... (ကိုယ့်အနားတွင် ကပ်နေပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်အဝေးကြီးလို့ ပြောဆိုကြတဲ့ ရှေးအမူအရာ ရှေးထုံးတွေဟာဖြင့် မင်းတို့နဲ့ နိဗ္ဗာန်နဲ့ ဝေးပါသေးတယ်ကွာ-- (မှန်ပါ့)ခန္ဓာအဆုံးမှာ ရှိမှန်း မသိဘူး....(မသိပါဘုရား)။

ခန္ဓာအဆုံး ရှိမှန်းမသိတော့ တကာကြွယ်တို့က ကိုယ်ကလဲ ဘာမှ မပါတော့ နိဗ္ဗာန်ဆိုတာ အဝေးကြီးတဲ့ဟေ့....၊ တစတစ လုပ်ရဘာဘဲ....(မှန်ပါ့)။

နဂိုရ်ကမှ တကာတကာမတို့က တစတစ လုပ်ချင်ရတဲ့အထဲမှာ တစတစ အားပေးတဲ့ လူနဲ့ဆိုတော့ ကြာတော့ ဒီ တစဘစ တောင် ကွယ်သွားတယ်..(မှန်ပါ့) လုပ်ကို မလုပ်တော့ဘူး.... (မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်မှာ ရှိပါလိမ့်....(ခန္ဓာအဆုံးမှာ ရှိပါတယ်) လေးတောင်ရှိတဲ့ ခန္ဓာအဆုံးမှာ ရှိတယ်....(မှန်ပါ) လေးတောင်ရှိတဲ့....(ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိပါတယ်ဘုရား)။

ကိုယ့်လက်မောင်းနဲ့ ကိုယ့်တတောင်နဲ့သာ တောင်တိုင်၊ ကြည့်ပါ တကာတကာမတို့ ဘာသုံးယင် တွေ့ရမလဲ.... (ခန္ဓာဆုံးယင် တွေ့ရပါမယ်ဘုရား) ခန္ဓာဆုံးနည်း နိဿယည်းကိုလဲ ဘုန်းကြီးက ပေးပါမယ် ( မှန်ပါ ) ရှင်းပလား..(ရှင်းပါပြီဘုရား)။

အဲဒါလောက် ခင်ဗျားတို့ ခေတ်မှာဖြင့် အင်မတန် ကျေးဇူးများတဲ့ ကယ်ယူပို့ဆောင်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့တဲ့အထဲမှာ အလွဲအချော်ကြီးတော့ ခင်ဗျားတို့က လက်မခံနဲ့....(မှန်ပါ)။

လက်မခံကြနဲ့ ဒီဥစ္စာဖြင့် အရေယူတော့မယ်....(မှန်ပါ)ရှေးက နိဗ္ဗာန်ဝေးတယ် ပြောတယ်၊ အခုအခါ သံယုတ်ပါဠိတော် ဘုန်းကြီး သေသေချာချာကြည့်တယ်၊ နိဗ္ဗာန်ဟာကွာ တဲ့....ခန္ဓာအဆုံးမှာ ရှိတာပါဘဲတဲ့....(မှန်ပါ)။ *

တလံမျှလောက်သော ခန္ဓာဆုံးလို့ တလံမျှလောက်သော ခန္ဓာဟာ ဖြစ်ပျက်ဘဲ....(မှန်ပါ)အဲဒီ ဖြစ်ပျက်တွေဟာ အကုန်ဆုံးသွားလို့ရှိယင် ဒီ တလံမျှအဆုံးမှာ နိဗ္ဗာန်ရှိပါတယ် ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာကြွယ်ရေ ယနေ့သည်ကားလို့ဆိုယင် သက္ကာယဒိဋ္ဌိပြုတ်တာနဲ့ နိဗ္ဗာန်ရောက်ရမယ်....(မှန်ပါ) ဒါဖြင့် ပဌမနိဗ္ဗာန် လိုချင်လို့ရှိယင် သက္ကာယဒိဋ္ဌိ ပြုတ်ယင်

---

* ရောဟိတဿသုတ်, သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။

ရပါတယ်....(မှန်ပါ့)သေသေချာချာ မှတ်ပါ ဒီတလုံး....(မှန်ပါ ဘုရား)။

ပဌမနိဗ္ဗာန် လိုချင်ယင်....(သက္ကာယဒိဋ္ဌိ ပြုတ်ရပါမယ်) သူ ပြုတ်ယင် ရတာဘဲ....(မှန်ပါ့)ပဌမနိဗ္ဗာန်လိုချင်ယင်....(သက္ကာယ ဒိဋ္ဌိပြုတ်ယင် ရပါတယ်ဘုရား)။

ခင်ဗျားတို့ ရထားထဲ့ ပရိတ်ကြီးကို တကာကြွယ် ရွတ်ကြည့် "သဟာဝဿ ဒဿန သမ္ပဒါယ၊ တယဿုဓမ္မာဇဟိတာ ဘဝန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဥ္စ"လို့... မလာဘူးလား....(လာပါတယ် ဘုရား)။

အဲ... ပဌမနိဗ္ဗာန်သည်တဲ့....သောတာပတ္တိမဂ် မြင်တဲ့ နိဗ္ဗာန်.... ဒီနိဗ္ဗာန် မြင်လို့ရှိယင် အပါယ်လေးပါး တံခါးပိတ်တယ်လို့ "စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော"၊ အပါယ်လေးပါးမှ လွတ် တယ်ကွတဲ့....(မှန်ပါ့)။

အဲဒါ ဒိဋ္ဌိခွါလိုက်ဘာနဲ့ ဘယ့်နှယ် ဖြစ်သွားသတုံး .... (အပါယ်လေးပါးတံခါးပိတ်ပါတယ်)ဒါဖြင့် ပဌမနိဗ္ဗာန် လိုချင် ယင် ဘာခွါရမတုံး .. (ဒိဋ္ဌိခွါရပါမယ်) ရှင်းကြပလား....(ရှင်း ပါပြီဘုရား)။

ဩော်... တကာတကာမတို့ ခင်ဗျားတို့ အချိန်ကောင်း၊ အခါ ကောင်း၊ အခွင့်ကောင်းမှာ အမွေးကောင်း ယခုအချိန်မှာ ဒီ.... ဆရာသမားကောင်းတွေနဲ့ လူလားမြောက်တဲ့ အချိန် တွေ့ရတာ ဖြင့် အတော်ထူးတဲ့ ပုဂ္ဂိုလ်တွေဘဲ....(မှန်ပါ့)။

မထူးကြဘူးလား....(ထူးပါတယ်ဘုရား) အင်မတန် ထူးတယ် လို့ ကိုယ့်ကိုယ် ကိုယ်ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

အဲဒီ ကံကတော့ ထူးပါရဲ့၊ ဉာဏ်က မထူးယင်တော့ မရဘူး....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကံနဲ့ နိဗ္ဗာန်မရောက်နိုင်ဘဲကိုး....(မှန်လှပါ) ဘာနဲ့မှ နိဗ္ဗာန်ရောက်မတုံး....(ဉာဏ်နဲ့မှ နိဗ္ဗာန်ရောက်ပါမယ်ဘုရား)။

အဲဒီတော့ ကံထူးသလောက် ဉာဏ်ရူးတော့ မဖြစ်စေဘဲနဲ့ သေသေချာချာနာပါ....(မှန်လှပါ)။

သေသေချာချာနာ၊ သေသေချာချာ ဉာဏ်ကောင်းနဲ့ ထိုးထွင်း ဖောက်ပြီးသကာလ ကြည့်လိုက်ယင်ဖြင့် မရ,မရှိဘူး....(မှန်ပါ) သဘောပါကြပလား....(ပါ,ပါပြီဘုရား)။

အဲဒီတော့ ကံထူးသလောက် ဉာဏ်ထူးတဲ့ ပုဂ္ဂိုလ်လုပ်တာဒို့ အရွယ်ကြီးတဲ့ပုဂ္ဂိုလ်မှ ဘုန်းကြီးတို့ဆီ ရောက်လာတာ နားက လေး,ခါးကကိုင်းနဲ့ အထိုင်ကလဲ မထိုင်နိုင်ဆိုတော့ ကံမှ, ဉာဏ်မှမှ ရောက်လာတော့ မတတ်နိုင်တော့ဘူး.... (မှန်လှပါ) အင်မတန် ကြောက်စရာ ကောင်းတယ်.... ( ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် အခု တရားနာလာကြတဲ့ တကာတကာမတွေ ကံကောင်း ဉာဏ်ကောင်း အချိန်မှာ သွားကြိုတယ်.... ( မှန်ပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (ကံကောင်း ဉာဏ်ကောင်း အချိန်မှာ သွားကြိုပါတယ်ဘုရား)။

ကံကောင်း ဉာဏ်ကောင်းအချိန် ငါးဆယ်, ငါးဆယ်ကျော် ကံကောင်းတုန်း ဉာဏ်ကောင်းတုန်းဘဲ-(မှန်လှပါ)ခြောက်ဆယ်ကျော်သွားယင် တယ်မဟုတ်တော့ဘူးနော်....(မှန်ပါဘုရား)။

ဒါ့ကြောင့် ဒီကံကောင်း ဥာဏ်ကောင်းတွေကို ခင်ဗျားတို့ တဏှာခိုင်းလို့ မကုန်ပါစေနဲ့.... (မှန်ပါ့) ဥာဏ်ခိုင်းလို့ သာ ကုန်ပါစေ....(မှန်ပါ့ဘုရား)။

ကုန်တော့.... ဥာဏ်က ဒိဋ္ဌိဖြုတ်တဲ့ဥာဏ်က ပြုတ်သွားလို့ ရှိယင် ခင်ဗျားတို့ ဖြော်... ဒို့ကံကောင်း ဥာဏ်ကောင်းတွေ ဟာ အခုအသုံးချတတ်လို့ အပါယ်လေးပါး တံခါးပိတ်ပါပေါ့ လား....(မှန်ပါ့) ဒီလိုလာရတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးစိတ်, ဘုန်းကြီးနည်းအမြင် ဘုန်းကြီး ၏ သံသရာတခွင်လုံးက ဖြစ်စဉ်ကို ဘုရားဟောတော်မူတဲ့အတိုင်း အမြင်နဲ့ ပြောရလို့ရှိယင် ခင်ဗျားတို့ ငတ်သေမှာ မကြောက်နဲ့ ဒိဋ္ဌိပြုတ်ဘို့ အရေးကြီးတယ်.... (မှန်လှပါ) သဘောကျပလား- (ကျပါပြီဘုရား)။

ငတ်သေမှာကို.... (မကြောက်ရပါဘုရား) မကြောက်ပါနဲ့၊ ဘာအရေးကြီးသတုံး.... (ဒိဋ္ဌိပြုတ်ဘို့ အရေးကြီးပါတယ်ဘုရား) ဒိဋ္ဌိမပြုတ်သရွှေဟာ တငတ်တည်း ငတ်နေမှာဘဲ....(မှန်ပါ့ဘုရား) ငါ့သားနဲ့ မခွဲချင်ဘူး၊ ငါ့သမီးနဲ့ မခွဲချင်ဘူး၊ ငါ့ပစ္စည်းနဲ့ မခွဲ ချင်ဘူးဆိုတာ တငတ်တည်း ငတ်နေတာ....(မှန်ပါ့)။

အဲဒီ ငတ်ဘဝ သက်ရှည် ...(မှန်ပါ့) အခု ထမင်းအိုးကလေး မတည်ရတာ ဘာမှ အရေးမကြီးပါဘူး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှေ့ထားရမည့် အရေး ရှေ့ထားပါ တကာသစ်.... (မှန်ပါ့) နောက်ထားရမည့် အရေး....(နောက်ထားရမှာပါဘုရား)။

ဒိဋ္ဌိပြုတ်တဲ့အရေးကို....(ရှေ့ထားရပါမယ်ဘုရား) လောကီစီးပွားရေးကို....(နောက်ထားရပါမယ်ဘုရား)။

အခု တကာတကာမတွေက တကာကြွယ်တို့ ဦးလှဘူးတို့လဲ့နေတယ်.... (မှန်လှပါဘုရား) တကျောပွားရေးကို ရှေးသွားတယ်... (မှန်ပါ့) ဒိဋ္ဌိပြုတ်ရေး ဗလာဖြစ်နေတယ်.... (မှန်ပါ့) သိပ်နာပါလား....(နာပါတယ်ဘုရား)။

ဩော်.... လမ်းပြကောင်း မတွေ့ပြီဆိုမှဖြင့်.... မျက်စိကန်း လျှောက်မိလျှောက်ရာလျှောက်နေတာကိုးလို့ ဆိုလိုက်ယင်လဲမနာပါနဲ့....(မနာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မျက်စိကန်းတဲ့ပုဂ္ဂိုလ်ဟာ လျှောက်မိ လျှောက်ရာ သွားနေတယ်....(မှန်ပါ့ဘုရား) အဘယ့်ကြောင့် ဒါလောက် သူသည် ရမ်းရမ်းကားကား သွားလာမှုကြီးနဲ့ နေပါလိမ့်မတုံးမေးတော့ မျက်စိက ကန်းနေတယ်... (မှန်ပါ့) မိစ္ဆာဒိဋ္ဌိမျက်လုံးနဲ့ သွားနေတယ်....(မှန်ပါ့) သမ္မာဒိဋ္ဌိမျက်လုံးနဲ့ ဆိုယင်ဒိဋ္ဌိပြုတ်မှာပေါ့ဗျ.... (မှန်ပါ့ဘုရား) ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် အခု လာကြတဲ့ တကာတကာမတွေ တခြားသော ဆရာတော်သမားတော်တွေပြောလို့ မင်းတို့ကွာ ဒီအချိန် ရောင်းရေး ဝယ်ရေးကာလ မင်းတို့မို့ လာနိုင်တယ်၊ တော်တော် သေးရဲ့ကွာလို့ ပြောလိမ့်မယ်....(မှန်ပါ့)။

အံမာလေး....ခင်ဗျားတို့ ဒီဥစ္စာက ဘယ်တော့မှ မပြီးနိုင်တဲ့ အလုပ်ကြီးကို ခင်ဗျားတို့က မပြီးသေးလို့ မလာဘူးဆိုယင်ဖြင့် မလာနဲ့တော့.. (မှန်လှပါ) သဘောကျပလား-(ကျပါပြီဘုရား) အပါယ်သာသွားတော့....(မှန်ပါ့) တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ....ပြင်းပြင်းထန်ထန် ပြောတာလား၊ အမှန်ပြောတာလား (အမှန်ပြောတာပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီနေ့ ၁-နံပါတ်မှာ ဖဿပေါ်တာ ဖဿပေါ်တိုင်းသိ၊ ဝေဒနာပေါ်ယင်.. (ဝေဒနာ ပေါ်တိုင်း သိရပါမယ်ဘုရား) တဏှာပေါ်ယင်....(တဏှာပေါ် တိုင်း သိရပါမယ်ဘုရား) ဥပါဒါန်ပေါ်ယင်.... (ဥပါဒါန်ပေါ် တိုင်း သိရပါမယ်ဘုရား) ကံပေါ်ယင်... (ကံပေါ်တိုင်းသိရပါ မယ်ဘုရား)။

အဲဒီလိုချည်း ဝတ်တိုင်း-ဝတ်တိုင်းသိပြီး ဒီနေ့တော့ အဝတ် ဟောရတဲ့နေ့၊ အဝတ်ဝတ်ရတဲ့ ကိစ္စတွေ ဟောရတဲ့နေ့ ဖြစ်နေ သောကြောင့် အဝတ်နဲ့ပတ်ပက်ပြီးသကာလ ငါးမျိုး ပေါ်ပါ လိမ့်မယ်....(မှန်လှပါ)ပေါ်တိုင်းပေါ်တိုင်း သိယင် အသိနဲ့ပြုတ် တဲ့ သက္ကာယဒိဋ္ဌိ....(မှန်လှပါဘုရား)။

ပေါ်တိုင်း ပေါ်တိုင်း သိယင်....(အသိနဲ့ပြုတ်တဲ့သက္ကာယဒိဋ္ဌိ ပါဘုရား) ဖဿပေါ်တာ ဖဿလို့သိပြီဗျာ၊ ဘာနဲ့ပြုတ်တဲ့ ဒိဋ္ဌိ တုံး... (အသိနဲ့ပြုတ်တဲ့ဒိဋ္ဌိပါဘုရား) ဝေဒနာပေါ် ဝေဒနာပေါ် တိုင်း သိပြီဗျာ၊ အသိနဲ့ ပြုတ်တဲ့ သက္ကာယဒိဋ္ဌိ.... (မှန်ပါ) ရှင်း ပလား... (ရှင်းပါပြီ) တဏှာပေါ်တာ တဏှာပေါ်တိုင်း သိပြီ (အသိနဲ့ပြုတ်တဲ့သက္ကာယဒိဋ္ဌိပါဘုရား)။

ခင်ဗျားတို့ သိထားတာကတော့ တဏှာပေါ်ယင် ငါ.... အပါယ်သွားရတော့မယ်တဲ့.... (မှန်ပါ) ဘုန်းကြီးက တဏှာ ပေါ်တဲ့နောက်က အသိလိုက်ယင် ခင်ဗျားတို့ အပါယ်မသွား ဘူး....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကတော့ တဏှာသာလာလို့ ရှိယင်ဖြင့် ဒို့ ကိုယ်ကျိုးနည်းပြီ၊ အပါယ်သွားရတော့မှာဘဲ....တဲ့....(မှန်ပါ့)။

သတိပဋ္ဌာန်က ဒီလိုမှမဟုတ်ဘဲ ဘုရားက " သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ " တဏှာပေါ်တာကို တဏှာပေါ်တယ်လို့ နောက်က သိပေးကွ....တဲ့....(မှန်လှပါဘုရား) အဲဒါ ဝိပဿနာဆိုတော့ တဏှာပေါ်တော့ အပါယ်ရောက်သလား၊ တဏှာပေါ်တော့ မဂ်ပေါ်လာသလား - ( တဏှာပေါ်တော့ မဂ်ပေါ်လာပါတယ်ဘုရား) ဒါဖြင့် ဘာကြောက်စရာရှိသတုံး (မှန်လှပါ) ရှိသေးရဲ့လား....(မရှိပါဘုရား)။

တဏှာပေါ်လို့ မသိလိုက်ယင် ဒါ....ဥပါဒါန်က လိုက်မှာဘဲ....(မှန်ပါ့) မသိလိုက်ယင်... (ဥပါဒါန်ကလိုက်မှာပါဘုရား)။

အဲဒီတော့.... ဘုန်းကြီးဆီမှာ တရားနာတဲ့ တကာတကာမတွေလဲ စေတနာက ထူးချွန်, ထူးချွန်လာလို့ ပြောရတယ်.... (မှန်ပါ့) ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်ကလေး အိမ်ကယင်လဲကြည့်ခဲ့၊ မကြည့်ခဲ့လို့ ရှိယင်လဲ ဘုန်းကြီးဆီမှာ ရက်ရှည်နာ.... (မှန်ပါ့) ဒီလိုဆိုယင် သိသွားတာဘဲ... (မှန်လှပါဘုရား)။

ဟာ.... တပည့်တော် မြန်မြန်လဲ သိချင်တယ်ဘုရား....ဆိုယင် အိမ်ကနေပြီးတော့ ဒါ ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်က စ,တာဆိုတာ မှတ်ပေတော့....(မှန်လှပါဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာက စကာသဲရှိတယ်.... (မှန်ပါ့) အလယ်က ဖောက်စ,တာကော.... (ရှိပါတယ်ဘုရား) အဆုံးကနေပြီး ပတ်တာကော....(ရှိပါတယ်ဘုရား)။

အဲဒီတော့ သုံးမျိုးရှိသည့် အနက်က ယနေ့ ဟောနေတာ အလယ်က စ,တာမှတ်....(မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ တဏှာပေါ်တာ တဏှာပေါ်တယ်လို့ သိတဲ့ပုဂ္ဂိုလ်မှာ အပါယ်သွားရသလား၊ မသွားရဘူးလား....(မသွားရပါဘုရား)။

ဒါက တဏှာကလေး ပေါ်တယ်လို့ ဒီကသိတော့ တကာတကာမတို့ တဏှာကလေးပေါ်တယ်ဆိုတဲ့ဥစ္စာ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်သေးရဲ့လား.... တဏှာကို တဏှာ....လို့ သိတာလား.... ပုဂ္ဂိုလ်သတ္တဝါလို့ စွဲသေးသလား....(မစွဲပါဘုရား) ဒိဋ္ဌိပြုတ်တဲ့အသိ...(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာအသိပါလိမ့်....( ဒိဋ္ဌိပြုတ်တဲ့အသိပါဘုရား ) ဒိဋ္ဌိရှိမှ အပါယ်သွားမှာ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒိဋ္ဌိရှိမှ....(အပါယ်သွားမှာပါဘုရား) နို့....ဒိဋ္ဌိပြုတ်တဲ့အသိ သိထားတဲ့ ပုဂ္ဂိုလ်ဟာ သွားစရာ ရှိသေးရဲ့လား.... ( မရှိပါဘုရား )။

ဒါဖြင့် တကာကြွယ် ရှင်းပြမယ်၊ ဦးလှဘူး ရှင်းပြမယ်နော်.... (မှန်လှပါဘုရား) သကဒါဂါမ်မှာ တဏှာကုန်ပသွားမေးယင်.... (မကုန်သေးပါဘုရား) အနာဂါမ်မှာ တဏှာကုန်ပလားမေးယင် (မကုန်သေးပါဘုရား) အပါယ် သွားပါတော့လား....ဆိုတော့ အသိကလေးလိုက်လို့ မသွားဘူး....(မှန်လှပါဘုရား)။

အကိုးအကား လုံလောက်ပလား....(လုံလောက်ပါပြီဘုရား) သူတို့ တဏှာမှ မပါယ်သေးဘဲ တဏှာရှိနေတာပေါ့....(မှန်လှပါဘုရား) မဟုတ်ဘူးလား....(မှန်လှပါ)။

ဒီ.... ဝိသာခ သူဌေးကို ကြည့်ပါလား....တဲ့၊ သူ့ခင်ပွန်းမနဲ့ ပေါင်းလျက် သင်းလျက် တွဲလျက်ဆိုသလို ပြောလျက် ပြုံးလျက် ဆိုသလို မရှိလားဗျာ....(ရှိပါတယ်ဘုရား)။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လောက်တည်နေတော့ တဏှာက ကျန်နေတယ်.... (မှန်ပါ့ဘုရား) အဲဒီ ဝိသာခ သူဌေး ဟာ အဲဒီ့အချိန်သေကော အပါယ်သွားမှာလား....(မသွားပါ ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် တဏှာသည် အပါယ်မပို့ပါလိမ့် မလဲ....လို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား) အသိ နောက်က လိုက်နေတယ်၊ ရှင်းပလား.... ( ရှင်းပါပြီဘုရား ) ခင်ဗျားတို့လဲ ပေါ်တိုင်းသိယင် အပါယ်သွားစရာရှိရဲ့လား.... (မရှိပါဘုရား) အဲ.... အဲဒါက အသိနဲ့ ပယ်တာ.... ( မှန်ပါ့ ဘုရား)။

ဥပါဒါန် ပေါ်ယင်လဲ ဘယ်လိုလုပ်ကြမလဲ .... (သိရပါမယ် ဘုရား) ဥပါဒါန်ပေါ်ပြီလို့ သိပါ....(မှန်ပါ့)ကံပေါ်လာယင် ကော....(ကံပေါ်ပြီလို့ သိရပါမယ်ဘုရား)။

ကျုပ်ဖြင့် ကာယကံကလေး ဖြစ်သွားပြီ....လို့ သိလိုက် တယ်... (မှန်ပါ့) ဝစီကံကလေး ဖြစ်သွားပြီလို့.... (သိရမှာပါဘဲ ဘုရား) သိပေး။

ဒီအသိနဲ့ ဘာပယ်လိုက်ပါလိမ့်.... (ဒိဋ္ဌိပယ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ ပယ်လိုက်သည် တကာသစ်ရေ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေက အသိနဲ့ ပယ်တယ်.... ( မှန်ပါ့ဘုရား ) အကျင့်နဲ့ ပယ်တာကို ပြဦးမယ်....(မှန်ပါ့)။

တကာတကာမတွေ ယခု နောက်ပြမှာ ဘာပါလိမ့်·(အကျင့်နဲ့ ပယ်တာပါ)ကဲ .. ဒါ ရှေ့တိုးတဲ့....၊ အထည်နဲ့ ခန္ဓာကိုယ်နဲ့ ထိတာ ဖဿ....( မှန်ပါ့ )ဖဿကလေးက ဒီနေရာပေါ် ဒီနေရာ ပျက်ပါတယ်... (မှန်ပါ့ဘုရား) မပျက်ဘူးလား....(ပျက်ပါတယ် ဘုရား)။

ကောင်းကင်မှာ လျှပ်စစ်ဝင်းတာဟာ ဦးဘအုန်းကြီး ဝင်းတဲ့ နေရာက တခြားနေရာ ရွှေ့ပျက်သလား .... ဒီနေရာမှာဘဲ ပျောက်သလား....(ဒီနေရာမှာဘဲ ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာပေါ် ဒီနေရာ ပျောက်တယ်လို့ ခင်ဗျားတို့က ရှုပေး...( မှန်ပါ့ဘုရား ) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဖဿကလေးဟာ တင်ပါးမှာ ပေါ်ယင် တင်ပါးမှာ ပေါ်တဲ့ နေရာဘဲ ဖြစ်ပြီး ပျက်တာဘဲ....(မှန်ပါ့)။

ရင်မှာပေါ်ယင်....(ရင်မှာ ဖြစ်ပြီး ပျက်တာပါ) ကျောမှာ ပေါ်ယင်... (ကျောမှ ဖြစ်ပြီး ပျက်တာပါဘုရား)။

ဒီလို ရှုပေးလိုက်လို့ ဒါက ဖြစ်ပြီး ပျက်တဲ့တရားသာ ရှိတော့တယ်လို့....အနိစ္စသာ ရှိတယ်သို့ သိသွားတယ်....(မှန်ပါ့ ဘုရား)။

ဒါကတော့ ရှုမှုနဲ့ ပယ်တာ....(မှန်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာနဲ့ ပယ်တာပါလိမ့်... (ရှုမှုနဲ့ ပယ်တာပါဘုရား)။

ကောင်းပြီ .. ရှုမှုနဲ့ ပယ်တယ်ဆိုတဲ့ဥစ္စာ၊ ကိုင်း....တခါ ဝေဒနာကလေးက ပေါ်လာပြန်တယ်တဲ့....၊ ဖဿ မရှုမိတာနဲ့ဘုရား ဝေဒနာကျအောင် လွန်သွားတယ်၊ အထည်ကလေး ကောင်းလိုက်တာဆိုတာတပည့်တော်ကောင်းမိတယ်ဘုရား... လို့ဆိုတော့ အဲဒီ့ ကောင်းကောင်းကလေး ဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုရမယ်)ဖြစ်ပျက်ရှုလိုက် .. (မှန်ပါ)ကောင်းတာကလေးလဲ ကောင်းပြီး ပျက်တာဘဲ....(မှန်ပါ)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက် မဂ်·(မှန်ပါ) ဒီဘက်က လာသေးရဲ့လား....( မလာပါဘုရား ) ဒီ အပါယ်လေးပါးကြီးကော....(မလာပါဘုရား) မလာဘူးဆိုတာ အထူးမြင်ကြရဲ့လား....(မြင်ပါတယ်ဘုရား)ဒီ အစဉ်တန်းမှ သွားမှာ--( မှန်ပါ ) ဒီ အဖြတ်ပါယင် သွားပါ့မလား... ( မသွားပါဘုရား )။

ဩော်....ဒါဖြင့် ဒို့သန္တာန်ဖြစ်တဲ့ တရားတိုင်း အပါယ်သွားသလား....၊ ဒို့ မဖြတ်တတ်လို့ သွားသလားဆိုတာ အကဲခတ်ပါ... (မဖြတ်တတ်လို့ သွားတာပါဘုရား)။

သေသေချာချာ မှတ်၊ သေသေချာချာ မှတ်နော်--(မှန်ပါဘုရား) ဖြတ်တတ်တဲ့ ပုဂ္ဂိုလ် မသွားဘူး.... ( မှန်ပါဘုရား ) မဖြတ်တတ်တဲ့ ပုဂ္ဂိုလ်....(သွားပါတယ်ဘုရား)။

ဪ....တကာတကာမတွေ ပြောစရာတွေကလဲ အင်မတန်မှ များတယ်.... (မှန်ပါ့) ခင်ဗျားတို့ ပါးစပ်ကလေးတွေကလဲ အတော်ကျဉ်းတယ်.... (မှန်ပါ့) ထမင်းလုပ်ကလဲ ကြီးကြီးပေး ချင်ငြားသော်လဲ တနေ့တည်း ပေးလိုက်ယင် ပေးခြင်းကြောင့် အသက်ထွက်လိမ့်မယ်... (မှန်ပါ့ဘုရား) ဝိညာဏ်ချုပ်လိမ့်မယ်.... (မှန်ပါ့)။

အဲဒါကြောင့် နေ့တိုင်း စုစု-စုစုပြီးသကာလ ယူကြပါဆိုတာ ကိုလဲ တိုက်တွန်းပါတယ်၊ ပေးတဲ့ပုဂ္ဂိုလ်က မပေးနိုင်လို့ မဟုတ်ဘူး၊ ယူမည့်ပုဂ္ဂိုလ်ပါးစပ်ကျဉ်းလို့ သာ မှတ်ပေတော့.... (မှန်ပါ့ဘုရား) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘုန်းကြီးနှယ် ပြောရက်လိုက်တာလို့ ဆိုမလား၊ ငါ့ကိုက အ့လိုက်တာလို့ ဆိုမလား ခင်ဗျားတို့.... (တပည့်တော်တို့က အ့ပါတယ်ဘုရား)။

ကိုယ့်ကိုယ်က ဘဝများစွာက အဝိဇ္ဇာတွေက ထုက သိပ်ကြီးတယ်... (မှန်လှပါဘုရား)။

ကဲ.... ဒါဖြင့် ဝေဒနာကလေး ပေါ်လာတော့ မရှုမိဘူး ဘုရား၊ ကြိုက်နှစ်သက်တဲ့တဏှာကလေး ပေါ်လာမှာဘဲ ဪ.... ဒီတဏှာကလေးကလဲ ဝမ်းထဲပေါ်ပြီး....၊ ဝမ်းထဲ ပျက်တာကိုး လို့ ရှုနေ....(မှန်ပါ့) ဒီဘက်က ဥပါဒါန် ကံ လာသေးရဲ့လား (မလာပါဘုရား)။

ကံမှ မလာဘဲနဲ့ ဒီဇာတိ အပါယ်လေးပါး ကျသွားမည့် ဇာတိ၊ အပါယ်ပဋိသန္ဓေ ကြောက်စရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဪ.... ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးဆိုတော့ ပွားမှု ကြောင့် မကျတာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်....(ပွားမှုကြောင့်မကျတာပါဘုရား) သေသေချာချာ မှတ်ကြစမ်းပါ တကာကြွယ်.... (မှန်ပါ့ဘုရား) ပဋ္ဌမ တန်းနေတာက တခုတခုသိတာကို ပြပါတယ်.... ( မှန်ပါ့ ဘုရား) အခုတော့ဖြင့် တခုတခု၏ ဖြစ်မှုပျက်မှုအနိစ္စကို မြင် အောင်ကြည့်တာနဲ့ သူက ခင်ဗျားတို့ကို မြင်အောင် ကြည့်ခိုင်း တယ်ဆိုပြောသော်လဲ ဘုန်းကြီးကအကြည့်ခိုင်းလို့ကြည့်တာလို့ မယူကြနဲ့....(မှန်ပါ့) ခင်ဗျားတို့ အပျက်ကို ခင်ဗျားတို့ မမြင် လို့ အကြည့်ခိုင်းရတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ခင်ဗျားတို့အပျက်ကို .. (အကြည့်ခိုင်းတာပါဘုရား) ခင်ဗျား တို့ ကိုယ်တိုင် မရှုတတ်လို့ အကြည့်ခိုင်းရတာ....(မှန်ပါ့)။

ခင်ဗျားတို့ အပျက်ကို ခင်ဗျားတို့ဉာဏ်နဲ့ ပင်ကိုယ်ကသာ စိုက်ပြီး ကြည့်တတ်မယ်ဆိုလို့ရှိယင် ဒီတရား မနာနဲ့တော့....၊ ပြန်ကျတော့ အပါယ်မသွားဘူး စိတ်ချ....(မှန်ပါ့)။

အခုတော့ဖြင့် ကိုယ့်သန္တာန် ဖြစ်လိုက်တာက ဗွက်ပေါက် နေပြောသော်လဲ တကာကြွယ်ရေ၊ ဦးလှဘူးရေ သိကို့မသိဘူး.... (မှန်လှပါဘုရား)။

ဪ.... အိပ်ရာဝင်ကာမှာဲ နေ့လယ်တုန်းက ဖြစ်လိုက်တဲ့ ဘဏ္ဍာ ဥပါဒါန် ကံတွေဟာ မနည်းပါလား.... ( မနည်းပါ

ဘုရား) တချက်မှ ကြားပြတ်ပါသေးရဲ့လား....(မပါ,ပါဘုရား) ကြားပြတ် မဂ်ဝင်သေးရဲ့လား....(မဝင်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ပြောရတယ်၊ ခင်ဗျားတို့ ဘယ်သွားသွား ကိုယ့်အိမ်ကိုယ် ပြင်ဘက်ထွက်တဲ့အခါကျလို့ရှိယင် ဖြင့် တဏှာနဲ့ထွက်လိုက်, ဒေါသနဲ့ဝင်လိုက်....(မှန်လှပါ)။

အင်း....တဏှာနဲ့ ဝင်လိုက်, ဒေါသနဲ့ ထွက်သွားလိုက်၊ အိမ်က ပြန်ပြီး လှမ်းဆွတ်တာနဲ့ တဏှာနဲ့ ပြန်ဝင်လိုက်....(မှန်လှပါ ဘုရား)။

တနေ့မှာ တကာကြွယ် အိမ်ထဲမှာ ဝင်လိုက်, ထွက်လိုက် ဘယ်နှစ်ခေါက်တုံး.... (မရေတွက်နိုင်ပါဘုရား) ထွက်တဲ့အခါ ဘာနဲ့ထွက်သတုံး.... (တဏှာနဲ့ထွက်ပါတယ်ဘုရား) တဏှာနဲ့ ထွက်လို့၊ ပြန်တော့လဲ ဘာနဲ့ ပြန်လာသတုံး.... (ဒေါသနဲ့ ပြန် လာပါတယ်ဘုရား)။

တခါတလေကျတော့ ဘာနဲ့ထွက်ပြန်ပါလိမ့်... (ဒေါသနဲ့ ထွက်ပါတယ်ဘုရား) ဘာနဲ့ ပြန်ဝင်သတုံး.... (တဏှာနဲ့ ပြန်ဝင် ပါတယ်ဘုရား)

ဩော်... ခင်ဗျားတို့ အဲဒီ တံခါးခုံကြီးပွန်းသလို ကြေးခွေ ကြီး ပွန်းသလို ခင်ဗျားတို့ ကိလေသာကြောင့် ပွန်းသွားတယ် ကြေးခွေကြီး.... (မှန်လှပါဘုရား) ရိပ်မိပလား.... ( ရိပ်မိပါပြီ ဘုရား)။

ဘာကြောင့် ပွန်းသွားသတုံး....(ကိလေသာကြောင့် ပွန်းသွား ပါတယ်ဘုရား)။

တချို့အိမ် သွားကြည့်ယင် အုတ်တွေလဲ့ ခွက်နေပြီ-(မှန်ပါ့ ဘုရား) ကြေးခွေကြီးလဲ ပွန်းနေပြီ.... (မှန်ပါ့) အံမာလေး.... ကြောက်စရာကောင်းလိုက်တာ ဘယ်သူများ တိုက်ခိုက်ထားပါ လိမ့်မတုံး မေးတော့မှ တဏှာတို့ ဒေါသတို့ မောဟတို့နဲ့ တိုက် ခိုက်ထားတာဘဲ....(မှန်လှပါဘုရား)။

တကာကြွယ်ရေ.... သိပ်ကြောက်စရာ ကောင်းပါလား.... ( ကောင်းပါတယ်ဘုရား ) သဘောကျပလား.... ( ကျပါပြီ ဘုရား )။

ဒါဖြင့်.... ခြေတလှမ်းကို တကာတကာမတို့ တဏှာကလဲ မနည်းလှဘူး....(မှန်ပါ့-မနည်းပါဘုရား) ဒေါသကော-(မနည်း ပါဘုရား) ကျောင်းဆောက်၊ ဘုရားတည်ကလေးလောက်က ကယ်နိုင်ပါ့မလား....(မကယ်နိုင်ပါဘုရား)။

မကယ်နိုင်ဘူး- မကယ်နိုင်ဘူး စိတ်သာချ....နော်.... (မှန်ပါ့) ဘာ့ကြောင့်တုံး၊ ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုတဲ့ သဘော ရှိတယ်... (မှန်ပါ့) အဲဒါကြောင့် တကာကြွယ်တို့ မဂ်နဲ့မဖြတ် ယင်ဖြင့် မရဘူး....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လိုမှတ်ကြမယ်- (မဂ်နဲ့ မဖြတ်ယင် မရပါဘုရား)။

ဟောဒါ မဂ်လို့မှတ်ပါ....၊ သူနဲ့ဖြတ်လိုက်တော့ ဒါတွေ ပြတ်ပြတ်ထွက်သွားတယ်....(မှန်ပါ့) မပြတ်ဘူးလား.... (ပြတ် ပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့.... ရှေး တရား တွေ လို အောက်မေ့ပြီးတော့ မနာနဲ့....(မှန်ပါ့) ဩော်.... အခုဖြတ်, အခုပြတ်တာကိုးလို့ မှတ်ပါ....(မှန်ပါ့)။

တစတစ ဖြတ်ရမှာလား၊ အခုဖြတ်လို့ အခုပြတ်တာသား.... (အခုဖြတ်လို့ အခုပြတ်တာပါဘုရား) အခုဖြတ်လို့ အခုပြတ် လို့ ရှိယင် အခုနိဗ္ဗာန်ရတာဘဲ... (မှန်ပါ့) မရပါနဲ့ ဆိုလို့ တားလို့ ရသေးရဲ့လား....(မရပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီခေတ်နဲ့ ဒီကံနဲ့ ဒီအသက်ရှည် ပုံနဲ့ ဒီအသက်ရှင်နေပုံကလေးနဲ့ ဒီဆရာသမားက ဒီအချိန် ပြောနိုင်တဲ့ အချိန်ကလေးနဲ့ ကြုံသောကြောင့် ဘုန်းကံရှိကြတယ် ဆိုတာ သေသေချာချာမှတ်ပါ (မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဘုန်းကံရှိလို့ နာကြရပါတယ်ဘုရား) ပစ္စည်းချမ်းသာတာ ပစ္စည်းမဲ့တာ လိုရင်း မဟုတ်ပါဘူး-(မှန်ပါ့) သူတော်ကောင်း ရတနာကလေးတွေ ခင်ဗျားတို့ ရတာက လူ ချမ်းသာကိုးဗျ....(မှန်လှပါ)။

ဟိုဟာတွေက မင်းဘေး, စိုးဘေး, သူခိုးဘေးနဲ့ ဝိုင်းပြီး သကာလ သေတော့ နောက်ဥပဒေနဲ့ဆိုယင် တကာကြွယ် အခွန် ဆောင်ပြီးမှ မြေမြှုပ်ရမှာဗျ.... (မှန်ပါ့) လွယ်ပါ့မလား.... (မလွယ်ပါဘုရား) ကိုယ်ပိုင်လို့ ဆိုမလား.... (မဆိုပါဘုရား)။

သေသွားတာတောင် အခွန်ဆောင်ခဲ့ဦးကွ .. ဆိုပြီး မှတ်တမ်း တွေ အကုန်ရေးပြီးတော့မှ အလောင်းချစေဆိုတဲ့ အမိန့်ကလာ ဦးမှာ ခင်ဗျား စိတ်သာချ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒါတွေ သိပြီးသားဖြစ်ပြီးသကာလ နေတော့ အကယ်၍ ဒီဥပဒေက ကန့်ကွက်လို့ကော မတည်ပြန်သေးဘူးထားဦးတော့ သားတွေ့ သမီးတွေ ဝေယူတယ်၊ ကိုယ့်ဆီ ဘာမှမပါ့ ပါဘူး- (မှန်ပါ့) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဪ....ခင်ဗျားတို့ စားမှုသောက်မှုထက် ပိုမိုပြီး လုပ်တာ ဟာ ဘာတုံးလို့ မေးလို့ရှိယင် သေခွန်ဆောင်ချင်လို့ဘုရား.... (မှန်လှပါဘုရား) အံမာလေး....လောကွတ်ကောင်းလိုက်တာ.... (မှန်ပါ့) လောကွတ်ကောင်းလိုက်တာ သေခွန်ဆောင်ချင်လို့ တဲ့....(မှန်ပါ့)။

တကာကြွယ်.... အခု ခင်ဗျား အသက်ကြီးလာပြီ၊ အလုပ် မလျှော့သေးတာ ဘာပါလိမ့်.... ( သေခွန်ဆောင်ချင်လို့ပါ ဘုရား)။

အံမာလေး....ကြီးကျယ်လှချည့်လား ခင်ဗျား သေခွန်ဆောင် ချင်လို့ဆိုတော့....။

ကဲ .. တကာတကာမတို့ ဒီဥစ္စာတွေက မှန်လဲ မှန်ပါတယ်.... နော်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့.... ပွားမှုနဲ့ဖြတ်ပုံ၊ ကဲ.... တဏှာကိုတော့ဖြင့် တပည့်တော် မနိုင်ဘူး၊ စွဲလမ်းနေတဲ့ စိတ် ကလေးပေါ်လာမှ တပည့်တော်က ရိုပ်မိတော့တယ် ဆိုတော့ စွဲလမ်းတဲ့စိတ်ကလေး ဘာလုပ်ကြမယ်.... ( ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှု၊ သူက ဖြစ်ပျက်ဆိုတော့ ရှုတာက မဂ် သွားဖြစ်တယ်.... (မှန်ပါ့ဘုရား) ဒီကံ မပြတ်သေးဘူးလား.... ပြတ်မလား ... ( ပြတ်ပါတယ်ဘုရား ) လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား) "ဥပါဒါန ပစ္စယာ ကမ္မဘဝေါ...." လို့ ဆိုတာ သူ့ကျော်ပြီး မသွားနိုင်ဘူး....(မှန်ပါ့ဘုရား) သွားနိုင် သေးရဲ့လား....(မသွားနိုင်ပါဘုရား) ဟောဒီမဂ်က ဖြတ်တယ် (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တပည့်တော်တို့က ဥပါဒါန်တော့ စွဲတာ အမှန်ဘဲဘုရာ့၊ သို့သော် လွန်မှသိတဲ့ ပုဂ္ဂိုလ်တွေဘုရား၊ တပည့် တော်တို့က အဝိဇ္ဇာ တဏှာတည်းဟူသော အမိုက်အမဲ တရား တွေနဲ့ မိတ်ဆွေဖြစ်နေတော့ ကံမြောက်မှ သိတော့တယ်ဘုရား ဆိုလို့ရှိယင်လဲ ကံမြောက်ချင်မြောက် ရှုဦး....(မှန်ပါ့)။

ကာယကံကလေးကိုလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ် ဘုရား) ကာယကံစေတနာလဲ ဖြစ်ပျက်ရှု.... (မှန်ပါ့) ဝစီကံ စေတနာကော....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) မနောကံစေတနာ ကော....(ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဒီမှာ စဉ်းစား မသေသေးပါဘူးတဲ့၊ ကံက ဖြစ်ပျက်- ရှုတာက....(မဂ်ပါဘုရား) ဒီဘက် ဇာတိ ဇရာ မရဏ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) အပါယ်လေး ပါး လာသေးရဲ့လား....(မလာပါဘုရား)။

ဩော်....အပါယ်လေးပါး တံခါးပိတ်ဆိုတာက ဘာနဲ့ပိတ်မှ ရသတုံး....ဆိုတော့ မဂ်နဲ့ပိတ်မှရတယ်....(မှန်လှပါဘုရား) ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

အပါယ်လေးပါး တံခါးပိတ်ဆိုတာက... (မဂ်နဲ့ပိတ်မှ ရပါတယ်ဘုရား) မဂ်နဲ့ပိတ်မှ ရတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ ဒီအလုပ်ကျတော့ လုပ်ရမှန်းမှ မသိဘူး ဆိုတော့ ခင်ဗျားတို့ စားသောက်နေတာလဲ အပါယ်သွားဘို့ စားနေတာ....(မှန်ပါ့ဘုရား)။

အိပ်နေကြတာကော....(အပါယ်သွားဘို့ အိပ်နေကြတာပါဘုရား) ရောင်းဝယ်နေကြတာ....(အပါယ်သွားဘို့ ရောင်းဝယ်နေကြတာပါဘုရား)။

မဂ်နဲ့ပိတ်မှရမှာ....၊ ခင်ဗျားတို့ဟာ ပယ်လိုးမှ မပါဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက တကာ တကာမတို့.... ပွားမှုနဲ့ အပါယ်လေးပါး တံခါးပိတ်တာ....(မှန်လှပါဘုရား) ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

ဒါက ဘာတဲ့ဗျာ.... ( ပွားမှုနဲ့ အပါယ်လေးပါး တံခါးပိတ်တာပါဘုရား )။

ဒီနေ့ တရားသုံးလုံးတည်းပါ တကာတကာမတို့ စကားသာ ခင်ဗျားတို့ နားမလည်လို့ တန်ဆာဆင်ပြီး အမျိုးမျိုးပြောရပါတယ်.... (မှန်ပါ့)။

တရားကတော့ သိမှုနဲ့ ပယ်တာ တမျိုး....(မှန်ပါ့) ပွါးမှုနဲ့ ပယ်တာ....(တမျိုးပါဘုရား) ကဲ....နောက်ဆုံးပိတ် ပြမယ်တဲ့....။

နာရီက ၁၀-မိနစ်ဘဲ ကျန်တော့တယ်၊ ပယ်မှုနဲ့ပြမယ်...(မှန်ပါ ဘုရား)။

ဒါအပါယ်လေးပါးကိုဖြင့် တကာတကာမတို့ စင်းလုံးချော လွတ်တယ်လို့ အောက်မေ့ပါ.... ( မှန်ပါ ) ဘယ်တော့မှလဲ မလာတော့ဘူးဆိုတာ အောက်မေ့ပါ....(မှန်ပါ)။

အခုတော တကာတကာမတွေ နေကြရတာ ငါကျောင်းလဲ ဆောက်ထားတယ်၊ ဘုရားလဲ တည်ထားတယ်၊ ကုသိုလ်ကောင်း မှုတွေလဲ ငါမမေ့ပါဘူး၊သေကာနီး ငါထားတဲ့ ပစ္စည်းကလေး နဲ့ ငါ့သမီးကလေး စိတ်မချလို့ရှိယင်ဖြင့် အဲဒါကလေးကများ လာရှုပ်လိုက်လို့ရှိယင် ငါအပါယ်တော့ ရောက်ဦးမှာဘဲ-(မှန်လှ ပါ)စိတ်မချရလို့၊ ချရရဲ့လား....(မချရပါဘုရား)။

အဲဒီတော့ တကာတကာမတို့ အခုတတိယ ပြမှာ စိတ်ချရတဲ့ အလုပ်လို့ မှတ်ပါ....(မှန်ပါ)တတိယပြမှာ ဘာပါလိမ့်....(စိတ် ချရတဲ့ အလုပ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြစို့....ဒီကျတော့ အကုန်မရှုနဲ့.... (မှန်ပါ)ဝေဒနာတလုံးတည်း ထားလိုက်..(မှန်ပါ)။

ဒီက ဝေဒနာနဲ့ ဖဿဆိုတာ တကာတကာမတို့ အချို့သော မျက်လုံးထဲမှာကျတော့ မြင်တယ်,ကောင်းတယ်, တွဲလျက်ထင် တယ်....(မှန်ပါ)။

မြင်တယ်ဆိုယင် "ဉပေက္ခာ သဟဂတံ စက္ခုဝိညာဏံ"လို့ ဆိုသောကြောင့် ဉပေက္ခာဝေဒနာနဲ့ ဖဿနဲ့ တွဲလျက်နေတယ် (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီဝေဒနာကလေးကို မြင်တဲ့ ဝေဒနာကလေးကို ခင်ဗျားတို့က ဖြစ်ပျက်ရှုပေး....(မှန်ပါ) မြင်တဲ့ ဝေဒနာ ဖြစ်ပျက် ရှုလိုက်တော့ ဖဿပါ ရောပြီး ချုပ်မယ်....(မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ချုပ်လိုက်တဲ့အခါကျတော့ ဒီ့ပြင်ဟာတွေ မလိုက်နဲ့တော့-တဏှာ ဥပါဒါန် ကံ မလိုက်နဲ့တော့... (မှန်ပါ့)ဒီ တလုံးတည်း သာ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ခန္ဓာကိုယ်ထဲလိုက်....(မှန်လှ ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာပေါ်တိုင်းပေါ်တိုင်း....(ခန္ဓာကိုယ်ထဲ လိုက်ရပါမယ် ဘုရား)ပေါ်ရာကို ဖြစ်ပျက်သာ ရှုနေ....(မှန်ပါ့)။

ဒါဖြင့် ပေါ်ရာ ဖြစ်ပျက်ရှုဆိုတော့ တပည့်တော်တို့ ဝေဒ နာက ဟိုပေါ် ဒီပေါ်ဘုရား....၊ အဲ .... ဟိုပေါ် ဒီပေါ်ကိုဘဲ လိုက်ရှု....(မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ တကာသစ်ရေ-ဒီခန္ဓာဟာ ဝေဒနာက္ခန္ဓာလို့ ဘုရားက ဟောတယ် .... (မှန်ပါ့ ဘုရား)။

ခန္ဓာတခုလုံး ဝေဒနာမပေါ်နိုင်တဲ့နေရာ ရှိရဲ့လား....(မရှိ ပါဘုရား) ဒါဖြင့် ဒုက္ခဝေဒနာပေါ်လဲ ဘာလုပ်ရမလဲ....(ဖြစ် ပျက်ရှုရပါမယ်ဘုရား)။

သုခဝေဒနာပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဥပေက္ခာ ဝေဒနာပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)အကုန်ရှု-အကုန်ရှု တကိုယ်လုံးရှု....(မှန်ပါ့)။

ရှုလိုက်တဲ့အခါကျတော့ ဝေဒနာတွေဟာ ဝေဒနာအဖြစ်နဲ့ နေသလား....ချုပ်သွားသလား... (ချုပ်သွားပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ပါဠိတော်ရွတ်လိုက် ဝေဒနာနိရောဓာ....(တဏှာနိရောဓော)ဒီဘက်ကဟာတွေ အကုန်ချုပ်တယ်.... (မှန်ပါ့)တဏှာတွေ ဥပါဒါန်တွေ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် 'ဝေဒနာနံ ခယော ဘိက္ခဝေ' ဝေဒနာနံ=ဝေဒနာတို့ကို၊ ခယော=ကုန်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်သည်၊ ဟုတ်လား.... (မှန်ပါ့) နိတ္တဏှော=တဏှာမရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော=ကိလေသာ ပရိနိဗ္ဗာန်စံသည်၊ ဟောတိ=ဖြစ်၏ (ဝါ) သောတာပန်တည်သည်၊ဟောတိ=ဖြစ်၏...(မှန်ပါ့)ဒါက သံယုတ်ပါဠိတော်- (မှန်ပါ့)။

ကဲ...ဒါဖြင့် တကာ တကာမတို့ ဝေဒနာပေါ်ရာ အကုန်လိုက်၊ ဖြစ်ပျက်ရှုပါ...(မှန်ပါ့)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဘာတုံး....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)မျက်လုံးထဲပေါ်လဲ ရှု၊ နားထဲပေါ်လဲ ရှု၊ နှာခေါင်းထဲ ပေါ်လဲ ရှု၊ တကိုယ်လုံးဝမ်းထဲမှာ ပေါ်လဲ ရှု၊ ပြင်ဘက်မှာ ပေါ်ကော....(ရှုရပါမယ်ဘုရား)။

ဝေဒနာတွေက အများကြီးကို ဘုရာ့... ဆိုတော့ မများပါဘူး၊တခုစီ ပေါ်တာပါ....(မှန်ပါ့)။

မများပါဘူး တကာတကာမတို့ ဘယ်လိုပေါ်တာပါလိမ့်-- (တခုစီ ပေါ်တာပါဘုရား)အဲ....တခုစီပေါ်တာ အကုန်ရှုလိုက်

တဲ့အခါကျတော့ ကြာတော့ ဝေဒနာတွေက ဖြစ်ပျက်....(မှန်လှပါဘုရား)။

ခန္ဓာ မမြင်တော့ဘူး၊ ဖြစ်ပျက်ချည့် မြင်တယ်....( မှန်ပါ့ ) ကိုယ်တွေ အထည်တွေ ဆံပင်တွေ မြင်သေးရဲ့လား....(မမြင်ပါဘုရား) ဘာမြင်ပါလိမ့် ... (ဖြစ်ပျက်သာ မြင်ပါတယ်ဘုရား)။

အဲဒီတော့ ဖြစ်ပျက်ချည့်မြင်တော့ ဩော်....နိဗ္ဗာန်သွားဘို့ တကာတကာမတို့ ရောက်ဘို့ နီးပြီ ...(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးက တခါ မှာတယ်၊ တကာတကာမတို့ ဖြစ်ပျက်မြင်ပေမဲ့ မလျှော့နဲ့နော်....(မှန်ပါ့)ဆက်လက်ပြီးသကာလ ပြင်းပြင်းထန်ထန်ကလေးဘဲ ရှုပေးလိုက်ပါဆိုတော့ ရှုရင်း-ရှုရင်းနဲ့ ဝေဒနာတွေ၏ ဖြစ်မှု ပျက်မှုကို မုန်းလာတယ်.... (မှန်လှပါ)ဘာဖြစ်လို့တုံး....ကိုယ့်အသေ ကိုယ်မြင်လို့ မုန်းတယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....( ကိုယ့်အသေ ကိုယ်မြင်လို့ မုန်းပါတယ်ဘုရား ) ကိုယ့်အသေဘဲကိုးဗျ....၊ ဝေဒနာက္ခန္ဓာကြီး တကိုယ်လုံး ပျောက်သွားတဲ့ ဥစ္စာ ကိုယ်သေတာပေါ့ .... (မှန်လှပါဘုရား)။

ကိုယ့်အသေ ကိုယ်မြင်တော့ ဘယ့်နှယ် ဖြစ်လာသလဲ....(မုန်းပါတယ်ဘုရား) ဒီအသေကြီးနဲ့ နေချင်သေးရဲ့လား....(မနေချင်ပါဘုရား)။

မနေချင်ရုံတွင်မကဘူး တကာတကာမတို့ သေသေချာချာသာ မှတ်ပါတော့တဲ့....၊ ဟောဒီက ဝေဒနာက္ခန္ဓာကြီးဟာ တခြား

လား အောက်မေ့တယ် ဖြစ်ရတာလဲ ဒုက္ခသစ္စာ၊ ပျက်ရတာလဲ ဒုက္ခသစ္စာဘဲလို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ တိုးတက်ပြီး မြင်လိမ့်မယ်....(မှန်ပါ့)။

မုန်းပြီးသည်၏ အခြားမဲ့၌ ဖြစ်ဒုက္ခ ပျက်ဒုက္ခပါလား...။ ဒါမှတပါး ဘာမှ မရှိဘူးလို့ မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား) မြင်တဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါး ဖြစ်သောကြောင့် ဒီက ခန္ဓာကြီးပါ အကုန်ပျောက်တယ်....(မှန်ပါ့)။

ခန္ဓာအကုန်ပျောက်တော့ နောက်က ဒိဋ္ဌိ အုပ်ချုပ်တဲ့တရားတွေ အကုန်ပျောက်တယ်....(မှန်ပါ့) မပျောက်သေးဘူးလား.... (ပျောက်ပါတယ်ဘုရား)ဟောဒီ့ အပါယ်လေးပါးကြီးကော.... (ပျောက်ပါတယ်ဘုရား)။

ဪ... ဒါဖြင့် ကုန်အောင်လိုက်တော့လဲ တကာတကာမတို့ ဝေဒနာကုန်အောင်လိုက်တဲ့ အခါကျတော ဒိဋ္ဌိအကုန်ပြုတ်၍ အပါယ်လေးပါးပါ ပြုတ်တယ်....( မှန်ပါ့ )ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝေဒနာက ဒုက္ခသစ္စာ....(မှန်ပါ့) မဂ္ဂင်ရှစ်ပါးက ... (မဂ္ဂသစ္စာပါဘုရား)တဏှာ ဥပါဒါန် ကံတွေ ချုပ်တာက သမုဒယသေတာ....(မှန်ပါ့) ဒါ သမုဒယသစ္စာ သုံးခုဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သမုဒယသစ္စာသေတော့ သုတ်ရှိမှ ဇာတိဆိုတဲ့ အပါယ်လေးပါးလာရမှာ။ အပါယ်လေးပါးပါအိုးစားကွဲပြီးသေခဏ်း, ရှင်ခဏ်းပြတ်ပြီးသွားတာက နိရောဓသစ္စာ....(မှန်ပါ့) ဒါ ပဌမနိဗ္ဗာန်ဘဲ....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)

ပဥ္စမနိဗ္ဗာန်ဆိုတဲ့ဥစ္စာတကာတကာမတို့ဟောဒီဖြစ်ပျက်တွေလဲ ချုပ်သွားပါရော ဒီနေရာမှာ ဩော်....ယောဂီပုဂ္ဂိုလ်ဟာ ကိုယ့်ဉာဏ်နဲ့ ကိုယ်ကြည့်ပြီးသကာလ နဂိုရှိတုန်းက ဒီနေရာမှာ မွေးပွဲနဲ့ သေပွဲ ခဏခဏ ဖြစ်နေတာ ဇာတိဒုက္ခနဲ့ မရဏဒုက္ခချည့် ရှိနေတာ ယခု သူ့ကို မလိုချင်တဲ့ဉာဏ်လဲ ပေါ်ပါရော တကာ တကာမတို့ ဒါ ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတဲ့အခါကျလို့ရှိယင်ဖြင့် ဩော် .. ဒုက္ခကင်းရာ နိဗ္ဗာန်ဆိုတာ ဒီနား လာပေါ်တယ်....(မှန်ပါ့) မသေခင် ဒီရှေ့က လာ ပေါ်တယ်....(မှန်ပါ့) ရှုရင်းမတ္တနဲ့ ရှေ့မှာ လာပေါ်တယ်.... (မှန်ပါ့)။

ဒါဖြင့် ရှေ့မှာ လာပေါ်တာက ဘာသစ္စာတုံး....(သမုဒယ သစ္စာပါဘုရား) မဟုတ်ဘူး၊ နိရောဓသစ္စာ....(မှန်ပါ့) ရမ်းလို့ မရဘူး....(မှန်ပါ့ဘုရား) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒုက္ခတွေ ချုပ်သွားတော့ ဒီနေရာမှာ ဒုက္ခနိရောဓော နိဗ္ဗာနံ (မှန်ပါ့)တခါတည်း ရှုရင်းမတ္တနဲ့ကို ခန္ဓာပျောက်သွားတယ်.... (မှန်ပါ့ဘုရား) အဲဒါ ဘာသစ္စာတုံး....(နိရောဓသစ္စာပါဘုရား) ပျောက်မှန်းသိတာက .. (မဂ္ဂသစ္စာပါဘုရား)။

အဲ-နောက်ကသမုဒယသစ္စာတွေကတော့ ဟိုကလဲ ဒုက္ခပျောက် ကရော သူတို့ပါ ရောပျောက်ရတယ်....( မှန်ပါ့ ) သဘောကျ ပလား....(ကျပါပြီဘုရား)။

သူတို့က မီးကိုးဗျ....၊ ဒီက လောင်စာကိုးဗျ....(မှန်ပါ့ဘုရား) လောင်စာကုန်ပေါ့ မီးကျန်ဦးမလား....(မကျန်ပါဘုရား)။

သေသေချာချာ မှတ်ပါ၊ အဂ္ဂိဝစ္ဆပုဏ္ဏားကို ဒီအတိုင်းဟောတယ်....(မှန်ပါ့) လောင်စာကုန်သွားတော့ မီးဘယ်သွားသတုံး ကွ....တဲ့....မေးယင် ဘယ့်နှယ် ဖြေကြမလဲ....(ပျောက်သွားပါတယ်ဘုရား)။

အဲ....ဒီက လောင်စာ ဒုက္ခသစ္စာကုန်၍ မီးသမုဒယသစ္စာ အကုန်ပျောက်ပါတယ် (မှန်ပါ့ဘုရား)။

ဒီ မဂ္ဂသစ္စာသတ္တိဟာ ဘယ်လောက် စွမ်းရည်သတ္တိရှိတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် လောင်စာနဲ့မီး သိမ်းနိုင်တဲ့ နည်းဟာဖြင့် မဂ္ဂသစ္စာဘဲ ရှိတယ်....(မှန်ပါ့ဘုရား)။

လောင်စာနဲ့မီး သိမ်းနိုင်တဲ့နည်းကဖြင့်.... (မဂ္ဂသစ္စာဘဲ ရှိပါတယ်ဘုရား) သဘောပါပလား.. (ပါပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ ဆက်ရှု....(မှန်ပါ့) ဝေဒနာတလုံး ဆက်ရှု၊ ပေါ်ရာလိုက်၊ မရှုတတ်ယင် ဘုန်းကြီးဆီ လာခဲ့ပါ....(မှန်ပါ့)ဟောတဲ့ အထဲကမှ နားမလည်လို့ရှိယင် လာမေးပါ....(မှန်ပါ့)။

ဘုန်းကြီးကတော့ဖြင့် လိုရင်းကို ပြောရတာ တမျိုး၊ မသိသေးတဲ့ ပုဂ္ဂိုလ်တွေအတွက် နည်းနည်းကျဉ်းကျဉ်း ထည့်ရတာက တမျိုးဆိုတော့ အင်မတန် ပန်းပါတယ်....( မှန်ပါ့ )လူကညီတာ မဟုတ်ဘူး....(မှန်ပါ့)။

တကာကြွယ် ညီပါ့မလား....( မညီပါဘုရား ) ဥာဏ်က အမျိုးမျိုး၊ နားက အမျိုးမျိုး....(မှန်ပါ့ဘုရား)။

ဒီအတိုင်း မနေပေဘူးလား.... (နေပါတယ်ဘုရား) တနည်း ဣရိယာပုထ် ပြင်လိုက်တဲ့ အချိန်မှာ ဒီက ပြောနေတဲ့ စကား ကြောင့် ဒီအထဲ ပျက်စီးသွားတဲ့ ပုဂ္ဂိုလ်တွေလဲ အမျိုးမျိုး ပါ သေးတယ်... (ပါပါတယ် ဘုရား) မပါဘူးလား.... (ပါပါတယ် ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့တယောက်ချင်း နှစ်ယောက်ချင်းဆို သလိုဘဲမသိတဲ့ ကွက်ကြားကလေးတွေကျတော့ မေးနိုင်ပါတယ် (မှန်လှပါဘုရား)။

တပည့်တော်တို့ ဘယ်ကစပြီး ဘယ်လိုလုပ်ရမှာတုံးဘုရားဆို တော့ အခု ဒါဖြင့် သောင်းပြောင်း အကုန်နားလည်အောင် ပြောတာဘဲ....(မှန်ပါ့)ဒီအထဲကမှ ချွင်းချက် ရှိသေးတယ်ဆိုယင် လာမေးတာပေါ့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာသစ်ရေ ဖြစ်ပျက်ဆုံးသွားတော့ ဘာ ခေါ်မတုံး....(နိဗ္ဗာန်ပါ)ဖြစ်ပျက်ဆုံးတာ ဘာသစ္စာ....(နိရောဓ သစ္စာပါဘုရား)။

ဒါဖြင့် ရှုရင်း ဆုံးရမယ် - (မှန်ပါ့) ရှုရင်း ဝေဒနာက္ခန္ဓာ ကြီး ဘာဖြစ်ရမတုံး....(ဆုံးရပါမယ်ဘုရား)ပျောက်သွားရမယ်- (မှန်ပါ့)ဆုံးသွားရမယ်(မှန်ပါ့ဘုရား)ဆုံးသွားလို့ရှိယင်ဖြင့် ဖြစ် ပျက်က ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ဆုံး သွားတာ ဘာခေါ်မတုံး....(နိရောဓသစ္စာပါဘုရား)။

ကြောင့်....ဒုက္ခအဆုံး နိဗ္ဗာန်ဆိုတာ ဒါဘဲ.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခအဆုံးက နိဗ္ဗာန်၊ မြင်တာက မဂ်ဉာဏ်.... (မှန်ပါဘုရား) သေတာက သမုဒယသစ္စာ.... (မှန်ပါ) သသဘောကျပလား.... (ကျပါပြီ)။

အပါယ်လေးပါးတံခါးပိတ်တာက သေမှပေါ်လာတဲ့ နိရောဓသစ္စာ.... ( မှန်ပါဘုရား ) မသေခင် နိဗ္ဗာန်မြင်မှ ဟိုအပါယ်လေးပါး မရောက်တာ.... ( မှန်ပါဘုရား ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

သေခါနီးမှ မြင်တယ်ဆိုတာလဲ ရှိပါတယ်.... (မှန်ပါဘုရား) သို့သော် ရှားတယ်....(မှန်ပါ)။

ဒါဖြင့်.... ခင်ဗျားတို့ အလုပ်ကို အခုလို စိတ်ချ လက်ချ မသေခင်က လုပ်ထားတာနဲ့ သေခါနီးမှ လုပ်ရတာနဲ့ ဘယ်ဟာ ကောင်းသတုံး.... ( မသေခင်က လုပ်ထားတာ ကောင်းပါတယ် ဘုရား)။

ဒါဖြင့် မသေခင် ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို မြင်အောင်ကြည့် ပါ... (မှန်လှပါဘုရား)။

ဒါ....နိဗ္ဗာန်ကို ကြည့်ရမှာလားလို့.... မေးလိုက်တဲ့ အခါ ဖြစ်ပျက် ဒုက္ခချည်းကြည့်.... ( မှန်လှပါဘုရား ) သူ့ဟာသူ ခင်ဗျားတို့က ဉာဏ်ရင့်လို့ မလိုချင်တဲ့ဉာဏ်လာယင် ဘာဖြစ် သွားမယ်ထင်သတုံး၊ ဒုက္ခဆုံးသွားမယ်... (မှန်ပါ) သဘော ကျ ပလား....(ကျပါပြီဘုရား)။

ဘာဆုံးသွားမယ်.... (ဒုက္ခဆုံးသွားပါမယ်ဘုရား) ဝမ်းထဲက ဘယ်ဉာဏ်ပေါ်မှ ဆုံးမှာတုံး-(မဂ်ဉာဏ်ပေါ်မှ ဆုံးမှာပါဘုရား) မလိုချင်တဲ့ မဂ်ဉာဏ်ပေါ်မှ ဆုံးမယ်....(မှန်လှပါဘုရား)။

အဲဒါ ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်မှာ....တဲ့ ညနေအားထုတ်ယင် မနက် ဆုံးပါတယ်.... (မှန်ပါ့) မနက်အားထုတ်ယင်.... (ညနေ ဆုံးပါတယ်ဘုရား)။

ဉာဏ်နည်းတဲ့ပုဂ္ဂိုလ် ခုနစ်ရက်ပေါ့ဗျာ.... (မှန်ပါ့) ဒီ့ထက် နည်းတဲ့ပုဂ္ဂိုလ် ဆယ့်လေးရက်....(မှန်ပါ့) ဟာ....ဒီ့ထက် နည်း တယ်ဆိုယင် ခုနစ်နှစ်ကျအောင် လုပ်ရတာများလဲ ပါ·ပါတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ သာတိပဋ္ဌာန်ပါဠိတော်မှာ ဒီအတိုင်း လာသည်ဖြစ်လေ သောကြောင့် ဒါက ပယ်သော အခြင်းအရာအားဖြင့် ချုပ်တာ (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိ ဘာနဲ့ချုပ်သလဲ... ( ပယ်သော အခြင်းအရာ အားဖြင့် ချုပ်ပါတယ်ဘုရား) ပယ်ဖြုတ်, ဖြုတ်ချလိုက်တယ်— (မှန်ပါ့ဘုရား)။

ပယ်ဖြုတ်ဆိုတာ ဒုက္ခဆုံးတာမြင်မှ ပယ်ဖြုတ်,ပြုတ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ပယ်ဖြုတ်ဆို တာ ဘာပါလိမ့်....(ဒုက္ခဆုံးတာ မြင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာတလုံးကို ဖြစ်ပျက် မြင်အောင် ၁-နံပါတ်ကြည့်....(မှန်ပါ့) ဖြစ်ပျက်မှန်းအောင်.... ( ၂-နံပါတ်

ကြည့်ရပါမယ်ဘုရား) ဖြစ်ပျက်ဆုံးအောင်.... (၃-နံပါတ် ကြည့်ရပါမယ်ဘုရား) ၃-နံပါတ်ကျယင် ပယ်ပြုတ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျောင်းထိုင်ဆရာတော် - အဂ္ဂမဟာပဏ္ဍိတ
အခရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား၊
အမရပူရမြို့မှာရှိစဉ် - ဟောကြားတော်မူသော
( ကိုယ့်ခန္ဓာ သုံးသပ်ပုံ )

# နေ့အလုပ်ပေး-တရားတော်
## ( ၁ - ၈ - ၆၁ )

ကိုယ့်ကိုယ် ကိုယ် လူဖြစ်တယ်၊ မဖြစ်တယ်ဆိုတဲ့ဥစ္စာ တောန်ကြစို့လို့ စောစောပိုင်းမှာ ပြောချင်ပါတယ်နော်.... (မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကိုယ် လူဖြစ်တယ်၊ မဖြစ်ဘူးဆိုတဲ့ဥစ္စာ ကိုယ့်ကိုယ်ကိုယ် တောန်တဲ့ ဉာဏ်ကလေး ဆရာဘုန်းကြီးက ပေးပါ့မယ်.... (မှန်ပါဘုရား)။

ကိုယ့်ကိုယ် တောန်တဲ့ဉာဏ်က ဘယ်ဉာဏ်ပါလိမ့်မလဲလို့ အမေးထုတ်တော့ ခန္ဓာကိုယ်ကြီးက ခန္ဓာငါးပါး ရှိတယ်....၊ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်တဲ့ အခါကျတော့ ဘယ်ဟာကလေး ကြည့်လိုက်၊ ကြည့်လိုက်၊ ရုပ်တရားကြည့်လိုက်လဲ ဖြစ်မှုပျက်မှုဘဲ ရှိတယ်....(မှန်ပါဘုရား) ဝေဒနာကြည့်လိုက်လဲ ဖြစ်မှုပျက်မှုဘဲ ရှိတယ်... (မှန်ပါ) သညာဆိုတဲ့ မှတ်သားမှုကလေး ကြည့်လိုက်ပြန်လို့ ရှိယင်လဲ ဖြစ်မှုပျက်မှုဘဲ ရှိတယ်....(မှန်ပါ) သင်္ခါရဆိုတဲ့

စေတနာကလေး သင်္ခါရကလေးတွေ ကြည့်လိုက်ပြန်လဲ ဖြစ်မှု ပျက်မှုဘဲရှိတယ်....(မှန်ပါ့)။

ဘယ်စိတ်ပေါ်ပေါ် အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်ပြန်သဲ ဖြစ်မှုပျက်မှုဘဲ၊ ပေါ်ပြီး ပျက်တာဘဲ....(မှန်ပါ့)။

အဲဒါကလေးတွေကိုမြင်လို့ ဪ....ဒါသည် ခန္ဓာ အရိုက ဖြင့် ဖြစ်ပျက်ဘဲ၊ မိမိဉာဏ် အသိကလဲ ဪ .... ဖြစ်ပျက် ကြည့်လို့ ဖြစ်ပျက်သိတာဘဲ ဆိုပြီးသကာလ နေကြမယ်ဆိုယင် ဖြင့် မျက်စိနှစ်ကွင်း အလင်းရတယ်လို့ မှတ်လိုက်ပါ.... (မှန်ပါ ဘုရား) မျက်စိနှစ်ကွင်း ... (အလင်းရတယ်....လို့ မှတ်ရပါမယ် ဘုရား) ။

ရှိတော့ ရှိတာဘဲဘုရား၊ တပည့်တော်တို့ မိဘရိုးရာ မျက်လုံး ကြီးနဲ့သာ ကြည့်နေရတော့ အရိယာများ ပေးတဲ့မျက်လုံးက မကြည့်ရဘဲ ဖြစ်နေတော့ တပည့်တော်တို့ဖြင့် ရှိပင်ရှိငြားသော် လဲ မမြင်ဘဲနဲ့ သားအမှတ်, သမီးအမှတ်, ဆွေအမှတ်,မျိုးအမှတ် နဲ့ဘဲ အချိန်ကုန်ပြီးသကာလ သေဆုံးသွားကြမယ်ဆိုလို့ရှိယင် ဖြင့် မေးကတည်းက အကန်းကလေး မေးလာပြီး သေတော့ အကန်းကလေး ခေါင်းထဲ ရောက်လေရဲ့....(မှန်ပါ့) သိပ်နစ်နာ တယ်....(နစ်နာပါတယ်ဘုရား)။

မွေးတုန်းက ဘာပါလိမ့်ဗျာ... (အကန်းကလေးမွေးပါတယ် ဘုရား) ခေါင်းထဲသွားတော့လဲ.... (အကန်းကလေးဘဲ သွားပါ တယ်ဘုရား)။

ဪ....ဒါကြောင့် ဘုရားက အန္ဓပုထုဇဉ်- ကန်းတဲ့ပုထုဇဉ် ကွ၊ ဥမ္မတ္တက ပုထုဇဉ်- ရူးတဲ့ ပုထုဇဉ်ကွ....တဲ့....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့.... ဘာနဲ့တူပါလိမ့်မတုံး ...လို့ မေးတဲ့အခါကျတော့ တီကောင်များဟာ မျက်လုံးမပါဘူး.... (မှန်ပါ့) မွေးကတည်းက မျက်လုံးမပါဘဲနဲ့ သွားမိသွားရာ သွားပြီးသကာလ သေမိသေရာ သူများ ပါးစပ်ထဲသော်ငြားငြင်း၊ ချောက်ကျ၍ ကျင်းကျ၍သော်ငြင်း သေကြရှာတယ်ဆိုတော့ ခြော်....အကန်းကလေးမွေးပေါ့၊ အကန်း သွားမိသွားရာသွား အကန်းသေ, သေပြီးသကာလ လမ်းဆုံးရလေရဲ့လို့ ဆိုယင်လဲ တီကောင့်အပေါ်မှာ ဒီအတိုင်း ပြောဘို့ဘဲ.... ( မှန်လှပါဘုရား )။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဆရာဘုန်းကြီး ပေးတဲ့မျက်လုံးကို တပ်ပြီး မကြည့်.... ဘုရားပေးတဲ့ မျက်လုံးကို တပ်ပြီး မကြည့်ဘဲနဲ့ သားကလေးအမှတ်, သမီးကလေးအမှတ်, မိမိကိုယ်အမှတ်, တကယ် မိမိကိုယ်ဘဲလို့ထင်ပြီးသကာလ ဖြစ်မှု ပျက်မှုတွေ မမြင်ဘဲနဲ့ သေသွားကြမယ်ဆိုယင်ဖြင့် ခုနင်က တီကောင်ဟာ တိရစ္ဆာန်ဘဲ.... ( မှန်ပါ့ဘုရား ) သွားတော့ တိစ္ဆာန်သွား,သွားတယ်... (မှန်ပါ့)သေတော့ကော....(တိရစ္ဆာန် သေ,သေပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ကိုယ့်ကိုယ်ကို သေသေ ချာချာ ဝေဘန်ကြည့်တော့မှ ရှိတတ်တဲ့ လက္ခဏာတွေ အကုန် ပါ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတာရှိတယ်၊ ဖြစ်ပျက်ပါဘဲ ပေါင်း လိုက်တော့....(မှန်လှပါဘုရား)။

အဲဒါ မသိဘဲနဲ့ တကာတကာမတွေ သေမယ်ဆိုလို့ရှိယင် တိရစ္ဆာန်ကလေးမွေး၊ တိရစ္ဆာန်ကလေး အသက်ရှည်နေတယ်၊ တိရစ္ဆာန်သေ, သေသွားလေရဲ့ဆိုယင်ဖြင့် တကာကြွယ် မငြင်း

နဲ့တော့ ...နော်....(မငြင်းပါဘုရား) ဒီအတိုင်း ဖြစ်မသွားပေဘူး လား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ....တဲ့၊ ဒီအမြင်မှန်ကလေး ရဘို့ဖြင့် ကြိုးစားကြစမ်းပါဆိုတာ ဘိုက် တွန်းရတယ်....(မှန်လှပါဘုရား)။

ခန္ဓာကိုယ်ထဲ ဖြစ်ပြီးပျက်တဲ့ ဥဒယဗ္ဗယ ရှိပါတယ်၊ ဥဒယ-ဝယ ရှိတာကို ဥဒယ-ဝယ သိတဲ့ဉာဏ်ကလေးနဲ့ သေကြမယ်....၊ ဥဒယ-ဝယ မှန်းတဲ့ဉာဏ်ကလေးနဲ့ သေကြမယ်၊ ဥဒယ-ဝယဆုံးတဲ့ ဉာဏ်ကလေးနဲ့ သေကြမယ်လို့ အခုပြောတဲ့ စကားသုံးလုံးကို တကာတကာမတွေသည် ဥဒယ-ဝယ အဆုံးနဲ့ သေကြမယ်ဆိုယင် ဖြင့် ပုထုဇဉ်အကန်း မွေးငြားသော်လဲ အလယ်ပိုင်းဟာ ဉာဏ် မျက်စိ အသင်းရသွားတယ် (မှန်ပါ)။

သေတဲ့အခါကျလို့ရှိယင်ဖြင့် ဩော်.... အသေကောင်းတဲ့ အလင်းရပြီးသကာသ သေသွားတဲ့အတွက် အပါယ်လေးပါးဖြင့် မလားရပေဘူး....လို့ ဆိုတဲ့ အဓိပ္ပါယ်ဟာ သေသေချာချာ သက် ရောက်ပါတယ်....(မှန်ပါ))။

ဒါ့ကြောင့်ဘုန်းကြီးတို့ဘကာတကာမတွေသည် ဓိတရားမျိုး ရှားလဲရှားတော့ ကြိုးစားလဲ ကြိုးစားပြီးတော့ ဩော်.... ဒါမှ သာလျှင် အလင်းရတဲ့တရားပါလား၊ ဒါမှသာလျှင် အမြင်မှန် ပါလားဆိုပြီးသကာလ တကာတကာမတို့ ကိုယ့်ခန္ဓာ အရှိနဲ့ ကိုယ့်ဉာဏ်အသိကို တခါတည်း ကိုက်အောင် ကြည့်စမ်းပါ... (မှန်ပါဘုရား)။

ကိုယ့်ခန္ဓာအရှိနဲ့ ကိုယ့်ဉာဏ်အသိနဲ့.... ( ကိုက်အောင်ကြည့်ရ ပါမယ်ဘုရား)။

ထိုကဲ့သို့ ကိုက်အောင် ကြည့်လိုက်ပြီဆိုမှဖြင့် တကာတကာမတို့ ကိုယ့်ခန္ဓာကြီးကို တကယ်အရှိကို တကယ်ဉာဏ်နဲ့သိပြီဆိုမှဖြင့် အမှန်သိဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) အဲဒီကျတော့မှ သမ္မာဒိဋ္ဌိမျက်လုံး ဖြစ်လာတယ်....(မှန်ပါ့)။

သမ္မာဒိဋ္ဌိမျက်လုံး ဖြစ်ပြီးသကာလ လာတော့ သမ္မာသင်္ကပ္ပ မျက်မှန်ကောင်းရလို့ သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ မြင်တာ.... ( မှန်ပါ့ဘုရား)။

သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဝါယာမ ဆိုတဲ့ မဂ္ဂင်သုံးပါး အကူအညီနဲ့ အင်း....အရိယာမျက်လုံးဖြင့် စုံပေါ့.... (မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီလို အရိယာမျက်လုံးနဲ့ စုံပြီးသကာလ ကိုင်း.... သူများမမြင်တဲ့ နိဗ္ဗာန်ကိုဘဲ ဖြစ်ပျက်အဆုံးဖြစ်တဲ့နိဗ္ဗာန်ကိုမြင်ပြီး သေရမယ် ဆိုတော့ တကာတကာမတို့ ပြုံးပြီး သေခါနီးမှာ သေရရှာတယ်....(မှန်ပါ့)။

နို့မဟုတ်လို့ယင် ဒီအမြင်မှန် မရဘဲနဲ့ စုံလုံးကန်းသေ, သေကြမယ်ဆိုလို့ရှိယင်ဖြင့် သေခါနီးကျတော့ နိမိတ်တွေက ခွေးနက်ကြီးတွေ ထင်လိုထင်၊ ငရဲမီးတွေ မြင်လိုမြင်၊ တောတွေ, တောင်တွေ,ချောက်တွေ, ချားကြီးတွေ ထင်ချင်ထင်.... (မှန်ပါ့ဘုရား)။

ငါဖြင့် အနေမှားနေခဲ့တဲ့အတွက် အသေမှားဖြင့် သေရပြီဆိုပြီးသကာလ တကာတကာမတို့ ကန်လိုက်, ကျောက်လိုက်, ညည်းလိုက်, ညူလိုက်, အော်လိုက်၊ ကယ်ပါဦး·ယူပါဦး၊မကယ်နိုင်ကြ တော့ ဘူးလား .... · မယူနိုင်ကြတော့ဘူးလား.... ဆိုတဲ့ ကြောက်လုံး,လန့်လုံးနဲ့ သေသွားတယ်....(မှန်ပါ့ဘုရား)။

မျက်စိနှစ်ကွင်း အလင်းမရပြီဆိုမှဖြင့် ကြောက်လုံး လန့်လုံးနဲ့ သေတော့ မဲ့သေ သေရတယ်ဆိုတာ ဘုရားကလဲ ဟောခဲ့တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ပြုံးသေကလေး သေသွားရတဲ့အခါကျလို့ ရှိယင်ဖြင့် သြော်... သူတော်ကောင်းမို့ ပြုံးနိုင်တာဘဲ...(မှန်ပါ့) ပြုံးနိုင်တဲ့ မဂ်လေးတန်ရပြန်တော့လဲ နိဗ္ဗာန်မြင်တယ်....(မှန်ပါ့)။

မဂ်လေးတန် မရပြန်ဘော့လဲ သုဂတိကနေ နိဗ္ဗာန်ကူးမှာဖြစ်လေသောကြောင့် သုဂတိနိမိတ်တွေ မြင်လာတယ်....(မှန်ပါ့) သြော်....ငါသည် အနေကောင်း နေခဲ့လို့ အသေကောင်းဖြင့် သေရပေါ့ဆိုပြီး ပြုံးရှာတယ်....(မှန်ပါ့)။

တနည်းအားဖြင့်လဲ မြေအိုးတွေကို စွန့်ပြီး ရွှေအိုးတွေ ရမှာဖြစ်သောကြောင့် ပြုံးရှာတယ်....(မှန်ပါ့)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်း ၁၇၉၂-ကြိမ်တိုင်တိုင် ဈာယထ=ဝိပဿနာရှုကြ၊ မာပမာဒတ္ထ=မေ့လျော့ပေါ့ဆ၍ မနေလိုက်ကြနဲ့၊ ပစ္ဆာ=သေရာညောင်စောင်း လျောင်းစက်တဲ့အခါကာလကျမှ၊ ဝိပ္ပဋိသာရိနော=နှလုံးမသာယာခြင်း ရှိကြကုန်သည်၊ မာ အဟုဝတ္ထ = မဖြစ်ကြကုန်လင့်၊ အယံ=ဤဆိုခဲ့တဲ့ စကားသည်၊ ဝေါ တုမှာကံ=သင်ချစ်သားတို့အား၊ အမှာကံ=ငါဘုရားတို့၏၊ အနုသာသနီ=အကြီးအကျယ်ဆုံး ဆုံးမခြင်းပါပေတည်း ဆိုတာ အကြိမ်ပေါင်း....(၁၇၉၂ကြိမ်)မှာတယ်....(မှန်ပါ့)။

ဝိပဿနာ ရှုကြကွ....ဝိပဿနာ ရှုကြကွ....၊ မဲ့သေ သေရလိမ့်မကွ...၊ ဝိပဿနာ မရှုယင် မဲ့သေ သေရလိမ့်မယ် .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက အခုတွေ့တဲ့ အာရုံကလေးတွေကို အဟုတ်ထင်မနေပါနဲ့ (မှန်ပါ့) အခုတွေ့တဲ့ အာရုံကလေးတွေက သားကလေးက ငယ်ငယ်ကလေး သမီးကလေးက လူလားမမြောက်သေး၊ အပိုတွေ မလုပ်ပါနဲ့ .... (မှန်ပါ့) ခင်ဗျားတို့ကို ကယ်မည့် ယူမည့်လူ မဟုတ်ပါဘူး .... ( မှန်ပါ့ ) ခင်ဗျားတို့၏ ရန်သူအကြီးစားတွေပါ....(မှန်လှပါဘုရား)၊

ရန်သူ အကြီးစားတွေကို ခင်ဗျားတို့က သားကလေးတွေကို မွေးဖွါးပြီး လာတယ်၊ ရွှေပေါ် မြတင်ရယ်လို့ ခင်ဗျားတို့ ယုယလေလေ မိဘဝတ္တရားထက် ပိုပြီးသကာလ ယုယလေလေ သေခြင်းဆိုးသေဘို့ အားထုတ်လေဘဲ... ( မှန်ပါ့ ) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အခု အချိန်ကလေး ဆရာကောင်း သမားကောင်းနဲ့ တွေ့တုန်း မပေါ့လိုက်နဲ့နော်.... (မှန်ပါ့)။

ပေါ့လိုက်ပြီဆိုမှဖြင့် ဘုန်းကြီးပြောပြမယ်၊ တကာတကာမတို့ သေကာနီး ငရဲနိမိတ်တွေက ထင်တော့ ထင်လာတဲ့ နိမိတ်အတိုင်း ငရဲရောက်သွားတယ်....(မှန်ပါ့)။

ငရဲရောက်သွားပြီဆိုယင် ငရဲသက်ကို ရဟန်းတပါးက မေးတယ်... (မှန်ပါ့)ငရဲသက်ဟာ တခါကျယင် ဘယ်လေခက် ကြာ

ပါလိမ့်မလဲ ဘုရားတဲ့....၊ ငါ မပြောနိုင်ဘူးကွတဲ့....(မှန်ပလှပါဘုရား)။

မသိလို့လားလို့ မေးတော့ သိပါရဲ့တဲ့....၊ ရှည်လွန်းလို့ မပြောနိုင်ဘူး ...(မှန်ပါဘုရား)။

တကာတကာမတို့ တချက်တိမ်းယင် ပြန်တက်ဘို့ ရှိသေးသလား....(မရှိပါဘုရား) မဆိုးဝါးဘူးလား... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အသိဉာဏ် သာမည နဲ့တော့ အင်း... တိုက်ကြီးတည်လို့ ကားစီးလို့ စိန်တွေ ရွှေတွေ ပိုင်းရဲလို့ ကုန်တိုက်ကြီးတွေ ဖွင့်ပြီး ကုန်ပစ္စည်းတွေနဲ့ ကုန်ဖော်တွက်လေ.... အင်မတန်ကောင်းလေ ခင်ဗျားတို့က ပြောဘ် အကျိုးပေး သန်လိုက်တာ (မှန်ပါ) ဘယ်ဟုတ်မလဲ လောကီအကျိုးပေးတော့ သန်တာပေါ့၊ လောကုတ္တရာဘက်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တားနေတာ .... (မှန်လှပါဘုရား)။

လောကုတ္တရာဘက်က ကြည့်လိုက်တော့ .... (မဂ်ဉာဏ် ဖိုလ်ဉာဏ် တားနေတာပါဘုရား)။

မဂ်ဉာဏ် ဖိုလ်ဉာဏ် တားနေတယ်ဆိုကာ ဘည်းကာ အပါယ်လေးပါးတံခါးက ပွင့်နေတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာကြွယ် ဒါတွေ အပိုတွေနော်.... (မှန်ပါ) အပိုဟုတ်တယ်, မဟုတ်တယ် တကာဘကာမတို့ ဒီပစ္စည်းတွေ ဒီဘက်က သိန်းတရာလောက် ပုံထား၊ ဒီဘက်က သိန်းတရာလောက် ပုံထား၊ ကြားထဲမှာ မမာကြည့်တော့မှ ဒီပစ္စည်းသည် ရင်ထဲပူနေတာ အေးအောင်လဲ မတတ်နိုင်ဘူး....(မှန်ပါ) အနာ

သက်သာအောင်ကော....(မတတ်နိုင်ပါ) ဘာမှ မတတ်နိုင်ဘူး.... ဆိုကြပါစို့....(မှန်ပါ)။

အဲဒီကော့ မတတ်နိုင်တော့ မတတ်နိုင်တာတွေ တကာကြွယ် တို့က ရှာပြီး စုဆောင်းနေသလားလို့ မေးလို့ရှိယင်ဖြင့် အရှင် ဘုရား....မသိကြလို့မှားကြပါတယ်....(မှန်ပါ) အဖြေ မထွက်ရ ဘူးလား....(ထွက်ရပါတယ်)၊ အဲဒီတော့မှားတာတော့ မသိခင်က မှားတာ မှားကြပါစေတော့၊ မသိတဲ့လူဟာမှားမြဲဘဲ၊မှားတာကို သိတဲ့အချိန်မှာ မှားသက်မရှည်စေနဲ့.... (မှန်ပါ)။

မှားပြီး သိတဲ့အချိန်မှာ....(မှားသက် မရှည်ရပါဘုရား)အခု တကာတကာမတွေက ဘုန်းကြီးက မြည်တယ်, တွန်တယ်လို့လဲ မအောက်မေ့ပါနဲ့....(မှန်ပါ)။

ဘုန်းကြီးစိတ်နဲ့ထားပြီးသကာလ ပြောတယ်လို့လဲ ခင်ဗျား တို့က အပြစ်မတင်ပါနဲ့... (မှန်ပါ)ခင်ဗျားတို့ အကျိုးသက်သက် ကို ပြောတာလို့သာ မှတ်ပြီး နာထောင်ပါ... (မှန်ပါ)။

အဲဒီတော့ သိပြန်တော့လဲ အလုပ်တွေကဘုရား....ကျယ်လွန်း လို့ အသိမ်းအဆည်း သိပ်ခက်နေပြီဆိုတော့ ဩော်....သေကာနီး တော့ သေရှာသွားတော့ ခက်နေပြီ၊ ကျုပ်မသေပါရစေနဲ့ဦးဆို လို့ ရရဲ့လား....(မရပါဘုရား)။

အဲဒီ့ အပိုတွေကိုလဲ မသုံးပါနဲ့....( မှန်ပါ ) သေကြည့်လိုက် တာပေါ့၊ သေတော့ ဒီပစ္စည်းတွေက မပြီးပြတ်သေးလို့ စာရင်း မချုပ်,အင်းမချုပ်နဲ့ ရှိနေသေးလို့ ကျုပ်ကို ဆိုင်းခွင့်ပေးပါဦးဆို လို့ ရရဲ့လား... (မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် ကိုးစားရာ အားထားရာ ဆိုလို့ရှိယင် သူတို့နဲ့ တံစိုးလက်ဆောင်ပေးပြီး သေမင်းတားနိုင်ဘို့ ဝတ္တရားရှိပါတယ်....( မှန်ပါ ) ယခုတော့ ဒီလို ဖြစ်နိုင်ရဲ့လား... (မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ခင်ဗျားတို့သည် အခုမှ အဝိဇ္ဇာက ဖုံးလို့ မေ့လို့ပါ၊ ခင်ဗျားတို့ ရွှေသူဌေးကြီးတွေ, စကြာဝတေးမင်းကြီးတွေ, မန္ဓာတ်မင်းကြီးတွေ ဖြစ်ဘူးလှပါပြီ.... (မှန်ပါဘုရား) နိဗ္ဗာန်တော့ဖြင့် မရခဲ့တာ အမှန်ဘဲ....(မှန်ပါ ဘုရား)။

ယခုတော့ဖြင့် တကာတကာမတွေ ခန္ဓာကိုယ်ကြီးက ဒီကို လာကြတယ်၊ မန္တလေးက လာလာ....၊ တောင်မြို့က လာလာ....၊ အဝေးကဘဲ လာကြသာကြ အသုဘခန္ဓာကြီး ထမ်းပြီး လာကြ ရတယ်....(မှန်ပါ)။

မသေခင်ကျတော့လဲ ပြန်တော့မယ်။ ဘာထမ်းပြီး ပြန်ကြ မလဲ....(အသုဘခန္ဓာကိုယ်ကြီး ထမ်းပြန်ပါမယ်ဘုရား)။

ဩော်...ခင်ဗျားတို့ဟာ ခင်ဗျားတို့တော့ဖြင့် သွားနိုင်လာ နိုင်သေးလို့ တော်သေးရဲ့လို့ အောက်မေ့တယ်.... (မှန်ပါ ဘုရား)။

ကိုယ့်ဟာ ကိုယ်အရိယာမျက်လုံး တပ်ကြည့်လိုက်တော့ အသု ဘတွေထမ်းပြီး လာခဲ့ကြရတယ်....(မှန်ပါ)အသုဘတွေထမ်းပြီး- (ပြန်ကြရပါမယ်ဘုရား)။

နောက်ဘဝတွေ ဒီလိုများ ဖြစ်ဦးမယ်ဆိုလို့ရှိယင်ဖြင့် သူ ကောင်ထမ်းသမားဘဝ အဖြစ်မှုကို လွတ်ရေး, ကျွတ်ရေး မမြင် သေးပါဘူး....(မှန်ပါ)။

ခင်ဗျားတို့က ဒွန်းစဏ္ဍား စဏ္ဍာလမှ သူကောင်ထမ်းလို့ .... အောက်မေ့နေတယ်....(မှန်ပါ့) ဟိုက သူများဟာ ထမ်းတယ်၊ သူ့ကိုယ်လဲ သူထမ်းတယ်၊ သူများဟာလဲ ထမ်းတယ်....(မှန်ပါ့) ဟိုက နှစ်ဖက်ထမ်းပေါ့ဗျာ....(မှန်ပါ့)။

ဒီကတော့ကို ကိုယ့်ကိုယ် ကိုယ်ထမ်းတယ်....(မှန်ပါ့) တနည်း ကိုယ့်သားသမီးကလေးတွေ ကိုယ်မွေ့ချိပြီးသကာလ မထမ်းကြဘူးလား....(ထမ်းပါတယ်ဘုရား)။

ကိုယ့် သားသမီးကလေးတွေကလဲ အသုဘဘဲ....(မှန်လှပါ) ကိုယ့်ထမ်းတဲ့ ပုဂ္ဂိုလ်ကကော....(အသုဘပါဘဲဘုရား)။

ဩော်... ဒါဖြင့် မထူးခြားလှပါဘူး....(မှန်ပါ့ဘုရား) ထူးခြားသေးရဲ့လား....(မထူးခြားပါဘုရား)။

အဲဒီ ဇာတ်တော့ကို တကာတကာမတို့ အရိယာမျက်လုံး တပ်ပြီး အရိယာပုဂ္ဂိုလ်တွေက ကြည့်လိုက်တဲ့အခါကျတော့ ရှံလွန်းလို့ စက်ဆုပ်လွန်းလို့ ဒီ အသုဘခန္ဓာကိုယ်ကြီး ဘယ်တော့များ စွန့်ရပါ့မတုံးဆိုတာ ရဟန္တာဖြစ်တဲ့နေ့က စ,ပြီး ညည်းလုံးများ ထုတ်ကြတယ်... ( မှန်ပါ့ )သူကောင်ထမ်းဘဝမှ လွတ်ချင်လွန်းလို့....(မှန်ပါ့)။

ဒီ တကာတကာမတွေက ရွှေတွဲလွဲ ငွေတွဲလွဲ စိန်တွဲလွဲ မြတွဲလွဲနဲ့များ ထမ်းရမယ် ဆိုလို့ ရှိယင် ပြုံးများ ထမ်းလိုက်သေးတယ်....(မှန်ပါ့)။

အံ့မာလေး.... ရှုးချက်သန်လိုက်တဲ့ ဖြစ်ခြင်းမှ မပြောပါနဲ့တော့ .. ( မှန်ပါ့ဘုရား ) တကာကြွယ်...ဘယ့်နှယ်လုပ်မလဲ.... (ရှုးချက်သန်ပါတယ်ဘုရား) မဆိုးဝါးဘူးလား.... (ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ အတွင်းမှာရှိတဲ့ ကျင်ကြီး,ကျင်ငယ် သလိပ်, သွေး,ပြည် အကုန်မပါဘူးလား... (ပါပါတယ်ဘုရား) သွားရာမှာ ချထားခဲ့ရသလား.... ထမ်းမသွားရဘူးလား....(ထမ်းသွားရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာတွေများ ထမ်းလာကြသတုံး....မေးယင် ဘယ့်နှယ်ပြောပါ့မလဲ....(အသုဘတွေ ထမ်းလာပါတယ်) နို့... ပြန်တော့ ဘာတွေ ထမ်းပြန်ရသလဲ....(အသုဘတွေ ထမ်းပြန်ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အရိယာမျက်လုံး တပ်ကြည့်တဲ့အခါကျလို့ရှိယင်ဖြင့် အသုဘထမ်းသမား သွားဖြစ်နေတယ်....(မှန်ပါ့)။

တကာကြွယ်.... ဘာဖြစ်နေပါလိမ့် .... (အသုဘထမ်းသမားတွေ ဖြစ်နေပါတယ်ဘုရား)။

ဒါဖြင့် ဒီဟာကို ကျွတ်ဘို့ လွတ်ဘို့အရေးဟာဖြင့် ကျုပ်တို့ဖြင့် ဒီအမျိုးထဲ မဖြစ်ပါရစေနဲ့၊ ရဟိုင်းသင်းချိုင်းမှာ သုဘရာဇာတွေ ရှိလို့၊ ဒီအမျိုးထဲ မဖြစ်ပါရစေနဲ့ဆိုတာ ဒီခန္ဓာ မဖြစ်ပါရစေနဲ့ဆိုမှ ကိုက်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာမဖြစ်ပါရစေနဲ့ဆိုမှ ကိုက်တာတုံး...(ဒီခန္ဓာ မဖြစ်ပါရစေနဲ့ဆိုမှ ကိုက်တာပါဘုရား)။

အဲ....ဒီခန္ဓာ မဖြစ်ပါရစေနဲ့ဆိုဘော့ ဒီ အသုဘ ဒုက္ခသစ္စာကြီး ထမ်းရသေးရဲ့လား....( မထမ်းရပါဘုရား ) အဲ....နိဗ္ဗာန်

ဆိုတာ တကာတကာမတို့ အသုဘလဲ မရှိဘူး၊ ဒုက္ခသစ္စာလဲ မရှိဘဲနဲ့ ချမ်းသာမှု သက်သက်နဲ့ သန့်ရှင်းမှု သက်သက်နဲ့ နေတာဟာ နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ.. (မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီ နိဗ္ဗာန်ကို တကာတကာမတွေက ဒါဖြင့်ဘုရား....ဘုရားတပည့်တော်တို့ ယခု အရှင်ဘုရား မျက်လုံး တပ်ပေးတာနဲ့ဘဲ အလာလဲ ကိုယ့်အသုဘ ကိုယ်ထမ်းလာခဲ့ရတယ်....၊ အပြန်လဲ ကိုယ့်အသုဘ ကိုယ်ထမ်းပြန်ရတယ်....၊ ခရီးဝေးလို့ ရှိယင်ဖြင့် ထမ်းစင်ဆိုတဲ့ မော်တော်ကားနဲ့ ထမ်းပြန်ရတယ်.... (မှန်ပါ့) ခရီးဝေးတော့ ခရီးဝေးတော့.. (မှန်ပါ့)။

တကာကြွယ် ဘာနဲ့ ထမ်းလာခဲ့ရသလဲ.... (ထမ်းစင်နဲ့ ထမ်းလာခဲ့ရပါတယ်ဘုရား)။

အံမာ.. ခင်ဗျားတို့က မော်တော်ကား ၄–၅–သောင်းတန် ဆိုသလို စီးနိုင်တာနဲ့ ငါ့ထမ်းစင်က ကြက်သရေရှိတယ် ထင်ယင်တော့ လွဲပါသေးရဲ့ .... ( မှန်လှပါဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ ဘယ်သူမှ ကြက်သရေမရှိဘူးမှတ်ပါ....(မှန်ပါ့ဘုရား) လှည်းစီးလဲ ထမ်းစင်ဘဲ၊ ကားစီးကော....(ထမ်းစင်ပါဘဲဘုရား) ဘာတွေထမ်းသတုံးမေးတော့ အသုဘထမ်းတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီ အသုဘထမ်းတာချင်းဘဲ မသိသေးတဲ့ အရိယာမျက်လုံး မတပ်ရသေးတဲ့ပုဂ္ဂိုလ်က

သူ့ထမ်းစင်က သာသာလိုလို....( မှန်ပါ )ငါ့ထမ်းစင်က ခေတ်နောက်ပေါ် နံပါတ်အဆုံးဆိုပြီးသကာလ ကားမျိုးကို ပုံအမျိုးမျိုးပြုပြီး ရောင်းစားတာကို ထမ်းစင်ကောင်းများ ရွေးပြီး တကာကြွယ် ကားလဲ စီးသေးတယ်ဗျ....( မှန်ပါ့ )မဆိုးဝါးဘူးလား....( ဆိုးဝါးပါတယ်ဘုရား )ထမ်းစင်ရွေးတာ....(မှန်လှပါဘုရား)။

ဘာရွေးတာတုံး....(ထမ်းစင်ရွေးတာပါ)ဒါ နာနာပြောတာလား.... အမှန်လားဆိုတော့....( အမှန်ပါ ) စဉ်းစားမိပလား....(စဉ်းစားမိပါပြီဘုရား)။

အဲဒါ ကားစီးတဲ့ လူအပေါင်း လှည်းစီးတဲ့ လူအပေါင်းဟာ သြော်... ခန္ဓာကြီးကလဲ အသုဘ၊ အောက်က စီးလာရတာလဲ ထမ်းစင်... (မှန်ပါ့) ထမ်းစင်နဲ့ အသုဘနဲ့ဖြင့် မဟပ်တာ အမှန်ဘဲဟ....(မှန်ပါ့)။

ခင်ဗျားတို့ ထမ်းစင်ဟာခုကို ရဟိုင်းသင်းချိုင်းက အိမ်များ ပြန်ထမ်းတယ်လို့ ရှိသေးသလား....(မရှိပါ) ဘာဖြစ်လို့လဲ.... ထမ်းစင်မို့ဘုရား....( မှန်ပါ့ဘုရား )ရှင်းပလား....( ရှင်းပါပြီ ဘုရား )။

ခင်ဗျားတို့ကားကလေးကျတော့ တိုက်ကလေးထဲ သော့ခတ်လို့....၊ အံမာ... တကာကြွယ်တို့က ဖြစ်နေလိုက်တာ .... (မှန်ပါ့) ထမ်းစင် ပြန်သိမ်းတယ်....(မှန်ပါ့)။

မသာပို့တာ ဒီထမ်းစင်နဲ့ သွားပို့လိုက်တယ်၊ပြန်လာတော့ ထားပစ်ခဲ့သလား....ဒီကားကို ..(မထားပစ်ခဲ့ပါ) အိမ်မှာ တိုက်ကလေးထဲ သော့ခတ်ပြီး သိမ်းတယ်(မှန်ပါ့)။

ဒါက အရိယာမျက်လုံး မတတ်သေးခင်တော့ဖြင့် ထမ်းစင် အဖြစ်လဲ မသိသေး တကာကြွယ်ရေ....(မှန်ပါ)ထမ်းတဲ့ အသုဘ လဲ....(မသိသေးပါဘုရား)။

ကဲ....အခုတော့ဖြင့် ခေတ်ပေါ်မှုတွေ စီးပြီး သွားနေရတာ ထမ်းစင်ပါလား....(မှန်ပါ) စီးနေတဲ့ ပုဂ္ဂိုလ်ကလဲ သုဘလား.... အသုဘလား....(အသုဘပါဘုရား)။

ဒီ ထမ်းစင်နဲ့ ဒီ အသုဘနဲ့ ဘယ်တော့မျှား ခွဲရပါမလဲ....၊ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့ ရှက်စရာကောင်းလွန်း လို့....(မှန်ပါ)သဘောကျပလား... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးများကျတော့ ပဋိသမ္ဘိဒါပတ္တတွေ ဈာနလာဘီပုဂ္ဂိုလ်တွေကျတော့ တကာ ကြွယ် ထမ်းစင် ရှာသေးရဲ့လား....(မရှာပါ)ကွေးတဲ့လက် ဆန့် သလောက်အချိန်နဲ့ ဗြဟ္မာပြည်များ ရောက်သွားတယ်....(မှန်လှ ပါဘုရား)ထမ်းစင် ပါသေးရဲ့လား....(မပါပါဘုရား)။

ဘယ့်နှယ်ကြောင့် မပါပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့မှ သူတို့မှာတော့ဖြင့် တကာတကာမတို့ ကိလေသာ ရန်သူ တွေက ဝမ်းထဲမှာ ငြိမ်းနေသောကြောင့် အညစ်အကြေးတွေ မရှိတဲ့အတွက် ကွေးတဲ့လက် ဆန့်သလောက်နဲ့ နတ်ပြည်သွားလဲ ရောက်တယ်၊ ဗြဟ္မာပြည်သွားလဲ....(ရောက်ပါတယ်ဘုရား)။

ဒါဟာ သုဘခန္ဓာကိုယ်ကြီး ဖြစ်နေတဲ့အတွက် တကာကြွယ် မရောက်လွယ်ဘူးလား....(ရောက်လွယ်ပါတယ်ဘုရား)။

ဒီမှာတော့ ထမ်းစင်နဲ့ ထမ်းတာတောင်မှ ခါးကျိုးမတတ်

တခါဘလေ ဖြစ်သေးတယ်....(မှန်ပါ့)မဖြစ်ဘူးလား-ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

အသုဘခန္ဓာကိုယ် အညစ်အကြေး စုဝေးတာ များလွန်းလို့ ဆိုယင်ဖြင့် ငြင်းစရာလိုသေးသလား....(မလိုပါဘုရား)။

အေး....ဒါ့ကြောင့် ဒီဆရာဘုန်းကြီးက ဒီဇာတ်တွေ ထမ်းစင်နဲ့ အသုဘဇာတ်ကိုဖြင့် စခန်းသတ်မှသာလျှင် နိဗ္ဗာန်ဆိုတဲ့ အရပ်သို့ ရောက်တော့မှာဘဲ၊ နိဗ္ဗာန်မှာ ထမ်းစင်လဲ မရှိဘူး၊အသုဘလဲ မရှိဘူး...(မှန်ပါ့)။

တကာကြွယ်တို့ အရောက်သွားရလိမ့်မယ်.... (မှန်ပါ့ဘုရား) မသွားယင် တော်ပါ့မလား....( မတော်ပါ ) ထမ်းစင်ရှာရတဲ့ စရိတ်ကလဲ မသေးလှဘူးနော်....(မသေးပါဘုရား)။

တကာကြွယ် သေးပါ့မလား....(မသေးပါ) မသေးဘူး....၊ မသေးဘူး၊ အခုအခါမှာ ၂-သောင်း၊ ၃-သောင်းတန်တဲ့ ကား ဆိုလို့ရှိယင် လိုင်စင်ရမှ ပြင်ဘက် ဝယ်မယ်ဆိုယင် ၂-သောင်းက ၄-သောင်းဖြစ်မယ်....(မှန်ပါ့) ၅-သောင်းဖြစ်မယ်၊ ၇-သောင်း ကျအောင်ရှိတယ်...အစရှိသည်နဲ့ အမျိုးမျိုး အဖုံဖုံ ပေါနေပါ တယ် ...(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ဒီဥစ္စာ ထမ်းစင်ရှာရတဲ့ ကိစ္စ ဟာလဲ ဘာ့ကြောင့်တုံးဆိုတော့ အသုဘကြောင့်... (မှန်ပါ့) ရိပ် မိပလား .. (ရိပ်မိပါပြီဘုရား)။

ထမ်းစင်ရှာရတာ ဘာ့ကြောင့်ပါလိမ့်....(အသုဘကြောင့်ပါ ဘုရား) အသုဘခန္ဓာကြီးက ဟိုနားကျယင် မလိုက်တော့ဘူးလို့ သူက ညည်းချင် ညည်းနေတာ .. (မှန်ပါ့)။

ဟိုနားကျ ချွေးထွက်ပြီးသကာလ ထိုင်တော့မည့်ပုံ လဲတော့မည့်ပုံ ယိုင်တော့မည့်ပုံ ရွှဲ့တော့မည့်ပုံ ဖြုန်းကနဲဘဲ လေဖမ်းတော့မည့်ပုံမို့ အသုဘခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးအတွက် တကာကြွယ် အလွန် ပင်ပန်းအောင် ရှာရပါတယ်....(ရှာရပါတယ်)မရှာရဘူးလား ...(ရှာရပါတယ်ဘုရား)။

ဒါဖြင့် ဒီ အသုဘဇာတ်မသိမ်းသ၍ ကာလပတ်လုံး ထမ်းစင်ဝယ်ပေးတဲ့ အလုပ်ဟာ ဇာတ်သိမ်းနိုင်ပါ့မလား.... (မသိမ်းနိုင်ပါ)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာဇာတ်သိမ်းမှ ငြိမ်းအေးတဲ့ နိဗ္ဗာန်ရောက်မယ်ဆိုတာလဲ ပေါ်လာပါပြီ....(ပေါ်ပါပြီ)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် ငြိမ်းအေးတဲ့ ဇာတ်ဟာ တခြားမဟုတ်ပါဘူး၊ ခုနင်က ပြောခဲ့တဲ့ အရိယာမျက်လုံး "သုတဝါ အရိယသာဝကော"ဆိုတဲ့ သုတဝါက အကြားအမြင်များတဲ့၊ အရိယသာဝကော=အရိယာသာဝကဆိုတဲ့ အကြားအမြင်များတဲ့ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့မှ ကိုယ့်ခန္ဓာ အသုဘဒုက္ခသစ္စာပေါ်လာတယ် (မှန်ပါ)။

ပေါ်လာတော့မှ ပေါ်တဲ့အခြင်းအရာကို သိတော့မှ သြော်-အသုဘဒုက္ခသစ္စာပါလားလို့ ရှေးဦးစွာ မြင်လာတယ်....(မှန်လှပါဘုရား)။

ပြီးတော့မှ အသုဘဒုက္ခသစ္စာကြီးထဲ နေရတာ သြော် ....ရွံစရာ မုန်းစရာပါလားဆိုတဲ့ ဒုတိယဉာဏ်တွေ့ တက်လာတယ်··(မှန်ပါ)။

ဒီ အသုဘ ဒုက္ခသစ္စာကြီးနဲ့ အိုစားကဲ့မှဘဲ မလိုချင်မှဘဲ တော်မှာဘဲဆိုယင် မဂ်ဉာဏ်တက်လာတယ်...(မှန်ပါ့)။

အဲဒီ မဂ်ဉာဏ် တက်လာတော့မှ ခန္ဓာကြီးပါ အကုန်ပျောက်တယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) ခန္ဓာပျောက်သွားဘာဟာ အကောင်းပျောက်တာလား....အဆိုးပျောက်သွားတာလား (အဆိုးပျောက်သွားတာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က ခန္ဓာပျောက်သွားတယ်၊ နိဗ္ဗာန်မှာ ခန္ဓာမရှိဘူးဆိုတော့ အဆိုးပျောက်သွားတာ ဝမ်းသာရမယ် (မှန်ပါ့)။

ခင်ဗျားတို့ကတော့ ဘာမှမရှိလို့ ခက်တော့တာဘဲလို့ ယူချင်လဲ ယူလိုက်လိမ့်မယ်...(မှန်ပါ့) စင်စစ်တော့ အဆိုးပျောက်ပြီးသကာလ အကောင်းချည့် ကျန်ရစ်တာကို ဆိုပါတယ်...(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် ဒီဥစ္စာကိုတော့ဖြင့် တကာတကာမတို့ အလုပ်သဘောနဲ့မှဘဲ မြင်အောင် ပြောနိုင်မယ် .... ( မှန်ပါ့ဘုရား)အလုပ်သဘော မပါယင် .... (မြင်အောင် မပြောနိုင်ပါဘုရား)။

ဟောတရားနဲ့တော့ မရဘူး....(မှန်ပါ့) ဟောတရားနဲ့တော့ တကာတကာမတွေ ဘယ်နည်းနဲ့မှ ကိုယ့်ခန္ဓာဒုက္ခသစ္စာလို့ .... မသိပါဘူး .. (မသိပါဘုရား)။

ကိုင်း .... ဒါဖြင့် ဂရုစိုက်ပြီး ကြည့်ကြတဲ့၊ ဆရာဘုန်းကြီး သတိပေးတော့မယ်နော်....(မှန်ပါ့)။

ဒီက, နေပြီးသကာလ တကာကြွယ်တို့ သေတ္တာထဲထားတဲ့ ရွှေတွေ, ငွေတွေ, စိန်တွေ, မြတွေပေါ့ဗျာ....(မှန်ပါ့)ဒါရွှေတွေ, ငွေတွေ, စိန်တွေ, မြတွေထားတဲ့ သေတ္တာဘဲ ဆိုလိုက်ပါတော့.... (မှန်လှပါ)။

ဒီကနေပြီးသကာလ မနောကလေးနဲ့ သွားပြီး ထိလိုက်ပါ.... (မှန်ပါ့) သွားပြီး သူ့ဘက် လှည့်လိုက်ပါ.... (မှန်ပါ့) လှည့်လိုက်တော့ ဒီဖဿဆိုတဲ့ ဓမ္မကလေး မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဩော်....ဒါ အိပ်ရာထဲကနေ သွားထိတာ....( မှန်ပါ့ဘုရား ) ထိလိုက်တဲ့အခါ ဖဿ၊ ဖဿပစ္စယာဆိုတော့ ဩော်.... ငါ့မှာ ဒါလောက်, ဒါလောက် ရှိလို့ ရှိယင်ဖြင့် ဒါတွေ ပိုးတွေ ဝယ်ပြီးသကာလ ဒီကနေ အထည်ဖြစ်ပြီး ရောင်းလိုက်လို့ ရှိယင် ငါ့အတွက် အမြတ်အစွန်း ဘယ်လောက်ဘဲဆိုပြီးသကာလ တဲ့ ဝေဒနာကော.. (လာပါတယ်ဘုရား) လာတယ်နော်... (မှန်ပါ့ ဘုရား)။

ဒါ....အိပ်ရာထဲတွင် ပဋိစ္စသမုပ္ပါဒ်... (မှန်လှပါ) ဘယ်မှာ လာတဲ့ ပဋိစ္စသမုပ္ပါဒ်ပါလိမ့်.... (အိပ်ရာထဲလာတဲ့ ပဋိစ္စသမုပ္ပါဒ် ပါဘုရား)။

အင်း-တကာတကာမတွေကလဲပဋိစ္စသမုပ္ပါဒ်လည်စရာရှားရှား ပါးပါးထိုင်ရင်း လည်ပြီးပြီ၊ ပြောရင်း လည်ပြီးပြီ...၊ ဝတ်ရင်း လည်ပြီးပြီ၊ စားရင်းလည်ပြီးပြီ၊ ကြည့်ရင်း လည်ပြီးပြီ၊ အခု အိပ်ရင်းမတ္တနဲ့ ပဋိစ္စသမုပ္ပါဒ် လည်ဦးမယ်.... (မှန်လှပါ) ဘယ် လောက် ဆိုးဝါးသတုံး....(ဆိုးဝါးပါတယ်ဘုရား)။

ရှေးဦးစွာ စိန်,ကျောက်,မြ,ပတ္တမြားနဲ့တွေ့တာက ဘာပါ လိမ့်....(ဖဿပါဘုရား)။

ဪ....ဒီဥစ္စာတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘော်, တော်သေးရဲ့၊ ဒါလောက် ခံသာရည်ရှိလို့ တော်,ဘော်သေးရဲ့ ဆိုပြီး ဝမ်းသာတာက ဘာပါလိမ့်....(ဝေဒနာပါဘုရား)။

ဒါတော့ဖြင့် အရင်းတော့ အပျောက်ခံလို့ မတော်ဘူးဆိုတဲ့ တဏှာကလေးကကော....(လာပါတယ်ဘုရား)။

ဘယ်နည်းနဲ့မဆိုဒီဥစ္စာကိုတော့ဖြင့်ကိုယ့်လက်ထဲကဖြင့်ဖျောက် ပစ်လို့ မတော်ဘူး၊ အစားထိုးလာလို့ရှိယင် အစားထိုးတာနဲ့ဘဲ နေရမှာဘဲဆိုပြီးသကာလဒီဟာတော့အပျောက်မခံနိုင်ဘူးဆိုတာ က ဥပါဒါန်....(မှန်ပါ့ဘုရား)။

အဲဒီ ကာယကံ·ဝစီကံနဲ့ ကိုယ့်သားမယားတိုင်ပင်လို့ ဒို့-ဒါ လောက်ရှိတာဘဲကွ၊ အဲဒီတော့ ဒို့·ဒါဘယ်လိုရင်း, ဘယ်လို နှိုးမယ်ဆိုလို့ရှိယင်ဖြင့် ဘယ်လိုအကျိုးရှိပါတယ်ဆိုပြီး ထ,များ တိုးတိုးများ ပြောလိုက်သေးတယ်.... (မှန်လှပါ) ဒါက ဝစီကံ ပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကာယကံနဲ့ အိပ်နေယင် နှူးပြောလိုက်သေးတယ်- (မှန်ပါ့) ဒါက ကာယကံ....(မှန်ပါ့)။

ဒါဖြင့် ကာယကံ,ဝစီကံဘျအောင် အိပ်ရာထဲ ပဋိစ္စသမုပ္ပါဒ် မလှည့်သေးဘူးလား....(လှည့်ပါတယ်ဘုရား)။

ကြည့်....ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဝေဒနာပစ္စယာ (တဏှာပါဘုရား) တဏှာပစ္စယာ.... ( ဥပါဒါန်ပါဘုရား )

ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါပါဘုရား) ကမ္မဘဝေါဆိုတာ ကာယကံ ဝစီကံကို ဆိုပါတယ်.... ( မှန်ပါ့ ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဩော်....တကာတကာမတို့ အိပ်ရာထဲမှာ ဘာများ ခင်ဗျား တို့ ကြိုးစားနေကြသတုံးလို့ မေးတဲ့အခါကျတော့တပည့်တော်တို့ ဘုရား....၊ နေ့လယ်က အပါယ်သွားတဲ့ကံတွေစုရတာ အားမရ သေးလို့ အိပ်ရာထဲ ကြံစု စုတယ်ဘုရာ့....(မှန်ပါ့) သွားပေါ့.... (မှန်ပါ့) မသွားသေးဘူးလား....(သွားပါပြီဘုရား)။

တကာကြွယ် ဒီဥစ္စာ အပါယ်မသွားဘူး....လို့ ဆိုလို့ ရသ လား....(မရပါဘုရား)။

နံ့ဖူးပေါ်လက်တင်မှ ဒီကြံလုံးက လာတာကိုး.... (မှန်ပါ့) နေ့လယ်ကတော့ဖြင့် တကာတကာမတွေ ကာယကံ ဝစီကံတွေက ရှုပ်ပြီးသကာလ နေလို့ စာရင်းမချုပ်နိုင်ဘူး....(မှန်လှပါဘုရား) ညကျမှ စာရင်းချုပ်တဲ့ အခါကျတော့ ကံတွေက မြောက်နေ လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့....(မှန်လှပါဘုရား)။

သူက ဘယ်အချိန် လာတတ်သတုံး....လို့ မေးတဲ့ အခါကျ တော့ ထုံးစံအတိုင်း ဘုရားရှိခိုးပြီး အိပ်ရာထဲဝင်လို့ နံ့ဖူးပေါ် လက်တင်မှ အပါယ်သွားမယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်က လာတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်ကနေပြီး သူ့အပါယ်သွားမယ် စိတ်ကူးပါလိမ့်မတုံး— ဆိုတော့ အိပ်ရာထဲက သွားမယ် စိတ်ကူးတယ်.... ( မှန်လှပါ ဘုရား)။

ဘယ်ကသွားမယ် စိတ်ကူးသလဲ.... ( အိပ်ရာထဲကသွားမယ် စိတ်ကူးပါတယ်ဘုရား)။

ဪ....အိပ်ရာထဲကသွားမယ် စိတ်ကူးတယ်ဆိုတာ တကာ တကာမတွေက ဒါ.... တပည့်တော်တို့ ဘာအပြစ်ရှိသတုံး .. လို့ မေးချင်လို့ မေးလို့ရှိယင်လဲ သီလအလို အပြစ် မရှိပါဘူး.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါနအလို အပြစ်မရှိပါဘူး၊ ဘာဝနာအလိုမှာဖြင့် အကြီး ဆုံး အပြစ်သင့်နေပါပြီ.... (မှန်လှပါဘုရား) မနောကံကိုးဗျ.... (မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဘာကံပါလိမ့်.... (မနောကံပါဘုရား)။

ဪ... ခင်ဗျားတို့ ကြောက်စရာကောင်းလိုက်တာ၊ လောက ကြီးမှာ ကာယကံနဲ့ လူသတ်လို့ရှိယင် လူတစ်ယောက်က လူ ပေါင်း လေးဆယ် ခါးနဲ့ခုတ်ပြီးယင် ကိုယ်လက်တွေ ဘာတွေ ပန်းလာတာနဲ့ မသတ်နိုင်ဘူး....(မှန်ပါဘုရား)။

ဝစီကံနဲ့ မန်းမှုတ်ပြီး သတ်မယ်ဆိုယင် ထောင်ကိုးရာလဲ သတ်နိုင်မယ်....(မှန်ပါ) မနောကံနဲ့သတ်မယ်ဆိုယင် တတိုင်း ပြည်လုံး သတ်နိုင်တယ်....(မှန်လှပါဘုရား) *

ဒါ့ကြောင့် ကံသုံးပါးမှာ ဘယ်ကံအကြီးဆုံးတုံး....(မနောကံ အကြီးဆုံးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က နေ့လယ် ရောင်းဝယ်လာပြီး ညကျမှ အကြီးဆုံးကံ ကြိုးစားတယ်....(မှန်ပါ)။

---

* မဇ္ဈိမ ပဏ္ဏာသပါဠိတော် ဥပါလိသုတ်ကြည့်ပါ။

အံမာလေး.... တကာတကာတွေက မသိတော့လဲ လူမှာ အကြံအစည်မရှိ မခက်ဘူးလားဘုရား.... (မှန်ပါ့) မခက်ပါဘူး တကာတကာမတို့ အကြံအစည်ရှိလို့ အပါယ်သွားရပါတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့သိတာက ဒါတွေကို ပြင်ပေးနေရဘာနဲ့ ဘုန်းကြီး တရားဟာ ရှည်သွားတယ်.... (မှန်ပါ့ဘုရား) ဝိပဿနာ အရှု ခိုင်းလိုက်ယင် ခဏကလေးရယ်....(မှန်ပါ့)။

သို့သော်လဲ.... အားလုံး တကာ တကာမတွေက ဒီအဖြစ်ကျ အောင်ဘဲ ဒို့ အဖြစ်ဆိုးကြီးလုပ်နေပါလားဆိုတာ မသိဘူး.... (မှန်လှပါဘုရား)။

အဲဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာရှာတယ်၊ ကွာ...တဲ့ မင်းတို့ ကြံရ ကြံရပါတယ်၊ ကြံချင်လို့ရှိယင်ဖြင့် ကာမဝိတက်ဆိုတဲ့ ဒီငါးပါး အာရုံ အာမဂုဏ်တွေမကြံပါနဲ့၊ ဗျာပါဒဝိတက်တွေလဲ ရှုံးမလား,မြတ်မလားဆိုတာမကြံပါနဲ့ ဝိဟိံသဝိတက်ဆိုတာ သူတပါးကို ဒီလို စျေးချိုးလိုက်ရလို့ ရှိယင်ဖြင့် ကိုယ်လဲ နည်းနည်းတော့ အနာခံရမှာဘဲ၊ နောက်မှ အမြတ်ထွက်မှာဘဲဆိုတဲ့ ဝိဟိံသဝိတက်တွေလဲ မလုပ်ပါနဲ့ကွာ၊ ကြံချင်ယင် ခန္ဓာကိုယ်ထဲပေါ်တာ ဘာသစ္စာတုံး....လို့ တွေး စမ်းပါ....(မှန်ပါ့ဘုရား)။

ကြံချင်ယင် ဒီလိုကြံပါ....လို့ သစ္စသံယုတ်မှာ ဟောတယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်.. ဒီလိုမျိုး ကြံမိရဲ့လား.... (မကြံမိပါဘုရား) ဒါဖြင့် အပါယ်သွားဘို့ချည်း ကြံနေတာဘဲ.... (မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

အားလုံး တကာတကာမတွေ.... ဒီအတိုင်းဘဲ ဖြစ်ပါတယ် ဆိုတဲ့ ဥစ္စာဖြင့် ဘုရားဟော ပါဠိတော်နဲ့အညီ ကိုယ့်ခန္ဓာထဲ ဖြစ်စဉ်ကြည့်လိုက်တော့လဲ ဒီကံ ရောက်ပါတယ်....(မှန်ပါ့ဘုရား) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဟို.. ရွှေကလေး, စိန်ကလေး, မြကလေး အရင်းကလေးနဲ့ သွားတွေ့တာက ဖဿ .... ( မှန်ပါ့ဖဿပါဘုရား ) အင်း.... တော်သေးရဲ့ဆိုတာက.... (ဝေဒနာပါ) ဩော် .... ဒါကလေး သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သူ့မခင်ယင် ဘယ့်နှယ်လုပ်မလဲ ဆိုတာက....(တဏှာပါ) ခင်ရုံတင်မကဘူး၊ သူ့တော့ဖြင့် စွဲစွဲ လမ်းလမ်းကလေးကိုထားမှ....(ဥပါဒါန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဥပါဒါန် ရှိနေတဲ့ပုဂ္ဂိုလ်ဖြင့် ကာယကံ့ဝစီကံနဲ့ နက်ဖြန်ကျ တော့ကွာ ဒီအရင်းအကုန်ဖြုန်းလိုက်မယ်၊ ပြီးမှ အမြတ်ရှာယူ မယ်ဆိုပြီး သကာလ ကာယကံ့ဝစီကံတွေနဲ့ တိုင်ပင်နှီးနှောတဲ့ အလုပ်တွေ မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

တကာသစ်ရေ- ဒါ အိပ်ရာထဲကနေ ဘယ်သွားတာတုံး .... (အပါယ်သွားတာပါ) ခြေလျင်သွားသလား တကာတကာမတို့ စိတ်နဲ့သွားနေတာလား....(စိတ်နဲ့သွားနေတာပါ)ပဋိစ္စသမုပ္ပါဒ် နဲ့ သွားနေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ အပါယ်သွားတဲ့ပုဂ္ဂိုလ်, နတ်ရွာသုဂတိသွားတဲ့ ပုဂ္ဂိုလ်များ တကာတကာမတို့ ခြေလျင်သွားတာ မြင်ဘူးကြရဲ့ လား....(မမြင်ဘူးပါ) ဒီကံကနေပြီး ပို့ချလိုက်တယ်... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီကံတွေ အိပ်ရာထဲကနေလုပ်တော့ အိပ်ရာထဲကနေ ပြီး သကာလ အပါယ်သွားရမယ်.... (သွားရမှာပါ) စုတေမနေ သေလွန်တော့ပေါ့ဗျာ... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားကလဲကြံချင်ကြံကြပါကွာ- ပဋိစ္စသမုပ္ပါဒ်ကြံကြပါ၊ အခုပေါ်တဲ့တရား ဘာသစ္စာပါလိမ့်၊ အခုပေါ်တဲ့တရား ဘာသစ္စာပါလိမ့်၊ အခုပေါ်တဲ့တရား ဘာ သစ္စာပါလိမ့်လို့ ကြံကြပါ....(မှန်ပါ့ဘုရား)။

ဦးလှဘူး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တော့ဖြင့် အိပ်ရာထဲကနေ အပါယ်သွားတာ မကြည့်နိုင်လို့ကို ဟောတာ- (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အိပ်ရာထဲကနေပြီး.... (အပါယ်သွားတာ မကြည့်နိုင်လို့ပါ) ကဲ... ဆုံးမစရာ လိုသေးသလား....(မလိုပါဘုရား)။

ခင်ဗျားတို့ကဖြင့် ဒွါရခြောက်ပေါက် ဘယ်အပေါက်က သွားရသွားရ အပါယ်တိုက်ရိုက်ချည့် ဆိုတဲ့ အဓိပ္ပါယ်ရောက် တယ်၊ တကာသစ်ရ....(မှန်ပါ့)ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကြံကြစို့ဆိုတော့ တကာတကာမတို့ ကြံ ဆိုတာ ဝိပဿနာရှုတာပါဘဲ....(မှန်ပါ့) ဟိုကစိန်ထုပ်, မြထုပ်, စိန်သေတ္တာ,မြသေတ္တာကို ဒီကနေပြီးဖဿနဲ့သွားပြီး သကာလ အာရုံကလေး ပြုလိုက်တဲ့အခါကျတော့မနောထဲ မတွေ့ဘူးလား (တွေ့ပါတယ်) တွေ့တာကလေးဟာ ဘာသစ္စာတုံးလို့နောက်က ကြံ....(မှန်ပါ့ဘုရား)။

တွေ့တာကလေးဟာ....(ဒုက္ခသစ္စာပါ)ဒုက္ခသစ္စာပေါ့၊ ဖြစ်ပြီး ပျက်တာ... (မှန်ပါ့)သူ့ကို ဘာသစ္စာဆိုကြမလဲ—(ဒုက္ခသစ္စာပါ ဘုရား)။

အင်း....ဒါဖြင့် သူက ဒုက္ခသစ္စာဆိုတော့ တကာတကာမတို့ ဒီက ကြံလိုးကလေးက ဘာတုံး....(မဂ္ဂသစ္စာပါဘုရား)။

အေး....ဒါကြောင့် ပေါ်လာတာက ဒုက္ခသစ္စာ... (မှန်ပါ့) ဘာကလေးပေါ်လာပါလိမ့်မတုံး ကြည့်လိုက်တော့ ဒုက္ခသစ္စာ ကလေး ပေါ်လာပါကလားလို့ သိတာက မဂ္ဂသစ္စာတဲ့ (မှန်ပါ့) ကြံယင် ဒီလိုကြံပါကွာတဲ့....(မှန်ပါ့ဘုရား)။

ကိုင်း... တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကဖြင့် တကာကြွယ် အစွမ်းကုန်ပြောပြီ...( မှန်ပါ့ ) လိုက်နာမ လား တကာကြွယ်ရေ....(လိုက်နာပါမယ်) လိုက်နာရမှာဘဲ ... (မှန်ပါ့ဘုရား)။

အားလုံး တရားတပွဲလုံး တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဖြင့် အင်မတန်မှ ခင်ဗျားတို့အပါယ်လေး ပါးရောက်မှာ သံသရာကြီးထဲ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေရစ်မှာ စိုးရိမ်လွန်းလို့ ကြံတော့ကြံပါကွာ၊ ကိုယ့်သန္တာန် ဖြစ်တာ ဘာသစ္စာတွေပေါ်လိမ့်မတုံးလို့ ကြံစမ်းပါ...( မှန်ပါ့ )ဆိုတော့ ကြံလိုက်ယင် ဝိပဿနာဖြစ်ပြီ... (မှန်ပါ့ဘုရား)။

အာရုံနဲ့တွေ့တဲ့ ဖဿက ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါ ) ဖြစ်ပြီး ပျက်တာကိုးဗျ ဒုက္ခသစ္စာပေါ့....(မှန်ပါ့ဘုရား)။

ဒါကလေး ဘာလေးပါလိမ့် မတုံးလို့ ကြံလုံးကလေးက ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါ)ဩော်... ဒါဖြင့်ဖဿက ဒုက္ခသစ္စာ (မှန်ပါ) တကာတကာမတို့ ကြံလုံးကလေးက.... (မဂ္ဂသစ္စာပါဘုရား)။

ဒီလိုဆိုတော့ ဒုက္ခ မဂ္ဂ ဆိုတော့ နောက်က သမုဒယတွေ အကုန်သေတယ်....(မှန်ပါ) မသေပါနဲ့ဆိုလို့.... (မရပါဘုရား)။

ဒါဗျာ- ပိုက်ဆံလဲ ပေးရသလား....တဲ့၊ တကာတကာမတို့ အပါယ်တံခါးကော မပိတ်ဘူးလား... (ပိတ်ပါတယ်ဘုရား)။

ပွင့်တဲ့အကြံချည့်ကြံနေတာ၊ ခင်ဗျားတို့က ပိတ်တဲ့အကြံကို မကြံဘူး.... (မှန်ပါ) တော်တော်ပျော်နေပုံရတယ် ခင်ဗျားတို့ အပါယ်ကို... ( ပျော်ရာကျပါတယ် ) အမိပ္ပါယ်ကဒီရောက်နေတယ်....(ရောက်ပါတယ်ဘုရား)။

အပါယ်တံခါးပိတ်တဲ့ အကြံအစည်တော့ မကြံစည်ဘူး.... (မှန်ပါ) အပါယ်တံခါးပွင့်တဲ့ အကြံအစည်တော့....(ကြံစည်ပါတယ် ဘုရား)။

တကာကြွယ် အသက်လဲကြီးပြီ၊ တကာသစ်တို့လဲ ကြီးပြီ၊ ဦးလှဘူးတို့လဲ ကြီးပြီ၊ ဘုန်းကြီးတို့ တကာတကာမတွေကလဲ ကြီးကုန်ပြီ၊ အပါယ်သွားတဲ့ အကြံဖြင့်လျှော့ကြပါတော့ .... (မှန်ပါဘုရား)။

ဘယ်လို တောင်းပန်ပါလိမ့်....(အပါယ်သွားတဲ့ အကြံတော့ လျှော့ကြပါတော့ပါဘုရား)။

လျှော့ကြပါတော့ တကာတကာမတို့ ဒီဥစ္စာ ခင်ဗျားတို့ မတော်လွန်းလို့-လွန်လွန်းလို့ ဆိုးဝါးလွန်းလို့၊အိပ်တာတောင်မှ အိပ်ကာနီး အပါယ်သွားပြီးမှ အိပ်မယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်နေသောကြောင့် ဒီအကြံအစည်ဖြင့် လျှော့ဖြစ်အောင် လျှော့ပါ၊ နင့်အချိန်မဟုတ်ဘူးဆိုပြီး အမြဲနှင်ထုတ်ပါ .... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

နင့်အချိန်မဟုတ်ဘူးလို့ အမြဲ နှင်ထုတ်ရမယ် .... (မှန်ပါ့ဘုရား)။

ဘုရားကလဲ အခုသေသေချာချာ မမှာဘူးလား.... (မှာပါတယ်)ကြံချင်ယင် ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသဝိတက် ဆိုတဲ့ ကာမအာသီဆိုတဲ့ စီးပွားရေးပေါ့ဗျာ....(မှန်ပါ့) ဗျာပါဒဝိတက်ဆိုလို့ရှိယင် စိတ်မချ လက်မချ ထားခဲ့ရတာတွေကွာ၊ စိတ်မှချရပါ့မလားဆိုတဲ့ အကြံအစည်မျိုးဟာ ဗျာပါဒဝိတက်ပေါ့ဗျာ....(မှန်ပါ့) ဝိဟိံသဝိတက်ကြတော့ ကုန်တွေက သူ့ဘိုက လျှော့ချနေတယ်ကွာ....ငါတို့ကလဲ မလျှော့ယင် မဖြစ်ဘူး၊ ပြီးမှ သာလျှင် တမျိုးတမည်ကြံကြစို့ဆိုတော့ စိတ်ဆိုးတဲ့.... ဝိဟိံသဝိတက်ကော ... ( ပါ-ပါတယ် ) ပါတယ်နော် .... (မှန်ပါ့ဘုရား)။

ပါတဲ့အခါကျတော့ ဒီအကြံအစည်ကို ဘုရားကကြံရမယ်တဲ့လား- မကြံရဘူးတဲ့လား....(မကြံရပါဘုရား)။

ကြံချင်ယင် ငါ့သန္တာန် ပေါ်တဲ့တရား ဘာတရားပါလိမ့် မတုံးလို့ကြံပါ (မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ငါ့သန္တာန်ပေါ်တဲ့တရား....(ဘာတရားပါလိမ့်မတုံးလို့ ကြံရ ပါမယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေ ယားတဲ့စိတ်ကလေး ပေါ် တယ်၊ ဩော်.... ယားတာကလေးဟာ ဒုက္ခသစ္စာလို့ဘဲ ကြံပစ် လိုက်ပါ.. (မှန်ပါ့ဘုရား)။

နာပြန်ယင်ကော...(ဒုက္ခသစ္စာပါ) ဩော်... နာတာကလေး ဟာ ဒုက္ခသစ္စာ၊ကောင်းပြန်ယင်ကော.... (ဒုက္ခသစ္စာပါဘုရား)။

အကုန် ခန္ဓာထဲ ပေါ်တာတွေဟူသရွေ့ ပေါ်ချင်တာပေါ် ထင်ထင်ရှားရှားပေါ် ဒုက္ခသစ္စာချည့်ပါလားလို့သာ ကြံနေ... (မှန်ပါ့ဘုရား)။

အဲဒီတော့ အကြံခံရတာက ဒုက္ခသစ္စာ၊ကြံဉာဏ်ကမဂ္ဂသစ္စာ ဖြစ်တော့ သေတာက သမုဒယ ဖြစ်ပါတယ်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)ရောက်မှာက နိရောဓသစ္စာဖြစ်ပါတယ်.... (မှန်ပါ့) အကြံကောင်းတချက်ဆိုတာ ဒါဘဲ.... (မှန်ပါ့ဘုရား)။

တကာကြွယ်တို့ သုံးနေတာ ဒါမဟုတ်ပါဘူး.... ( မှန်ပါ့ ) နွေခါလှောင် ဆောင်းတွင်းရောင်းတာ၊ အို .... အကြံကောင်း တော့ တချက်ဘဲဟေ့၊ ထိုးတက်လာတာဘဲ.... ( မှန်ပါ့ )ဖြစ်မှ ဖြစ်ရလေတယ်။

အဲဒီ့အကြံတွေက ဘာမှ အသုံးမကျပါဘူး၊အပါယ်သွားတဲ့ အကြံတွေဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကြံချင်ယင် ခန္ဓာကိုယ်ထဲပေါ်တဲ့ တရားတွေဟာ ဘာတရားပါလိမ့်မတုံးသာ ကြံပေတော့...( မှန်ပါ့ )လောဘကလေးက ပေါ်လာတယ်၊ အင်း... မင်း သမုဒယသစ္စာပါလားလို့ သိပေးလိုက်....(မှန်ပါ့ ဘုရား ) ဒေါသကလေး ပေါ်လာတယ်၊ မင်း ဒုက္ခသစ္စာ ပါလားလို့ သိပေး....(မှန်ပါ့) မောဟကလေး ပေါ်လာလို့ရှိ ယင်လဲ မင်း ဒုက္ခသစ္စာပါလားလို့ သိပေးပါ...(မှန်ပါ့) ဘယ် စိတ်ပေါ်ပေါ် ဘယ်လိုသိရမလဲ....(ဒုက္ခသစ္စာလို့ သိရပါမယ် ဘုရား)။

ဒါဖြင့် ပေါ်လာဘာ ဒုက္ခသစ္စာ၊ သိတာက .... (မဂ္ဂသစ္စာ ပါ)အိပ်ရာထဲတွင် မဂ်ရနိုင်ပါတယ်... (မှန်ပါ့)။

တကာတကာမတို့ ဘယ်မှာ မဂ်ရနိုင်သလဲ....(အိပ်ရာထဲတွင် မဂ်ရနိုင်ပါတယ်)မလိုချင်ဘူးဘုရာ့၊အဲဒါက အပါယ်တံခါး ပိတ် ဘာမို့မလိုချင်ဘူး (မှန်ပါ့) ခင်ဗျားတို့ကဇွတ်ငြင်းဆန်လိုက်တာ ကလဲ မပြောပါနဲ့တော့... (မှန်ပါ့)။

ကိုယ့် အပါယ် တံခါးကို ကိုယ့်ဉာဏ်နဲ့ ပိတ်ရတယ် .... (မှန်ပါ့)ကိုယ့်အပါယ်တံခါးကို ကိုယ့်တဏှာက ဖွင့်တာကိုးဗျ .... (မှန်ပါ့) ကိုယ့်တဏှာက ဖွင့်တော့ ကိုယ့်ဉာဏ်နဲ့ ပိတ်ရမယ် .... (မှန်ပါ့)။

အပါယ်ဘယ်သူက ဖွင့်ပေးသတုံး... (ကိုယ့်တဏှာက ဖွင့်ပါ တယ်)ကိုယ့်တဏှာက ဖွင့်တယ်....(မှန်ပါ့)။

ကဲ....မင်းက ဒီ ကိန်းရာပုဂ္ဂိုလ်ကို အပါယ်ချမလို့ မင်းက ဖွင့်ပေးလို့ရှိယင်ဖြင့် ဒို့က ကိုယ့်ဉာဏ်နဲ့ ပိတ်မယ်ကွဆိုပြီး ပေါ် လာတဲ့ လောဘကို ဖြစ်ပျက် ရှုပေးလိုက်....(မှန်ပါ့)။

ဖြစ်ပျက် ရှုလွတ်လိုက်တော့ ဖြစ်ပျက်က ဘာသစ္စာ... (ဒုက္ခသစ္စာပါ) ဉာဏ်ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒီလိုဆိုတော့ သူက အပါယ်တံခါး ဖွင့်တယ်....( မှန်ပါ ) မိမိဉာဏ်က အပါယ်တံခါးပိတ်လိုက်မယ်ဆိုတော့ တကာတကာမတို့ ကိုယ့်အရေးဟာ လိုချင်တဲ့ဆီ မဆိုက်ဘူးလား....(ဆိုက်ပါတယ်)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အပါယ်တံခါးဖွင့်တာ ဘာသစ္စာ....(သမုဒယသစ္စာပါ) အပါယ်တံခါးပိတ်တာက....(မဂ္ဂသစ္စာပါ) ရှင်းပြီ တကာတကာမတို့....(မှန်ပါ)။

အပါယ်တံခါးဖွင့်တာက....(သမုဒယသစ္စာပါ)သူသာ ပေါ်လာယင်ဖြင့် အပါယ်တံခါးဖွင့်မလို့ လာပြီဟေ့.... ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူ့ကို ဖြစ်ပျက်ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ့်နှယ်ဆိုကြမလဲ .... (အပါယ်တံခါး ပိတ်ပါတယ်) အပါယ်တံခါး ပိတ်တယ်....(မှန်လှပါဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးက တကာတကာမတွေ အပါယ်တံခါးကလဲ ခင်ဗျားတို့ ဖွင့်တာနော်....(မှန်ပါ) ပိတ်ချင်လို့ ရှိယင်လဲ....( တပည့်တော်တို့ ပိတ်ရမှာပါဘဲဘုရား ) ခင်ဗျားတို့ ဉာဏ်နဲ့ ပိတ်ယင် ပြီးတာဘဲ....(မှန်ပါ)။

ဒါဖြင့် အပါယ်လေးပါးကို ရှင်းရှင်းပြောကြပါစို့ဆိုတော့ တကာတကာမတွေ ဒီကနေပြီး ငရဲအိုးတည်တယ်.... ( မှန်ပါ ) ဒီကနေ ငရဲမီး ငြိမ်းချင်ယင် ရတယ်-(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒီကနေ ဒယ်အိုးတည်ယင်ကော....(ရပါတယ်)သမုဒယသစ္စာ တည်ပေး....(မှန်ပါ) မဂ္ဂသစ္စာနဲ့ ငြိမ်းလိုက်မယ် ဆိုတော့လဲ.... (ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ငရဲအိုးတော့ တည်တတ်တယ်၊ ငြိမ်းတော့ မငြိမ်းတတ်ဘူးဆိုတော့ ငရဲမီး ကြီးအောင်ဘဲ လုပ်နေကြသလားလို့ ဆိုတာ မေးဘို့ အခွင့်အရေးကြုံလာတယ်... (ကြုံလာပါတယ်)မကြုံဘူးလား....(ကြုံလာပါတယ်ဘုရား)။

ဒီကရှေ့ အပါယ်တံခါးကိုလဲ ပိတ်တတ်ပလား....(ပိတ်တတ်ပါပြီ) ဖွင့်ကော....(ဖွင့်တတ်ပါပြီဘုရား)။

အို... မပြောနဲ့ဗျာ နိမိတ်မရှိပါဘူး၊ အပါယ်တံခါး ဖွင့်တာတော့ သိပ်ဆိုးပါတယ်....(မှန်ပါ)သို့သော်လဲ ခင်ဗျားတို့မှာ နေ့တိုင်း ဖွင့်တယ်....(မှန်ပါ) ရှင်းပသား....(ရှင်းပါပြီဘုရား)။

ကဲ-အပါယ်တံခါးကို တကာဘကာမတို့ဘယ်သူကဖွင့်ပါလိမ့် (သမုဒယက ဖွင့်ပါတယ်) သမုဒယသစ္စာက အပါယ်တံခါးကို ဖွင့်ပေးတယ်... (မှန်ပါ)။

ခင်ဗျားတို့က မပိတ်တတ်တော့ဘူး ဆိုလို့ရှိယင်ဖြင့် တနေ့ ဘယ်နှစ်ခါ ဖွင့်သတုံး....(မရေတွက်နိုင်ပါ) ကြာတော့ တံခါးတိုင်ပါကျိုးပြီး ဟင်းသင်းကြီး ဖြစ်ပြီး ချောင်ချောင်ဝင်ရတဲ့ အမိပ္ပါယ်ရောက်သွားတယ်ဗျာ....(မှန်ပါ) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့သည် အပါယ်ကို ဘယ်က တည်ဆောက်သတုံး၊ လူ့ပြည်က တည်

ဆောက်တယ်... (မှန်ပါ့)အပါယ်တံခါး ဘယ်ကနေ ပိတ်သတုံး- (လူ့ပြည်ကနေ ပိတ်ပါတယ်ဘုရား)။

ဒီက ဖွင့်တာဘဲဗျာ၊ ဒီက ပိတ်တာဘဲ... (မှန်ပါ့) လောကီဥပမာ ပြောကြပါစို့ဆိုတော့ ဒီလာတဲ့ မီးတွေ တကာတကာမတို့ ဟို-တန်ခွန်တိုင်က ဒိုင်နမိုကနေ ပိတ်လိုက်လဲ ရတာဘဲ....(ရပါတယ်ဘုရား)။

တန်ခွန်တိုင်က နေပြီး ဒိုင်နမိုဖွင့်လိုက်လဲ ဒီမှာ လင်းတာဘဲ- (မှန်ပါ့)တန်ခွန်တိုင်ဟာ အချုပ်အခြာလို့ဆိုယင် လွဲပါ့မလား (မလွဲပါဘုရား)။

အင်ဂျင်ရှိသကိုးဗျ သူက....(မှန်ပါ့) အင်ဂျင်ရော ဒိုင်နမိုရော ရှိတယ်ဆိုတော့၊ ထို့အတူဘဲတဲ့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အပါယ်တံခါးဖွင့်တဲ့ တရားလဲ ရှိတာဘဲ-(မှန်ပါ့) အပါယ်တံခါး ပိတ်တဲ့ တရားလဲ... (ရှိပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုန်းကြီး ရှင်းအောင် ပြောပါ့မယ်၊ လူ့ပြည်မှာ ကျောင်းဆောက်တဲ့ နန္ဒိယဆိုတာ ရှိတယ်.... တကာသစ်....(မှန်ပါ့)။

ရှင်မောဂ္ဂလာန်ကြီးက နတ်ပြည် ကြွသွားတော့ နန္ဒိယက မသေသေးဘူး နတ်ပြည်မှာ ဘုံပေါက်နေတယ်....(မှန်ပါ့)။

ဟ....မနေ့က ဒီနေရာ ဘုံမရှိပါလား နတ်သမီးတွေ မမြင်ဘူး၊ ယနေ့မှ ဒီနေရာ ငါ ဒီနေ့ ကြွလာတော့မှ နတ်သမီးတွေနဲ့ ဘုံကြီးနဲ့ ဘယ်သူ့ဟာတုံး၊ အို....လူ့ပြည်က နန္ဒိယ ကျောင်းဆောက်လို့ သူ မလာခင်က ဘုံပေါက်နေပါတယ်ဘုရား....(မှန်လှပါဘုရား)။

အင်း....ခင်ဗျားတို့လဲ မလာခင်က ဒယ်အိုးတွေဟာ ဆူလှပြီ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ပြုထားတဲ့ အကုသိုလ်တွေက စောင့်နေတယ်- (မှန်ပါ့) မစောင့်ပေဘူးလား....(စောင့်ပါတယ်ဘုရား)။

အဲဒါ ဘယ်ကနေပြီး တည်ဆောက်ပါလိမ့်.... (လူ့ပြည်က တည်ဆောက်ပါတယ်ဘုရား)။

အဲ....လူ့ပြည်ကနေပြီး ဒယ်အိုးတယ်လဲ ရတယ်နော်(မှန်ပါ့) လူ့ပြည်က နေပြီး ဘုံပေါက်အောင် လုပ်ယင်ကော .... (ရပါ တယ်)လူ့ပြည်ကနေပြီး ဒယ်အိုးလဲ မရှိ၊ ဘုံလဲ မရှိတဲ့ နိဗ္ဗာန် ချမ်းသာကို လုပ်ယင်ကော....(ရပါတယ်ဘုရား)။

ရဘာချည့်ဘဲဆိုတော့ ခင်ဗျားတို့မှာ အခုတော့ တခုတည်း ပေလိုက်နေတယ်....(မှန်ပါ့)ဒယ်အိုးတည်တဲ့ လိုင်းချည့် လိုက်နေ တယ်....(မှန်ပါ့)။

အတော်ဆိုးနေပါပကော....(ဆိုးပါတယ်ဘုရား)ဒါဆိုးမတာ ဆိုးမတာ....( မှန်ပါ့ဘုရား )သဘောပေါက်ကြပလား....(ပါပါပြီ ဘုရား)။

ဒါ ခင်ဗျားတို့က ဩော်....ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိ ယင်ဖြင့် ဒို့ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့လို့ရှိယင် ဒီကနေပြီးသကာလ အပါယ်တံခါးပိတ်လဲ ရတာဘဲ....(မှန်ပါ့) ဖွင့်တုန်းကလဲ ဘယ်ကနေ ဖွင့်သလဲ....( ဒီကနေ ဖွင့်ပါတယ် ) ပိတ်ချင်တော့....(ဒီကနေ ပိတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်ရေ လူ့ပြည်ဟာ အတော့်ကို အဘိုး တန်တယ်....(တန်ပါတယ်ဘုရား)။

ဆရာကောင်း သမားကောင်းနဲ့ တွေ့ယင်ဖြင့် .... (အဘိုးတန်ပါတယ်)မတွေ့လို့ ခင်ဗျားတို့ မိဘရှိးရာနဲ့ ကြီးနေကြမယ်ဆိုယင်တော့ အလကားဘဲ....(အလကားပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကြံချင်ယင် ဘာသစ္စာကြံကြမယ် .... (ဒုက္ခသစ္စာကြံပါမယ်ဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ပေါ်ချင်တာပေါ် စားချင်တဲ့စိတ်ပေါ်လဲ ပြော်....ဒါ ဖြစ်ပြီး ပျက်တဲ့ ဒုက္ခသစ္စာပါလား၊ အိပ်ချင်တဲ့စိတ်ပေါ်ကော... (ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာပါ) ရချင်တဲ့စိတ်ကလေးပေါ်လာယင် .... ( ဖြစ်ပြီး ပျက်တဲ့ဒုက္ခသစ္စာပါ ) နောက်က ဒုက္ခသစ္စာဘဲ ဒုက္ခသစ္စာဘဲဆိုတဲ့ ကြံလုံးကလေးလိုက်လိုက်ပေးစမ်း....(မှန်ပါ့ဘုရား)။

ဒါဖြင့် ရှေ့က ဖြစ်ပျက်ကဘာသစ္စာ(ဒုက္ခသစ္စာပါ)နောက်က ကြံလုံးကလေးက....( မဂ္ဂသစ္စာပါ ) ဒီလိုဆိုယင် အပါယ်တံခါးအမြဲပိတ်တယ်... (မှန်ပါ့)မပိတ်ဘူးသား· (ပိတ်ပါတယ်ဘုရား)။

ပိတ်ရုံတွင် မကပါဘူး တကာ့တကာမတို့ ကြာတော့ ဒီဒုက္ခသစ္စာတွေ အကုန်ချုပ်ပြီး နိဗ္ဗာန်မျက်မှောက်ပြု ချက်ခြင်းမြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယနေ့ကစပြီးသကာလ အိပ်ရာထဲ ဝင်တော့မယ်ကြံလို့ရှိယင် စာရင်းတွေ အင်းတွေချုပ်ခနေနဲ့၊ ဈေးဆိုင်ကပြီးခဲ့ပြီးပြီ... (မှန်ပါ့) ဒီနေရာမှာဖြင့် ကိုယ့်သန္တာန်မှာ ပေါ်တဲ့စိတ်တွေ ကိုယ့်သန္တာပေါ်တဲ့ ရုပ်တွေဟာ ဖြစ်ပျက် ဒုက္ခသစ္စာချည့်ဘဲလို့ ပေါ်တိုင်းသာကြံနေ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) ကြံလိုးက .... (မဂ္ဂသစ္စာပါ) နောက်လာမည့် သေလိုးတွေက...(သမုဒယသစ္စာပါ) အဲ....စုတိမနေ သေလွန်သွားတဲ့အခါ ရောက်ရမည့်ဌာနက ...(နိရောဓသစ္စာပါ)နိရောဓသစ္စာ နိဗ္ဗာန်...(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဩော်....ဒါ အိပ်ယာထဲက နိဗ္ဗာန်သွားတယ်....(မှန်ပါ့)အိပ်ရာထဲကနေ သစ္စာလေးချက် တကာတကာမတို့ တချက်သာအား ထုတ်လိုက်ယင် လေးချက်ပါတာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကြံဘတ်စည်တတ်ပလား....(ကြံတတ်ပါပြီ) ဘယ်လို ကြံကြမလဲ.... ( ပေါ်သ၍ဟာ ဒုက္ခသစ္စာပါ ) တိုးတိုးပြောခင်ဗျားတို့ ဒီဥစ္စာ အပါယ်သွားမှာများကျတော့ ကျုပ်ကအော်လိုက်မယ် ပြောလိုက်သေးတယ်....( မှန်ပါ့ဘုရား )ရှင်းပလား ... (ရှင်းပါပြီ) အပါယ်တံခါး ပိတ်မှာကျတော့ ပါးစပ်ထဲကမထွက်ရက်ဘူး...(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တိုးလို့ မေးတဲ့အခါကျတော့ သွားနေကျလမ်း မဟုတ်လို့ မဖုံဘူးဘုရာ့ .... ( မှန်ပါ့ )ရှင်းပလား....(ရှင်းပါပြီဘုရား)။

အတော်ဆိုးနေတယ်၊ ဒီအထဲက သီလရင်တွေက သာဆိုးတယ်....(မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် တကာတကာမတို့ ကိုယ့်သန္တာန် ပေါ်တိုင်း ပေါ်တိုင်း ဘာသစ္စာပေါ်လေ့ရှိသတုံး....(ဒုက္ခသစ္စာပေါ်လေ့ ရှိပါတယ်ဘုရား)။

အဲဒီ ပေါ်တဲ့တရားကို ကြံလုံးကလေးကလဲ ဒုက္ခသစ္စာတွေ ချည့်ပါလား၊ ဒုက္ခသစ္စာတွေချည့် ပါလားလို့ကြံလုံးထုတ်ပါ.... (မှန်ပါ့ဘုရား)။

ကြံလုံးထုတ်လိုက်တဲ့ အခါကျတော့ ဒါဟာ ပေါ်တဲ့တရား သည် ပျက်သွားတာဘဲဆိုတော့ ဖြစ်ပျက်မြင်တာပါဘဲ... (မှန်ပါ့ ဘုရား)ဖြစ်ပျက် ဘာသစ္စာ....( ဒုက္ခသစ္စာပါ )အင်း....ဉာဏ်က လေးက—(မဂ္ဂသစ္စာပါ) သူ့နောက်က သေတာတွေက....(သမု ဒယသစ္စာပါဘုရား)။

နောက်ကျတော့ကို တကာတကာမတွေ သမုဒယတွေ သေ တော့ နောက်ဒုက္ခမလာတာက....(နိရောဓသစ္စာပါ) ဒီအတိုင်းဘဲ ဖြစ်တာဘဲဆိုတာ ပေါ်ကြပြီနော်....(ပေါ်ပါပြီဘုရား)။

ကိုင်း... တကာတကာမတို့ ယနေ့သည်ကားလို့ ဆိုလို့ရှိယင် အင်မတန် ကြက်သရေမင်္ဂလာရှိတဲ့နေ့၊ ကြံလုံးသည် အလကား ကြံလုံးလား၊ ဝိပဿနာ အလုံးလားဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

တကာကြွယ် ဒါဖြင့် ကိုယ့်သန္တာန်ပေါ်တိုင်း ပေါ်တိုင်း ဘယ်တရားပေါ်ပေါ် ခင်ဗျားတို့သန္တာန်မှာ ရှေ့ကဒုက္ခသစ္စာ၊ နောက်က ဒီရှေ့တရားကလေးက ဒုက္ခသစ္စာပါလားလို့ သိတဲ့ ဉာဏ်ကလေး နောက်ကလိုက်တာက မဂ္ဂသစ္စာ....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ....တဲ့၊ ကြံချင်ယင် သစ္စာလေးပါးကြံပါ....( မှန်ပါ့ )အလကား ကာမ ဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေ မကြံပါနဲ့ဆိုတာ အတော်ဆုံးမရှာတယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဦးလှဘူး ကြုံတတ်ပလား.... ( ကြုံတတ်ပါပြီ ) ဘယ်လိုကြုံမတုံး(ဝမ်းထဲပေါ်လာသည်ဟာဒုက္ခသစ္စာလို့ကြုံရပါမယ်ဘုရား)။

ရှုတဲ့စိတ်ကလေး ပေါ်လာလဲ.... (ဒုက္ခသစ္စာပါဘဲ)ရှိုက်တဲ့စိတ်ကလေး ပေါ်လာလဲ....( ဒုက္ခသစ္စာပါဘဲ)ထမင်းစားချင်တဲ့စိတ်ကလေးပေါ်လာလဲ.... (ဒုက္ခသစ္စာပါ)ပေါ်ပြီးပျက်တာကိုးဗျ... (မှန်ပါ့)စားချင်တဲ့ စိတ်ကလေးဟာ ပေါ်ပြီးပျက်တာဘဲ၊ စားကိုမစားလိုက်ရပါဘူး.... ( မှန်ပါ့ ) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒီ့ပေါ်တဲ့စိတ်ဟူသည် ဘာသစ္စာချည့်ဆိုမလဲ .... (ဒုက္ခသစ္စာချည့်ပါ) အဲဒီ ဒုက္ခသစ္စာချည့်လို့ သိလုံးကလေးက ဘာပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)။

အဲဒါကလေးသာ ကြုံနေလို့ရှိယင် ကြုံရင်းမတ္တနဲ့ အိပ်ရာထဲကနေပြီး ခင်ဗျားတို့သည် အပါယ်လေးပါးတံခါး ပိတ်ပြီး သကာလ အရိယာဖြစ်နိုင်ပါတယ်.... ( မှန်ပါ့ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဟင်းရွက် အစိမ်းတွေကို ဆီနဲ့ကြော်တာနဲ့တောင် တကာသစ်ရေ နိဗ္ဗာန်ဘက်ကူးတယ်... (မှန်ပါ့)ခန္ဓာဉာဏ် လှည့်ပစ်လိုက်တယ်....(မှန်ပါ့)မရဘူးလား....(ရပါတယ်ဘုရား)။

ခန္ဓာဉာဏ်လှည့်လိုက်တော့ ဒီအထဲ ဖြစ်ပျက်တွေပါလားဆိုပြီး ဖြစ်ပျက်တွေ ဉာဏ်ထဲမှာလဲ ရှင်းပါရော ဒီနေရာတွင် တခါတည်း သဲတာပန်တည်တာတွေ ရှိပါတယ် .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ အကြံကောင်း တချက်ဆိုတာ ပေါ်ပလား-တကာသစ်....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပေါ်တိုင်း ပေါ်တိုင်း ဘာသစ္စာပေါ်လေ့ရှိသတုံး (ဒုက္ခသစ္စာ ပေါ်လေ့ရှိပါတယ်ဘုရား)။

ပေါ်တိုင်း ပေါ်တိုင်းမသိလိုက်လို့ရှိယင်ဖြင့် တကာတကာမတို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဘဲ.... (မှန်ပါ့) သိလိုက်လို့ရှိယင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောဘဲ...(မှန်ပါ့) သေသေ ချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ကဲ... ဖဿကလေးပေါ်တယ်၊ တကာကြွယ် ဒါကလေး ဘာကလေးပါလိမ့်မတုံးလို့ ကြံလိုက်တော့ ဘာသစ္စာတွေသတုံး (ဒုက္ခသစ္စာတွေပါတယ်)ဒုက္ခသစ္စာတွေတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ပျောက်ပျက်တာက ဒုက္ခသစ္စာ။ ကြံလုံးကလေးက (မဂ္ဂသစ္စာပါ)ဆိုတော့ တကာတကာမတို့ ဒါက အကြံကောင်း တဲ့အတွက် မင်ပေါ်တာ....(မှန်ပါ့ဘုရား)။

ပေါ်တော့ ပေါ်တာဘဲတဲ့ ဖဿကလေးပေါ်တယ်၊ မသိလိုက်ဘူး... (မှန်ပါ့) မသိလိုက်တော့ မသိတဲ့တရားသည်ကားလို့ဆိုယင် တကာတကာမတို့ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဖဿပေါ်တယ် ကိုယ်ကမသိလိုက်ဘူး(မှန်ပါ့)မသိလိုက်တော့ မသိတာက အဝိဇ္ဇာ....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား၊ သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဩော်.... တကာတကာမတို့ ဒီမှာ အဝိဇ္ဇာသင်္ခါရကြောင့် ဟောဒါ ဝိညာဏ်ဆိုတဲ့ အပါယ်လေးပါး ဝိညာဏ်သွားပေါ်တယ်....(မှန်ပါ့ဘုရား)။

ဒါ မနေ့က ပြတာနဲ့ မတူဘူး .... ( မှန်ပါဘုရား )ရှင်း ကြပလား....(ရှင်းပါပြီ) ဒါ....ပဋိစ္စသမုပ္ပါဒ်အစက စ,ပုံပြတယ် (မှန်ပါ) ခုနင်က ပြတာက အလယ်က စ,ပုံပြတယ်....(မှန်လှပါ ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဖဿပေါ်ယင် မသိလိုက်ယင် ဘာဆိုကြမယ်.... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာ....(မှန်ပါ)။

သိလိုက်တယ်၊ ဒါကလေးဟာ ဖဿကလေးဟာ ဒုက္ခသစ္စာ ဘဲလို့ ဉာဏ်ကလေးနဲ့ သိလိုက်တယ်နော်....(မှန်ပါ) သိလိုက်တဲ့ အခါကျတော့ အဝိဇ္ဇာနိရောဓာ....(သင်္ခါရနိရောဓောပါဘုရား) သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် "ဝေမေဘဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" အကုန် နိဗ္ဗာန်ရောက်တော့တာဘဲ...(မှန်ပါ) အကြံ ကောင်းခတော့ နိဗ္ဗာန်ရောက်တယ်... (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဩော်.... ဒီဥစ္စာတွေလဲ ဒီနေ့ ကြံပုံ စည်ပုံကို အထူးတလည် ဟောလိုက်သဖြင့် တကာကြွယ်ရေ- မကြံတတ်ယင် အပါယ်သွား (မှန်ပါဘုရား) ကြံတတ်ယင် နိဗ္ဗာန်သွား ...(မှန်ပါ) မကြံတတ် ယင်.... (အပါယ်သွားရမှာပါဘုရား) ကြံတတ်ယင်.... ( နိဗ္ဗာန် သွားရမှာပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ နေ့တိုင်းအကြံထုတ်နေကြတာတကာ ကြွယ်ရေ.... ဘာတွေများ ထုတ်နေကြသလဲ.... (အပါယ်သွားဘို့ ထုတ်နေကြတာပါဘုရား)။

ဘယ်နှစ်ပင်လိမ်လုပ်ကွ....၊ ဘယ်အရောင်နဲ့ ဘယ်အရောင် ရောကွ.... (မှန်ပါ) အံ့မာ....တကာကြွယ်ကြီးက သူ့ဗိုလ်လုပ်နေ

တာကိုးဗျ၊ ဘာဗိုလ်ပါလိမ့်၊ ရေဗိုလ်ကြီးဖြစ်နေတာ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒါတွေကို ယနေ့ကစပြီးသကာလ ဩော်... လောကီဟူသ၍ ဟာဖြင့် တဏှာခိုင်းလို့ လုပ်နေတဲ့အလုပ်ပါလား၊ ဒီတဏှာဟာ ရေဖွင့်ပေးနေတာ.. (မှန်လှပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတို့ခင်ဗျားတို့ကလဲမသေသေးလို့ ပြင်ချိန်ကလေးရှိတုန်း ပြင်ပေးနေတာ... (မှန်ပါ့) ဟို... ခင်ဗျားတို့ ဘိုးတွေ့ ဘွားတွေ့ အမေတွေ့ အဖေတွေ သေကုန်ကြပြီ.... (မှန်ပါ့) ဒုက္ခသစ္စာကြံလိုးနဲ့ သေသွားတဲ့ပုဂ္ဂိုလ်ဟာ ရှာမှ-ရှားလိမ့်မယ်... (ရှားပါတယ်ဘုရား) သားရေး့သမီးရေးကြံပြီး သေသွားတဲ့ပုဂ္ဂိုလ်ကတော့ များလိမ့်မယ်.... (များပါတယ်ဘုရား)။

ဩော်....အခုအခါ ဘယ်မျှား နေရှာကြပါလိမ့်မတုံး... လို့ မေးဘို့မသင့်ဘူးလား.... ( သင့်ပါတယ်ဘုရား ) ဘာမှ မမေးနဲ့ အကုန် အပါယ်ချည်းဘဲ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး၊ ဒီကြံလိုးလာမှ မလာဘဲ.... (မှန်ပါ့ဘုရား) လာသေးရဲ့လား....(မလာပါဘုရား)။

ကဲ ဒါဖြင့် ယနေ့ကစပြီး ဒို့သည်ကား....လို့ ဆိုယင် ဘာကလေးပေါ်ပေါ် ဘယ်လိုကြံမတုံး... (ဒုက္ခသစ္စာလို့ ကြံပါမယ်ဘုရား)။

ဩော်.... ပေါ်လာတာကလေးတွေဟာ ဖြစ်ပျက်ဘဲ၊ ဒုက္ခသစ္စာဘဲ....(မှန်လှပါ) သူက ဖြစ်ပျက်ဒုက္ခသစ္စာ၊ ကြံလိုးကလေး

က... (မဂ္ဂသစ္စာပါဘုရား) သဘောကျပလား.... ( ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီဥစ္စာသည်ကားလို့ဆိုလို့ရှိယင် ကြံတတ်စည်တတ်တာ သမ္မာသင်္ကပ္ပ....(မှန်ပါ) ကြံလို့မြင်တာသည် သမ္မာဒိဋ္ဌိ.... (မှန်ပါ)။

အကြံကောင်းက....(သမ္မာသင်္ကပ္ပ) အကြံကောင်းတဲ့အတိုင်း အမြင်မှန်ရတာက ...(သမ္မာဒိဋ္ဌိပါဘုရား)။

အဲ.... သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနဲ့ ကြံလိုက်တော့ သစ္စာသိတယ်... (မှန်ပါ) ဖြစ်ပျက် ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) ဒီက အကြံကောင်းနဲ့ အမြင်ကောင်းက ဘာပါလိမ့်.... (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့ မဂ်ဟာ ဒီကိလေသာတွေ မဖြတ်ဘူးလား (ဖြတ်ပါတယ်ဘုရား) ဒီဘုံဘဝတွေကော.... ( ဖြတ်ပါတယ်ဘုရား) ဒါဖြင့် ကိလေသာဖြတ် ဘုံဘဝဖြတ်လို့ရှိယင် တကာတကာမတို့ သမုဒယနဲ့ ဒုက္ခချုပ်တယ်.... (မှန်ပါဘုရား)။

ဘယ်နှယ်ဆိုကြမလဲ... (သမုဒယနဲ့ ဒုက္ခချုပ်ပါတယ်ဘုရား) ဩော်.... ငါ နိဗ္ဗာန်မှ ရောက်ပါမလား၊ ဒီကြံလုံးနဲ့လို့ မေးနေစရာ လိုသေးသလား.... (မလိုပါဘုရား) ဒါဖြင့် အကြံအစည် ပြောင်းကြစမ်းပါဦး....(မှန်ပါ)။

တကာသစ်ရေ....ချည်ထည်မကောင်းသို့ ပိုးထည်ခပြောင်းမယ် မကြံနဲ့၊ အဲဒါ မဟုတ်ဘူး.... (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘယ်အကြံအစည်ပါလိမ့်မတုံးဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

လောဘအကြံအစည်မှတပါး၊ 'ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်'ဆိုတဲ့ အကြံအစည်မှတပါး၊ 'နေက္ခမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသဝိတက်'ဆိုတဲ့ မဂ် အကြံအစည်နဲ့ ကြံစမ်းပါလို့ ပြောင်းလိုက်ပါ... (မှန်ပါ့) သဘောပါလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ– အသက်ကြီးမှဘဲ အင်း....ကြံပုံစည်ပုံနည်းကလေး နည်းမှန်ရပေတော့တယ်... (မှန်လှပါဘုရား) နဂိုရကဖြင့် မိဘရိုးရာအတိုင်း ဆိုယင်ဖြင့် တကာသစ်တို့ တကာကြွယ်တို့က အကြံကြီးသမားတွေ- (မှန်ပါ့) မဆိုးဝါးဘူးလား- (ဆိုးဝါးပါတယ်ဘုရား)။

အကြံကြီးတော့ ဒယ်အိုးကြီးတာပေါ့ဗျာ... (မှန်ပါ့)ခင်ဗျားတို့က ဟိုမှာ ဒယ်အိုးပြိုင်ချင်သေးသလား၊သူ့ ဒယ်အိုးကြီးတယ်၊ ငါ့ဒယ်အိုးကြီးတယ်နဲ့ ပြိုင်ချင်သေးသလား....(မှန်လှပါ)။

ကဲ....ဒါဖြင့် ယနေ့တရားမှာ တကာတကာမတို့ ကြံပုံဟာ တကာသစ်ရေ မဂ္ဂသစ္စာ....(မှန်ပါ့) ဖြစ်တိုင်း ဖြစ်တိုင်း, ပျက်တိုင်း ပျက်တိုင်း သိနေတဲ့ ကြံလုံးကလေးဟာ ဘာပါလိမ့်.... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ.... ( ဒုက္ခသစ္စာပါဘုရား ) ကြံလုံးကလေးတွေက....(မဂ္ဂသစ္စာပါဘုရား)သူကြံလိုက်တဲ့အခါကျတော့ အယင်လို ပဋိစ္စသမုပ္ပါဒ် တန်းသေးသလား၊ပြတ်ထွက်သွားသလား.... ( ပြတ်ထွက်သွားပါတယ်ဘုရား ) အဲ.... ပဋိစ္စသမုပ္ပါဒ် ပြတ်တာသည် နိရောဓသစ္စာ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တာသည်.... ( နိရောဓသစ္စာပါဘုရား ) ဩော်....တကာတကာမတို့ တယ်အဘိုးတန်ပါလား.... (တန်ပါတယ်ဘုရား) ဒါ- ကြံလုံးတခုတည်းနဲ့ နိဗ္ဗာန်သွားဘို့- (မှန်ပါ့ဘုရား) သဘောညာဏ် ရောက်ကြပလား....(ရောက်ပါပြီဘုရား)။

ယနေ့ကစပြီး ဘုန်းကြီးတို့ တကာတကာမတွေ အိပ်ရာထဲဝင်တော့မယ်ဆိုလို့ရှိယင်ဖြင့် ဆရာဘုန်းကြီး ပြောတဲ့အတိုင်း ဘုရားမှာတဲ့အတိုင်း နေ့လယ်က စျေးထဲကဟာတွေ စက်ရုံထဲကဟာတွေ တကာကြွယ် အိပ်ရာထဲ မပါစေနဲ့နော်....(မှန်ပါ့)။

နေ့လယ်က စျေးထဲကဟာတွေ စက်ရုံထဲကဟာတွေ တကာသစ် ဘယ်လိုမှာသတုံး....(အိပ်ရာထဲမပါစေနဲ့ပါဘုရား)အိပ်ရာထဲကို မပါစေနဲ့တဲ့....(မှန်ပါ့) ပါယင် အိပ်ပျော်မှာ မဟုတ်ဘူး-(မှန်ပါ့ဘုရား)။

ပါလို့ရှိယင်.... (အိပ်ပျော်မှာမဟုတ်ပါဘုရား) အိပ်ပျော်မယ် မဟုတ်ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အိပ်မပျော်တာသည် ဘာတုံး....လို့ မေးတဲ့အခါကျတော့ သောကနဲ့ ဒေါသ....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား) အိပ်မပျော်တာ ဘာပါလိမ့်.... ( သောကနဲ့ဒေါသပါဘုရား ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် မင့်နေရာ မဟုတ်ဘူးဆိုပြီး သကာလ ဒီနေရာဟာ ဒို့ဆရာဘုန်းကြီး ခိုင်းတဲ့နေရာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုကြံစည်ပြီး အကြံပြောင်းရမည့် နေရာဖြစ်သောကြောင့် ဘောင်းတောင်းပန်ပန်နဲ့ဘဲ မင်းမလာပါနဲ့ကွ....လို့ ထားပစ်ခဲ့ပါ.... (မှန်ပါ့) နို့မဟုတ်ယင် အိပ်ရာထဲ

က နေပြီး သူက အပေါ်ယံတံခါးဖွင့်ခလားသို့ လိုက်လာတယ်-(မှန်ပါ့ဘုရား)။

မင်းကို တနေ့လုံး စျေးချိုထဲမှာဖြင့် အပေါ်ယံတံခါး ဖွင့်ပေးခဲ့ရတာ တကျာလေဘာက ငါများခဲ့ပြီ.... (မှန်ပါ့) သို့သော်လဲ မင်းအပေါ်ယံသက်ရှည်အောင် အိပ်ရာထဲကနေ ဖွင့်ပေးဦးမယ် ဆိုပြီး လိုက်လာတယ်.... (မှန်ပါ့) ဘယ်လောက်များ ဆိုးတယ် ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ တကာတကာမတွေက ဘာမှမသိတဲ့ တကာတကာမ တွေကျတော့ ကျုပ်တို့ ကောင်းသောရောင်းဝယ်ခြင်းပါဘဲ.... (မှန်ပါ့) ကောင်းသောများ ထည့်လိုက်သေးတယ်....(မှန်လှပါဘုရား)။

အိမ်ကျလာပြန်လဲ ဘာစိတ်မှတော့ မထားပါဘူး၊ အရောင်းအဝယ်ကလေး အနည်းအကျဉ်းတွေးပြီး အိပ်လိုက်တာပါဘဲ၊ နည်းနည်းကျဉ်းကျဉ်းတဲ့ (မှန်ပါ့)။

အံမာလေး.... တကာဘကာမတွေ တကာကြွယ် နည်းနည်းကျဉ်းကျဉ်းလား....၊ အများကြီးလား....(အများကြီးပါဘုရား) သဘောပါပလား....(ပါ-ပါပြီ) အင်မတန် မဆိုးဝါးဘူးလား-(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ကြံချင်ယင် ဘာသစ္စာကြံရမလဲ.... (ဒုသစ္စာကြံရပါမယ်ဘုရား)။

ဒါဖြင့် ခင်များ ခန္ဓာပေါ်လေသ၍ ဘာတွေပေါ်လေ့ရှိသလဲ....(ဒုက္ခသစ္စာတွေ ပေါ်လေ့ရှိပါတယ်ဘုရား)။

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"... (မှန်ပါ့)ခင်ဗျားတို့ သန္တာန်မှာလဲ ခန္ဓာငါးပါးဘဲ ရှိပါတယ်တဲ့၊ အဲဒီတော့ ပေါ် ချင်တာတော့ ပေါ်ပါလိမ့်မယ်၊ ပေါ်တာ ဒုက္ခသစ္စာလို့သာ ဆုံးဖြတ်ချက်ချပါ....( မှန်ပါ့ဘုရား )ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဆုံးဖြတ်ချက်ချတာက မဂ္ဂသစ္စာ....(မှန်ပါ့) ပေါ်တာက.... (ဒုက္ခသစ္စာပါ) ပေါ်တာက... (ဒုက္ခသစ္စာပါ) အားလုံး ဒုက္ခ သစ္စာချည်းဘဲလို့ ဉာဏ်ထဲ ပေါ်တိုင်းပေါ်တိုင်း ဆုံးဖြတ်ချက် ချတာက .. (မဂ္ဂသစ္စာပါဘုရား)။

အဲ....ကြံချင်လို့ရှိယင်ဖြင့် ကြံပါ....(မှန်ပါ့) ကြံတော့ ကြံ လုံးက ဘာသစ္စာလာဖြစ်သလဲ....( မဂ္ဂသစ္စာလာဖြစ်ပါတယ် ) အကြံခံရတာက....(ဒုက္ခသစ္စာပါ)အကြံဉာဏ်က....(မဂ္ဂသစ္စာပါ ဘုရား) အဲဒီလိုဆိုတော့ အိပ်ရာထဲတွင် မင်္ဂရတယ်....(မှန်ပါ့ ဘုရား)။

တကာတကာမတို့ ဘယ်နေရာ မဂ်ရသတုံး....(အိပ်ရာထဲတွင် မင်္ဂရပါတယ်ဘုရား)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အိပ်ရာထဲတွင် မင်္ဂရမယ်ဆိုလို့ရှိ ယင်ဖြင့် အိပ်ရာထဲမှာ ခင်ဗျားတို့ စိတ်ပေါင်း ဘယ်လောက် ပေါ်မလဲ....(မရေတွက်နိုင်ပါ)ပေါ်သရွေ့ကို ဒုက္ခသစ္စာချည့်သာ ရှုချ....(မှန်ပါ့)။

ပေါ်သရွေ့ကို....(ဒုက္ခသစ္စာချည့် ရှုရပါမယ်) ဒုက္ခသစ္စာချည့် ရှုပြီး ချလိုက်တဲ့အခါကျတော့ ကိုယ့်မှာ မဂ်ပေါင်းဘယ်လောက် ရသလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် မဂ်သည် ကိလေသာကို တဖြေးဖြေး ပါးစေတယ်ဆိုတာ သဘောပါကျပလား...(ကျပါပြီ) သူ အကြိမ်များလို့ရှိယင်ဖြင့် ကိလေသာ အကုန်မပျောက်ပေဘူးလား....(ပျောက်ပါတယ်ဘုရား)။

အကုန်ပျောက်ယင် ကိလေသာ ချုပ်ငြိမ်းတာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)ပြော်....အကြံကောင်းလို့ရှိယင် နိဗ္ဗာန်ရောက်တယ်....(မှန်ပါ)။

တကာတကာမတို့ အကြံကောင်းယင်.... (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အိပ်ရာထဲမှာ ကြံတတ်ပလား....(ကြံတတ်ပါပြီဘုရား)။

အခုတော့ တကာတကာမတွေက တကာကြွယ် ခလေးတွေများ အိပ်နေလို့ရှိယင် ခင်ဗျားတို့က ဒေါသများ ဖြစ်လိုက်သေးတယ်....(မှန်ပါ) အရွယ်ရှိတဲ့ ပုဂ္ဂိုလ်က အိမ်ရောက်ယင် သူတို့မှာ အကြံအစည် မရှိဘူး၊ ထိုးအိပ်တာဘဲ....(မှန်ပါ) ဒို့ဖြင့် ကြံလိုက်ရတာ ဒယ်အိုးမှ ရပါ့မလားလို့ အံ့မာလေး....ကြောက်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း....(မှန်ပါ)အတော်မဆိုးဘူးလား-(ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့ကတော့ဖြင့် လူကြီး ဂုဏ်ယူတာဘဲ- (မှန်ပါ) စင်စစ်ကတော့ဖြင့် ခင်ဗျားတို့ကြံတာဟူသရွေ့ကတော့ဖြင့် အပါယ်တံခါး ဖွင့်နေတာချည့်ဘဲ....(မှန်ပါ)မဆိုးဝါးဘူးလား . (ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် သစ္စာကြံမှုမှ တပါး လောကီကြံမှုကိုဖြင့် အိပ်ရာထဲမှာ လျှော့လိုက်ပါ....(မှန်ပါ့)ဘာဖြစ်လို့တုံးဆိုတော့ တနေ့လုံးဘဲ အပါယ်သွားဘို့ အလုပ်တွေ လုပ်ပြီးပေါ့ဘဲ တကာကြွယ်ရာ-ညကလေး အဆစ်ထည့်လိုက်ဦးမယ်ဆိုယင် မတော်နိုင်ပါဘူး(မှန်လှပါဘုရား) အင်မတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ဟူသမျှကိုဖြင့် ဘာစိတ်ပေါ်ပေါ် ဒုက္ခသစ္စာရှုပါ....(မှန်ပါ့)။

ပေါ်တဲ့စိတ်ဟူသမျှ....( ဒုက္ခသစ္စာရှုရမှာပါ )မရှုရပေဘူးလား....(ရှုရပါမယ် ဘုရား) အဲဒီတော့ အရှုခံရတာက.... (ဒုက္ခသစ္စာပါ)ရှုတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သန္တာန်မှာ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့သိနေတော့ သမုဒယသစ္စာက အလိုလိုသေပါတယ်.... (သေပါတယ်ဘုရား)။

နိရောဓသစ္စာကလဲ သမုဒယသာ ချုပ်လို့ရှိယင်ဖြင့် သူ့ဆီလာပါလို့ မခေါ်သော်လဲ ခေါ်ဘိသကဲ့သို့ ကေန်ရောက် ....တကယ်ရောက်ရတော့မယ်ဆိုတာ တကာတကာမတို့ ဘာမှမငြင်းပါနဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားမှာဖြင့် တကာသစ် ဘာတွေ ဟောနေသလဲ....၊ ကြံပုံ-စည်ပုံဟောတဲ့ တရား....(မှန်ပါ့)။

ဘာဟောကြပါလိမ့်.... (ကြံပုံ-စည်ပုံ ဟောပါတယ်ဘုရား) ကာမဝိတက်ဆိုတဲ့ ငွေရကြောင်း မကြံပါနဲ့....(မှန်ပါ့)။

ဗျာပါဒဝိတက်ဆိုတဲ့ ဒီကုန်တွေဟာဖြင့် ရှုံးတော့မယ် ထင်တယ်ဆိုတဲ့ ကြံလုံးတွေကော....(မကြံရပါ) အဲဒါက ဗျာပါဒဝိတက်ခေါ်တယ်....(မှန်ပါ့)။

ဝိဟိံသဝိတက် ဆိုတာကတော့ဖြင့် တကာ တကာမတို့ သူတပါး ချီးဖွဲ့ပြီးတော့မှ နှိမ်နင်းပြီးမှ ရောင်းမည့် အသွားမျိုးဟာ ဘာပါလိမ့်....(ဝိဟိံသဝိတက်ပါဘုရား)။

အဲဒီ ကြံလုံးတွေကို လျှော့ပြီးသကာလ နေက္ခမ္မဝိတက်.... နိဗ္ဗာန်ဘက် ထွက်မယ်ကွ....(မှန်ပါ့) အဗျာပါဒဝိတက်ဆိုတဲ့ သူတပါး သနားမယ်ကွ....( မှန်ပါ့ ) အဝိဟိံသဝိတက်ဆိုတဲ့ သူတပါးကို မညှဉ်းဆဲဘူးဆိုတဲ့ ကြံစည်လုံးသုံးမျိုးနဲ့ ကြံစည်ယင်လဲ ကောင်းတယ်....(မှန်ပါ့)။

သို့မဟုတ် အဲဒါတွေက ရှည်သေးတယ်၊ သမထ ခပ်ဆန်ဆန်ဖြစ်နေသေးတယ်၊ ပေါ်လာတဲ့ ဓမ္မ ဘာသစ္စာပါလိမ့်မလဲသာ ကြံတော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်လာတဲ့ဓမ္မ(ဘာသစ္စာပါလိမ့်မလဲလို့ကြံရပါမယ်ဘုရား) ကြံတော့ ဘာသစ္စာလို့ တွေ့ရသလဲ....(ဒုက္ခသစ္စာလို့ တွေ့ရပါတယ်ဘုရား)။

ဩော်....ခန္ဓာကိုယ်ထဲ ပေါ်လေသ၍ ဒုက္ခသစ္စာ....(မှန်ပါ့) သိလေသ၍က....(မဂ္ဂသစ္စာပါဘုရား) သေလေသ၍....(သမုဒယသစ္စာပါဘုရား)။

ဩော်....ဒီလိုဆိုလို့ရှိယင် တကာတကာမတို့ အကြံကောင်းတာနဲ့ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် နိဗ္ဗာန်ရောက်တဲ့ တရားထဲမှာ သမ္မာသင်္ကပ္ပ အတော်အရေးကြီးတယ်....(မှန်ပါ့)သူ အကြံကောင်းမှ နိဗ္ဗာန် ရောက်တာ....(မှန်ပါ့)။

သူ အကြံကောင်းမှ တကာတကာမတို့ သမ္မာဒိဋ္ဌိ တက်တယ် နော်....(မှန်ပါ့)ဒါ့ကြောင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဟာ ဥပရိ ပဏ္ဏာသပါဠိတော်မှာ ပညာမဂ္ဂင်နှစ်ပါးကွတဲ့ . (မှန်ပါ့)။

တကာသစ် ဆိုထိုက်သလား....( ဆိုထိုက်ပါတယ် ) အကြံ ကောင်းမှ အမှန်မြင်တာကိုးဗျ....(မှန်ပါ့) အကြံမကောင်းယင်-- (အမှန် မမြင်ပါဘုရား)။

ကြံတာ ဘာပေါ်လာလာ ခင်ဗျားတို့သန္တာန် ဘာတွေပေါ် သတုံး... (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ သမ္မာသင်္ကပ္ပ ခေါင်းဆောင်လို့ အကြံကောင်းနဲ့ ကြံလိုက်ယင် သမ္မာဒိဋ္ဌိက ဒုက္ခသစ္စာလို့ မြင်တာ....(မှန်လှပါ ဘုရား)။

အကြံသမားက ဒုက္ခသစ္စာလို့ သိတော့ အမြင်သမားက ပြောဲ....ဟုတ်သားဘဲလို့ လိုက်တာ .. ( မှန်ပါ့ )သဘောကျ ပလား....(ကျပါပြီဘုရား)မျက်မှန်နဲ့ မျက်လုံးလို့ မှတ်လိုက်စမ်း တကာကြွယ်....(မှန်ပါ့)။

မျက်လုံးမွဲတဲ့ ပုဂ္ဂိုလ်မှာ မျက်မှန် မကောင်းလို့ရှိယင်ဖြင့် မြင်ထိုက်တာ မြင်သေးရဲ့လား (မမြင်ပါ)ဒါဖြင့် မျက်လုံးနဲ့ မျက်မှန်သည် တွဲလျက် အကူအညီ ပေးကြရတယ်....( မှန်ပါ့ ဘုရား )။

မျက်မှန်ကလဲ အကူအညီ မပေးဘူးလား....( ပေးပါတယ် ) မျက်မှန်က မြင်တာလား....မျက်လုံးက မြင်တာလား....(မျက်လုံးက မြင်တာပါဘုရား)။

ဒါဖြင့် မျက်မှန်က အကူအညီပေးသမား...(မှန်ပါ့) မျက်လုံးက မြင်သမား....(မှန်ပါ)ဒါ့ကြောင့် နိဗ္ဗာန် သွားချင်လို့ ရှိယင် သမ္မာသင်္ကပ္ပ မျက်မှန်နဲ့ သမ္မာဒိဋ္ဌိမျက်လုံး မတွဲယင် ရကို မရဘူး...(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပက--(မဂ္ဂသစ္စာပါ)အကြံကောင်းတဲ့အတွက် နောက် သမုဒယတွေ သေတာက သမုဒယချုပ်တာ....(မှန်ပါ့) သမုဒယ ချုပ်လို့ နောက် ခန္ဓာမလာတာက....(နိရောဓပါ)ရိပ်မိပလား-- (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ဖြင့် အိပ်ရာထဲ ရောက်သည်နဲ့ တပြိုင်နက်တည်း ဒီဟာဘဲ ကြံတော့မည်ဆိုပြီး ဆုံးဖြတ်ချက်ချ၊ ကြံကြ။

ကဲ....နာရစေပြီ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၍ - ဟောကြားတော်မူသော

( ဝိပဿနာသတိပဋ္ဌာန်အတွင်း မှောင်ကျနေပုံ )

# ဧနွှ အလုပ်ပေး-တရားတော်

( ၂-၈-၆၁ )

ကိုင်း....တရားနှလုံးသွင်းကြ....တရားနှလုံးသွင်းကြ၊ အလုပ်တရားကိုလဲ တကာတကာမတွေ ပေးမယ်၊ အလုပ်တရား မပေးမီ ရှေ့အဘိုကာလ၌ အမှားတွေကိုလဲ ပြင်ပေးလိမ့်မယ်လို့ မှတ်ရမယ်နော်....(မှန်ပါ)။

အမှားပြင်ပြီးမှ အလုပ်ပေး၊ အလုပ်ပေးတော့မှ ဉာဏ်တက်၊ ဉာဏ်တက်တော့မှ ဉာဏ်က ကိလေသာ သတ်၊ ကိလေသာ သတ်လို့ ရှိယင်ဖြင့် နိဗ္ဗာန်မြင်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ တကာတကာမတွေ အကြေးတရား မဟုတ်ဘူး၊ ချက်ခြင်းကို မြင်ပါလိမ့်မယ် ဆိုတဲ့ဥစ္စာ မှတ်ရမယ်နော်...(မှန်ပါ)။

ကိုင်း....ဒါဖြင့် အမှားပြင်ကြဦးစို့၊ တကာတကာမတို့ အမှားပြင်တော့မယ်ဆိုတဲ့ဥစ္စာ ဒီအမှားကလဲ အမှားသက်ရှည်ကြီးလို့လဲ မှတ်ရမယ်နော်....(မှန်ပါ)။

တကာတကာမတို့၏ ခန္ဓာငါးပါး ရှိကြပါတယ်တဲ့၊ ရုပ်ကြီး ၈၂ ရူပက္ခန္ဓာ၊ဆိုးတာ ကောင်းတာ ခံစားတာက ဝေဒနာက္ခန္ဓာ၊ အဖြူ အနီ အကြောင်အကြားတွေ မှတ်နေတာက သညာက္ခန္ဓာ၊ စေ့ဆော် တိုက်တွန်းတာက သင်္ခါရက္ခန္ဓာ၊ သိလုံးဟူသရွေ့က ဝိညာဏက္ခန္ဓာဆိုတော့ ဒါ တရားနာနေတဲ့ ခန္ဓါငါးပါးလို့.... မှတ်ပါ....(မှန်ပါ)။

အခု အလယ်က ပြထားတဲ့ ငါးလုံးပြူးဟာ ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) တရားနာနေတဲ့ ခန္ဓာငါးပါး....(မှန်ပါ ဘုရား)။

ဒီ တရားနာနေတဲ့ ခန္ဓာငါးပါးမှာ တကာတကာမတို့က အမှတ်မှားဆိုတာကလေးကလဲ ရှိတယ်၊ အသိမှားဆိုတာကလေး ကလဲ ရှိတယ်၊ အယူမှားဆိုတာကလေးတွေကလဲ ရှိပြီးသကာလ နေတယ်လို့ မှတ်ရမယ်...(မှန်ပါ)။

တရားနာနေတဲ့ ခန္ဓာငါးပါးမှာ, အမှတ်မှား, အသိမှား, အယူမှားလို့ သုံးခုရှိတယ်နော်....(မှန်ပါ)။

တရားနာနေတဲ့ ခန္ဓာငါးပါးမှာ တကာတကာမတို့ မိမိတို့ ၏ ခန္ဓာငါးပါးက ဒီအထဲမှာ မိမိတို့က မသိဘဲနဲ့ နေတာက အမှတ်မှားတခု ၁-နံပါတ်ရှိတယ်....( မှန်ပါ ) အသိမှားတခု ၂-နံပါတ်ရှိတယ်....(မှန်ပါ) အယူမှားတခုက ၃-နံပါတ်ရှိတယ်၊ ဒါကို သေသေချာချာမှတ်ပါ....(မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒီ ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မတွေကို တကာ တကာမတွေက မိမိသားဆိုလို့ရှိယင်ဖြင့် ကိုယ်က မွေးဖွားတာ ကလေး သားလို့ မမှတ်ကြဘူးလား .... (မှတ်ကြပါတယ်)။

တကာတကာမတို့ ဒီ ခန္ဓာငါးပါးထဲမှာရှိတဲ့ သညာဆိုတဲ့ တရားကလေးက တခါတည်း ဒါ သားဘဲ၊ သမီးဘဲ၊ ခင်ပွန်းဘဲ လို့ မှတ်ထားတဲ့ အမှတ်ကလေးက အမှတ်မှားကလေးက ဝမ်း ထဲမှာ မပျောက်ဘဲ ဖြစ်နေတယ်....(မှန်ပါ့)။

အမှတ်မှား ဝမ်းထဲမှာ မပျောက်တော့ ဒါသည် အမှတ် မှား၊ စာလိုသုံးယင် သညာဝိပ္ပလ္လာသ၊ မြန်မာလိုသုံးယင် အမှတ် မှားလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ဒီကနေပြီး ဘုန်းကြီးတို့ တကာတကာမတွေက အမှတ်မှား တော့ သားကလေးရယ်လို့လဲ မှတ်မိရော ကိုယ့်သား ကိုယ်မခင် ယင် ဘယ့်နှယ်လုပ်မလဲဆိုတဲ့ စိတ်နဲ့ ခင်ချင်တဲ့အသိမှားကလေး ကလဲ နောက်က လိုက်လာတယ်....(မှန်ပါ့ဘုရား)။

အင်း....အခုဒီခန္ဓာကြီးမှာ တကာတကာမတို့ ၁-နံပါတ်ကလဲ ဝိုင်းနေပြီ၊ ၂-နံပါတ်ကလဲ ဝိုင်းပြီ..(မှန်ပါ့) နောက်ကျတော့ ဒီသားဘဲ ကိုယ့်ကိုယ်လဲ အားကိုးရမှာဘဲ၊ ဒီသားကလေး ကြီးလာလဲ အားကိုးရမှာဘဲဆိုပြီး ခင်ဗျားတို့ အနတ္တခန္ဓာကိုယ် ကြီးကို အားကိုးမှားဆိုတဲ့ အယူမှားကော မရှိဘူးလား....(ရှိ ပါတယ်ဘုရား)။

ဪ .. ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာ အမှား ဘယ်နှစ်ချက်ရှိပါလိမ့် .. (သုံးချက်ရှိပါတယ်) အမှတ်မှား- အသိ မှား-အယူမှား....(မှန်ပါဘုရား)။

ဪ....တကာတကာမတို့ သုံးချက်တောင် အမှားရှိနေတယ် (မှန်ပါ့)ဒါ သောတာပတ္တိမဂ် မရယင် တကာသစ် ခက်သေး တယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီနေ့မဂ်ဉာဏ်နဲ့ ပယ်မှရမည့်တရားကိုလဲ ရှေးဦး စွာ ဝိပဿနာမဂ်နဲ့ ပယ်ပြမယ်၊ ဝိပဿနာမဂ်နဲ့ ပယ်ပြပြီးတော့မှ တကာတကာမတွေ အလုပ်တရားပြပြီး အလုပ်နဲ့ ပယ်ရလိမ့်မယ် (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီအမှားက ဒီဘဝမှာလဲ ကိုယ့်ဝမ်းထဲမှာ သား ကလေးဆိုတာ အမှတ်မှား၊ သားကလေးဆိုတာ ခင်ရမှာဘဲ ဆိုတာက....(အသိမှားပါ) ဒီသားကလေးဘဲ အားကိုးရမှာဘဲ ဆိုတာက....(အယူမှားပါဘုရား)။

ဩော်....ဒါဟာ မိမိခင်ပွန်းမကိုလဲ ခင်ပွန်းမက ချယ်ချယ် လှယ်လှယ်ရှိလို့ရှိယင် ထို့အတူဘဲ ဒါ ခင်ပွန်းမလို့ မှတ်တာဘဲ (မှန်ပါ့)အမှတ် မှားတာဘဲ....(မှန်ပါ့ဘုရား)။

သူ့ကိုဘဲ ခင်ရမင်ရမှာဘဲဆိုတာကော မရှိဘူးလား .... (ရှိ ပါတယ်)အဲဒါက အသိမှားပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူ့ဘဲ အားကိုးနေရတယ် တအိမ်လုံးကဆိုတော့ ဘယ့်နှယ် ဆိုကြမလဲ....(အယူမှားပါဘုရား)။

ဩော်....ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ အမှားသုံးချက်က သူ့မှာမဖြုတ်နိုင်ဘူး....(မှန်ပါ့)မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ခင်ပွန်း သည်အားကိုး သားအားကိုးဆိုယင် ဘယ့်နှယ်ချက်ပါလိမ့်.... (သုံးချက်ပါဘဲဘုရား)။

ဒီသုံးချက်သည် တကာတကာမတို့ အမှတ်မှားနောက်ကလဲ အသိမှားလိုက်တယ်၊ အသိမှားနောက်ကလဲ အယူမှားလိုက်တယ် (မှန်ပါ့ဘုရား)။

တခါ တကာ့တကာမတွေမှာ ဒီခန္ဓာကိုယ်ကြီးမှာ အမှား သုံးချက်ဝိုင်းနေတယ်၊ဒီဘက်က သမီးအတွက်မှာလဲ သမီးဆိုတာ ဘာပါလိမ့်....(အမှတ်မှားပါ) သမီးမို့ ခင်ရတယ်ဆိုတာက.... (အသိမှားပါ)သူ့ဘဲအားကိုးရ ပြန်တယ်လို့ ယူလိုက်ပြန်တော့ (အယူမှားပါဘုရား)။

ဒါဖြင့် တကာ့တကာမတို့ သမီးအတွက်ကလဲ ကိုယ့်မှာဝိုင်း နေတဲ့ အမှားသုံးချက်က လာပြန်တယ်....(မှန်ပါ့ဘုရား)။

တခါ မိမိခန္ဓာကိုယ်ကိုကြည့်လိုက် ပြန်တဲ့အခါလဲ ထို့အတူ ဘဲ၊ မိမိယောကျ်ားဘဲဆိုတာက အမှတ်မှား (မှန်ပါ့)ယောကျ်ား မို့ခင်ရတယ်ဆိုတာကကော.... ( အသိမှားပါ ) ယောကျ်ားဘဲ အားကိုးနေရတယ် ဆိုတာကော....(အယူမှားပါ)အင်း .. ဒီဘက် ကလဲ သုံးချက်ဘဲနော်....(မှန်ပါ့သုံးချက်ပါဘုရား)။

ခင်ပွန်းမဘက်ကလဲ ထို့အတူဘဲ အမှတ်မှား၊အသိမှား၊အယူ မှားနဲ့ သုံးချက်မသွားပေဘူးလား ....(သွားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီဟာတွေက ဝိုင်းပြီးနေတယ်၊ ခန္ဓာကြီး ကတော့ခန္ဓာငါးပါး....(မှန်ပါ့)ဒီဟာကတရားနာနေတဲ့ခန္ဓာငါး ပါး... (မှန်ပါ့) တရားနာနေတဲ့ ခန္ဓာငါးပါးမှာ အမှားသုံးချက် တွေ ထပ်ပြီးဝိုင်းထားတယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ တကာ့တကာမတို့ အမှားတွေက ဝိုင်းပြီးကာရံ ထားလိုက်တော့ တနေ့ကျပြန်တော့လဲ ဒီကသားအပေါ်မှာ သားဟူသောအမှတ်ဟာ နက်ဖြန် ဒီအမှတ်ထပ်ဆင့်တာဘဲ.... (မှန်ပါ့) ဒီအသိကကော....( ဆင့်ပါတယ် ) ဒီအယူကကော.... (ဆင့်ပါတယ်ဘုရား)။

တနေ့တနေ့ဆင့်လိုက်တာလဲ တကာတကာမတို့အကနိဋ္ဌပြဟ္မာ့ပြည်မကပါဘူး....(မကပါ) သွားဟူသော အမှတ်နဲ့ဆင့်ဆင့်-ဆင့်ဆင့်၊ ပဌမအမှတ်ပေါ်မှာ ဒုတိယအမှတ်ဆင့်၊ ပဌမအသိပေါ်မှာ....( ဒုတိယအသိဆင့် ) အတိယအမှားဖြစ်တဲ့ ပဌမဒိဋ္ဌိပေါ်မှာ တကာတကာမတို့ ဒုတိယ ဒိဋ္ဌိဆင့်ပေါ့ဗျာ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့မှာ ဒိတ်ံတိုင်းကြီးတွေဟာ အကနိဋ္ဌ ပြဟ္မာ့ပြည်တိုင်အောင် တကာတကာမတွေကို ဝိုင်းထားတယ်....(မှန်ပါ့ဘုရား)။

ဒါ တကာတကာမတွေ ထားပါတော့...( မှန်ပါ့ )တကာတကာမတွေမှာ တံတိုင်းပေါင်း ဘယ်လောက်ခြံရံနေသတုံး ဆိုတော့ အမှားပေါင်း ထောင်,သောင်း,သိန်း,သန်းမက ခြံရံပြီး ဝိုင်းထားတယ်... (မှန်ပါ့ဘုရား)။

ဒီ အလယ်မှာရှိတဲ့ တကာတကာမတွေသည် အမှန်ထဲမှာနေရသလား- အမှားထဲမှာနေရသလား.... (အမှားထဲမှာနေရပါတယ်ဘုရား)။

အမှတ်မှားထဲလဲ နေရတယ်.... (နေရပါတယ်) အသိမှားထဲကော...( နေရပါတယ် ) အယူမှားထဲကော .... (နေရပါတယ်ဘုရား)။

ဒါကို အခုလို သာသနာတွင်းကြုံ ဆရာကောင်း သမားကောင်းနဲ့ဆုံတဲ့ အချိန်မှာ ဒီအမှားတွေကို အမှတ်မှား, အသိမှား,အယူမှားတွေကို တပည့်တော်တို့ဖြင့်ဘုရား- မပြင်နိုင်အောင်

ဖြစ်နေတယ်၊ ပြင်ပေးမည့်လူလဲ မရှိဘူးဘုရား့ ဆိုလို့ရှိယင်ဖြင့် အမှားသေ မှားပြီး ဒီအထဲမှာဘဲ သေသွားတယ်.... ( မှန်ပါ ) မှားပြီးတော့....(ဒီအထဲမှာဘဲ သေသွားပါတယ်ဘုရား)။

ဒီ တံတိုင်းကြီးတွေက အကနိဋ္ဌ ဗြဟ္မာ့ပြည် တိုင်အောင်ဘဲ ဝိုင်းနေတဲ့ အမှတ်တွေ ဆင့်ဆင့်-ဆင့်ဆင့်သွားတယ်....(မှန်ပါ) အသိတွေ ဆင့်ဆင့်သွားတော့ အယူတွေကော....(ဆင့်ဆင့်-ဆင့်ဆင့် သွားပါတယ်ဘုရား)။

အကနိဋ္ဌ ဗြဟ္မာ့ပြည် မကဘူးတဲ့ တကာတကာမတို့(မှန်ပါ) ဒါဖြင့် တဘဝမှာလဲ ဒီအမှားတံတိုင်းတွေ ကြားထဲမှာဘဲ သေတယ်...(သေရမှာပါဘဲ) ဒုတိယဘဝ ကျတော့လဲ ဒီအတိုင်းဘဲ သား့လင့်ခင်ပွန်းနဲ့ နေကြပြန်တော့ ဒုတိယဘဝလဲ ဒီတံတိုင်းကြီးဟာ အယင်တံတိုင်းပေါ်မှာ ဆင့်သာလာတယ် တကာသစ် ပြိုပျက်သွားရဲ့လား... (မသွားပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘဝတိုင်းဆင့်လာတဲ့ တံတိုင်းကြီးသည် ဘယ်လောက်များ မြင့်မားမလဲလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး၊ ဒါ့ကြောင့် တကာတကာမတွေ ကိုယ့်တံတိုင်း ကိုယ်ခတ်တယ်လို့ အောက်မေ့ပါ....(မှန်ပါ) ဝိုင်းကြပါစို့ဆိုတော့ ထွက်ပေါက်မရှိတော့ပါဘူးနော် .... (မှန်ပါ ဘုရား)။

တကာတကာမတို့ အခုဝိုင်းပြလိုက်တာ ထွက်ပေါက်ရှိသေးရဲ့လား....(မရှိပါဘုရား)။

တချို့မျှား သမီးအမှတ်နဲ့ သေသွားတယ်၊ သမီးခင်စိတ်နဲ့ သေသွားတယ်၊ သမီးအားကိုးရင်း မတ္တာနဲ့ သေသွားတော့ တကာတကာမတို့ ဒီတံတိုင်းကြီးကြားထဲမှာ သေသွားတယ်.... (မှန်ပါ့) အမှတ်မှား, အသိမှား, အယူမှားနဲ့ သေသွားပြီ .... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်အခါကာလမှ သူတို့မှာ အမှတ်မှန်, အသိမှန်, အယူမှန်ဆိုတဲ့အဖြစ်နဲ့ တကာတကာမတို့ ကြုံခဲ့ရတဲ့ ဘဝမျှား ရှိပါရဲ့လား ...(မရှိပါဘုရား)။

ကဲ... ကြည့်ပါလား တဘဝ, တဘဝမှာ ဖြိုဖျက်နိုင်သလား၊ ဆင့်သာသွားသလား....(ဆင့်သာသွားပါတယ်ဘုရား)။

ကိုင်း....တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ) တပည့်တော်တို့ သံသရာထဲမှာ ဘယ်လိုမျှား နေခဲ့ထိုင်ခဲ့ရပါလိမ့်မလဲဘုရား....ဆိုတော့၊ အို....မှောင်ကျနေတဲ့ တံတိုင်းကြီးထဲမှာ အလင်းမရဘဲနဲ့ သေပွဲဝင်ခဲ့ကြရတယ်....(မှန်ပါ့ဘုရား)။

နောက်ဘဝလဲ ဒီထဲမွေးတာဘဲ....( မှန်ပါ့ )နောက် ဘဝ ပေါင်းမျှားစွာကော....(ဒီအထဲ မွေးတာပါဘဲ)ဩော်.... ဒီအထဲ မွေးပြီး ဒီအထဲသေ....(မှန်ပါ့ဘုရား)။

ဒါဖြင့် မှောင်ထဲမွေး မှောင်ထဲသေပေါ့.... (မှန်ပါ့ဘုရား) အမှတ်မှားနဲ့သေလိုက်၊ အသိမှားနဲ့ကော.... ( သေလိုက်ပါ ) အယူမှားနဲ့ကော....(သေလိုက်ပါ) ပြင်ပေးမည့်လူက....(မရှိပါ ဘုရား)။

ဒီအထဲက တကာသစ်- မှတ်လိုက်စမ်း၊ ဒီဘက် ထုကြီးကလဲ ထုလိုက်တာ မနည်းဘူး....(မှန်ပါ့) မြင့်မားလိုက်တာကလဲ နေရောင်, လရောင်တောင် မထိုးနိုင်ဘူး....(မှန်ပါ့ဘုရား)။

နေရောင်,လရောင်, နက္ခတ်ရောင်တွေတောင်.... (မထိုးနိုင်ပါဘုရား)။

အံမာ.... တကာတကာမတို့ ဘယ်သူ ကာထားတဲ့တံတိုင်းပါလိမ့်မတုံးမေးယင် ကိုယ့်ဟာကိုယ် ကာထားတဲ့တံတိုင်းလို့မှတ်ပါ....(မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ် .... (ကိုယ့်ဟာကိုယ်ကာထားတဲ့ တံတိုင်းပါဘုရား)။

ဒီဘဝလဲ ကာလျက်နဲ့ ကာပြီးသကာလ ဒီအတွင်းမှာဘဲသေသွားတယ်....(မှန်ပါ့) နောက်ဘဝကျတော့လဲ ဒီအတွင်းမှာသေတော့ ဒီအပေါ်မှာ ထပ်ကာပြန်တာဘဲ....(မှန်ပါ့) အမှတ်မှား, အသိမှား,အယူမှားတွေ ထပ်ပြန်တာဘဲ....(မှန်ပါ့ဘုရား)။

ကဲ....တကာသစ် ပေါ်ပလား....(ပေါ်ပါပြီ) တကာကြွယ်ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နို့ဘုရားက ဘယ်နေရာ ပွင့်ပါလိမ့် မတုံးလို့ မေးတော့ဘုရားက တကာတကာမတို့ အပြင်ဘက်က ပွင့်တယ်.... (မှန်ပါ့ဘုရား)။

ဘုရားက အပြင်ဘက်က ပွင့်ပြီးသကာလနေတော့ သူ့အမှတ်မှား တံတိုင်းကြီးကိုလဲ မဖြိုနိုင်ဘူး....( မှန်ပါ့ ) အသိမှားတံတိုင်းကြီးကလဲ ဆင့်ထားတာ မြင့်မားလွန်းလို့ မဖြိုနိုင်ဘူး....(မှန်ပါ့) အယူမှား တံတိုင်းကြီးကလဲ ဘဝများစွာက ဆင့်လာလို့ ဘုရားက ဖြိုဖျက်နိုင်ရဲ့လား....(မဖြိုဖျက်နိုင်ပါဘုရား)။

ဒါကြောင့် ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေ ပွင့်သွားငြားသော်လဲ ကျုပ်တို့မပါတာ ကျုပ်တို့၏ လုံခြုံရေးကို ကျုပ်တို့ကာနေလို့....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့် .... (တပည့်တော်တို့၏ လုံခြုံရေး တပည့်တော်တို့ ကာနေလို့ပါဘုရား)။

အရှင်ဘုရား မကြွလာနဲ့- အရှင်ဘုရား မကြွလာနဲ့လို့ဆို တာ တကာတကာမတို့က ဘုရားကိုယ်တော်မြတ်ကြီး မကြွပါနဲ့ ဘုရားလို့ မဆိုသော်လဲ ဆိုဘိသကဲ့သို့ ကိုယ့်ဟာကိုယ် ကာနေ တယ်—(မှန်ပါ့ဘုရား)။

မယုံလို့ရှိယင် စဉ်းစားသာ ကြည့်ကြပါတော့တဲ့ ဒီတကာ တကာမတွေ ခလေးကလေး အချိန်အရွယ်ရောက်လို့ ဟောဒီ ဘက်မှ တရားဟောနေတယ် ဘုရားက....(မှန်ပါ့)ဘုန်းကြီးကဘဲ ဟောတယ်ထား....(မှန်ပါ့) မလာနိုင်ဘူးတဲ့ (မှန်ပါ့) သမီးဟူ သော အမှတ်တံတိုင်းကြီး ကာနေတယ်....( မှန်ပါ့ )သမီးခင်မှု တည်းဟူသော စိတ်မှားကြီးကကော....(ကာနေပါတယ်) သမီး ဆိုတဲ့ အယူမှားကြီးကကော....(ကာနေပါတယ်ဘုရား)။

ကိုင်း....တရားနာဒေတာင် ထွက်ခွင့်မပေးဘူး .... ( မှန်ပါ့ ) သဘောပါကြလား....(ပါပါပြီဘုရား)။

ဒါ....ဒီဘဝထင်ရှားတောင် ပြောပါတယ်-တကာတကာမတို့ တရားနာတောင် ထွက်ခွင့်ပေးရဲ့လား....( မပေးပါဘုရား )။

ဒါဖြင့် တရားနာထွက်ခွင့် မပေးဘူး၊ စီးပွားရှာလဲ သွားခွင့် မပေးဘူး....(မှန်ပါ့) သမီးဆိုဘဲ ရောက်နေလို့ စိတ်မချ-လက်မ ချရှိနေလို့ သမီးကပါလျက်ကိုးဗျ....(မှန်ပါ့) ဒါ.... အမှတ်မှား ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) စိတ်မချ ဘူး-ဆိုတော့ အသိမှားမကျဘူးလား....( ကျပါတယ်ဘုရား )။

ကြော်....သူ့ဘဲ အိုတဲ့အခါကျလို့ရှိယင် ကိုးစားရာ, အားထားရာ အဖြစ်နဲ့ တွေ့ရမှာ ဥတလုံး တကောင်ကြွက်တော့ မဖြစ်ချင်ဘူးဆိုတဲ့ အယူမှားကကော....( လာပါတယ်ဘုရား )။

ဒါဖြင့် တကာတကာမတို့ တရားနာမထွက်ဖြစ်တာလဲ အမှားသုံးချက် တံတိုင်းကာလို့....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားအဆူဆူနဲ့ လွဲခဲ့ရတာကော.... (အမှားသုံးချက် တံတိုင်းကာလို့ပါဘုရား)အမှားသုံးချက် တံတိုင်းကာနေတယ်.... (မှန်ပါ)။

ဘုရားက တံတိုင်းအတွင်းမှာ ပွင့်သလား....။ တံတိုင်းအပြင်ဘက်မှာ ပွင့်သလား .... ( တံတိုင်းအပြင်ဘက်မှာ ပွင့်ပါတယ်ဘုရား )။

သညာဝိပ္ပလ္လာသ သမားထဲမှာ တကာသစ် မဝင်နိုင်ဘူး.... (မှန်ပါ) စိတ္တဝိပ္ပလ္လာသ သမားထဲမှာကော... (မဝင်နိုင်ပါ) ဒိဋ္ဌိဝိပ္ပလ္လာသ သမားထဲမှာကော....(မဝင်နိုင်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကြော်.... ဒို့သည်ကားလို့ဆိုယင် ဘုရားအဆူဆူ ဂင်္ဂါဝါဠုသဲစုမကဆိုတော့ သဲတမှုန့် ဘုရားတဆူ၊ ဒီဘုရားတွေက ဒို့ကို မသနားလို့လား... ဒို့က လုံခြုံရေးနဲ့ မလာပါနဲ့လို့ ပိတ်ပင်လို့လားဆိုတာ ဒီတရားမှာ အကဲခတ်ကြည့်ပါ... (မှန်ပါ)ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (တပည့်တော်တို့က ပိတ်ပင်လို့ပါဘုရား)။

ဘုရားကို အလာမခံဘူး....( မှန်ပါ့ )ဘုရားလာမည်ကြံယင် သမီးဟူသော အမှတ်နဲ့ သမီးခင်မှုနဲ့ ကာလိုက်၊ သမီးအားကိုးမှုနဲ့ ကာလိုက်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါ မအားလို့ မအားလို့ဆိုတဲ့ဥစ္စာ တံတိုင်း ကိုယ့်ဟာကိုယ်ကာနေတာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ မအားလို့ဆိုတာ ဘာပါလိမ့်...(တံတိုင်းကိုယ့်ဟာ ကိုယ်ကာတာပါဘုရား။

ဪ....တကာတကာမတို့က မအားတဲ့ဥစ္စာ ကိုယ့်ဟာ ကိုယ်တံတိုင်းကာတာ၊ ဘုရား မဝင်နိုင်အောင် တရား မဝင်နိုင်အောင်ကာတာ... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်တို့ တော်တော်သေးတယ်၊ ဒီ ထွက်လာနိုင်တာ တံတိုင်းကျော်ပြီး ထွက်လာနိုင်တာဟာ တော်တော်သေးတယ်-(မှန်ပါ့)။

အခုလာတဲ့ တကာတကာမတွေ ကိုယ့်မှာ တံတိုင်းအသီးသီးရှိတာ ဒီဘဝ ဆရာဘုန်းကြီးကလဲ ဆဲ့၊ ကိုယ့်အရေးလဲ ကိုယ်သိတဲ့ ကောင်းမြတ်တဲ့ စိတ်ကလေး ပေါ်လာလို့ အခု ပြင်ဘက်ထွက်လာတာ....(မှန်ပါ့)။

ဒီက ပြန်ယင် ဘယ်သွားကြမှာတုံး၊ ဟောဒီ အတွင်း ပြန်ဝင်မယ်....(မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီ)ဒီက ပြန်ယင်....(တံတိုင်းအတွင်း ပြန်ဝင်ရမှာပါဘုရား)။

ပြော်...ခင်ဗျားတို့ တံတိုင်းကလဲ ခက်လိုက်တဲ့ ဖြစ်ခြင်း မပြောပါနဲ့တော့၊ခဏကလေး ထွက်လာ နောက်တခါ ပြန်ဆင့် တာဘဲ....(မှန်ပါ)။

ခဏကလေး ထွက်လာပြီး....(နောက်တခါ ပြန်ဆင့်ပါတယ်) ဒါက ဘာကြောင့် ပြန်ဆင့်ကြသတုံး မေးလို့ရှိယင်ဖြင့် ဒီသား ဒီသမီး ဒီမြေးဆိုတဲ့ တကာတကာမတို့ ဒီလင် ဒီသား ဒီမယား ဆိုတဲ့ အသွားတွေတည်းဟူသော တံတိုင်းကြီးထဲက မထွက်လိုလို့ ပြန်ဝင်ရတာ....( မှန်လှပါဘုရား )ရိပ်မိပလား.... ( ရိပ်မိပါပြီ ဘုရား )။

ဘယ်လိုကြောင့်ပါလိမ့်....( မထွက်လိုလို့ ပြန်ဝင်ရတာပါ ) တကာကြွယ် ဒီက ပြန်ယင် အိမ်ပြန်မျှား မှားဦးမလားဗျာ.... (မမှားပါ)မမှားဘူး....(မှန်ပါ)။

ဘာပြုလို့တုံးလို့မေးတဲ့အခါကျတော့ ဒီနေရာမှာ ဒီတံတိုင်း ကြီးတွေက ရှိပြီးသကာလ နေတော့ ဒီအတွင်း နေရလို့ရှိယင် တကာကြွယ် မမှားဘူးလား...(မှားပါတယ်ဘုရား)။

သားကလေး, မြေးကလေးဆိုတဲ့ အမှားကလေးကကော.... မလာဘူးလား...(လာပါတယ်)မြေးကလေးတွေယင် ခင်မှာဘဲဆို တဲ့ အသိမှားကကော မလာဘူးလား....( လာပါတယ် ) မြေး ကလေးဘဲ ကြီးတော့ ဆေးပေး မီးယူနဲ့ လုပ်ရမှာဆိုဘဲ အား ကိုးလုံး အမှားကော....(လာပါတယ်ဘုရား)။

ဟော....ဒီက ပြန်ယင် ခင်ဗျားတို့ ဘယ်မျှား ကြကြမှာတုံး မေးလို့ရှိယင် တပည့်တော် ခိုအောင်းရတဲ့ ဘုရားအဆူဆူ ကာ ကွယ်ရေးရတဲ့ တံတိုင်းထဲ သွားရပါလိမ့်မယ်ဘုရား ... မှန်လှပါ

ဘုရား ) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ် ဘုရား)။

တကာတကာမတို့ ရယ်စရာပြောတာ မဟုတ်ဘူး၊ခင်ဗျားတို့ ဖြစ်စဉ်က ဒီအတိုင်းဘဲ....(မှန်ပါ့)သိပ်ကြောက်စရာကောင်းတယ် နော်... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဉာဏ်နဲ့ကြည့်မှ တကာသစ်ရ-(မှန်ပါ့)ဒီတံတိုင်းကို ဘုန်းကြီး က ချိုးပေးရမယ်....(မှန်ပါ့) ဖေါက်ပေးရမယ်၊ ဖျက်ဆီးပေးရ မယ်... (မှန်ပါ့)။

ဒီတံတိုင်း မကျိုးတဲ့ ပုဂ္ဂိုလ် မဖေါက်နိုင်တဲ့ ပုဂ္ဂိုလ်ဟူသ၍ ဖြင့် နောက်ဘုရားတွေလဲ ဂဂါသဲမှုန်နဲ့ အမျှ ရှိပါသေးတယ်.... (မှန်ပါ့)။

ဘယ်ဘုရားမှ မတိုးနိုင်ဘူး ခင်ဗျားတို့ အဆင့်ဆင့်ကာလို့- (မှန်ပါ့)ဘယ်ဘဝမှလဲ မဖျက်ဆီးခဲ့ဘူး၊ အရင်အုတ်ပေါ် နောက် အုတ် ဆင့်သလိုပေါ့ဗျာ....(မှန်ပါ့)။

ဒီလိုနဲ့ မြင့်မားပြီး ထူထပ်တာလဲ ဘုရား မတိုးနိုင်ဘူး....(မှန် လှပါ) မြင့်မားလိုက်တာလဲ ဘုရားရောင်ခြည်တော်တောင် ဝင် ခွင့် မရဘူး... (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ခါနီး ဥဒယဗ္ဗယ ဉာဏ်များ ကြိုးစားလိုက်တဲ့ အခါ ရောင်ခြည်တော်တွေဟာ တကာကြွယ် ငရဲများ ဖေါက်တယ်....(မှန်ပါ့ဘုရား)ငရဲတခုလုံး လင်းတယ်...(မှန်ပါ့)။

အထက်သွားလိုက်တာလဲ အကနိဋ္ဌ ပြဟ္မာ့ပြည် တိုင်အောင် အကုန်လင်းတယ်....(မှန်ပါ့) ခင်ဗျားတို့ အထဲ မဝင်လာဘူး.... (မဝင်လာပါဘုရား)။

အံမာလေး....တယ်ပြီး ကာချက် ဆီးချက် ကောင်းပါလား-(မှန်ပါ့)ဘာကြောင့် ဒါလောက် ကာကြ ဆီးကြပါလိမ့်မတုံး ဆိုတာတော့ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

မကျွတ်ချင်ဘူး ဘုရာ့.... ရိုးရိုးပြောမယ် တပည့်တော်....၊ ဒါ ပြတာဘဲ....(မှန်ပါ့ဘုရား) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒီအထဲမှာဘဲ မှောင်ထဲမှာဘဲ တပည့်တော် မေးတယ်၊ မှောင်ထဲမှာဘဲ သေချင်လို့....(မှန်ပါ့)ဒီကြားထဲမှာ ဘာရှိသတုံး မေးတော့မှ သုံးဆယ့်တဘုံ ရှိတယ်....(မှန်ပါ့)။

ဒီ အလယ်ထဲမှာ ဘာရှိသတုံး .... (သုံးဆယ့်တဘုံ ရှိပါတယ်ဘုရား)။

သုံးဆယ့်တဘုံထဲမှာ အိုပွဲ၊ နာပွဲ၊ သေပွဲ၊ မျက်ရည်ကျပွဲချည်း တပည့်တော် ခင်းပြီး နေမယ်ဘုရာ့....( မှန်ပါ့ ) ဒီ ဝိပ္ပလ္လာသ မကျော်နိုင်ယင် ဒါနဲ့ သေရမယ်....(မှန်ပါ့)။

တဏှာကြွယ် ကြောက်စရာ ကောင်းတာလား၊ ကိုယ်လုပ်ထားတာက ဒီ့ထက် ခမ်းနားသေးတယ်လို့ ဆိုရမှာလား .... (ကိုယ်လုပ်ထားတာက ဒီ့ထက် ခမ်းနားပါသေးတယ်ဘုရား)။

ဒါ ဘုန်းကြီးနဲ့သာ တကာတကာမတွေ့ ချိုးပေးမည့်၊ ခွဲပေးမည့်၊ ဖေါက်ပေးမည့် ပုဂ္ဂိုလ်မတွေ့ဘူးဆိုယင် ခင်ဗျားတို့ နောက်ဘုရားတွေ ရှိခြားသော်လဲ ခင်ဗျားတို့ ဘုရားတဆူမှမဟုတ်ဘူး (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ နောက်ဘုရားကျအောင်လဲ မတောင့်တပါနဲ့၊ အခု ဆရာဘုန်းကြီးပြောတာနဲ့ဘဲ ချိုးလိုက်၊ ဖေါက်လိုက်ပြီး

ဗီဘက် ပြင်ဘက်၊ အလင်းဘက်ထွက်ကြပါတော့.... ( မှန်ပါ ) ဗီမှောင်ထဲမှာမွေး- မှောင်ထဲမှာနေ- မှောင်ထဲမှာသေ ဆိုတာတွေ တော့ဖြင့် ဖြုတ်ကြပါတော့....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဝိပ္ပလ္လာသ တံတိုင်းကြီးက တကာကြွယ် ဘယ်လောက်မြင့်မား သတုံး....(မရေတွက်နိုင်ပါ) အများကြီး မြင့်မားတယ်၊ ထူထပ် တာက ဘယ်လောက် ထူထပ်သတုံးဆိုလို့ရှိယင် စကြာဝဠာ တံတိုင်းကြီးဟာ ဒါလောက်မထူဘူး.... ( မှန်ပါ )သဘောကျပ လား....(ကျပါပြီဘုရား)။

ဒါ ခင်ဗျားတို့ နေ့စဉ်ထပ်နေတယ်၊ သားခင်မှဘဲ အားကိုး ရမှာဘဲ၊ သမီးခင်မှဘဲ အားကိုးရမှာဘဲ၊ ငွေခင်မှဘဲ ငွေဆိုတာ ခင်မှဘဲ ဆိုတဲ့ဥစ္စာက ငွေမခင်ယင် အရှုံးဖြစ်မှာပေါ့.... ဆိုတဲ့ အတွေးစိတ်များကလဲ မရှိဘူးလား ... (ရှိပါတယ်) လောကမှာ ငွေဘဲအားကိုးနေရတယ် ဆိုတဲ့ အယူများကတော့.... (ရှိပါတယ် ဘုရား)။

အဲဒါ တနေ့ တကာသစ်တို့ ဘယ်နှစ်ခါ ဆင့်သတုံး....(မရေ တွက်နိုင်ပါ) မဆင့်ကြဘူးလား....(ဆင့်ပါတယ်)နောက် ဘဝက တော ဖျက်ခဲ့ရဲ့လား....(မဖျက်ခဲ့ပါ) ဒါဖြင့် ဒီဘဝထပ်ဆင့်တာ ပေါ့....(မှန်ပါ) ဘဝပေါင်းများစွာ ဆင့်ခဲ့တာ ဘယ်လောက် ကြာပလဲ... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ထုက ဘယ်လောက်ထူသတုံး မေးယင် .... (မတိုင်း ထွာနိုင်ပါ) မြင့်မားတာက ဘယ်လောက်တုံး မေးယင်တော.... (မရေတွက်နိုင်ပါ) ဘယ်နှစ်ဖက်ကာသတုံး ဆိုတော့ ဝိုင်းကာ တယ်....(မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အံ့မာလေး တကာတကာမတို့ ဒီတခါ ခင်ဗျားတို့ လွတ်ရေး၊ ကျွတ်ရေးရှာချင်ရှာတော့နော်.... (မှန်ပါ) ဒီတခါမှ မတွေ့တော့ ပါဘူးဆိုယင် ခင်ဗျားတို့ ဒီ့ထက်ပိုအောင် ဆင့်လိမ့်မယ် .... (မှန်ပါ)ဒီ့ထက်ပိုအောင် ထု-ထူအောင်လုပ်တော့မယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် အခုတကာကြွယ်ရေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရ သေးယင် တံတိုင်းအတွင်းမှာဘဲ ရှိသေးတယ်....(မှန်ပါဘုရား)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသေးယင် .... (တံတိုင်းအတွင်းမှာဘဲ ရှိပါသေးတယ်) တံတိုင်းအတွင်းမှာဘဲ ရှိသေးတယ် ဆိုတာ ကောင်းကောင်း သဘောကျပသွား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာသစ်ရေ- ဘုရားပေါင်း ဘယ်လောက်ပွင့်သွား ပြီတုံး.... ( မရေတွက်နိုင်ပါ ) ကိုယ်တော်တွေက ကျုပ်တို့ကို မသနားလို့လား၊ ကျုပ်တို့က ကာကွယ်ရေး ထူထပ်လွန်းလို့ လား....(ကာကွယ်ရေးထူထပ်လို့ပါဘုရား)။

ဒါဖြင့် ဘုရားဟူသရွေ့ သပိတ်မှောက်လာတာ ဘယ်လောက် ကြာပလဲ....(မရေတွက်နိုင်ပါ) ရိုင်းရိုင်းပြောတာ မဟုတ်ပါဘူး (မှန်ပါဘုရား)။

ရိုင်းရိုင်းပြောတယ်လို့ မထင်ကြပါနဲ့၊ ခင်ဗျားတို့ကိုယ်တိုင် ဘုရားနဲ့ မတွေ့ချင်၊ တရားနဲ့မတွေ့ချင်၊ ကိုယ့်တံတိုင်း ကိုယ်ကာ ပြီး လုံအောင် မှောင်ထဲမှာကြိုက်ပြီး မှောင်ထဲမွေး၊ မှောင်ထဲ သေနဲ့ နေခဲ့ရတဲ့ဘဝချည့်ဘဲ ဆိုတာကော ကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

ဘယ်တော့ အလင်းရသလဲ.... ( မရခဲ့ပါ ) ဒီတခါမရယင် တကာကြွယ် ကိုယ်ကျိုးနည်းပြီ....( မှန်ပါ ) ဒီတခါ မရယင်.... (ကိုယ်ကျိုးနည်းပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒီတရားကို တကာတကာမတို့ တရက်တည်းနဲ့ လဲ ဟောလို့ မပြီးနိုင်၊ တခုပြီးမှတခု သညာပယ်ပြီးမှ စိတ်ပယ်ရမယ်၊ စိတ်ပယ်ပြီးမှ ဒိဋ္ဌိပယ်ရမယ်ဆိုတော့ တကာသစ်ရေ သူ့မဇ္ဈိနဲ့သူ ပယ်ရမှာ....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာဘကာမတွေ ယခုနေရတဲ့ အခြေအနေကဖြင့် ကိုယ့်ဟာကိုယ် လုံခြုံရေး အမှောင်ပျော်နေကြတယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး တွေဟာ ကောင်းကင်ပျံ မြေလျှိုးနိုင်ငြားသော်လဲ ခင်ဗျားတို့ တံတိုင်းမြင့်မားလို့ ခင်ဗျားတို့ တံတိုင်းကြီးက ထူထပ်လွန်းလို့ လက်လျှော့ပြီးသကာလ ပရိနိဗ္ဗာန်စံရဘယ်.... (မှန်ပါ)စံရတဲ့ ကိုယ်တော်ပေါင်း ဘယ်လောက်ရှိသတုံး.... (မရေတွက်နိုင်ပါဘုရား)။

နောက်ကိုယ်တော်တွေလဲ ခင်ဗျားတို့ အခုလို တံတိုင်းချိုးပေးမည့်ပုဂ္ဂိုလ် ဖေါက်ပေးမည့်ပုဂ္ဂိုလ် ဉာဏ်အမြင်ပေးမည့် ပုဂ္ဂိုလ်မှမလာသေးလို့ရှိယင် နောက်ကိုယ်တော်တွေလဲ ခင်ဗျားတို့ကို လက်လျှော့မယ်....(မှန်ပါဘုရား)။

ဒီထဲမှာ အပါယ်လေးပါး ရှိတယ်နော်....(မှန်ပါ)ဒီအထဲမှာ မွေး၊ ဒီထဲမှာသေ၊ ဒီအပါယ်လေးပါးထဲမှာဘဲနေ .... (မှန်ပါ) ဒီတံတိုင်းက ပြင်ဘက်က ခြံရံလျက်ဘဲ .... (မှန်ပါ) တံဘိုင်းအတွင်းမှာ သုံးဆဲ့တဘုံရှိပါတယ်....( မှန်ပါ )ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒီထဲမှာ ခင်ဗျားတို့ ခန္ဓာကိုယ်ကလဲ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ ဒီထဲ မှောင်ထဲမှာမွေးလိုက်၊ မှောင်ထဲသေပြီးမြုပ်လိုက်၊ မှောင်ထဲပြန်ဖြစ်လိုက်၊ ဒီတံတိုင်းအတွင်းက ပြင်ဘက်ကို မွေးဖွားဘူးသူရှိရဲ့လား....(မရှိပါဘုရား)။

အဲဒါ သောတာပတ္တိမဂ်ရမှ ဒိဋ္ဌိဝိပ္ပလ္လာသ ပယ်နိုင်မယ်.... (မှန်ပါ့)သဘောကျပလား .... (ကျပါပြီ) သောတာပတ္တိမဂ်မှ မရသေးယင်....(မပယ်နိုင်ပါဘုရား)။

မပယ်နိုင်သေးယင် တံတိုင်း သုံးထပ်ခတ်လျက်ဘဲ....(မှန်ပါ့) သညာ၊ စိတ္တ၊ ဒိဋ္ဌိ....(မှန်ပါ့) သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ သုံးခုသုံးထပ်သွားတာဘဲ....(မှန်ပါ့ဘုရား)။

အခုကောတဲ့ ဒီတရားနာနေတဲ့ တကာတကာမတွေ ထဲမှာ အို....ဒါလောက်ဘောင် ကာထားတာကို ဘဝများစွာက၊ အခုဘဝလဲ ဆင့်တန်းကိုး.... ( မှန်ပါ့ ) ရှေ့လဲ ဒီလိုဆရာကောင်း သမားကောင်းနဲ့ မတွေ့သေးယင် ဒီလို ဆင့်နေဦးမှာဘဲ .... (မှန်ပါ့ဘုရား)။

ဘယ်သူ့လုံခြုံရေးလဲ မေးတဲ့အခါ ကိုယ့်နိဗ္ဗာန်မသွားလိုလို့ ဒုက္ခထဲမှာ လုံလုံခြုံခြုံနေမယ်ဆိုတဲ့ အဓိပ္ပါယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်မတန် ကိုယ်ကျိုးနည်းခဲ့ကြပါတယ်.... ( မှန်ပါ့ )သိပ်သနားစရာကောင်းတယ်နော်- တကာတကာမတို့၊ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်စဉ်းစားကြည့်စမ်း၊ ကိုယ့်နေမှုဟာ သိပ်ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

တနေ့သွားဘက် လှည့်တွေးလဲ တံတိုင်းခတ်တာဘဲ (မှန်ပါ့) သမီးဘက်လှည့်တွေးလဲ....(တံတိုင်းခတ်တာဘဲ) ပစ္စည်းဘက်လှည့် တွေးလိုက်ပြန်လဲ....(တံတိုင်းခတ်တာပါဘဲဘုရား)။

ဟာ .... တကာသစ် ဒါဘာလုပ်နေတာတုံးလို့ မေးတော့ တပည့်တော် ဘုရားအဆူဆူနဲ့ လွဲအောင်လုပ်နေတာ....(မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမလဲ(ဘုရားအဆူဆူနဲ့ လွဲအောင်လုပ်နေတာပါ ဘုရား) ဘယ်သူက လုပ်တာတုံး....(ကိုယ့်ဟာကိုယ် လုပ်တာပါ ဘုရား)။

ကိုယ့်ဟာကိုယ် ကာနေတာ.... (မှန်ပါ့) တနေ့ ဘယ်နှစ်ခါ လို့လဝီရိယနဲ့ ကာပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

နောက်က အကာတွေကို ဖြုတ်ပြီးတော့မှ အသစ်ကာတာ လား၊ အဲဒီပေါ်ထပ်ပြီး ဆင့်တာလား....(ထပ်ဆင့်တာပါဘုရား) တကာကြွယ် သွားပြီ....(မှန်ပါ့)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဒီတရားမျိုးကိုလဲ မနာဘူး (မှန်ပါ့) မနာဘူးတော့ ဒီကဲ့သို့ ဖျက်ဆီးမှုကိုလဲ နည်းရမယ် မဟုတ်ဘူး....(မရဘူးပါဘုရား) မရတော့ ခင်ဗျားတို့ ဘာလူလူ ဘာတန်းတန်း ဘာပေးပေး ဘာကမ်းကမ်း ခင်ဗျားတို့ ဒီမှောင် ထဲမှာဘဲနေတယ်....(မှန်ပါ့) မှောင်ထဲမှာဘဲ သေတယ်·(မှန်ပါ့) ပြင်ဘက်ကိုတော့ဖြင့် ဝိပ္ပလ္လာသတံတိုင်း သုံးထပ် ကျော်နိုင်သေး ရဲ့လား....(မကျော်နိုင်ပါဘုရား)။

သောတာပန်မှ တထပ်ကျော်နိုင်တာ....(မှန်ပါ့) သကဒါဂါမ်

အနာဂါမ်ဆိုယင် နှစ်ထပ်.... (မှန်ပါ့) ရဟန္တာမှ သုံးထပ်ကျော်နိုင်တာ....(မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတို့ တော်တော့်ပုဂ္ဂိုလ်ဆိုတော့ ခုန်ထွက်ဘို့ ဝေးပါသေးတယ်.... (ဝေးပါတယ်ဘုရား) သောတာပန်မှ တထပ်ကျော်နိုင်တယ်...(မှန်ပါ့) တံတိုင်းက သုံးထပ်ကိုး-(မှန်ပါ့ဘုရား) ဒါ.... ပလပ်စတိတ် ခွက်မလောက်လို့ တထင်တည်း ကာပြတာ....(မှန်ပါ့)။

ခင်ဗျားတို့ ကာထားတာက ဘယ်နှစ်ထပ်တုံး.... (သုံးထပ်ပါဘုရား) သုံးထပ်မှာလဲဘဲ တခုတခု အထပ်ကြီးဟာ သေးလှတာမဟုတ်ဘူး.... (မှန်ပါ့) အင်မတန် ထုကြီးပါတယ်၊ အင်မတန်မှမြင့်မားပါတယ်ဆိုတာ မှတ်လိုက်စမ်းပါ.. (မှန်ပါ့) ဘယ်တော့မှလဲ မဖျက်ဘူး... (မှန်ပါ့) ထပ်သာ ဆင့်လေ့ရှိတယ်ဆိုတာကောသဘောကျပလား....(ကျပါပြီဘုရား)။

တကာကြွယ် ဒီဘဝ ဒီလိုမှ ဝိပ္ပလ္လာသတံတိုင်းကြီးကို ချိုးပေးမည့်ပုဂ္ဂိုလ်, ဖျက်ပေးမည့်ပုဂ္ဂိုလ် မရှိတော့ဘူး ဆိုလို့ရှိယင်ဖြင့် ဘယ်သူမှ နိဗ္ဗာန်မရဘူးလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ဘာတရားဟောလို့ ဘယ်သူက နိဗ္ဗာန်ရောက်လိမ့်မယ် ပြောပြော ယုံကို မယုံနဲ့....(မှန်ပါ့) တံတိုင်းပြင်ဘက်ကို မရောက်ဘူး (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သညာကော ကျော်နိုင်ရဲ့လား.... (မကျော်နိုင်ပါဘုရား) စိတ္တဝိပ္ပလ္လာသကော.... (မကျော်နိုင်ပါဘုရား) ဒိဋ္ဌိဝိပ္ပလ္လာသ.... (မကျော်နိုင်ပါဘုရား) ဒိဋ္ဌိမှ မကျော်နိုင်ယင် သောတာပန် ဖြစ်

ဘို ဘယ့်နှယ်ဆိုကြမလဲ.... (မဖြစ်ပါဘုရား) ထုံးစံရှိရဲ့လား.... (မရှိပါဘုရား)။

ကိုင်း-တကာတကာမတို့ ဒီတရားမျိုးမှ မနာရလို့ ဒီလိုမှချိုးဖွဲ့ပေးမည့်ပုဂ္ဂိုလ်မှမရှိဘူးဆိုယင်ဖြင့် ခင်ဗျားတို့သည်တဲ့ ဒီအမှောင်သဲမှာမွေး၍ အမှောင်ထဲ သေရုံဘဲ...(မှန်လှပါ) နောက်တခါမွေးတော့ကော.... (အမှောင်ထဲမွေး၍ အမှောင်ထဲ သေရုံပါဘဲဘုရား) နောက်တခါ မွေးပြန်တော့လဲ.... (အမှောင်ထဲမွေး၍ အမှောင်ထဲ သေရုံပါဘဲဘုရား)။

နို့... ရိုးရိုးမွေးပြီး ရိုးရိုးသေတာလား၊ ထပ်ဆင့်ပြီးမှ သေကြတာလား (ထပ်ဆင့်ပြီးမှ သေကြတာပါဘုရား) ကိုယ်ကျိုးနည်းပြီ....(မှန်ပါ) တကာကြွယ် ကိုယ်ကျိုးနည်းပြီ.... (မှန်ပါဘုရား)။

ကိုင်း....တကာတကာမတို့ သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား ) ကြော်.... ဒို့ အဖြစ်ကဖြင့် ဆိုးလိုက်တဲ့ဖြစ်ခြင်းတန်းကုန်ပဟ....လို့ သေသေချာချာ ဆုံးဖြတ်ချက်ချပါ-(မှန်လှပါဘုရား) အဖြစ်ဆိုးဖြင့် တန်းကုန်ပြီ ...(မှန်ပါ)။

ဘယ်မှာ တကာတကာမတို့ သွားလင့်ခင်ပွန်းရယ်လို့ပျက်စီးသွားတဲ့အခါကျလို့ရှိယင်ဖြင့် တော်တော်ကြာ ရက်စေ့လို့ နှစ်စေ့လို့ နှစ်ပတ်လည်လို့ ဆွမ်းကျွေးပြန်တယ်.... (မှန်ပါ) ဟ ...ဘာလုပ်တာတုံး၊ အို .. ဝိပ္ပလ္လာသထပ်တာ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာလုပ်ကြတာ ထင်သတုံး.... ( ဝိပ္ပလ္လာသ ထပ်ဆင့်တာပါဘုရား) နဂိုရ်က ဒါ ဘာတော်သတုံးမေးယင် သူ ဘယ့်နှယ်တဲ့

ခင်ပွန်းတော်တယ်....(မှန်ပါ) ခင်ပွန်းတော်တော့ အခု ဆယ့် နှစ်လ ပြည့်ပြန်တော့ ခင်ဗျား ဘာလုပ်သတုံး မေးတဲ့အခါကျ တော့ ဒီခင်ပွန်း ရည်မှန်းပြီးသကာလ လုပ်ပါတယ်... တဲ့၊ ခင်ပွန်း ကို မပြုတ်ဘူး.... (မှန်ပါ့ဘုရား) ပြုတ်ကဲ့လား.... (မပြုတ်ပါ ဘုရား)။

သညာဝိပ္ပလ္လာသက ပြုတ်သေးရဲ့လား.... (မပြုတ်ပါဘုရား) စိတ္တဝိပ္ပလ္လာသ ခင်လုံးကကော....(မပြုတ်ပါဘုရား)ဒိဋ္ဌိဝိပ္ပလ္လာသ ကလဲ ငါ့ခင်ပွန်းဆိုတာ ပြုတ်သေးရဲ့လား... .... (မပြုတ်ပါ ဘုရား)။

ဩော်....ဒါဖြင့် ဆယ့်နှစ်လစေ့တိုင်း ဆွမ်းကျွေးတာလား၊ ဝိပ္ပလ္လာသ ထပ်တာလား မေးယင်.... ( ဝိပ္ပလ္လာသ ထပ်တာပါ ဘုရား)။

ခင်ဗျားတို့က သာခုမျှား ခေါ်လိုက်သေးတယ် တကာကြွယ် တို့က..(မှန်ပါ့) တကာကြွယ် ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား) ခင်ဗျားက ဘာလုပ်လေ့ရှိသလဲ... (သာခုခေါ်လေ့ရှိပါတယ် ဘုရား)။

ဘာဖြစ်လို့တုံး- သူကျတာ ဝမ်းသာလို့လား၊ သူ့တံတိုင်း သူချတာသေ....(မှန်ပါ့) သူ့ဟာသူချတာကို တကာကြွယ်တို့က တော်ပေ့ကွာ....မင်း သတိရတယ်ဟေ့၊ အံမာ.... စားကောင်း အောင် လုပ်ရသေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) အဲဒီလောက် ဆိုးနေပါတယ်....(ဆိုးပါတယ်ဘုရား)။

သေသေချာချာစဉ်းစားပြီး ဉာဏ်နားနဲ့ထောင်မှ ဒီအဓိပ္ပါယ် ပေါ်တယ်-နော်....(မှန်ပါ့ဘုရား) သာမညဆိုယင်ဖြင့် ကုသိုလ်

ရတယ်ဘဲ·အောက်မေ့ပါတယ်....(မှန်ပါ့)ရတော့ ရပါတယ်တဲ့၊ ဝိဝဋ္ဋကုသိုလ်တော့ မရဘူး၊ ဝဋ္ဋကုသိုလ်တော့ရတယ်· (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝဋ္ဋကုသိုလ်တော့....(ရပါတယ်ဘုရား)ဝဋ္ဋထဲ လည်မဲ့ကုသိုလ် တော့ ရတယ်၊ ဝိဝဋ္ဋကုသိုလ်တော့.... (မရပါဘုရား)ဘာကြောင့် တုံး ဆိုတော့ ဝိပ္ပလ္လာသကြောင့် လုပ်တာကိုး.... ( မှန်လှပါ ဘုရား)။

တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဒါ့ကြောင့် ခင်ဗျားတို့ကလဲ သက်စေ့တွေ ရှုပ်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့ တော့၊ တကာကြွယ်ရေ....ဒါ ဝိပ္ပလ္လာသက လာတာ.... (မှန်ပါ့ ဘုရား)။

ဦးလှဘူး ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး.... (ဝိပ္ပလ္လာသက လာတာပါဘုရား)။

ဝိပ္ပလ္လာသက လာတာ....တဲ့၊ ငါ- ခြောက်ဆယ်ပြည့်ပြီ....၊ ခြောက်ဆယ့်ခြောက်ဆို သေတတ်တယ်၊ အင်း....ငါအနွံရယ် ကင်းလို့ ငါ ဘေးရှင်းအောင်ဆိုတဲ့ အသွားမျိုးတွေဟူသရဲ့ဟာ ငါ့ကို ငဲ့တာချည်းဘဲ.... (မှန်ပါ့) ဘယ်သူ ငဲ့ပါလိမ့်.... (ငါ- ငဲ့ပါတယ်ဘုရား)။

ငါ ဆိုတာသည်ကားလို့ဆိုယင် တကာကြွယ်ဘဲ ထားလိုက် ပါတော့၊ တကာကြွယ်ဆိုတာက အမှတ်မှား.... (မှန်ပါ့ဘုရား) ကိုယ့်ကိုယ် ခင်လို့ လုပ်ဘာလား၊ မခင်လို့ လုပ်တာလား.... (ခင်လို့လုပ်ဘာပါဘုရား)။

အဲဒါက အသိမှား....(မှန်လှပါဘုရား) ငါ ကျန်းမာအောင် လို့ ဆိုတာက မကျန်းမာတဲ့ ခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးကို သုခသစ္စာထင်တာက အယူမှား.... (မှန်လှပါဘုရား) ရိပ် မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... တကာကြွယ် ဘာနဲ့လုပ်မိသလဲ.... ( အမှားနဲ့ပါ ဘုရား) အမှားသုံးချက်နဲ့ လုပ်မိတယ်ဘုရား.... ( မှန်ပါ ဘုရား)။

ဩော်.... ဒါနဲ့ တကာကြွယ်ကြီးကို ဦးလှဘူးတို့ လူစုက တရားနာဘက် ဓမ္မမိတ်ဆွေတွေဖြစ်တော့ တယ် ခင်ဗျားသတိ ရတယ်၊ ဘာသတိရသတုံးဆိုတော့ တံတိုင်းမေ့မှာစိုးလို့.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလုပ်ရတာပါလိမ့်....(တံတိုင်းမေ့မှာစိုးလို့ပါ) ဘာဖြစ် လို့တုံး နောက်ဘုရားတွေနဲ့ လွဲအောင်....(မှန်ပါ) ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

အဲဒါလောက် ဆိုးပါတယ်ဆိုတာ ဒါကြောင့် ဘုန်းကြီးတို့ ပြောတဲ့ တရားကိုမှ ဒီ တကာတကာမတွေ နားထဲမှာ မရှင်းဘူး ဆိုလို့ရှိယင် ဒီတံတိုင်းထဲမှာ ပျော်ပြီ....(မှန်ပါ) မဆိုထိုက်ဘူး လား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီအထဲမှာ ခင်ဗျားတို့က ရှူးလဲ ရှူးသေးတယ်၊ ကန်းလဲ ကန်း သေးတယ်၊ ဒီအထဲ နေရဘာ....(မှန်ပါ) အပါယ် လေးပါးကလဲ ဒီအထဲမှာဘဲ ဒီအထဲကျတယ်၊ တံတိုင်းပြင်ဘက်မှာ မရှိဘူး.... (မှန်ပါ) သုံးဆယ့်ဘုံကလဲ တံတိုင်းအတွင်းမှာဘဲ ရှိတယ်.... (မှန်ပါ)။

ကဲ....လွတ်ရေး၊ ကျွတ်ရေး ဘယ့်နှယ်နေကြသလဲ .. (မရှိပါ) ဒါဖြင့် ဝိပ္ပလ္လာသကျော်မှ ရတယ်....(မှန်ပါ)။

ပဌမ ဒိဋ္ဌိဝိပ္ပလ္လာသ ကျော်မှ ဒီအထဲမှာရှိတဲ့ အပါယ်လေးပါးတွေ လွတ်သွားတယ်....(မှန်လှပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီအထဲ စိတ္တဝိပ္ပလ္လာသတွေ ကျော်နိုင်မှ ကာမရူပတွေ လွတ်မယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

သညာဝိပ္ပလ္လာသတွေ ကျော်လိုက်တဲ့အခါကျတော့မှ သစ္စာသိတဲ့ ဉာဏ်တွေ ရပြီး လွတ်သွားတယ် .. (မှန်ပါ)။

ကိုင်း... ခင်ဗျားတို့ တကာကြွယ်တို့ ဘုန်းကြီးပြောတဲ့ ဝိပဿနာ အလုပ်သာ မလုပ်တော့ဘူး....လို့ ဆိုလို့ရှိယင် ဝိပ္ပလ္လာသကျော်ဘို့တော့ ဘယ်သူမှ မတတ်နိုင်ဘူး ....(မတတ်နိုင်ပါဘုရား) တတ်နိုင်ပါ့မလား .. (မတတ်နိုင်ပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ထွန်းခေါင်ဆရာတော် ရေးတာက တကာကြွယ်တို့ ကြားဘူးမယ်၊ "တဆူမသင့်၊ တဆူသင့်- ဖူးခွင့်သင့်လှပြီ" ကျုပ်တို့က မသင့်ဘူးဗျ.... (မှန်ပါ) သူက ဟိုဘက်လှည့်နေလို့ ပြောတာ....(မှန်ပါ)။

ကျုပ်တို့က ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (မသင့်ပါဘုရား) ကျုပ်တို့က ဘယ်ဘုရားမှ မဖူးသင့်ဘူး... (မှန်ပါ) ဘယ်ဘုရားမှ ကျုပ်တို့ကို လာချွတ်ဘို့ကို ကျုပ်တို့သည် အလိုရှိသူတွေ မဟုတ်ဘူး.... (မှန်ပါ)။

အပြောကတော့ဖြင့် အလိုရှိတယ်....(မှန်ပါ) အလုပ်သွားကကတော့ ကာတယ်....(မှန်ပါ)။

အပြောကတော့—(အလိုရှိပါတယ်) အလုပ်သွားက....(ကာပါတယ်) ဒါဖြင့် အပြောနဲ့ အလုပ်သွား ဘုရား ဘယ်နေရာက ဝင်ရမတုံး....(မှန်ပါ့)။

တကာကြွယ် ရိပ်မိပြီ၊ ခပ်တိုးတိုး ပြောနော်... ကိုယ့်အလုပ်က အတော်ဆိုးနေတယ်....(မှန်ပါ့- ဆိုးပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း...အားလုံး တကာတကာမတွေ ဒီလိုမှ ပြောပေးမည့် ပုဂ္ဂိုလ် ဆိုပေးမည့်ပုဂ္ဂိုလ် ဝိပ္ပလ္လာသ ဖယ်ပေးမည့် ပုဂ္ဂိုလ် မင်္ဂ တွေ့ဘူးဆိုယင်ဖြင့် တကာတကာမတို့ လွန်တဲ့ ဘုရားတွေလဲ ကျုပ်တို့ သပိတ်မှောက်တဲ့ ဘုရား....( မှန်ပါ့ ) နောက်လာမည့် ဘုရားတွေလဲ....(သပိတ်မှောက်တဲ့ ဘုရားပါဘုရား)။

ဘုရားက မှောက်ချင်တာလား....၊ ကျုပ်တို့ ကိုယ်တိုင်ကိုက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မတွေ့ချင်တာလား--(တပည့်တော်တို့ ကိုယ်တိုင်က မတွေ့ချင်တာပါဘုရား)။

ဘုရားကတော့ "မဟာကာရုဏိကော နာထော" ဆိုတဲ့ (မှန်ပါ့)အလွန် ကရုဏာရှိတဲ့ ကိုးကွယ်ရာရှိတဲ့ ကိုယ်တော်ကြီးပါ လို့ သူ့ကိုယ်သူ ပြောလျက်ပါသဲ....(မှန်ပါ့)။

ပုဂ္ဂိုလ်ဟူသ၍ ရာဟုလာ သားနဲ့ မခြားဘဲ တသားတည်း ထားနိုင်ပါတယ်ဆိုတာ ဘုရားဟူသ၍ ဒီအတိုင်းပါသဲ...(မှန်ပါ့ ဘုရား)။

သို့သော် ခင်ဗျားတို့က မနက်မိုးလင်းယင် ဟားပြီ....(မှန်ပါ ဘုရား)မကြွနဲ့ ကိုယ်တော့၊ ရိပ်မိပလား....(ရိပ်မိပါပြီ) နေ့လယ်

ကျတော့ ဘာလုပ်ပြန်သလဲ....(တားပါတယ်) ညကျပြန်တော့.... (တားပြန်တာပါဘဲ) နက်ဖြန်ကျပြန်တော့....(တားပြန်တာပါဘဲ ဘုရား)။

ဪ.... ဒါ ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ဒီကာချက် ပြင်းထန်ပါလိမ့်မတုံး မေးလိုက်တဲ့အခါကျတော့ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဘုရားနဲ့ မတွေ့လိုလို့ဘုရာ့-(မှန်ပါ့)တရားနဲ့ကော...(မတွေ့လို့ပါဘုရား) သံဃာတွေ အဆုံးအမနဲ့ကော .... (မတွေ့လိုလို့ပါဘုရား)။

တယ်ရှိုင်းပါလား....(ရိုင်းပါတယ်ဘုရား) တကာတကာမတို့ သေသေချာချာကြည့်မှ တကာကြွယ် ရိုင်းမှန်းသိတယ်....(မှန်လှပါဘုရား)။

ဒီ အမှတ်သုံးခုနဲ့၊ သား ခင်မှာဘဲ၊ အားကိုးရမှာဘဲဆိုတာ နေ့တိုင်း ဆင့်နေတယ်....(မှန်ပါ့)။

သမီး ဆိုတော့ သညာမှားပေါ့ဗျာ....(မှန်ပါ့)ခင်မှာဘဲဆိုယင် ဖြင့် စိတ်မှား....(မှန်ပါ့)အားကိုးရမှာဘဲဆိုတော့....(အယူမှားပါဘုရား)။

ဒါဖြင့် အမှတ်မှား၊ အသိမှား၊ အယူမှားက မျက်လုံး ဖွင့်လိုက်ယင် ဆင့်ပြီးပြီ.... (ဆင့်ပြီးပါပြီ) နားက အသံကြားယင် (ဆင့်ပြီးပါပြီ) နှာခေါင်းက အနံ့ ရှူရှိုက်လိုက်ယင်... (ဆင့်ပြီးပါပြီ)လျှာက စားရ သောက်ရလို့ရှိယင်.... (ဆင့်ပါပြီ) ကိုယ်ပေါ်က ဝတ်ဆင်ရယင်....( ဆင့်ပြီးပါပြီ )မနေ့ထဲက ကြံလိုးထုတ်ယင်....(ဆင့်ပြီးပါပြီဘုရား)။

အံမာလေး....တကာတကာမတို့ ခင်ဗျားတို့ ပန်းရုံသမားတွေကလဲ ဒွါရခြောက်ပေါက် အကုန်လုပ်နေတာဘဲ၊ အုတ်တွေရှောက်စီနေတာဘဲ...(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဩြော်... တကာကြွယ် သနားစရာ သိပ်ကောင်းပါလား.... (မှန်ပါ့) ဒီ ထုကြီးကိုလဲ ဘယ်သူ ထုအောင် လုပ်ပါလိမ့် ဦးလှဘူး....(ကိုယ့်ဟာ ကိုယ်ထုအောင် လုပ်ပါတယ်) မြင့်မားအောင်ကော....(ကိုယ့်ဟာ ကိုယ်လုပ်ပါတယ်) တနေ့ ဘယ်နှစ်ခါ လုပ်သတုံး....(မရေတွက်နိုင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒါလောက် အရေးတကြီး လုပ်ရသတုံး.... မေးတော့ ဘုရားအဆူဆူနဲ့ လွဲအောင်လို့... (မှန်ပါ့) အဖြေကဒါဘဲ ရှိတယ်....( မှန်ပါ့ဘုရား ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ဆုတောင်းတာက ဒီအထဲကနေပြီး မေတ္တေယျဘုရားဆိုယင် ကြာငါးခိုင်နဲ့ ရှေးဦးစွာ ဖူးရပါလို၏.... (မှန်ပါ့) ဟ...ငါ မလာဘူးတဲ့....(မှန်ပါ့) မလာနိုင်ဘူး၊ တိုးမှ မတိုးနိုင်ဘဲ....(မှန်ပါ့)ခင်ဗျားတို့က ဒီအထဲကကိုး....(မှန်ပါ့)။

မှောင်ထဲက ထုတွေ ထုပြီးသကာလ မြင့်မားအောင် မိုးထားတဲ့ အထဲ မှောင်ကြီးထဲ ဘုရားကြွပါ့မလား.... (မကြွပါဘုရား)။

ဒါဖြင့် အပြောသာ ခင်ဗျားတို့ တွေ့ချင်တာ၊ အလုပ်နဲ့တော့ မတွေ့ချင်ဘူး.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အပြောနဲ့တော့... (တွေ့ချင်ပါတယ်) ဒါက စာက ရေးထား တာ လွှမ်းအောင် ရေးထားတာ တွေ့ချင်တာပေါ့ .... (မှန်ပါ့) အလုပ်ကျတော့ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ် အမှတ်တွေ ဖြုတ် ရတော့မယ်ဆိုတော့ အို....ဒါတော့ဖြင့် တော်တော်ခဲယဉ်းတယ်- (မှန်ပါ့)။

မလာပေဘူးလား....(လာပါတယ်) ဒီ ခင်မှု ရပ်စဲရမယ် ဆို တာကော....(ခဲယဉ်းပါတယ်) ဒီအယူလဲ ဖျောက်ရလိမ့်မယ် ဆို တော့... (ခဲယဉ်းပါတယ်ဘုရား)။

ဒီလိုဆိုယင် တပည့်တော် ဆုတောင်းပြန်လျှော့ပါတယ်၊ ရိပ် မိပလား... (ရိပ်မိပါပြီဘုရား)။

အိမာလေး... တကာကြွယ်၊ အလကား လုပ်နေကြတာဆိုတာ အခု ဝိပ္ပလ္လာသနဲ့ တောန်ပြောတော့မှ ရှင်းတယ်... (မှန်ပါ့)။

ခြသံ....သူက ဘုရားကြီးထဲမှာ ဖြစ်စေ၊ ပုထိုးကြီးမှာ ဖြစ်စေ ပေါ့ဗျာ၊ အို... တောင်းလိုက်တဲ့ဆု ဒီသား ဒီသမီးနဲ့ အိုအောင် မင်းအောင်ပေါင်း၊ ရောက်ရာဘဝမှာလဲ တို့အတူဘဲ၊ ထပ်တာ ဘဲ သွားတယ်... (မှန်ပါ့)။

ဘုရားရှေ့သွားပြီး ဘာတွေ လုပ်နေသေး....(တံတိုင်း ထပ် နေပါတယ်ဘုရား) အရှင်ဘုရား....ထပ်မြစ်အောင် ထပ်ပေးပါ.... (မှန်ပါ့) ဒါမှ တပည့်တော်သည်ကား ချောက်ကျမယ်....(မှန်လှ ပါ)ဒီအဓိပ္ပါယ် သွားပြောနေတယ်... (မှန်ပါ့)။

ကိုယ့်ပါးစပ်က ထွက်တာကတော့ အကောင်းဘဲ ထင်ကြ တယ် တကာတကာမတို့....(မှန်ပါ့) အရပ်ဆိုးလိုက်တာကတော့ ဘုရားက ဒီတံတိုင်းတွေ ချိုးပြီးသကာလ ဒီထဲကနေပြီး လွတ် အောင် ကယ်တင်ချင်တာ... (မှန်ပါ့)။

ခင်ဗျားတို့က ထပ်ပေးပါ....(မှန်ပါ့)ဆုများမပြည့်လို့ရှိယင် ရွှေကြက်ယက်များ သွားဦးမလား မပြောတတ်ဘူး....(မှန်ပါ့) အတော်ဆိုးတဲ့ တကာတကာမတွေ....(မှန်ပါ့) မဆိုးဘူးလား.... ဆိုးသလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ရွှေကြက်ယက် သွားပြီးသကာလ မသိတဲ့ ပုဂ္ဂိုလ် ဘာလုပ်သတုံးလို့ မေးလို့ရှိယင် တကာကြွယ် ဖြေတတ် ပလား....(ဖြေတတ်ပါပြီ) ဘယ့်နှယ်ဖြေမလဲ....(တံတိုင်းထပ်တာ ပါဘုရား)။

ထုသေးလို့ ထပ်တာသား....(မှန်ပါ့)ကြီးသထက်ကြီးအောင် လို့....(မှန်ပါ့) အမြင့်ကလေးများ တော်တော်ကလေး နိမ့်နေ သေးလို့လား....(မှန်ပါ့) နိမ့်လို့ နိမ့်တယ်ထင်လို့....( မှန်ပါ့ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အခု ဘုန်းကြီးပြောလို့သာ ပေါ်လာ တခု....(မှန်ပါ့) ကိုယ့်အလုပ်ကို အလုပ်မှန်လို့ဘဲ ထင်တယ် .... (မှန်ပါ့)။

ခင်ဗျားတို့ ထင်တာက ဘယ့်နှယ်ပါလိမ့်....(အလုပ်မှန်လို့ ထင်ပါတယ်ဘုရား)။

ဘယ်မှန်ရမှာတုံး တကာတကာမတို့ ဒီသား, ဒီသမီး, ဒီမြေး၊ ဒီမြစ်နဲ့ငှက်ဖြစ်သော်လဲ တကိုင်းတည်းက ပါသေးတယ်....(ပါပါ တယ်) မပါဘူးလား....( ပါပါတယ် ) အဲ....ဆင်ဖြစ်သော်လဲ တကျွန်းတည်းက .. (ပါပါတယ်ဘုရား) ပါတာက စုံလို့....(မှန် လှပါဘုရား)။

ဒီတော့ ငုက်ဖြစ်လဲ သူက အမှတ်မှား အယူမှားနဲ့ နေပါရစေ...(မှန်ပါ)ဆင်ဖြစ်သော်လဲ....(အမှတ်မှား အယူမှားနဲ့ နေပါရစေ) နတ်ဖြစ်သော်လဲ.... (အမှတ်မှား အယူမှားနဲ့ နေပါရစေ) ပြဟ္မာဖြစ်တော့ကော.... (အမှတ်မှား အယူမှားနဲ့ နေပါရစေပါဘုရား)။

ဒါဖြင့် အမှန် ဘယ်တော့မှ မရောက်ပါရစေနဲ့ ဘုရား .... (မှန်ပါဘုရား) သွားပြီ၊ တောက်လျှောက် သွားပြီ.... (မှန်လှပါဘုရား)။

တကာကြွယ် တောက်လျှောက်သွားပြီ....(သွားပါပြီဘုရား) အမှန်ဆိုတဲ့ သစ္စာဉာဏ်ကို ဘယ်တော့မှ မရပါရစေနဲ့....(မှန်ပါဘုရား)။

ကဲ....ဒီ့ထက်ဆိုးတာများ ဦးဘအုန်း ရှိသေးရဲ့လား.... (မရှိတော့ပါ)တကာကြွယ် ကြားရလို့ဘဲ ဝမ်းသာတော့....(မှန်ပါ-သာပါတယ်)နောက် ပယ်နည်းတွေတော့ဖြင့် နောက်ရက်တွေနဲ့ အမျိုးမျိုး အဖုံဖုံ တကာတကာမတွေ ဒီဉစ္စာ ကျွတ်လောက်အောင်တော့ ပြောမှာဘဲ....(မှန်ပါ)ခင်ဗျားတို့က အားထုတ်ယင် ကျွတ်လောက်မှာပါဘဲ....(မှန်ပါဘုရား)။

သို့သော်လဲ ခင်ဗျားတို့ မိုက်ချက်ပြင်းထန်တာကို စုံအောင် ပြောပါရစေဦး... (မှန်ပါ)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

မိုက်ချက်က ဘယ့်နှယ်နေသတုံး တကာကြွယ် .... (ပြင်းထန်ပါတယ်)ပြင်းထန်လွန်းလို့ ဒါကို ပြောြ်.... ဒို့သည်ကားလို့ဆိုယင် ဒီဆရာသမားနဲ့ ဒီလိုမှ အကြောင်းညီညွတ်လို့ မတွေ့ခဲ့လို့

ရှိယင်ဖြင့် ဒို့မိုက်ချက်သည်ကား ဒို့လုံခြုံရေး ဒို့ကျွတ်လွတ်ရေးကို ဒို့လုံးဝ အလိုမရှိတဲ့ အသွားဘဲ....(မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ထောင်မှ ခင်ဗျားတို့သည်တဲ့ ဝိပဿနာဉာဏ် အရေးကြီးမှန်းသိတယ်....(မှန်ပါ)ဝိပဿနာဉာဏ်ကမှ ဖြစ်ပျက်အနိစ္စနဲ့ သူလှန်ရမှာကိုး.... (မှန်ပါ) ဒို့မဟုတ်ယင် လှန်လို့ရပါ့မလား... (မရပါဘုရား)။

ကိုင်း....ဦးလှဘူး ရိပ်မိပသား(ရိပ်မိပါပြီ)ဒါဖြင့် ဘုန်းကြီးက မေးပါရစေ၊ ရှေးဘုရားတွေသည် တကာတကာမတို့ကို ကရုဏာကင်းပြီး ကျုပ်တို့ အခုတရားနာခနတဲ့ တကာတကာမတွေကို ကရုဏာကင်းပြီး ပရိနိဗ္ဗာန်စံသလား၊ လက်လျှော့ပြီးစံသလား-(လက်လျှော့ပြီးစံပါတယ်ဘုရား)။

ညီညွတ်တယ်- ညီညွတ်တယ်၊ ဒါမုသားမဖြစ်ဘူး၊ စိတ်ချ.... (မှန်ပါ)စိတ်ချ၊ မုသားကို မဖြစ်ဘူး၊ လက်လျှော့ဝာ။

တကာကြွယ် မုသားဖြစ်သလား- မှန်သလား.... (မှန်ပါတယ်ဘုရား)။

အံမာလေး .... ဘုရားလက်လျှော့တဲ့ လူတွေကို ဒီဘုန်းကြီး ပေဟောနေတာ အဲ့စရာကောင်းလိုက်တာ၊ အင်မတန်အံ့စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါတယ်ဘုရား)။

ဘုရားပေါင်း ဘယ်လောက်လက်လျှော့သတုံး တကာသစ်.... ( မရေတွက်နိုင်ပါ ) ဂင်္ဂါဝါဠုသဲစုမက လက်လျှော့တယ် .... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား)။

အဲဒီလက်လျှော့တာဟာ ဘုရားက လက်လျှော့ရတာဟာ ဓာရဏာမရှိလို့လား- လက်လျှော့ရတာလား .... (လက်လျှော့ ရတာပါဘုရား)။

ဘယ်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီးတွေ သည်ကားလို့ ဆိုယင်ဖြင့် ငါးကူးသလို ကူးပြောင်းစေရမယ်“တိဏ္ဏော တာရေ ယျံ” သမုဒ္ဒရာပင်လယ်ဆိုတဲ့ ကိလေသာနယ်မှ ဟိုမှာဘက်ကမ်း တည်းဟူသော နိဗ္ဗာန်ဆီသို့ ငါကူးသလို ကူးစေရမယ်ဆိုတဲ့ ကြိမ်းဝါးတာကို ခင်ဗျားတို့ကျတော့ လက်လျှော့တယ် .... (မှန်ပါ)မလျှော့ဘူးလား....(လျှော့ပါတယ်ဘုရား)။

“မုတ္တော မောစေယျံ”တဲ့ ငါဝဋ်သုံးပါးမှ ငါလွတ်သလို အားလုံးသောပုဂ္ဂိုလ်တွေလွတ်စေမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ဘုရား ဆုပန်လာတာ....(မှန်ပါ) အဲဒီကိုယ်တော်မြတ်ကြီးတွေ ဘာလုပ် သွားကြသလဲ....(လက်လျှော့သွားကြပါတယ်ဘုရား)။

ကြိမ်းဝါးလေ သမျှ ကျုပ်တို့အတွက်တော့ သဲထဲရေသွန် ဖြစ်သွားတာဘဲ....(မှန်ပါ) ဘယ်လောက်နစ်နာသလဲ.... (နစ်နာ ပါတယ်ဘုရား)။

“ဗုဒ္ဓေါ ဗောဓေယျံ”ငါသစ္စာလေးပါး သိသလို အားလုံး သော ပုဂ္ဂိုလ်တွေ သိစေမကွ၊ဝိပ္ပလ္လာသတွေ အကုန်ပယ်စေမကွာ ဆိုခဲ့ဥစ္စာ မပါဘူးလား....(ပါပါတယ်ဘုရား)။

သို့သော် ဂေါတမဘုရားလဲ တကာကြွယ် ဘာဖြစ်သွားသတုံး (လက်လျှော့သွားပါတယ်ဘုရား)။

ဒီကိုယ်တော်ကြီး ဘာကြောင့် လက်လျှော့တာလဲတဲ့၊ ကျုပ်

တို့ကိုက အလိုမရှိလို့ သူလျှော့တာလား....(တပည့်တော်တို့ကိုက အလိုမရှိလို့ လျှော့တာပါဘုရား)။

သေသေချာချာ စဉ်းစားတော့မှ အလိုမရှိတာပေါ်လာတယ် (မှန်ပါ့ဘုရား)။

တကာကြွယ် ဒီနေ့တရားမှာ သိပ်ဆိုးတယ်....( မှန်ပါ့ )မဆိုးဝါးဘူးလား... (ဆိုးဝါးပါတယ်ဘုရား)။

သေသေချာချာ ဥာဏ်နားနဲ့ထောင်တော့မှခြောက်ဒို့မသိတဲ့ အရေးဟာဖြင့် ဒို့လုံခြုံရေး, ဒို့ဒုက္ခရောက်ရေးဘဲဆိုတာ ပေါ်လာတယ်...(ပေါ်လာပါဘယ်) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တကာသစ် ဒီကရှေ့မြင်ကြဦးစို့ဗျာ.... ( မှန်ပါ့ )အားလုံးတရားတပွဲလုံး တကာတကာမတို့ ပြင်ကြ,ဆင်ကြစို့ဆိုတော့.... (မှန်ပါ့) ဒီအတိုင်းဆိုယင်တော့ မရတော့ဘူး.. (မရပါဘုရား)။

ကြည့်လေ တကာကြွယ်၊အခုဘယ်ကလာခဲ့သတုံးလို့ မေးတဲ့အခါကျတော့တပည့်တော်တို့ဘုရား·ဝိပ္ပလ္လာသတံတိုင်းအတွင်းကထွက်ခဲ့ပါတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တရားပွဲသိမ်းယင် အလုအယက် ပြန်ဦးမယ်....(မှန်ပါ့ဘုရား)။

ဟာ....ဘယ်ပြန်မှာတုံး....(တံတိုင်းအတွင်း ပြန်မှာပါ) ဘာဖြစ်လို့တုံး လင်းလို့လား-မှောင်လို့လား.... (မှောင်လို့ပါ) ဖြစ်မှဖြစ်ရပလေ- မှောင်လို့ပြန်တာ... (မှန်ပါ့ဘုရား)။

ခြောက်....ကိုယ့်အရေးကို သေသေချာချာ ကိုယ်တွေးကြည့်တော့မှ ရှုံးတာလဲ ကျုပ်တို့ဘဲ, ကန်းတာလဲ ကျုပ်တို့ဘဲဆိုတာ

ပေါ်လာသလား....(ပေါ်လာပါတယ်) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ချူးတာကော .... ( တပည့်တော်တို့ပါ ) ကန်းတာကော.... (တပည့်တော်တို့ပါဘုရား)။

တကာကြွယ် တချို့ကျတော့ နည်းနည်းကလေး အချိန်ကလေး လွန်သွားလို့ တရေးကမျှား ရှည်သွားမယ်ဆို အို .... ဒီဘုန်းကြီး ရှည်လိုက်တာတဲ့....(မှန်ပါ့) ရှည်လိုက်တာ အလိုက်ကို ဘာမှမသိဘူး....(မှန်ပါ့) ကိုယ်က မှောင်ထဲပြန်ဝင်ချင်တာ ကြာလှပြီ.... (မှန်ပါ့ကြာလှပါပြီ) ဒီအဓိပ္ပါယ် မရောက်ဘူးလား· ရောက်သလား....(ရောက်ပါတယ်ဘုရား)။

ဒါ စကားတတ်လို့ ပြောတာမဟုတ်ပါဘူး၊ ခင်ဗျားတို့ စိတ်ထဲပေါ်လာတာက ဒီထုံးစံရှိလို့ ပြောတာပါ .... (မှန်ပါ့ဘုရား)။

တကာကြွယ် သဘောပါပလား....(ပါပါပြီ) ဘယ်လောက် တံတိုင်းအတွင်းမှာ မှောင်ထဲပျော်တဲ့ ဝါသနာဓလေ့ ကြီးကျယ် တယ်ဆိုတဲ့ဥစ္စာ တကာသစ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒီမှောင်ထဲမှာ ဆိုတာကလဲ သေသေချာချာစဉ်းစားကြည့် ဘာမှမသိဘူး....(မသိပါဘုရား)။

သစ္စာလေးပါး ဒီမှောင်ထဲပေါ်ရဲ့လား....( မပေါ်နိုင်ပါ ) ဘုရားပွင့်နိုင်ရဲ့လား .... (မပွင့်နိုင်ပါ) ဘုရားကမပွင့်နိုင်တော့· သစ္စာလေးပါး သိဘို့ ဉာဏ်အလင်းကရနိုင်ရဲ့လား....(မရနိုင်ပါ ဘုရား)။

မရနိုင်တော့ ဒီအထဲမွေး, ဒီအထဲပျော်,ဒီအထဲသတ်ကြ ဖြတ်ကြ,ဒီအထဲ ဒီဒုယ်အိုးထဲဆင်း....( မှန်ပါ ) နတ်ပြည်ဆိုတဲ့ဥစ္စာများ ဒီနေရာ မသာမြုပ်....(မှန်ပါ) ဒီအထဲ ပျော်နေတာကိုး....(မှန်ပါ) ဘယ်လောက်ဆိုးတယ်ဆိုတာ တကာတကာမတွေ့ပေါကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ဒီဝိပ္ပလ္လာသသုံးချက်ကို တကာသစ်ရေ တခုချင်း ချိုးဖွဲ့ပေးရမှာနော်....( မှန်ပါ )တကာကြွယ် သေသေချာချာ မှတ်စမ်းတဲ့၊ ဒီဝိပ္ပလ္လာသ ချိုးဖွဲ့ပေးမည့် လူ့ရှိယင် ခင်ဗျားတို့ ကျွတ်ရေး,လွတ်ရေးဟာ ဘယ်နည်းနဲ့မှ မဖြစ်ဘူး....(မဖြစ်ပါ)ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဘာဘဲ ခင်ဗျားတို့လုပ်နေနေ ဒီဆရာဘုန်းကြီးက နည်းမှ မပေးတော့ဘူး၊ ဟော.... သညာဝိပ္ပလ္လာသ တံတိုင်းကြီး ဒီလို ချိုးလိုက် ဖွဲ့လိုက်၊ စိတ္တဝိပ္ပလ္လာသတံတိုင်းကြီး ဒီလို ချိုးလိုက် ဖွဲ့လိုက်၊ ဒိဋ္ဌိဝိပ္ပလ္လာသ တံတိုင်းကြီးကို ဒီလိုချိုးလိုက် ဖွဲ့လိုက်၊ ဒီဟာကိုပြောပေးလို့ ခင်ဗျားတို့ကလဲ ချိုးဖွဲ့ပြီး ထွက်ပါမှ ရမယ်-(မှန်ပါဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးဒီမှောင်ထဲမှာဘဲသေ....(မှန်လှပါဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒီဟာခါ ဒီတရားပွဲဟာတကာတကာမတို့ခင်ဗျားတို့ကိုဖွင့်ပေးတဲ့ပွဲဘဲ....(မှန်ပါ)ဒီဟာလွတ်သွားလို့ ဒီဘုန်းကြီးလဲ ပျံတော်မူပြီ၊ ခင်ဗျားတို့ကလဲ အသေစောမယ်ဆိုယင်ဖြင့် ဒီထဲ

မွေး ဒီထဲ သေကြပေတော့.... (မှန်လှပါ) ဘယ့်နှယ်နည်းနဲ့မှ မတတ်နိုင်တော့ဘူး....(မတတ်နိုင်ပါဘုရား)။

တကာကြွယ် ဒါအဟောကော လွယ်ရဲ့လား.... (မလွယ်ပါဘုရား) နောက် ဒီ သူ့မဂ်နဲ့သူ တလုံးစီ ချုံးရမည့်ရက်တွေက တကာသစ် ကျန်သေးတယ်နော်.... (ကျန်ပါသေးတယ်ဘုရား) ကျန်သေးတော့ ဦးဘအုန်း ဒီဥစ္စာ ဗြုန်းကနဲ လုပ်လို့ ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

မဖြစ်တော့ တရက်က နှစ်ရက်တိုင်တိုင် သုံးရက်တိုင်တိုင် အလုပ်တရားတွေပြုပြီး ချုံးဖွဲ့ဖျက်ဆီးပစ်တော့မှ ခြော်....လွတ်ပြီ့ကျွတ်ပြီ ဆိုတာလာမှာ.... (လာမှာပါဘုရား) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အခု ယနေ့ကစပြီး ဖြစ်နေတဲ့အချိန်ကလေးဟာ.... ဘယ်သူ အနိစ္စပုတီးစိပ်လို့ ဘာစိပ်နေ မဟုတ်သေးဘူး-(မှန်ပါ့)ဒီတံတိုင်း အတွင်းမှာဘဲ ရှိသေးတယ်....(မှန်ပါ့) ဒီမှောင်ထဲမှာဘဲ.... (ရှိပါသေးတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ်... သေမှာတောင် အောင့်ထားဦးနော်....(မှန်ပါ့ဘုရား) အလွန် အရေးကြီးနေတယ် ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တခါ ဘုန်းကြီးကလဲ တနာရီဘဲ ပြောနိုင်တယ်.... (မှန်ပါ့) တနာရီနဲ့လဲ ဦးဘအုန်း စုံအောင်ပြောဘို့လွယ်ပါ့မလား-(မလွယ်ပါဘုရား)။

အဲဒီတော့ ရက်ပေါင်းများစွာစလို့ ခန္ဓာက အသက်ရှည်လို့ တကာတကာမတွေကလဲ အသက်ရှည်မှ ကျွတ်လမ်း လွတ်လမ်း

ရကြမယ်....(မှန်ပါ) တရက်တည်းနဲ့တော့ မရနိုင်ဘူး.... (မရနိုင်ပါဘုရား)။

မရနိုင်ဘူး....တဲ့၊ ဒါ အပြစ်တွေ ပြပြီးသကာလ ပြောဘ်.... ငါ အပြစ် တယ်ကြီးပါလား၊ ဘယ်လိုများ ထွက်မပေါက်ရှာရပါ့ မတုံး....(မှန်ပါ) ဟာ....ဆရာတော်က ထွက်ပေါက်ပေးမတဲ့.... (မှန်ပါ) ဒီလိုစောင့်ပြီး နာသွားရမှာဘဲ... (မှန်ပါ)။

ဒီအတိုင်း ကျုပ် တရားနာခဲ့ရတာဘဲ....၊ တနာရီဆိုတော့ နာမည်တော့ ကြီးပါရဲ့၊ နာမည်ကြီးလို့ သွားနာတယ်။ ကျုပ် နာတဲ့နေ့က ဒီလို ကြားခဲ့တာဘဲ၊ ကျုပ်လဲ တယ်နားမလည်ဘူး၊ နောက်လဲ နားမလည်တော့ မသွားချင်ဘူးဆို မသွားချင် ဒီအထဲ နေ... (မှန်ပါ) ဒါဘဲရှိတယ်၊ ဒီ့ပြင် ဘာမှ မရှိဘူး.... (မရှိပါဘုရား) သဘောပါကြပလား....(ပါ ပါပြီဘုရား)။

မသွားချင်လို့ရှိယင် ဒီအထဲမွေး ဒီအထဲသေ.... (မှန်ပါ) ကုဋ္ဌိထဲ မွေးတဲ့ လောက်ကြီး ဘကာ တကာမတို့ ဘယ်အထဲ သေပါလိမ့်... (ကုဋ္ဌိထဲ သေပါတယ်ဘုရား) သူပျော်တာကလဲ ဘယ်အထဲ ပျော်သလဲ.... (ကုဋ္ဌိထဲဘဲ ပျော်ပါတယ်ဘုရား) မယုံ ယင် ဒုတ်နဲ့ယက်ပြီး ပြင်ဘက်ထုတ်၊ ဟိုအထဲ ပြေးချေရဲ့... (မှန်ပါ) မပြေးပေဘူးလား....(ပြေးပါတယ်ဘုရား)။

ခင်ဗျားတို့ဖြစ်စဉ်က ဒီအတိုင်း... (မှန်လှပါ) အခုထောင်ထဲ က ခဏ တနာရီ တောင်မှို လာကြတယ်၊ ဒီမှာရိုလာကြတယ်- (မှန်ပါ) ဒီကပြန်ယင် ဘယ်သွားမလဲ၊ ဒီလောက်ပုံထဲ သွားမယ် (မှန်လှပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာ့ကြောင့် ဒီနေရာ ဒါလောက် ပျော်ရသတုံး....၊ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား) ဒီနေရာမှာ ဘဝတဏှာဆိုတဲ့ စိတ္တဝိပ္ပလ္လာသက ချည်ထားတယ်....(မှန်ပါ) သညာဝိပ္ပလ္လာသက ငါ့သမီး ငါ့သားနဲ့ နှိုးနှိုးဆိုတော့ သညာဝိပ္ပလ္လာသကလဲ ဒီအထဲ ပြန့်သွဲ့တယ်....(မှန်ပါဘုရား) စိတ္တဝိပ္ပလ္လာသကလဲ့ သူတို့နဲ့နေရမှ နည်းနည်းကလေး စိတ်ချမ်းသာတယ် ဆိုတာ စိတ္တဝိပ္ပလ္လာသ ခင်မှကလဲ ဒီအထဲချည်ထားတယ်... (မှန်ပါ) ဒိဋ္ဌိဝိပ္ပလ္လာသက ဒီပြင်နေရာ ခိုကိုးရာမဲ့တဲ့၊ ဒီအထဲမှာ ခိုကိုးရာရှိတယ်ဆိုတော့ ကုဋ္ဌိထဲမှာ ခိုကိုးရာရှိသလိုဖြစ်နေတယ်... (မှန်လှပါ)ဘယ်လောက် များ ဆိုးနေတယ်ဆိုတာ တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

အဲဒါ တကာတကာမတို့.... ခုနင်က ပြောခဲ့တဲ့ စကားဟာ တကာသစ် မကြီးဘူးနော်.... (မကြီးပါဘုရား) ဘုရားအဆူဆူ လက်လျှော့တယ်....(မှန်ပါ) တကာကြွယ် ကြီးသလား....(မကြီးပါဘုရား)။

ကြီးဘယ်ဆိုယင်လဲ ခင်ပျားနဲ့ ကျုပ်နဲ့ တွေ့ဘို့မလိုတော့ဘူး (မှန်ပါ) နိဗ္ဗာန်ရောက်သွားပြီ....(မှန်ပါ) အခုတော့ တကာကြွယ် ဘယ့်နှယ်ကြောင့် ကျန်နေရစ်သတုံး၊ အို...တပည့်တော်ဘုရား လက်လျှော့တဲ့လူ ပြောသာပြော....(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

နောက်က တကာတကာမတွေ ခင်ပျားတို့ အခုတရားနာ လာနေကြတာ အယင်ဘုရားတွေ လက်ထက်က ပါမသွားတာ ဘာဖြစ်လို့တုံးမေးယင် ဘယ်နှယ်ပြောကြမလဲ.... (ဘုရား လက်

လျှော့တဲ့ လူမို့ပါဘုရား) သာမည စွမ်းရည်သတ္တိမဟုတ်ဘူးဗျ— (မှန်ပါ)။

ဘာကြောင့် ဘုရားလက်လျှော့သတုံးဆိုတော့ နေ့တိုင်းကာ နေတဲ့ တပည့်တော် တံတိုင်းကို ဘုရားဝင်ခွင့် မရဘူးဘုရာ့.... (မှန်လှပါ) မြင့်မားလိုက်တာလဲ ဘုရားကို တန်ခိုးတော်နဲ့ဝင်ခွင့် မရဘူး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ထုကြီးက ထူလိုက်တာလဲ ဘုရားကို ဉာဏ်တော်နဲ့ ထိုးဖောက်လို့ မရဘူး... (မှန်ပါ) မာရ်နတ်မင်းကို ဒေဝပုတ္တမာရ် အောင်ပြီးသော်လဲ ကျုပ်တို့ ဝိပ္ပလ္လာသတံတိုင်းကို မအောင်ရှာဘူး၊ လျှော့ရတယ်....(မှန်ပါ)။

တကာကြွယ် ဒါ....စကားကြီးတာလား- အမှန်ဘဲလား.... (အမှန်ပါဘုရား) အမှန်မို့ ခန္ဓာကြီးက ပြနေပေါ့.... (မှန်ပါ) ခန္ဓာကြီးက ပြနေတယ်.... (မှန်ပါဘုရား) မပြသေးဘူးလား.... (ပြပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတခါလွဲယင်ဖြင့် အမွဲနဲ့ဆင်းရဲဟာ ကိုယ်ပိုင် ပစ္စည်းလို့မှတ်ကြ....(မှန်လှပါဘုရား)။

အမွဲနဲ့ဆင်းရဲဟာ ... (ကိုယ်ပိုင်ပစ္စည်းပါဘုရား) အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲဆိုတဲ့ ဥစ္စာတွေကလဲ ကိုယ်ပိုင်ပစ္စည်း.... (မှန်ပါဘုရား)။

အမွဲဆိုတာကတော့ ခင်ဗျားတို့ သိန်းတရာ ချမ်းသာလဲ လိုချင်ယင် မွဲတုန်းဘဲ....(မှန်ပါဘုရား)။

သိန်းတရာ ချမ်းသာတဲ့ပုဂ္ဂိုလ်ဟာ လိုချင်တုန်း ရှိသေးတယ်

ဆိုယင်ဖြင့်...(အမှဲပါဘုရား) မှဲလို့လိုချင်ဘာပေါ့ဗျ....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည် ဒီတခါ ဒီတရားပွဲမှာ ဝိပဿနာသတွေ သတ်ပုံဖြတ်ပုံ အလုပ်လုပ်ပုံနှင့်တကွ ခင်ဗျားတို့ နားလည်လို့ ကျင့်လိုက်လို့ ရှိယင်ဖြင့် အမှောင်ခွင်း၍ အလင်းရောက်ပြီ .. (မှန်လှပါဘုရား)။

အဲဒီကျမှ စက္ခုံဥဒပါဒိ....(မှန်ပါ့) ဉာဏံဥဒပါဒိ-(မှန်ပါ့) အာလောကော ဥဒပါဒိ.... (မှန်ပါ့ဘုရား) ဝိဇ္ဇာဥဒပါဒိဆိုတာ ခင်ဗျားတို့ ရှတ်သာနေတာ ဒီ့အပြင်ဘက်မှာရှိတယ်၊ ဒီအတွင်း မရှိဘူး.... ( မှန်ပါ့ဘုရား ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဝိပဿနာသအတွင်းမှာ ရှိပါရဲ့လား.... ( မရှိပါဘုရား ) တကာကြွယ်.... တော်တော် သဘောပေါ်ပလား.... ( ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီတရားကို တကာကြွယ် ဒါလောက်ကလေးနာရုံနဲ့ဖြင့် တော်ပါ့မလား....(မတော်ပါဘုရား)။

အခုတော့ မိုက်ပြစ်တွေ ပြောတုန်းရှိသေးတယ်.... (မှန်ပါဘုရား ) လိမ္မာတို့ သင်ကို မသင်ရသေးဘူး... ( မှန်လှပါဘုရား)။

တကာတကာမတို့ ဘာတွေ ပြောနေပါပိမ့်.... (မိုက်ပြစ်တွေ ပြောနေပါတယ်ဘုရား)။

ဘုန်းကြီး တရားဟောခိုင်းတာ ကိုယ့်မိုက်ပြစ်တွေ ဖော်နေတယ်လို့ .... ခင်ဗျားတို့က ဆိုချင် ဆိုလိမ့်မယ် .... (မှန်လှပါဘုရား)

သို့သော်.... ကိုယ်မိုက်တာမှ ကိုယ်မသိယင် မိုက်သည်ထက် ပိုမိုက်ပြီလို့ အောက်မေ့ပါ....(မှန်ပါ့) ကိုယ်မိုက်တာ ကိုယ်မသိယင်....(မိုက်သည်ထက် မိုက်ပါပြီဘုရား)။

ဘုရားက မိုက်တာကို မိုက်မှန်းသိယင် ပညာရှိတဲ့... (မှန်ပါ့) မိုက်တာကို မိုက်မှန်းမသိဘူး၊ သူ့ဟာသူ လူလိမ္မာထင်နေယင်.... (လူမိုက်ပါဘုရား) မိုက်သည်ထက် ပိုမိုက်တယ်.... ( မှန်လှပါဘုရား) ဘုရားက ဓမ္မပဒပါဠိတော်မှာ သေသေချာချာ ဟောတယ်...(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒါ ဝတ္ထုကလေး နည်းနည်း တိုတို နားထောင်လိုက်၊ ဒီဥစ္စာဟာ တကာတကာမတို့ ခင်ဗျားတို့ သေသေချာချာ ခရီးပေါက်မည့်တရား, နိဗ္ဗာန်ရောက်မည့်တရား, ပဋ္ဌမမဂ်ရမည့် တရားလို့ မှတ်ပါ....(မှန်ပါ့)။

ကျုပ်တို့ ဂေါတမမြတ်စွာဘုရားက တရားဟောတယ်၊ ဒီလိုဘဲ တရားပွဲကြီးကလဲ လူစည်တယ်၊ ခါးပိုက်နှိုက်နှစ်ယောက်က လိုက်လာကြတယ်၊ ဟိုမှာ တရားနာတဲ့ပုဂ္ဂိုလ်တွေ ခါးပိုက်နှိုက်ဘို့....(မှန်လှပါ)။

ဒါနဲ့ တယောက်တော့ ဘုရားတရားနာရင်းနဲ့ သောတာပန်တည်သွားတယ်....(မှန်ပါ့) ခါးပိုက်နှိုက်မလို့ ရည်ရွယ်ချက်ရှိပြီး သကာလ နေပြြားသော်လဲ တရားတော်၏သဘောကို နည်းနည်း သက်ဝင်သွားတာနဲ့ တကာကြွယ်ရေ....ဝိပ္ပလ္လာသတွေ ကျော်ပြီး သောတာပန်တည်တယ်....(မှန်ပါ့)။

တယောက်သော ပုဂ္ဂိုလ်ကတော့ တပ်ရတယ်၊ နှိုက်လိုက်တာသူက.. (မှန်ပါ့ဘုရား) အိမ်ကျတော့ နှစ်ယောက်ဆုံမိကြတယ်၊ ခါးပိုက်နှိုက်ခြင်း အဖော်ကိုးဗျ....(မှန်ပါ့)။

မင်း-တရားနာနေလို့ တပဲဘိုးမှ မင့်မှာ ချက်စားစရာ ရှိရဲ့လား၊ ငါ့မှာတော့ တပဲရတဲ့အတွက် တပဲဘိုးတော့ ချက်စားစရာ ရှိသေးတယ်လို့ သူက လူလိမ္မာအဖြစ်နဲ့ ပြောတယ်... ( မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သောတာပန်ခါးပိုက်နိုက်က သွားလျှောက်တယ်၊ တပည့်တော် ဒီလို အဆိုခံရပါတယ်ဘုရားဆိုတော့....

ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလောစ ပဏ္ဍိတမာနီ၊
သဝေ ဗာလောတိ ဝုစ္စတိ။

ယောဗာလော=အကြင်သူမိုက်သည်၊ ဗာလျံ=မိမိမိုက်သည့် အဖြစ်ကို၊ မညတိ=အောက်မေ့၏၊ သော= ထိုပုဂ္ဂိုလ်သည်၊ ပဏ္ဍိတောဝါပိ=ပညာရှိသည်လည်း၊ ဟောတိ=ဖြစ်၏။

ခင်ဗျားတို့ မိုက်တာ မိုက်မှန်းသိတဲ့တရားကို နာရလို့ ရှိယင် ပညာရှိ ဒီနေ့ဖြစ်တယ်....(မှန်လှပါဘုရား)။

မိုက်တာ မိုက်မှန်းသိကြပလား.... (သိပါပြီဘုရား) တနေ့တနေ့ ဘယ်နှစ်ထပ်ကာသတုံး (မရေတွက်နိုင်ပါဘုရား) ဘာဖြစ်လို့ ကာသတုံး....(မိုက်လို့ကာပါတယ်ဘုရား)။

အဲ....ပညာရှိဖြစ်ပြီ၊ ငါ ချိုးထွက်မယ် ဒီနေ့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ငါ ဒီဟာတွေ ချိုးဖဲ့ပြီး ထွက်မယ်ဆိုတဲ့ ပညာရှိဖြစ်ပါပြီ....(မှန်လှပါ)။

ဗာလောဝ=မိုက်သည်ဖြစ်ပါလျက်၊ ပဏ္ဍိတမာနီ=သူ့ကိုယ်သူ ပညာရှိဟုထင်၏၊ သော=ထိုပုဂ္ဂိုလ်ကို၊ ဝေ=စင်စစ်၊ အတိဗာလောတိ=အလွန်ကို မိုက်တဲ့သူဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝုစ္စတိ=ဟောတော်မူ၏....(မှန်လှပါဘုရား)။

သူက မိုက်တော့ မိုက်ပြီး သူ့ကိုယ်သူ ပညာရှိထင်နေတဲ့ ပုဂ္ဂိုလ်မှ ဒီပုဂ္ဂိုလ်ဟာ ပိုမိုက်တဲ့ပုဂ္ဂိုလ်လို့ ငါဘုရားဆိုလိုက်တယ် ဆိုတော့ ခုနင်က တပဲရတဲ့ ခါးပိုက်နှိုက်ကို ဆိုလိုက်တာ....(မှန်ပါ ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ ယနေ့ ဘာတွေ သိရသတုံးလို့ မေးယင်ဖြင့် နာရီက စေ့တော့မယ်၊ ဘာတွေ သိရပါလိမ့်.... (ကိုယ်မိုက်တာကိုယ်သိရပါတယ်ဘုရား)။

တကာကြွယ်.... ပါးစပ်က ဖွင့်ရဲရဲ့လား.... ( ဖွင့်ရဲပါတယ် ဘုရား)သေသေချာချာ သောတာပတ္တိမဂ် မရသေးဆိုလို့ရှိယင် တကာကြွယ် အဝိဇ္ဇာ အမိုက်အမဲကရှိတယ်.... (မှန်ပါ) တကျော အညစ်အကြေးကကော....(ရှိပါတယ်ဘုရား)။

မိုက်တာ မိုက်မှန်းသိယင် လူလိမ္မာ.... (မှန်ပါ) မိုက်တဲ့လူက လူလိမ္မာထင်ယင်....(လူမိုက်ပါဘုရား) ပိုမိုက်တဲ့ပုဂ္ဂိုလ် (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ယနေ့ တကာတကာမတွေ တရားနာရတော့ ဩော်...ငါတို့ သည်ကားလို့ဆိုလို့ရှိယင် ဘဝများစွာ သံသရာက မိုက်သည် ထက် မိုက်- တူးသည်ထက် တူးလာတာကိုးဆိုတာ သေချာသွား ပြီ....(သေချာပါပြီဘုရား)။

အဲဒီတော့ မိုက်မှန်းသိတဲ့ပုဂ္ဂိုလ်ကျလာတော့ တကာတကာမတို့ ပညာရှိထဲ ဝင်ပါပြီ....(မှန်ပါ့) မိုက်မှန်းသိတော့.... (ပညာရှိထဲ ဝင်ပါပြီဘုရား)။

အို.... ဒီတရားမျိုးလဲ မနာရဘဲနဲ့ ကျုပ်တို့စားဘို့ရာတောင် မနည်းလုပ်နေရတယ်၊ တရားဘယ်က နာနိုင်လိမ့်မတုံးဗျ၊ ဒီလိုလူလဲ တပုံကြီးပေါ့ဗျာ.... (မှန်လှပါဘုရား)။

အဲဒါကျတော့ တကာကြွယ်တို့က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(မိုက်သည်ထက် မိုက်ပါတယ်ဘုရား)။

ဖဲထီး အိုးမဲသုတ်လို့ ထူးစရာရှိသေးရဲ့လား-(မရှိပါဘုရား) အဲဒီလိုဖြစ်နေပြီဆိုတော့ သိပ်သနားစရာကောင်းတယ်....(မှန်ပါ့ဘုရား) မကောင်းဘူးလား တကာတကာမတို့ ... (ကောင်းပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ တရားပြန်ကောက်ကြပါစို့.... (မှန်လှပါ) ခင်ဗျားတို့မှာ သမီးကလေးရှိတယ်၊ သားကလေးရှိတယ်၊ သမီးကလေးဆိုပြီးသကာလ ဒါ- ဘာတော်သတုံး၊ သမီးကလေးပါတဲ့ .. (မှန်ပါ့) ရုပ်နာမ်ကို သမီးကလေးထင်သောကြောင့် အမှတ်မှား... (မှန်လှပါ)။

ဒါဖြင့် သမီးကလေးဘဲထင်ယင် ဘယ့်နှယ်ဆိုကြမယ်(အမှတ်မှားပါဘုရား) ဩော်....သမီးကလေးက တယောက်တည်း ဖြစ်နေတော့ ပိုမိုပြီးသကာလ သူ့ကို ယုယရတယ်ဆိုတော့ အသိမှား....(အသိမှားပါဘုရား)။

သူ့အနတ္တ ခန္ဓာကိုယ်ကြီး ဘယ်လိုယုယယုယ ပျက်စီးနေတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒီ သမီးကလေးဘဲ ယုယရင်းမတ္တနဲ့ ဘဲ၊ ပြီးတော့လဲ အားကိုး လောက်တဲ့ အခြေအနေကလေးကလဲရှိတယ်၊ ဒါက ဘာပါလိမ့်- (အယူမှားပါဘုရား)။

ဒါဖြင့် သမီးဆိုတဲ့ဥစ္စာက အမှတ်မှား....(မှန်ပါ) သမီးမို့ ခင်ရတယ်ဆိုတာက....(အသိမှားပါဘုရား) အားကိုးရမှာဘဲလို့ ယူလိုက်တယ်.... (အယူမှားပါဘုရား) သဘောကျပလား.... (ကျပါပြီ) ဒီဥစ္စာက ဒီသုံးချက်က တခုလာလို့ရှိယင် အကုန် လာတယ်....(မှန်ပါ)။

တခုလာလို့ရှိယင်... (အကုန်လာပါတယ်ဘုရား) ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့.... သမီးတယောက် ပြောသဖြင့်၊ သားလဲ အတူတူ, ခင်ပွန်းလဲ အတူတူ, အမေလဲအတူတူ, အဖေ သဲ အတူတူဘဲ-ခင်ဗျားတို့ ဘယ်သူ့အပေါ်မှ ဝိပ္ပလ္လာသတံတိုင်း ကြီး ဖြိုတယ်,ဖျက်တယ်လို့ ရှိရဲ့လား....(မရှိပါဘုရား) ဆင့်တာ ထပ်တာသာရှိတယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာကို ဝိပဿနာတည်းဟူသော လက်နက်နဲ့မှ ဦးဘအုန်း မဖျက်လို့ရှိယင် ရစရာမြင်သေးလား ... ( မမြင်ပါ ဘုရား)။

ဆုတောင်းတာက ဒီအထဲက တောင်းတာလို့ ပြောထားပြီ- (မှန်ပါ) မှောင်ထဲကနေ တောင်းတာ.... (မှန်လှပါ) မထွက် နိုင်တဲ့ အထဲကနေ တောင်းတယ်....(မှန်ပါ) သဘောကျပလား- (ကျပါပြီဘုရား)။

ဝိပဿနာ ရှုလိုက်တဲ့အခါကျတော့မှ တကာ့တကာမတို့.... သညာမှားကလဲ သူပျောက်ချိန်ကျတော့ ပျောက်ရမှာကိုးဗျ.... (မှန်ပါ) စိတ်မှားကလဲ.. (ပျောက်ချိန်ကျတော့ပျောက်ရမှာပါဘုရား) အယူမှားကကော.... (ပျောက်ချိန်ကျတော့ ပျောက်ရမှာပါဘဲဘုရား)။

ဒါဖြင့် တကာ့တကာမတို့ အမှားကို ပျောက်စေတတ်တာ သည် အနိစ္စကမှ ပျောက်စေတယ်....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အမှားကို ပျောက်စေနိုင်တာသည်(အနိစ္စကမှ ပျောက်စေနိုင်ပါတယ်ဘုရား) ရှင်းပလား.. (ရှင်းပါပြီ)။

ဒါဖြင့် အနိစ္စကမှ ပျောက်စေနိုင်တယ်ဆိုသဖြင့် ဦးလှဘူးက စဉ်းစားတာပေါ့၊ ဝိပဿနာ မပါလို့ ရှိယင် ဝိပ္ပလ္လာသ မကျော်နိုင်ဘူးဟေ့....(မှန်လှပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဝိပဿနာ မပါယင် ဝိပ္ပလ္လာသ မကျော်နိုင်ပါဘုရား)။

ဝိပ္ပလ္လာသမကျော်နိုင်ဘူး....၊မကျော်နိုင်ယင် ဘုရားအဆူဆူ လက်လျှော့တယ်....(မှန်ပါ)။

မကျော်နိုင်လို့ရှိယင်.... (ဘုရားအဆူဆူ လက်လျှော့ပါတယ်ဘုရား) မလျှော့ရပေဘူးလား....(လျှော့ရပါတယ်ဘုရား) အခု လျှော့ပြီး....တဲ့ ဘုရားပေါင်း ဘယ်လောက်တုံး....(မရေတွက်နိုင်ပါဘုရား)။

အခု ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်သည်ကားလို့ဆိုယင် ဒီဘဝလဲ မရဘူး၊ နောက်ဘုရားတွေကလဲ လက်လျှော့ဦးမှာဘဲ-- (မှန်ပါ) သဘောပေါ်ပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ဒီအလုပ်ဟာ အရေးအကြီးဆုံးအလုပ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ဝိပ္ပလ္လာသ တွေပယ်လို့ ဘုရားဖြစ်တာ....(မှန်လှပါ)။

ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ.... ( ဝိပ္ပလ္လာသတွေပယ်လို့ ဘုရားဖြစ်တာပါဘုရား) သူဖြစ်ပျက် အားထုတ်လို့ ရတာ.... ( မှန်ပါ့ဘုရား ) ဖြစ်ပျက် အားမထုတ်လို့ရှိယင်.... (မရပါ ဘုရား)။

အဲဒီတော့.... ဗြုန်းကနဲတော့ ခင်ဗျားတို့က ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဘုရားဖြစ်တယ်လို့ ဆိုချင် ဆိုလိုက်လိမ့် မယ်....(မှန်ပါ့)။

အဲဒါတွေက ဝေးသောအကြောင်း....(မှန်ပါ့) ဘုရားဖြစ်တဲ့ နီးသောအကြောင်းက ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကြောင့် ဖြစ် တာ....(မှန်ပါ့)။

ဦးဘအုန်း ရိပ်မိပြီ....(ရိပ်မိပါပြီ) ဘုရားတကယ်ဖြစ်တာက ကိလေသာသတ်နိုင်လို့, ဝိပ္ပလ္လာသသတ်နိုင်လို့ ဘုရားဖြစ်ရတာ ကိုး....(မှန်ပါ့) နို့မဟုတ်ယင် ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါ ဘုရား)။

ဒါဖြင့် တကာကြွယ် ကောင်းကောင်း ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ဒါဖြင့် ယနေ့ တကာတကာမတွေ.... ယခု ဘယ်အထဲမှာ ဆရာဘုန်းကြီး ထားပစ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိပလား- (ရိပ်မိပါပြီ) ဘယ်အထဲထားပစ်ခဲ့သလဲ.... (မှောင်ထဲထားပစ် ခဲ့ပါတယ်ဘုရား)။

တံတိုင်းကြီး ထူထပ်တဲ့အထဲ၊ အမြင့် မိုးထိတဲ့ အထဲမှာ ခင်ဗျားတို့ ဒီအထဲမှာ နေရစ်ခဲ့ဆိုတဲ့ဥစ္စာ ယနေ့ အထိမ်းအမှတ်ထား....(မှန်ပါ့) နက်ဖြန်ဆိုလို့ ရှိယင်ဖြင့် ဒါ...တစတစ ဖွင့်တော့မှာဘဲ.... (မှန်ပါ့) ဒီအတိုင်းဖွင့်လို့ တကာကြွယ် ရပါ့မလား....(မရပါဘုရား)။

တကာသစ် ဘာနဲ့ဖွင့်ရမလဲ.... (ဝိပဿနာနဲ့ ဖွင့်ရပါမယ်ဘုရား) အလုပ်နဲ့ဖွင့်မှ ရမယ်....(မှန်ပါ့) တံတိုင်းကြီး ပြိုပါစေ ပြိုပါစေတော့လို့ ဆုတောင်းလို့တော့ မရဘူး....(မှန်ပါ့-မရပါဘုရား)။

တံတိုင်းကြီးကို ထိုးဖောက်တဲ့ ဉာဏ်လက်နက်တွေနဲ့ ဉာဏ်ဘူးတွေနဲ့ ဉာဏ်ဆောက်တွေနဲ့ ဖောက်လို့ရှိယင်တော့....(ရပါမယ်ဘုရား)။

အဲဒါကြောင့်.... ဒီအထဲမှာဖြင့် မှောင်ထဲနေတဲ့ ပုဂ္ဂိုလ်ကို ဘုန်းကြီးက ဉာဏ်ပေးရမှာ၊ ဟာ...ဒီလိုဖောက်ထွက်ပါ၊ ဒီလက်နက်ကိုင်ပါ၊ ဒီလို ဖောက်ထွက်ပါ....(မှန်ပါ့) မဆိုရပေဘူးလား-ဆိုရမှာပါဘုရား)။

သို့သော်လဲ မှောင်ထဲ မပျော်တဲ့ပုဂ္ဂိုလ်မှ မိုက်တာ မိုက်မှန်း သိတဲ့ပုဂ္ဂိုလ်မှ ထွက်မှာ.... (မှန်ပါ့) မိုက်တာ လိမ္မာတယ် ထင်နေတဲ့ ပုဂ္ဂိုလ်ကတော့ အသေရှိလျက်နဲ့ အသေရှာဦးမှာဘဲ-(မှန်ပါ့) မရှာပေဘူးလား....(ရှာပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....နာရီစေ့ပြီ၊ နက်ဖြန်မှ ဟောကြဦးစို့....။

သာဓု....သာဓု... သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမွာရုံ၌ - ဟောကြားတော်မူသော

( ဝိပဿနာသဆယ့်နှစ်ပါး )

# မနေ့ အလုပ်ပေး-တရားတော်

( ၃ - ၈ - ၆၁ )

ပြင်ဘို့ အရေးကြီးတယ်ဆိုတဲ့ဥစ္စာ မှတ်ထားကြပါ....(မှန်ပါ့ဘုရား) ဘာအရေးကြီးပါလိမ့် .... (ပြင်ဘို့ အရေးကြီးပါတယ်ဘုရား)။

သို့သော် တကာတကာမတွေမှာ ဘယ်လို ဖြစ်နေသလဲလို့ မေးလုံးထုတ်လို့ရှိယင်ဖြင့် မှားတာကို မှားမှန်းမသိလို့ ပြင်မည်ဆိုတဲ့စိတ် ဘယ်တော့မှမပေါ်လာဘူး....(မပေါ်လာပါဘုရား)။
မှားတာ မှားမှန်းမသိလို့... (ပြင်မည်ဆိုတဲ့စိတ် ဘယ်တော့မှ မပေါ်လာပါဘုရား)။

အဲဒါ ဘုရားတဆူတဆူပွင့်လို့ သာသနာထားခဲ့လို့ အာလုံးသော ပုဂ္ဂိုလ်တွေကို ပြောကြားညွှန်ပြတဲ့ ဟောတတ်တဲ့ပုဂ္ဂိုလ်လဲ ပေါ်ပါမှ ဩော် .... မှားနေပါလား- ပြင်မှတော်မယ်လို့ ဆိုတဲ့ စိတ်ဟာ ပေါ်ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

မိဘရိုးရာ အတိုင်းသာဖြင့် ဒါသားဘဲ့ ဒါသမီးဘဲ့ ဒါမြေးဘဲ့ ဒါမြစ်ဘဲ့ ဒါပစ္စည်းဘဲ့ ဒါစိန်ဘဲ- ရွှေဘဲ-ငွေဘဲ-မြဘဲ ဆိုသလိုဘဲ ဒီကကိုကျော်မထွက်တော့ဘူး....(မှန်ပါ့ဘုရား)။

ဒါတွေဟာ အနိစ္စတွေဘဲ့ အသုဘတွေဘဲ့ ဒုက္ခတွေဘဲ့ အနတ္တတွေဘဲလို့ လှည့်ကိုမသွားဘူး.... (မသွားပါ) ဒီလိုနဲ့ဘဲ အမှားနဲ့နေပြီး အမှားနဲ့သေသွားကြတာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့် .. (အမှားနဲ့နေပြီး အမှားနဲ့ သေသွားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူ့ပြည် တကာတကာမတွေ လာလို့ရှိယင် ခေါင်းဆောင်ကောင်း တယောက်နဲ့ မတွေ့ပြီဆိုမှဖြင့် မိဘရိုးရာဘဲ အမှားနဲ့နေသွားတာဘဲ....(မှန်ပါ့) သေတော့လဲ အမှားနဲ့ သေသွားတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် အမှားနဲ့နေ အမှားနဲ့သေဆိုတော့ မှားသောပုဂ္ဂိုလ်တို့၏ ရောက်ရာဌာနဖြစ်တဲ့ အပါယ်လေးပါးမှတပါး လွတ်စရာ အကြောင်းမရှိဘူး....(မှန်ပါ့) တကာကြွယ် ရှိပါ့မလား .... (မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ပြင်ပေးမည့် လူရှိတုန်းကို ခင်ဗျားတို့အပြင်ခံကြလို့ရှိယင်ဖြင့် အမှန်နဲ့နေပြီး သကာလ အမှန်နဲ့သေလို့ရှိယင်ဖြင့် အမှန်ဆိုတာ သမ္မာဒိဋ္ဌိပါ (မှန်ပါ့) အမှန်နဲ့နေလို့ရှိယင်ဖြင့် အမှန်နဲ့သေလို့ရှိယင် အမြင်မှန်နဲ့ သေသောကြောင့် အမြင်မှန် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ကို ကျေးဇူးပြုပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယနေ့သည် တကာတကာမတို့ မနေ့က စ,ထားတဲ့ တရားအတိုင်းဘဲ အမှားတွေကို မှားမှန်းသိပြီးသကာလ စိတ်

ထဲမှာ ကြော်....များတာဖြင့် ကေန်ဘဲလို့ ဆုံးဖြတ်ချက်ချလို့ ရှိယင်ဖြင့် အမှန်ကို ဆရာဘုန်းကြီးက တခါပြမယ် .... (မှန်ပါ့ ဘုရား)။

ထိုကဲ့သို့ ပြတဲ့အခါကျတော့ ဒီအမှန်ကိုဖြင့် မရောက်-ရောက် အောင်ကြိုးစားမယ်ဆိုပြီး ကြိုးစားလိုက်လို့ ရှိယင်လဲ တကာ တကာမတို့ အမည်းရှိယင် အဖြူရှိသလိုဘဲ၊ အပူရှိ-အအေးရှိ သလိုဘဲတဲ့၊ အမှားရှိယင် အမှန်ရှိ၊ အမှန်ရှိလို့ရှိယင်ဖြင့် လမ်း ကောင်းမြင်၊ လမ်းကောင်းမြင်လို့ရှိယင် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန် ဒီလမ်းအတိုင်း လျှောက်သွား ရောက်တာပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဟောဒါက ယခု ရ ထားတဲ့ ခန္ဓာငါးပါးလို့ မှတ်ထားလိုက်စမ်းပါ.... ( မှန်ပါ့ ) ယခု ရထားတာက ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးမှာကတကာတကာမတို့ အမှတ်မှားဆိုတဲ့စိတ်ထဲ မှာက မိဘရိုးရာသင်ထားတဲ့ အမှတ်မှားကလဲတချက်....(မှန်ပါ့) အသိမှားကတော....(တချက်ပါ) အယူမှားကတော.... (တချက် ပါဘုရား)ဒါ ဝိပ္ပလ္လာသသုံးချက်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးထဲမှာ ရှိတဲ့ တကာတကာမတွေ သည်ကားလို့ဆိုယင်ဖြင့် တဘဝမှာလဲ အမှတ်မှား အသိမှား အယူမှားနဲ့ဘဲ ကိစ္စကုန်ခဲ့ရတယ်....(မှန်ပါ့) နောက်ဘဝကျပြန် တော့ ဘာလုပ်ကြပါလိမ့်မတုံး မေးပြန်တော့ အမှတ်မှား အသိ မှား အယူမှားတွေဘဲ ထပ်ဆင့်တယ်....(မှန်ပါဘုရား)၊

ဒါဖြင့် တကာတကာမတွေမှာ အမှတ်မှား အသိမှား အယူ မှား တံတိုင်းကြီးသည်ကား ဆိုလို့ရှိယင်ဖြင့် တကာတကာမ

တွေ သိတဲ့အတိုင်းတဲ့ ဆင့်သာလာတတ်တယ်၊ ဘယ်တော့မှ ဖြိုဖျက်နိုင်တဲ့ စွမ်းရည်သတ္တိ ဉာဏ်မရှိပါဘူး .... (မှန်လှပါဘုရား)။

ဒါဖြင့် ဒီတံတိုင်းကြီး တကာတကာမတို့ စ တည်ထောင်တာကလဲ အုတ်မြစ်ကလဲ ခိုင်မာလိုက်တာ....( မှန်ပါ့ )ဆင့်ဆင့်ပေးတဲ့ အုတ်တွေကလဲ အထပ်များလိုက်တာ.... (များပါတယ်) ဒုကြီးကလဲ ကြီးမားလိုက်တာ....(မှန်ပါ့) ဆင့်လို့မြင့်မားလိုက်တာကလဲ အကနိဋ္ဌဗြဟ္မာ့ပြည် မကပါဘူး....(မကပါဘုရား)။

ဒီတံတိုင်းကြီးတွေက လေးဘက် လေးတန်က ဝိုင်းရံပြီး သကာလ နေတဲ့ ခန္ဓာငါးပါးလို့ ဆိုလို့ရှိယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

ဒါ့ကြောင့် ဒီခန္ဓာငါးပါးမှာ အမှတ်မှား, အသိမှား, အယူမှား၊ တော်တော်ကြာ အမှတ်မှား, အသိမှား, အယူမှား .... (မှန်ပါ့) တော်တော်ကြာ ပတ်ပြန်ပြီတကာတကာမတို့ အမှတ်မှား, အသိမှား, အယူမှားတွေနဲ့ ဆိုတော့ ဒီခန္ဓာကြီးဟာ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ဘယ်နည်းမှ ထွက်ပေါက်ကို ပါရဲ့လား....(မပါ ပါဘုရား)။

အမှတ်မှား, အသိမှား, အယူမှားတွေသာ ထပ်နေတယ် ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါကြောင့် တကာတကာမတွေ သေသေချာချာ ဉာဏ်နဲ့ စဉ်းစားကြည့်တော့ ခန္ဓာငါးပါးကြီးထဲမှာရှိတဲ့ အမှတ်မှား, အသိမှား, အယူမှားဆိုတဲ့ ဝိပ္ပလ္လာသသုံးချက် တကာကြွယ်ရေ ဘယ်တော့မှလဲ မဖြိုဖျက်ခဲ့ဘူး....(မှန်ပါ့) ဘယ်အခါမဆို ထပ်

ဆင့်တယ်၊ ထပ်ပြည့်အောင် လုပ်တယ်ဆိုယင် လွဲပါ့မလား .... (မလွဲပါဘုရား)။

တနေ့တနေ့မှာဘဲ တကာတကာမတွေ ဘယ်လောက်ထပ်လို့ ဘယ်လောက်များ မြင့်မားအောင် လုပ်တယ်ဆိုတာကို ရေတွက် နိုင်ကြရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

ဒါသည်ကားလို့ ဆိုလို့ရှိယင် သားကလေးဆို အမှတ် မှားပြီ....( မှန်ပါ့ )သားကလေးဖြစ်ယင်ခင်ရမှာဘဲဆိုတာက.... ( အသိမှားပါ )အားကိုးရမှာဘဲဆိုယင်ဖြင့် — (အယူမှားပါ ဘုရား)။

ဒီသားကလေး ဘယောက်တွင်ပင် တကာတကာမတို့ တနေ့ မှာ အမှားသုံးချက် ဘယ်နှစ်ခါထပ်သတုံး....(မရေတွက်နိုင်ပါ) ဘဝများစွာကလဲ ဖြိုဖျက်ခဲ့ပါရဲ့လား.... (မဖျက်ခဲ့ပါ) အခုလဲ ဘာလုပ်ကြသတုံး....(ထပ်ဆင့်ပါတယ်ဘုရား)။

နောက်ကိုလဲ ဒီလိုဆရာကောင်း, သမားကောင်းနဲ့ မတွေ့ လို့ရှိယင်ဖြင့် ဒီတံတိုင်းက ထု-ထူအောင်လုပ်မယ်၊မြင့်မားအောင် ဆင့်မယ်ဆိုတာ တကာသစ် ငြင်းဘိုလိုသေးသလား.... (မလိုပါ ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဘယ်အထဲမှာ မွေးပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ထုကြီးတဲ့ တံတိုင်း သုံးထပ်၊ မြင့်မားတဲ့ တံတိုင်းသုံးထပ်၏အလယ်မှာ မွေးဖွားတယ် (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်မှာမွေးဖွားပါလိမ့်.... (ထုကြီးတဲ့ တံတိုင်းသုံးထပ် မြင့် မားတဲ့ တံတိုင်းသုံးထပ်၏ အလယ်မှာပါ) အလယ်မှာမွေးဖွား တယ်.. (မှန်ပါ့ဘုရား)။

ဒါ ခင်ဗျားတို့ကိုယ်တိုင်ဘဲ တနေ့မှ ဩဘ်.... ဒါအမှတ်မှား ပါလား၊ ဒါ အသိမှားပါလား၊ ဒါအယူမှားပါလားလို့ ပြင် ဘို့ ဆင်ဘို့ရာလဲ တခါမှ မပေါ်လာဘူး ....( မပေါ်လာပါ ) ပေါ်လာကြရဲ့လား....(မပေါ်လာကြပါဘုရား)။

မပေါ်လာတော့ ဦးဇာ်ရင်တို့ ဘာလုပ်နေသတုံး မေးတော့ ထပ်ဆင့်တယ်ဘုရား....(မှန်ပါ့ဘုရား)။

ဘယ်လို ဖြေကြမလဲ....(ထပ်ဆင့်နေပါတယ်) ထပ်ပြီးထုကြီး အောင် လုပ်တယ်ဘုရား၊ ထပ်ပြီး ဆင့်တယ်ဘုရာ့လို့ ဆိုယင် ခင်ဗျားတို့ မှသားမဖြစ်ပါဘူး....(မဖြစ်ပါ) ဖြစ်စရာမြင်သေးရဲ့ လား....(မမြင်ပါဘုရား)။

အဲဒါလောက်တောင် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ ဒီတံတိုင်းကြားထဲမှာ မှောင်လိုက်တာလဲ ပိန်းလို့၊ ဒီထဲအဝိဇ္ဇာနဲ့ နေတာကိုး... (မှန်ပါ့) ခန္ဓာငါးပါး သမားက ဘာနဲ့နေပါလိမ့် (အဝိဇ္ဇာနဲ့နေပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့နေတော့ အဝိဇ္ဇာနဲ့ နေတဲ့အထဲ ဝိပ္ပလ္လာသသုံး ချက်က စေ့အောင်ပိတ်လိုက်ပြန်တော့ မှောင်မဲတဲ့ အထဲမှာဖြင့် နေရတော့ တာဘဲဆိုတာ ငြင်းတို့လိုသေးသလား .... (မလိုပါ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ပြောပါတယ်၊ တကာတကာမတို့ ဘုရားသခင်က ပြင်ဘက်ကပွင့်ပါတယ်၊ ခင်ဗျားတို့က ဘုရား မလာနိုင်အောင် နေ့တိုင်းခတ်ပါတယ်....(မှန်ပါ့ဘုရား)။

ဘုရားမလာနိုင်အောင် တံတိုင်းဘယ်နှစ်ထပ် ခတ်ကြသတုံး (သုံးထပ်ခတ်ကြပါတယ်)နေ့တိုင်း သုံးထပ်- သုံးထပ် အချိန်ရှိ သခလောက် ခတ်တယ်ဆိုယင် လွှပါ့မလား .... (မလွှပါဘုရား)။

ဘာဖြစ်လို့ ဒါလောက် အထပ်ကြီး ထုကြီးအောင် မြင့်မားအောင် ခတ်ကြပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား .... (လိုပါတယ်)ဘုရားအဆူဆူပွင့်ယင် မကျွတ်အောင်လို့ ဘုရား (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုကြောင့် ဒါလောက် မြင့်မားအောင် ထူထပ်နေကြပါလိမ့်မတုံး မေးယင်.... (ဘုရားအဆူဆူပွင့်ယင် မကျွတ်အောင်လို့ပါဘုရား)။

ကိုင်း.... တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ငါသိသလို သိစေရမယ်“ တိဏ္ဏော တာရေယျံ” ငါဘုရားသည် ကူးမြောက်သလို ဟိမဝန္တာ နိဗ္ဗာန်ကူးမြောက်ရအောင် သူတို့ကိုကယ်တင်မည်ဆိုတဲ့ ရည်ရွယ်ချက်ကြီးကလဲ အင်မတန်ကြီးပါတယ်....(မှန်ပါ့ဘုရား)။

“မုတ္တော မောစေယျံ”တဲ့၊ ငါလွှတ်သလို ဒီထောင်ထဲက ဝိပ္ပလ္လာသထောင်ကြီးက လွှတ်အောင် သူတို့ကို ငါကယ်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးဟာလဲ ဦးဇင်းရင်သေးသလား....(မသေးပါဘုရား)။

မသေးဘူးဗျ၊ တကာကြွယ် သေးရဲ့လား .... (မသေးပါဘုရား)။

“ဗုဒ္ဓေါ ဗောဓေယျံ” တဲ့၊ ငါသစ္စာလေးပါးသိသလို ငါနိဗ္ဗာန်မြင်သလို သူတို့ကိုလဲ မြင်စေအောင် ကြိုးစားမယ်ဆိုတဲ့

ကြိမ်းဝါးတဲ့ အသံကြီးဟာ တကာတကာမတို့ သမေ့ရသေ့ လက်ထက်ကစပြီး ကြိမ်းဝါးတာ... ( မှန်ပါ ) ဒီရည်ရွယ်ချက် အတိုင်းကော လုပ်မသွားဘူးလား- (လုပ်သွားပါတယ်ဘုရား)။

လုပ်သွားတော့-ဘုရားတဆူမှာ ကျွတ်တမ်းဝင်တဲ့သူ နှစ်ဆဲ့ လေးသင်္ချေ .... ကုဋေတော့ ရှစ်ဆယ် ....၊ ဗိုလ်ခြေက တသိန်း .... (မှန်ပါ) သူလိုဘဲ လွတ်သွားတဲ့ပုဂ္ဂိုလ်တွေ....( မှန်ပါ ဘုရား)။

ကျုပ်တို့ဘယ့်နှယ်ကြောင့် ကျန်ရစ်ပါလိမ့်မတုံး၊ ဒါလောက် ကြိမ်းဝါးတဲ့ ကိုယ်တော်ကြီး ကျုပ်တို့ကို ကန်တော့ဆွမ်းလုပ် သွားတာ ဘာကြောင့်ပါလိမ့်မလဲလို့ မေးခွန်းထုတ်ဘို့မလိုဘူး လား....(လိုပါတယ်ဘုရား)။

မေးခွန်းထုတ်ဘို့ဆိုတော့ ဘုရားကတော့ဖြင့် ဒီသူ့ကြိမ်းဝါး ချက် ရည်ရွယ်ချက်ကို မစွန့်ပါဘူး .... ( မှန်ပါ ) ကျုပ်တို့က မကြွလာနဲ့-မကြွလာနဲ့ဆိုပြီး ကာတဲ့တံတိုင်းကြီးက ကိုယ်တော် ကြီးကို ဝင်ခွင့်မရအောင် ကာလို့ ဆီးလို့- လို မှတ်လိုက်စမ်း ပါ....(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုပါလိမ့် ကျုပ်တို့က .... (ကိုယ်တော်ကြီး ဝင်ခွင့်မရ အောင် ကာလို့ ဆည်းလို့ပါဘုရား)။

ကာမှု ဆီးမှုက တနေ့ဘယ်နှစ်ခါ ကာဆီးပါလိမ့် .... (မရေ တွက်နိုင်ပါဘုရား)။

မရေတွက်နိုင်အောင် ကာဆီးထားတော့ တကာကြွယ် ဘုရားဝင်ခွင့်ရသေးရဲ့လား....(မရပါဘုရား )။

ဩော်....ကျုပ်တို့ ကံမကောင်း အကြောင်းမသင့်လို့ ကျန်ရစ်ရတာလား၊ ကိုယ့်ဟာကိုယ် ကာဆီးပြီးသကာလ ဘုရား ဝင်ခွင့်မပေးလို့ ကျန်ရစ်တာလား ... (ကိုယ့်ဟာကိုယ် ကာဆီးပြီး ဘုရားဝင်ခွင့်မပေးလို့ ကျန်ရစ်ရတာပါဘုရား)။

တကာသစ် မှတ်မိပြီ...(မှတ်မိပါပြီဘုရား) ဩော်....တပည့်တော်တို့ သိပ် ကံနည်းတဲ့ပုဂ္ဂိုလ်တွေဘုရားလို့ ဆိုလဲ ဆိုကြမလား၊ မိုက်လုံးသန်လွန်းလို့ဘဲလို့ ဆိုကြမလား.... (မိုက်လုံး သန်လွန်းလို့ပါဘုရား)။

သေသေချာချာစဉ်းစားကြပါ၊ သေသေချာချာစဉ်းစားကြပါ၊ တကာကြွယ် စဉ်းစားမိရဲ့လား-(စဉ်းစားမိပါတယ်ဘုရား) ဦးဇော်ရင်တို့ကော စဉ်းစားမိရဲ့လား....(စဉ်းစားမိပါတယ်ဘုရား) တနေ့ ဘယ်နှစ်ထပ်ကာသတုံး...(မရေတွက်နိုင်ပါဘုရား)။

သမီးကလေး ခင်မှာဘဲ အားကိုးရမှာဘဲ၊ ဟော ... နေ့တိုင်းကာတယ်....(မှန်ပါ) နေ့တိုင်းမကာဘူးလား.... (ကာပါတယ်ဘုရား) အို....ငါ့ကိုယ်၊ ငါ့ကိုယ်၊ ငါမခင် ဘယ်သူခင်မလဲ ဟုတ်လား၊ ငါ့ကိုယ် ငါ အားကိုးမယ်၊ မလာဘူးလား... (လာပါတယ်ဘုရား) ဒါတလဲ တနေ့ ဘယ်နှစ်ခါလောက် ပေါ်ပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

ဇီအလုပ် ငါသွားမှ ပြီးမယ်ဆိုယင်ဘဲ ဒိဋ္ဌိတံတိုင်းကာပြီးမှ ထွက်တာဘဲ....(မှန်ပါဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

အဲဒါလောက်တောင် ဘုန်းကြီးတို့ ခုနင်ကဟောတဲ့ အတိုင်း ဘုရားသည် ကြိမ်း ဝါး ပင် ကြိမ်းဝါးပြောသော်လဲ လွတ်ရေး ကျွတ်ရေး ကျုပ်တို့မပါတဲ့အရေးဟာဖြင့် ဝိပ္ပလ္လာသတံတိုင်း

သုံးထပ်ကြီးက ထူအောင်လဲလုပ်, မြင့်မားအောင်လဲ နေ့တိုင်းလုပ်သောကြောင့် ဘုရား,တရား,သံဃာဝင်ခွင့်မရလို့ ဒါလောက်တောင် ဒုက္ခပင်လယ်ဝေရစ်ရတယ်ဆိုတာ မှတ်ပေတော့....(မှန်လှပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) တယ်မဆိုးဘူးလားဗျာ ...(ဆိုးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နာမရူပ ပရိစ္ဆေဒကျမ်းက အနေ့ာကပ္ပနပါကာရ ဝိပ္ပလ္လာသ ပရိက္ခိတ္တ ။

အနေ့ာကပ္ပနပါကာရဝိပ္ပလ္လာသပရိက္ခိတ္တ=ခုန်ကျော်လွှားရှဲသွားတို့ မလွယ်ကြီးကျယ်မြင့်ဆိုင်း တံတိုင်းပမာ ဝိပ္ပလ္လာသဖြင့် ကွယ်ကာရစ်ဆိုင်းဝန်းဝိုင်းရှဲ နေခြင်းကြောင့်ရှင်း ....( မှန်ပါ ) ခန္ဓာကိုယ်ကြီး ဝိုင်းနေလိုက်တာ ဝိပ္ပလ္လာသတွေ တကာတကာမတို့ တထပ်ကြီး တပုံကြီးဆိုတာ သိပလား....( သိပါပြီဘုရား )။

ကိုယ့်ဟာကိုယ် ခုန်ထွက်ဘိုလဲ မလွယ်ဘူး....တဲ့.... (မှန်ပါ) ကျော်လွှားသွားဘို့ကော.. ( မလွယ်ပါဘုရား ) ကျော်ချင်တဲ့စိတ်, လွှားချင်တဲ့စိတ် ပေါ်ဘို့ကော....(မလွယ်ပါဘုရား)။ မလွယ်ဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်....ကျော်ဘို့,လွှားဘို့ဆိုတာ စိတ်ကူးမှ မထည့်တာဘဲ.... (မှန်ပါ) မထည့်ဘူးတဲ့ပြင် ဘုန်းကြီးတို့ တကာတကာမတွေက ဒီသားနဲ့, ဒီသမီးနဲ့ ဒီမြေးနဲ့ နိဗ္ဗာန် ဝင်တောင်မှ အစုံအလင် ဝင်ပါရစေ ဆိုပြီး သကာလ နိဗ္ဗာန်ကို ဒီသား ဒီသမီး ဒီမြေး ဒီမြစ် ဒီအစုံနဲ့ ဝင်ရိုးထုံးစံမရှိဘူး....(မှန်ပါ) ဒါတွေ ဒီအမှတ်တွေ ရှိနေယင် တံတိုင်းက ကာပြီးသား ဖြစ်နေတယ်....(မှန်ပါ) ဝင်နိုင်ပါ့မလား....(မဝင်နိုင်ပါဘုရား) မဝင်နိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ

ဘုရား) အဲဒါကြောင့်.... ဘုန်းကြီးတို့ တကာတကာမတွေ သည် ဒီတံတိုင်းကို ဖျက်ပေးမည့်ပုဂ္ဂိုလ်၊ ချိုးပေးမည့်ပုဂ္ဂိုလ်၊ ဖောက်ထွင်းပေးမည့်ပုဂ္ဂိုလ်၊ ဒီလိုဖောက်ပါ၊ ဒီလိုခုန်ပါ၊ ဒီလိုကျော်ပါ ဆိုတဲ့ပုဂ္ဂိုလ်မှ မပေါ်လာတော့ဘူး ဆိုလို့ရှိယင် မှောင်ထဲမွေးပြီး မှောင်ထဲသေ....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (မှောင်ထဲမွေးပြီး မှောင်ထဲသေပါတယ်ဘုရား) မှောင်ထဲမွေး၊ မှောင်ထဲသေမှတပါး ဘာရှိသေးသတုံး....(မရှိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ဘုန်းကြီး ခဏခဏ ပြောပါတယ်၊ တီကောင်ဟာ မျက်လုံးပါရဲ့လား.... (မပါ-ပါဘုရား) မှောင်ထဲဘဲ မမွေးဘူးလား.... ( မွေးပါတယ်ဘုရား ) နောက် ကြက်တွေ ဘာတွေကစား၊ တွင်းထဲ ဘာထဲ လိမ့်ကျ၊ အမျိုးမျိုး သဲတွေဘာတွေနဲ့ ရစ်ပတ်ပြီးသေတော့ မှောင်ထဲဘဲ သေရှာတယ်....(မှန်ပါ)။

အဲ....ကျုပ်တို့သည် နောက်တုန်းက ဘယ်လိုနေခဲ့ရတယ် ဆိုတာ တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘယ်လို ရိပ်မိပါလိမ့်.... (မှောင်ထဲမွေး၊မှောင်ထဲ သေခဲ့ရပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် မှောင်ပါလိမ့်မတုံး....၊ တံတိုင်းကြီးက မြင့်မားလွန်းလို့.... (မှန်ပါ) ထုကြီးကကော.... (ကြီးပါတယ်ဘုရား)။ ထုထဲလွန်းလို့ ဘုရားဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

ကိုင်း....ဒီတခါမှ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့လို့မှ ဦးဇင်းတို့လူစု၊ တကာကြွယ်တို့လူစု၊ တကာသစ်တို့လူစု ဒီတံတိုင်း

ကို သညာဖျက်ချမကွ…(မှန်ပါ) စိတ် ဖျက်ချမကွ… (မှန်ပါ) ဒိဋ္ဌိကိုဖြိုဖျက်ပစ်မယ်ကွ ဆိုတာမှ မလာလို့ရှိယင်ဖြင့် ဒီအဝန်း အဝိုင်းကြီးထဲမှာ ရှိတာက သုံးဆယ့်တဘုံ….(မှန်ပါ) ဒီအထဲမှာ မွေး၊ ဒီအထဲသေ၊ ဒီအထဲငရဲကျ၊ ဒီအထဲမှာ အသုဘာမြှုပ်၊ ဂိမြေကို ယာလုပ်စား၊ ကိုယ့်အသေပေါ် ကိုယ်ယာလုပ်စားတယ်၊ လယ် လုပ်စားတယ်….(မှန်ပါ) ဒါလောက်ထိအောင် ဆိုးဝါးပါတယ် ဆိုတာကော ရိပ်မိပလား….(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တကာတကာမ တို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဖြစ်ပျက်ဥဒယဗ္ဗယ ဉာဏ် များ အားထုတ်လိုက်တဲ့အခါကျတော့ တကာကြွယ်တို့ ဦးဇော်ရင် တို့ မှတ်စမ်း၊ ခန္ဓာကိုယ်က အရောင်ထွက်လာတယ်…. (မှန်ပါ) ငရဲများရောက်တယ်၊ ငရဲဆို အကုန်လင်းသွားတယ်…. (မှန်ပါ) အထက်လဲ ပြဟ္မာပြည်တွေ စကြာဝဠာတခုလုံးဟာ အကုန်လင်း တယ်….(မှန်ပါ) ကျုပ်တို့အထဲမှာ မရောက်လာဘူး….(မှန်ပါ) ကဲ….ဘယ်လောက် ကာထားတယ်ဆိုတာ…. ( မှန်ပါ ) မြတ်စွာ ဘုရား ဥဒယဗ္ဗယဉာဏ် ရောက်လို့ ဩဘာသဆိုတဲ့ အရောင် တွေများ ထွက်လာလိုက်တာ ဦးဇော်ရင်ရေ….အဝီစိငရဲများအကုန် လင်းသတဲ့…. (မှန်လှပါ) လောကန္တရိက် ငရဲကြီးတွေဟာ လင်း သတဲ့… (မှန်ပါ) အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင်ကော…. (လင်း ပါတယ်ဘုရား)။

ပြဟ္မာရောင်တွေ အကုန်ပျောက်ပြီး ဘုရား၏ ဥဒယဗ္ဗယ ဉာဏ်ရောင်တွေသာ လွှမ်းမိုးသွားတာဘဲ…. (မှန်ပါ) ဘြော်…. ဘုရားပွင့်ပြီလို့ လူတိုင်းသိတယ်….(မှန်ပါဘုရား)။

အဲဒီအထဲမှာ ကျုပ်တို့အထဲမှာ အရောင် မဝင်လာဘူး.... (မှန်ပါဘုရား)။

ဘယ်လောက်များ ကျုပ်တို့ ကာချက်သန့်တယ်,ဆီးချက်သန့်တယ်, ထု·ကြီးကျယ်မြင့်မားအောင် လုပ်နိုင်တဲ့ စွမ်းရည်သတ္တိ မိုက်မဲတဲ့စိတ်တွေ ဘယ်လောက်များတယ်ဆိုတာ တကာကြွယ် ပြောဘို့လိုသေးသလား....(မလိုပါဘုရား)။

ဦးဇော်ရင် ဒီတခါကျွတ်ယင် ကျွတ်နေ၁်၊ မကျွတ်ယင် သွားပြီ (မှန်ပါ) ဒီတခါ ကျော်ယင် ကျော်ကြပါ၊ မကျော်ယင် သွားပြီ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့.... အမှား သုံးချက်ဖြစ်ပြီး သကာလ နေလိုက်တဲ့ တံတိုင်းဆိုတာကော ရိပ်မိပလား- (ရိပ်မိပါပြီဘုရား) အမှတ်မှား, အသိမှား, အယူမှား....(မှန်ပါဘုရား)။

တကာတကာမတို့ ၁-နံပါတ်က ဟာတဲ့.... ( အမှတ်မှားပါဘုရား) ၂-နံပါတ်က.... (အသိမှားပါဘုရား) ၃-နံပါတ်က.... (အယူမှားပါဘုရား)။

တကာတကာမတို့ ဒါဖြင့် ဒီအမှတ်မှား, အသိမှား, အယူမှားတွေ မစွန့်ဘဲနဲ့ သေသွားကြပြီဆိုကြပါစို့....(မှန်ပါ) အယူမှားနဲ့ သေသွားတယ်လို့ ဘုန်းကြီးက စွဲချက်တင်တယ်၊ ဘုရားက စွဲချက်တင်တယ်၊ ဦးဇော်ရင်တို့ တကာကြွယ်တို့က ငြင်းဦးမလား....(မငြင်းပါဘုရား) ဘာနဲ့သေသွားသလဲ.... (အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

ကြည့်လေ.... ဒိဋ္ဌိအယူမှားနဲ့ သေသွားတယ် ဆိုကတည်းက ဒိဋ္ဌိအယူမှားနဲ့ သေသွားယင် အပါယ်သာသွားရမယ်-(မှန်ပါ့) ဒီ့ပြင် သွားစရာ ရှိပါရဲ့လား.... (မရှိပါဘုရား) ရိပ်မိကြပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ လူတသိန်းသေလို့ သုဂတိ တယောက် မရောက်ဘူးကွ၊ နိဗ္ဗာန်တယောက် မရောက်ဘူးကွ....ဆိုတဲ့ စကားကို ရဲရဲတင်းတင်း ယုံကြပလား....(ယုံပါပြီဘုရား) ဘာနဲ့ သေသွားကြသလဲ....(အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

မယုံယင် စဉ်းစားကြည့်ပါ၊ ငါ့ အားကိုးရာ ရွှေကလေး ငွေကလေးနဲ့ဖြင့် ငါ ခွဲရတော့မယ်ဆိုတဲ့ အယူမှား မပါဘူးလား.... (ပါပါတယ်ဘုရား)။

ငါ့သား, ငါ့သမီးကလေးတွေဆိုတဲ့ အမှတ်မှားနဲ့ကော .... (ပါပါတယ်ဘုရား)ခင်လျက် မင်လျက်နဲ့ မတတ်နိုင်လို့ သေတာဆိုတာကော....(ပါပါတယ်ဘုရား)။

ဒါဖြင့် အမှတ်မှားနဲ့ သေ....(မှန်ပါ့) အသိမှားနဲ့ကော.... ( သေပါတယ်ဘုရား ) အယူမှားနဲ့ကော....(သေသွားပါတယ်ဘုရား)။

ဒါဖြင့် အားလုံး မသာတွေကို တကာကြွယ် မသာပေါင်း ဘယ်လောက် ပို့ဘူးသတုံးဆိုယင် ရေတွက်နိုင်ရဲ့လား.... (မရေတွက်နိုင်ပါ) ဦးဇော်ရင်တို့.... ဘယ်လောက် ပို့ဘူးသတုံး .... (မရေတွက်နိုင်ပါဘုရား)။

အဲဒီ မသာတွေ ဘာ မသာတွေတုံးလို့ ဆုံးဖြတ်ချက် ချစမ်းပါ...(အမှတ်မှား, အသိမှား, အယူမှားနဲ့ သေတဲ့ မသာတွေပါဘုရား)။

အဲ.... ခင်ဗျားတို့ ဒီအထဲမှာ အမိုက်မှားဆုံး တရား ပြောကြပါဆိုတော့ အယူမှားနဲ့ သေသွားလေရဲ့....(မှန်လှပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (အယူမှားနဲ့ သေသွားပါတယ်)ကဲ....ဒါ ငြင်းဘို့ လိုကြသေးသလား....(မလိုပါ)ဒိဋ္ဌိ မစွန့်သ၍ ဘယ့်နှယ်ဆိုကြမယ် .... (အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အပြောကြီးတာလား၊ လူတသိန်းသေလို့ သုဂတိ တယောက် မရောက်ပါဘူးကွ....၊ နိဗ္ဗာန် တယောက် မရောက်ပါဘူးကွလို့ သစ္စာသံယုတ်ပါဠိတော်ကြီးများ ဟောလိုက်တဲ့ အဖြစ်ဟာဖြင့် ဦးဇော်ရင် ယုံတော့....(မှန်ပါ့) ဘာမှားနဲ့ သေသွားသလဲ....(အယူမှားနဲ့ သေသွားပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က မူစလမန်မှ ခရစ်ယာန်မှ အယူမှားနဲ့ သေတာ၊ ဒို့ ဗုဒ္ဓဘာသာက မှားဘို့ ခဲယဉ်းတယ်တဲ့၊ အယူမှားမှ နားမလည်ဘဲ....(မှန်ပါ့)ဒီအမှားဟာ အမှားကြီး မဟုတ်လား- (အမှားကြီးပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျုပ်တို့လဲတဲ့ အမှတ်မှား အသိမှား အယူမှားရှိတာဘဲ .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတွေ ကြည့်... ဒီတခါ ကြုံကြိုက်တာဖြင့် ကောင်းသော ကြုံကြိုက်ခြင်းဘဲ၊ ဒီအမှားသုံးချက်ဖြင့် ဖြိုခွဲနိုင်တဲ့ ဉာဏ်ဖြင့် မရ,ရအောင် နာပြီးသကာလ ဖြိုခွဲနိုင်တဲ့ ဉာဏ်နဲ့ဘဲ ဒို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်သွားပါတော့မယ် ဆိုလို့ရှိယင်လဲ ဂရုစိုက်မှတ်ပြီး ဂရုစိုက်လုပ်ကြဘို့ဘဲ .... (မှန်ပါ)။

နို့မဟုတ်လို့ရှိယင်ဖြင့် နေခြင်းဆိုးနဲ့ သေခြင်းဆိုးသာ မှတ် (မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီ အမှားသုံးခု မကျော်နိုင်ယင် ဘယ်နှယ်ဆိုကြမလဲ....(နေခြင်းဆိုးနဲ့ သေခြင်းဆိုးပါဘုရား)။

နေခြင်းဆိုးက သားဟူသော အမှတ်၊ သမီးဟူသော အမှတ် ဆိုလို့ရှိယင် သူ့မှတ်တာတွေကိုက သူ့အတွက် စိတ်မချတာလာပြီ... (မှန်ပါ) သူ့အတွက် ခင်လုံး မင်လုံးဆိုတာကော....(လာပါတယ်) သူ့ကိုဘဲ အားကိုးလုံး ထားတာတွေကော....(လာပါတယ်ဘုရား)။

ဒါဖြင့် နေချိန်မှာလဲ တကာတကာမတို့ အောက်ကျနောက်ကျ နေရလိမ့်မယ်....(မှန်ပါ) သေချိန်မှာလဲ အပါယ်ကျရလိမ့်မယ်....(မှန်ပါ)။

ဒါဖြင့် အနေ အောက်ကျ-အသေ အောက်ကျ....( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုဆိုကြပါမယ်-(အနေအောက်ကျ အသေအောက်ကျပါ) ကဲ....ဒါဖြင့် ခင်ဗျားတို့ လူ့ပြည် ခဏသာကြတာနော်....

( မှန်လှပါဘုရား ) လူ့ပြည် ခဏလာကြတာ....( မှန်လှပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်နဲ့ ချိန်လိုက်တယ်၊ တကာကြွယ် ခဲတခုကို ကောင်းကင်မြှောက်လိုက်စမ်းပါ (မှန်ပါ့)ကောင်းကင်ကို ရောက်တဲ့ အချိန်ဟာ ဘယ်လောက်များ ကြာမလဲ....(မကြာပါဘုရား)။

အဲ....ခင်ဗျားတို့သည် ဒီခဲ မြေကြီးပေါ် နေတာကတော့ အကြာကြီးပေါ့....(မှန်ပါ့)လူ့ပြည်လာတာ ကောင်းကင် ရောက်သလောက်ဘဲ ရှိတယ်....(မှန်ပါ့)။

မင်းတို့ အပါယ်နေတာက ခဲမြေကြီးပေါ် နေသလောက် ကြာတယ်ဆိုတော့ ကုန်ပြီ....( ကုန်ပါပြီ )·တန်းကုန်ပြီ တကာ တကာမတို့— (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် တကာကြွယ် စီးပွါးရေး, ကြီးပွါးရေးတွေ အသာ ချိတ်ထားစမ်းပါ....(မှန်ပါ့) ကိုယ့်ကိုယ် ကယ်တင်စမ်းပါ....(မှန်ပါ)။

ဘယ်လိုပါလိမ့်....(ကိုယ့်ကိုယ် ကယ်တင်စမ်းပါ) စီးပွါးရေး ကြီးပွါးရေးတွေ—(ချိတ်ထားဘို့ပါဘုရား)။

ချိတ်ထားစမ်းပါ၊ ကိုယ့်ကိုယ် ကယ်တင်စမ်းပါ...(မှန်ပါ့) စီးပွါးရေး ကြီးပွါးရေးက ကိုယ့်နောက်ကို ပါမှာမဟုတ်လို့.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ် ကယ်တင်တဲ့ ဉာဏ်ကဖြင့် တကာတကာမတို့.... ကိုယ့်ကိုယ် ချမ်းသာအောင် နိဗ္ဗာန်ဆောင်လိမ့်မယ်ဆိုတာ ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဘုန်းကြီးပြော, ပြောနေတယ်လို့လဲ ဦးဇော်ရင်က မယူလိုက်ပါနဲ့....(မှန်ပါ့)တကယ်သနားပြီး တကယ် ပြောနေတယ်လို့ဘဲ မှတ်ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု တဏှာမျက်လုံးနဲ့ ကြည့်နေတော့ စီးပွါးရေးဟာ တောင့်တင်းမှ နေရာကျတယ်လို့ ထင်ကြတယ်....(မှန်ပါ့)ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ နက်ဖြန် သေရမှာဟော့.... ဆိုတော့ တောင့်တင်းတာ အလကား ဖြစ်သွားတယ်(မှန်ပါ့) တကာကြွယ် ဘာအသုံးကျသတုံး....(အသုံးမကျပါဘုရား)။

နက်ဖြန် ၁၂-နာရီနဲ့ ၁-မိနစ် ကြိုးပေးမယ်ဆိုတာ ၁၂-နာရီ ထိရောက်ယင် ဒီလူ ဝမ်းသာမလား....မသာဘူးလား.... (မသာပါဘုရား)။

ဘာ့ကြောင့် မသာသတုံးဆိုတော့ သေခြင်းဆိုးက နီးနေပြီ-(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ ကျုပ်တို့မှာလဲ သေတတ်တဲ့ ခန္ဓာကြီး ရှိထားတာ သူ့ကို နေ့တိုင်း အစာနဲ့ တောင်းပန်၊ အဝတ်နဲ့ တောင်းပန်၊ ဆေးနဲ့ တောင်းပန်၊ ဝါးနဲ့ တောင်းပန်လို့ ထိုးပြီးမလဲလိုက်တာကိုးဗျ....(မှန်ပါ့)မတောင်းပန်ယင်ထိုးလဲမယ်....(မှန်ပါ့)မလဲပေဘူးလား....(လဲပါတယ်ဘုရား)။

အဲဒီတော့ခင်ဗျားတို့လဲ အောက်ကျ နောက်ကျနဲ့ ဒီခန္ဓာကြီး တောင်းပန်နေရတဲ့ အလုပ်လဲ မကောင်းပါဘူး....(မကောင်းပါဘုရား)ကိုယ်စိုး ကိုယ်ပိုင်နေရယင် ကောင်းပါတယ်.... (မှန်ပါ့ဘုရား)။

တောင်းပန်နေရတဲ့ အလုပ်ဟာ....(မကောင်းပါ) ဦးဇင်းရင် ရိပ်မိပလား....(ရိပ်မိပါပြီ)တောင်းပန်နေရတဲ့ အလုပ်ဟာ ဂုဏ်ရှိသလားဗျာ....(မရှိပါဘုရား)။

အစားနဲ့ တောင်းပန်ရတာလဲ လေနာထပြီး မသေပါနဲ့....(မှန်ပါ)အဝတ်နဲ့ တောင်းပန်ရတာလဲ အအေး အပူမိပြီး မသေပါနဲ့....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဆေးလိပ်ကလေးနဲ့ တောင်းပန်ရတာလဲ ထိုနည်းအတူဘဲ၊ လေနာ ရင်နာကလေးမှ သက်သာမလား....ဒါကလေးနဲ့ မသတ်ပါနဲ့ဆိုပြီး ဆေးလိပ်ကလေးနဲ့ ပူဇော်ရတယ်....(မှန်ပါ)။

ခင်ဗျားတို့ မျက်နှာ ကြည်ကြည်သာသာနဲ့ ရွှင်ရွှင်ပြပြနဲ့ နေရတဲ့ အချိန်နဲ့ ခန္ဓာကိုယ် တောင်းပန်နေရတဲ့ အချိန်နဲ့ ဘယ်ဟာက များသတုံး....(တောင်းပန်နေရတဲ့ အချိန်ကများပါတယ်ဘုရား)။

ဒါကို တကာကြွယ်က ငါက တဆယ်တန် အနိုင်သည်ခံနိုင်တယ်ဆိုပြီး ဂုဏ်များရှိသေးသလားဗျာ....(မရှိပါဘုရား)။

တောင်းပန်ရတာကို တချို့က ဂုဏ်ယူနေလေ့ရှိကြတယ်....(မှန်ပါ) အနှိပ်သည်လဲ ကျုပ်အနှိပ်သည် နှိပ်တာဗျာ တခါနှိပ် အစိတ် သုံးဆယ်ပေးရတယ်၊ ဒါ ကျုပ်တို့မို့ တော်တော်သေးတယ်....(မှန်ပါဘုရား)။

အံမာလေး....တောင်းပန်ရတာကို ဂုဏ်များယူနေလိုက်သေးတယ်၊ ဒါလောက် မျက်စိလည်တာကို ဦးဇင်းရင် တွေ့ဘူးရဲ့လား ခင်ဗျားတို့....(တွေ့ဘူးပါတယ်)အတော်မဆိုးဘူးလား.... (ဆိုးပါတယ်)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် တောင်းပန်နေရတဲ့ ခန္ဓာဝန်ကြီးသည် ဘယ့်နှယ်ကြောင့်ရပါလိမ့်မတုံး မေးဘို့မလိုဘူးလား .... (လိုပါတယ်) ဟောဒီ အမှတ်မှားကြောင့် .... ( မှန်ပါ )ဟောဒီ အသိမှားကြောင့်....(မှန်ပါ) ဟောဒီ အယူမှားကြောင့် ဒီခန္ဓာကြီးရနေတာ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာပြန်ရတဲ့ ပုဂ္ဂိုလ်များ အမှားသုံးချက်ကြောင့် ရတာ.... (မှန်ပါ)ခန္ဓာပြန်ရတဲ့ ပုဂ္ဂိုလ်များ .... (အမှားသုံးချက်ကြောင့် ပြန်ရတာပါဘုရား)။

အမှားသုံးချက် ကျော်လွန်လို့ရှိယင်ဖြင့် တကာတကာမတို့ ရဟန္တာဖြစ်တာဘဲ....(မှန်ပါဘုရား)။

အမှားသုံးချက် ကျော်လွန်ယင် .... (ရဟန္တာ ဖြစ်ပါတယ်ဘုရား)။

၃-နံပါတ်အမှား ကျော်လွန်လို့ရှိယင်ဖြင့် တကာတကာမတို့ သေသေချာချာ မှတ်ပါတော့တဲ့ ပဌမနိဗ္ဗာန်ရပါတယ် (မှန်ပါ) ဒိဋ္ဌိကွာပကော... (မှန်ပါဘုရား)။

၃-နံပါတ်အမှား ကျော်လွန်ယင် ဘာတုံး....(ပဌမနိဗ္ဗာန်ရပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

၁-နံပါတ်အမှားကို ကျော်လွန်နိုင်လို့ရှိယင် ဒုတိယ, တတိယနိဗ္ဗာန်ရပါတယ်....(မှန်ပါဘုရား)။

၂-နံပါတ်အမှား ကျော်သွားနိုင်လို့ရှိယင် တကာတကာမတို့ စတုတ္ထနိဗ္ဗာန်ဆိုတာ အဆုံးစွန် နိဗ္ဗာန်ရပါတယ် (မှန်ပါဘုရား)။

ဒါ့ကြောင့် ဒီအမှားသုံးချက်ကို ဟောမည့်- ပြောမည့်ပုဂ္ဂိုလ်ကလဲရှား၊ ခင်ဗျားတို့ကလဲ ဘယ်အကျင့်နဲ့ ပယ်ရမယ်ဆိုတာလဲ

မသိတော့ မှောင်ထဲမွေးပြီး မှောင်ထဲသေတဲ့ အဓိပ္ပါယ်က ထင်ရှားတယ်...(ထင်ရှားပါတယ်ဘုရား)။

ဒါကြောင့် အားလုံး တကာတကာမတို့ ဒီတခါ ဒီအခွင့်ကို လက်လွှတ်သွားလို့ ရှိယင်ဖြင့် ဒို့ဖြင့် ကိုယ်ကျိုးနည်းပေါ့လို့ အောက်မေ့လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

တရားနာစေချင်လို့ ပြောတာလား၊ ခင်ဗျားတို့သနားလို့ ပြောတာလား....(သနားလို့ပြောတာပါ) စဉ်းစားကြည့်ပါ-စဉ်းစားကြည့်ပါနော်....(မှန်ပါ့ဘုရား)။

ဘာလူကွာ, ဘာတန်းကွာ,ဘာလုပ်ကွာ၊ ဒါ နိဗ္ဗာန်ရတာဘဲ ဆိုတော့ ဦးဇော်ရင်ကြီး သာမညတော့ ဟုတ်နေတယ်.... (မှန်ပါ့) အမှားသုံးချက် မကျော်ဘဲနဲ့ ဘယ်တော့နိဗ္ဗာန်ရမှာတုံး .... (မရပါဘုရား)။

ဒိဋ္ဌိမကျော်ဘဲနဲ့ သောတာပန် တည်နိုင်ပါ့မလား ... (မတည်နိုင်ပါ) သညာမကျော်ဘဲနဲ့ သကဒါဂါမ်,အနာဂါမ်....(မရောက်နိုင်ပါ)ဒီ စိတ္တဆိုတဲ့ သုဘစိတ္တ, သုခစိတ္တတို့, သုဘတို့, သုခတို့ မကျော်နိုင်လို့ရှိယင်လဲ ဘယ်နှယ်လုပ် ရဟန္တာဖြစ်ပါ့မတုံး.... (မဖြစ်ပါ)ဒါ ကျော်လွန်မှ ဖြစ်မှာ....(မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသ ဆဲ့နှစ်ပါး ထဲမှ .... ( မှန်ပါ့ ) ပဌမမဂ်က ရှစ်ပါးသေတယ်....(မှန်ပါ့) ဒုတိယနဲ့ တတိယမဂ်က နှစ်ပါးသေတယ်.... (မှန်ပါ့) စတုတ္ထက နှစ်ပါးဘဲပယ်တယ်၊ အဲဒီပယ်ပြီးမှ ရဟန္တာဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒါပယ်မှ ကိစ္စပြီးမယ်ဆိုတဲ့ တရားကိုလဲ ခင်ဗျားတို့ သေသေချာချာမှတ်ပါ... (မှန်ပါ) ဒါမပယ်သေးသရွေ့ ဘာလုပ်နေနေ မရသေးဘူး... (မှန်ပါ) ရပါ့မလား.... (မရပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ပယ်ရမှာပေါ့လို့ ပယ်ကောင်းမှန်း မသိလို့ ကာထားတယ်လို့တောင် မသိသေးတဲ့ ပုဂ္ဂိုလ်အတွက်မှာ တကာကြွယ် ခက်တယ်...(မှန်ပါ) တကာသစ် ဘယ့်နှယ်နေသလဲ...(ခက်ပါတယ်) သေသေချာချာ ခက်တယ်ဆိုတာ တကာ တကာမတွေ့ ယုံကြပလား...(ယုံပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီတရားလက်လွတ်ယင် ခင်ဗျားတို့ ဘယ့်နှယ် ထင်ကြသတုံး.... ( ခက်ပါတယ် ) သေသေချာချာသွားပြီ .... (မှန်ပါ)သွားပြီ ဦးဇော်ရင်...(မှန်ပါဘုရား)။

ဒီပယ်မှုတွေကို ဘုန်းကြီးက အသီးအသီးနဲ့ အပယ်ခိုင်းတော့ မှာကိုးဗျ.... ( မှန်ပါ ) ဝိပဿနာရှုပြီး အပယ်ခိုင်းလိုက်တော့ ဒိတ်တိုင်းတွေ ပွင့်မသွားပေဘူးလား (ပွင့်သွားပါတယ်ဘုရား)။

ဒါဖြင့် အမှောင်ခွင်းပြီး အလင်းရောက်တာဘဲ .... (မှန်ပါ) အဝိဇ္ဇာနယ်ကနေပြီး ဝိဇ္ဇာနယ်ရောက်ရမယ်... (ရောက်ရပါမယ်) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဒါမပယ်ဘဲနဲ့ ဘယ်သူက ဘာပြောပြော ခင်ဗျားတို့မှတ်ကြ နိဗ္ဗာန်မရောက်ဘူး....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမပယ်ဘဲနဲ့ ပဋမနိဗ္ဗာန်ကို.... (မရောက်ပါ) သညာမပယ်

ဘဲနဲ့ ဒုတိယ,တတိယ နိဗ္ဗာန်ကို .... ( မရောက်ပါ ) သုဘ,သုခ စိတ္တတွေ မပယ်ဘဲနဲ့ တကာတကာမတို့ စတုတ္ထနိဗ္ဗာန်ကို ရဘို့ ကော....(မရပါ)ရကို မရဘူးစိတ်ချ....( မှန်ပါ့ ) အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာ ဘုရားဟောတယ်....(မှန်ပါ့) ရှင်းကြ ပလား....( ရှင်းပါပြီဘုရား)။

အဲဒီတော့ အားလုံး တကာတကာမတွေ မေတ္တာရှေ့ထားပြီး ဘုန်းကြီးပါးစပ် တပေါက်တည်းက ပြောရတာလဲ မလွယ်လှ ပါဘူး....(မှန်ပါ့) မလွယ်ပါဘူးတဲ့....၊ ခင်ဗျားတို့ကလဲ အိမ်က ဘာမှ ပါလာတာမဟုတ်ဘူး၊ ဒီကျမှ အသစ်ချည့်ဘဲ ဆိုတော့ ဒီတလုံးတည်းကိုဘဲ အမြဲရှင်းအောင် ပြောပြီးသကာလ နေရ တော့ ပယ်နည်းရှားနည်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဝိပဿ နာဉာဏ် မဂ်ဉာဏ်မှတပါး တကာကြွယ် မရှိဘူးနော် ... (မှန်ပါ့ ဘုရား)။

ဒါဖြင့် သူ့မလုပ်ယင် နိဗ္ဗာန်မရဘူး....(မရပါ) သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

ဝိပဿနာအလုပ်, မဂ်ဉာဏ်အလုပ်ကို မလုပ်ယင် .... (နိဗ္ဗာန် မရပါ)သူမှ သညာကိုပယ်မယ်၊ စိတ္တကိုပယ်မယ်၊ ဒိဋ္ဌိကိုပယ်မယ် (မှန်ပါ့)ဒီ့ပြင်ဟာက ပယ်လို့ရရဲ့လား....(မရပါဘုရား)။

မယုံယင် ဒါနလုပ်ကြည့် ပယ်လို့မရဘူး .... (မှန်ပါ့) ရပါ့ မလား....(မရပါ)သီလဆောက်တည်ကြည့်....(မရပါ)ဝိပ္ပလ္လာသ ပယ်နိုင်ပါ့မလား....(မပယ်နိုင်ပါ) သမထ လုပ်ကြည့်ပြန်တော့ ကော....(မပယ်နိုင်ပါဘုရား)။

အံမာလေး .... ကသိုဏ်းရုပ်ကြီးတွေ ငါ့ဟာတောင်လုပ်နေလိုက်သေးတယ် သူတို့က—(မှန်ပါ့ဘုရား)။

ကသိုဏ်းထင်တဲ့ ကသိုဏ်းရုပ်ကြီးတွေ ကြည့်ပြီး ကောင်းကင်ပျံ မြေလျှိုးနေတော့ ငါနေရာကျတယ်ဆိုတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ တောင် သူတို့ဖုံးနေလိုက်သေးတယ်.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒိဝိပ္ပလ္လာသ သုံးချက်ကို အားလုံးပေါင်းလိုက်ယင် ဆဲ့နှစ်ပါးရှိပါတယ်....(မှန်ပါ့) ဆဲ့နှစ်ပါးကို ပဌမမဂ် တကာ တကာမတွေ ဘုန်းကြီးက ရအောင်လဲဟော တကာတကာမ တွေကလဲ ကြိုးစားယင် ရှစ်ပါးတခါတည်း ပြုတ်တယ်-(မှန်ပါ့) ဒိဋ္ဌိဝိပ္ပလ္လာသ ရှစ်ပါးပြုတ်ပါတယ်....( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ အမှားတော်ပုံကြီးကဖြင့် ယနေ့ သိပလား....(သိပါပြီ) တံတိုင်းကြီး ဘယ်လောက်မြင့်ပါလိမ့်.... (မခန့်မှန်းနိုင်ပါ)ဘယ်လောက်များ ထူထပ်ပါလိမ့်.... (မခန့်မှန်းနိုင်ပါ)ဘယ်ဘဝကစပြီး တည်ထောင်လို့ ဘယ်ဘဝကျအောင် ဆင့်လာတယ်ဆိုတာ ဘာတိုင်း ဆင့်တယ်....(မှန်ပါ့)ဘယ်တုန်းကမှ ဖြိုဖျက်ခဲ့တဲ့ ဘဝပါရဲ့လား....(မပါ-ပါဘုရား)။

ဒါ့ကြောင့် ခုနကျော်လွန်၍ သွားဘို့မလွယ် ကြီးကျယ်မြင့် ဆိုင်း တံတိုင်းပမာ ဝိပ္ပလ္လာသဖြင့် ကွယ်ကာရစ်ဆိုင်း ဝန်းဝိုင်း၍ နေခြင်းကြောင့်ရှင်း၊ နောပတိဋ္ဌိတ္တံ = ဒုက္ခသဘော ငါဘုရား ဘယ်လိုပင် ဟောပြောသော်လဲသူတို့မှာသဘောမပါနိုင်ဘူးကွတဲ့- (မှန်ပါ့ဘုရား)။

တံတိုင်းကာနေလို့တဲ့...(မှန်ပါ့) ရိပ်မိပလား . (ရိပ်မိပါပြီ) ကိုင်း....ဒါဖြင့် တကာတကာမတို့ လုပ်ကြပါစို့တဲ့၊ သေသေချာချာ အမှားသုံးချက်ကို သရုပ်နဲ့ တကွ ရှင်းကြပါစို့နော်.... (မှန်လှပါဘုရား)။

အလုပ်နဲ့ ရှင်းပြမယ်တဲ့ တကာတကာမတို့နော်... ( မှန်ပါ့ ) အလုပ်နဲ့ ရှင်းပြမယ်ဆိုတော့ အမှားကလေး ဆယ့်နှစ်ချက်ကို သေသောချာချာ မှတ်ပါဦးတဲ့....(မှန်ပါ့)။

ဒီအတိုင်း ပါ့ဠိစပ်ကာ ပြောသွားယင် ဦးမြရေ ဘယ်သူမှ မမှတ်မိလို့ ပုံစံချချပြနေရတယ်....(မှန်ပါ့) ပုံစံချပြမှ ရမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘယ်တော့မှ ဘုရားသာသနာနဲ့ ကလဲ ကောင်းကောင်းကာ မကြုံ၊ ကြုံပြန်တော့လဲ ကိုယ့်ဝိပ္ပလ္လာသ တံတိုင်းအတွင်းက မကြွားဘဲနဲ့ နေကြတယ်....(မှန်ပါ့)ဤကဲ့သို့ အဖြစ်ဆိုးနဲ့ နေရသည် ဖြစ်လေသောကြောင့် ဘုန်းကြီးတို့.... တကာတကာမတွေမှာ အမှားဘယ်နှစ်ချက်ဆိုတဲ့ဥစ္စာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကျွတ်တမ်းမဝင်တာ ငါ သေသေချာချာ ရှင်းပြမယ်ဆိုပြီးသကာလ အမှားတွေ ရှင်းပြတယ်နော်....( မှန်ပါ့ ) ပြီးတော့မှ ဖျက်ပြပါမယ်တဲ့၊ ဒီအမှား ပယ်နည်းပြမယ်....(မှန်ပါ့ဘုရား)။

ဒီ ခန္ဓာကိုယ်ကြီးမှာ ရှိတာက 'သဗ္ဗေသင်္ခါရာ အနိစ္စာ' ဆိုတော့ အနိစ္စဘဲရှိတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စဘဲရှိတယ်နော်.... (မှန်ပါ) ကောင်းပြီ 'သဗ္ဗေသင်္ခါရာ ဒုက္ခာ'ဆိုတော့ ခန္ဓာကိုယ်ကြီးထဲ ဖြစ်ပျက်ဒုက္ခသစ္စာဘဲရှိတယ်.... (မှန်ပါ)။

ခန္ဓာကိုယ်ကြီးထဲမှာ 'သဗ္ဗေဓမ္မာ အနတ္တာ' ဆိုသောကြောင့် ခန္ဓာကိုယ်ကြီးထဲ ရုပ်ကြည့်ကြည့် နာမ်ကြည့်ကြည့် စုလိုက်ယင် အနတ္တထဲ ဝင်တာဘဲ....(မှန်ပါ) အနိစ္စ ဒုက္ခ အနတ္တပေါ့နော်.... (မှန်ပါဘုရား)။

'သဗ္ဗေဓမ္မာ အသုဘာ'ဆိုတဲ့ အတိုင်း အလုံးစုံ တကာတကာ မတွေ့ သန္တာန်ရှိတာကတော့ဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘဘဲ ရှိတယ်....( မှန်ပါဘုရား )သဘောပါပါလား....(ပါပါပြီ ဘုရား)။

ကောင်းပြီ....ဒါ တကာတကာမတွေ့၏ ခန္ဓာကိုယ်ထဲမှာ ပင်ကိုယ်အရှိကဖြင့် အနိစ္စ ဒုက္ခ အနတ္တ အသုဘ.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပင်ကိုယ်အရှိက ဘာပါလိမ့်.... (အနိစ္စ ဒုက္ခ အနတ္တ အသုဘ ပါဘုရား)။

မှတ်ထား....မှတ်ထား၊ ဩော်....ပင်ကိုယ်အရှိက ဒါပါလား (မှန်ပါ)ဘုရားက မဟောလဲ ဒါဘဲရှိတယ်....( မှန်ပါ )ဘုရားက ဟောလဲ....(ဒါဘဲရှိပါတယ်)ဒါကတော့ ပြင်လို့ ရသေးရဲ့လား (မရပါဘုရား)။

မရတော့ ခင်ဗျားတို့ ကျုပ်တို့ အထင်က ဘယ့်နှယ် ဖြစ်နေ သတုံးလို့ တကာသစ်တို့ မေးဘို့ မလိုဘူးလား....(လိုပါတယ် ဘုရား)။

လိုဘော့ ကျုပ်တို့ အထင်က....တဲ့ မေးကဘည်းက ဆရာ ကောင်း, သမားကောင်းက မတွေ့၊ ဘဝများစွာ သံသရာကလဲ့ အမှားနဲ့ ကြီးထွားခဲ့ ဆိုတော့ကို သားကလေးတယောက် မေး ဖွါးလာလို့ရှိယင် ဒါ ခန္ဓာကိုယ် ထားပါတော့နော်....(မှန်ပါ ဘုရား)။

အနိစ္စကို နိစ္စလို့ မှတ်တဲ့ သညာဝိပ္ပလ္လာသလာတယ်....(မှန်လှ ပါ)အနိစ္စကို နိစ္စလို့ သိတဲ့ စိတ္တဝိပ္ပလ္လာသ လာတယ်....(မှန်ပါ) အနိစ္စကို နိစ္စလို့ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ လာတယ်.... (မှန်လှပါ ဘုရား)။

ဒါဖြင့် အနိစ္စ မသိလို့ ဝိပ္ပလ္လာသ ဘယ်နှစ်ချက် လာသတုံး (သုံးချက်သာပါတယ်ဘုရား)။

ပြန်ပြောတယ်၊ အနိစ္စကို နိစ္စလို့ မှတ်တာက ဘာပါလိမ့်.... ( သညာဝိပ္ပလ္လာသပါ ) အနိစ္စကို နိစ္စလို့ သိတာက.... (စိတ္တ ဝိပ္ပလ္လာသပါဘုရား)။

နောက်က တကာတကာမတွေ့ မကြားဘူးလို့ အသံ ပြော့ မနေနဲ့နော်....(မှန်ပါ) အနိစ္စကို နိစ္စလို့ မှတ်တာက ဘာတုံး.... (သညာဝိပ္ပလ္လာသပါ)အနိစ္စကို နိစ္စလို့ သိတာက....(စိတ္တဝိပ္ပလ္လာ သပါဘုရား)အနိစ္စကို နိစ္စလို့ ယူထားတာက....(ဒိဋ္ဌိဝိပ္ပလ္လာသပါ ဘုရား)။

ကြည့်စမ်း၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အနိစ္စ တချက်တည်း မှာ အမှားသုံးချက် လိုက်လာတယ်....(မှန်ပါ) မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

ကဲ....တခါ သွားပါဦး....၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘုရားက ဒုက္ခသစ္စာ၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" လို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဟောပေမဲ့ ကျုပ်တို့စိတ်ထဲမှာ မထင်လာဘူး....( မှန်ပါ့ ) မထင်လာတော့ ဒုက္ခကို သုခလို့ မှတ်တဲ့ သညာဝိပ္ပလ္လာသ လာလိမ့်မယ်....(လာပါတယ်ဘုရား) ဒီ ဒုက္ခကို သုခလို့သိတဲ့ စိတ္တဝိပ္ပလ္လာသ....( လာပါတယ် )ဒုက္ခကို တခါ သုခလို့ ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခနောက်က အမှား ဘယ်နှစ်ချက်တုံး....(သုံးချက်ပါဘုရား)။

ပြန်ပြောတယ်၊ ဒုက္ခကို သုခလို့ မှတ်တာက ဘာပါလိမ့်....( သညာဝိပ္ပလ္လာသပါ )ဒုက္ခကို သုခလို့ သိနေတာက....(စိတ္တဝိပ္ပလ္လာသပါ) ဒုက္ခကို သုခလို့ ယူတာက....(ဒိဋ္ဌိဝိပလ္လာသပါ)

တခါဘလေ ခင်ဗျားတို့ ယပ်တောင်ကလေးခတ် ထမင်းကလေးများ စားကောင်းတဲ့အခါ ဪ... ချမ်းသာလိုက်တာ ချမ်းသာလိုက်တာနဲ့များ ဒီ ခန္ဓာကိုယ်ကြီး ယပ်တောင်ကလေးခတ်ပြီး ချမ်းသ ရတာကို ခင်ဗျားတို့က အင်း....ဟိုမှာ ကျွဲလိုရုန်းနေတဲ့ အကောင်နဲ့ စာယင် တော်သေးရဲ့များ ပြောနေသေးတယ်....(မှန်ပါ့)။

အတော်ဆိုးနေတာ....(ဆိုးပါတယ်ဘုရား) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဘဝင်မြင့်နေစရာ မရှိ၊ တိုက်လေသာခန်းကနေပြီး အလကား မြင့်နေတာ ရှိသေးတယ်ဗျ....(မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကဲ....တခါ သွားပါဦးတဲ့....၊ ခန္ဓာကိုယ်ကြီးဟာ 'သဗ္ဗေဓမ္မာ အနတ္တာ....(မှန်ပါ)ဘယ်အခါမဆို ဦးဇော်ရင် ကြည့်၊ ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ အနတ္တ လဲနေတာဘဲ-(မှန်ပါ)မလဲဘူးလား....(လဲပါတယ်ဘုရား)။

အဲဒီ အနတ္တကို ငါလို့ မှတ်တဲ့ ဥစ္စာက သညာဝိပ္ပလ္လာသ ....(မှန်ပါဘုရား)။

ဒါဖြင့် အနတ္တကို အတ္တလို့ မှတ်တာက.... (သညာဝိပ္ပလ္လာသပါဘုရား) အနတ္တကို အတ္တလို့ သိတာက...(စိတ္တဝိပ္ပလ္လာသပါဘုရား) အနတ္တကို အတ္တလို့ ယူထားတာက....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဒါဖြင့် အနတ္တနောက်က အမှား ဘယ်နှစ်ချက်....(သုံးချက်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ကျုပ်တို့၏ ခန္ဓာကိုယ်ကြီးဟာ ဘယ်လို ဖျက်ကြည့်ကြည့် သုံးဆယ့်နှစ်ကောဋ္ဌာသထက်ပိုတဲ့ အသုဘ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီ အသုဘကိုပင်လျှင် ဟိုခန္ဓာကလေးတွေ ရင်ကြည့်လိုက် ကျောကြည့်လိုက် ပေါင်ကြည့်လိုက် လက်မောင်း တန်းကြည့်လိုက်လို့ရှိယင်ဖြင့် အင်း....ကြည့်ကောင်းပါသေးရဲ့....( မှန်ပါဘုရား )။

တကာ တကာမတွေက ကိုယ့်ဟာ ကိုယ် မှန်ကလေးများ ထောင်ကြည့်တဲ့အခါ တော်သေးတယ်၊ အရှယ်နဲ့ ဆိုလို့ရှိယင် တင်တာကအောင် များနေသေးတယ်....(မှန်ပါ)ပြောချင် ပြောနေတာ....(မှန်ပါ)မပြောဘူးလား....(ပြောပါတယ်) အဲဒါတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အသုဘကို သုဘလို့မှတ်တဲ့ ဘာတုံး(သညာဝိပ္ပလ္လာသပါ) အသုဘကို သုဘလို့ သိနေတဲ့ဥစ္စာက....(စိတ္တဝိပ္ပလ္လာသပါ)အသုဘကို သုဘလို့ တကယ်ယူနေတာက....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဒါဖြင့် အသုဘ နောက်က အမှား ဘယ်နှစ်ချက်.... (သုံးချက်ပါဘုရား)။

ကိုင်း....ပေါင်းလိုက်တော့ ဘယ်နှစ်ပါး ရှိသလဲ....(ဆယ့်နှစ်ပါးပါ) ဆယ့်နှစ်ပါးရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပေါင်းလိုက်တော့ ဘယ်နှစ်ပါးပါလိမ့်....(ဆယ့်နှစ်ပါးပါ) အဲဒီ ဆယ့်နှစ်ပါးဟာ တနေ့ ဘယ်နှစ်ခါ ဖြစ်သတုံးသာ မေးစမ်းပါ... (မှရေတွက်နိုင်ပါဘုရား)။

ဒါ ခန္ဓာကြီး ထွက်ပေါက်မပေးတဲ့ တရားဆယ့်နှစ်ပါး ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခန္ဓာကြီး ထွက်ပေါက် မပေးတာ ဘယ်နှစ်ပါးပါလိမ့် ....(ဆယ့်နှစ်ပါးပါဘုရား)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒါကို ဦးဇင်းရင် အလုပ်နဲ့မှ သေသေချာချာ ကျုပ်တို့ .... ဖြစ်ပျက်ကို မကြည့်လို့ ဖြစ်ပျက်မမှန်းလို့ ဖြစ်ပျက် မဆုံးတဲ့အခါ ဒါတွေပွင့်ပါ့မလား....(မပွင့်ပါ)ဘယ်နည်းနဲ့မှ မပွင့်ဘူး....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ အလုပ်-မလုပ်ဘဲနဲ့ နိဗ္ဗာန်ရတယ်ဆိုတာများ ခင်ဗျားတို့ ယုံကြပါရဲ့လား....( မယုံပါဘုရား )။

မယုံကို မယုံနဲ့၊ ဘယ်သူက ဘာပြောပြောမယုံနဲ့...( မှန်ပါ့ဘုရား )။

ဘယ့်နှယ် ဒါတွေက တကာတကာမတွေ သိတဲ့အတိုင်းတဲ့ လိုရင်းတရားတွေ ဒါတွေကိုမှ မပယ်ဘဲနဲ့ ပယ်ယင်တော့ အလုပ်လုပ်မှဘဲ ပယ်လို့ရတယ်.... (မှန်ပါ့) အသိနဲ့ ပယ်လို့မရဘူး၊ အပွားနဲ့လဲ ပယ်လို့မရသေးဘူး....တဲ့၊ နောက်ဆုံးပိတ် အပယ်နဲ့မှ ကိစ္စပြီးတယ်....(မှန်ပါ့)။

ဒါကြောင့်မို့ "ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ" လို့ ပရိညာသုံးပါး သေသေချာချာ ဟောပြန်တယ်.... (မှန်ပါ့) မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒါ တချို့ တရားဟောဆရာတွေက တတာကြွယ် သိ-ပြီး တာဘဲတဲ့....(မှန်ပါ့) ဒါဖြင့် ဉာတပရိညာနဲ့ နိဗ္ဗာန်ရောက်တယ် ပြောနေတာ.... (မှန်ပါ့) ပွားမှု ပါသေးရဲ့လား.... (မပါ-ပါ ဘုရား) ပယ်မှုကော....(မပါ-ပါဘုရား)။

အဲဒီမှာ တချို့က သောတာပန် တည်တယ်ဆိုပြီး သကာလ တကာတကာမတွေ နဂိုရ်က ပျင်းရတဲ့အထဲမှာ ပျင်းတဲ့ဆရာနဲ့ သွားတွေ့လို့ မြူပ်ပါရော့လား.... ( မှန်ပါ့ဘုရား ) တဘဝလုံး နစ်နာသွားတယ်.... (မှန်ပါ့) တသံသရာလုံး မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား)။

အဲဒါကြောင့် ဆရာမှားနဲ့တွေ့ရမှာလဲ အင်မတန် ကြောက်စရာကောင်းပါတယ်....(ကောင်းပါတယ်ဘုရား)။

အခု ဝိပဿနာတွေ ခေတ်ထပြီးသကာလ နေတော့ အင်မတန်မှ အရေးကြီးတဲ့အချက်တွေဟာ အများကြီးရှိပါတယ်တဲ့၊ ဒိဋ္ဌိမပယ်ဘဲနဲ့ ဘယ်တော့မှ သောတာပန် မဖြစ်ဘူး.... (မှန်ပါ့)

ခင်ဗျားတို့ မသေမခြင်းမှတ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

သညာဝိပ္ပလ္လာသမပယ်ဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ပါ့မလားခေ(မဖြစ်နိုင်ပါဘုရား) စိတ္တဝိပ္ပလ္လာသမပယ်ဘဲနဲ့ ရဟန္တာဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား)ဖြစ်ကို မဖြစ်နိုင်ဘူး သေသေချာချာ မှတ်ထားပါ.... ပေါ်ကြပလား ....(ပေါ်ပါပြီ)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ အနိစ္စနောက်က အမှားဘယ်နှစ်ချက်... (သုံးချက်ပါဘုရား) ရေပြစမ်း....(သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဒုက္ခနောက်က အမှားဘယ်နှစ်ချက်.... (သုံးချက်ပါဘုရား) ကဲ.... ရေစမ်းပါဦးဗျာ.... ( သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

အနတ္တနောက်က အမှားဘယ်နှစ်ချက်....(သုံးချက်ပါဘုရား) ကဲ... ရေစမ်းပါဦး.... (သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

အသုဘနောက်က အမှားဘယ်နှစ်ချက်တုံး.... ( သုံးချက်ပါဘုရား) ရေစမ်းပါဦး....(သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ကိုင်း... ဦးဇော်ရင် ဘယ်နှစ်ချက်ရသတုံး....(ဆယ့်နှစ်ချက်ရပါတယ်ဘုရား) တကာကြွယ် ဘယ်နှစ်ချက်ရသတုံး... (ဆယ့်နှစ်ချက်ရပါတယ်ဘုရား)။

ဆယ့်နှစ်ချက်ရတယ်ဆိုတော့ ဒီဥစ္စာ ပဌမမဂ်ရယင် ရှစ်ချက်ပယ်မယ်(မှန်ပါ)ဒုတိယမဂ် တတိယမဂ် ရလို့ရှိယင်ဖြင့်ကျန်လေး

ချက်ထဲကနှစ်ချက်ပယ်မယ်(မှန်ပါ့)စတုတ္ထမဂ်ရလို့ရှိယင်ကုန်လိမ့်မယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီမဂ်တွေကလဲ မပွားဘဲနဲ့ရမှာလား၊ ပွားမှ ရမှာလား....(ပွားမှ ရမှာပါဘုရား)။

ဒါဖြင့်.... တကာကြွယ်တို့ ဦးဇော်ရင်တို့ ရိပ်မိပြီ .. (မှန်ပါ့) ဒီအလုပ်မလုပ်ယင်....(မရပါဘုရား) မရဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခက်အောင်ဟောနေတာလား၊ အမှန်ပြောနေတာလား....(အမှန်ပြောနေတာပါဘုရား)။

ဒါ့ကြောင့် အလွယ်တရားကိုလဲ မယုံနဲ့တကာတကာမတို့နော် (မှန်ပါ့) လုပ်မှရမည့်တရားဟာ လုပ်ရမှာဘဲ....(မှန်ပါ့)။

လုပ်တာကတော့ဖြင့် ကိုယ့်ဉာဏ်စွမ်းကြည့်ပြီး ခုနစ်ရက်နဲ့ပြီးတာလဲရှိတယ်....(မှန်ပါ့) ညနေအားထုတ်လို့ မနက်ရတာလဲ ရှိတယ်....(မှန်ပါ့)။

ဒါကတော့ဖြင့် လုပ်တော့ လုပ်ရမှာဘဲ၊ ကိုယ့်ဉာဏ်စွမ်း၊ တံစွမ်း ဒီနေရာ မထည့်နဲ့.... (မှန်ပါ့) ကံမဆိုင်ဘူး ဒီနေရာ.... (မှန်ပါ့ဘုရား) နိဗ္ဗာန်သွားတဲ့နေရာ ကံက မပို့ဘူး.... ( မှန်ပါ့ဘုရား)။

နိဗ္ဗာန် ဘယ်သူက ပို့သလဲ.... (ဉာဏ်က ပို့ပါတယ်ဘုရား) မဂ္ဂင်ရှစ်ပါးထဲမှာ ကံပါရဲ့လား....လို့ သေသေချာချာ စဉ်းစားကြည့်စမ်း ခေါင်းဆောင်အဖြစ်နဲ့....(မပါ-ပါဘုရား)။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိဆိုတော့ တကာ

ကြွယ် ကံပါရဲ့လား.... (မပါ-ပါဘုရား) ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

အင်း....ကံကောင်းလွန်းလို့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မယူပါနဲ့....(မှန်ပါ) ဉာဏ်ကောင်းလွန်းလို့ နိဗ္ဗာန်ရောက်လိမ့်မယ်တော့....(ယူရပါမယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကံကောင်းလို့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့....(မယူရပါဘုရား) ဉာဏ်ကောင်းယင်ဖြင့်.... ( နိဗ္ဗာန်ရောက်မှာပါဘုရား ) နိဗ္ဗာန်ရောက်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတို့ ဒီဟာတွေ ပယ်တာ ကံက ပယ်တာလား၊ ဉာဏ်က ပယ်တာလား-(ဉာဏ်က ပယ်တာပါဘုရား)။

ဒါဖြင့် သူကို ပယ်လိုက်ယင် ပဌမနိဗ္ဗာန်, ဒုတိယနိဗ္ဗာန်, တတိယနိဗ္ဗာန် မရဘူးလား.... (ရပါတယ်ဘုရား) ဒါဖြင့် ကံက ပယ်တာလား၊ ဉာဏ်က ပယ်တာလား.... (ဉာဏ်က ပယ်တာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ကံလမ်းလား၊ ဉာဏ်လမ်းလား၊ အကဲခတ်ပါ...(ဉာဏ်လမ်းပါဘုရား) သေချာပလား....(သေချာပါပြီ ဘုရား)။

သေချာလို့ရှိယင်ဖြင့် ဉာဏ်ကို ပြပါတော့မယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ကြ.... (မှန်ပါ) ဦးဇော်ရင်ကြီး ဘာဟောမှာတုံး.... (ဉာဏ်ဟောမှာပါဘုရား) ဉာဏ်ဘဲ ဟောရမယ်.... (မှန်ပါ)။

" ပညာယ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ " သုတ္တနိပါတ်ပါဠိတော်.... (မှန်ပါ့) လောကသ္မိံ = လောက၌၊ ပညာဟိ ပညာဝေ=ပညာသည်သာလျှင်၊ နိဗ္ဗေဓဂါမိနီ= မထိုးဖောက်နိုင်တဲ့ ဝိပ္ပလ္လာသတွေကို သူသာ ထိုးဖောက်နိုင်တယ်...၊ ပညာကမှ ထိုးဖောက်နိုင်တယ်....(မှန်ပါ့)။

အမှားတွေကို ပညာကမှ ဘာလုပ်တတ်သတုံး....(ထိုးဖောက်နိုင်ပါတယ်ဘုရား) ထိုးဖောက်နိုင်တယ် ပြင်ဆင်နိုင်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

"သာစ ယသ္မာ ပဇာနာတိ...."တဲ့၊ သာစ= ထိုပညာသည်ပင်လျှင်၊ ယသ္မာ= အကြင့်ကြောင့်၊ ပဇာနာတိ= ဟုတ်တိုင်းမှန်စွာ အသုဘကို အသုဘလို့ သိ၊ အနိစ္စကို အနိစ္စလို့ သိ၊ ဒုက္ခကို ဒုက္ခလို့သိ၊ အနတ္တကို အနတ္တလို့ သိပြီပေါ့ဗျာ.... ( မှန်ပါ့ဘုရား)။

ဇာတိဘာဝပရိက္ခယာ=အဲဒီပညာတခုဘဲ ဇာတိဇရာမရဏတွေ ချုပ်အောင်, ငြိမ်းအောင်, သိမ်းအောင်, လုပ်နိုင်တာ သူသာရှိသကွ....လို့ ဘုရားက သေသေချာချာ ဟောထားတယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ကံပို့လို့ရောက်မှာလား၊ ဉာဏ်ပို့လို့ရောက်မှာလား.... (ဉာဏ်ပို့လို့ရောက်မှာပါဘုရား) သေချာချာမှတ်ပါ ဒီဥစ္စာနော်....(မှန်ပါ့)။

သေသေချာချာမှတ်ကြပါ....၊ တကာဘကာမတို့ ဉာဏ်နဲ့သွားရမှာ(မှန်ပါ့) ဉာဏ်နဲ့သွားရမှာ။

ဘုရားဖြစ်ချင်လို့ ရှိယင်တော့ဖြင့် တကာတကာမတို့ ဒါန ပါရမီဆိုတဲ့ ကံသုပ်ရလိမ့်မယ်....(မှန်ပါ့) သီလပါရမီဆိုတာတွေ မလုပ်ရဘူးလား....(လုပ်ရပါတယ်ဘုရား)။

ကျုပ်တို့ သာဝကသမားတွေကတော့ဖြင့် ဉာဏ်တလုံး ပါ ယင် ရောက်မယ်လို့ ဆုံးဖြတ်ချက်ချ— (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သာဝကတွေကဖြင့်.... (ဉာဏ်တလုံးပါယင် ရောက်ပါတယ် ဘုရား) ဉာဏ်တလုံးပါယင် ရမယ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ပြန်ပြီး တခေါက် ပြောပါဦးမယ် တကာ တကာမတို့....(မှန်ပါ့)။

မှားချက်က သိပ်ပြင်းထန်တယ်နော်....(မှန်ပါ့) ဒီက အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ....(မှန်ပါ့) ဒါ ခင်ဗျားတို့ခန္ဓာ .... (မှန်ပါ့ ဘုရား)။

ခန္ဓာထဲမှာ ဘာရှိသတုံး.... (အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘရှိ ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘယ်လိုမျှားမှောက်မှားနေတယ်ဆိုတာ ရှင်းကြည့်တဲ့အခါ အနိစ္စကို နိစ္စလို့မှတ်တယ်....(မှန်ပါ့)အနိစ္စကို နိစ္စလို့မှတ်တဲ့ သညာဝိပ္ပလ္လာသ....(မှန်ပါ့) အနိစ္စကို နိစ္စလို့သိတဲ့ စိတ္တဝိပ္ပလ္လာလ.... (မှန်ပါ့ဘုရား) အနိစ္စကို နိစ္စလို့ယူထားတဲ့ ဒိဋ္ဌိ ဝိပ္ပလ္လာသ....(မှန်ပါ့) ဘယ်နှစ်ချက်ရသလဲ—(သုံးချက်ရပါတယ် ဘုရား)။

ဒုက္ခကို သုခလို့ မှတ်ထားတာက ဘာတဲ့....(သညာဝိပလ္လာသပါ)ဒုက္ခကို သုခလို့ သိနေတာက....( စိတ္တဝိပလ္လာသပါ )ဒုက္ခကို သုခလို့ ယူထားတာက....(ဒိဋ္ဌိဝိပလ္လာသပါဘုရား)။

ကိုင်း....တကာတကာမတို့ အားလုံးဘယ်နှစ်ချက်ရသတုံး ....(သုံးချက်ရပါတယ်ဘုရား)။

အားလုံး တခုတခုမှာ....(သုံးချက် သုံးချက်စီရပါတယ်) သုံးလေးလီ(၃ × ၄ )ဘယ်လောက်ပါလိမ့်....(ဆဲ့နှစ်ချက်ပါဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ)တကာကြွယ်မှာ အမှားပေါင်း ဘယ်လောက်ရှိသတုံး .... (ဆဲ့နှစ်ချက်ရှိပါတယ်ဘုရား)။

ဆဲ့နှစ်ခုရှိတယ်၊ ထပ်တူတွေကို ထပ်လိုက်မယ် ဆိုယင်ဖြင့် မရေတွက်နိုင်ဘူး....(မှန်ပါ) ထပ်တူပေါင်းလိုက်လို့ ရှိယင်တော့ (ဆဲ့နှစ်ခုပါ) ထပ်တူပေါင်းပြီး ထပ်လိုက်လို့ရှိယင် ဆဲ့နှစ်ခုဘဲရှိတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ထပ်တူတွေကို ထပ်နိုင်သ၍ ထပ်ပြီးရေတွက်မယ် ဆိုတော့ ရေတွက်လို့ မဆုံးဘူး....( မဆုံးပါ )ဆုံးပါ့မလား .... (မဆုံးပါဘုရား)။

ဘဝများစွာ သံသရာက ဦးဇော်ရင် ဘယ်တော့ပြင်ခဲ့သတုံး မေးလိမ့်မယ်....(ဘယ်တော့မှမပြင်ခဲ့ပါ)နောက်က ႗ကာတကာမတွေ ဘယ်တော့ပြင်ခဲ့သတုံး....(ဘယ်တော့မှ မပြင်ခဲ့ပါဘုရား)။

ဒါဖြင့် မပြင်ခဲ့တော့ကို ဒီဘဝကျတော့ ဒီအမှတ်, ဒီအသိဒီအယူဟာ ကျန်နေသလား-မနေဘူးလား.... (ကျန်နေပါတယ်) ဒါဖြင့် ထပ်ဆင့်တယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နဂိုရ်က မှတ်ထားတဲ့အထဲ ဘာလုပ်ကြပြန်သတုံး....(ထပ်ဆင့်ပါတယ်ဘုရား)။

ထပ်ဆင့်တော့ကို ထုသေးလို့လား–ကြိုးပြီးသား ထပ်ဆင့်တာလား....(ကြိုးပြီးသား ထပ်ဆင့်တာပါဘုရား)။

နိမ့်လို့ဆင့်တာလား- မြင့်တဲ့အပေါ် မြင့်သထက်မြင့်အောင်ဆင့်တာလား....(မြင့်သထက်မြင့်အောင် ဆင့်တာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘုရားအဆူဆူမှာ ဒီတံတိုင်းကြီးတွေကာနေလို့ ဘုရားမဝင်နိုင်ဘူးဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ပေါ်ကြပလား....(ပေါ်ပါပြီ) အင်မတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီတရားကိုမှ ပယ်ခြင်း, ဖျောက်ခြင်း မလုပ်ကြတော့ပါဘူး ဆိုလို့ရှိယင် ခင်ဗျားတို့ ဘုရားမှာရှိခိုးကြပါ "အရှင်ဘုရား – တပည့်တော် ဤဆွမ်း,ဤကွမ်းကြောင့် ဝဋ္ဋဘဝတိုတို့နဲ့ နိဗ္ဗာန်မဂ်ဖိုလ် ရရပါလို၏"....(မှန်ပါ့) ဒါတော့ပယ်မယ် စိတ်မကူးဘူး....( မှန်ပါ့ ) ဆုသာတောင်းတယ်... (မှန်ပါ့ဘုရား)။

ဘယ်ကနေ တောင်းသတုံးလို့ မေးတဲ့အခါ ကျတော့ ဝိပ္ပလ္လာသထဲကနေပြီး ခန္ဓာငါးပါးကနေ တောင်းတယ် ....(မှန်ပါ့) ဝိပ္ပလ္လာသထဲကနေ တောင်းတယ်....(မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသစွန့် တောင်းယင်ရတယ် .... ( မှန်ပါ့ )မစွန့်ဘဲနဲ့ တောင်းယင်....(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့သွားတောင်းနေတဲ့ ပုဂ္ဂိုလ်များ စွန့်ပြီးတောင်းသလား- မစွန့်ဘဲနဲ့အလကားလိုချင်သလား (မစွန့်ဘဲနဲ့အလကားလိုချင်တာပါဘုရား)။

အလကားလိုချင်ယင် ဘယ်သူမှမပေးဘူး စိတ်သာချ .... (မှန်ပါ)ဘယ်သူမှ မပေးဘူး၊ ရ,ကိုမရနိုင်ဘူး....(မှန်ပါ)ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လုပ်ယူရမည့် အလုပ်ကို လုပ်ယူပါ...(မှန်ပါ) ဘောင်းယူရမည့် အလုပ်ကို....(တောင်းယူရပါမယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ စာအုပ်ထဲမှာလဲပါတယ်၊ နတ်ပြည် လူ့ပြည်ကို ပန်းတပွင့်နဲ့ တောင်းယူဟော့ ရတယ်.... (မှန်ပါ) နိဗ္ဗာန်ကျတော့ ဘာဝေတဗ္ဗကိစ္စနဲ့ ပွားယူရမယ်ဆိုတော့ လုပ်ယူရမယ်....(မှန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာစစ်ကိုတော့ ဘာလုပ်ယူရမယ် (ပွားယူရပါမယ်) လူ့ပြည် နတ်ပြည်ကျတော့.... (တောင်းယူရပါမယ်) ဗြဟ္မာပြည်ကျတောင် သမထအားထုတ် ယူမှရတယ် (မှန်ပါ)ဒါတောင်းလို့ မရသေးဘူး....(မှန်ပါဘုရား)။

လူ့ပြည် နတ်ပြည်ကတော့ဖြင့် ဆွမ်းနဲ့ ကွမ်းနဲ့ တောင်းယူယင်...(ရဖါတယ်) ဗြဟ္မာပြည်ကျယင် သမထ အားထုတ်ယူမှ ရတယ်....(မှန်ပါဘုရား)။

နိဗ္ဗာန်ကျလို့ရှိယင် ဝိပဿနာအလုပ်-မလုပ်ဘဲနဲ့....(မရပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အချောင်ကြိုက်သမားနဲ့ဖြင့် ဓိတရားပွဲလာကို မလာနဲ့၊ ရကိုမရဘူး၊ စိတ်သာချ....(မှန်ပါ) ရှင်းပလား ( ရှင်းပါပြီ ) သေသေချာချာ လုပ်ယူရလိမ့်မယ် ဆိုတာသာ အောက်မေ့....(မှန်ပါဘုရား)။

သို့သော် အားမလျှော့လိုက်ပါနဲ့.... (မှန်ပါ့) အားမလျှော့နဲ့ လုပ်ရမှာက တော်တော်များ လုပ်ရမှာလားဘုရား၊ ဒီအသိမလာနဲ့....(မှန်ပါ့)ခင်ဗျားတို့ ဉာဏ်စွမ်းကြည့်လို့ မနက်အားထုတ်ယင် ညနေရတဲ့နည်းလဲ ရှိတယ်....(မှန်ပါ့)ခုနစ်ရက် အားထုတ်လို့ရတဲ့ နည်းကော...(ရှိပါတယ်) ခုနစ်နှစ်အားထုတ်ရတဲ့နည်းကော... ( ရှိပါတယ် ) အဲဒါတော့ ကိုယ့်ဉာဏ်စွမ်းကိုမှီပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့်ဘုရားက "ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တဝဿာနိ"....( မှန်ပါ့ ) သတိပဋ္ဌာန် အားထုတ်လို့ရှိယင် ဖျင်းလွန်းယင် ခုနစ်နှစ်အားထုတ်ယင် ရတယ်ကွ. (မှန်ပါ့)တခါ နောက်ဆုံးပိုတ်ပြောလိုက်ပြန်တော့ ခုနစ်ရက်နဲ့လဲ ရတယ်ကွ.. (မှန်ပါ့ဘုရား)။

ဒါ ဘယ်သူပြောတာတုံး....( ဘုရားပြောတာပါ ဘုရား ) ဘုရားပြောတာဖြစ်နေတော့ ဘုရားသည် တချို့ခုနစ်နှစ်ပြောတယ်၊ တချို့ခုနစ်ရက်ပြောတယ်၊ ကိုယ်တော်ကြီးကလဲ လျှောရှည်လိုက်တာလို့ တကာကြွယ်က ဆိုချင်သလား .... (မဆိုပါဘုရား)။

ခင်ဗျားတို့ ကိလေသာထူ-ထူတဲ့ပုဂ္ဂိုလ်မှာ ခုနစ်နှစ်အားထုတ်ရမယ်....( မှန်ပါ့ ) ကိလေသာထူ အလတ်စားရှိတဲ့ ပုဂ္ဂိုလ်မှာ ခုနစ်လ အားထုတ်ရမယ်....( မှန်ပါ့ ) ကိလေသာပါးတဲ့ပုဂ္ဂိုလ်ခုနစ်ရက်နဲ့ရမယ်... (မှန်ပါ့) ကိလေသာပေါ်မှာ မှီတာပါ့ဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘုန်းကြီးဆီမှာ တရားအားထုတ်ရတာ ကြာပြီဘုရား၊ တပည့်တော်တို့ ခုထက်တိုင်တိုင်ဘဲ ဖြစ်ပျက်က မတက်သေးဘူးတဲ့....(မှန်ပါ့ဘုရား)။

မရှက်လို့ ပြောတာ....(မှန်ပါ့) ကိလေသာထု ထူနေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာဖြစ်လို့ ပြောတာတုံး....( ကိလေသာထု ထူနေလို့ပါဘုရား ) မရှက်လို့ ပြောတာ....(မှန်ပါ့ဘုရား)။

တပည့်တော် ဒီနေတာ သုံးနှစ်ရှိပြီဘုရား၊ ခုထက်ထိ ဖြစ်ပျက်က မတက်သေးဘူး၊ မှန်းတောင် မမှန်းသေးဘူး၊ ဆုံးဘို့ရာ အသာထားပါဦး....(မှန်ပါ့ဘုရား)။

မြုံပြီးနေပါ.... (မှန်ပါ့) မမြုံယင် ဘာဖြစ်မယ်ထင်သတုံး (ရှက်စရာကြီးပါ)ကိုယ့်အထုပ်ဖြေပြသလိုဖြစ်နေမယ်.... (မှန်ပါ့) မဖြစ်ပေဘူးလား... (ဖြစ်ပါတယ်ဘုရား)။

ကိုယ့်အထုပ်က သေးသေးလား...၊ ကိလေသာအထုကြီးက ကြီးကြီးလား .. (ကြီးကြီးပါဘုရား )။

အဲ .... ကြီးတဲ့ဥစ္စာဖြေပြရတယ်၊ ဖြေပြရလေလေ အရုပ်ဆိုးလေလေနေမှာဘဲ....(မှန်ပါ့) မဆိုးပေဘူးလား .... (ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့- ဘုရားသခင်ကိုယ်တော် မြတ်ကြီးက မရဘူးဟောသလား၊ ရမယ်ဟောသလား- (ရမယ်ဟောပါတယ်ဘုရား)။

ရမယ် ဟောပါလျက်သားနဲ့ ကိုယ်ကနူန့်နှေးလို့ ရှိယင် ကိလေသာထု- ထူလို့မှတ်....( မှန်ပါ့ )ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ လုပ်နည်းပြမယ်နော်.... (မှန်ပါ့) လုပ်နည်းပြမယ်ဆိုတော့ သညာဝိပ္ပလ္လာသ၊ ဒီဘက်က စိတ္တဝိပ္ပလ္လာသက လေးခု၊ ဒိဋ္ဌိဝိပ္ပလ္လာသ ဘယ်နှစ်ခုလဲ....(လေးခု ပါဘုရား)လေးခုမရှိဘူးလား....(ရှိပါတယ်ဘုရား)။

သညာဝိပ္ပလ္လာသက.... (လေးခုပါဘုရား) စိတ္တဝိပ္ပလ္လာသက (လေးခုပါ) ဒိဋ္ဌိဝိပ္ပလ္လာသက....(လေးခုပါဘုရား)။

အဲဒီတော့ အရှင်ဘုရား....အလုပ်ပေးပါတော့ဘုရာ့၊ တပည့်တော်တို့ ဒီတံတိုင်းလဲ ကျော်ချင်ပါပြီ၊ ဒီဒုက္ခကြီးလဲ သိမ်းချင်ပါပြီဆိုလို့ရှိယင်ဖြင့် ဒီလေးခု ဘုန်းကြီး ပယ်အောင် မဟောနိုင်ဘူး....(မှန်ပါ့) သညာဝိပ္ပလ္လာသ လေးခုလဲ မဟောနိုင်သေးဘူး (မှန်ပါ့)သဘောကျပလား....( ကျပါပြီ ) စိတ္တဝိပ္ပလ္လာသလေးခုကော- မဟောနိုင်သေးဘူး၊ ဒိဋ္ဌိကိုအယင်ဖြုတ်ရမယ်....(မှန်ပါ့) ဒါမှ သောတာပန်တည်မှာကိုး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာဖြုတ်ရမလဲ ( ဒိဋ္ဌိကို အယင်ဖြုတ်ရပါမယ် ) ဒါဖြင့် ဒိဋ္ဌိဖြုတ်ခဏ်း ဝိပဿနာဉာဏ်ကို ဟောရမှာပေါ့ .... (မှန်ပါ့ ဘုရား)။

တရားရမ်းဟောလို့ရှိယင် ဦးဇ°ရင် လွဲ-မလွဲ....(လွဲပါတယ်) မလွဲပေဘူးလား....(လွဲပါတယ်ဘုရား)။

သညာဝိပ္ပလ္လာသ အယင်ဟောလို့ရှိယင် ဖြစ်ပါ့မလား .... (မဖြစ်ပါ)သညာက ကျန်နေသေးတာဗျ....(မှန်ပါ့) အနာဂါမ်တောင်မှ အရှင်ဘုရား ဆွမ်းဘုဉ်းပေးလို့ ကောင်းရဲ့လားဆိုတော့ ကောင်းပါတယ် တကာကြီးလို့ ပြောသေးတယ်ဆိုယင်

သုခသညာကျန်နေတယ်....(မှန်ပါ့) မကျန်ဘူးလား.... (ကျန်ပါတယ်ဘုရား )။

အဲဒီတော့ ဒါတွေဟောနေလို့ ရှိယင် တရားဟောစဉ်မလွဲပေဘူးလား....(လွဲပါတယ်ဘုရား)။

ဒါဖြင့် ဘာအယင်ဖြုတ်ရမယ်....(ဒိဋ္ဌိအယင် ဖြုတ်ရပါမယ်) ဒိဋ္ဌိဝိပ္ပလ္လာသ အယင် ဖြုတ်ရမယ်....( မှန်ပါ့ ) သဘောပါကြပလား....(ပါ-ပါတယ်ဘုရား)။

ဘာဖြုတ်ရမယ်....(ဒိဋ္ဌိဝိပ္ပလ္လာသ အယင်ဖြုတ်ရပါမယ်) ဒိဋ္ဌိဖြုတ်ရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒိဋ္ဌိဖြုတ်မယ်ကြံတော့ကို စကားက တကာတကာမတို့မလွယ်ဘူး....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ပြန်ပြရမယ်.... (မှန်ပါ့ဘုရား)။

ဘာပြရမယ်....(ပဋိစ္စသမုပ္ပါဒ် ပြန်ပြရပါမယ်) ဒိဋ္ဌိဖြုတ်ချင်ယင် ဘာနားလည်ရမယ် .... (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ်ဘုရား)။

တကာတကာမတို့ တရားနှလုံးသွင်း၊ ၅-မိနစ်ဘဲကျန်တော့တယ်....(မှန်ပါ့) ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးရှိတဲ့အနက်က ရှေးဦးစွာ ဝိပဿနာဉာဏ်နဲ့ ဖြုတ်ရမှာ ဘယ်ဟာဖြုတ်ရမှာတုံး .... (ဒိဋ္ဌိအယင်ဖြုတ်ရမှာပါ) ဒိဋ္ဌိဖြုတ်ရမယ်၊ သဘောကျပလား .... (ကျပါပြီဘုရား)။

စိတ္တဝိပ္ပလ္လာသ ဖြုတ်လို့ရပါ့မလား .. ( မရပါ ) သညာဝိပ္ပလ္လာသ အကုန်ဖြုတ်လို့ရပါ့မလား....(မရပါ)ဒါဖြင့် တရားဟောစဉ်မှာ ဆရာသမားမလိုဘူးလား....( လိုပါတယ်ဘုရား )။

ဦးဇော်ရင်လိုပြီ....(လိုပါတယ်) လိုပြီ၊ ရမ်းဟောနေလို့ရှိယင်

လိုပြီ....(မှန်ပါ) တကာကြွယ် မလိုဘူးလား .... (လိုပါတယ် ဘုရား)။

တကာတကာမတွေမှာ လှေခါးထစ်ကို ၁-နံပါတ်ကတက်မှ ၂-နံပါတ်ရောက်မယ် .... ( မှန်ပါ ) ၂-နံပါတ်ကမှ ၃-နံပါတ် ရောက်မယ်....(မှန်ပါ) ၃-နံပါတ်ကမှ ၄-နံပါတ် တက်ရမယ်.... (မှန်ပါဘုရား)။

၁-နံပါတ်မတက်ဘဲနဲ့ ၂-နံပါတ်အတက်ခိုင်း ၃-နံပါတ် အတက်ခိုင်း ဆိုလို့ရှိယင် ချော်ကျယင်လဲ ကျရမယ်.... (မှန်ပါ) အမောယင်လဲ ဆိုက်ရမယ်၊ မတက်ဖြစ်ယင်လဲ မတက်ဖြစ်ဘူး ဆိုတာ သေချာပါတယ်....(သေချာပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဝိပဿနာ ဆဲ့နှစ်ပါးရှိတဲ့အနက်က ဘယ်ဟာကို အယင်ဖြုတ်ရမလဲ .... (ဒိဋ္ဌိအယင် ဖြုတ်ရပါမယ် ဘုရား)။

သေသေချာချာမှတ်ပါ....(မှန်ပါ) သေသေချာချာမှတ်ပါ၊ ဝိပဿနာ ဆဲ့နှစ်ပါးရှိသည့် အနက်က ပဌမနိဗ္ဗာန်လိုချင်ယင် ဘာ ဖြုတ်ရမလဲ....(ဒိဋ္ဌိအယင် ဖြုတ်ရပါမယ်ဘုရား)။

တကာသစ် သေသေချာချာမှတ်နော်....(မှန်ပါ)တကာကြွယ် သေသေချာချာ မမှတ်ယင် တော်ပါ့မလား .... (မတော်ပါ ဘုရား)။

တရားကို "ဗုဒ္ဓါတီတိဗုဒ္ဓေါ"တွေ ဟောပြီးသကာလ နေပြေား သော်လဲ ဦးဇော်ရင် ဒါတွေမပါယင် ဘယ့်နှယ်တုံး- မရဘူးဗျာ့.... (မှန်ပါ) ဒါပယ်နည်းကိုဘဲ ခန္ဓာကိုယ်ပေါ်မှာ ပြရဦးမယ်.... (မှန်ပါ)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးရှိသည့်အနက်က ဘယ်ဟာ ပယ်မှ ပဌမနိဗ္ဗာန်ရမတုံး....(ဒိဋ္ဌိပယ်မှ ရပါမယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိပယ်နည်း နိဿယည်းကို တရားဟောတဲ့ပုဂ္ဂိုလ်က ရှေးဦးစွာဟောရမယ်....(မှန်ပါ့) ဒီ့ပြင်ဟာဟောယင်....(မရပါဘုရား)လွဲကုန်ပြီလို့သာ အောက်မေ့ပေတော့ ရှေ့နောက်လွဲကုန်ပြီ....(မှန်ပါ့)သဘောပါကြပလား .. (ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မနာတတ်ပေမဲ့ ဆရာဘုန်းကြီးက တော့ ပြင်ပေးရမယ်.... ( မှန်ပါ့ ) ခင်ဗျားတို့ကတော့ တရား ဆိုယင် ကုသိုလ်ဖြစ်တာဘဲ....(မှန်ပါ့ဘုရား)။

ဟာ....ကုသိုလ်ဖြစ်ချင်လို့ရှိယင် ခင်ဗျားတို့ စာအုပ်ဖတ်နေလဲ ကုသိုလ်ဖြစ်တာဘဲ...(မှန်ပါ့) ကုသိုလ်ဖြစ်တာနဲ့ မဂ်ရတာနဲ့ တခြားစီ....(မှန်ပါ့ဘုရား)။

ကုသိုလ်ဖြစ်တာနဲ့....(မဂ်ရတာနဲ့ တခြားစီပါ)ကုသိုလ် ဖြစ်ချင်ယင် လမ်းတံမြက်စည်းလှဲ, ရေအိုးစင်တည်, ကုသိုလ်ဖြစ်ပါတယ်....(မှန်ပါ့) မဂ်ရဘို့ကျတော့....(မရပါ) ပယ်စဉ်နားလည်မှ ရမယ်....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

မဂ်ရဘို့ကျတော့....( ပယ်စဉ်နားလည်မှရပါမယ် ) ဒါဖြင့် ကုသိုလ်ဖြစ်တာက တခြား၊မဂ်ရတာက တခြား .... (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့.... လာဘ်ရတာက တခြားကွ၊ နိဗ္ဗာန်ရတာက တခြားကွလို့ ဓမ္မပဒမှာ သေသေချာချာဟောတယ်....(မှန်ပါ့ဘုရား)။

အညာ ဟိ လာဘူပနိသာ၊
အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊
ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊
ဝိဝေက မနုဗြူဟယေ။

လာဘူပနိသာ= လာဘ်ရတဲ့အလုပ်က၊ အညာ=တပါးကွတဲ့ (မှန်ပါ့)ဒါနပြုပြီး နောက်ဘဝကြီးပွားချင်တာ အဲဒါက တခြားကွတဲ့....(မှန်ပါ့ဘုရား)။

အညာနိဗ္ဗာနဂါမိနီ = နိဗ္ဗာန်ရောက်ကြောင်း အလုပ်က တခြားကွတဲ့....(မှန်ပါ့) မဟောဘူးလားတဲ့ .... (ဟောပါတယ် ဘုရား)။

ဧဝ မေတံ အဘိညာယ- ဒီနှစ်ခု ခွဲသိမှ....(မှန်ပါ့)ခွဲမသိယင် တော်ပါ့မလား.... ( မတော်ပါဘုရား ) ဒါဖြင့် နိဗ္ဗာန်ရောက် ကြောင်းက တခြား၊ လာဘ်ရကြောင်းက....(တခြားပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ လာဘ်ရချင်သလား၊ နိဗ္ဗာန် ရချင်သလား.... (နိဗ္ဗာန်ရချင်ပါတယ်ဘုရား)။

အင်း....မုသားတော့ မပါစေနဲ့နော်...၊ ဗေဒင်မေးတော့ ဘယ်တော့များ လာဘ်ကလေးရှင်ပါ့မတုံး.... မေးနေကြတာ- ခင်ဗျားတို့က ခက်လိုက်ကြတာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းနဲ့ လာဘ်ရကြောင်းဟာ အတူတူလား၊ တခြားစီလား....(တခြားစီပါဘုရား) ဒါဖြင့်.... တကာတကာမတို့ နိဗ္ဗာန်ရောက်ကြောင်းဘဲ ကြိုးစား....(မှန်ပါ့ ဘုရား)။

အာရောဂျပရမာ လာဘာ = လာဘ်ထဲမှာ အနာကင်းခြင်း ဟာ လာဘ်အကြီးဆုံး....(မှန်ပါ့)နိဗ္ဗာနံ ပရမံ သုခံ=အဲဒီ လာဘ် တွေထက်လဲ နိဗ္ဗာန်ဟာ အကြီးဆုံးချမ်းသာဘဲ ဆိုတော့ မပေါ် လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ လာဘ်ရတာက ဘာတဲ့ တခြား= (မှန်ပါ့) နိဗ္ဗာန်ရမှာက....(တခြားပါဘုရား)။

လာဘ်ရချင်လို့ရှိယင် လာဘ်ရတဲ့အလုပ်လုပ်ပါ....(မှန်ပါ့ ဘုရား) နိဗ္ဗာန်လိုချင်ယင် နိဗ္ဗာန်ရတဲ့အလုပ်ကို....(လုပ်ရပါမယ် ဘုရား) တခြားစီဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ပဌမ နိဗ္ဗာန်လိုချင်ယင် ဘာပယ်ရမယ်-- (ဒိဋ္ဌိပယ်ရပါမယ်ဘုရား)။

ဒိဋ္ဌိပယ်ရတော့မယ်ဆိုတော့ ဒီခန္ဓာ ပြရလိမ့်မယ်....(မှန်ပါ့) ဒီခန္ဓာပြရမယ်....၊ အနိစ္စဖြစ်တဲ့ ခန္ဓာကိုယ်ကို အနိစ္စဖြစ်အောင် ဘုန်းကြီးဟောရလိမ့်မယ် (မှန်ပါ့) ဒုက္ခဖြစ်တဲ့ ခန္ဓာကိုယ်ကို.... ( ဒုက္ခထင်အောင် ဟောရပါမယ်ဘုရား ) အနတ္တဖြစ်တဲ့ ခန္ဓာ ကိုယ်ကို.... (အနတ္တထင်အောင် ဟောရပါမယ်ဘုရား) အသုဘ ဖြစ်တဲ့ ခန္ဓာကိုယ်ကို.... ( အသုဘထင်အောင် ဟောရပါမယ်

အဲဒါ ပေါ်အောင်ဟောလိုက်တော့မှ ဒါတွေ အားကိုးလုံး မရှိတော့မှ ဒီ ဒိဋ္ဌိပြုတ်မယ်....(မှန်လှပါ) သဘောကျပလား.... (ကျပါပြီဘုရား) ဒီ ဒိဋ္ဌိပြုတ်မှ ပဋ္ဌမနိဗ္ဗာန်ရမယ်ဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိဖြုတ်နည်း နိဿယည်း ဒီနေ့ နာရိစေပြီ၊ နက်ဖြန်မှ ဖြုတ်မယ်၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော
( မဂ်မှတပါး ကယ်မည့်-ယူမည့်သူမရှိ )

# နေ့အလုပ်ပေး-တရားတော်

( ၄-၈-၆၁ )

လူတွေက တော်တော်ကြပ်တယ်နော်.... (မှန်ပါ့) ကျောင်းကြီးပေါ်လဲပြည့်၊ ဒီကတိုက်လဲ ပြည့်နေပြီ၊ ဘေးလဲ နေစရာမရှိဘူး....(မှန်ပါ့ဘုရား) သည်းခံပြီးသကာလ တကာတကာမတွေကိုယ့်အရေးရယ်လို့ မှတ်ပြီးသကာလ နာကြပေတော့....နော်....(မှန်ပါ့ဘုရား)။

အိုက်တယ်,ပူတယ်,လူငွေ့တွေက ပူတယ်ဆိုတာလဲ သည်းခံကြပေတော့....(မှန်လှပါ) ငရဲနဲ့စာပြီးသကာလ ဒီဥစ္စာ မဖြစ်လောက်ဘူးဆိုတာ မှတ်ကြပေတော့....(မှန်လှပါ) ငရဲလွတ်ရေးသာ အရေးကြီးတာပါ၊ ဒီ အိုက်ရေး,ပူရေးကတော့ ဒါလောက်အရေးမကြီးပါဘူး....(မှန်လှပါ)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ အခု တရားနာလာကြတယ်ဆိုတဲ့ဥစ္စာ ဘာကိစ္စတုံး....လို့ မေးဘို့မလိုပါဘူး၊ ကိုယ့်ကိုယ် ကယ်တင်ဘို့ လာကြတာဘဲလို့ မှတ်ကြပါ-နော်....(မှန်လှပါဘုရား)။

ဘာကိစ္စ လာကြတာပါလိမ့်.... ( ကိုယ့်ကိုယ် ကယ်တင်ဘို့ လာကြတာပါဘုရား)။

တပည့်တော်တို့က ဘယ်အခြေအနေထဲ ဘယ်လိုများ ဖြစ်နေလို့ ကိုယ့်ကိုယ် ကယ်တင်တာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ ယခုအချိန်မှာလဲ ခန္ဓာကိုယ်ကြီးက အိုက်တယ်, ပူတယ်, ကျင်ကြီး, ကျင်ငယ် ကိစ္စတွေနဲ့ ဒုက္ခပေးနေတာဘဲ....(မှန်လှပါဘုရား)။

တရားပွဲပြီးတယ် ဆိုလို့ရှိယင်လဲ အခု ဘာပေးမယ်ထင်ကြသတုံး....(ဒုက္ခဘဲ ပေးမှာပါဘုရား)။

အိမ်ပြန်ရောက်တဲ့ အခါကျလို့ရှိယင်လဲ ဘာများ လုပ်ကိုင်ရမတုံးဆို ဒီခန္ဓာကြီးက ဒုက္ခသစ္စာဘဲ.... ( မှန်ပါ့ ) ဒီအတိုင်း အသက်တိုင်းနေလို့ စုတေပြန်တော့လဲ စုတိစိတ်ကလေးကလဲ ဒုက္ခသစ္စာ.... (မှန်ပါ့) နောင် ပဋိသန္ဓေနေရတာကော ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဪ....ဒါဖြင့်တကာတကာမတို့အခုနေရတာလဲ ဒုက္ခသစ္စာ-သေရတာလဲဒုက္ခသစ္စာ....(မှန်ပါ့)နောက်တဖန် နေရတော့ကော (ဒုက္ခသစ္စာပါဘဲဘုရား)။

ဪ....ဒါကြောင့် တပည့်တော်တို့ဟာ ဒုက္ခသစ္စာ အဆက်မပြတ် အလုံးစုံစပ်ပြီးသကာလ နေတဲ့အတွက် တပည့်တော်တို့ ဒုက္ခဖြင့် အရှင်ဘုရား.... ကယ်တင်ရာ ကယ်တင်ကြောင်းဖြစ်တဲ့ နည်းကောင်းပြတော်မူပါဆိုပြီးသကာလ လာကြရတယ်-(မှန်ပါ့ဘုရား)။

အဲဒါကြောင့်ပဋ္ဌိသန္ဓေနေဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ စာယင် ယခုနေရတဲ့ အိုက်၊ ပူလိုက်တဲ့ဘေးဟာ မဖြစ်လောက် ပါဘူး... (မှန်လှပါ)။

ဒါကြောင့်.... တကာတကာမတွေ ကြပ်တည်းတယ်၊ ကျဉ်း မြောင်းတယ်ဆိုတာ နေရာက ကြပ်တည်းကျဉ်းမြောင်းလို့ မဟုတ် ဘူး....(မှန်လှပါဘုရား) ကိုယ့်ကိုယ် ကိုယ်ကယ်တင်ချင်တဲ့လူက များလွန်းလို့ ကြပ်တည်းကျဉ်းမြောင်းတာ.... (မှန်လှပါ)။

ဒါကြောင့် တကာတကာမတွေ ဒီအရေးဟာ ဘာမှ မဖြစ် လောက်ဘူး....၊ ဒို့ငရဲမီးကလေး တခုတည်းထဲမှာ ဒီအကြောင်း မညီညွတ်လို့ ကျသွားမယ်ဆိုလို့ ရှိယင် ပိုးစိမ်းဖြူလောက် ငရဲ မီးသည် လှည်းဆယ်စီးတိုက်လောက် ထင်းအစိုတွေကို ကျသည်နဲ့ တပြိုင်နက်တည်းပြာဖြစ်နိုင်တယ်ဆိုတာကိုထောက်လိုက်လို့ ရှိယင် ဒီဒုက္ခဟာ ဖြစ်လောက်သေးသလား- (မဖြစ်လောက်ပါဘုရား)။

ဒါကြောင့်.... အားလုံး တကာတကာမတွေ ဒီဒုက္ခကိုဖြင့် သည်းခံကြပါဆိုတာ ဆရာဘုန်းကြီးက မေတ္တာရပ်တယ်-နော်.... (မှန်လှပါဘုရား)။

နေရာတွေက ကျဉ်းလို့လား- ကျယ်လို့လား- ဘယ်လောက် ကျယ်ကျယ် ပရိသတ်များလို့ရှိယင် တကာကြွယ် ကြပ်ရတာဘဲ (မှန်ပါဘုရား)။

ဒါကြောင့် သည်းခံကြပါ.. ၊ ကိုယ့်အရေးသာ ကိုယ်အမိက ထားပြီးသကာလ ဒီတွေ့ရတဲ့ ဒုက္ခကြီးဟာလဲ ပူတယ်၊ အိုက်တယ် လူတွေကများလို့ ကြပ်တယ်ဆိုတဲ့ ဒုက္ခ ကျင်ကြီး၊ ကျင်ငယ် သွားလာဘို့ မလွယ်ကူတဲ့ ဒုက္ခဟာ ခဏ္ဍာက လာတယ်....(မှန်ပါ ဘုရား)။

ဘယ်က လာတာပါလိမ့်.... ( ခန္ဓာက လာပါတယ်ဘုရား ) ပြောဦး...ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ ဖြစ်စဉ်ပါလား....(မှန်ပါ့) ဘယ်သူ့ ဖြစ်စဉ်ပါလိမ့်....(ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ ဖြစ်စဉ်ပါဘုရား)။

ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ဖြစ်စဉ်ဆိုတော့ ဒီခန္ဓာကြီး ဘယ်ထားထား ဒီလိုနေမှာဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် ဆရာဘုန်းကြီးက ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်, တဏှာသိမ်းပြီး ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကို တကာတကာမ တွေအား ကယ်ယူ ပို့ဆောင်ပြီးသကာလ နိဗ္ဗာန်သောင်ကမ်း လွတ်လပ်ဘဲ့နေရာဌာန, ချမ်းတဲ့ နေရာဌာန သန္တိသုခဖြစ်တဲ့ နိဗ္ဗာန်ကြီးကိုဖြင့် တကာတကာမတွေ ဒီဒုက္ခမြင်သဖြင့်လဲ အရ ယူရတော့မှာဘဲဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါ) သဘောကျကြပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီနေ့ပြဘို့ အရေး ဟာက ဒိဋ္ဌိခွါဘို့ အရေးပါဘဲ.... (မှန်လှပါဘုရား) သို့ရာတွင် ပြစရာနေရာနဲ့ ဒီ ပရိသတ်တွေက မြင်ရတဲ့ပုဂ္ဂိုလ်က ၃-ပုံ ၁-ပုံ၊ မမြင်ရတာက ၃-ပုံ ၂-ပုံလောက် ဖြစ်နေတယ်.... (မှန်လှပါ) အဲဒါကြောင့် ပြမည့်အရေးကို နက်ဖြန်ကျမှ ပြမယ်၊ ဒီနေ့တော့ ဖြင့် မဂ်က တကာတကာမတွေကို ကယ်တင်ပုံ- မဂ်မှ တပါး ကိုးစားရာမရှိပုံကို တကာကြွယ် သေသေချာချာ မှတ်ရမယ်... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တရားဘဲ ဂရုစိုက်ကြပါ၊ သုဗြဟ္မနတ်သား ဆိုတာ လူ့ပြည်က ကောင်းမှု ကုသိုလ်တွေ လုပ်ပြီး သကာလ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ ဦးလှဘူးတို့ တကာကြွယ်တို့ နတ်ပြည် တက်သွားတယ်နော်....(မှန်ပါ့)။

သုပြဟ္မနတ်သားတဲ့ တကာတကာမတို့၊ လူ့ပြည်က ကောင်းမှုကုသိုလ်တွေကြောင့် နတ်ပြည်ရောက်ရတယ်၊ နတ်ပြည် ရောက်တဲ့အခါကျတော့ တကာတကာမတွေ မှတ်လိုက်တာပေါ့ သူ့မှာ ကြင်ယာတော်ပေါင်း တထောင်ရှိတယ်....(မှန်ပါ့)။

ကြင်ယာပေါင်း တထောင်ရှိတယ်ဆိုတော့ တကာသစ်ရေ.... အင်မတန် ပျော်ရွှာမှာပေါ့.. (မှန်ပါ့)။

အဲဒီလိုပျော်တော့ တနေ့သဉ်ကျတော့ ဥယျာဉ်ထွက်ပါတယ်၊ ဥယျာဉ်ထွက်တဲ့အခါကျတော့ ပင်လယ် ကသစ်ပင်ကြီးရှိတယ်၊ အဲဒီ ပင်လယ် ကသစ်ပင်ကြီးကလဲ ပွင့်လိုက်တာ ဝေဝေဆာလို့ (မှန်ပါ့)အဲဒီက သစ်ပင်ပေါ်မှာ နတ်သမီးငါးရာတွေက ပန်းပွင့်တွေ ဆွတ်ခူးပြီးသကာလ အောက်သို့ ချရပါတယ်....( မှန်ပါ့ ) အောက်က နတ်သမီးငါးရာက အပ်ချည်တွေနဲ့ အပ်နဲ့ သီကုံးပြီးသကာလ နတ်သားထိုင်နေတဲ့ အခါ လည်ပင်း သွားသွား-ပြီးသကာလ အမွှေးအကြိုင်နဲ့ လုပမှုတွေ ပြင်ဆင်ပြီးသကာလ ပေးကြရတယ်....(မှန်ပါ့)။

တကာသစ် စည်းစိမ်ရှင်ဆိုယင် မလွဲပါဘူး.... (မှန်ပါ့)။

အဲဒီ့ စည်းစိမ်ရှင်ကြီးသည်ကားလို့ဆိုယင် ဒိဋ္ဌိက မပြုတ်ဘဲနဲ့ တကာကြွယ် နတ်ပြည်တက်သွားတယ်....(မှန်ပါ့)ဒိဋ္ဌိ မပြုတ်ဘဲနဲ့ နတ်ဖြစ်ရတယ်.... (မှန်ပါ့)။

ဒိဋ္ဌိမပြုတ်ဘဲနဲ့ နတ်ဖြစ်ပြီးသကာလ နေရတော့ နတ်သားကလဲ ဒိဋ္ဌိမပြုတ်တဲ့ နတ်သားဆိုတော့ တကာသစ် သောတာပန်လို့ ဆိုနိုင်ပါ့မလား....(မဆိုနိုင်ပါဘုရား)။

နတ်သမီး တထောင်ကလဲ ထို့အတူဘဲ ဒိဋ္ဌိက မပြုတ်ဘဲနဲ့ ကုသိုလ်လုပ်လို့တော့ ရပါရဲ့၊ ကုသိုလ်လုပ်လို့ နတ်ပြည်ရောက်

တာတော့ တကာကြွယ်တို့ ဦးလှဘူးတို့ ငြင်းဘို့လိုသေးသလား- (မလိုပါဘုရား)။

မလိုပါဘူးတဲ့၊ မလိုပင် မလိုငြားသော်လဲ သူ့ ကုသိုလ်က စိတ်ချရတဲ့ ကုသိုလ်လား… အထိမခံ ရွှေပုဂံကုသိုလ်လား ဆိုတာ စဉ်းစားဘို့ ကြုံလာတယ်.. ( မှန်ပါ့ )ဘယ်လို ကုသိုလ်ပါလိမ့်…. (စိတ်မချရတဲ့ ကုသိုလ်ပါဘုရား)။

ဒါဖြင့် ကုသိုလ်ကို လုပ်ငြားသော်လဲ ဘုန်းကြီးတို့ တကာ တကာမတွေ ဒိဋ္ဌိပြုတ်တဲ့ ကုသိုလ်မှသာလျှင် တကာသစ်တို့ …. တကာကြွယ်တို့….ဦးလှဘူးတို့ စိတ်ချရမယ်….(မှန်ပါ့) နို့မဟုတ် စိတ်ချရပါ့မလား….(မချရပါဘုရား)။

အေး….ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ရှေ့နောက်ဖြင့် မလွဲပါစေနဲ့ ဆိုတာ ဒီတရားပွဲက မှာပါတယ်…. (မှန်ပါ့)။

ဒိဋ္ဌိအယင်ပြုတ်ပြီးမှ ကုသိုလ်လုပ်လို့ရှိယင် သိပ်ကောင်းပါ တယ်… (မှန်ပါ့)တက်သွား ပြန်မကျဘူးပေါ့….(မှန်ပါ့)သဘော ပါကြပလား….(ပါပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိပြုတ်မှုနဲ့ ကုသိုလ်လုပ်မှု ဘယ်ဟာရှေ့ထားရမယ် (ဒိဋ္ဌိပြုတ်မှု ရှေ့ထားရပါမယ်ဘုရား)။

ဒိဋ္ဌိပြုတ်ပြီးမှ ကုသိုလ်လုပ်လိုက်ရလို့ရှိယင် တကာကြွယ်တက် သွားယင် ပြန်ကျနိုင်သေးရဲ့လား… (မကျနိုင်ပါ ဘုရား)။

အခု တကာကြွယ်တို့ လုပ်နေကြတာတွေက ပြောင်းပြန်ကြီး ပါ….(မှန်ပါ့)ဦးလှဘူးတို့ ဘယ့်နှယ်ထင်ကြသလဲ….(ပြောင်းပြန် ကြီးပါ)ပြောင်းပြန်ကြီး ဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား…. (ပေါ်ပါပြီဘုရား)

သို့သော်....မသိသေးလို့ မပြင်ရသေးတာကို ဘုန်းကြီးများက အပြစ်မဆိုပါဘူး....(မှန်ပါ့) သိတဲ့ အချိန်က စပြီးသကာလ ပြင်ဘို့ အလုပ်-လုပ်ရတော့မယ် ဆိုတာဖြင့် သတိထားဘို့ အရေးကြုံလာပြီဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ရမယ်....(မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါနဲ့ နတ်သားက တကာတကာမတို့ ဖျတ်ကနဲဆို ခုနင်က အပေါ်မှာ ပန်းခူးနေတဲ့နတ်သမီးငါးရာကို ဉပစ္ဆေဒကကံဆိုတာ ဖြတ်ချလိုက်တယ်--(မှန်ပါ့)ဖြတ်ချလိုက်တော့ ငရဲမှာ တပြုံကြီး ငါးရာစလုံး ရောက်သွားတယ်....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီကံ ဒါလောက် ဖြတ်ပါလိမ့်မလဲလို့ ... တကာသစ်တို့ မေးဘို့ မလိုဘူးလား .. (လိုပါတယ်) ဒိဋ္ဌိမပြုတ်သေးတော့ ငရဲမျိုးစေ့ ပါသွားလို့လို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....( ငရဲမျိုးစေ့ပါသွားလို့ပါဘုရား ) ငရဲမျိုးစေ့ ပါသွားလို့ဆိုတာ ရှင်းကြပလား....( ရှင်းပါပြီဘုရား )။

အေး....ဒါ့ကြောင့် ငရဲမျိုးစေ့ ပါသွားတော့ တကာကြွယ်ပန်းပင်ပေါ် ပန်းခူးရင်း စုတိစိတ်ကျတယ်နော်....(မှန်ပါ့) စုတိစိတ်ကျ စုတိပြီး ဖျတ်ဆို ငရဲပဋိသန္ဓေက ပေါ်လာတယ်၊ ငရဲမှာဘဲ အကုန်ရောက်ကြရတယ်ဆိုတော့ အင်မတန် မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)။

အင်မတန်နစ်နာတော့တယ်ဆိုတာ တကာတကာမတွေ မှတ်မိပြီ....(မှတ်မိပါပြီဘုရား)။

ဩော်....ကုသိုလ်သည်ကားလို့ ဆိုယင် တင်တော့ တင်လိုက်တာဘဲ၊ ဘယ့်နှယ်ကြောင့် ဥပစ္ဆေဒကကံတွေက ဖြတ်ချလိုက်ပါလိမ့်မလဲ၊ ကောင်းသော အကျိုးပေးခြင်းကို မကောင်းသော ကံက ဖြတ်ချပါလိမ့်မလဲလို့ တကာသစ် မေးဘို့ မလိုဘူးလား ....(လိုပါတယ်) ဒိဋ္ဌိ မပြုတ်သေးတော့ ဖြတ်နိုင်တယ်....(မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဒိဋ္ဌိမပြုတ်သေးတော့ ဖြတ်နိုင်ပါတယ်ဘုရား)ဒိဋ္ဌိမပြုတ်သေးတော့ ဖြတ်နိုင်တယ်ဆိုတော့ ဩော်....ဒိဋ္ဌိ မပြုတ်တဲ့ ကုသိုလ်အလုပ်ဟာဖြင့် တကာကြွယ် စိတ်ချရပါ့မလား ( စိတ်မချရပါ )ဦးလှဘူး....(စိတ်မချရပါ) နောက်က တကာ တကာမတွေ....(စိတ်မချရပါဘုရား)။

စိတ်မချရသေးတော့ ဘုန်းကြီးများက ဒိဋ္ဌိပြုတ်နည်း နိဿယည်းကိုဖြင့် အကြီးအကျယ်ဘဲ တကာတကာမတွေ ချီးမြှောက်နိုင်သလောက် ချီးမြှောက်မှသာလျှင် တက်သွား ပြန်မကျတဲ့ နေရာကို ရောက်ရတော့မယ်ဆိုတာဖြင့် ယနေ့ သေသေချာချာမှတ်ရပါလိမ့်မယ်....(မှန်ပါ့)။

ကိုင်း....ဒါနဲ့ အခု ပန်းခူးနေတဲ့ နတ်သမီးငါးရာကို နတ်သားက အပေါ်မော့ကြည့်တယ်၊ အရင်တော့ သီချင်းတကြော်ကြော်နဲ့ ပန်းတွေကလဲ အောက်ကို ဝေဝေဆာလာအောင် ကျလာတယ်၊ အခု ဘယ့်နှယ်ကြောင့် မကျပါလိမ့်မလဲလို့ ကြည့်လိုက်တော့ နတ်သမီးတွေကလဲ တယောက်မှ မရှိ၊ ပန်းကလဲ တပွင့်မှ မကျ၊ ဩော် ဘယ်များသွားလို့ ဘယ်များ ရောက်ကြပါလိမ့်မလဲလို့ သုဗြဟ္မနတ်သားက တကာသစ် နတ်မျက်စိနဲ့ ကြည့်လိုက်တယ်....(မှန်ပါ့)။

နတ်မျက်စိနဲ့ ကြည့်လိုက်တော့ ဟို-အဝီစိမှာ တကာတကာ မတို့ တအော်အော် တအင်အင်နဲ့ ခံနေကြရတဲ့ အဖြစ်ကြီး သွား မြင်တယ်....(မှန်ပါ)။

တကာဘကာမတို့ ကောင်းစားတာ ကြာရဲ့လား....(မကြာ ပါ) ဘယ့်နှယ်ကြောင့်ဒီကံကနေ ဖြတ်ပြီးသကာလ နတ်ပြည်က နေ အပါယ်တိုက်ရိုက် ပို့လိုက်ပါလိမ့်မလဲဆိုတာ ဦးလှဘူး မေး ဘို့ မလိုဘူးလား....(လိုပါတယ်) လိုတယ်ဆိုတာ သဘောကျပြီ-(ကျပါပြီ)ဒိဋ္ဌိမပြုတ်ဘဲ ဖြစ်သွားလို့-လို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(ဒိဋ္ဌိမပြုတ်ဘဲ ဖြစ်သွားလို့ပါ ဘုရား) ဩော်....ဒိဋ္ဌိမပြုတ်တဲ့ အပြစ်ဟာဖြင့် တကာသစ်ရေ.... အတော် ဆိုးတယ်ဆိုတာ ပေါ်လာဘယ်....(မှန်ပါ)။

ဒါဖြင့် ဒိဋ္ဌိပြုတ်ပြီးမှ လုပ်တဲ့ ကုသိုလ်မျိုးကျတော့ ငရဲမျိုး စေ့က ဝမ်းထဲမှာ မပါတဲ့အတွက် ပြန်ကျစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဒိဋ္ဌိပြုတ်မှုနဲ့ ဒါန သီလ လုပ် မှုတို့ကို ဒိဋ္ဌိပြုတ်မှုကို ဆရာဘုန်းကြီး နည်းပေးပြီး ရှေ့ထားပြီး ဒါန သီလ အကြီးအကျယ် လုပ်ကြတာပေါ့....(မှန်ပါ) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ယခု တွေ့ရတဲ့ ဖြစ်ထွေ သုဗြဟ္မနတ်သား၏....နတ်သမီး ငါးရာ ဖျတ်ဆို ဥပစ္ဆေဒကကံတွေက ပန်းပင်ပေါ်တွင် ဖြတ်ချလိုက်တာ တကာ သစ်ရေ....ငရဲအိုးထဲ ငါးရာစလုံး ရောက်သွားကြတယ်....(မှန်ပါ ဘုရား)။

ကိုယ့်အသက်ရှော ကျန်တဲ့ ပန်းကုံးနေတဲ့ နတ်သမီး ငါးရာ အတွက်လဲ စဉ်းစားလိုက်တဲ့ အခါကျတော့ သူတို့လဲ နောက် ခုနစ်ရက်ဆိုယင် ဒီငရဲဘဲ ရောက်ရမှာ မြင်ပြန်တယ်... (မှန်ပါ့) တကာတကာမတို့ နောက်ခုနစ်ရက်ဆိုတော့ ဘယ်ရောက်မတဲ့တုံး (ဒီငရဲဘဲ ရောက်ရပါမယ်ဘုရား)။

ဒီ ငရဲဘဲရောက်ဘို့ မြင်ပြန်တော့ အင်း .. ခုနင်က လွန်ပြီးသွား အတွက် စိုးရိမ်လို့မှ မပြီးသေးဘူး၊ လာလတံ့အတွက်က စိုးရိမ် စရာတွေ ပေါ်နေတယ်....(မှန်ပါ့) လာလတံ့က သူတို့ အတွက် ပေါ့ဗျာ.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ လွန်ပြီးသွားအတွက် စိုးရိမ်တာလဲ မရှိဘူးလား....( ရှိပါတယ် )အရင် နတ်သမီးငါးရာ ငရဲကျသွား လို့ သူ့စိတ်ထဲ စိုးရိမ်နေတဲ့ လွန်ပြီးသွား စိုးရိမ်မှုကလဲ တခုပေါ့ ဗျာ... (မှန်ပါ့)။

လာလတံ့စိုးရိမ်မှုကလဲ သူ့ဟာသူ ပြန်ကြည့်ပြန်တော့ ခုနစ် ရက်ရှိတဲ့အခါမှာ ဒီငရဲဘဲ အတူတူသွားပြီးသကာလ ခံရတော့ မယ်ဆိုတာကိုလဲ နတ်မျက်စိနဲ့ ကြည့်လိုက်တဲ့အခါ မြင်ပြန်တယ် ဆိုတော့ အနာဂတ်အတွက် စိုးရိမ်မှုကလဲ မပေါ်လာဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တကာကြွယ်....စိုးရိမ်မှု ဘယ်နှစ်ခု ဖြစ်နေသတုံး....(နှစ်ခု ဖြစ် ပါတယ်ဘုရား)။

နှစ်ခု ဖြစ်တယ်နော်....(မှန်ပါ့) အတိတ်အတွက် စိုးရိမ်မှုက.... (တခုပါ)အနာဂတ်အတွက် စိုးရိမ်မှုက....(တခုပါဘုရား)တခုဘဲ ဆိုတာ တွေ့တော့ တကာသစ် စိတ်ချမ်းသာစရာအကွက်ပါသေး ရဲ့လား....(မပါပါဘုရား)။

အရင် ပျော်လာသည့်ဟာ အပျင်းကြီး ပျင်းပြီးသကာလ အကြောက်ကြီး ကြောက်နေရပြီဆိုတာဖြင့် တကာတကာမတို့ အထင်အရှား ဖြစ်သွားပြီ...(မှန်ပါ့) မထင်ရှားဘူးလား...(ထင်ရှားပါတယ်ဘုရား)။

အေး....ဒါတွေ စဉ်းစားလိုက်တဲ့ အခါကျတော့မှ ဒိဋ္ဌိမပြုတ်တဲ့ ကုသိုလ်လုပ်ရခြင်းသည် တကာကြွယ်... စိတ်မချရပါလား.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘာဟောပါလိမ့်-(ဒိဋ္ဌိမပြုတ်တဲ့ကုသိုလ်ဟာ စိတ်မချရပါဘုရား) ဒိဋ္ဌိမပြုတ်တဲ့ ကုသိုလ်လုပ်တော့ စိတ်မချရဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဝဋ်ဆင်းရဲ ကြောင်းကို ရှည်ရှည်ကြီး ထုတ်ချင်လို့ မဟုတ်ပါဘူးနော် .... (မှန်ပါ့) ဒိဋ္ဌိပြုတ်နည်း နိဿယည်းကိုဖြင့် ပိုင်ပိုင်ကြီး အရကြီး ရပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ ဒိဋ္ဌိပြုတ်နည်း နိဿယည်းကို ဟောမလို့ ဒီဝဋ်ဆင်းရဲပိုင်းက နေပြီးသကာလ တကာကြွယ် ထားရခြင်း ဖြစ်ပါတယ်ဆိုတာ သဘောပါပလား .. (ပါပါပြီ ဘုရား)။

သို့သော်....တကာတကာမတို့ ဒီ နတ်သားမှာ ယခု အတိတ်အတွက်ကပါ သူ့စိတ်ထဲ ဝမ်းထဲမှာ မီးဟုန်းဟုန်းတောက်နေတယ်....(တောက်ပါတယ်ဘုရား)။

အနာဂတ်အတွက် သူနဲ့ တကွ ကျန်တဲ့ နတ်သမီးငါးရာ အတွက် စဉ်းစားလိုက်ပြန်တော့လဲ မီးဟုန်းဟုန်းတောက်နေတယ် (မှန်ပါ့) သောက ပရိဒေဝတွေ သိပ်မများဘူးလား ...(များပါတယ်ဘုရား)။

ဩော်. ဒါဖြင့် တကာတကာမတွေ ငရဲမျိုးစေ့ ဝမ်းထဲမှာ ရှိသ၍ ကာလပတ်လုံး မည်သည့်နည်းနဲ့မှ စိတ်ချစရာ မရှိဘူးဆိုတာဖြင့် ဒီသုဗြဟ္မနတ်သားဝတ္ထု ထောက်လိုက်သဖြင့်လဲ တကာ သစ် သိသောက်ပြီ....(သိလောက်ပါပြီဘုရား)။

အခု တကာတကာမတွေ ဘုန်းကြီးက အင်မတန် ဝမ်းသာပါတယ် တရားနာ လာနိုင်ကြတယ်၊ ကြံလာကြတယ်....(မှန်ပါ့) အရောင်းအဝယ်ကလေး ထိုက်တန်သလောက် ကိုယ့်ဟာကလေးနဲ့ ကိုယ်ပြည့်စုံကြတယ်ဆိုတာလဲ ဘုန်းကြီးများ အင်မတန် ဝမ်းသာပါတယ်... (မှန်ပါ့)သို့သော်... ငရဲမျိုးစေ့အတွက်က စိတ်မချရဘူး....(မှန်ပါ့)။

ဘယ်လိုပါလိမ့် (ငရဲမျိုးစေ့အတွက်က စိတ်မချရပါ) ဒိဋ္ဌိ မပြုတ်သေးတော့ ဒုက္ခဆိုးတဲ့ နိဗ္ဗာန်ကြီး မမြင်ရသေးတော့ ဒိဋ္ဌိက မပြုတ်သေး ဖြစ်နေတယ်....(မှန်ပါ့)။

ဒိဋ္ဌိက မပြုတ်သေး ဖြစ်ပြီးသကာလ နေတော့ ဩော်....အခု အရောင်းအဝယ်ကောင်းလို့ သိန်း,သန်း,ကုဋေဆိုသလို ချမ်းသာကြွယ်ဝသော်လဲ နက်ဖြန် ငရဲရောက်နိုင်တာက ရှိနေတယ်.... (မှန်ပါ့ဘုရား) သဘက်ခါ ငရဲရောက်နိုင်တာက....(ရှိနေပါတယ်ဘုရား)။

အဲဒီတော့ တကာသစ် စိတ်ချလက်ချ ဆရာသမားက နေလို့ကော တော်ပါ့မလား ...(မတော်ပါဘုရား)။

အင်း... အသိဉာဏ်ရှိတဲ့ တကာတကာမတွေကလဲ ကိုယ့်အရေးကိုယ်တွေးလို့ရှိယင်ဖြင့် အေးအေးနေလို့ တော်ပါ့မလား .... (မတော်ပါဘုရား)။

ဒါ့ကြောင့် တရားတပွဲလုံး အားလုံး တကာ့တကာမတွေ ငရဲ မျိုးစေ့ ဝမ်းထဲမှာ နှင်မထုတ်သရွေ့ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိနဲ့ နှင် မထုတ်နိုင်သရွေ့ ကာလပတ်လုံးဖြင့် ယနေ့ စကြာဝတေးမင်းကြီး ဖြစ်ငြားသော်လဲ နက်ဖြန် အဝီစိကောင်ကြီး ဖြစ်နိုင်တယ်....(မှန် လှပါ) စိတ်ချရပါ့မလား ...(စိတ်မချရပါဘုရား)။

အဲဒီတော့ တကာကြွယ် ဒီတရားကို ဒိဋ္ဌိပယ်နည်း နိဿယည်း ဒိဋ္ဌိခွါနည်း နိဿယည်းကိုဖြင့် မရ-အရယူမကွ .. ၊ လူတွေကြပ်လို့ ထား ဘယ်လိုဘဲ တယောက်တယောက် ချွေးဒီးဒီးကျနေစေကာ မူ ငရဲလောက် မဆိုးဘူးကွ....ဆိုပြီး ယူရလိမ့်မယ်... (မှန်ပါ့)မယူ ရပေဘူးလား.... (ယူရမှာပါဘုရား)။

အေး .. ဒါ့ကြောင့် တကာ့တကာမတွေ သည်းခံပြီးသကာလ နေကြပေတော့ ဆိုတဲ့ဥစ္စာ မစာစောကလဲ မေတ္တာရှေ့ထားပြော ခဲ့တယ်... (မှန်ပါ့) သို့သော် အခု ရောက်မည့် အရေးနဲ့ စာလိုက် တော့ အခု နေထိုင်ကြတဲ့ အရေးဟာ မဖြစ်လောက်ပါဘူး ... (မဖြစ်လောက်ပါဘုရား)။

ကိုယ်တွေ့ ကြုံရမည့် အရေးဟာ ဒီ့ထက်အဆပေါင်း ထောင် သောင်း သိန်း သန်းမက ကြီးတော့တယ်ဆိုတာ မပေါ်လာဘူး လား....(ပေါ်လာပါတယ် ဘုရား) ။

အေး ဒါကြောင့် ပူအိုက်လိုက်တာ၊ ဒါတွေ ဂရုမစိုက်ပါ နဲ့၊ အပေါ်မှာလဲ ပန်ကာတွေနဲ့ ထိုက်တန်သလောက် အအေး တော့ ရတာဘဲ....(မှန်ပါ့) လူတွေ ကျဉ်းကြပ်တယ်၊ မလှည့်သာ မပတ်သာဘူး၊ ကိစ္စမရှိဘူးဘော့....ငရဲမျိုးစေ့ ဝမ်းထဲက ပြုတ် ယင် ပြီးတာဘဲ....( မှန်ပါ့ )ဒါကိုသာ စိတ်ထားပြီးသကာလ တကာ့တကာမတို့ လေးစားစွာနဲ့ ဘုန်းကြီးပြောတာ မှတ်ပြီး

ခွါနည်းနိသ်ဃည်းကိုလဲ မကြာမီဘဲ ပေးပါလိမ့်မယ်ဆိုတာ စိတ်ထဲမှာ မျှော်လင့်ထားပါ....(မှန်ပါ့)။

အင်မတန် အဘိုးတန်ပါလိမ့်မယ် ဆိုတာကိုလဲ တသက်နဲ့ တကိုယ်ဖြင့် ငရဲနဲ့ သေခဏ်း ရှင်ခဏ်း ပြတ်ရမည့် အရေးဟာ ဘယ်တော့မှ ဒို့ မကြုံခဲ့တာ ဒီတခါဖြင့် ဒို့ ဉာဏ်စွမ်းနဲ့ ဆရာ အကူအညီနဲ့ဖြင့် အောင်ပွဲယူသွားတော့မှာဘဲဆိုတာ စိတ်ချပါ-- (မှန်ပါ့)သဘောပါကြပလား...(ပါပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဆရာကလဲ အစွမ်းကုန် ကူညီမယ်၊ ခင်ဗျားတို့ကလဲ တကယ့်ဝီရိယနဲ့ ပညာနဲ့သာ ခံယူကြမယ်ဆိုလို့ ရှိယင်ဖြင့် တကာကြွယ်တို့.... တကာသစ်တို့ ဘာပူစရာ ရှိသေးသတုံး....(မရှိပါဘုရား)။

ဒါ့ကြောင့် ကြိုးစားမယ်ဆိုတဲ့ စိတ်ကလဲ ဝမ်းထဲမှာဘဲ ထားကြပါ၊ မကြိုးစားဘဲနဲ့လဲ မရပေဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သို့သော်...ဘုန်းကြီး စိုးရိမ်တာကလေး တခုတော့ ပြောချင်သေးတယ် တကာကြွယ်ရ .. (မှန်ပါ့) အလုပ်-လုပ်တာက မကြာသေးတော့ ခန္ဓာကိုယ်ကြီးကလဲ အသေဘက် ပြေးနေတာက ရမ်လို့ မရလို့ အသေစောမှာကို စိုးရိမ်ရတယ်...( မှန်ပါ့ )။

ဘယ်လိုပါလိမ့်....( အသေစောရမှာကိုစိုးရိမ်ပါတယ်ဘုရား ) အသေစောတာ စိုးရိမ်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် တဲ့.... မင်းအသေဖြင့် အစောမခံနိုင်ဘူးဟေ့....( မှန်ပါ့ ) ဒိဋ္ဌိပြုတ်ဘာကို စောစောစီးစီး ပြုတ်စေရမဟေ့... ဆိုတဲ့ စိတ်ကိုဖြင့် ကြိုးကြိုး

ကျယ်ကျယ် သန့်သန့်ထွားထွားနဲ့ မွေးထားပါဆိုတဲ့ဥစ္စာ တကာကြွယ်တို့ ဦးလှဘူးတို့ သတိပေးရတယ်....(မှန်ပါ့)။

အင်မတန် အရေးမကြီးဘူးလားဗျာ....(ကြီးပါတယ်) အင်မတန် အရေးကြီးတယ်ဆိုတာ တကာတကာမတွေ ပေါ်ကြပါပြီ (ပေါ်ကြပါပြီဘုရား)။

ကိုင်း .... ခုနင်က ပြောခဲ့တဲ့ သုပြဟ္မ နတ်သားမှာဖြင့် အတိတ် သူ့ ခင်ပွန်းမ ငါးရာကြောင့်လဲ သောကတွေ မီးဟုန်းဟုန်း တောက်နေတယ်....(တောက်နေပါတယ်) အနာဂတ် ခုနစ်ရက်ရှိယင် သူနဲ့တကွ ကျန်တဲ့ ငါးရာလဲ ဒီငရဲအိုးဘဲ သွားရတော့မယ်ဆိုတာ တကယ်သိပြီးသကာလ နတ်မျက်စိနဲ့ ကြည့်လိုက်လို့ တကယ်သိနေတဲ့ အတွက်လဲ စိတ်အေးပါ့မလား .... (မအေးပါဘုရား)။

ဩော် .... ဒါဖြင့် အတိတ်ကြောင့်လဲ ဒုက္ခတွေ ပင်လယ်ဝေနေပြီ... (ဝေပါတယ်)အနာဂတ်ကြောင့်လဲ ဒုက္ခပင်လယ် ဝေနေပြီ....(မှန်ပါ့)။

အဲဒီတွင်မှ ကျုပ်တို့ ဂေါတမ မြတ်စွာဘုရားကလဲ လူ့ပြည်မှာ ပွင့်တုန်း ဆိုတော့ တကာကြွယ်ရေ .... အရေးကြုံတော့ ဘုရားတတော့ တာဘဲ .. (မှန်ပါ့) အရေးကြုံတော့ ဘာဖြစ်ကြသတုံး....(ဘုရားတ,ပါတယ်ဘုရား)။

အဲဒီတော့ အရေးကြုံလို့ ကိုင်း-ငါ့မှာ အတိတ်ကြောင့်ဖြစ်တဲ့ သောကမီး, ပရိဒေဝမီး, ငါတို့ သွားရမည့် အနာဂတ်အတွက်ဖြစ်တဲ့ သောကမီး ပရိဒေဝမီးတွေ ဘုရားမှတပါး ငြိမ်းနိုင်တဲ့ ပုဂ္ဂိုလ် ကယ်နိုင်တဲ့ပုဂ္ဂိုလ် မရှိပါလားဆိုပြီး နတ်သမီးငါးရာနဲ့

သူနဲ့- ကျန်တဲ့ နတ်သမီးငါးရာနဲ့ သူပြဟ္မာနတ်သားနဲ့ ဘုရားဆီ သွားကြတယ်....(မှန်ပါ့ဘုရား)။

တကာ့တကာမတွေ နတ်သားကြီး ဘယ်ရောက်သွားပလဲ.... (ဘုရားဆီရောက်သွားပါပြီဘုရား)။

လွယ်လွယ်ကူကူနဲ့ သွားသလား၊ သူ့ကိစ္စ အရေးတကြီးနဲ့ သွားသလား... ( သူ့ကိစ္စ အရေးတကြီးနဲ့ သွားပါတယ် ) သူ့ကိစ္စအရေးတကြီးနဲ့ သွားတယ်ဆိုတာဖြင့် ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီဘုရား)။

သူ့ကိစ္စ အရေးတကြီးနဲ့ သွားတာ ထင်ရှားပြီး သကာလ နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လျှောက်လိုက်တယ်။

"နိစ္စံ ဥတြဿမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။
အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသု စ။
သစေအတ္ထိ အနုတြဿံ၊ တံမေအက္ခာဟိ ပုစ္ဆိတော။

ဒီဂါထာ သူရွတ်လိုက်တယ်နော်....(မှန်ပါ့ဘုရား)။

ဩော်... ဒီအဓိပ္ပါယ်က ပါဠိလိုရွတ်နေတော့ တကာ့တကာမတွေ သိမယ်မဟုတ်တော့ အရှင်ဘုရား... တဲ့၊ တပည့်တော်စိတ်ထဲမှာ မီးဟုန်းဟုန်းတောက်နေပါတယ်.... ( မှန်ပါ့ ) တပည့်တော်မနောမှာဖြင့်ဘုရား... တဲ့၊ ပူလှလောင်လှတဲ့ စိတ်တွေ အင်မတန်များနေပါတယ်.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့ဖြစ်ပြီးသောကိစ္စတွေကြောင့်လဲ တပည့်တော် ပူခြင်း,လောင်ခြင်းဖြစ်ပါတယ်(မှန်ပါ့)ဖြစ်သတ္တံ့ ကိစ္စတွေကြောင့်လဲ တပည့်တော် ပူခြင်း,လောင်ခြင်းဖြစ်ပါတယ် (မှန်ပါ့ဘုရား)။

ဒါကြောင့်တဲ့ ဒီဖြစ်ပြီးသားကိုစွ လွန်တာမတတ်နိုင်လို့ ရှိယင် ဖြစ်လတ္တံ့ကိစ္စ တပည့်တော်ကို ကယ်မယူဆောင်ပြီး သကာလ ပေးတော်မူပါဘုရား- ဆိုတော့ လွန်တဲ့ ငါးရာအတွက်တော့ မတတ်နိုင်ဘူးပေါ့ဗျာ .... ( မှန်ပါ )အခု တပည့်တော်နဲ့ တကွ ကျန်တဲ့ ငါးရာ နောက်ခုနစ်ရက် ဒီငရဲသွားရမှာဖြင့် အရှင်ဘုရား တယ်ဖြစ်အောင် ကယ်တော်မူပါဘုရားလို့ သွားလျှောက်တယ်- (မှန်ပါဘုရား)။

အဲဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်မတန် အင်မတန် ပါရမီဆယ်ပါး အပြားသုံးဆယ်စွန့်ခြင်းကြီး ငါးပါး စရိယသုံးပါးတို့နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်လာလို့ ဘုရား အဖြစ်သို့ရောက်တော်မူတော့ အလုံးစုံသိတဲ့ သဗ္ဗညုတဉာဏ်ရပြီး သား ကိုယ်တော်ကြီးက ဘယ်သူသည် ကယ်နိုင်ပါလိမ့်မလဲလို့ တွေးလိုက်တော့ ငါဘုရားလဲ မကယ်နိုင်ဘူး.... ( မှန်ပါ )ပေါ် လာပြီ တကာတကာမတို့....(မှန်ပါဘုရား)။

ဘုရားသွားအားကိုးတော့ ဘုရားက ဘယ့်နှယ်တဲ့တုံး .... (မကယ်နိုင်ပါ) သူမကယ်နိုင်ဘူးတဲ့....(မှန်ပါဘုရား)။

တကာကြွယ် ဘယ့်နှယ်တဲ့တုံး .... ( သူမကယ်နိုင်ပါဘူးတဲ့ ) ဘုရားက မကယ်နိုင်ဘူးတဲ့ တကာတကာမတို့.... (မှန်ပါဘုရား)။

ကြပ်ကြပ်သတိထားပါ၊ တကာ တကာမတွေက အရေးရှိ တော့ ဘုရား-ဘုရားနဲ့ ဆိုပြီးဘုရားက မကယ်နိုင်ဘူးတဲ့....(မှန်ပါ ဘုရား)။

မကယ်နိုင်တော့ ကိုယ်တော်မြတ်ကြီး အားကိုးရဘာ ဘာ ကျေးဇူးရှိသတုံး၊ မေးဘို့မလိုဘူးလား၊ ကယ်နည်းတော့ ပေးနိုင်

တယ်၊ ကယ်တော့—(မကယ်နိုင်ပါ)ကယ်နည်းတော့ဖြင့် (ပေးနိုင်ပါတယ်ဘုရား)။

ဪ....ဒါဖြင့် အားလုံးတကာ့တကာမတို့ ကယ်နည်းပေးပါဆိုတော့ သူတရား ပေးမှာဘဲဆိုတာတကာသစ်သေချာတယ်....(သေချာပါတယ်ဘုရား)။

ကယ်နည်းပေးပါဆိုတော့ ဘာပေးမယ် ထင်ကြသလဲ —(တရားပေးမှာပါဘုရား)။

မှတ်ထားစမ်း- မှတ်ထားစမ်း၊ တကာ့တကာမတွေ ဘယ်သူကယ်နိုင်တယ် ယူနိုင်တယ်ဆိုတာ ပေါ်ပါပြီ....(ပေါ်ပါပြီ)ဘယ်သူပါလိမ့်... (တရားပါဘုရား)။

နိစ္စံ ဥတြသ္တမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။
အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသု စ။
သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။
နတ်သားက လျှောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက-
နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ” လို့ ဘုရားက ဟောလိုက်တယ်... (မှန်ပါဘုရား)။

ဗောဇ္ဈာ တပသာ=မဂ္ဂင် ဗောဇ္ဈင်အကျင့်ကို (ဝါ) ဖြစ်ပျက်ရှုတဲ့အကျင့်ကို၊အညတြ = ကျဉ်ထား၍၊ ပါဏိနံ=မင်းတို့နတ်သားနဲ့ နတ်သမီးတွေအား၊ သောတ္ထိံ=ချမ်းသာခြင်းကို၊ နပဿာမိ ငါမမြင်ဘူးကွာတဲ့....(မှန်ပါ) ဖြစ်ပျက်ရှုမှဘဲ မင်းတို့ကိုကယ်တင်နိုင်မှာဘဲတဲ့....(မှန်ပါဘုရား)။

တကာတကာမတွေ ဘာရှုရမလဲ.... ( ဖြစ်ပျက်ရှုရပါမယ် ) ဒါဟောရမယ်-ဒါဟောရမယ်....(မှန်ပါဘုရား)။

ကြည့်စမ်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါကိုယ်တိုင်တော့ မကယ်နိုင်ဘူးကွတဲ့....(မှန်ပါ့ဘုရား)။

ဗောဇ္ဈင်္ဂတပသာ= မဂ္ဂင်, ဗောဇ္ဈင် အကျင့်ကို၊ အညတြ= ကျဉ်ထား၍၊ ပါဏိနံ = မင်းနဲ့တကွ ငရဲသို့ရောက်လတ္တံ့သော နတ်သမီးငါးရာတို့အား၊ သောတ္ထိံ =ချမ်းသာရာကို၊ နပဿာမိ ငါမမြင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

မဂ္ဂင်အကျင့် မကျင့်ဘဲနဲ့ မင်းဒီကိစ္စကြီး လွတ်လိမ့်မယ်လို့ ဆိုတာ ငါမမြင်ဘူးတဲ့...(မှန်ပါ့) မဂ္ဂင်အကျင့်- ကျင့်လိုက်ရလို့ ရှိယင် လွတ်ပါလိမ့်မယ်ကွာတဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာကျင့်လိုက်ယင် လွတ်မယ်တဲ့တုံး .... (မဂ္ဂင်အကျင့် ကျင့်လိုက်ယင် လွတ်မယ်တဲ့ ဘုရား)။

ဩြော်... ဒါဖြင့် အားလုံးတကာတကာမတွေ တော်သေးရဲ့ဟော့....(မှန်ပါ့) တော်သေးရဲ့ ဒို့ဆရာဘုန်းကြီးကလဲ မဂ္ဂင်အကျင့်ကိုဘဲ နေ့တိုင်းပြပြီး သကာလ နေတော့ ဒို့ ကယ်မည့် ယူမည့်သူ ဝမ်းထဲမှာအရှိသားဘဲ... (မှန်ပါ့)ဆိုတော့ အင်မတန်-ဝမ်းသာစရာ ကောင်းပါတယ် ...(ကောင်းပါတယ်ဘုရား)။

တကာကြွယ် ဒါ ဘုရားက ဟောတာနော် .... (မှန်လှပါဘုရား)။

ဗောဇ္ဈင်္ဂတပသာ=ဗောဇ္ဈင် မဂ္ဂင်အကျင့်ကို၊ အညတြ=ကျဉ်ထား၍၊ ဗောဇ္ဈင်မဂ္ဂင်မှတပါးကွာ....(မှန်ပါ့) ပါဏိနံ = မင်းတို့ရောက်သတ္တံ့ဖြစ်တဲ့၊ မင်းနဲ့တကွ နတ်သမီးငါးရာဆိုတဲ့သတ္တဝါတွေအား၊ သောတ္ထိံ =ချမ်းသာမည့်နည်း အစစ်ကို၊ နပဿာမိ= မမြင်ဘူးကွာတဲ့....(မှန်ပါ့ဘုရား)။

မဂ္ဂင်အကျင့် ကျင့်မှလွတ်မှာဘဲကွတဲ့....(မှန်ပါ့)နို့မဟုတ်ယင် ဖြင့် မလွတ်ဘူးကွတဲ့....(မှန်ပါဘုရား)။

ကဲ့....ဘုရားက သူကိုယ်တိုင် ကယ်တင်သလား- ဒီအကျင့် ကျင့်လို့ပြောသလား .... (ဒီအကျင့်ကို ကျင့်လို့ ပြောပါတယ် ဘုရား)။

ဒီအကျင့်ကို ကျင့်လို့ပြောတာကို ထောက်လိုက် သဖြင့် ဦးဆရာဘုန်းကြီးက ဒီတကာတကာမတွေအား မဂ္ဂင်အကျင့်ကိုဘဲ ကျင့်နည်းနဲ့တကွ နိသယည်းကိုဘဲ ပေးတော့မယ် .... (မှန်ပါ ဘုရား)။

ဪ... ဒီပေးတဲ့နည်းသည်ကား ဆိုယင် ဒိဋ္ဌိသတ်တဲ့နည်းပါ လား ဆိုလို့ရှိယင်လဲ လွဲစရာရှိသေးရဲ့သား .... (မရှိပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ မဂ္ဂင်အကျင့်မှတပါး ကိုးစား ရာ၊ အားထားရာမရှိလို့ ယနေ့ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

မဂ္ဂင်အကျင့်မှတပါး....( ကိုးစားရာ အားထားရာ မရှိပါ ) ကိုးစားရာ အားထားရာ မရှိလို့ ယနေ့ ဆုံးဖြတ်ချလိုက်စမ်းပါ (မှန်ပါဘုရား)။

ဘုန်းကြီးက ပြောတာလား၊ ဘုရားကဟောတာလားဆိုတာ အကဲခတ်ကြည့်....(ဘုရားဟောတာပါဘုရား)။

ခုနင်က နတ်သမီးတွေက ခင်ဗျားတို့လောက် မကပါဘူး။ တခါတည်း ရွှေအိမ်တွေ့ ရွှေနန်းတွေနဲ့ ဟင် .... ( မှန်ပါ့ ) စိန်တွေ့ရွှေတွေ တွဲလောင်းတွေနဲ့ ဖျတ်ဆိုဥပဇ္ဈေဒက ကံကပ် ဖြတ်လိုက်တာ ငရဲအကုန်ရောက်တယ်....(မှန်လှပါဘုရား)။

ရွှေတွေ့စိန်တွေ ခင်ဗျားတို့က ရှာသာနေကြတယ်၊ ကာကွယ် လို့ ရရဲ့လား.... (မရပါဘုရား) အခု ကာကွယ်မည့်တရားက

ဘုရားက ဘာဟောပြန်ပါလိမ့်....(မဂ္ဂင်အကျင့်ပါဘုရား) မဂ္ဂင်အကျင့်-ကျင့်မှ ... (မှန်ပါ)။

တကာတကာမတို့ ဘာဟောလိုက်ပါလိမ့်.... (မဂ္ဂင်အကျင့်၊ ကျင့်မှုပါဘုရား) မဂ္ဂင်မှတပါး မင်းတို့ကို ကယ်တင်မည့်တရား ငါမမြင်ဘူးဆိုတော့ တန်းကုန်းပြီ....(ကုန်ပါပြီဘုရား) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

မဂ္ဂင်မှတပါး မင်းတို့ကို ကယ်တင်မည့်တရား.... ( မမြင်ပါဘုရား ) ငါမမြင်ဘူးလို့ သေသေချာချာ ဟောရှာတယ်.... (မှန်ပါ) သဘောပါကြပလား....( ပါ ပါပြီဘုရား )။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ နေတိုင်း ရောင်းဝယ် ဖောက်ကားသွားလာ၊ သား လင်၊ ခင်ပွန်း ညီအကို မောင်နှမ နေကြတော့ နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်တွေက တကာကြွယ်ရေ.... မများလားဗျာ ... (များပါတယ်ဘုရား)။

မြင်ယင် ခင်တာဘဲ ခင်ဗျားတို့က....(မှန်ပါ) ခင်ယင်စွဲလမ်းမှု ( လာပါတယ်ဘုရား ) စွဲလမ်းလို့ရှိယင် ရရာရကြောင်း အားမထုတ်ဘူးလား-(ထုတ်ပါတယ်ဘုရား) ဟော....တဏှာ၊ ဥပါဒါန်ကံ၊ ဒါတွေ ဘယ်သွားမှာတွေပါလိမ့်.... (အပါယ်သွားမှာပါဘုရား)။

အဲဒါ ဘာကျင့်မှ လုံလောက်မယ်ထင်သလဲ.... (မဂ္ဂင်ကျင့်မှ လုံလောက်ပါမယ်ဘုရား)။

ဩော်... ဒို့လဲ သုမြဟ္မာနတ်သားလိုဘဲဟ....၊ လုပ်ထားတဲ့ အကုသိုလ်တွေကဖြင့် အပါယ်သွားဘို့ သေချာနေကြပြီ- (မှန်ပါဘုရား)။

တကာကြွယ် သေချာပလား.... ( သေချာပါပြီဘုရား ) မျက်စိပေါက်ဖွင့်လိုက်ယင်ဘဲ တဏှာ,ဥပါဒါန်,ကံ ... (မှန်ပါ) နားပေါက်ဖွင့်လိုက်ယင်လဲ.... (တဏှာ ဥပါဒါန် ကံပါဘုရား) နှာခေါင်းပေါက် ဖွင့်လိုက်ယင်လဲ ( တဏှာ ဥပါဒါန် ကံပါဘုရား) ဒီကံတွေက ဘယ်သွားမှာတွေတုံး....(အပါယ်သွားမှာပါဘုရား)။

ဪ.... ဘုန်းကြီးတို့ တကာတကာမတွေမှာလဲ သုဗြဟ္မ နတ်သားလိုဘဲ မကြာဘူး၊ သေယင် သွားကြရလိမ့်မယ်-(မှန်ပါဘုရား) မသွားရပေဘူးလား....(သွားရမှာပါဘုရား)။

ဒါဖြင့်... ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သုဗြဟ္မ နတ်သားနဲ့တကွ နတ်သမီးငါးရာတို့က သွားပြီး လျှောက်ထားတဲ့ အခါကျလို့ရှိယင်ဖြင့် ဗောဇ္ဈင်မဂ္ဂင်အကျင့်, မကျင့်ဘဲနဲ့ဖြင့် မင်းတို့ကို ကယ်နိုင် ယူနိုင်တဲ့လူမရှိဘူး... တဲ့... (မှန်ပါ) အကျင့်ဘဲ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဗောဇ္ဈာဘာပသာ= ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို၊ အဍြ= ကြဉ်ထား၍၊ သောတ္ထိ =မင်းတို့ချမ်းသာမှုကို၊ နပဿာမိ = ငါမမြင်ဘူး .. တဲ့... (မှန်ပါ)။

တကာတကာမတွေ ဒီအကျင့်- ကျင့်မှလို့ ဆိုပါလား.... (မှန်ပါ) တကာကြွယ် မပေါသေးဘူးလား.... ( ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာ အားကိုးကြမယ်....(မဂ္ဂင်အကျင့်ကို အားကိုးကြရပါမယ်ဘုရား) မဂ္ဂင်အကျင့်ကိုဘဲ အားကိုးရတော့မယ် ဆိုတာဖြင့် မသေချာသေးဘူးလား....(သေချာပါပြီဘုရား)။

သို့သော်....အခု ဒို့မှာ မဂ္ဂင်မှတပါးဖြင့် ကယ်မည့်ယူမည့်လူ မရှိပါကလား၊ ဒို့လုပ်ထားတဲ့ အကုသိုလ်တွေကဖြင့် မျက်လုံးဖွင့်လိုက်လို့ရှိယင် မြင်တယ်၊လိုချင်တယ်၊စွဲလမ်းတယ်၊အားထုတ်မယ်ဆိုတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေ လာနေတယ်.... ( မှန်ပါဘုရား)။

နားကလေး ထောင်လိုက်တယ် ဆိုလို့ ရှိယင်ဖြင့်.... တကာတကာမတို့ ကြားတယ်၊လိုချင်တယ်၊စွဲလမ်းတယ်၊အားထုတ်မယ် မလာဘူးလား....(လာပါတယ်ဘုရား)။

နှာခေါင်းပေါက်ကို ဖွင့်လိုက်လို့ရှိယင်ဖြင့် နှာခေါင်းကနေပြီး ပန်းကလေး၊ ရေမွှေးကလေးအစ ရှူလိုက်လို့ရှိယင်ဖြင့် ရှူတယ်ဆိုတဲ့ စိတ်ကလေးလဲ မလာဘူးလား.... (လာပါတယ်ဘုရား) ကြိုက်တယ်ဆိုတဲ့တဏှာ....(လာပါတယ်ဘုရား) စွဲလမ်းတယ်ဆိုတဲ့ ဥပါဒါန်....(လာပါတယ်ဘုရား) ဒါကလေး မရ,ရအောင်- ကြိုးစားမယ်ဆိုတဲ့ ကံကော.... (လာပါတယ်ဘုရား)။

သြော်... ခင်ဗျားတို့ ဒွါရခြောက်ပေါက်ကနေပြီးသကာလ ကံမြောက်ပြီးသကာလနေတော့ တကာကြွယ် ငရဲချည့် ရောက်မယ်... (ရောက်မှာပါဘုရား)။

ဒီတကာတကာမတွေ ဒီအတိုင်း မဂ္ဂင်အလုပ်ကို မလုပ်တော့ပါဘူးဆိုယင်ဖြင့် အားလုံး တကာတကာမတွေ ခင်ဗျားတို့ကို ကယ်မည့် ယူမည့်လူများ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အခု လူ့ပြည်၊ ဒီနေ့ လူ့ပြည်နေ၁.... ( မှန်ပါ ) နက်ဖြန် ငရဲရောက်နိုင်ကြတယ် .. (မှန်ပါ)။

တကာကြွယ် ဒီနေ့ ဘာပါလိမ့်... ( လူ့ပြည်ပါဘုရား ) နက်ဖြန်သေယင် ဘာဖြစ်မယ်.... (ငရဲရောက်ပါမယ်ဘုရား)။

ဩော်... ခင်ဗျားတို့နှယ် သုပြဟ္မနတ်သားနဲ့ တကွ.... ကျန် ငါးရာတို့ အသွားလိုဘဲ.... (မှန်ပါ) ဖြစ်စဉ်နည်းကဖြင့် ဆိုးလှ ချည့်လစ္စ‌းဆိုတာ ပေါ်နေတယ်...(ပေါ်ပါတယ်ဘုရား)။

အင်း....ဖြစ်စဉ်က ဘယ်လိုပါလိမ့်.... ( ဆိုးပါတယ်ဘုရား ) အင်မတန် ဆိုးဝါးတယ်ဆိုတာ သေချာကြပလား.... (သေချာ ပါပြီဘုရား)။

အဲဒါကြောင့် ဘာဘဲ အားကိုးကြမယ် .... (မဂ္ဂင် အား ကိုးကြပါမယ်ဘုရား) မဂ္ဂင်ဘဲ အားကိုးရတော့မယ်.... (မှန်ပါ ဘုရား)။

တကာသစ်ရေ... ဘုရားလဲ အစွမ်းကုန် ကယ်တင်တာဖြင့် မဂ္ဂင်ဘဲကွလို့ ပြောရှာတယ်....(မှန်ပါ) ဗောဇ္ဈင်မဂ္ဂင်ဘဲကွလို့ ပြောရှာတဲ့ အတွက် ဘုန်းကြီးတို့ တကာ တကာမတွေမှာလဲ အင်း....ဒီ ဗောဇ္ဈင်မဂ္ဂင်ဘဲ ကိုးစားရမှာဘဲလို့ ဗောဇ္ဈင်ဆိုတာက စင်စစ်တော့ မဂ္ဂင်ဘဲလို့ မှတ်ကိုက်ပါ... (မှန်ပါဘုရား) ဖြစ်ပျက် မဂ် ကိုက်အောင်လုပ်တာဟာ မင်းတို့ ကယ်တင်မည့် အရေး.... (မှန်လှပါဘုရား)။

ဖြစ်ပျက်မဂ် ကိုက်အောင်လုပ်တာဟာ ဘာပါလိမ့်–(တပည့် တော်တို့ ကယ်တင်မည့်အရေးပါဘုရား) ကယ်တင်မည့်အရေး ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အခု သိန်းတရာက ကယ်နိုင်ပါ့မလား.... ( မကယ်နိုင်ပါ ဘုရား) ဆွေမျိုးပေါင်း ထောင်သောင်းကကော.... (မကယ်နိုင် ပါဘုရား) တိုက်ပေါင်း ထောင်သောင်းကကော.... (မကယ်နိုင် ပါဘုရား) အင်း... တကာတကာမတို့ ကိုယ့်မဂ္ဂင် ကိုယ်အားကိုး

ရတော့မယ်ဆိုတဲ့အဖြစ်ကဖြင့် သေချာပါပြီ ... ( သေချာပါပြီ ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ အမိ အဘ ဆွေမျိုးဉာတကာတွေကို ဘယ်လို ငါ ကျေးဇူးဆပ်ရပါ့မလဲလို့ ရှာတဲ့အခါ ဘုရားက မင်း တကာတကာမတွေကို မင်းအမေမိဘ ဆွေမျိုးဉာတကာတွေကို ဗောဇ္ဈင်အလုပ် လုပ်ပစေကွ၊ အဲဒါ ကယ်တင်ဘာဘဲလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညီတော်အာနန္ဒာမျှား မှာတဲ့အခါ ပါသေးတယ် (မှန်ပါ့ဘုရား) သဘောပါကြပလား... (ပါ့ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာလုပ်ကြရမယ်....(မဂ္ဂင်အလုပ် လုပ်ကြရပါမယ်ဘုရား)။

ဩော်.. မဂ္ဂင်အလုပ်ဖြင့် ကိုးစားရာ၊အားထားရာ သိကြပြီ နော် (မှန်ပါ့)။

ဒါတရားကို ရှေးဦးစွာ မှတ်ပါ....(မှန်ပါ့) ပြီးတော့ လုပ်နည်း နိဿယည်းကို ဘုန်းကြီးက တန်းလန်း မထားပါဘူး .... တကာတကာမတို့ 'အဇ္ဈတ္တ သုဝေဝ' ခန္ဓာကိုယ်ကြီးကို အကြွေးထား ဟောနေလို့ရှိယင် ဘုန်းကြီးသည် ဆိုးဝါးရာ ရောက်တော့မပေါ့....( မှန်ပါ့ )တခါတည်း ခင်ဗျားတို့ကိုသဲ နည်းပေးပြီး တခါတည်း ကယ်ယူမည့် တရားကို ဝမ်းထဲ အရောက်သာ ကိုးစားကြပါ....( မှန်ပါ့ဘုရား )သဘောပါကြပလား....(ပါပါပြီ ဘုရား)။

ဒါဖြင့် ကိုးစားကြပါစို့ဆိုတဲ့ အဓိပ္ပါယ်ကို ဘုန်းကြီးကဖြင့် လေးစားစွာနဲ့ဘဲ ကယ်တင်ချင်တဲ့ စိတ် ပြင်းပြသောကြောင့်

ခင်ဗျားတို့ကလဲ ကိုယ့်ကိုယ် သနားသောအားဖြင့်လဲ ဒီအကျင့်ကို ကျင့်ပါတော့မယ်ဆိုတာ တရားတပွဲလုံး ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါ) ချနိုင်ကြရဲ့လား....(ချနိုင်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်သနားယင် ဘာလုပ်ရမယ်.... (မဂ္ဂင်အကျင့်-ကျင့်ရပါမယ်ဘုရား) ဒီ ဆုံးဖြတ်ချက်ချပြီး မဂ္ဂင်အလုပ်, လုပ်ရလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါက ပဉ္စမပါဒသာ ဟောလိုက်သေးတယ်၊ * ( မှန်ပါ့ ) "နာညတြ ဣန္ဒြိယ သံဝရာ" ဣန္ဒြိယသံဝရာ=ဣန္ဒြေ စောင့်ရှောက်ခြင်း တည်းဟူသော သီလအလုပ်ကို၊ အညတြ= ကြဉ်ထား၍၊ သောတ္ထိ=ချမ်းသာခြင်းကို၊ နပဿာမိ=ငါမမြင် ဘူး....ကွ....တဲ့၊ ဘုရားက ဟောပြန်တယ်-(မှန်ပါ့၊ သီလကလေး လဲ လုံခြုံပေစေကွ....တဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သဗ္ဗနိဿဂ္ဂါ=ကိလေသာတို့၏ကုန်ရာ နိဗ္ဗာန်မှ(ဝါ) နိဗ္ဗာန်ကို၊ အညတြ = ကြဉ်ထား၍၊ ပါဏိနံ = သတ္တဝါတို့အား သောတ္ထိ=ချမ်းသာခြင်းကို၊နပဿာမိ=ငါမမြင်ဘူးကွ၊မင်းသည် ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်မှ မင်းမြင်ထားတဲ့ ဘေးတွေ၊ ရန်ဘေးတွေ လွတ်မှာကွ... တဲ့....(မှန်လှပါ)။

တကာတကာမတို့ အကြွေး ဟောနေတာလား၊ သူမြင်ပြီး သားကို ဘုရားက ကယ်တင်မည့်တရား ဟောတာလား ဆိုဘာ စဉ်းစားစမ်း.... (ကယ်တင်မည့်တရားဟောတာပါဘုရား)။

သူက ခုနစ်ရက်စေ့ယင် ဘယ်သွားမှာပါလိမ့်....(ငရဲသွားမှာ

* တဂါထာ၌ ၄ ပိုဒ်ရှိရာတွင် ပဉ္စမအပိုဒ်ဟု ဆိုလိုသည်။

ပါဘုရား) သူ့ဟာသူတော့ အကုန်သိတယ်မဟုတ်သား-(သိပါတယ်ဘုရား) ရှေးက သွားနှင့်တာတွေကော.... ( သိပါတယ်ဘုရား) သူတို့သွားရမှာကော....(သိပါတယ်ဘုရား)။

အဲဒါကို ကယ်တင်နိုင်တဲ့ တရားကဖြင့် မဂ္ဂင်အလုပ်, လုပ်ပြီး သကာလ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်ယင် လွတ်ပေါ့လို့ ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သွားရာလမ်းခရီးသေချာပြီးသား တောင်မှ ပယ်ဖျောက်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိတဲ့မဂ်ကို တကာတကာမတို့.... ဘယ့်အတွက်ကြောင့် မလုပ်ထိုက်ဘဲ ရှိရမလဲ.... (မှန်လှပါ) မသိသေးခင် မလုပ်သေးတာပေါ့....၊ သိတဲ့တနေ့ အဘိုးတန်တဲ့ အလုပ်ဖြစ်လေသောကြောင့် မရ,အရယူမဟေ့.... ဆိုတဲ့စိတ်ဟာ မွေးကြစမ်းပါ....(မှန်လှပါဘုရား)။

မရ,အရယူမယ်ဆိုတဲ့စိတ်ကို ဘာလုပ်ရမလဲ.... (မွေးရပါမယ်ဘုရား) မွေးရမယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ တကာကြွယ်ရေ.... တော်တော်အရေးကြီးတဲ့တရား ပြောနေပါလား ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

သူပြဟ္မနတ်သားနဲ့ တကွ ကျန် နတ်သမီးငါးရာဟာ နောက်ခုနစ်ရက်ရှိယင် တကာသစ် ဘယ်သွားမှာပါလိမ့်...(ငရဲသွားမှာပါဘုရား) သူများပြောဘာလား၊ သူတို့ကိုယ်တိုင် နတ်မျက်စိနဲ့ကြည့်ပြီး သိတာလား.... (သူတို့ကိုယ်တိုင် နတ်မျက်စိနဲ့ကြည့်ပြီး သိတာပါဘုရား)။

တကာကြွယ်တို့....စက်ရှင်ဒီဂရီ သေချာပြီးသွား... (မှန်လှပါ) အပါယ်ကျရမည့် ဒီဂရီ သေချာပြီးသွားဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါတောင်မှ တကာတကာမတို့ လွတ်ပါသေးတယ်.... (မှန်ပါ့)ဒါဖြင့် လွတ်တဲ့နည်း နိဿယည်းကိုသာ ဆရာဘုန်းကြီး ပေးဘို့ လိုတော့တယ်....(မှန်လှပါဘုရား)။

ဘုရားဟောတော့ဖြင့် တကာတကာမတို့ ဗောဓိပင်မဂ္ဂင် အကျင့်ကို ကျင့်ယင် လွတ်ပါတယ်ကွ.. တဲ့.... (မှန်ပါ့) နိဗ္ဗာန်မြင်ယင် လွတ်ပါတယ်ကွ.. တဲ့ (မှန်ပါ့) ဆိုတော့ စကားမို့ ထပ်ပြော နေတာ၊ စင်စစ် မဂ္ဂင်အကျင့်ကို ကျင့်လိုက်လို့ ရှိယင်ဖြင့် ဒုက္ခ မြင် နိဗ္ဗာန်ဆိုတာလာတာဘဲ....(မှန်ပါ့)လာယင် မလွတ်သေးဘူး လား... (လွတ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် လွတ်ပါလိမ့်မတုံး... လို့ မေးတဲ့အခါကျ တော့မှ တကာတကာမတို့ သုပြဟ္မနတ်သွားနဲ့တကွ မသွားရ သေးတဲ့ နတ်သမီးငါးရာ ဝမ်းထဲမှာရှိတဲ့ ငရဲမျိုးစေ့ကို မဂ်နဲ့ ရှို့ပစ်လိုက်တဲ့အတွက် မဂ်မီးနဲ့ ရှို့ပစ်လိုက်တဲ့ အတွက် လွတ် သွားတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့မရှိတဲ့ပုဂ္ဂိုလ်မှာ ကြောက်စရာမရှိဘူး.... ( မှန်ပါ့ ) ငရဲမျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်မှာသာလျှင် ကြောက်စရာ ရှိတော့တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အသက်ကြီးတဲ့ပုဂ္ဂိုလ်ကလဲ ကြီး သလောက် မြန်မြန်ကြိုးစား.... (မှန်ပါ့ဘုရား) ငယ်တဲ့ပုဂ္ဂိုကလဲ အဇ္ဇဝလား-သုဝေဝလားမသိဘူး၊ခန္ဓာကိုယ်က စိတ်မချရတော့ ဟင်... (မှန်ပါ့) သူ့အဘက်ကလဲ နှေးနှေးဘဲလား၊ မြန်မြန်ဘဲ

လား....(မြန်မြန်ပါဘုရား) ဒါဖြင့်.... သူ့အတွက်ကလဲ မြန်မြန် လုပ်ရလိမ့်မယ်ဆိုတာ သေချာကြပလား- (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မဂ်ရဘို့အရေး ကိုယ် အရေး... (မှန်ပါ့) ဘယ်လိုဆိုကြမယ်.... (မဂ်ရဘို့အရေးဟာ ကိုယ့်အရေး ပါဘုရား)။

နည်းပေးဘို့အရေး ဆရာ့အရေး.... (မှန်ပါ့) နည်းပေးဘို့ အရေးက .. (ဆရာ့အရေးပါဘုရား) ရအောင်လုပ်ဘို့ အရေးက (ကိုယ့်အရေးပါဘုရား) နည်းပေးဘို့အရေးက....(ဆရာ့အရေး ပါဘုရား)။

ကိုယ့်အရေးက ဘာပါလိမ့်.... ( ရအောင်လုပ်ဘို့အရေးပါ ဘုရား) ရအောင်လုပ်ဘို့အရေးက ဘာတုံး....(ကိုယ့်အရေးပါ ဘုရား)။

ဒါဖြင့် ကိုယ့်အရေး၊ သူ့အရေးဖြင့် တကာကြွယ် သိပလား- (သိပါပြီဘုရား) တကာတကာမတို့ ကိုယ့်အရေး၊ သူ့အရေး သိကြပလား .. (သိပါပြီဘုရား)။

ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပစ္စည်းဥစ္စာ ရတနာတွေနဲ့ ထိုက်တန်သလောက် အကျိုးပေးနေကြတာတွေ ဘုန်းကြီးတို့ ဝမ်းမသာလို့ မဟုတ်ပါဘူး....(မှန်ပါ့) ဘယ်လိုပင် ဝမ်းသာနေငြားသော်လဲ နက်ဖြန် အပါယ် သွားမှာမြင်တော့ ယခုနေ စိန်တွေ သီးနေအောင် ဝတ်ငြားသော်လဲ ဘုန်းကြီးတို့က မပြုံးနိုင်ဘူး.... (မှန်ပါ့) ပြုံးနိုင်ပါ့မလား.... ( မပြုံးနိုင်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဆရာဘုန်းကြီးက ဒို့-စိန်တွေ သီးနေ အောင် ဝတ်တဲ့ဥစ္စာ မပြုံးနိုင်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲ ငရဲ

မျိုးစေ့က ဒီစိန်ခဲတွေက ကယ်မှာမဟုတ်ဘူး၊ ငရဲမျိုးစေ့က ဆွဲချသွားယင် ဒို့ တကာတကာမတွေ ကိုယ်ကျိုးနည်းချေရဲ့ဆိုတာ သိလို့.... (မှန်ပါ့) ဒါ့ကြောင့် မပြုံးနိုင်သေးဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကိုယ်တိုင်ကော ပြုံးချိန်ရောက်ပလား-(မရောက်သေးပါဘုရား) ဟာ....မဂ္ဂင်အလုပ်, လုပ်ပြီးမှ ပြုံးလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်အလုပ်,လုပ်ပြီးမှတုံး.... (မဂ္ဂင်အလုပ်, လုပ်ပြီးမှ ပြုံးရမှာပါဘုရား)။

ကိုင်း....ဘုရားကဖြင့် သုဗြဟ္မနတ်သားနဲ့တကွ ကျန် နတ်သိုက်ငါးရာတို့ကို မဂ္ဂင်အလုပ်မှတပါး မင်းတို့ကို ကယ်မည့် ယူမည့်လူ မရှိဘူးကွ... လို့ဆိုတော့ ဘုရားက ငါကယ်မည်ပြောတာလား၊ မဂ္ဂင်အလုပ်မှတပါး ကယ်မည့်,ယူမည့်လူ မရှိဘူးလို့ ပြောတာလား.... (မဂ္ဂင်အလုပ်မှတပါး ကယ်မည့်,ယူမည့်လူ မရှိဘူး .. လို့ပြောတာပါဘုရား) သေချာပလား.... ( သေချာပါပြီဘုရား ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မဂ္ဂင်အလုပ်ဘဲ ပြောကြပါစို့... (မှန်ပါ့) မဂ္ဂင်အလုပ်ဘဲ ပြုကြပါစို့.... မဂ္ဂင်အလုပ်ဘဲ ပြောကြပါစို့....ဆိုတော့၊ လွယ်ကူပါတယ်၊ တကာတကာမတို့ အင်မတန် လွယ်ကူပါတယ်....၊ ( မှန်လှပါဘုရား )။

အင်မတန် လွယ်ကူတာကို ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီအလုပ်ဟာ မလွယ်ဘူးလို့ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ပျင်းလို့- ဖျင်းလို့....လို့ မှတ်ပေတော့ .... (မှန်ပါ့ဘုရား)

ကိုယ့်ကိုယ်လဲ မသနားလို့....လို့ မှတ်ကြပေတော့.... ( မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ်မှ မသနားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သောကမှာဖြင့် လူလို့မှ ဆိုစရာ ထည့်စရာ အကွက်ဟာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုင်း....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို စပ်မိလို့ မဂ္ဂင်အလုပ်ကလေး မဟောခင် ကောသလမင်းကြီး လျှောက်ပုံကလေး တကာသစ် မှတ်လိုက်စမ်းပါ....( မှန်ပါ့) ကောသလသံယုတ်မှာလာတယ်... (မှန်ပါ့) အခုလာတာက သဂါထာဝဂ္ဂသံယုတ်ကဟာကို ဟောနေတယ်....(မှန်ပါ့) ကောသလသံယုတ်ကို ဦးလှဘူး နည်းနည်းနားထောင်.... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ ကော သ လ မင်းကြီးက ဘုရားသွားလျှောက်တယ်၊ အရှင်ဘုရား- လူတွေဟာဘုရား- ကိုယ်စားဘို့၊ ကိုယ်ဝတ်ဘို့၊ ကိုယ်တိုက်တည်ဘို့၊ ကိုယ်ကားဝယ်ဘို့ ဆိုပြီး သကာလ ကိုယ့်ကိုယ်ကို သနားလို့ မုသားပြောတယ် လိမ်လည်ကောက်ကျစ် ပစ္စည်းရှာကြတယ်.... (မှန်ပါ့) လိမ်လည်ကောက်ကျစ်ပြီး သကာလ ရှာကြ၊ မုသားတွေသုံးကြ၊ ပရိယာယ်မာယာတွေနဲ့ ဖုံးကြဖိကြ....(မှန်ပါ့ဘုရား)။

စီးပွါးရေး အတွက်နဲ့ သူတို့ ကိုယ့်ကိုယ်ကို သနားလို့ ရှာကြတယ်လို့ ဆိုကြတာဘဲ၊ အဲဒါ သနားရာရောက်ပါသလားလို့ မေးလိုက်တယ်....(မှန်ပါ့ဘုရား)။

စီးပွားရေးအတွက်နဲ့ ပရိယာယ် မာယာတွေနဲ့ ရောင်းကြဝယ်ကြတာ မရှိကြဘူးလားဗျာ....(ရှိပါတယ်) ကိုယ့်ကိုယ်သနား

လို့ကော မထင်ကြဘူးလား... ( ထင်ကြပါတယ် ) ကိုယ့်ကိုယ်ကျေးဇူးဘွဲ့ မွေးဘွဲ့လို့ မထင်ကြဘူးလား .... (ထင်ကြပါတယ်ဘုရား)။

အဲဒါ ကိုယ့်ကိုယ် သနားတဲ့အဖြစ် ရောက်ပါရဲ့လားဘုရား၊ တပည့်တော်ဖြင့် ရောက်မယ် မထင်ဘူးတဲ့...(မှန်ပါ့ဘုရား)။

အေး .... ယော့ တကာကြီးတွေတဲ့ အတိုင်းဘဲ ကိုယ့်ကိုယ်သနားတဲ့ပုဂ္ဂိုလ်ဟာ လိမ်လည်ကောက်ကျစ် ပရိယာယ် မာယာတွေနဲ့ ရောင်းမှု ဝယ်မှုကို လုပ်နေကြမယ် ဆိုလို့ရှိယင် အဲဒါ ကိုယ့်ကိုယ် သနားငြားသော်လဲ သနားရာ မရောက်ဘူးကွတဲ့.... (မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ....တကာတကာမတွေ စီးပွားရှာတာကတော့ ကိုယ့်ကိုယ်သနားလို့တော့ဆိုကြတာဘဲ....(မှန်ပါ့) ဆိုပင်ဆိုကြငြားသော်လဲ သနားရာရောက်ပါရဲ့လား....(မရောက်ပါဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်သနားလို့ ကိုယ့်ကိုယ် ကယ်တင်ချင်တဲ့တရားကို ဘာလုပ်မလဲလို့ မေးတဲ့အခါကျတော့မှ မဂ္ဂင်အလုပ်မှကယ်တင်နိုင်တဲ့ အလုပ်....(မှန်ပါ့) တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်တရားမှ ကယ်တင်နိုင်တဲ့ အလုပ်ပါလိမ့်....(မဂ္ဂင်တရားမှကယ်တင်နိုင်တဲ့ အလုပ်ပါ) မဂ္ဂင်အလုပ်မှ ကယ်တင်နိုင်တဲ့အလုပ်-(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် မဂ္ဂင်အလုပ်သည် ဘယ်ကဲ့သို့ ကယ်တင်တယ်ဆိုတာ ခုနင်က သုပြဟ္မနတ်သား ထောက်ကြပေတော့နော်....(မှန်ပါ့ဘုရား)။

ကဲ....သူပြဟ္မနတ်သားကဖြင့် ခုနစ်ရက်ရှိတဲ့အခါ သူနဲ့တကွ ကျွန်တဲ့နတ်သမီး ငါးရာတို့ပါ အပါယ်သွားရမှာ သေချာပြီး သကာလ နေတာနဲ့ ကိုင်း....တပည့်တော် ကိုးစားရာ အတိတ် အပူလဲ ငြိမ်းတော်မူပါဘုရား။ အနာဂတ် အပူတွေကိုလဲ ငြိမ်း တော်မူပါဘုရား၊ အပါယ်တံခါးလဲ ပိတ်ပေးတော်မူပါဘုရားလို့ သွားလျှောက်တဲ့ အခါကျတော့မှ မဂ္ဂင်အကျင့် မကျင့်ဘဲနဲ့ဖြင့် မရနိုင်ဘူးဟေ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး....(မဂ္ဂင်အကျင့် မကျင့်ဘဲ မရနိုင်ပါ)မဂ္ဂင်အကျင့် မကျင့်ဘဲနဲ့တော့ မရနိုင်ဘူးကွ ဆိုတော့ တကာကြွယ်ရေ ဘုရားဟာ အကောင်းဆုံးနဲ့ အကယ်တင်နိုင်ဆုံးကို ဟောတော့ မယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ဘာပါလိမ့်ဗျာ· (အကောင်းဆုံးနဲ့ အကယ်တင်နိုင်ဆုံးကို ဟောပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ ဘုန်းကြီးကလဲ ထို့နည်းအတူဘဲ အကောင်းဆုံးနဲ့ အကယ်တင်ဆုံး အလုပ်ကို တကာတကာမတွေ သေသေချာချာ ခင်ဗျားတို့ ပေးကမ်းပါတော့မယ် ဆိုတာ ကိုလဲ ဉာဏ်နားနဲ့သာ ခံယူကြပေတော့ဆိုတဲ့ ဥစ္စာဖြင့် လေးစား စွာနဲ့ ပြောပြန်တယ်....(မှန်ပါ့ဘုရား)။

ကဲ....မဂ္ဂင်အလုပ် စတော့မယ် တကာတကာမတို့နော် .... (မှန်ပါ့)ဘာ စမှာပါလိမ့်....(မဂ္ဂင်အလုပ် စမှာပါဘုရား)။

မဂ္ဂင်အလုပ် ဆရာကနည်းပေးတဲ့ အရေး....(မှန်ပါ့) တကာ တကာမတို့က ကျင့်ကြံကြိုးကုတ်တဲ့ အရေး....(မှန်ပါ့ဘုရား)။

နည်းပေးတဲ့ အရေးက ဆရာအရေး....(မှန်ပါ့) ကိုယ့်ကိုယ် ကယ်တင်တဲ့ အရေးက ကိုယ့်အရေး... (မှန်ပါ့) ကိုယ်ပွားများ ရမည့် အရေးပေါ့....(မှန်ပါ့ဘုရား)။

ဒါကြောင့် တကာတကာမတွေ သားကိုစွဲကြောင့် မလုပ်နိုင်ဘူး၊ သမီးကိုစွဲကြောင့် မလုပ်နိုင်ဘူး၊စီးပွားရေးရှုပ်ထွေနေလို့ မလုပ်နိုင်ဘူး၊ စစ်ရိပ် စစ်ငွေ့တွေ သန်းနေလို့ တပည့်တော်တို့မှာ စုရုံးဆောင်းရတဲ့ အရေးကြောင့် မလုပ်နိုင်ဘူးလို့ မရှိလိုက်ပါနဲ့....( မှန်ပါ )ဘာမှ မရှိကြပါနဲ့၊ ကိုယ့်ကိုယ် ကယ်တင်တဲ့ မဂ္ဂင်အရေးသည်သာလျှင် ကိုယ့်အရေးဆိုတာ အဓိကထားပြီး သကာလ ကြိုးစားပါဆိုတာဖြင့် ထပ်ပြန်ဘလဲလဲ တကာကြွယ် တိုက်တွန်းရတယ်....(မှန်ပါ ဘုရား)။

ဦးလှဘူး တိုက်တွန်းသင့်· မတိုက်တွန်းသင့် .... (တိုက်တွန်းသင့်ပါတယ်)ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း .... တကာတကာမတို့ ဒီနေ့ဟာ ပြရမှာလဲ မပြနိုင်တဲ့ အခြေအနေ ရောက်နေတယ်....(မှန်ပါ) အကုန်လဲ မြင်ကြရမှာ မဟုတ်တော့ ဘုန်းကြီးက အားလုံးကို သိစေချင်၊ အားလုံးကို ကျင့်စေချင်တော့ ဩော်... ဒီအရေးသည်ကားလို့ ဆိုလို့ရှိယင် ဖြင့် အားလုံးနှဲဆိုင်တဲ့ အရေးဖြစ်နေတော့ အားလုံးဘဲ ရစေချင်တာ၊ နေရာတွေက အသီးအသီး ကွဲပြီးသကာလ နေတော့ မရနိုင်ဘဲ တကာကြွယ် ဖြစ်နေတယ်....(မှန်ပါဘုရား)။

ဩော်....နက်ဖြန်ကြုံကြိုက်တဲ့ ဒီနေ့ မလာနိုင်တဲ့ပုဂ္ဂိုလ် မမြင်ရသေးတဲ့ပုဂ္ဂိုလ် နက်ဖြန် သေသေချာချာ လာကြ....( မှန်ပါ ) ပြနိုင်တဲ့နေရာကျတော့ တနေရာထဲကျဘော့ ပြသို့ရတယ် .... (မှန်ပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတွေ အခုနှုတ်နဲ့ ပြနိုင်သရွေ့ ပြပါမယ်...(မှန်ပါ) နှုတ်နဲ့ ပြနိုင်သရွေ့ ပြပါလိမ့်မယ်.... (မှန်ပါဘုရား)။

ရှေးဦးစွာ မှတ်ရမှာက တကာတကာမတို့ ကိုယ့်ခန္ဓာကိုယ်ကြီးဟာ ရှိတယ်....(မှန်ပါ့) ရုပ်နဲ့ နာမ်ရှိတယ်.... (မှန်ပါ့) ရုပ်ဆိုတာ တကာတကာမတို့ နာမ်ကခေါင့်နေတယ် .... ( မှန်ပါ့ ) ရုပ်ဇီဝိဘာ, နာမ်ဇီဝိတရယ်လို့ ရှိကြပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို နာမ်တရားဘဲ စိတ္တာနုပဿနာဘဲ ဘုန်းကြီးယနေ့ ရှင်းအောင်ပြောပါမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ကိုယ့်ကိုယ်မှာ မှည့်ရှိတယ်၊ တင်းတိပ်ရှိတယ်၊ နှုတ်ခမ်းမှာ အနာပေါက်နေတယ်၊ ဘယ်နေရာဝက်ခြံဘယ်နေရာမှာ တင်းတိပ်၊ ဘယ်နေရာမှာ မှည့်ကလေး ရှိဘယ်ဆိုတာ သိချင်တော့ တကာတကာမတို့ မှန်ကလေးရှေ့ကထားကြည့်တော့ မသိကြလားဗျာ....(သိပါတယ်ဘုရား)။

အင်း....ဘယ်သူက ပြောပါလိမ့်....( မှန်ကပြောပါတယ် ) မှန်ကပြောတယ်။

ဘာဖြစ်လို့တုံး ကိုယ့်ကိုယ်နဲ့ မှန်နဲ့ ဟပ်လိုက်တဲ့အခါ မှန်က မပြောဘူးလား.. (ပြောပါတယ်ဘုရား) မသေချာဘူးလား-(သေချာပါတယ်ဘုရား)။

ထို့အတူဘဲဘဲ့ ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့ စိတ်ကလေးတွေခင်ဗျားတို့ ဉာဏ်နဲ့ ကြည့်လို့ရှိယင်ဖြင့် ဘာစိတ်ဖြစ်တယ်၊ ဘာစိတ်ဖြစ်တယ်၊ ဘာစိတ်ဖြစ်တယ်ဆိုတာ မသိပေဘူးလား....(သိပါတယ်ဘုရား)။

ခင်ဗျားတို့သန္တာန်ဖြစ်တဲ့ စိတ်ကို ခင်ဗျားတို့ နောက်ကဉာဏ်နဲ့ ဉာဏ်မှန်နဲ့ ထောင်ထောင်ကြည့်တဲ့အခါ ခုနင်က လောဘစိတ် ဖြစ်တယ်၊ ခုနင်က ဒေါသစိတ် ဖြစ်တယ်၊ ခုနင်က ဣဿာ

စိတ် ဖြစ်တယ်၊ ခုနင်က မစ္ဆရိယစိတ် ဖြစ်တယ်၊ ခုနင်က ထိနမိဒ္ဓ ဆိုတဲ့ အိပ်ချင်တဲ့စိတ် ဖြစ်တယ်၊ ခုနင်က စိတ်ဟာ ပျံ့လွင့်တဲ့ စိတ် ဖြစ်တယ်၊ ခုနင်က စိတ်ဟာ ဝိစိကိစ္ဆာ ဖြစ်တယ်ဆိုတာ ဉာဏ်မှန်ပေါ် တင်ကြည့်လိုက်ယင် မသိပေဘူးလား....(သိပါတယ်ဘုရား)။

အဲ....ထိုကဲ့သို့ သိမှာ ဖြစ်လေသောကြောင့် ရှင်သာရိပုတ္တရာက ဟောရှာတယ်၊ သူများစိတ် အကဲခတ်ရတာ မှားသည်ရှိ- မှန်သည်ရှိတဲ့....(မှန်ပါ့)။

သူများစိတ် အကဲခတ်ရတာ ဘာတဲ့....(မှားသည်ရှိ- မှန်သည်ရှိပါဘုရား)။

ကိုယ့် ဖြစ်ပြီးသား စိတ်ကို ကိုယ်အကဲခတ်ရတာကတော့ မှားသေးရဲ့လား....(မမှားပါဘုရား) ဒါဖြင့် ကိုယ့် ဖြစ်ပြီးသား စိတ်ကို ကိုယ်ရှုပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ထမင်းစားချင်တဲ့ လောဘကလေး ပေါ်လာတယ်....(မှန်ပါ့)မစားပါနဲ့ဦး....( မှန်ပါ့ ) ထမင်းစားချင်တယ်၊ ထမင်းဆာတဲ့ လောဘစိတ်ကလေး ပေါ်လာတယ် တကာ တကာမတို့နော်....(မှန်ပါ့)။

ထမင်းစားချင်တဲ့လောဘစိတ်ကလေး ပေါ်တော့ ဘုန်းကြီးက နောက်ကနေပြီး တကာတကာမတို့ အဲဒီ့စိတ်ကလေးကို တွေးစမ်း ရှိ-မရှိ တွေးစမ်းလို့ ခိုင်းလိုက်ဘယ် ..(မှန်ပါ့) ဘယ့်နှယ် တွေးကြမလဲ....(မရှိတော့ပါဘုရား)။

ဒါဖြင့် မရှိတာက အနိစ္စ၊ မရှိမှန်း သိတာက မဂ္ဂ ...(မှန်ပါ့) မရှိတာက....(အနိစ္စပါဘုရား)မရှိမှန်း သိတာက....(မဂ္ဂပါ)အဲဒီ့ မဂ်ဟာ ခင်ဗျားတို့ ကယ်တင်မည့် မဂ်ဘဲ....(မှန်ပါ့)။

ဒီမဂ်ဟာ ဘာတုံး—(ကယ်တင်မည့် မဂ်ပါ) မရှိတာက .... (အနိစ္စပါ) မရှိမှန်း သိတာက....(မဂ္ဂပါ)အဲဒီ့ မဂ်ဟာ ဘာပါ လိမ့်...(ကယ်တင်မည့် မဂ်ပါဘုရား)။

အဲ-'နာညတြ ဗောဇ္ဈာတပသာ' ဗောဇ္ဈာတပသာ=ဗောဇ္ဈင် မဂ္ဂင်အကျင့်ကို၊ အညတြ=ကြဉ်ထား၍၊ ပါဏိနံ=မင်းနဲ့ တကွ.... နတ်သမီး ငါးရာတို့အား၊ သောတ္ထိံ=အပါယ်လေးပါးမှ လွတ် တဲ့ ချမ်းသာရာကို၊ နပဿာမိ=ငါ မမြင်ဘူးကွတဲ့....( မှန်ပါ ) ဒီ မဂ္ဂင်အလုပ်-လုပ်ယင်သာ ငါ မြင်တယ်....(မှန်ပါ)ရှင်းပလား- (ရှင်းပါပြီ)မဂ္ဂင်အလုပ်-မလုပ်ယင်....(မမြင်ပါဘုရား) မမြင်ဘူး ဆိုတာ ဘုရားကတဲ သေသေချာချာ မဟောဘူလား....(ဟော ပါတယ်ဘုရား)။

ကိုင်း.... တကာတကာမတို့ ထမင်းစားချင်တဲ့ စိတ်ကလေး ပေါ်လာတော့ စားပလား-မစားသေးဘူးလား .... (မစားသေး ပါဘုရား)မစားသေးဘူး၊ စားချင်တာကလေး ပေါ်ကာ ရှိသေး တယ်....(မှန်ပါ)။

အဲဒီ့ စိတ်ကလေးကို ရှိ-မရှိ နောက်ကနေ အကဲခတ်စမ်း .... (မရှိတော့ပါဘုရား)မရှိဘာက....(အနိစ္စပါဘုရား) သိတာက.... (မဂ္ဂပါဘုရား)။

အဲ... မဂ္ဂဆိုလဲ ဟုတ်တယ်၊ ဗောဇ္ဈင်ဆိုလဲ ဟုတ်တာဘဲ .... (မှန်ပါ)ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ တရားကလေးဟာက စားချင် တယ်ဆိုတဲ့ စိတ်ကလေးကိုစားချင်တဲ့ စိတ်ကလေး မြင်တာလား၊ စားချင်တဲ့ စိတ်ကလေး၏ ဖြစ်ပျက်မှုကို မြင်တာလား.... (စား

ချင်တဲ့ စိတ်ကလေး၏ ဖြစ်ပျက်မှု မြင်တာပါ)ပေါ်ကြပလား....
တကာကြွယ်....(ပေါ်ပါပြီဘုရား)။

စားချင်တဲ့ စိတ်ကလေးကို မြင်တာလား-ဖြစ်ပျက်မှု မြင်တာလား....(ဖြစ်ပျက်မှု မြင်တာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် ဘာခေါ်ကြမယ်....( အနိစ္စပါဘုရား ) ဖြစ်ပျက် အနိစ္စ၊ အနိစ္စမှန်း သြော်....အနိစ္စရောက်ပြီလို့ သိတာက....(မဂ္ဂသစ္စာပါဘုရား) အဲဒါက ကယ်တင်မည့် တရား....(မှန်လှပါဘုရား)။

မဂ္ဂင်က ဘာပါလိမ့်....( ကယ်တင်မည့် တရားပါဘုရား ) ကယ်တင်မည့် တရားဆိုတာ ပေါ်ကြပလား .... ( ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဘယ်လိုများ ကယ်တင်လိုက်ပါလိမ့်မတုံး ဘုရားလို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

ကယ်တင်ပုံကလေးကို တကာတကာမတို့ နာရီလေးနည်းနည်းကျန်တော့တယ်၊ ဂရုစိုက် နားထောင်လိုက်စမ်း .... (မှန်လှပါဘုရား)။

စားချင်တာသည် တဏှာ...(မှန်ပါ့)စားချင်တယ် ဆိုယင်ဖြင့် မစားရ မနေနိုင်ဘူးဆိုတာက ဥပါဒါန်....( မှန်ပါ )ကျုပ်ဖြင့် ထမင်းအိုးရှိတဲ့နေရာ သွားပါတော့မယ်ဆိုတဲ့ ကာယကံ၊ ဝစီကံ မလာဘူးလား....(လာပါတယ်) ထမင်းဆိုင်ရှိရာ ပြေးပါတော့မယ်ဆိုတဲ့ ကာယကံ, ဝစီကံကော....(လာပါတယ်ဘုရား)။

ကြည့်စမ်း တကာတကာမတို့ စားချင်တဲ့ စိတ်ကလေး တဏှာက နေပြီး တဏှာက ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ဥပါဒါန်

လာသေးရဲ့လား.... ( မလာပါဘုရား ) ကံကော....(မလာပါဘုရား)။

ဒါဖြင့် အပါယ်သွားမည့်ကံ ဘယ့်နှယ် နေသတုံး.... (ပြတ်ပါတယ်ဘုရား) ကဲ....ဘယ်သူက ဖြတ်လိုက်ပါလိမ့် .... (မဂ်က ဖြတ်ပါတယ်ဘုရား)။

ဩော်....ဒါကြောင့် ဘုရားက နာညတြ ဗောဇ္ဈာတပသာ.... (မှန်ပါ့)ဗောဇ္ဈာတပသာ=ဖြစ်ပျက်ကိုမြင်သော မဂ္ဂင်အကျင့်ကို ဗောဇ္ဈင်အကျင့်ကို၊ အညတြ=ကြဉ်ထား၍ (ဝါ) ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ မဂ္ဂင်ကို၊ အညတြ=ကြဉ်ထား၍၊ ပါဏိနံ = မင်းတို့လို သတ္တဝါအပေါင်းတို့အား၊ သောတ္ထိံ=ချမ်းသာရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်လိမ့်မည်ဟု၊ နပဿာမိ=ငါ မမြင်ဘူးတဲ့....(မှန်လှပါဘုရား)။

မဂ္ဂင်အကျင့် ကျင့်ယင် မြင်သပေါ့ဗျာ....( မှန်ပါ့ ) မဂ္ဂင် အကျင့် မကျင့်လို့ရှိယင်... (မမြင်ပါဘုရား)။

ကိုင်း... တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်၊မပြတ် စဉ်းစားစမ်း....(ပြတ်ပါတယ်ဘုရား)။

စားချင်တဲ့ စိတ်ကလေးဟာ တဏှာနော်....(မှန်ပါ့) အဲဒါကလေး ပေါ်လာတာ တကာတကာမတွေက ရှိ-မရှိ အကဲခတ်စမ်း....(မရှိတော့ပါဘုရား)မရှိတာက....(အနိစ္စပါ) သိတာက.... (မဂ္ဂပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဆေးလိပ်ကလေး သောက်ချင်တယ်ဗျာ....ဘာစိတ်ပါလိမ့်.... လောဘစိတ်... (မှန်ပါ့) အဲဒါကလေး ရှိ-မရှိ အကဲခတ်စမ်း.... (မရှိပါဘုရား)မရှိတာက....(အနိစ္စပါဘုရား)မရှိမှန်း သိတာက-

(မဂ္ဂပါဘုရား)ဒီမဂ်က ခင်ဗျားတို့ကို ဘာလုပ်မယ်....(ကယ်တင်ပါတယ်ဘုရား) အပါယ် သွားစေတတ်တဲ့ ကံတွေ လာသေးရဲ့လား .. (မလာပါဘုရား)။

ဒီဟာကလေးကလဲ တခါ စဉ်းစားလိုက်တဲ့ အခါကျတော့ ခုနင်က ဆေးလိပ်သောက်ချင်တဲ့ စိတ်ကလေးဟာ ငါ သောက်ချင်တယ်ဆိုတဲ့ ဒိဋ္ဌိကလေးနဲ့ကော ရှိသေးလား....(မရှိပါဘုရား) ဖြစ်ပျက်မြင်လိုက်ကတည်းက ဒိဋ္ဌိ မကွာသေးဘူးလား....(ကွာပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က နိစ္စနိမိတ်ကို ကင်းစေနိုင်တယ်ဆိုတော့ နိစ္စဒိဋ္ဌိကို ခွါပစ်လိုက်တယ်... ( မှန်ပါ့ )သဘောကျပလား....(ကျပါပြီဘုရား)။

နိစ္စဒိဋ္ဌိကို....(ခွါပစ်လိုက်ပါတယ်ဘုရား) ဒါဖြင့် သက္ကာယဒိဋ္ဌိ မပြုတ်သေးဘူးလား....(ပြုတ်ပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ၊ သိတာက .. (မဂ္ဂပါဘုရား)သေတာက ဥပါဒါန်တို့ ကံတို့ မသေဘူးလား ... ( သေပါတယ်ဘုရား )။

သေတာက ဘာပါလိမ့်....(ဥပါဒါန်တို့ ကံတို့ သေပါတယ်ဘုရား)ဥပါဒါန်တို့ ကံတို့ သေတယ်ဆိုတာ သဘောကျပလား-(ကျပါပြီဘုရား)။

အဲ .. ဥပါဒါန် ကံ သေတော့ ကံကြောင့် ပွါးရမည့် သွားရမည့် အပါယ်ကိုး တကာသစ်ရ....(မှန်ပါ့)သွားရသေးရဲ့လား....(မသွားရပါဘုရား) ဥပါဒါန်ကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဥပါဒါန် ရှိမှသာလျှင် နောင်ဘဝ ပဋိသန္ဓေနေတယ် .... (မှန်ပါ)ကံရှိမှသာလျှင် နောင်ဘဝ ပဋိသန္ဓေနေတယ်--(မှန်ပါ) အခုတော့ ဒီလို နေသေးရဲ့လား... (မနေပါဘုရား)။

အဲ....ဘယ့်နှယ်ကြောင့် မနေပါလိမ့်မတုံး မေးတဲ့အခါကျ တော့ ဖြစ်ပျက်ကို တကာတကာမတွေ့က ဖြစ်ပြီး ပျက်တာ မြင် လိုက်တော့။ဩော်... နဂိုရ်က ငါ စားချင်တာဆိုတဲ့ ဒိဋ္ဌိဟာ ဖြစ် ပျက်ကို မြင်လိုက်တော့ အဲဒီ တွဲနေတဲ့ ဒိဋ္ဌိကလေးဟာ ရှိသေး ရဲ့လား....(မရှိပါ) သေသေချာချာ သဘောပါကြရဲ့လား .... (ပါပါတယ်ဘုရား)။

ဒါ ဒိဋ္ဌိသတ်နေတာနော်....(မှန်ပါ) ဒိဋ္ဌိသတ်တယ်၊ နောက် က ဥပါဒါန် ကံ သတ်တယ်....(မှန်ပါ) ရှေ့ပိုင်းက ဘာသတ် သတုံး....(ဒိဋ္ဌိသတ်ပါတယ်) နောက်ပိုင်းက ဘာသတ်သတုံး.... (ဥပါဒါန် ကံ သတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆေးလိပ်သောက်ချင်တဲ့ စိတ် ကလေးကိုလဲ အကဲခတ်ပါ (မရှိတော့ပါ) မရှိတာက (အနိစ္စ ပါဘုရား)မရှိမှန်း သိတာက....( မဂ္ဂပါ )သဘောပါပါလား ... (ပါပါပြီဘုရား)။

ဒါဖြင့် မရှိတာကလေးဟာ အနိစ္စဆိုသဖြင့် နိစ္စဒိဋ္ဌိ ... သက္ကာယဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါ) ဟော....ဒိဋ္ဌိပြုတ်ပြီ ... (မှန်ပါ)။

ဖြစ်ပျက် ရှုလိုက်တာနဲ့ ဘာပြုတ်သွားသတုံး....( ဒိဋ္ဌိ ပြုတ် သွားပါတယ် )ဒိဋ္ဌိပြုတ်ယင် အပါယ်ရောက်မျိုးစေ့ ဝမ်းထဲ ရှိသေး ရဲ့လား....(မရှိပါဘုရား)။

ဪ....တယ်အဘိုးတန်ပါလား တကာတကာမတို့....(တန်ပါတယ်)အင်မတန် အဘိုးတန်တယ်ဆိုတာ ပေါ်လာကြပလား-(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုနေကြမယ်ဆိုယင် ဒိဋ္ဌိသတ်နေတာဘဲ....(မှန်ပါ)။

ခင်ဗျားတို့ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက် ရှုနေယင်....(ဒိဋ္ဌိသတ်နေတာပါ)ဒိဋ္ဌိသတ်နေတယ်ဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာတုံး....(အနိစ္စပါ)ဒိဋ္ဌိသေတဲ့ အနိစ္စ....(မှန်ပါ) ရှင်းပလား....( ရှင်းပါပြီဘုရား ) ရှုတာက....(မဂ္ဂပါဘုရား)

ဒီ မဂ္ဂက တခါ ဒိဋ္ဌိသာ သတ်သလား- ဒိဋ္ဌိတဏှာသာ သတ်သလား....တကာသစ်ရေ ဥပါဒါန် ကံပါ သတ်သလား.. (ဥပါဒါန် ကံပါ သတ်ပါတယ်ဘုရား)ဥပါဒါန် ကံပါ သတ်တယ်ဆိုတာ ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကို အနိစ္စမြင်လိုက်ယင်ဘဲ နိစ္စဒိဋ္ဌိသေပါပြီ-(မှန်ပါ)ဖြစ်ပျက် အနိစ္စ မြင်လိုက်ယင်....( နိစ္စဒိဋ္ဌိ သေပါပြီ ) နိစ္စဒိဋ္ဌိသေပြီဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာမဂ်ပင် ဖြစ်လကစား ဒိဋ္ဌိမသေဘူးလား....(သေပါတယ်) တဒင် သေတယ်လို့ မှတ်လိုက်ပါ....(မှန်ပါ)တဒင်ဆိုတာ ခဏပေါ့ဗျာ ( မှန်ပါဘုရား ) မသေဘူးလား... (သေပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ တဒင်္ဂသေတယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိက သတ်လိုက်တာ ဒိဋ္ဌိတဒင်္ဂသေတယ်ဆိုတာကော ထင်ရှားပသလား....(ထင်ရှားပါပြီ) ဥပါဒါန် ကံကော တဒင် မသေဘူးလား....(သေပါတယ်ဘုရား)။

ဟာ....တဒင်္ဂဖြင့် သေပြီဘုရာ့....၊တပည့်တော်တို့ ငရဲမျိုးစေ့တခုတော့ဖြင့် သတ်နိုင်တဲ့ နည်းလမ်း ရပါပြီလို့ တကာကြွယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ကိုင်း....ဒါလောက်တောင် ဆိုးဝါးယုတ်မာတဲ့ ဒိဋ္ဌိ ငါအစပျောက်တဲ့ သတ်ပါတော့မယ်လို့ ကြိမ်းဝါးလိုက်ပါ....(မှန်ပါ့) ဒါက တဒင်္ဂဝိပဿနာဉာဏ်နဲ့ သတ်တာ....(မှန်ပါ့)။

ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်မြင်ယင် တဒင် ဝိပဿနာမဂ်နဲ့ သတ်လိုက်တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အဲဒီ ဖြစ်ပျက်တွေကို တကာတကာမတွေက အမြဲတမ်း ရှုပေး....(မှန်ပါ့)ဘယ်စိတ်လာလာ ဖြစ်ပျက် ရှုနေ၁်....( မှန်ပါ့ ) လောဘ လာကော....(ရှုပေးရပါမယ်) ဒေါသ လာယင်....(ဖြစ်ပျက် ရှုရမှာပါဘဲဘုရား) ယုတ်စွအဆုံးဗျာ ကုသိုလ်စိတ်ကလေး လာတာတောင်-(ဖြစ်ပျက် ရှုရမှာပါ)မေတ္တာပို့တဲ့ စိတ်ကလေး လာတာတောင်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဖြစ်ပျက် ရှုပေး၊ အကုန် ရှုပါ တကာတကာမတို့ မရှုယင် မတော်သို့ပါနေ၁်....(မှန်ပါ့)။

ရှုပေးတဲ့၊ နောက်ဆုံးပိတ် ဘာမှ မရှိတောင်မှ လေကို ထွက်အောင် အားထုတ်တဲ့ စိတ်ကလေး ဘာလုပ်ရမတုံး....(ဖြစ်ပျက် ရှုရပါမယ်)လေကို ပြန်ရှိုက်ဘဲ့ စိတ်ကလေးကော....(ဖြစ်ပျက်ရှု

ရပါမယ်)ဖြစ်ပျက် ရှုရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာတုံး....(အနိစ္စပါ)အနိစ္စ ဆိုကတည်းက နိစ္စဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား) ရှုတာက....(မဂ္ဂပါဘုရား)။

မဂ္ဂဆိုသဖြင့် ဥပါဒါန် ကံ မပြတ်သေးဘူးလား....(ပြတ်ပါတယ်) ကံပြတ်ယင် သွားစရာ ရှိသေးရဲ့လား....(မရှိပါ) ဒါက ဝိပဿနာမဂ်နဲ့ ဖြတ်ပုံ....(မှန်ပါ)။

ဒီနေ့တော့ အားလို့ တကာတကာမတွေက လာနိုင်ကြ, ပြုနိုင်ကြတယ်... (မှန်ပါ) နက်ဖြန်ကျတော့ ခင်ဗျားတို့ တကာဒိဋ္ဌိက ဆဲ့တာနဲ့မလာနိုင်တဲ့ ပုဂ္ဂိုလ်တွေက အင်မတန် များကြတယ် (မှန်ပါဘုရား)။

အဲဒီတော့ မလာနိုင်တဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာလဲ ခင်ဗျားတို့ ဆက်ပြီး ရှုပါ.... (မှန်ပါဘုရား)။

အဲဒီ ဖြစ်ပျက်ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း ရှုပြီးသကာလ ဘယ်စိတ်လာလာ ဖြစ်ပျက် ရှုနေ....(မှန်ပါဘုရား)။

ဖြစ်ပျက်ကလေးတွေ ရှုရတာ တပည့်တော်တို့ မုန်းတောင်နေပြီဘုရာ့... (မှန်ပါ) ဖြစ်ပျက်ကလေးတွေ မြင်ရတာ မုန်းတဲ့ ဉာဏ်တောင် လာနေပြီ....(မှန်ပါ) လာလာ-မလာလာ တကာတကာမတွေ ရှုမြဲ ရှုပါ....( မှန်ပါ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နောက်ဆုံးပိတ် ငရဲမျိုးစေ့ အမြစ်နဲ့ တကွ ပြတ်ရအောင် ဆိုတော့ ဒီ ဖြစ်ပျက်တွေကို တကာတကာမတွေက အခုနှစ်ညဏ် ပြီးသွားပြီနော်....(မှန်ပါ့) ဖြစ်ပျက်မြင်တာ ယထာဘူတညဏ်.... (မှန်ပါ့)ဖြစ်ပျက်မုန်းတာက....(နိဗ္ဗိန္ဒညဏ်ပါဘုရား)။

ကဲ....ရှေ့တဆင့် တက်လိုက်ဦး တကာတကာမတို့နော် .... ( မှန်ပါ့ ) ရှေ့တဆင့် တက်လိုက်တဲ့အခါကျတော့ ဖြစ်ပျက် ကလေးတွေကို တကာတကာမတွေ ညဏ်တက်ပေး....(မှန်လှပါ ဘုရား)။

မုန်းပြီးသည့်နောက်ကို မလျှော့နဲ့....( မှန်ပါ့ )ဩော်....ဒါ ဖြစ်ဒုက္ခ ပျက်ဒုက္ခဆိုတာ ဒါဘဲ....(မှန်ပါ့)နောက်ကျတော့ ညဏ် ပြောင်းပေးလိုက်....(မှန်ပါ့) ဖြစ်ဒုက္ခ ပျက်ဒုက္ခဆိုတာ....(ဒါပါ ဘဲဘုရား)ဒါ ဒုက္ခသစ္စာသိတာ....(မှန်ပါ့)။

ဖြစ်ပျက်တွင် သိတာလား ဒုက္ခကို သိတာလား....(ဒုက္ခကို သိ တာပါ)အင်း....ဖြစ်ရတာလဲ ဘာပါလိမ့်....(ဒုက္ခပါ) ပျက်ရတာ လဲ....(ဒုက္ခပါဘုရား)။

အဲဒီ ဒုက္ခကလေးတွေချည့် သိတော့၊ ဩော်....ခန္ဓာကိုယ်ထဲ မှာ ရှောက်ပြီး ကြည့်လိုက်တာ ဒုက္ခချည့် တွေ့ပါသား....(မှန်လှ ပါ) ဒုက္ခချည့် တွေ့ပါလားလို့ မသာပေဘူးလား....(လာပါ တယ်ဘုရား)။

အဲ....ဒုက္ခက ဒုက္ခသစ္စာ၊ တွေ့တာက မဂ္ဂသစ္စာ....(မှန်ပါ့) ဒုက္ခက....( ဒုက္ခသစ္စာပါဘုရား ) တွေ့တာက.... (မဂ္ဂသစ္စာပါ ဘုရား)။

ဒီလိုချည့်ဘဲ တွေ့နေတဲ့အခါကျလို့ရှိယင် မလျှော့နဲ့နော် တကာတကာမတို့… (မှန်ပါ့) မလျှော့ဘဲနဲ့၊ ဪ….ဒုက္ခ အစစ် ဆိုတာ ဒါဘဲကိုး .. (မှန်ပါ့) ဖြစ်တာလဲဒုက္ခ, ပျက်တာလဲဒုက္ခ ဘဲလို့ ပိုင်ပိုင်နိုင်နိုင်သိအောင်လုပ်….(မှန်ပါ့)။

ပိုင်ပိုင်နိုင်နိုင် သိအောင် လုပ်လိုက်တဲ့အခါကျတော့ တကာ တကာမတွေက စိတ်ရှုနေငြားသော်လဲ စိတ်နဲ့ရုပ်နဲ့ သဟဇာတ (မှန်ပါ့)သဟဇာတဆိုတာ တကွဖြစ်တာ….(မှန်ပါ့)စိတ်ချုပ်ယင် ရုပ်ချုပ်သွားမယ်….(မှန်ပါ့) ရိုပ်မိပလား….(ရိပ်မိပါပြီဘုရား)။

စိတ်ချုပ်ယင်….(ရုပ်ချုပ်ပါမယ်ဘုရား) ရုပ်ချုပ်သွားတာဘဲ ဆိုတာ သေချာပလား… (သေချာပါပြီဘုရား)။

အဲဒီတော့ ဒီစိတ်တွေ ဒီဒုက္ခသစ္စာကြီးဖြင့် ဖြစ်ဒုက္ခ, ပျက် ဒုက္ခကြီးဖြင့်၊ဪ….မရချင်တော့ဘူး၊ စိတ်ထဲမှာ ရင့်လာပြီ…. (မှန်လှပါဘုရား) ရှုတဲ့ဉာဏ် မရင့်ပေဘူးလား…. (ရင့်ပါတယ် ဘုရား)။

ထိုကဲ့သို့ ရှုတဲ့ဉာဏ် ရင့်လာလို့ရှိယင်ဖြင့် ဖျတ်ဆို ခင်ဗျား တို့ ဖြစ်ပျက်ကို ရှာမတွေ့တော့ဘူး….(မှန်လှပါ)။

ဘာရှာမတွေ့သတုံး… (ဖြစ်ပျက်ရှာမတွေ့ပါဘုရား) ဒုက္ခလဲ ပိုင်းခြားပြီးပါရော၊ ပိုင်ပိုင်နိုင်နိုင်သိပါရော တကာတကာမတို့ ဖြစ်ပျက်ရှာတွေ့သေးရဲ့လား-(မတွေ့ပါဘုရား) အဲဒါ ဖြစ်ပျက် ဆုံးတာ (မှန်ပါ့) ရှင်းလေလား….(ရှင်းပါပြီ) ဖြစ်ပျက်ဆုံးတာ သည် ဒုက္ခဆုံးတာ….(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတာသည်ဘာပါလိမ့်…. (ဒုက္ခဆုံးတာပါဘုရား) ဟာ….ဒုက္ခဆုံးတာ ဘာခေါ်ကြမယ်… (နိဗ္ဗာန်ပါဘုရား)။

အဲဒီ ဒုက္ခလဲ ဆုံးပါရော၊ ဪ....ဆုံးပေါ့-ဆုံးပေါ့၊ ဒုက္ခတွေ ဆုံးပေါ့ဆိုပြီးသကာလ ခင်ဗျားတို့ ကြည့်သာနေ၊ ကြည့်နေတဲ့အခါကျလို့ရှိယင်ဖြင့် ဒုက္ခဆုံးတာက နိဗ္ဗာန်၊ ကြည့်နေတာက ပစ္စဝေက္ခဏာဉာဏ်....(မှန်ပါ့)။

ဒုက္ခဆုံးတာက.... ( နိဗ္ဗာန်ပါဘုရား ) ကြည့်နေတာက.... (ပစ္စဝေက္ခဏာဉာဏ်ပါဘုရား)။

အဲဒီဉာဏ်ရတော့ ဪ....မဂ်ဉာဏ်လဲပြီးပြီ၊ ဖိုလ်ဉာဏ်လဲ ပြီးပြီ...၊ ပစ္စဝေက္ခဏာဉာဏ်လဲ ပြီးပြီ...ဆိုတော့ ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာ အထူးပြုတ်စရာမလို၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ တွဲပြုတ်သွားတယ်....(မှန်ပါ့)။

အဲဒီလို ပြုတ်သွားတော့ ခုနင်က သုဗြဟ္မနတ်သားမှာလဲ ဒီအတိုင်းလုပ်လို့ တကာတကာမတို့ သွားရမည့်လမ်း သေချာပြီးသားတောင် နတ်သမီးငါးရာနဲ့ သုဗြဟ္မနတ်သား သေတာပန် တည်တယ်၊ မဂ်က ကယ်တင်လိုက်တာ....(မှန်လှပါဘုရား)။

သွားရမှာ သေချာသလား၊ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) သူများပြောလား..၊ သူတို့ကိုယ်တိုင် မြင်ပြီးသားလား.... ( သူတို့ကိုယ်တိုင် မြင်ပြီးသားပါဘုရား ) အဲဒါတောင် ကယ်တင်နိုင်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတို့ ခင်ဗျားတို့ ဖြစ်ဒုက္ခ ပျက်ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ တခါဘည်း ဆုံးအောင်သာ လိုက်ပစ်လိုက်....(မှန်ပါ့) ဒါကြီးနဲ့ မနေချင်တော့ဘူးဆိုယင် မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား) ဆုံးတာသည် ဘာခေါ်ကြ

မယ်... (နိဗ္ဗာန်ပါဘုရား) ဆိုးတာကို မြင်တာသည်....(မဂ်ဉာဏ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ မဂ်ဉာဏ်သည် ဒိဋ္ဌိဝိစိကိစ္ဆာဆိုတဲ့ ငရဲမျိုးစေ့ကိုအကုန်သတ်နိုင်တဲ့ဉာဏ် ဖြစ်လေသောကြောင့် တကာတကာမတို့မဂ္ဂင်မှတပါး ကယ်မည့် ယူမည့်လူ မရှိဘူးဆိုတာ သဘောပလား....(သဘောပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာရှုကြမလဲ... လို့မေးယင် ဘယ့်နှယ်ဖြေကြမလဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ကိုယ့်စိတ်ထဲ ပေါ်တိုင်း ပေါ်တိုင်း ဘာတုံး... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဘာစိတ်ပေါ်ပေါ် ဘာလုပ်ကြမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဘာစိတ်ပေါ်ပေါ် ပုထုဇန်ဟာ ပုထုဇန်စိတ်ဘဲ ပေါ်မယ်-( မှန်ပါ ) တခြားစိတ်ကို ရှုစရာလဲ မရှိပါဘူးဆိုတာ သဘောပလား....(သဘောပါပြီဘုရား)။

ဒါဖြင့် ပုထုဇန်စိတ် ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒါဖြင့် ပုထုဇန်စိတ်က ဖြစ်ပျက်၊ ရှုတာက....(မဂ်ပါဘုရား)။

ပုထုဇန်စိတ် ပေါ်တိုင်း ပေါ်တိုင်း ပုထုဇန်စိတ်က(ဖြစ်ပျက်ပါဘုရား) ရှုတာက.... (မဂ်ပါဘုရား) သဘောကျပလား ....(ကျပါပြီဘုရား) သေတာက ဒိဋ္ဌိတဏှာ....(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... သုပြဟ္မနတ်သားနဲ့ နတ်သမီးငါးရာ ဒီအတိုင်းရှုလိုက်တာနဲ့ တကာတကာမတို့ ဘုရားက ဒါမှတပါး အားကိုးရာ မရှိဘူးကွ....ဆိုပြီး ရှုလိုက်တာနဲ့ သွားရမည့်ငရဲ သေချာပြီးသားကို မဂ်က ကယ်တင်လိုက်တာနဲ့ နတ်သမီးငါးရာလဲ့ သော

တာပန်တည်တယ်၊ နတ်သားလဲ သောတာပန်တည်တယ်၊ သွား ရသေးရဲ့လား....(မသွားရပါဘုရား)။

တကာသိုက်တို့ - တကာသစ်တို့ သေသေချာချာ စဉ်းစား သေချာပြီးသား ကယ်တင်နိုင်တာလဲ မဂ္ဂင်ဘဲ....(မှန်ပါ့)။

တကာကြွယ် ဘာပါလိမ့်....(ငရဲ သေချာပြီးသား ကယ်တင် နိုင်တာ မဂ္ဂင်ပါဘုရား)။

သေချာပြီးသားတောင် ကယ်တင်နိုင်တယ်ဆိုတော့ ဒီတကာ တကာမတွေ မသေချာသေးပါဘူး... (မှန်ပါ့) သွားရမှာတော့ ဖြင့် ခင်ဗျားတို့ မဂ္ဂင်အလုပ်မလုပ်ယင်တော့ သွားရမှာဘဲ... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ့်ကိုယ်သနားသဖြင့် ကယ်တင်ကြပါ.... (မှန်လှပါ) ဘယ့်နှယ်တဲ့.... ( ကိုယ့်ကိုယ် သနားယင် ကယ်တင် ကြပါဘုရား)။

ဟာ... ဘုန်းကြီးပြောတော့ အလွယ်ကလေး၊ ကိုယ်လုပ်တော့ ခက်တယ်ဘုရာ့၊ ဖြေးဖြေးမှ လုပ်တော့မယ်ဆိုတော့ ဖြေးဖြေးမှ ကယ်တင်တော့မယ် အခိပ္ပါယ်ရတယ်.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဖြေးဖြေးမှ ကယ်တင်တော့ အသေကစောတော့ အပါယ် ရောက်မသွားပေဘူးလား.... (ရောက်ပါတယ်ဘုရား) အဲဒီတော့ ကယ်တင်နိုင်တဲ့ဉာဏ်ကလေးက အပါယ်ကျတော့ ပေါ်ပါဦး မလား....(မပေါ်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ကိုယ့်စိတ်ကိုယ်ရှုပါ.... (မှန်ပါ့ဘုရား) ဝိပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ်ကိုယ် ရှုတာပါဘုရား)။

ကိုယ့်စိတ်ကို ၁-နံပါတ်ကို ၂-နံပါတ်နဲ့ရှု.... (မှန်ပါ့ဘုရား) ၁-နံပါတ်က ဖြစ်ပျက်၊ ၂-နံပါတ်က မဂ်....(မှန်ပါ့)ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုစမ်းပါ....(မှန်ပါ့) သေချာပလား.... (သေချာပါပြီဘုရား)။

ရှေ့စိတ်ကို.... (နောက်စိတ်နဲ့ ရှုရပါမယ်ဘုရား) အဲ....ရှေ့စိတ်က ဖြစ်ပျက်၊ နောက်စိတ်က မဂ်ဘဲ....(မှန်ပါ့)။

ရှေ့စိတ်က ...(ဖြစ်ပျက်ပါဘုရား) နောက်စိတ်က.... (မဂ်ပါဘုရား)။

အဲဒီမဂ်ရလို့ရှိယင်ဖြင့် ဒုက္ခအဆုံးပါ မြင်အောင်ရှုပေတော့ (မှန်လှပါ) ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်ဆုံးတာက ဘာဆိုကြမယ်....(နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါ မြင်အောင်သာ လိုက်လို့ရှိယင်ဖြင့် နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာက ခင်ဗျားတို့ကို ရှေးက ပြုထားတဲ့ အကုသိုလ်တွေကိုလဲ သူတို့က ဖြတ်ပေးလိုက်တယ်.... (မှန်ပါ့) ယခု မသိ မလိမ္မာလို့ ဒိဘဝ မိုက်မဲထားတာတွေကော.... ( ဖြတ်ပေးပါတယ်ဘုရား ) အနာဂတ် မိုက်လတ္တံ့တွေကော....(ဖြတ်ပါတယ်ဘုရား)။

အဲဒါကြောင့်.... ခင်ဗျားတို့ နောက်က မိုက်ပြစ်တွေကိုလဲ ဖြေဖျောက်နိုင်တာ မဂ္ဂင်.... (မှန်ပါ့) မိုက်ဆဲတွေ ဖြေဖျောက်နိုင်တာလဲ.... ( မဂ္ဂင်ပါဘုရား ) မိုက်လတ္တံ့တွေ ဖြေဖျောက်ကယ်ယူနိုင်တာလဲ.... (မဂ္ဂင်ပါဘုရား)။

အဲဒီတော့ အမိုက်ဆုံးမျိုးကို ခင်ဗျားတို့ ကယ်ယူပို့ဆောင်နိုင်တာကဖြင့် မဂ္ဂင်ဘဲ ရှိသောကြောင့် မဂ္ဂင်အလုပ်မှ တပါးအားကိုးစရာမရှိဘူးဆိုတာ သေသေချာချာမှတ်ပြီး ကိုယ့်စိတ်ကိုယ် ရှုပါ....(မှန်ပါဘုရား)။

ကိုင်း.... ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
( သဿတ, ဥစ္ဆေဒ ကင်းစင်ရေး )

# နေ့အလုပ်ပေး-တရားတော်

( ၅-၈-၆၁ )

အိုဘေး, နာဘေး,သေဘေးတွေနဲ့ အပေါ်လုပ်ပြီးသကာလ နေရခြင်းသည် ဆိုးဝါးသော အပြစ်သင့်တာဘဲဆိုတာမှတ်ထား ကြပါနော်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ အမြဲတမ်း အပေါ်လုပ်ရတာက သား သမီး,ခင်ပွန်းနဲ့ ဆိုတာကတော့ သားသေတယ်, ခင်ပွန်းပျက်စီး တယ်၊ ခင်ပွန်းမ ပျက်စီးတယ်လို့ ကွဲရတယ်, ခွာရတယ်ဆိုတာက တော့ ရှိပါသေးတယ်နော်.... ( မှန်ပါ့ ) တကယ်တမ်း အပေါ် အမြဲလုပ်နေရတာ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အိုဘေး,နာဘေး, သေဘေးနဲ့တော့ ခွဲလို့ကိုမရဘူး .... (မှန်ပါ့ ဘုရား)။

အိုဘေး,နာဘေး, သေဘေးနဲ့တော့.... ( ခွဲလို့မရပါ )ခွဲလို့ မရဘူးဆိုတဲ့ဥစ္စာ တကာတကာမတွေ ထင်ရှားနေတော့ အိုဘေး နာဘေး, သေဘေးကို ခွဲမရအောင် တပည့်တော်တို့ဘယ်သူများ

လုပ်ပါလိမ့်မလဲဆိုတဲ့ လက်သည်ရှာဘို့ တကာကြွယ် အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ဒီလက်သည်ကို ရှာမတွေ့သ၍ ကာလပတ်လုံး သစ်ပင်အမြစ် ရှာမတွေ့လို့ အစအဆုံးဆိုသလိုဘဲ သတ်မှုဖြတ်မှု မပြီးနိုင်သလို ဒီမှာလဲ တကာတကာမတို့ အိုဘေး, နာဘေး, သေဘေးကိုဒီဘဝ ရောက်ပြန်လဲ အိုရချေသေး, နာရချေသေး, သေရချေသေး .... (မှန်ပါ့)နောက်ဘဝ ရောက်ပြန်တော့လဲ အိုရချေသေး, နာရချေသေး, သေရချေသေး၊ဒါဘဲ ညည်းနေရတယ်.... (မှန်ပါ့ဘုရား)။

ရှေးလူကြီးတွေမှာ ဒါဘဲ ညည်းလုံးထုတ်နေတယ်....(မှန်ပါ့) အိုဘေးမှလွတ်ရချေသေး၊နာဘေးမှ လွတ်ရချေသေး၊ သေဘေးမှ လွတ်ရချေသေးတော့ တကာကြွယ် မကြားဘူးပါဘူး....(မကြားဘူးပါဘုရား)။

ထိုကဲ့သို့ မကြားဘူးတာသည်တဲ့ အိုဘေး လွတ်ကြောင်း ဖြစ်တဲ့ အလုပ်ကို မသိလို့.... ( မှန်ပါ့ ) နာဘေးလွတ်ကြောင်း အလုပ်ကို....(မသိလို့ပါ) သေဘေးလွတ်ကြောင်း အလုပ်ကို.... (မသိလို့ပါဘုရား)။

အဲ... ဒီတခါတော့ဖြင့် အားလုံး တကာတကာမတွေ အိုရချေသေးနာရချေသေး,သေရချေသေးကိုအိုခြင်းမှလွတ်တဲ့အလုပ်ပါလား၊ သေခြင်းမှ လွတ်တဲ့အလုပ်ပါလား၊ နာခြင်းမှလွတ်တဲ့ အလုပ်ပါလားလို့ ဆိုတာကို ရှုတ်ရအောင် တကာတကာမတွေ အမြစ်ဖြတ်ပေးမယ်တဲ့၊ အိုဘေး, နာဘေး, သေဘေး၏အမြစ်ကို ဖြတ်ပေးလိုက်လို့ရှိယင် အိုဘေး,နာဘေး, သေဘေး ကြောက်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ယနေ့တရားမှာ ဒိဋ္ဌိပြုတ်ရမည့် တရားဖြစ်နေသောကြောင့် ဒိဋ္ဌိကြောင့် ငါ့သားနဲ့ မခွဲချင်, ငါ့သမီးနဲ့မခွဲချင်, ငါ့ကိုယ်နဲ့ မခွဲချင်ဆိုတဲ့ ဒိဋ္ဌိတဏှာတွေသည် တတာတကာမတို့ ရေသောက်မြစ်ပါဘဲ....(မှန်ပါ့ဘုရား)။

ဒီရေသောက်မြစ်တို့ကို တကာတကာမတို့ သန္တာန်မှာရှိတဲ့ ဆရာသမားပေးတဲ့နည်း၊ ဘုရားဟောတော် မူတဲ့နည်းဟူသော မဂ်ဉာဏ်ဓါးနဲ့မှ မဖြတ်ကြတော့ဘူး ဆိုလို့ရှိယင်ဖြင့် အိုရချေသေး၊ နာရချေသေး၊ သေရချေသေး၊ တည်းတည်းညည်းနေရမှာဘဲ... (မှန်ပါ့ဘုရား)။

မဂ်ဓါးနဲ့ ဖြတ်လိုက်ပြီဆိုမှဖြင့်လဲ အိုဘေးဖြင့် လွတ်ရပေပေါ့....(မှန်ပါ့) နာဘေး, သေဘေး, အပါယ်ဘေးဖြင့် လွတ်ရပေပေါ့ဆိုတာ တကာတကာမတို့ ပြုံးနိုင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် အိုဘေး, နာဘေး, သေဘေး၏ ရေသောက်မြစ် ဘယ်သူပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ဝိပ္ပလ္လာသ ဆဲ့နှစ်ပါး....(မှန်ပါ့ဘုရား)။

ဘယ်သူပါလိမ့် .. (ဝိပ္ပလ္လာလ ဆဲ့နှစ်ပါးပါ)သေသေချာချာ ဒီနေ့နာကြတဲ့ တကာတကာမတွေကျတော့ သူ့အစဉ်နဲ့သူ သွားပြီးသကာလ ဖြတ်လုံး ပြတ်လုံးတွေနဲ့ပါမှာ ဖြစ်လေသောကြောင့် တကာကြွယ် အင်မတန် အဘိုးတန်ပါတယ်နော် .... (တန်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အိုဘေး, နာဘေး, သေဘေး၏ ရေသောက်မြစ်သည် ဘယ်သူပါလိမ့်မတုံး မေးတဲ့

အခါကျတော့မှ ဝိပ္ပလ္လာသဆဲ့နှစ်ပါး.... (မှန်ပါ့)ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

အိုဘေး, နာဘေး,သေဘေး၏ ရေသောက်မြစ်....(ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးပါဘုရား)။

အေး....ဒါကြောင့် ဝိပ္ပလ္လာသသာ=ဝိပ္ပလ္လာသဆိုတာ တကာ တကာမတွေ မြန်မာသိုမှုဟ်လိုက်တော့ ဖေါက်ပြန်မှုလို့မှတ်ပါ- ( မှန်ပါ့ ) ဖေါက်ပြန်မှုဆိုတာ ပင်ကိုယ်သဘော မဟုတ်ဘူး၊ အမှားတွေကို အထင်အမြင်လွဲမှုကို ဆိုပါတယ်(မှန်ပါ့ဘုရား)။

အမှားတွေ အထင်အမြင်လွဲမှု ဆိုပါတယ်.... (မှန်ပါ့) အဲဒါ စာလိုသုံးတော့ တကာကြွယ်တို့၊ ဦးလှဘူးတို့ ဝိပ္ပလ္လာသလို့ ခေါ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် ဝိပ္ပလ္လာသ ရေသောက်မြစ်သည်ကားလို့ ဆိုလို့ရှိယင် ဝိပ္ပလ္လာသဘဲ၊ ဝိပ္ပလ္လာသသည် ဘယ့်နှယ်ကြောင့် ဝိပ္ပလ္လာသ ရေသောက်မြစ်ကြီးဟာ ငါတို့ထံ၌ သန်ရ, ထွားရ, ကြီးရပါလိမ့်မလဲ့ မေးလို့ရှိယင်ဖြင့် ခန္ဓာကို အမှန်မသိလို့ဘဲ (မှန်ပါ့ဘုရား)။

ဘာပါလိမ့်....(ခန္ဓာကို အမှန်မသိလို့ပါ)ခန္ဓာကို အမှန်မသိ လို့ ဖြစ်ရခြင်းဖြစ်ပါတယ်ဆိုတာ ဦးလှဘူးတို့၊ တကာကြွယ်တို့ သေသေချာချာမှတ်ကြပါနော်....(မှန်ပါ့ဘုရား)။

ဒီသုံးခုကို ပယ်သွားတဲ့ ပုဂ္ဂိုလ်များကျတော့ ခန္ဓာကိုအမှန် အားဖြင့် မှတ်မိပါပြီ၊ အမှန်အားဖြင့် သိပါပြီ၊ အမှန်အားဖြင့် ယူမိကြပါပြီလို့ ဆိုတော့လဲ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန် ကြီးကို အရောက်ကြီး ရောက်သွားကြတယ် ဆိုတဲ့ဥစ္စာ တကာ သစ် ငြင်းဘို့မလိုတော့ဘူး....(မလိုပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့တကာတကာမတွေကော ဝိပ္ပလ္လာသဖြင့် မပယ်ယင်မဖြစ်တဲ့ တရား ၄ါတို့ အိုဘေး၊နာဘေး၊သေဘေးနဲ့ အဖော်လုပ်နေတာ သူဘဲဟ ဆိုတဲ့ဥစ္စာ လက်သည်ဖြင့် မိပါပြီ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပ္ပလ္လာသစ၊ကြစို့-တဲ့၊ဝိပ္ပလ္လာသဟာ ဘယ်ကလာပါလိမ့်မတုံး ဆိုတော့ ခန္ဓာအမှတ်မှားမှု၊ ခန္ဓာအသိမှားမှု၊ ခန္ဓာအယူမှားမှု ဒီကလာတယ်လို့ မှတ်လိုက်တာပေါ့.. (မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသ ဘယ်ကလာသတုံလို့ မေးလို့ရှိယင် ခန္ဓာအမှတ်မှားမှု .... (ခန္ဓာအသိမှားမှု ခန္ဓာအယူမှားမှုက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အမှတ်မှား အသိမှားက တကာကြွယ်ဿာတော့တာဘဲဆိုတာ တသံသရာလုံး ပေါ်တယ် .... (မှန်ပါ့ဘုရား)။

ဒါကြောင့် တသံသရာလုံး ဒီအမှားမပြင်ခဲ့လို့ တံတိုင်းကြီးတွေဟာ ထူထပ်နေတယ်ဆိုတာလဲ မနေ့ကပြောပြီးပြီ (မှန်ပါ့) ဘုရားတွေမဝင်နိုင် တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မဝင်နိုင်အောင် ထူထပ်ဝိုင်းဝန်းပြီး သကာလ အုပ်မိုးထားတဲ့ အတွက်ဤကဲ့သို့သော တကာတကာမတွေမှာ သံသရာ့ ကောင်ကြီးထဲမှာ အိုဘေး၊နာဘေး၊သေဘေးနဲ့ဘဲ အဖော်လုပ်ပြီး နေရတယ် (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ့်အရုပ်ဆိုး ကိုယ်သိမှ တကာတကာမတို့ ကိုယ်ပြင်ချင်တဲ့စိတ် ပေါ်ပေါက်မယ် ဆိုတာကော ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ကိုင်း .. ဒါဖြင့် ပြကြပါစို့ တကာတကာမတို့၊ ဟောဒါက ရှထားတဲ့ ခန္ဓာငါးပါး ... (မှန်ပါ့ဘုရား)။

ရှေ့မှာ ချထားတာ ဘာပါလိမ့်....(ရှထားတဲ့ ခန္ဓာငါးပါး ပါဘုရား) ခန္ဓာငါးပါးဆိုတော့ တခြားလို့မယူပါနဲ့။ လက်ရှိ ခန္ဓာငါးပါးလို့ ယူလိုက်ပါနော်....(မှန်ပါ့ဘုရား)။

ဘာပါလိမ့်....(လက်ရှိခန္ဓာငါးပါးပါ) လက်ရှိခန္ဓာငါးပါး သိတဲ့အခါ လက်ရှိခန္ဓာငါးပါး အပေါ်၌ တကာတကာမတို့ ခန္ဓာငါးပါးဟာ အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့ အခါ ကျတော့ တဲပဘာကြွယ်ရေ အနိစ္စတရားလို့ သိရမယ် .... (မှန်ပါ့ ဘုရား)။

အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့ အခါကျတော့ .... (အနိစ္စတရားလို့ သိရပါမယ်ဘုရား)။

တခါ အရိယာမျက်လုံးနဲ့ဘဲ ဆက်လက်ပြီး ကြည့်လိုက်ပြန် တော့ ဒုက္ခတရားလို့လဲတွေ့ရပြန်တယ်....(တွေ့ရပါတယ်ဘုရား)။

၎င်းခန္ဓာငါးပါးကို တခါဆက်ပြီး အရိယာမျက်လုံးနဲ့ဘဲ ကြည့်လိုက်ပြန်တော့၊ ဩော် .... အစိုးမရတဲ့ အနတ္တတရားပါ လားလို့လဲ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးကို တခါ အရိယာမျက်လုံးနဲ့ဘဲ တပ်ကြည့် လိုက်ပြန်တော့ သုံးဆဲ့နှစ်ကောဋ္ဌာသ အသုဘတရားပါလား လို့လဲ ပေါ်လာပြန်တယ် (မှန်ပါ့ဘုရား)။

ဒါက ဘယ်မျက်လုံးတပ်မှပါလိမ့် ....(အရိယာမျက်လုံးတပ်မှ ပါဘုရား)အဲဒါကြောင့်"အဿုတဝါပုထုဇ္ဇနော"အဿုတဝါ= အကြားအမြင်မရှိတာဟာ၊ ပုထုဇ္ဇနော=ပုထုဇဥ်ဘဲ.... ( မှန်ပါ့)

သုတဝါ အရိယသာဝကောဇတဲ့၊ အကြားအမြင်ရှိလို့ ရှိယင် အရိယာတို့၏ တပည့်ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

အကြားအမြင်ရှိယင်.... (အရိယာတို့၏ တပည့်ဖြစ်ပါတယ်) အရိယာတို့၏ တပည့်ဖြစ်ပါသည် ဆိုတော့ ယနေ့ဘုန်းကြီးများသည် ဘုန်းကြီးတို့လဲ အရိယာတို့၏ တပည့်၊ ဒီတကာတကာမတွေလဲ အရိယာတို့၏တပည့်ဖြစ်တော့မှအရိယာမျက်လုံးကလေး တပ်ပြီးသကာလ ရှင်းလင်းသွားပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဂရုစိုက်ပြီးသကာလ၊ ဩော်....ငါတို့ဒီနေ့ ဆရာဘုန်းကြီးက ဘာကိုလက်ဆောင် ပေးနေပါလိမ့်မတုံး မေးတဲ့ အခါကျမှ အရိယာမျက်လုံး တပ်ပေးသည်လို့ အောက်မေ့ရမယ်နော်....(မှန်ပါ့ဘုရား)။

ဘာတပ်ပေးမှာတုံး ... ( အရိယာမျက်လုံး တပ်ပေးမှာပါ ဘုရား )။

ကိုင်း....ဒါဖြင့် ဒီခန္ဓာငါးပါးကြီးကို တကာတကာမတွေက အလုပ်တော့ဖြင့် နောက်မှဘဲ ပြမယ်၊ ဒိဋ္ဌိခွာပြီးမှဘဲ ပြမယ်၊ အရိယာမျက်လုံး တပ်ပုံကလေးဘဲ ရှေ့ပိုင်း ထားလိုက်ပါ တော့တဲ့။

အနိစ္စတရားကို အဿုတဝါ ပုထုဇ္ဇနော ဖြစ်ခဲ့လို့ရှိယင် အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဖြစ်ခဲ့လို့ ရှိယင်ဖြင့် ခန္ဓာငါးပါးကို နိစ္စလို့စွဲမြဲတယ်လို့ မှတ်တဲ့ အမှတ်မှားလာပါတယ် .... (မှန်ပါ့ ဘုရား)။

အဿုတဝါ ပုထုဇ္ဇနော ဆိုတာက အကြားအမြင်မရှိတဲ့ ပုထုဇန်၊ အနိစ္စခန္ဓာကိုယ်ကြီးကို နိစ္စလို့မှတ်တယ် ....( မှန်ပါ့ )

တခါ နိစ္စလို့ဘဲ သူ့အသိကသဲသိပြန်တယ်....(မှန်ပါ့)နိစ္စလို့ဘဲ သူဆုံးဖြတ်ချက်ချပြီးသကာလ အယူကလဲ ယူပြန်တော့၊ ဩော် အနိစ္စခန္ဓာကိုယ်ကြီးကို နိစ္စလို့မှတ်- နိစ္စလို့သိ- နိစ္စလို့ယူထား ပြန်တော့ ဝိပ္ပလ္လာသသုံးပါး မပေါ်လာဘူးလား.... (ပေါ်လာ ပါတယ်ဘုရား)။

ကောင်းပြီ ၎င်းခန္ဓာကိုယ်ကြီးကိုဘဲ ဘုရားက"သင်္ခါရာ ဒုက္ခာ" ဟောပါလျက်သားနဲ့ ပုထုဇန်မျက်လုံး အဿုတဝါ ပုထုဇ္ဇနော ဆိုတဲ့အတိုင်း အကြားအမြင်မရှိတဲ့ ပုထုဇန်မျက်လုံး နဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ဒုက္ခကို သုခလို့မှတ်တဲ့ အမှတ်မှား လာတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာကြီးကို ဘာမှတ်ထားသလဲ .... (သုခလို့မှတ်ပါတယ်)သုခလို့ အမှတ်မှားပြီးလာတယ်၊ သုခလို့ အသိမှားကကော .... ( လာပါတယ် ) သုခလို့ သူနဲ့နေရတာ ချမ်းသာလိုက်တာဆိုတဲ့ အယူမှားကြီးကကော.... (လာပါတယ် ဘုရား)။

ဩော်..ဒါက အဿုတဝါ ပုထုဇ္ဇနော(မှန်ပါ့)အဿုဘဝါ အကြားအမြင်မရှိတဲ့၊ ပုထုဇ္ဇနော = ပုထုဇန်ပုဂ္ဂိုလ်ဘဲ ဆိုတော့ တကာကြွယ်ရေ အကြားအမြင်မရှိတာ တယ်ဆိုးပါလား .... (ဆိုးပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူတော် ဆည်းကပ် မြတ်တရားနာ ဆိုတဲ့ အတိုင်း သူတော်ကောင်းဆည်း ကပ်ပါမှ မြတ် တ ရား နာ ပါမှ၊ လျော်စွာကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့် .... ကေန်သာ- ဆိုတဲ့အတိုင်း ပုဏ္ဏားကြီးဟောတဲ့ နေရာ

ဌာနမှာတဲ့၊ မင်းဟာ သူတော်ကောင်းဆည်းကပ်မှ အရိယာတို့၏ မျက်လုံးရမှာကွ ဆိုတာများ မမှန်ဘူးလား .... (မှန်ပါတယ် ဘုရား)။

ကိုင်း... တခါ ခြောက်ပါးတော့ သိသွားပြီတဲ့၊ ခန္ဓာကိုယ်ကြီးက "သဗ္ဗေဓမ္မာ အနတ္တာ"လို့ ဘုရားကလဲဟောတယ် .... (မှန်ပါ) ဟောချင်လို့ ဟောရတာလား အနတ္တမို့ အနတ္တလို့ ပြောတာလား....(အနတ္တမို့ အနတ္တလို့ပြောတာပါဘုရား)။

အနတ္တမို့ အနတ္တလို့ပြောတာ တကာသစ်ရေ၊ အဲဒါကို အသာတဝ ပုထုဇ္ဇနော က အကြားအမြင် မရှိတဲ့ ပုထုဇဉ်က ဒါ ငါဘဲဆိုတဲ့ ငါဟူသောအမှတ်ထားပြန်တယ်....( မှန်ပါ ) ငါ့ခန္ဓာလို့ဘဲ သိပြန်တယ်....(မှန်ပါ) ခိုင်မြဲတယ်လို့လဲ ယူပြန်တယ်....(မှန်ပါ) ဒီတော့ အနတ္တကို အတ္တလို့မှတ်တဲ့ အမှတ်မှား အသိမှား အယူမှားတွေကကော သုံးချက်မလိုက်ဘူးလား .... (လိုက်ပါတယ်) အင်း....ဒါဘယ်သူပါလိမ့်ဗျာ .... (ဝိပ္ပလ္လာသ သုံးပါးပါဘုရား)။

ဝိပ္ပလ္လာသသုံးပါးတော့ ဟုတ်ပြီတဲ့ ဘယ်ပုဂ္ဂိုလ်လဲ ဆိုတော့ အသာတဝ ပုထုဇ္ဇနော ... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဘာတဲ့တုံးဗျာ....(အသာတဝ ပုထုဇ္ဇနောပါ)အသာတဝ = အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော=ပုထုဇန်ပုဂ္ဂိုလ်....(မှန်ပါ) အင်း .... အကြားအမြင်မရှိတဲ့ ပုထုဇန်ပုဂ္ဂိုလ်၏ ဖြစ်စဉ်ကဖြင့် တကာတကာမတွေ သိတဲ့အတိုင်း အခု အလွဲကိုးပါး ရှိထားတယ်....(မှန်ပါဘုရား)။

ကဲ.... ဒီခန္ဓာကိုယ်ကြီးဟာ တကာတကာမတို့ ခင်ဗျားတို့ ကလဲ သေမှုအသုဘ· သေမှုအသုဘလို့ ခေါ်ကြတယ်၊ ရှင်တုန်း ကျင်ကြီးစွန့်၊ ကျင်ငယ်စွန့်၊ ချွေးတွေကထွက်၊ နှပ်တွေကယို၊ သလိပ်တွေကကြွန့်၊ အသုဘခန္ဓာကိုယ်မို့ အသုဘတွေ ပြနေ ပြီးသော်သဲ တကာကြွယ်တို့ လူစတွေ ဦးလှဘူးတို့လူစတွေက အင်း....အင်မတန် ကြည့်ကောင်းပါလားလို့ အသုဘကို သုဘ အမှတ်မှားနေတာကြီးကလဲ ပေါ်လာတယ် .... (ပေါ်လာပါ တယ်ဘုရား)။

အသုဘခန္ဓာကိုယ်ကြီးကို ဘယ်လိုအမှတ်မှားပါလိမ့်....(သုဘ လို့ အမှတ်မှားပါတယ်ဘုရား)။

သုဘလို့ အမှတ်မှားပြီးသကာလနေတော့ သုဘ=တင့်တယ် တယ် ဆိုပြီး ခင်မှုဆိုတဲ့ အသိမှားကလဲ လိုက်လာဘယ်.... (လိုက် ပါတယ်)မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

အို....အသုဘ အလောင်းပြင်ထားတာတောင် တကာကြွယ် တို့လူစုက အင်း...သေသာသေတယ်၊ အလှမပျက်ရှာဘူးတဲ့ .... (မှန်ပါ့)ရှုးလက်စ မသတ်တတ်ဘူး....(မှန်ပါ့ဘုရား)။

ရှင်တုန်းကလဲ အသုဘ....(မှန်ပါ့)သေတော့ အသုဘအစစ် ကယ်လို့ သေသေချာချာပြတာတောင်မှတကာကြွယ်တို့၊ဦးလှဘူး တို့ လူစုက သေသာသေသွားတယ်၊ အလှအပ မပျက်ရှာဘူးတဲ့ (မှန်ပါ့ဘုရား)။

ဘာပြောနေတာတုံး တကာကြွယ်တို့လူစုက .... (ရှုးလက်စ မသတ်လို့ပါ)အို....လူပုံအလယ်မှာ ရှုးမှန်းသိအောင်လို့ ထုတ်ပြ လိုက်ရတယ်ဘုရာ့—(မှန်ပါ့) ဒီအဓိပ္ပါယ်ဘဲရပါတယ်.... (ရပါ တယ်ဘုရား)။

လူပုံအလယ်မှာ ရှုးမှန်းသိအောင်လို့ နှုတ်ကကိုထွက်ပြလိုက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မသာရှင် ကျေနပ်အောင် ပြောတာလား....ကိုယ်ကိုယ်တိုင် အထင်မှားနေတာလား....(ကိုယ်ကိုယ်တိုင် အထင်မှားနေတာပါဘုရား)။

မသာရှင် ကျေနပ်အောင် ပြောလို့ရှိယင်တော့ဖြင့် အငိုတိတ်မလား မပြောတတ်ဘူးပေါ့ဗျာ.... ( မှန်ပါ့ )ဟုတ်ချင်လဲဟုတ်မှာဘဲ မသာရှင်ငဲ့ပြောတယ်ဆို ဟုတ်မှာဘဲ၊ ကိုယ့်အထင်ကိုက ခြေဒ် .... မသာရယ်လို့သာ ပြောရတယ်၊ ကျုပ်ဖြင့်မသာနဲ့တောင် မတူသေးဘူးတဲ့....(မှန်ပါ့ဘုရား)။

အံမာ....တကာကြွယ်တို့က ဒါကို တကာကြွယ်တို့ လူစုတွေ ဦးလှဘူးတို့ လူစုတွေကျတော့ လူကြီးလူကောင်းတွေများ ပြောသေးတယ်....(မှန်ပါ့) အင်း....လူလဲကြီးတယ်တဲ့၊ လူလဲကောင်းပါတယ်ဆို ဘယ်ကောင်းရမှာတုံး၊ အရှူးထောင်ထွက်နေတာကြီး....(မှန်ပါ့) ကောင်းစရာမျှားပါသေးသလား.... (မပါ-ပါ) မပါဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် အသုဘကို သုဘလို့ ယူတဲ့အယူကော မရှိဘူးလား (ရှိပါတယ်ဘုရား)။

ဒါက သုံးပါးဆိုတော့ ပေါင်းလိုက်တဲ့အခါကျတော့ အနိစ္စမှာ သုံးချက်၊ ဒုက္ခမှာသုံးချက်၊ အနတ္တမှာသုံးချက်၊ အသုဘမှာ အမှားသုံးချက်ဆိုတော့ အမှား ဘယ်နှစ်ချက်ပါလိမ့်....(ဆဲ့နှစ်ချက်ပါဘုရား)။

အဲ.... တကာတကာမတို့.... ခင်ဗျားတို့ သန္တာန်မှာ လူက

တယောက်တည်း....၊ အမှားက ဆဲ့နှစ်ချက်က ဘယ်တော့မှ မပျောက်ခဲ့ဘူး.... (မပျောက်ပါဘုရား)။

လူကတော့.... (တယောက်တည်းပါဘုရား) အမှားဆဲ့နှစ်ချက်တော့ .. (မပျောက်ပါဘုရား) ဘယ်တော့မှ မပျောက်ခဲ့ဘူး ဆိုတော့ ဩော်....ဒီတကာတကာမတွေ အမှတ်မှားရယ်, အသိမှားရယ်, အယူမှားရယ် ဘယ်နှစ်ချက်ပါလိမ့်.... ( သုံးချက်ပါဘုရား)ပေါင်းလိုက်တဲ့အခါကျတော့....(ဆဲ့နှစ်ချက်ပါဘုရား)။

ဩော်.... တကာတကာမတို့ ဒီအမှား ဆဲ့နှစ်ချက်ကို မပယ်နိုင်, မရှားနိုင်, မခွါနိုင်, မစွန့်နိုင်ကြလို့ရှိယင်ဖြင့်....တဲ့ ဘုန်းကြီးတို့ တကာတကာမတွေ ငိုတဲ့မျက်စိ, ငိုတဲ့မျက်ရည်စ အဆုံးသတ်နိုင်မယ်မဟုတ်ပါဘူး....(မသတ်နိုင်ပါဘုရား)။

တချို့ အသုဘများ သွားပြီးသကာလ ပို့ကြတဲ့အခါကျတော့ တကာကြွယ် သူ့ဆွေမျိုးတွေ သူ့ခင်မင်တဲ့ ပုဂ္ဂိုလ်တွေဟာ မျက်ရည်ဆည်နိုင်ကြရဲ့လား ...(မဆည်နိုင်ပါဘုရား) ဘာဖြစ်ကြတာတုံး... လို့ မေးတဲ့အခါကျတော့ အနိစ္စကို နိစ္စထင်လို့ (မှန်လှပါ)။

ဒီလိုများ ဖြစ်လိမ့်မယ် မထင်ဘူး....တဲ့၊ အနိစ္စကို နိစ္စ ထင်လိုက်တယ်နော်.... (မှန်ပါ) ဒီလိုများ ဒုက္ခဖြစ်လိမ့်မယ် မထင်ဘူး....တဲ့၊ ဒုက္ခကို သုခထင်ထားတာကိုးဗျ....(မှန်လှပါ)အစက အစက-နော်....(မှန်လှပါ)။

ဒီလိုများ ဗုန်းကနဲ-ဗိုင်းကနဲ သေခြင်းဆိုး သေလိမ့်မယ်... လို့ ကျုပ် နည်းနည်းမှ မထင်မိပါဘူး ...တဲ့.... ( မှန်ပါ ) အင်း.... အနတ္တကို အတ္တထင်တဲ့ အသွားတွေကလဲ တကာသစ် သိပ်များတယ်....(များပါတယ်ဘုရား)။

ခုနင်က ပြောခဲ့တဲ့ မသာလို့ သာဆိုရတယ် ကျုပ်တို့ဖြင့် မပစ်ရက်သေးဘူးဆိုတာ ပါသေးတယ်....(ပါ-ပါတယ်ဘုရား) ဒါက ဘာကို ဘာထင်တာပါလိမ့်.... ( အသုဘကို သုဘထင်တာပါ ဘုရား)။

အသုဘကို သုဘထင်တာဆိုတော့ မသာတွေ့ရတဲ့ပုဂ္ဂိုလ်ကလဲ မသာရှင်ကလဲ အရှုံးဆဲ့နှစ်ပါး....(မှန်ပါ့)။

မသာရှင်က အရှုံးဘယ်လောက် ရှိပါလိမ့်.... (ဆဲ့နှစ်ပါးပါ ဘုရား)။

မသာဝိုင်းပြီးသကာလ ပြောကြ,ဆိုကြပြီးသကာလ မသာရှင်ကို ဖြောင်းဖျကြတဲ့ ပုဂ္ဂိုလ်များတွေကလဲ ဘေးက အရှုံးတွေကလဲ ဝိုင်းပြီး ပြောကြပြန်တော့ ဟိုမှာ မတက်ရုံတမယ်, မသေရုံတမယ်ကျန်တာ....(မှန်ပါ့) ခင်ဗျားတို့ ခင်ဗျားတို့ ဝိုင်းမြှောက်တာနဲ့....(မှန်ပါ့)။

ကိုယ်ကလဲ အရှုံး....(မှန်ပါ့) မသာရှင်ကကော....(အရှုံးပါ ဘုရား) ဩော်.... ဒီပွဲသည်ကား ဆိုလို့ရှိယင် နိဗ္ဗာန်သွားမည့် ပွဲလား၊ အရှုံးတွေ စုံနေတဲ့ပွဲလားဆိုတာ မေးဘို့ မလိုပါဘူး.... (မလိုပါဘုရား) လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့မှာ တသံသရာလုံး အရှုံးပွဲ ချည့် နွှဲလာခဲ့တယ်ဆိုတာဖြင့် ပေါ်ပါပြီ.... (ပေါ်ပါပြီဘုရား) တသံသရာလုံး ဘာပါလိမ့်.... ( အရှုံးပွဲချည့် နွှဲလာခဲ့ပါတယ် ဘုရား)။

အခု ပျောက်ပလား....လို့ မေးတော့ ဆရာဘုန်းကြီး ကယ် တင်ထားလို့ ထိုက်တန်သလောက် ပျောက်ပါပြီဘုရား.... (မှန်လှ

ပါဘုရား) အားလုံး စင်းလုံးချော ပျောက်ပလားလို့ မေးတော့ ကျန်သေးတယ်ဘုရား....(မှန်လှပါ) မဆိုရပေဘူးလား.... (ဆိုရပါတယ်ဘုရား)။

အဲဒီတော့ အရှုးမှ မပျောက်သေး- အနှမ်းမှ မပျောက်သေးတဲ့ ပုဂ္ဂိုလ်များ ကြိုးစားပြီးသကာလ.... ဒီ ဝိပ္ပလ္လာသ ပယ်မှုကို ဘယ်ဉာဏ်နဲ့ပယ်ရမယ်ဆိုတဲ့ ဥစ္စာကိုလဲ တကာတကာမတို့ ဂရုစိုက်ကြပါဆိုတဲ့ဥစ္စာ သတိပေးရပြန်တယ်....(မှန်လှပါ)။

ကိုင်း....ဒါဖြင့် လူတယောက်မှာ အရှုးဘယ်နှစ်မျိုးရှိသတုံး- (ဆဲ့နှစ်မျိုးပါဘုရား)။

တကာကြွယ် ဘုရားပွင့်မှ ကုနိုင်တယ်နော်....(မှန်ပါ) ဘုရားမပွင့်လို့ ရှိယင် ( မကုနိုင်ပါဘုရား ) မကုနိုင်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ....(မှန်လှပါ)။

ဒါဖြင့်.... အခု ကုနေတာဟာ ဘုရားသာသနာရှိသေးလို့ ဘုန်းကြီးများကလဲ ဆက်လက် ကုရပြန်တယ်....(မှန်ပါ)။

ဒီ သာသနာကလေး ကွယ်သွားလို့ရှိယင် ကျုပ်တို့ ဘယ်အဖြစ်နဲ့ နေရစ်မလဲ ဆိုလို့ရှိယင်ဖြင့် တကာသစ် အဖြေထွက်ပြီ ( ထွက်ပါပြီဘုရား ) ဒီသာသနာလွဲယင်ဖြင့် တပည့်တော်တို့ အရှုးပွဲ နွှဲရမှာဘဲ (မှန်ပါ)။

ဘယ်လိုဆိုကြမယ်.... (အရှုးပွဲ နွှဲရမှာပါဘုရား) ရှောင်လို့ တိမ်းလို့မှ ရနိုင်စရာ မြင်သေးရဲ့လား....(မရပါဘုရား)။

နဂိုရ်က ရှုးရတဲ့အထဲ မသာပို့တွေကဗုံတီးမြှောက်ပြန်တာနဲ့ တကာကြွယ်-ရေ.... သွားရော.... ( မှန်ပါ ) မသွားဘူးလား.... (သွားပါမယ်ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ လူတယောက်မှာ အရှုး ဘယ်နှစ်မျိုးရှိပါလိမ့်.... (ဆဲ့နှစ်မျိုးပါဘုရား) သောတာပန် ဖြစ်သွားတဲ့အခါကျတော့ အရှုးရှစ်မျိုး တခါတည်း ပယ်လိုက် တယ်....(မှန်လှပါ)။

သောတာပန်ဖြစ်ယင်.... (အရှုးရှစ်မျိုး တခါတည်း ပယ်ပါ တယ်ဘုရား)။

ဒါဖြင့် ၁၂-ပါးထဲ ၈-နှုတ်တော့....(၁၂--၈) တကာသစ် ရေ....ဘယ်လောက်ကျန်သေးသလဲ.... (၄-ကျန်ပါတယ်ဘုရား)။

ဩော်....၄-လောက်ဆိုယင်ဖြင့် တကာကြွယ် တော်-တော် ခံသာပြီ....(ခံသာပါပြီဘုရား) သကဒါဂါမ်, အနာဂါမ်ဖြစ်တဲ့ အခါကျတော့ ခုနင်က ၈-ထဲမှာ ၂-ထည့်ပြီး ၁၀-နှုတ်လိုက်.... (၁၂--၁၀) အရှုးဘယ်လောက်ကျန်သေးသတုံး....(၂-ကျန်ပါ တယ်ဘုရား) အဲဒါ အနာဂါမ်တောင် အရှုးကလေး ၂-ကျန် တယ်....(မှန်လှပါ) ရဟန္တာဖြစ်မှ စင်းလုံးချောလွတ်တော့တယ် ဆိုတာ တကာတကာမတွေ မှတ်ရလိမ့်မယ်... (မှန်လှပါ)။

ဒါဖြင့် ယခုအခါမှာဖြင့် အလုပ်မှ-မလုပ်သေးတဲ့ပုဂ္ဂိုလ်များ ဘုန်းကြီးတို့ ဟောနေကျ, ပြောနေကျဖြစ်တဲ့ အရှုးပျောက်တဲ့ အလုပ်မှ- မလုပ်ရသေးဘူး....၊ ဒါနကလေး- သီလကလေးနဲ့ဘဲ တင်းတိမ်ပြီးသကာလ နေကြတဲ့ပုဂ္ဂိုလ်များ တကာသစ် အရှုး ပျောက်ပလား....(မပျောက်သေးပါဘုရား)။

ဒါကို တကာကြွယ်တို့က ရှေးထုံးအတိုင်းဆိုယင် သေပျော် ပေါ့တဲ့.... (မှန်ပါ့) ဒီမသာဟာ အရှုးမသာ ဘယ်သေပျော်ရ မလဲ....(မှန်ပါ့)။

ဒီမသာ ဘာမသာပါလိမ့်.... (အရှုးမသာပါဘုရား) သေပျော်ပေါ့ဆိုလို့ တော်ပါ့မလား....(မတော်ပါဘုရား)။ အဲဒါ တကာကြွယ် ဒီက ရှေ့ကို ဒီအသုံးမျိုးတွေကိုဖြင့် အားလုံး တရားတပွဲလုံး ဖြုတ်ကြပါတော့....(မှန်ပါ့)။

အင်း ဝိပ္ပလ္လာသဆဲ့နှစ်ပါး မပယ်ဘဲနဲ့ သေသွားတဲ့ပုဂ္ဂိုလ်ဟာ အရှုးမသာနဲ့ အကန်းမသာဘဲလို့ မှတ်လိုက်.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)ဘာမသာပါလိမ့်...(အရှုးမသာနဲ့အကန်းမသာပါ ဘုရား)။

ဒါဖြင့် ကပည့်တော်တို့ လူတန်းပေးကမ်းပြီးထားတာတွေ အလကားဖြစ်ရတော့မှာလားဘုရား....၊ အရှုးသေ-သေတဲ့ဥစ္စာ အလကားဖြစ်ရမှာလား....ဆိုတော့ မဟုတ်ပါဘူး...တဲ့ တကာ တကာမတို့ အရှုးသြဇာနဲ့ အရှုးဘုံနန်းတော့ ရမှာပေါ့-(မှန်ပါ့ ဘုရား) မရပေဘူးလား....(ရပါတယ်ဘုရား)။

ဒါနအကျိုးကြောင့်- သီလအကျိုးကြောင့် အရှုးသက်ရှည်လဲ ဖြစ်နိုင်ပါတယ်....(မှန်ပါ့) အရှုးဂုဏ်ကြီးကော... (ဖြစ်နိုင်ပါတယ်ဘုရား ) သို့သော်.... အရှုးတော့ ပျောက်ကဲ့လား.... (မပျောက်ပါဘုရား)။

ဒါဖြင့် မပျောက်သေးလို့ရှိယင်ဖြင့် သူ အရှုးထလို့ရှိယင်ဖြင့် သုံးဆဲ့တဘုံမှာ တကာတကာမတို့ မြေကြီး- ကြီးပွားရေးဆိုတဲ့ ခန္ဓာတွေဟာ မြုပ်ရဦးမှာဘဲ... ( မြုပ်ရမှာပါဘုရား )။

အဲဒါတွေ ဉာဏ်နဲ့ကြည့်တော့မှ ဒီမြေကြီး-ကြီးပွားလာတာ အရှုးမသာတွေကြောင့်သာ မှတ်ပေတော့ .. (မှန်လှပါ)။

ဘုရားတဆူတဆူကြားမှာ မြေကြီးသည် တကာတကာမတို့ ဆဲ့သုံးမိုင် ဖျမ်းမျှကြေး တက်ပါတယ်(မှန်ပါ့ဘုရား) ဘယ်က

တက်လာတာကိုးဆိုတော့ အရှုးမသာမြှုပ်ရတာနဲ့ မြေကြီးသြဇာ မြင့်မားလာတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

တကာကြွယ် .... အရှုးမသာများ မြှုပ်ချင်သေးသလား .... (မမြှုပ်ချင်ပါဘုရား) နေရာကျပြီ....နေရာကျပြီ။

အားလုံး တရားတပွဲလုံး တကာတကာမတို့ ဒီမသာဖြင့် အရှုး မသာဘဲ ဆိုတဲ့ဥစ္စာဖြင့် ဘယ်လောက်ဘဲ တခါတည်း ဆိုင်းဘုတ် တွေ အထက်လူကြီးတွေက စပြီး ဆုံးမကုန်အောင် ဂုဏ်တွေ သိရတွေ ဖော်ပြောသော်လဲ အရှုးမသာဘဲ....(မှန်ပါ) သဘော ကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် သောတာပန် တည်ပြီးယင် အရှုးဘယ်နှစ်မျိုး ပျောက်သတုံး....( ရှစ်မျိုး ပျောက်ပါတယ်ဘုရား ) တော်သေး တယ်, တော်သေးတယ်နော်....(မှန်ပါ)။

အရှုးရှစ်မျိုး ပျောက်တယ်ဆိုကတည်းက တကာတကာမတို့ ခေလးမျိုးလောက် ကျန်တော့ကို တော်တော်ဖယ်ရှား ရှင်းလင်း ဘို့ အတော်လွယ်သွားပြီ....(မှန်ပါ)။

သကဒါဂါမ်, အနာဂါမ် တည်ပြန်တော့လဲ အရှုး ဆယ်မျိုး ပျောက်တယ်... (မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီ)ရဟန္တာ ဖြစ်မှ အရှုး စင်းလုံးချော ပျောက်တယ်ဆိုတာ သေချာပလား....(သေ ချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ် တသံသရာလုံး ကျုပ်တို့ ဘယ် လိုများ နေခဲ့လို့ ဘယ်လိုများ ထိုင်ခဲ့ရတယ်ဆိုတာဖြင့် ပေါ် ပါပြီ....(ပေါ်ပါပြီဘုရား)။

အရှုးအဖြစ်နဲ့ နေပြီး အရှုးအဖြစ်နဲ့ဘဲ သေခဲ့ရပါတယ် ဘုရားလို့ လျှောက်ယင် မှသား မဖြစ်ပါဘူး ....( မဖြစ်ပါ ) ဖြစ်စရာ မြင်သေးလား....(မမြင်ပါဘုရား)။

ဒီ ဝိပ္ပလ္လာသ မပယ်နိုင်ယင် ဝိပ္ပလ္လာသဆိုတာ ဖေါက်ပြန်တာ ဘဲ၊ဖေါက်ပြန်တာသည် ရှုးတာ့နှမ်းတာဘဲဆိုတာကော သေချာ ပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ်တို့က ဝန်ကြီးတွေ့ ဝန်ငယ်တွေ ဆို သူတို့ ပညာရှိလိုက်တာနဲ့ ဘာနဲ့ တကာကြွယ်တို့က မြှောက် လိုက်၊ ပင့်လိုက်နဲ့ လာသေးတယ်....(လာပါတယ် ဘုရား)အပြီး သတ်တော့ ဘာဆိုကြမလဲ....(ရှုးတာပါဘုရား)အရှုးဘဲ၊သဘော ပါပလား....(ပါပါပြီဘုရား)။

ဘယ်သူကဖြင့် သိန်းပေါင်းများစွာ ချမ်းသာတယ်ဆိုတဲ့ဥစ္စာ အင်း... သူတို့ အကျိုးပေးမျိုးဟာ မသေးဘူးဘုရား၊ တော်တော့ ပါရမီနဲ့ မဖြစ်နိုင်ဘူး ဆိုပေမဲ့လဲ ပစ္စည်းပေါ်ရှုးဘဲ....( မှန်ပါ ) ရိပ်မိကြပြီ... (ရိပ်မိပါပြီဘုရား)။

ပစ္စည်းတော့ ပေါပါရဲ့၊ အရှုးကတော့....( မပျောက်ပါ ) ဒါဖြင့် တကာကြွယ်ရေ....တကာ ဦးလှဘူးရေ....အရှုး မပျောက် သရွေ့ ဘာဘဲ ရွှေတောင့်ငွေတောင်ပေါက်ပေါက် အရှုးသေ့သေ တာဘဲ....(မှန်ပါ)အရှုးသေ့သေယင် အပါယ်လေးပါး လွတ်ပါ့ မလား... (မလွတ်ပါဘုရား)။

ကဲ....ဒါဖြင့် ကျုပ်တို့သည်ကားလို့ ဆိုယင်ဖြင့် အသေ ကောင်း သေရအောင် အနေကောင်း နေမှသာ သင့်တော်မယ် ဆိုတဲ့ဥစ္စာ ယနေ့ ဆုံးဖြတ်ချက် ချရတော့မယ်....(မှန်ပါ)။

အသေကောင်း သေချင်ယင် ဘယ်လိုလုပ်ရမလဲ .... (အနေကောင်း နေရပါမယ်ဘုရား)။

အနေကောင်း နေရမယ်ဆိုတော့ အရိယာမျက်လုံး တပ်ပေးမှ အနေကောင်းဖြစ်မယ်....( မှန်ပါ )အရိယာမျက်လုံးမှ တပ်ပေးမည့်လူ မရှိသေးယင်ဖြင့် .... (အနေကောင်း မဟုတ်ပါဘုရား)။

ဒါ့ကြောင့် ကိုယ့်ဟာ ကိုယ် တကာတကာမတွေ ဘုန်းကြီးက သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ အကြောင်းညီညွတ်လို့ ကားနဲ့ ရွှေနဲ့ စိန်နဲ့ တိုက်နဲ့ နေတာ ဘုန်းကြီးများ ဝမ်းသာပါတယ်.... (မှန်ပါ)။

အင်မတန် ဝမ်းသာပါတယ်၊ ဝမ်းသာပေမဲ့လဲ အစွမ်းကုန် ဝမ်းသာသလားလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ ကြည့်....အရှုံး လူချမ်းသာ ဖြစ်နေတော့ ဝေဒနာက မသက်သာသေးတော့ ဘယ်လိုပစ္စည်းပေါပြောသော်လဲ ဝေဒနာက မသက်သာသေးတော့ တကာကြွယ် ချီးမွမ်းသင့်သလောက် ချီးမွမ်းလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ ရှူးမှန်းသိယင် ဆေးရှာကြတယ်နော်....(မှန်ပါ့ဘုရား)။

ရှူးမှန်းသိယင်... (ဆေးရှာပါတယ်) ဆေးရှာကြလိမ့်မယ် ဆိုတာဖြင့် ယခု ဆရာဘုန်းကြီးက ဘုရား၏ ဆေးတော်တွေကို ဝေငှပြီးသကာလ ပေးနေတယ်ဆိုတာ သိကြပါပြီ....(သိပါပြီဘုရား)။

ဒါ့ကြောင့် ဆေးရှာပြီးသကာလ ဒိဋ္ဌိအရှူးကိုဖြင့် အရင်ကုကြစို့....(မှန်ပါ့ဘုရား)။

အရှင်ဘုရား....ဘယ့်နှယ်ကြောင့် ဒိဋ္ဌိရှုးကို အရင် ကုရတာ ဘုံးလို့ မေးဘူ့ မလိုဘူးလား....(လိုပါတယ်ဘုရား)တကာတကာ မတို့ ဒိဋ္ဌိရှုး မကုလို့ရှိယင်ဖြင့် အသိရှုးဟာလဲ မပျောက်ဘူး.... (မှန်ပါ့)အမှတ်ရှုးကော....(မပျောက်ပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဒိဋ္ဌိကို အရင်ပယ်ပါမှ စိတ္တကို နောက် ပယ်ရမယ်... (မှန်ပါ့)သညာကို ထို့နောက်ထားပြီး ပယ်ရ မယ်(မှန်ပါ့)။

ကဲ....ဒါဖြင့် သညာ စိတ္တ ဒိဋ္ဌိမှာ ဘယ်သူက ပိုပြီးသကာလ ထက်တယ်ဆိုတာ ပေါ်သွားပြီ....( ပေါ်သွားပါပြီ ) သညာ အထက်ဆုံး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

သညာပြီးတော့ စိတ်ထက်တယ်၊ စိတ်ထက်ပြီးတော့မှ တကာ တကာမတို့ စိတ်အောက်မှာ ဒိဋ္ဌိထက်တယ်ဆိုတော့ ဒိဋ္ဌိကိုဖြင့် တကာတကာမတို့ ပယ်ဖြစ်အောင် ပယ်ကြစို့....(မှန်ပါ့)။

ဘာပယ်ရမလဲ....(ဒိဋ္ဌိပယ်ရပါမယ်) ဒိဋ္ဌိပယ်မှ တကာသစ်.... သောတာပန်ကိုးဗျ... (မှနပါ့) ဒိဋ္ဌိမပယ်ဘဲနဲ့ စိတ်တွေ သညာ တွေ ပယ်လို့ ရကို မရဘူး....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီတရားမျိုးကလဲ စွဲစွဲမြဲမြဲ လဲ နာပြီး စွဲစွဲမြဲမြဲလဲ လုပ်မှသာလျှင်လဲ အရင်းကျကျ သိတယ် ဆိုတာလဲ မှတ်ထားကြစမ်းပါ....(မှန်ပါ့)။

ဒါ တရက်တည်း လာနာလို့လဲ မပြီးပါဘူး....( မပြီးပါ ) ဩော်....ဘုန်းကြီးက ဒါဘဲ ဟောနေတာဘဲလို့ ဒီလို မထင်ပါ နဲ့....(မှန်ပါ့)။

နည်းနည်း နည်းနည်းကလေး ထမင်းခွံ့သလို.... ဝါးနိုင်သလောက် ဝါး၊ ညက်နိုင်သလောက် ညက်တာကို နည်းနည်းကလေး လက်ညှိုးကလေးနဲ့ လက်မနဲ့ .... ရေပေါက်ကလေးလောက် ချရတဲ့ အချိန်လဲ ပါပါသေးတယ်....( ပါပါတယ် ) နောက်ကျမှ ဇီးစေ့လောက် လုံးထည့်ရတဲ့ အချိန်ကော....(ပါပါတယ်ဘုရား)။

အဲဒီတော့ ဩော်....ဒို့ ဘုန်းကြီးသည် ဘယ့်နှယ်ကြောင့် တရားကို ဖြေးဖြေးဆေးဆေး ဟောနေပါလိမ့်မတုံးဆိုတာကိုလဲ ကိုယ့်အရေးက မဟန်လို့....လို့ အောက်မေ့ပါ.... (မှန်လှပါဘုရား)။

ဘယ်လို အောက်မေ့ရမလဲ....(ကိုယ့်အရေးက မဟန်လို့ပါဘုရား) ဉာဏ်ပေါက် ကျဉ်းနေလို့ တကာကြွယ်ရေ....(မှန်ပါဘုရား)။

ဦးလှဘူး-ဘာတဲ့တုံး... (ဉာဏ်ပေါက် ကျဉ်းနေလို့ပါဘုရား) ဉာဏ်ပေါက် ကျဉ်းနေတော့ ရှိသလောက် ဒီက ဉာဏ်တွေ သွင်းလိုက်လို့ ရှုံယင်ဖြင့် လက်မခံနိုင်တဲ့ အခြေအနေ ရောက်မယ်....(ရောက်ပါတယ်ဘုရား)။

ခက်လိုက်တာ.... သိပ်ခက်ပါလားဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ဘဲ ကိုင်း... ကျုပ်တို့တော့ဖြင့် ဒီတရားနာရ ဒီတရား လုပ်ရမှ နိဗ္ဗာန်ရမယ်ဆိုယင်တော့ဖြင့် ခက်လိုက်တာကလဲ လွန်လို့....အဲဒီတော့ ကျုပ်တို့ ဒါနသီလနဲ့ဘဲ နေပါတော့မယ်ဆိုပြီး နောက်ဆုတ်သွားလိမ့်မယ်(မှန်ပါဘုရား)မဆုတ်ပေဘူးလား....(ဆုတ်ပါတယ်ဘုရား)။

ဆိုတော့ သူဆိုတဲ့သလောက် တကာတကာမတွေ လိုရင်းကလဲ မပါဘဲ ဖြစ်နေတော့ အရှုးပျောက်သေးရဲ့လား .... (မပျောက်ပါ)အရှုးမပျောက်ယင် နိဗ္ဗာန်ကလဲ လက်မခံဘူးတဲ့- (မှန်ပါ့)။

အရှုးမပျောက်ယင်....(နိဗ္ဗာန်က လက်မခံပါဘုရား) ဒါဖြင့် နိဗ္ဗာန်က ဘယ်လိုလူ လက်ခံတာပါလိမ့် .... (အရှုးပျောက်တဲ့လူ လက်ခံပါတယ်ဘုရား)။

ကိုင်း တကာတကာမတို့ သေချာလောက်ပါပြီ.... (သေချာပါတယ် ဘုရား) မသေချာသေးဘူးလား .... (သေချာပါတယ် ဘုရား)။

ကိုင်း .. ဒါဖြင့် လူတယောက်မှာ အရှုးဘယ်နှစ်မျိုး ရှိသလဲ- (ဆယ့်နှစ်မျိုးရှိပါတယ်) တော်သေးတယ်, တော်သေးတယ် .... (မှန်ပါ့)။

တကာကြွယ် ခင်ဗျားမှာ ဘယ်နှစ်မျိုး ရှိသလဲ....(ဆယ့်နှစ်မျိုး ရှိပါတယ်ဘုရား) အံ့မာလေး....လူက တယောက်တည်းပါလား... ( တယောက်တည်းပါဘုရား ) အရှုးဘယ်နှစ်မျိုးလဲ... (ဆယ့်နှစ်မျိုးပါဘုရား)။

ဒါ အခုမှ ရှူးလာတာလား....တသံသရာလုံး မပျောက်ခဲ့ဘာလား ...(တသံသရာလုံး မပျောက်ခဲ့ဘာပါဘုရား)။

တကာသစ် ကဲ... အအော်မခက်ဘူးသား .... (ခက်ပါတယ်ဘုရား)ခင်ဗျားတို့ ပဋ္ဌာစာရီမှ အဝတ်မကပ်မှ အရှူးသင်ကြတယ် (မှန်ပါ့) ခင်ဗျားတို့ အဝတ်ကပ်ပြီး ရှူးနေတာတော့ မသိဘူး ... (မသိပါဘုရား)။

သမီးမဟုတ်တာ သမီးလို့ ထင်လို့ရှိယင်တော့ အဝတ်တော့ ကပ်ပါရဲ့ အရှုးဘဲ -(မှန်ပါ့)သမီးမဟုတ်တာ သမီးလုပ်ပြီး ခင်နေယင်ကော.... (အရှုးပါဘဲဘုရား) အဝတ်တော့ ကပ်တယ်.... (မှန်ပါ့)။

ဒါဖြင့် အဝတ်ကပ်တဲ့ အရှုး၊ အဝတ်မကပ်တဲ့ အရှုးရယ်လို့ အရှုးကို ခွဲကြဦးစို့ တကာကြွယ်ရေ....(မှန်ပါ့)မခွဲထိုက်ဘူးလား (ခွဲထိုက်ပါတယ်ဘုရား)တကာကြွယ်တို့က ဘယ်အထဲကပါလိမ့်-(အဝတ်ကပ်တဲ့အရှုးပါဘုရား)။

ငြော်... သူက လုံလုံခြုံခြုံရှုးတဲ့ အရှုး .. (မှန်ပါ့)ပဌာစာရီကတော့ ဗလာကျင်းပြီး ရှုးတဲ့အရှုး....(မှန်ပါ့)ဒီလိုဘဲ ကွာပါတယ်တဲ့၊ ထူးတော့ မထူးပါဘူး....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီ အရှုးမပျောက်သရွေ့.... နိဗ္ဗာန်က လက်မခံဘူးဆိုတဲ့ တလုံးကိုဖြင့် ယနေ့ စွဲစွဲမြဲမြဲမှတ်ပါ-(မှန်ပါ့)။

အရှုးမပျောက်သရွေ့ .... (နိဗ္ဗာန်က လက်မခံပါ) နိဗ္ဗာန်က လက်မခံဘူးဆိုတာကိုဖြင့် တကာသစ် ရဲရဲတင်းတင်း မှတ်ပါ.... (မှန်ပါ့)။

ဒိဋ္ဌိရှုးမှ မပျောက်ယင် သောတာပန် မဖြစ်ပါဘူး....(မှန်ပါ့) ဒိဋ္ဌိရှုးမှ မပျောက်ယင်....(သောတာပန်မဖြစ်ပါဘုရား)။

ဒါကို ဒါနနဲ့ ပယ်လို့ကော ရပါ့မလား....(မရပါ) သီလနဲ့ ပယ်လို့ကော....(မရပါ)သမထနဲ့ ပယ်ယင်ကော....( မရပါ ) ဝိပဿနာမှ ပယ်တယ်—(မှန်ပါ့)။

အခြေပါလာပြီ တကာတကာမတွေ....(မှန်ပါ) ဟို....အရှုး မပျောက်ယင်လဲ နိဗ္ဗာန်က လက်မခံဘူးတဲ့....( မှန်ပါ )ဒီအရှုး ပျောက်အောင်လဲ ဒါနလှူပြီးသကာလ နေလို့လဲ ဒီအရှုးကလဲ တခြားစီဘဲ....( မှန်ပါ )သီလဆောက်တည်နေပြန်လဲ ဒီအရှုးက ( တခြားစီပါဘုရား )သမထတွေ အားထုတ်နေပြန်တော့.... (တခြားစီပါဘုရား)။

ဗကဗြဟ္မာကြီးများ ရှုးသား တက်နေလိုက်တာ မြတ်စွာဘုရား လူ့ပြည်က တက်ပြီး ဟောရတယ်....( မှန်ပါ )ရှင်ကြီး ဂေါတမ ဒီနေရာ နိစ္စဘဲတဲ့·သုခဘဲတဲ့·အတ္တဘဲတဲ့၊ နိဗ္ဗာန်ဆိုတာ ကျုပ်ဘုံဘဲလို့တောင် ရှုးလိုက်သေးတယ်....( မှန်ပါ ) မနည်း တက်ချွတ်ရတယ်....(မှန်ပါ)။

ဒါ့ကြောင့် သမထနဲ့လဲ တကာတကာမတို့ အရှုးမပျောက်ဘူး (မပျောက်ပါ)ရှင်းပလား....(ရှင်းပါပြီ)ဝိပဿနာမဂ်ဉာဏ်မှဘဲ— (အရှုးပျောက်ပါတယ် ဘုရား)။

ကိုင်း....ဒီတကာတကာမတွေ သူများရှုးတာကိုတော့ မကြည့်ကြပါနဲ့တဲ့၊ ကိုယ့်ဆေး ကိုယ်သောက်ပြီး ကိုယ်ပျောက်ဘို့သာ ဂရုစိုက်ကြပါတော့....(မှန်ပါ)။

နို့....အရှုးထဲမှာ နေမယ်ဆိုယင် လန့်စရာရှိတပြိုင်နက်ဘည်း (မှန်ပါ)ရှုးစရာရှိတော့....(တပြိုင်နက်တည်းပါဘုရား) သေစရာ ရှိတော့ .. (တပြိုင်နက်ဘည်းပါဘုရား) အပါယ်သွားစရာရှိတော့· (တပြိုင်နက်တည်းပါဘုရား) အဲဒီထဲရောလို့ တော်ပါ့မလား.... (မတော်ပါဘုရား)။

ဒါဖြင့် ပဌမ အရှုးကို ဒိဋ္ဌိရှုး ဖျောက်ကြပါစို့ .... (မှန်ပါ) ဘာ ဖျောက်ကြမယ်....(ဒိဋ္ဌိရှုး ဖျောက်ရပါမယ်ဘုရား)။

ကဲ... ဒါဖြင့် ဒီအထဲမှာ ဒိဋ္ဌိရှုးက တကာတကာမတွေ လေး မျိုးပါတယ်....(ပါပါတယ်ဘုရား)နောက်ဆုံးတန်းသည် ၁-၂-၃-၄၊ ဒါ ဘာရှုးပါလိမ့်....(ဒိဋ္ဌိရှုးပါဘုရား)။

အနိစ္စကို နိစ္စလို့ ယူထားတယ်....(မှန်ပါ)ဒုက္ခကို.. (သုခလို့ ယူထားပါတယ်ဘုရား) အနတ္တကို .. (အတ္တလို့ ယူထားပါတယ် ဘုရား)အသုဘကို... (သုဘလို့ ယူထားပါတယ်ဘုရား)။

ဒါဖြင့် တကာသစ် ဒီ အရှုးလေးခုတော့ ပျောက်ရမယ် .... (မှန်ပါ) မပျောက်ယင် သောတာပန်တည်ပါ့မလား... (မတည် ပါဘုရား)။

ဒါဖြင့် ဒီအရှုးလေးခုကို ပျောက်အောင်ဟာ တကာတကာ မတို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်မှ ဆရာဘုန်းကြီးက မဟောဘဲနဲ့ ဆုတောင်းနဲ့ ပျောက်လိမ့်မယ် ဆိုလို့ရှိယင် မယုံကြနဲ့....(မှန်ပါ ဘုရား)ဘာမှ မဆိုင်ဘူး....(မှန်ပါ)။

တပည့်တော်ဘုရား.... အရှုးပျောက်ရပါလို၏လို့ ဘယ်သွား တောင်းတောင်း မရဘူး... ( မရပါဘုရား ) အရှုးပျောက်ဆေး သည် တကာတကာမတို့ ဝိပဿနာမဂ်ဉာဏ်မှ အရှုးကို ပျောက် စေနိုင်တယ်....(မှန်ပါ) ဉာဏ်မရှိ၍ ရှုးတာ၊ ဉာဏ်ရှိယင် ရှုးပါ့ မလား... (မရှုးပါဘုရား)။

ဒါဖြင့် ဉာဏ်အလုပ်-လုပ်မှ အရှုးပျောက်မယ်....( မှန်ပါ ) ဉာဏ်အလုပ်-မလုပ်ယင်.... (မပျောက်ပါဘုရား) သဘောပါကြ ပလား....(ပါပါပြီဘုရား)။

ကဲ....ဒါဖြင့် ဉာဏ်အလုပ်ကို စကြပါစို့ .... တကာသစ်ရေ နော်.... (မှန်ပါ)အခြေအမြစ်နဲ့ ပြောရတော့ တကာတကာမတွေ မလွယ်ဘူးနော် ..(မလွယ်ပါဘုရား)။

ဒါ့ကြောင့် ရက်ရှည်နာပြီး ရက်ရှည်ကြိုးစားကြပါ၊ ခင်ဗျား တို့လဲ ကျန်းမာပါစေ....ဘုန်းကြီးများလဲ ဟောနိုင်ပါစေ ဆိုတာ ကိုလဲ စေတနာက ရောက်ပြောသော်လဲ ခန္ဓာတွေက အနတ္တတွေ ဖြစ်နေတော့ မြန်မြန်လုပ်ကြ...(မှန်ပါ) မလုပ်သင့်ဘူးလား.... (လုပ်သင့်ပါတယ်ဘုရား)။

မြန်မြန်လုပ်ကြဆိုတဲ့ဥစ္စာ ခန္ဓာကိုယ်ကြီးကလဲ မည်သူမှ ကိုယ့် ခန္ဓာ ကိုယ်ပိုင်သေးဆိုင်သေးတဲ့ အခြေအနေ ရှိကိုမရှိသေးဘူး.... (မှန်ပါဘုရား)။

အဲ....ရည်ရွယ်ချက်က တမျိုး....(ဖြစ်စဉ်က တမျိုးပါဘုရား) ရည်ရွယ်ချက်ကတော့ ဆရာနဲ့ တပည့်ဘဲ၊ သေသည်တိုင်အောင် ကြိုးစားမဟ....၊ ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်....(မှန် လှပါ)ခန္ဓာကြီးက မလိုက်တော့ တကာကြွယ် တတ်နိုင်ရဲ့လား (မတတ်နိုင်ပါဘုရား)။

အဲဒါကြောင့် စိတ်သွားတခြား၊ ခတ်သွားတဖုံဆိုတဲ့အတိုင်း စိတ်ကတော့ အမှန်သွားတာဘဲ၊ ခတ်ခန္ဓာကြီးက မလိုက်ပေ ဘူး....(မလိုက်ပါဘုရား)ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ဆို တာကလေး မမေ့ပါနဲ့....(မှန်ပါ)။

ကဲ....ဒါဖြင့် ဒိဋ္ဌိပယ်ပုံ ပြရအောင်နော်....(မှန်ပါ) ဒိဋ္ဌိပယ်ပုံ ပြရတော့မယ်ဆိုတော့ တကာတကာမတို့ ဒိဋ္ဌိက ခြောက်ဆယ့် နှစ်ပါးတောင် ရှိတယ်....(မှန်ပါ)။

ဒိဋ္ဌိက ဘယ်လောက်တုံး....(ခြောက်ဆယ့် နှစ်ပါးပါဘုရား) ပြောဘ်....ဒါ သောတာပန် မတည်သ၍ ကာလပတ်လုံး ဒီခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကို တကာသစ် ပယ်နိုင်ပါ့မလား .... (မပယ်နိုင်ပါဘုရား)။

ကဲ....ကျယ်မလာဘူးလား....(ကျယ်ပါတယ်ဘုရား) ကျယ်ပေမဲ့လဲ မပူပါနဲ့တဲ့ ဒီတကာတကာမတွေ သေသေချာချာ ရှင်းအောင် ပြောပေးလို့ရှိယင် ဒိဋ္ဌိခြောက်ဆဲ့နှစ်ပါးရှိတဲ့အနက်က တကာတကာမတို့ သဿတ ဥစ္ဆေဒလွတ်ယင် ဒိဋ္ဌိကုန်တာဘဲ.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိလွတ်အောင် ဉာဏ်ထဲမှာ ဘုန်းကြီးကလဲ ပြောလို့ တကာတကာမတွေ ဉာဏ်ထဲမှာလဲ ရှင်းနေမယ်ဆိုယင်ဖြင့် ဒိဋ္ဌိမကုန်ဘူးလား .... ( ကုန်ပါတယ် ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီဆဲ့နှစ်ပါးကိုလဲ ပယ်ရမှာက ရှေးဦးစွာ ဘာပယ်ရမှာတုံး.... (ဒိဋ္ဌိအရင် ပယ်ရမှာပါ) ဒိဋ္ဌိကလဲ ဘယ်လောက်ရှိသတဲ့... (ခြောက်ဆဲ့နှစ်ပါးပါဘုရား)။

ခြောက်ဆဲ့နှစ်ပါးကို အများပယ်ရမှာလား — နှစ်ခုတည်းပယ်လိုက်တာနဲ့ ခြောက်ဆဲ့နှစ်ပါး ပြီးမှာလား .... (နှစ်ခုတည်းပယ်တာနဲ့ ခြောက်ဆဲ့နှစ်ပါး ပြီးပါတယ်ဘုရား)။

အင်း... ဒီနှစ်ခုက ဘာပါလိမ့်ဗျာ....(သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ကဲ... ဒါတွေကို တကာတကာမတို့ အင်မတန် ပညာအရည်အချင်းနဲ့ တကာတကာမတွေက ထောင်နိုင်တဲ့ နားရှိတဲ့ ပုဂ္ဂိုလ်

ချင်းပေါင်းမိမှ ဒီအမိပ္ပါယ်လဲ သိတော့မှာ....( မှန်ပါ )သာမည ဆိုယင်တော့....(မသိပါဘုရား)။

မရဘူး၊ ဒါနတရား, သီလတရား, သာမထ တရားလောက်နဲ့ တကာကြွယ် ဒါ ပယ်ယင် တခြားစီဘဲ .... ( မှန်ပါ )ရှင်းကြပ လား....(ရှင်းပါပြီဘုရား)။

အေး.... ဒါကြောင့် ဂရုစိုက်ကြ- ဂရုစိုက်ကြဆိုတာ တကာ တကာမတို့ ခြောက်ဆဲ့နှစ်ပါးက နှစ်ပါးရှင်းသွားလို့ ရှိယင် ပြီးတာဘဲ... (မှန်ပါဘုရား)။

နှစ်ပါးရှင်းသွားယင်... (ပြီးတာပါဘဲ) အဲဒီတော့ ဒီနှစ်ပါး ရှင်းအောင် အရှင်ဘုရား- တပည့်တော်တို့ကို ကယ်တော်မူပါ- ယူတော်မူပါလို့ မဆိုသော်လည်း ဆိုဘိသကဲ့သို့ တကာတကာမ တွေ ဝိုင်းဝန်းပြီး လာကြပြန်တော့ ဟာ....ဒီနှစ်ပါး ပယ်ပေးရ မယ်ဆိုတော့ တကာတကာမတို့ ခန္ဓပဋိစ္စသမုပ္ပါဒ် ပြရလိမ့်ဦး မယ်....(မှန်ပါဘုရား)ဘာပြရမှာတုံး....(ခန္ဓပဋိစ္စသမုပ္ပါဒ် ပြရပါ မယ်)ခန္ဓပဋိစ္စသမုပ္ပါဒ်ပြလိုက်တော့မှ သဿတနဲ့, ဥစ္ဆေဒလွတ် မယ်.... (မှန်ပါဘုရား)။

လွတ်သွားတဲ့ အခါကျတော့မှ သဿတလဲ မရှိဘူး၊ သဿတ ဆိုတာ ခိုင်မြဲတာ....(မှန်ပါ)ဥစ္ဆေဒဆိုတာ ဒီဘဝပြီးယင် နောက် ဘဝမရှိဘူးလို့ ပြတ်သွားတဲ့ အယူဟာ ဥစ္ဆေဒလို့ မှတ်လိုက်စမ်း ပါ....(မှန်ပါဘုရား)။

တကာကြွယ် ရိပ်မိပလား .... (ရိပ်မိပါပြီ) သဿတဆိုတာက ခိုင်မြဲတယ်လို့ယူတာက သဿတ... (မှန်ပါ) မပျက်စီးဘူးယူတာ (သဿတပါ)သဘောကျပြီနော် .. (မှန်ပါဘုရား)။

မပျက်စီးဘူး၊ ရုပ်နာမ်ဓမ္မတွေ မပျက်စီးဘူး ယူလိုက်ယင်.... (သဿတပါ) ရုပ်နာမ်ဓမ္မတွေ ပျက်ပြီးသည့်နောက် အဆက်မရှိဘူး ယူလိုက်ယင်....(ဥစ္ဆေဒပါဘုရား)။

ကိုင်း....အဲဒီ သဿတ, ဥစ္ဆေဒကို ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းမှ သာလျှင် တကာကြွယ်ရေ နေရာကျတော့မယ်...(မှန်ပါ့ဘုရား)။

၎င်းပဋိစ္စသမုပ္ပါဒ် တကာတကာမတွေက ဥာဏ်ထဲရှင်းပြီးလို့ ရှိယင် ဘုန်းကြီးက သစ္စာပြလိုက်လို့ရှိယင် ဒိဋ္ဌိကွာသွားမယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာကြွယ်ရေ- အခြေအမြစ်နဲ့တကွ လာရမည့် တရားဖြစ်နေတယ်... (မှန်ပါ့ဘုရား)။

ဒီအထဲ တကာတကာမတွေ ဘုန်းကြီးက တရားကိုအလကား ပေးနေတာပါ....(မှန်ပါ့)ခင်ဗျားတို့ကို နာစေချင်လို့ ပြောတယ် လို့ ဒီလိုမယူနဲ့ .... (မှန်ပါ့) တရက်ပျက်ယင် နာလိမ့်မယ် .... (မှန်ပါ့ဘုရား)။

တရက်ပျက်ယင် အင်မတန် နာသွားလိမ့်မယ် ဆိုတာကိုလဲ ကျန်းမာရေးလဲ ဂရုစိုက်ပါ....(မှန်ပါ့ဘုရား)။

တကယ့်ရှေးဦးစွာ အရှုးနာ- အကြီးဆုံးအရူးနာကို ကုရမည့် အရေး ရောက်နေတဲ့အတွက် ဝေဒနာကလဲ မသေး....( မှန်ပါ့ ) ဆေးကလဲ ကြီးစွာပေးရမှာ ဖြစ်ပြီးသကာလ နေတော့ တကာ တကာမတို့ ဒီဆေးမတွေ့ယင်ဖြင့် သံသရာ့အရူးဟာ မပျောက် တော့ဘူး....(မှန်ပါ့)ပျောက်ပါ့မလား.... (မပျောက်ပါဘုရား)။

ဒါ့ကြောင့် တရားအဘိုးတန်အောင် ပြောတာလား- ရှူး ချက်က ပြင်းထန်တာလား (ရှူးချက်ကပြင်းထန်တာပါဘုရား)။

တကာကြွယ် ကိုယ့်အရှူး ကိုယ်သိတို့ မလွယ်ဘူးနော် .... (မလွယ်ပါ) အခုဘယ်နှစ်ပါ-တုံး အရှူးက....(ဆဲ့နှစ်ပါးပါ' လူတယောက်မှာ ဘယ်နှစ်ပါးရှိသတုံး .... (ဆဲ့နှစ်ပါးရှိပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြမယ်နော်-(မှန်ပါ့) ဒီလို အကြောင်း၊ အကျိုးဆက်တဲ့ တရားကို နာရမှ တကာကြွယ်ရ လိုရင်းပါတယ်နော်....(မှန်ပါ့ဘုရား)။

ဘာလုပ်လို့ ဘာဖြစ်ဆိုတာ အင်း ... ဘာလုပ်လိုက်တာနဲ့ ဘာဖြစ်သွားတာဘဲဆိုတဲ့ဥစ္စာ ပြနိုင်တာ မဟုတ်ပါဘူး... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြပါစို့နော် .... (မှန်ပါ့)ဒါက ဖိဘက်က သားကလေးတယောက် ထားပါတော့နော်.... (မှန်ပါ့) သားကလေးတယောက်ကို မြင်တဲ့ စိတ်နဲ့ မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

ဒါကလေးက မြင်တဲ့စိတ်၊ မြင်တဲ့စိတ် လာပြီး သကာလ ခင်တဲ့စိတ်ကကော....(လာပါတယ်ဘုရား)။

အင်း .... မြင်တဲ့စိတ်က တကာတကာမတို့ "တိဏ္ဏံ သင်္ဂတိ ဖဿော"ဖဿ ဆိုပါတော့ဗျာ၊ မြင်စိတ်တွေ့တာ... (မှန်ပါ့)ဖဿ ပစ္စယာ=မြင်ပြီးသကာလ အကောင်း အဆိုးခွေးတာက ဝေဒနာ (ဝေဒနာပါ)ခင်တာက....(တဏှာပါ) စွဲလမ်းတာက(ဥပါဒါန်ပါဘုရား) ဥပါဒါန်ဆိုဘာ သိပြီနော် . (မှန်ပါ့ဘုရား)။

ဒါက ဟို အစကသာတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မယူနဲ့....(မှန်ပါ့) ခင်ဗျားတို့ ယခုနေတဲ့ အခိုက်အတန့်မှာဖြစ်တာ.... ( မှန်ပါ့ )

ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်လို့ တကာသစ် သေသေချာချာမှတ်...(မှန်ပါဘုရား)။

တကာတကာမတို့ ဘာပဋိစ္စသမုပ္ပါဒ်တုံး .... (ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ပါဘုရား)၊

နောက်ဘဝက ပါလာတာ ဒီအထဲမှာမပါပါဘူး .... (မပါပါဘုရား)နောက်ဘဝက ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုနောက်မှာဘဲ ပြမယ်... (မှန်ပါဘုရား)။

ကိုင်း... ဒါဖြင့် ဒီဘက်က တကာတကာမတွေ သိတဲ့အတိုင်း သားကလေးပေါ့(မှန်ပါ) သားကလေး မျက်လုံးနဲ့ မမြင်ကြဘူးလား....(မြင်ပါတယ်) မြင်လို့ရှိယင်ဖြင့် ဝမ်းသာလိုက်တာဆိုတဲ့ ဝေဒနာက....(လာပါတယ်)ဒါဖြင့် ဖဿပစ္စယာ .... (ဝေဒနာပါဘုရား)။

မြင်-မြင်ခြင်းဘဲ တကာတကာမတို့ အယင် မေ့နေပြား သော်လဲ ခင်စိတ်ကလေးဖျတ်ကနဲ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီ့ခင်စိတ်ကလေးဟာ ဝေဒနာ ပစ္စယာ... (တဏှာပါ) အင်း....ဒါကို မျက်စိအောက်က အပျောက်ခံနိုင်သေးရဲ့လား.... (မခံနိုင်ပါ)မခံနိုင်တာက ဘာတုံး .... (ဥပါဒါန်ပါ) သဘောကျပြီလား... (ကျပါပြီဘုရား)။

ကာယကံ ဝစီကံနဲ့ တကာတကာမတွေက ကျောကလေးသပ်၊ ရင်ကလေးသပ်နဲ့ ဟင်... (မှန်ပါ) ချွေးကလေးသုတ်ပေးနဲ့၊ ထမင်းကလေး ခေါ်ကျွေးနဲ့ ကာယကံ ဝစီကံတွေက

ကော မလုပ်ကြဘူးလား... (လုပ်ပါတယ်) ဒါက ဘာပါလိမ့်.... (ကမ္မဘဝပါဘုရား)။

ကမ္မဘဝပြီးတော့ တကာတကာမတို့ ဒါပစ္စုပ္ပန်ဘဝ လမ်းဆုံးပါပြီ... (မှန်ပါ) ကမ္မဘဝ ပစ္စယာ တကာကြွယ်ဘာတဲ့ .... (ဇာတိပါ)ဇာတိဆိုတာ ပဋိသန္ဓေ.... (မှန်ပါ)ဒါ နောက်ဘဝ ရောက်သွားပြီ....(မှန်ပါဘုရား)။

ဒါဖြင့် ဒီဘက်ကပစ္စုပ္ပန်... ( မှန်ပါ )ဒီအနီကလေးက.... (အနာဂတ်ပါ)အနာဂတ်ဆိုတာ သေချာပလား (သေချာပါပြီ) ဒါဖြင့် ဒီကြားထဲသေပြီးမှ ပဋိသန္ဓေနေပေါ့ဗျာ ... (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကမ္မဘဝပစ္စယာ ဘာတဲ့တုံး .... (ဇာတိပါဘုရား) သေသေချာချာမှတ်ပါ၊ ဒါ ကံသာလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် ဇာတိလွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါဖြင့် သဿတဆိုတဲ့ဥစ္စာ တကာတကာမတို့ ဒီပုဂ္ဂိုလ် ကံကုန်ပြီးသကာလ ဒီကြားထဲမှာ တကာတကာမတွေ သိတဲ့ အတိုင်း... တဲ့ စုတိကလေးတခု ထည့်လိုက်စမ်း.... (မှန်ပါဘုရား) သေတဲ့စိတ်ကလေး တခုထည့်လိုက်.... (မှန်ပါ) သေပြီးတော့ ပဋိသန္ဓေ မနေဘူးလား....(နေပါတယ်ဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာတကာမတို့ ကံပြီးတော့ကို ဘာ စိတ်လာသတုံး . (စုတိစိတ်လာပါတယ်ဘုရား)စုတိစိတ်လာတယ် (မှန်ပါ) စုတိပြီး ပဋိသန္ဓေစိတ်လာတယ်....(လာပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ သူ့ အကြောင်း အကျိုး မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား) အင်း.... ကံ

ကြောင့် ဘာဖြစ်သတုံး....(စုတိဖြစ်ပါတယ်ဘုရား)အဲ... စုတိ ဖြစ်ပြီး စုတိကြောင့် ဘာလာသတုံး... (ပဋိသန္ဓေလာပါတယ်ဘုရား) ဇာတိပဋိသန္ဓေ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီစုတိဆိုတဲ့စိတ်ဟာ နောက်ဆုံးပိတ်စိတ်.. (မှန်ပါ) ပစ္စုပ္ပန်ဘဝရဲ့ နောက်ဆုံးပိတ်စိတ်-(မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ပဋိသန္ဓေဆိုတာ အနာဂတ်ဘဝ၏အစ .. (မှန်ပါ)။

ပဋိသန္ဓေဆိုတာ ဘာပါလိမ့်.... ( အနာဂတ်ဘဝ၏အစပါဘုရား) အနာဂတ်ဘဝ၏အစဆိုတာ ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် သဿတဒိဋ္ဌိကို တကာသစ် အရင်ရှင်းပြမယ်... (မှန်ပါ)။

စုတိ စိတ်ဆိုတော့ တကာတကာမတွေ ဒီဘဝ နောက်ဆုံးပိတ်စိတ် မနေဘူးလား....(နေပါတယ်ဘုရား)။

စုတိစိတ်ဟာ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' ဆိုတော့ စိတ်ကလေးဖြစ်သောကြောင့် ဖြစ်ပြီး ပျက်မသွားဘူးလား - (ပျက်သွားပါတယ်ဘုရား) ဖြစ်ပြီး ပျက်သွားတဲ့အခါကျလို့ ရှိယင်ဖြင့် စုတိဟာ ဒီနေရာတွင် ဖြစ်ပျက်.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်ပျက်ဖြစ်သွားတော့ သူ နိဗ္ဗာန်မရသေး မဂ်သေးတန်မရသေးတဲ့ ပုဂ္ဂိုလ်မှာ ပဋိသန္ဓေမလာပေဘူးလား.... ( လာပါတယ်ဘုရား) လာတယ်နော်....(မှန်ပါ)။

ပဋ္ဌိသန္ဓေလာတယ်ဆိုတော့ ဩော်....စုတိပြီး ပဋ္ဌိသန္ဓေ လာတာဘဲ ဆိုတာတော့ အထင်အရှား... (မှန်ပါ) ပဋ္ဌိသန္ဓေ ဘယ်သူ တည်ထောင်ပါလိမ့်မတုံး....လို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) ဒီကံကနေ တည်ထောင်လိုက်တယ်... (မှန်လှပါ) ဒါကြောင့် ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ကံက ပဋ္ဌိသန္ဓေကိုလုပ်သည်....(မှန်ပါ) တကာကြွယ်ဘယ့်နှယ်တဲ့တုံး....(ကံက ပဋ္ဌိသန္ဓေလုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကံကလေးက တကာတကာမတို့ သိတဲ့အတိုင်းတဲ့၊ ပဋ္ဌိသန္ဓေကို သွားလုပ်သလား....၊ ပဋ္ဌိသန္ဓေ မဖြစ်ဖြစ်အောင် သူက တည်တည်တံ့တံ့နဲ့ လုပ်သလား....လို့ သူက မချုပ်ဘဲနဲ့ မပျက်ဘဲနဲ့ လုပ်နိုင်လလားလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ... (မချုပ်ဘဲနဲ့ လုပ်ပါတယ်ဘုရား)။

မချုပ်ဘဲနဲ့ လုပ်တယ် ဟုတ်လား....(မှန်ပါ)မလုပ်နိုင်ဘူးနော် ( မှန်ပါ ) မချုပ်ဘဲနဲ့ လုပ်တယ်ဆိုလို့ရှိယင် ဒီကံကလေးက ဒီသွားပြီးသကာသ အိမ်ဆောက်ပေးနေသလို ခန္ဓာအိမ် ဆောက်နေတယ်....(မှန်ပါ) ဒီလို ယူတဲ့အယူဟာ တဿတဒိဋ္ဌိ....(မှန်ပါဘုရား)။

ကံလိုက်တယ်လို့ ယူတဲ့အယူဟာ.... (သဿတဒိဋ္ဌိပါဘုရား)

ဒါပြောရမယ်ဆိုတော့မယ်ဆိုတော့ အားလုံး တကာတကာမတွေ ခင်ဗျားတို့ အမှတ်မှားတွေ တကယ်တမ်း ပြင်ရတော့မယ်ဆိုတော့ တကာသစ် လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ဒါကြောင့်.... တရားနာတဲ့ အခါမှာလဲ တကာတကာမတို့ တိုက်ရိုက်ဟောတဲ့နည်း နော်.... ( မှန်လှပါ )သွယ်ဝိုက်ဟောတဲ့ နည်း နှစ်နည်းရှိတယ် ဘုရားဟောထားတာ....(မှန်ပါ)။

တိုက်ရိုက်ဟောတဲ့နည်းကတော့ တကာတကာမတို့ ပြောြ.... သူလုပ်လို့ သူရဘယ်ဆိုတာ တိုက်ရိုက်ဟောတာ....(မှန်ပါ)။

သူလုပ်လို့ သူရတယ်....(တိုက်ရိုက်ဟောတာပါဘုရား) သူက ဒီကံလုပ်တာနဲ့ သူ နတ်ပဋိသန္ဓေ ရတယ် ဆိုတာကတော့ တိုက်ရိုက် ဟောတဲ့နည်း ... ( မှန်လှပါဘုရား ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကိုယ်က သိရမှာက ဒီလိုသိလို့မရဘူး.... (မှန်ပါ) ကိုယ်က သိရမှာက ဒီလိုသိလို့ရှိယင်ဖြင့် ဒီကံကနေပြီး ဒီအထည်ကို လုပ်နေပါတယ်ဆိုယင်ဖြင့် ဒီကံ ပျက်စီးတဲ့သဘော ရောက်သေးရဲ့ လား... (မရောက်ပါဘုရား)။

ဒါဖြင့် ဒီကံသည် ဒေါက်ချောက် လိုက်ပြီး လုပ်ပေးနေတဲ့ အဓိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ဒါ ဘာဒိဋ္ဌိ ခေါ်ကြမယ်... (သဿတဒိဋ္ဌိပါဘုရား)။

တကာကြွယ် ဒါကို ဂရုစိုက်နားထောင်ပါ....(မှန်ပါ)ဒိဋ္ဌိကို ခွါနေပြီ တကာတကာမတို့... (မှန်လှပါ)။

ဒီကံက တိုက်ရိုက် နောက်ကလိုက်ပြီးသကာလ လိုက်လုပ်ပေး နေတယ် ပဋိသန္ဓေဖြစ်အောင် မတိမ်း မစောင်းအောင် စီးပွား ရတနာတက်အောင် ဒီကံက မပျက်စီးဘဲနဲ့ လိုက်ပြီးလုပ်ပေးနေ ယယ် စောင်မနေတယ် ကြည့်ရှုနေတယ်လို့ တကာတကာမတွေ

မှာ အယူရှိတယ်....(မှန်လှပါဘုရား) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီကံ ပျက်တဲ့သဘောယူသလား၊ မပျက်ဘဲနဲ့ လိုက်နေတဲ့ သဘော ယူသလား.... (မပျက်ဘဲနဲ့ လိုက်နေတဲ့သဘော ယူပါတယ်ဘုရား) အဲဒါ သဿတဒိဋ္ဌိ ...(မှန်ပါ့)။

ဒီဒိဋ္ဌိရှိလို့ရှိယင်ဖြင့် ဒါနလုပ်လဲ နတ်ပြည်ဘော့ ရောက်ရမှာဘဲ၊ သီလဆောက်တည်လဲ နတ်ပြည်တော့ရမှာဘဲ.... ( မှန်ပါ့) နိဗ္ဗာန်တော့ မရဘူး....(မှန်ပါ့)။

တကာတကာမတို့ တကာကြွယ် ဒီဥစ္စာ နားကြီးကြီးနဲ့ ထောင်နေ၁.... (မှန်ပါ့) ဘာခံနေလို့ မရတာတုံးဘုရား....လို့ မေးတော့ သဿတဒိဋ္ဌိခံနေလို့.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာခံနေလို့လဲ....(သဿတဒိဋ္ဌိခံနေလို့ပါဘုရား) ဒီကံသည် ပင်လျှင် သူ့ကို ယောကျ်ားဖြစ်အောင်, မိန်းမဖြစ်အောင် လုပ်ပေးနေတယ်၊ ဒီကံကလေးက နောက်က အရိပ်သဖွယ် လိုက်ပြီး သကာလ နေတော့တယ်ဆိုပြီးသကာလာ ဒီ'နေယျတ္တ''ဆောင် သိရမည့် မနေရာဋ္ဌာနမှာ 'နီတတ္ထ'တိုက်ရိုက် ယူလိုက်လို့ ရှိယင်လဲ သူ့မှာ ဒိဋ္ဌိဖြစ်သွားတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့....တိုက်ရိုက်ယူရတဲ့နေရာလဲ ရှိတယ်ကွ....၊ ဆောင်ပြီး ယူရတဲ့နေရာလဲ ရှိတယ်ကွ၊ ဒီနှစ်ခု မညှိတတ်ယင် ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

ဒီနှစ်ခု မညှိတတ်ယင်.... (ဒိဋ္ဌိဖြစ်ပါတယ် ဘုရား) ဒီကံကလဲ တကာတကာမတို့ နာမ်ဓမ္မသား- ရုပ်ဓမ္မလား.... ( နာမ်ဓမ္မပါ

ဘုရား)နာမ်ဓမ္မဆိုယင် သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတော့ ဖြစ်ပျက် ပေါ့ဗျ... (မှန်ပါ)။

တဏှာကြွယ် ကံကလေးဟာ ဘာပါလိမ့်....( နာမ်ဓမ္မပါ) ဖြစ်ပျက်ဘဲ မဟုတ်လား....(မှန်ပါ) ရုပ်လား-နာမ်လား-(နာမ်ပါ ဘုရား) နာမ်ဆိုယင် ဘာတုံး...(ဖြစ်ပျက်ပါဘုရား)။

ဒါဖြင့် သူ ဖြစ်ပြီး ပျက်သွားတာဘဲ...တဲ့၊ ဒီကံကြောင့် ပဋိသန္ဓေ နေတယ်ဆိုတာလဲ ဘုန်းကြီးများက မငြင်းပါဘူး.... (မှန်လှပါ) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ အလုပ် လုပ်တုန်းက ဒီကံလုပ်တုန်းက စေတနာကနာမ်- (မှန်ပါ)သဘောကျပလား....(ကျပါပြီ) သူက ခိုင်းစေတာကြီး က ရုပ်... (မှန်ပါ)။

ဒါဖြင့် သူ နာမ်ရုပ်အဖြစ်နဲ့ သူသည် လှူခြင်း, တန်းခြင်း, ပေးခြင်း, ကမ်းခြင်း, အားထုတ်ခြင်း အလုပ်- မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား) ဘယ်သူက လုပ်တာတုံး.. (နာမ်ရုပ်က လုပ်တာပါဘုရား) စေတနာနာမ်ရယ်၊ သူက ခိုင်းစေတဲ့ရုပ်ရယ်၊ ဒီနာမ်ရုပ်က မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲ....ဒီ နာမ်ရုပ်က လုပ်ပြီး လုပ်တဲ့နေရာမှာ ချုပ်တယ်.... (မှန်ပါဘုရား) လုပ်ပြီးတော့... (လုပ်တဲ့ နေရာမှာ ချုပ်ပါတယ် ဘုရား)။

နို့....ချုပ်သွားလို့ရှိယင် ကမ္မဘဝပစ္စယာ ဇာတိလို့ ဘုရား က ဘယ့်နှယ်ကြောင့် ဟောပါလိမ့်မတုံးဆိုတော့, အကြောင်း ဆက်ပေးလို့.... ( မှန်ပါဘုရား ) ရိပ်မိပလား....( ရိပ်မိပါပြီ ဘုရား )။

အကြောင်းကတော့---(ဆက်ပါသေးတယ်ဘုရား)အကြောင်းကတော့ ဆက်သေးသတဲ့ တကာတကာမတို့ .... ( မှန်လှပါဘုရား )။

အကြောင်းကတော့ ဘာတဲ့...(ဆက်ပါသေးတယ်) ဒါဖြင့်သူသည် တကာတကာမတို့ မြင်လွယ် ထင်လွယ်အောင် ပြောရလို့ရှိယင် ဒိဋ္ဌိဖြုတ်ခဏ်းဟာ မလွယ်ဘူးနော်....(မှန်ပါ့)။

ဒိဋ္ဌိဖြုတ်ခဏ်း မလွယ်ဘူး တကာတကာမတို့ ဒီနေ့ တရားဟာ မနေ့က တမြန်နေ့ကထက် ခက်တယ်လို့ အောက်မေ့ပါ....(မှန်လှပါဘုရား)။

ဒီ နာမ်ရုပ်က လုပ်တော့ကို ဒီ နာမ်ရုပ် ချုပ်သွားပြီးသည်၏အခြားမဲ့၌ ဒီဘက်နာမ်ရုပ် မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား)။

ဩော် ဒါဖြင့် ချုပ်တော့ ချုပ်သွားတယ်၊ သူ့ သတ္တိကနာမ်ချုပ်အကြောင်းကြောင့် နာမ်ရုပ်အကျိုး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အင်း .... ဒါဖြင့် အရင်ရှိတဲ့ နာမ်ရုပ်က လုပ်တာလား ....နောက် နာမ်ရုပ်ကို မေးလို့ရှိယင်ဖြင့် အရင်ရှိတဲ့ နာမ်ရုပ်ကဘော့ ချုပ်သွားပြီ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အင်း....သတ္တိက လုပ်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် အရင်ရှိတဲ့ နာမ်ရုပ်က ချုပ်သွားတယ်လို့ မသိလိုက်ဘူးလား....(သိလိုက်ပါတယ်)သိလိုက်တော့ကို လုပ်တဲ့တရား ဟူသ၍ မြဲသေးသလား....(မမြဲပါ) မမြဲဘူးဆိုလို့ရှိယင်ဖြင့် တကာ

တကာမတို့ ဒီကံဟာ ဒီထိအောင် လိုက်သေးရဲ့လား....(မလိုက်ပါ) ဒီ နာမ်ရုပ်ကံဟာလေ....(မလိုက်ပါဘုရား)မလိုက်ဘူးဆိုတာ သေချာပလား.. (သေချာပါပြီဘုရား)။

မလိုက်ဘူးဆိုတာ ဘယ့်နှယ်ကြောင့် မလိုက်နိုင်သတုံးမေးယင် တကာကြွယ်တို့... တကာသစ်တို့... ဦးလှဘူးတို့ ဖြေစမ်း....(အနိစ္စတရားမို့ပါဘုရား) အနိစ္စတရားမို့ မလိုက်နိုင်ဘူး...( မှန်ပါဘုရား )။

ဘယ့်နှယ်ကြောင့်လဲ....( အနိစ္စတရားမို့ မလိုက်နိုင်တာပါ ) သဘောကျပြီ....(ကျပါပြီ)အနိစ္စတရားမို့ မလိုက်နိုင်ဘူးလို့ သိသွားသဖြင့် ဩော်....သဿတဒိဋ္ဌိ မရှိတော့ဘူး....(မှန်ပါ)။

အနိစ္စတရားမို့ ဒီထိအောင် လိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား) ဒီလို သိသွားသဖြင့် ဘယ်ဒိဋ္ဌိစင်သွားသတုံး .... (သဿတဒိဋ္ဌိ စင်သွားပါတယ်) နို့မဟုတ်ယင် သူလိုက်တယ်ဆိုယင် ခိုင်မြဲတယ် ဖြစ်နေမယ်....(မှန်ပါ)။

သူလိုက်တယ်ဆိုယင်....(ခိုင်တယ်,မြဲတယ်ပါ) ခိုင်မြဲတယ် ဆိုယင် ဘာဒိဋ္ဌိလဲ... (သဿတဒိဋ္ဌိပါ)သူမသေဘဲနဲ့ လိုက်တယ်လို့ ယူယင်....(သဿတဒိဋ္ဌိ....(မှန်ပါ) သဘောပါပလား....(ပါပါပြီဘုရား)။

ကဲ....သဿတဒိဋ္ဌိကို နားလည်သဖြင့် သူသာ သေသွားတယ်၊ သူနဲ့ အလားတူ နာမ်ရုပ် မပေါ်ဘူးလား....( ပေါ်ပါတယ် ) နောက်ဘဝလေ...(မှန်ပါ)။

ဒါဖြင့် နာမ်ရုပ်က လုပ်လိုက်လို့ နာမ်ရုပ်သာ ချုပ်သွားတယ်။သတ္တဝါက ကျန်ရစ်ပြီးသကာလ နောက်နာမ်ရုပ်ကို ပေါ်စေတယ်ဆိုယင်ကော လွဲပါ့မလား... (မလွဲပါဘုရား)။

ဒါဖြင့် အကြောင်းနဲ့ အကျိုး မဆက်ဘူးလား.... (ဆက်ပါတယ်) အကြောင်းနဲ့ အကျိုးဆက်တာ သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိလဲ လွတ်ပါတယ်....(မှန်ပါ)။

အကြောင်း အထည် မလိုက်ဘူးဆိုတာ သိသဖြင့် ဘာတုံး-- (သဿတဒိဋ္ဌိ လွတ်ပါတယ်ဘုရား)။

ဒီနှစ်လုံးကို သေသေချာချာ မှတ်ပါ တကာတကာမတို့ နာရီကလဲ နီးနေပြီ၊ အလွန် အရေးကြီးနေတာ....(မှန်ပါ) အင်မတန် အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်ပါ .... (မှန်ပါ ဘုရား)။

ခင်ဗျားတို့ မှားနေတာက တနိုင်ငံလုံး မှားနေတာ ရှိသေးတယ်... (မှန်ပါ) အဲဒါ ရှင်းပြပါမယ်။

ဒါဖြင့် ကမ္မဘဝပစ္စယာ ဇာတိဆိုဘာသည် ဘုရားကလဲ ဟောခဲ့တော့ အကြောင်းအကျိုးတော့ ဆက်ရမယ်....(ဆက်ရပါမယ်ဘုရား) သို့သော် ဒီအကြောင်းသည် တိုက်ရိုက်လိုက်သလား မေးယင် .. (မလိုက်ပါဘုရား)။

ဘာဖြစ်လို့လဲ ဒီမှာ လုပ်တဲ့ နာမ်ရုပ်သည်....(ဒီမှာဘဲ ချုပ်ပါတယ်ဘုရား) ဒီမှာဘင် ချုပ်တာ သိလိုက်သဖြင့် ဘာဒိဋ္ဌိ စင်သွားသတုံး....(သဿတဒိဋ္ဌိ စင်သွားပါတယ်ဘုရား)။

ဩော်....နာမ်ရုပ်သာ ချုပ်သွားတယ်၊ သူ့ သတ္တိက ဒီဘက်မှာ အကြောင်းဆက်လျက်ဘဲလို့ မသိဘူးလား .. (သိပါတယ်ဘုရား)ဒီလို သိလိုက်သဖြင့် ဘာဒိဋ္ဌိစင်သွားသတုံး . (ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ်ဘုရား)။

တလုံးပြောလိုက်တာနဲ့ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ ငင်တယ်(မှန်လှ ပါ)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား) တလုံးပြောလိုက်တာနဲ့ .... (သဿတ ဥစ္ဆေဒ စင်ပါတယ်ဘုရား)။

ပြန်ပြောဦးမယ် သုံးခေါက်စေ့အောင် တကာတကာမတို့ ဒီဟာ အင်မတန် အရေးကြီးပါတယ်....(မှန်ပါ) အရေးကြီးပုံ-မကြီးပုံကို ခင်ဗျားတို့ လုပ်သ၍ မှားလာတာကို နောက် ပေါ် ပြောမယ်....(မှန်ပါ)။

ခင်ဗျားတို့ ဘယ်လောက်ထိအောင် ဒီ တကာ တကာမတွေ မှာ အယူသီးပြီးသကာလ အမှားကြီး မှားနေတယ် ဆိုဘာ တကာကြွယ် ရှင်းလိမ့်မယ်....(မှန်ပါ)။

ဒီဟာတွေလဲ တခုချုပ်ပြီးမှ တခုဖြစ်တယ်ဆိုတာ သိကြပါ ပြီ....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကံ ပြုလုပ်တုန်းက နာမ်နဲ့ ရုပ်နဲ့ ပြုလုပ်လိုက်တယ် မဟုတ်လား....(မှန်ပါ) ပဋိသန္ဓေ ဖြစ်အောင် လေ... (မှန်ပါ)ဒီကံပြုလုပ်တယ်၊ ပြုလုပ်တဲ့ နေရာတွင် ဒီနာမ်ရုပ် ဘယ့်နှယ်နေသတုံး....(ချုပ်ပါတယ်ဘုရား)။

ချုပ်တာ သိလိုက်သဖြင့် ဘယ်ဒိဋ္ဌိ စင်သတုံး.... (သဿတ ဒိဋ္ဌိစင်ပါတယ်ဘုရား) မခိုင်ဘူး မမြဲဘူးကိုး... (မှန်ပါ)သူ့အထည် မလိုက်ဘူးဆိုတာ မသိဘူးလား.... (သိပါတယ်ဘုရား)သို့သော်.... သူ့ သတ္တိ အကြောင်းကောင်းလို့ ပဋိသန္ဓေ ပေါ်နိုင်ရဲ့လား .... (မပေါ်နိုင်ပါဘုရား) မပေါ်နိုင်တာ သေချာတော့ ကမ္မဘဝ ပစ္စယာ ဇာတိဆိုတာ ပေါ်လာတယ်....(မှန်ပါ) မပေါ်လာဘူး လား... (ပေါ်လာပါတယ်ဘုရား)။

ဘုရားက ပစ္စယ အကြောင်းကလေးသာ ဆက်တာပါကွာ၊ အထည်တော့ မဆက်ပါဘူးလို့ ပြောလျက်သားဘဲ .. (မှန်ပါ ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အကြောင်းကလေးတော့ .. (ဆက်ပါတယ်ဘုရား) အထည် တော့....(မဆက်ပါဘုရား)။

အဲ... အထည်မဆက်ဘူးလို့ ယူလို့ရှိယင်ဖြင့်တဲ့ တကာ သစ် သဿတဒိဋ္ဌိလွတ်ပြီ (လွတ်ပါပြီဘုရား) အကြောင်းဆက်တယ် လို့ သိလိုက်သဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိလွတ်တယ်... ( မှန်ပါဘုရား ) သေယင် ပြတ်တာဘဲဆိုတာက လာသေးရဲ့လား.... (မလာပါ ဘုရား)။

ဒါဖြင့် ယနေ့ ဒီနှစ်လုံးကို ပြောလိုက်တယ် တကာတကာမ တို့ သဿတ, ဥစ္ဆေဒ လွတ်ပလား....(လွတ်ပါပြီဘုရား)။

သေသေချာချာ စဉ်းစားပါ၊ သဿတ, ဥစ္ဆေဒ မလွတ်သရွေ့ ကာလပတ်လုံး ဘယ်တော့မှ နိဗ္ဗာန် မရနိုင်ဘူး... ( မှန်လှပါ ဘုရား )။

သဿတလဲ မလွတ်ဘူး၊ ဥစ္ဆေဒလဲ မလွတ်ဘူး၊တခုခုငြိယင် ဘယ်တော့မှ နိဗ္ဗာန်မရဘူး... ( မှန်ပါဘုရား ) ရွှေကျောင်း ကြီးဆောက်, ရွှေဘုရားကြီးဘည် မရဘူး....(မှန်ပါ)တကာကြွယ် သေချာပလား....(သေချာပါပြီဘုရား)။

အားလုံး တကာ တကာမတွေ အထူးဂရုစိုက်ပြီး ဒီနေရာ ကလေးမှာ မှတ်စမ်းပါ....(မှန်ပါ) ဘုရားကတော့ဖြင့် ကမ္မဘာ ပစ္စယာ....(ဇာတိပါဘုရား)။

ကမ္မဘဝဆိုတာ ကံချည်းသက်သက် ဒီအတိုင်းလုပ်တာမဟုတ်ဘူး၊ ကာယကံ ဝစီကံဆိုတော့ ကာယဆိုတာ ရုပ်လဲ ပါသေးတယ်...(မှန်ပါ) ကာယကံ ဝစီကံ မနောကံဆိုတာ အကုန် ပါမနေဘူးလား....(ပါပါတယ်ဘုရား)။

ကိုယ်နဲ့ ပြဋ္ဌာန်းပြီး လုပ်တာပါတယ်... (မှန်ပါ) စကားနဲ့ ပြဋ္ဌာန်းပြီး ခိုင်းစေပြီးလုပ်တာကော-(ပါပါတယ်ဘုရား) မနောထဲကတွင် လုပ်ကိုင်နေတာကော.... (ပါ-ပါတယ်ဘုရား) အဲ.... ကမ္မဘဝဆိုတာ ကာယကံ ဝစီကံ မနောကံ....(မှန်ပါ) နာမ်ရော ရုပ်ရောဘဲ....(မှန်ပါ)။

ဒီ နာမ်ရုပ်သည် တကာတကာမတို့ နောက်ဘဝ ဇာတိဆီ လိုက်သလား- မလိုက်ဘူးလား၊ အထည်လိုက်သလား- မလိုက်ဘူးလား မေးယင် ဘယ့်နှယ်ပြောမလဲ....(မလိုက်ပါဘုရား) လုပ်တဲ့ နေရာမှာဘဲ ဘာတုံး....(ချုပ်ပါတယ်ဘုရား)။

ဒီလိုသိတော့ တကာသစ် ဘယ်ဒိဋ္ဌိစင်သတုံး (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား) သို့သော်....နောက်အကျိုးတရား မပေါ်ဘူးလား-ပေါ်သလား.... (ပေါ်ပါတယ်ဘုရား) သူ့သတ္တိ ကင်းရဲ့လား....(မကင်းပါဘုရား)။

မကင်းသော့ကို မကင်းကြောင်းသိသဖြင့် ဘယ်ဒိဋ္ဌိစင်သွားသတုံး.... (ဥစ္ဆေဒဒိဋ္ဌိစင်သွားပါတယ်ဘုရား) လုပ်ပေမဲ့ အလကားဘဲ၊ ဘာမှ အကျိုးမရှိဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကော မစင်ဘူးလား....(စင်ပါတယ်ဘုရား)။

ကိုင်း... တကာတကာမတို့ သဿတ ဥစ္ဆေဒစင်ပလား.... (စင်ပါပြီဘုရား) ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုး ပြောသဖြင့်

ဒီအကြောင်းနဲ့ ဒီအကျိုးလဲ ဒီအတိုင်းဘဲ-(မှန်ပါ)ဒီအကြောင်းနဲ့ ဒီအကျိုးကော....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် တခုလုံးမှာ ကံနဲ့ ပဋိသန္ဓေ ဆက်ပြီး သကာလ ချုပ်ပုံ၊ သတ္တိဆက်ပုံ ပြလိုက်သဖြင့် ဘယ်ဒိဋ္ဌိစင်သွားသတုံး....(သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိစင်သွားပါတယ်ဘုရား)။

အဲဒီ သဿတ-ဥစ္ဆေဒ စင်သွားလို့ ရှိယင်ဖြင့် ဒါတွေဟာ ငါထင်သေးရဲ့လား....( မထင်ပါဘုရား ) သက္ကာယ အကုန် ပြုတ်ပြီ....(မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ အသိနဲ့ပြုတ်ပါပြီ....(မှန်ပါ)နောက်ကို ဘုန်းကြီး အပွားနဲ့ပြုတ်ပုံ၊ အဆယ်နဲ့ပြုတ်ပုံ ခင်ဗျားတို့ကို ခိုင်းရဦးမယ်....(မှန်ပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

ဒီတလုံးဟာ တကာတကာမတို့ အဘိုးတန်တယ်လို့ ဘုန်းကြီး ပြောတာ ချီးမြှောက်ပြောတယ်လို့ မယူနဲ့- (မှန်ပါ)ဗုဒ္ဓဘာသာ တွေမှာ သဿတရှိနေတယ်....(မှန်ပါ)။

ဗုဒ္ဓဘာသာတွေမှာ ဘယ်လို သဿတရှိနေသတုံး....လို့ မေး တော့မှ တကာသစ်ရေ.... အသက်ကလေး ထွက်သွားတယ်....တဲ့ (မှန်ပါဘုရား)။

အသက်ကလေး.... ( ထွက်သွားပါတယ်ဘုရား ) ဒါဖြင့်.... ဒီအသက်ဆိုတဲ့ ဝိညာဏ်ကလေးဟာ ထွက်ပြီးတော့မှ တခုသော ဝမ်းခေါင်းထဲမှာ ပဋိသန္ဓေသွားနေတဲ့ အဓိပ္ပါယ်ရတယ်....(မှန်ပါ ဘုရား)။

အသက်ထွက်သွားတယ်လို့ ယူတဲ့အယူဟာ ဗုဒ္ဓဘာသာမှာ ရှိတယ်...(ရှိပါတယ်ဘုရား) အဲဒါ ဘာဒိဋ္ဌိလဲ.... (သဿတဒိဋ္ဌိ ပါဘုရား)။

နဂိုရ်ရုပ်ကမှ ခန္ဓာကိုယ်ထဲ အသက်မရှိဘဲနဲ့ အသက်ထွက်သွား တယ်ဆိုတဲ့ဥစ္စာ ဒီအသက်ကလေးဟာ ဘယ်များ ထွက်သွားပြီး ဘယ်များ အောင်းနေပါလိမ့်မတုံး....လို့ တကာကြွယ် တချို့ မယူဘူးလား (ယူပါတယ်ဘုရား) အောင်းတာ အသာထား ပါတော့၊ အသက်ထွက်သွားပြီ ဆိုလို့ရှိယင်ဖြင့် အသက်ကလေး ဟာ ဒီဝမ်းထဲက ထွက်သွားတယ်... (မှန်ပါ) အသေရယ်လို့ ပါသေးရဲ့လား....(မပါ-ပါဘုရား) ဘာဒိဋ္ဌိပါလိမ့်· (သဿတ ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာတွေမှာ ဒါရှိ-မရှိ.... (ရှိပါတယ်ဘုရား) ဒါဖြင့် ဒီပုဂ္ဂိုလ်တွေ တကာကြွယ် နိဗ္ဗာန်ရပါ့မလား.... (မရပါ ဘုရား) ဘာဒိဋ္ဌိခံနေသလဲ.... (သဿတဒိဋ္ဌိခံနေပါတယ်ဘုရား) ဘယ်တော့မှ မရဘူး.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီတရားမျိုး, ဒီအပြောမျိုး, ဒီအသိမျိုးကို မသိရတဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာဖြင့် တယ် စိုးရိမ်စရာ ကောင်းတယ်.... (စိုးရိမ်စရာပါဘုရား) တကာတကာမတို့ သိပ်စိုးရိမ်စရာကောင်း တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘဝကူးတယ်လို့ တချို့ကလဲ ယူပြန်တယ်.... (မှန်ပါ့ဘုရား) တကာကြွယ် ဘယ်လိုယူပါလိမ့်.... (ဘဝကူးတယ်လို့ယူပါတယ် ဘုရား)။

ကူးတယ်ဆိုတဲ့ သဘောသည် တကာကာကာမှတို့ ဒီနေရာ မကောင်းလို့ ဒီနေရာ ပြောင်းတာ.... ( မှန်ပါ ) ဒါဖြင့် မူလ အထည်ဟာ ပျောက်သလား, ပြောင်းသလား.... (ပြောင်းတာပါဘုရား)ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

ဒါ ဘယ်ဘာသာဝင်တွေမှာ ရှိနေပါလိမ့်....(ဗုဒ္ဓဘာသာဝင်တွေမှာ ရှိနေပါတယ်ဘုရား)

ဟာ.... ဗုဒ္ဓဘာသာဝင်တွေဟာ သဿတဒိဋ္ဌိတွေပါလား.... (မှန်ပါ) သူဟာ နာမည်က ဗုဒ္ဓဘာသာ၊ အယူက ဒိဋ္ဌိ....(မှန်လှပါ) နာမည်က.... (ဗုဒ္ဓဘာသာပါဘုရား) အယူက ... ( ဒိဋ္ဌိပါဘုရား)။

အင်း....တကာကြွယ်လဲ သေခါနီးမှ ဒီအယူစွန့်ရဦးမှာနော် (မှန်ပါ) မလွယ်ဘူး, မလွယ်ဘူး.... (မလွယ်ပါဘုရား) ဘော်, တော် အရေးကြီးတယ် ဆိုတာ တကာကြွယ်... ( ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ နှုတ်ကလဲ တက်နေသေးတယ်....၊ စိတ်ထဲကလဲ စွဲထားလိုက်သေးတယ်...(မှန်ပါ)။

နှုတ်ကကော....(တက်နေပါတယ်ဘုရား) ဟော.... အသက်ထွက်ပြီဟေ့....အသက်ထွက်ပြီဟေ့...တဲ့....(မှန်ပါ) အံမာလေး သူသွားပြီလို့ ပြောတာ.... (မှန်ပါဘုရား)။

မြင်လိုက်ရသလားလို့ မေးတော့လဲ မြင်လိုက်ရတာ မဟုတ်ဘူး....(မမြင်ပါဘုရား)။

သို့သော်....ရှေးက ယူထားတဲ့အယူကြောင့် တကာကြွယ်တို့က ဘာထွက်တယ် ဆိုသလဲ.... ( အသက်ထွက်တယ်ဆိုပါတယ်ဘုရား)။

အသက်ထွက်တယ်....(မှန်ပါ) ခက်ပြီ၊ သူ ဒီနေရာမကောင်းလို့ ပြောင်းပြီ.. (မှန်လှပါ) ဘာဒိဋ္ဌိပါလိမ့်....(သဿတဒိဋ္ဌိပါဘုရား)။

ဒီအယူ မစွန့်သရွေ့ကာလပတ်လုံး တကာ့တကာမတို့ ဘယ်တော့မှ နိဗ္ဗာန်မရဘူး....(မှန်လှပါ) ငရဲနိုင်စရာ မြင်သေးရဲ့လား (မမြင်ပါဘုရား)။

ခုနင်က ပြောလိုက်တော့ မရှင်းဘူးလား.... ( ရှင်းပါတယ်ဘုရား) အကြောင်းအကျိုးတွေဆက်တယ်၊ လိုက်တော့ မလိုက်ဘူး....(မှန်လှပါ)။

အကြောင်းအကျိုးတော့ (ဆက်ပါတယ်ဘုရား) လိုက်တော့ (မလိုက်ပါဘုရား) အဲ.... ထွက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)ဒါဖြင့် ရုပ်နာမ်ကိုအသက်ခေါ်ကြတာကိုး... (မှန်လှပါ) ဒီရုပ်နာမ် အသက်သည်ကား... လို့ ဆိုယင် တကာ တကာမတို့ ဟိုဘဝ လိုက်ကဲ့သလား.... (မလိုက်ပါဘုရား) သတ္တိတော့ မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

အဲဒီလို သိသွားတော့ သဿတလဲ လွတ်ပါတယ်.... (လွတ်ပါတယ်ဘုရား) ဥစ္ဆေဒကော....(လွတ်ပါတယ်ဘုရား)။

ဒါဖြင့်.... တကာကြွယ်တို့ တကာသစ်တို့ ဗုဒ္ဓဘာသာမှာ ဘယ်ဒိဋ္ဌိများသတုံး.... (သဿတဒိဋ္ဌိများပါတယ်) အင်း.... သူနိဗ္ဗာန်ရပါ့မလား.... (မရပါဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်.... (မှန်ပါ) အကြင်ပုဂ္ဂိုလ်မှာတဲ့ တစုံတခုသောဘာရားကို ခိုင်တယ်, မြဲတယ်, လိုက်တယ်လို့ ယူငြားအံ့ ထိုပုဂ္ဂိုလ်သည် သစ္စာ နုလောမိကဉာဏ်တောင် မရနိုင်

ဘူးကွတဲ့.... (မှန်ပါ) ဘုရားက သေသေချာချာ ဟောတယ်.... (မှန်ပါဘုရား)။

သစ္စာနုလောမိကဉာဏ်မှ မရလို့ရှိယင်သဲ မဂ်ဉာဏ်မရဘူးကွတဲ့...(မှန်ပါ) မဂ်ဉာဏ်မရလို့ရှိယင် သောတာပန် မဖြစ်နိုင်ဘူးကွတဲ့....(မှန်ပါ)သောတာပန်မှ မဖြစ်လို့ရှိယင် သကဒါဂါမိ အနာဂါမိ, ရဟန္တာမဖြစ်နိုင်ဘူးကွတဲ့... (မှန်ပါ)ငါဘုရားဟာထစ်ချ ဟောတယ်ဆိုပြီး သကာလ ဟောတော်မူတယ် .... (မှန်ပါဘုရား)။

သဿတခံနေယင် မရဘူးတဲ့ ( မရပါ ) ဥစ္ဆေဒခံနေယင်ကော....(မရပါဘုရား)။

ဒါဖြင့်တ ဟာကြွယ်-ဒီတရားမျိုးကိုလဲမနာဘူးဘူး-မသိဘူးဘူး ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေမှာ သဿတလွတ်တို့အတော်ခက်ပြီ..(ခက်ပါတယ်) ဦးဘာအုန်း- မခက်ဘူးလား... (ခက်ပါတယ်ဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ ပြန်ပြောလိုက်ပါဦးမယ် ခင်ဗျားတို့ နာရီတော့ စေ့နေပြီ...(မှန်ပါဘုရား)။

ခင်ဗျားတို့ပြုလိုက်တဲ့ကံသည် ဟုတ်လား- (မှန်ပါ အထည်နဲ့တကွ နောက်ဘဝ လိုက်သလား....(မလိုက်ပါဘုရား)။

ဘာဖြစ်လို့မလိုက်သလဲ... (ချုပ်ပျောက်သွားလို့ပါ)ဘယ်သူချုပ်သတုံး....(ရုပ်နာမ်ချုပ်ပါတယ်) လုပ်တဲ့နေရာမှာ ချုပ်တယ် ရှင်းရှင်းပြောပါ...(မှန်ပါဘုရား)။

လုပ်တဲ့နေရာမှာ....(ချုပ်ပါတယ်) အခုလုပ်- အခုချုပ်တာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် ကာကာဘာကာမတို့ လုပ်တဲ့ကံတွေ,ဉာဏ်တွေ,စေတနာတွေဟာ မြဲရဲ့လား....(မမြဲပါဘုရား)။

မမြဲမှန်း သိဘဲ့အတွက်တဲ့ သဿဘာဒိဋ္ဌိ လွတ်ပါတယ် .... ( လွတ်ပါတယ် )သို့သော် သူ့အကြောင်း ကင်းပြီးသကာလ နောက်ပဋိသန္ဓေတွေ နောက်ဘုံနန်းတွေ ပေါ်ပါ့မလား .... (မပေါ်ပါဘုရား)။

ဒါဖြင့် အထည်မလိုက်ဘူး၊ သတ္တိလိုက်တယ်.... ( မှန်ပါ့ ) အထည်မလိုက်ဘူး....(သတ္တိလိုက်ပါတယ်ဘုရား)။

ဒါဖြင့် အထည်မလိုက်ဘူး သိသဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး .... ( သဿတဒိဋ္ဌိစင်ပါတယ်ဘုရား ) သတ္တိလိုက်တာ သိသဖြင့် .... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒါဖြင့် အသက်ထွက်တာလဲ မရှိဘူး....(မှန်ပါ့) ဘဝကူးတာ ကော....(မရှိပါ) မရှိပါဘူးတဲ့၊ ဒီရုပ်နာမ် ဟိုဘက်ကိုကူးနိုင်ရဲ့လား (မကူးနိုင်ပါ) သဘောပါပါသလား.... (ပါ-ပါပြီဘုရား)။

လောကီ ဥပမာကလေးတခု ရှင်းရှင်းကလေး ခင်ဗျားတို့ မှတ်သွားစမ်းပါ၊ သဿတ,ဥစ္ဆေဒနေရာမှာ.. (မှန်ပါဘုရား)။

တကာကြွယ်က ဘန်ကောက်အထည်မှာ သူ့သည်ကားလို့ ဆိုယင်ဖြင့် ထူးထူးချွန်ချွန် လုပ်နိုင်တဲ့ပုဂ္ဂိုလ် တဦးဘာယောက်လို့ တောင် မြို့နယ်ကနေပြီး သမုတ်ကြတယ်....(မှန်ပါ့) ကျစ်နည်း၊ ဆိုးနည်း ခတ်နည်း၊ ဆင်နည်း ပြင်နည်းပေါ့ဗျာ .... (မှန်ပါ့ဘုရား)။

တကာကြွယ်က သူခင်တဲ့ပုဂ္ဂိုလ်ကို ပေးလိုက်တယ်....(မှန်ပါ့) ပေးလိုက်တော့ ဟိုပုဂ္ဂိုလ်မှာ သူ့ဆင်နည်း,ပြင်နည်း, ဆိုးနည်း, ခတ်နည်းဆိုတာတွေ ရမသွားဘူးလား (ရသွားပါတယ်ဘုရား)။

ရသွားတော့ တကာကြွယ် လိုက်သွားလို့ ရတာလား ဘကာကြွယ် သတ္တိတွေ ရောက်တာလား(တကာကြွယ် သတ္တိတွေရောက်တာပါ) တကာကြွယ်ကော အကြောင်းကောင်းရဲ့လား.... (မကောင်းပါဘုရား)တကာကြွယ်က ဟိုဆီလိုက်သေးသလား.... (မလိုက်ပါဘုရား)။

အဲဒါကိုမှတ်ရမယ် .... ( မှန်ပါ ) မလိုက်ဘူးလဲ မဟုတ်ဘူး၊ သတ္တိကလိုက်တယ်....( မှန်ပါ ) လူကိုယ်တိုင် လိုက်သလားလို့ မေးပြန်တော့... (မလိုက်ပါဘုရား)။

ဒါဖြင့် လူကိုယ်တိုင် မလိုက်တာသိရသဖြင့် သဿတဒိဋ္ဌိစင်ပါတယ်....(မှန်ပါ) သတ္တိလိုက်တာ သိရသဖြင့်သဲ ပြတ်သွားတာ မဟုတ်ဘူး၊ ဥစ္ဆေဒသဘော မရောက်ဘဲနဲ့ အကြောင်း အကျိုး ဆက်သေးတယ်ဆိုတဲ့ အမိပ္ပါယ်ကော မရဘူးလား.... (ရပါတယ်ဘုရား)။

တကာကြွယ်ရိပ်မိပြီ .. (ရိပ်မိပါပြီ)ကဲ....နောက် ဒီဥပမာတခုခုနှင်ကဟာနဲ့ဘဲ တန်းတူထားလိုက်ပါတော့၊ တချို့မန္တာန်တွေ ရှိတယ်....(မှန်ပါဘုရား)။

ကျုပ်မှာ မြွေကိုက်နေတယ်ဗျာလို့ ဆိုပြီး တယောက်သော ပုဂ္ဂိုလ်က လာခေါ်တယ် .... ( မှန်ပါ ) ဆရားကသဲ မအားလို့ မလိုက်နိုင်ဘူး၊ ဒီမန္တာန်ကလေးနဲ့ သွားကုလိုက်ပါကွာ ဆိုပြီး လွှတ်လိုက်တော့ ဟိုမှာဝေဒနာပျောက်တယ်... (မှန်ပါဘုရား)။

ဒီဆရာ့ဆီမှာကော ဒီမန္တာန်ကုန်သလား.... ( မကုန်ပါ ) ဒီမန္တာန် ဟိုကိုမလိုက်ဘူးလို့ကော ဆိုလို့ရရဲ့လား .... (မရပါဘုရား)။

ဒါဖြင့် ဆရာမလိုက်တာ ထောက်လိုက်လို့ရှိယင်လဲ တကာ တကာမတို့ သဿတဒိဋ္ဌိလွတ်ပါတယ်....(လွတ်ပါတယ်) ဆရာမှ ဟိုမလိုက်ဘဲကိုး....(မှန်ပါ့) သတ္တိလိုက်တာ ထောက်လိုက်သဖြင့် လဲ သတ္တိပြတ်သေးသလား- သတ္တိအားဖြင့်တော့ အကြောင်း အကျိုးဆက်သေးသလား (အကြောင်း အကျိုးဆက်ပါတယ်) ဆက်တာထောက်လိုက်လို့ရှိယင် ဘယ်ဒိဋ္ဌိစင်သလဲ... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်)သဘောပါပလား....(ပါပါပြီဘုရား)။

ဒီလိုဘဲတဲ့ နာမ်ဓမ္မတွေဟာ တခုနဲ့တခုသတ္တိတော့ဆက်ဘယ်၊ အသည်တော့ဖြင့် ဖြစ်တဲ့နေရာ ချုပ်တာချည့်ဘဲ.... (မှန်ပါ့)ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သဿတ ဥစ္ဆေဒ ယနေ့စင်ပလား (စင်ပါပြီ) တကယ်စင်ရဲ့လား... (စင်ပါတယ်ဘုရား)။

ဒါဖြင့် အသက်ထွက်တာ မှန်-မမှန်... (မမှန်ပါ)ဘဝကူးတာ ( မမှန်ပါ ) ကူးယင် ဒါကြီးဟာ မပျက်ဘဲနဲ့ကူးလိမ့်မယ် .... (မှန်ပါ့)တံဘားကြီး ကုန်းကူးသလို... ( မှန်ပါ့ )သဘောကျပ လား.... (ကျပါပြီ)ဒီလိုကိုလိုက်နိုင်ရဲ့သား.... ( မလိုက်နိုင်ပါ ) ဒီနေရာဖြစ် ဒီနေရာချုပ်ရမှာဘဲ.... (မှန်ပါ့) သဘောပါပလား- (ပါပါပြီဘုရား)။

ဒါဖြင့် ဒီတရားက အထည်မလိုက်ဘူး ဆိုတာကော .... (ယုံကြည်ပါတယ်ဘုရား) အထည်မလိုက်ဘူးဆိုတာ သိသဖြင့် တကာသစ် ဘယ်ဒိဋ္ဌိစင်သတုံး....(သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဩြော်... အထည်တော့ဖြင့် ချုပ်သွားတာဘဲ၊သတ္တိကလေးက ကျေးဇူးပြုသေးတယ်... (မှန်ပါ့) ပဋိသန္ဓေကျေးဇူးပြုသေးတယ်

ဆိုတာ မယူရဘူးလား....(ယူရပါတယ်)အဲဒီလို သိလိုက်ပြန်တော့ ဘယ်ဒိဋ္ဌိစင်သတုံး....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဪ.... အထည်သာပြတ်တယ်၊ သတ္တိမပြတ်ဘူး ဆိုသဖြင့် ဒိဋ္ဌိနှစ်ခုစင်ပါတယ်....(မှန်ပါ) သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဒါဖြင့် ယနေ့ သဿတ,ဥစ္ဆေဒစင်တဲ့နေ့....၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တဲ့ နေ့....(မှန်ပါဘုရား)။

ဒါလောကနဲ့ သေယင် နက်ဖြန်သေယင် အပါယ်တော့ မကျဘူး(မှန်ပါ) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ကဲ....ယနေ့ ဓိတ္တင်တော်ကြပါဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား၏
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော
( သဿတ,နဲ့ ဥစ္ဆေဒ သိမှုနှင့်ပြုတ်ရေး )

# နေ့အလုပ်ပေး-တရားတော်

( ၆-၇-၆၁ )

အားလုံး တရားနာလုံးသွင်းကြလို့ သတိပေးလိုက်တယ်နော် (မှန်ပါ)တကာတကာမတွေ သံသရာထဲမှာ အိုဘေး, နာဘေး, သေဘေးနဲ့ အဖော်လုပ်နေရတယ် (မှန်ပါ)။

သံသရာထဲ ဘာနဲ့ အဖော်လုပ်နေရသလဲ .. (အိုဘေး, နာဘေး, သေဘေးနဲ့ အဖော်လုပ်နေရပါတယ်ဘုရား)။

တခါတလေ ကျပြန်တော့လဲ အိုဘေး, နာဘေး, သေဘေး အပေါ်မှာ အပါယ်ဘေးနဲ့လဲ အဖော် လုပ်နေရတဲ့အခါ ပါ သေးတယ်....(ပါပါတယ်ဘုရား)။

ဒါဖြင့် တကာဘကာမတွေမှာ အိုဘေး,နာဘေး,သေဘေး, အပါယ်ဘေးဆိုတာတွေနဲ့ အဖော်လုပ်ပြီးသကာလ နေရတာ ဟာ ဘာကြောင့်ပါလိမ့်မလဲလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့် တဲ့....အမှား မပြင်နိုင်လို့ ခန္ဓာဖြစ်တယ်.... (မှန်ပါ)။

အမှားမပြင်နိုင်လို့....(ခန္ဓာဖြစ်ပါတယ်)အမှား မပြင်နိုင်လို့ ခန္ဓာဖြစ်တော့ကို ခန္ဓာရလို့ အိုဘေး,နာဘေး,သေဘေး,အပါယ်

ဘေးတွေ ရောက်လာတယ်....(မှန်ပါ့) ဒါဖြင့် .. တကာ တကာမ တို့သည် အမှားပြင်မှုဟာ အရေးအကြီးဆုံးဘဲ ... (ကြီးပါတယ် ဘုရား) အမှားပြင်မှုဟာ... (အရေးအကြီးဆုံးပါ ဘုရား)။

ဒီအမှားကလဲ....တဲ့ ဘုရား တဆူတဆူပေါ်မှ တခါတခါ သာသနာထားခဲ့မှ ဒီအမှား ပြင်ဘို့ရာ အကြောင်းကလဲ ပေါ် ပေါက်လာတယ်.. (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အခု ခန္ဓာနဲ့ အခုဆရာနဲ့ အမှားပြင်ပေးမည့်ဆရာနဲ့ ကွဲကြမယ်၊ လွဲကြမယ်ဆိုလို့ ရှိယင်ဖြင့် အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေးတွေဟာ ကိုယ်ပိုင်ပစ္စည်းလို့ မှတ်ပါ....(မှန်လှပါ)။

အိုဘေး,နာဘေး,သေဘေး,အပါယ်ဘေးတွေဟာ· (ကိုယ်ပိုင် ပစ္စည်းတွေပါဘုရား)။

ဒါက အမှားမပြင်နိုင်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းကိုးဗျ .. (မှန်ပါ့) အမှားပြင်ပြီးတဲ့ ပုဂ္ဂိုလ်ကတော့ ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့အတွက် အိုဘေးလဲ မရှိဘူး .. (မှန်လှပါ) နာဘေးကော... (မရှိပါဘုရား) သေဘေးကော....(မရှိပါဘုရား) အပါယ်ဘေးကော.... (မရှိပါ ဘုရား)။

ဪ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကျုပ်ဒုက္ခ ရောက်လေခြင်း၊ အိုဘေးကြီးနဲ့ အဖော်လုပ်နေရ, နာဘေးကြီးနဲ့ အဖော်လုပ်နေရ, သေဘေးကြီးနဲ့ အဖော်လုပ်နေရ, အပါယ် ကြောက်တဲ့ ဘေးကြီးနဲ့လဲ အဖော်လုပ်ပြီး တခါတရံ နေရ .... ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ လက်သည် ရှာဘိုက်တဲ့အခါ ကျတော့ ခန္ဓာကို အမှန်မသိလို့ .... (မှန်လှပါဘုရား) ခန္ဓာကို

အမှားသုံးချက်နဲ့ သိနေလို့ဆိုယင် လွဲပါ့မလား....( မလွဲပါ ဘုရား)။

ဒါကြောင့် တရားအစမှာ တကာတကာမတို့ ခန္ဓာအမှားကို ပြပြီးတော့မှ ခန္ဓာအမှန်ကို ကောင်းတယ်, မကောင်းဘူးဆိုတာ ဝေဘန်နိုင်တဲ့ ဉာဏ်နဲ့ တကာတကာမတွေ ဝေဘန်ကြပါဆိုတဲ့ ဥစ္စာ ဆရာတန်းကြီးက ရှေ့က လမ်းကောင်းပြတယ်.... (မှန်လှ ပါဘုရား)။

လမ်းကောင်းပြတော့ တကာ တကာမတွေက ဝေဘန်လိုက် တာပေါ့ (မှန်ပါ့) ဝေဘန်လိုက်တဲ့အခါကျတော့မှ ခန္ဓာကြီး ကြောင့် အိုရတယ်....(မှန်ပါ့) ခန္ဓာကြီးကြောင့် နာရတယ် .... (မှန်ပါ့) ခန္ဓာကြီးကြောင့်....( သေရပါတယ်ဘုရား )ခန္ဓာကြီး ရှိတဲ့အတွက် အပါယ်ဘေး ကြောက်နေရတယ်... (မှန်ပါ့ဘုရား) ဒီအတိုင်း မနေဘူးလား (နေပါတယ်ဘုရား)။

အဲဒါတွေ သိတဲ့အခါကျတော့မှ ဩော်-ခန္ဓာဟာ မကောင်း ဘူး....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ခန္ဓာ ဇာတ် သိမ်း ငြိမ်းမှ ကောင်းတော့မယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များ, ဆုမတောင်းဘဲနဲ့ အလုပ် လုပ်ယူတဲ့ပုဂ္ဂိုလ်များ တကာကြွယ်,တကာသစ်တို့ အတော် မှားဘယ်.... (မှားပါတယ်ဘုရား) မမှားကြဘူးလား (မှားပါ တယ်ဘုရား)။

အင်မတန်မှားတယ်ဆိုတာ တကာတကာမတွေ ယုံယုံကြည် ကြည်နဲ့ မှတ်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘာကလေး သူလူ၊ ဘာကလေး တန်းတန်း ဘဝကူးကောင်းဘို့များ မလုပ်ပါနဲ့....(မှန်လှပါဘုရား)။

တကာကြွယ် ဘာပြောပါလိမ့်... (ဘဝကူးကောင်းဘို့များ မလုပ်ပါနဲ့ပါဘုရား) ဘဝကူးကောင်းဘို့ မလုပ်ကြစမ်းပါနဲ့....(မှန်ပါဘုရား)။

ဒါ... တကာကြွယ်တို့ လူစကလဲ့ အသက်သာကြီးနေသယ်၊ မိတ်ဆွေချင်း တွေလို့ရှိယင်ဖြင့် ကျောင်းဆောက်တယ်, ဘုရား တည်တယ်ဟေ့....၊ မတည်ရဘူးလို့ ဘုန်းကြီးက မဆိုဘူး၊ ဘဝ ကူး ကောင်းဘို့လောက်တော့ မဖြစ်စေနဲ့....(မှန်လှပါ)သဘော ပါကြပလား....(ပါပါပြီဘုရား)။

ဘဝကူးကောင်းဘို့လောက်တော့ .. (မဖြစ်စေပါနဲ့ပါဘုရား) ဒါ တော်တော်အရေးကြီးတယ်....( မှန်ပါ )ဘဝကူးကောင်း ဆိုတဲ့ဥစ္စာ သစ္စာမသိလို့ ဖြစ်ရတဲ့ ဖြစ်ထွေ....လို့ တကာသစ်က မှတ်လိုက်တာပေါ့....(မှန်လှပါဘုရား)။

ဘဝကူးတော့ ကူးတယ်ဆိုယင် စုတိပြီး ပဋိသန္ဓေ ရလာတယ် (မှန်ပါ) စုတိ ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေက (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒုက္ခက ဒုက္ခကူးတာများ ဘယ်သူကများ သူတို့ကို အကောင်းဟောထားပါလိမ့်... (မှန်ပါဘုရား)။

ဒုက္ခက ဒုက္ခကူးတာများ ဘယ်သူက သူတို့ကို အကောင်း ဟောထားပါလိမ့်မတုံး....လို့ တကာကြွယ်တို့, တကာသစ်တို့... ဦးလှဘူးတို့ မေးဘို့ ကြုံလာတယ်....( မှန်ပါ ) မကြုံဘူးလား.... (ကြုံပါတယ်ဘုရား)။

အဲဒီတော့...ယနေ့က စပြီး ဘုန်းကြီးတို့ တကာတကာမတွေ တော့ဖြင့် ဘဝကူးကောင်းဘို့ဖြင့် မလုပ်ပါနဲ့....(မှန်ပါ့ဘုရား) ဘဝချုပ်ငြိမ်း ရုပ်သိမ်းဘို့ဘော့ လုပ်ပါ....(မှန်လှပါ)။

ဒါနလုပ်လုပ်....သီလလုပ်လုပ် .. ဝိပဿနာလုပ်လုပ် ခင်ဗျားတို့ လုပ်ကြပေါ့ဗျာ. (မှန်ပါ့)ဘဝချုပ်ငြိမ်း ရုပ်သိမ်းဘို့ဆိုပြီး လုပ် ကြစမ်းပါဆိုတာကို လေးစားစွာနဲ့ တိုက်တွန်းလိုက်တယ် .... (မှန်လှပါဘုရား)။

အဘယ်ကြောင့် ဘဝကူးကို ဒါလောက်တောင် ကန့်ကွက် ပါလိမ့်မလဲ [illegible] ကြွယ်တို့ တကာသစ်တို့က နေးလို့ရှိယင် ဖြင့် သစ္စာနဲ့ တေနန်တော့ အကောင်းမပါလို့....လို့ မှတ်လိုက် စမ်းပါ....(မှန်ပါ့)။

စုတိက....(ဒုက္ခသစ္စာပါဘုရား) ကိုင်း....ခင်ဗျားတို့ ပြောတဲ့ အတိုင်း သဿတဒိဋ္ဌိနဲ့ဘဲ ကူးလိုက်ပါဦး....(မှန်ပါ့)သဿတဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဘဝကူးတယ်လို့ ယူတာကိုး....(မှန်လှပါ ဘုရား)။

လွဲတော့ မလွဲဘူးလား....( လွဲပါတယ်ဘုရား ) ဘယ်မှာ ကူးနိုင်ရဲ့လား၊ စိတ်တခုက စိတ်တခုကို... (မကူးနိုင်ပါဘုရား) ဒီနေရာ ချုပ်ပြီးသကာလ ဒီနေရာ ပျက်ရရှာတယ်...( မှန်ပါ့ ဘုရား )။

အဲဒါ ဘဝကူးကောင်းဘို့ ဆိုပြီးသကာလ နှစ်ချက် ထပ်လွဲ ကြီးနဲ့၊ ကာသစ် နှစ်ချက်ထပ်လွဲဆိုတာ ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)ဘဝကူးဆိုတာက သဿတဒိဋ္ဌိ....(မှန်ပါ့) ကောင်း ဆိုတာသည်ကား သစ္စာမသိလို့....( မှန်ပါ့ )ဒါဖြင့် ဒီ့ထက် မွှား ရှိသေးသလား....(မရှိတော့ပါဘုရား)။

အားလုံး တကာတကာမတွေ ဘဝကူးကောင်းဘို့ဖြင့် ခင်ဗျား တို့ ဒီအမှားဖြင့် အကြီးအကျယ် ပြင်ပါဆိုတာ သတိပေးလိုက် ပါတယ်... (မှန်ပါဘုရား)။

ဘဝကူးတယ်လို့ထင်ယင် ဘာဘုံး....(သဿတဒိဋ္ဌိပါဘုရား) ကောင်းတယ်လို့ထင်ယင် သစ္စာမသိလို့.... (မှန်ပါ) သဘော ကျပလား....(ကျပါပြီဘုရား)။

ဘဝကူးတယ်လို့ ထင်လိုက်ယင်.... (သဿတဒိဋ္ဌိပါဘုရား) ကောင်းတယ်လို့ ယူလိုက်ယင်....(သစ္စာမသိလို့ပါဘုရား) ဒုက္ခ သစ္စာကြီးရတာ ဒုက္ခသစ္စာလို့ မသိလို့... (မှန်ပါ)။

ဩော် ဒါဖြင့် တကာကြွယ် တရားဟောရတဲ့ အထဲမှာလဲ ဘုန်းကြီးများလဲ ကရုဏာ ပိုပိုလာတယ်.... ( မှန်ပါ ) ဘယ်လို ကရုဏာ ပိုသာသတုံး....ဆိုတော့ ဩော်.... ကျုပ်တို့ အသက် ကလေးကလဲ ကြီးသာပြီဗျာ....၊ အဲဒါကြောင့် ဘဝကူးကလေး ကောင်းအောင် လုပ်ရဦးမယ်... (မှန်လှပါ) တယ်ပြောလေ့ ဆိုလေ့ရှိကြတယ်....(ရှိပါတယ်ဘုရား)။

အသက်ကလဲ ကြီးပြီဗျာ....၊ ဘဝကူးကောင်းဘို့ အရေးကြီး တယ်....(မှန်ပါ)ဩော်....သူကဖြင့် တရားသံလိုလိုနဲ့ ဒိဋ္ဌိသံကြီး.... (မှန်ပါဘုရား) တရားသံလား- ဒိဋ္ဌိသံလား.... (ဒိဋ္ဌိသံပါဘုရား) အမှားသံလား-အမှန်သံလား....(အမှားသံပါဘုရား)။

ကောင်း ဆိုတာကလဲ ဒုက္ခသစ္စာမသိလို့.... (မှန်ပါ) ကူးဆို တာက သဿတဒိဋ္ဌိဖြစ်နေတာ သူဟာသူ နီးပြီ- (မှန်ပါဘုရား) သဿတဒိဋ္ဌိနဲ့ သစ္စာမသိမှု ရောနေတယ်....(မှန်ပါ)။

တကာကြွယ် ... ဘဝကူးများ ကောင်းချင်သေးသလား.... (မကောင်းချင်ပါဘုရား) ဉာဏ်ရောက်ကြရဲ့လား....(ရောက်ပါတယ်ဘုရား)။

ဒီစကား သေးသိမ်တဲ့စကားလို့ ဘုန်းကြီးတို့ တကာတကာမတွေက မယူပါနဲ့....(မှန်လှပါဘုရား)။

ဒီစကား သေးသိမ်တဲ့စကားလို့ မယူပါနဲ့၊ နှုတ်တက်နေတဲ့ ပုဂ္ဂိုလ်မှာ အကြီးဆုံး မှားယွင်းချက်ပါဘဲ.... (မှန်လှပါဘုရား)။

နှုတ်တက်တဲ့အတိုင်းလဲ သူ-ဒီအယူ့မယူဘူးလား....(ယူပါတယ်ဘုရား) ဘဝကူးကောင်းဘို့တော့ ကျုပ်တော့ လုပ်ရဦးမယ်ဗျာ.... (မှန်လှပါဘုရား) အင်း....ဘာဒိဋ္ဌိ....တဲ့.... (သဿတဒိဋ္ဌိပါဘုရား) ဒီဘဝက ဟိုဘဝကူးသွားတာကို:... (မှန်ပါ့)။

ဒီဘဝက ဟိုဘဝ ကူးသွားတယ်ဆိုတော့... ကူးတတ်တဲ့မမ ကလေးဟာ ဘယ်တော့မှ မပျက်တဲ့ အဓိပ္ပါယ်ရောက်တယ်.... (ရောက်ပါတယ်ဘုရား) ဒါ့ကြောင့် ဘာဒိဋ္ဌိ....(သဿတဒိဋ္ဌိပါဘုရား)။

ကောင်းအောင်ဆိုတာလဲ ဘာမသိလို့ပါလိမ့်.... (သစ္စာမသိလို့ပါဘုရား) ရမည့်သစ္စာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အင်း....ကောင်းအောင်လို့ သူတို့က ဒုက္ခသစ္စာကို တကာတကာမတွေက သုခသစ္စာ ထင်လိုက်တဲ့ အမှားကလဲ အတော်ကြီးတယ်.... (မှန်ပါ့ဘုရား) မကြီးဘူးလား.... ( ကြီးပါတယ်ဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ ပြင်ပေးမည့်လူ မရှိ, ဆင်ပေးမည့်လူ မရှိလို့ရှိယင် ခလေးကျင်ကြီးထဲမှာ လူး နေတာနဲ့ တသိတူဘယ်.... (မှန်ပါ)။

ခလေးက ပုခက်ထဲ သိပ်ထားတော့ သူ့ကျင်ကြီးနဲ့ သူနဲ့ ဟာက သူကလဲ ဘာမှ စမ်းရည်သတ္တိ မရှိတော့ ဟိုလိမ့်ဒီလိမ့်နဲ့ အဝတ်တွေနဲ့ ကျင်ကြီးတွေနဲ့ ဒီခလေးကလေးဟာဖြင့် မြင် မကောင်း,ကြည့်မကောင်း ဖြစ်နေတယ်ဆိုတာဖြင့် မှန်လိုက်တာ (မှန်ပါဘုရား)။

ဒီမှာသဲ တကာတကာမတွေ ပြင်ပေး, ဆင်ပေးမည့် ဆရာ သမားတွေနဲ့သာ မတွေ့ကြဘော့ဘူး ဆိုလို့ရှိယင်ဖြင့် ခလေး သူ့ကျင်ကြီးနဲ့သူ လူးလိမ့်နေတာနဲ့ အတူတူ ဖြစ်နေတယ်.... (မှန်ပါဘုရား) ဦးဘအုန်း သဘောပါရဲ့လား.... (ပါ-ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့အမှားနဲ့ ခင်ဗျားတို့သည် အမှားထဲမှာဘဲ အကြိုက် ဖြစ်နေတာဟာ အင်မတန်ဆိုးပါတယ်.... (ဆိုးပါတယ် ဘုရား)။

အမှားထဲမှာ.... (အကြိုက်ဖြစ်နေတာ အင်မတန် ဆိုးပါတယ် ဘုရား)။

အမှားအကြိုက်ဖြစ်နေတာလောက် ဆိုးတာတော့ဖြင့် လော ကမှာဖြင့် အင်မတန် အကျည်းတန်တယ်ဆိုတာ မှတ်ရလိမ့်မယ်- (မှန်ပါဘုရား)။

အမှားကို အကြိုက်ဖြစ်နေယင်.... (အင်မတန် အကျည်းတန်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဖြစ်စဉ်ကို ဟာ....ဘုန်းကြီးနှယ် ဒို့ကို ပြောရက်လိုက်တာလို့ မဆိုပါနဲ့... (မှန်ပါ)။

ခလေးငယ်ငယ်ကလေးဟာ သူစွန့်လိုက်တဲ့ ကျင်ကြီးကလေး၊ သူလက်ကလေးနဲ့ မွေ့ပြီး ကစားနေတဲ့အခါကော မရှိဘူးလား.... ( ရှိပါတယ် ) ဘယ့်နှယ်ကြောင့် ကစားပါလိမ့်မတုံး ဆိုတော့ နွေးနွေးရှိလို့ ကစားတယ်... (မှန်ပါဘုရား)။

ဘယ်လိုပါလိမ့်....(နွေးနွေးရှိလို့ ကစားပါတယ်) အဲ....စွန့်စ ဆိုတော့ ခပ်နွေးနွေးကိုး.... ( မှန်ပါ ) ကျင်ကြီးရယ်လို့ သိရဲ့လား... (မသိပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့သည် ဘဝကူးကောင်းဘို့ လုပ်တဲ့ပုဂ္ဂိုလ်ဟာ နွေးနွေးနဲ့ ကစားနေတာနဲ့တယ်တူတယ်.... (မှန်ပါဘုရား)။

တကာကြွယ် သဘောပါပလား....(ပါ-ပါပြီ) အဲဒါ လူကြီးစိတ်လား၊ ခလေးစိတ်လား....(ခလေးစိတ်ပါဘုရား)။

အေး....ဒါ့ကြောင့် အခု အချိန်အခါကာလ ပြင်ချိန်, ဆင်ချိန်ရှိတုန်းကို ပြင်ကြ,ဆင်ကြပါဆိုတဲ့ အကြောင်းကိုဖြင့် တကာ တကာမတွေကို အထူးတလည်ဘဲ မေတ္တာရှေ့ထားပြီး တိုက်တွန်းရပါတယ် (မှန်ပါဘုရား) ဘဝကူးဆိုတာသည် အပြစ်အကြီးဆုံး သင့်တာတဲ့....(မှန်ပါဘုရား)။

ဘဝကူးဆိုတာ....(အပြစ်အကြီးဆုံးသင့်တာပါဘုရား) သေသေချာချာ မှတ်စမ်းပါ၊ ဘဝကူးဆိုတာသည်.... (အပြစ်အကြီးဆုံး သင့်တာပါဘုရား)။

ဘယ့်နှယ် စုတိဒုက္ခပြီးတော့ ဒီဘဝ ဇာတ်သိမ်းတာက စုတိဒုက္ခနော်.... (မှန်ပါ) ကူးသွားလို့ ခင်ဗျားတို့ ပြောတဲ့အတိုင်း ကူးလို့ဘဲ ဟိုဘဝ ရတာက ဇာတိဒုက္ခ... ( မှန်ပါဘုရား ) စုတိဒုက္ခပြီးတော့... (ဇာတိဒုက္ခရပါတယ်ဘုရား)။

ကောင်းရဲ့လား .... ( မကောင်းပါဘုရား ) တကာသစ်.... သဘောပါပြီ... (ပါပါပြီဘုရား)ဦးဘအုန်းတို့- (ပါပါပြီဘုရား) ခင်ဗျားတို့ကော ဘဝကူးကောင်းချင်သေးသလား... (မကောင်းချင်တော့ပါဘုရား)။

အင်း... ဒီအသံကလေး ထွက်လာတာ တကာကြွယ်... တော်တော်သေးတယ်နော်....(မှန်ပါဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့်ဒတုံးလို့ မေးတဲ့အခါကျတော့ .... သစ္စာသိလို့ မကူးချင်ဘူး ပြောတယ်....(မှန်လှပါဘုရား)။

သစ္စာသိလို့.... (မကူးချင်ဘူး ပြောတာပါဘုရား) မကူးချင်ဘူး ပြောလာတော့ တကာ တကာမတွေ အင်မတန်ဘဲ တော်ကြပါပြီ....(မှန်ပါဘုရား)စုတိက.... (ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေက....(ဒုက္ခသစ္စာပါဘုရား)။

ကဲ... စုတိပြီး ပဋိသန္ဓေပေါ်လာတော့ တကာကြွယ် အမြတ်ထွက်သလား -အရှုံးဘဲရသလား....(အရှုံးဘဲ ရပါတယ်ဘုရား) ဘာဉာဏ်နဲ့ ကြည့်လိုက်ပါလိမ့် .... (သစ္စဉာဏ်နဲ့ ကြည့်လိုက်ပါတယ်ဘုရား)။

သစ္စဉာဏ်နဲ့ ကြည့်လိုက်တော့မှ အရှုံးပြန်ရတာများ ဘဝကူးကောင်းရယ်လို့ သုံးကြသေးတယ်, နှုန်းကြသေးတယ် ဆို

တော့ တကာသင်္ခါရ ခလေး ကျင်ကြီးကစားတာဘဲ.... (မှန်ပါ့ဘုရား)တယ်ကြောက်စရာ ကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် ဘဝကူး ကောင်းချင်ပါလိမ့်မတုံး လို့ မေးတဲ့အခါ ဒီခန္ဓာပေါ်မှာ ဝိပဿနာဆိုတာ မှားမှုက မဖြေဖျောက်နိုင်သေးဘဲနဲ့ ဥစ္စာဘူးရေ .... နောက်ခန္ဓာမှာသဲ အရူးမှတ်ပြီးသကာလ အရူးသိ, ရူးအယူနဲ့ဘဲ ပြန်ကြိုက်တယ် (မှန်ပါ့ဘုရား) ဒါ ဘယ်ပုဂ္ဂိုလ်တုံးဆိုတော့ ဝိပဿနာ မကင်းသေးတဲ့ ပုဂ္ဂိုလ်၏ ဘဝကူးကောင်းမှုကြိုက်မှုပါဘဲ ... ( မှန်ပါ့ ) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာမပယ်နိုင်သ၍ ကာလ ပတ်လုံး၊ဒိဋ္ဌိဝိပဿနာ မပယ်နိုင်သ၍ကာလပတ်လုံး သောတာပန် တည်ပါ့မလား.. (မတည်ပါ) သဘောကျပြီ-(ကျပါပြီဘုရား)။

အေး....သုတသညာ, သုခသညာ၊ သုဘလို့ ခန္ဓာကိုယ်ကြီး တင့်တယ်တာပေါ့ဗျာ .. (မှန်ပါ့) ဒီခန္ဓာကိုယ်ကြီးနဲ့ နေရတာ ချမ်းသာတယ်လို့ ထင်ယင်လဲ သုခသညာပေါ့ဗျာ.... ( မှန်ပါ့ ) ချမ်းသာတယ်လို့ မှတ်ထားကြမယ်ဆိုယင်... (မှန်ပါ့ဘုရား)။

အဲဒီသညာတွေက အထက်မဂ် သကဒါဂါမ်, အနာဂါမ်တို့မှ ပယ်နိုင်ကြတယ်နော် .. (မှန်ပါ့) ရဟန္တာကျတော့ သုခသညာနဲ့ သုခစိတ္တ ကျန်နေသေးတယ်....(မှန်ပါ့) ဘယ်လောက် ဝိပ္ပလ္လာသ နယ်ကျယ်တယ်ဆိုတာ တကာကြွယ် မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား)။

အဲဒါ ရှင်းနေအောင် ယခုနေ့တော့ဖြင့် ဟောတော့မှာဘဲ ဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

ဒါပြီးလို့ နာပြီးပလားဆိုယင် ဘုန်းကြီး အလုပ်တရားကို တကာတကာမတို့ ဒိဋ္ဌေခွါပြီးပြီ၊ အလုပ်-လုပ်တော့ ဆိုတဲ့ဥစ္စာကို ဘုန်းကြီး နည်းပေးမပေါ့ဗျာ....(မှန်လှပါဘုရား)။

ဒါမပါဘဲနဲ့ ...၊ ဝိပ္ပလ္လာသမသိဘဲနဲ့ တကာတကာမတွေ အလုပ်-လုပ်ပြီးသကာလ နေကြမယ်ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသဆိုတဲ့ ဝမ်းထဲမှာ အပင်းရှိနေတဲ့အတွက် ဘယ်လိုပင် အားထုတ်ငြားသော်လဲ မဂ်ဉာဏ်-ဖိုလ်ဉာဏ်မရနိုင် (မှန်လှပါဘုရား) သဘောပါပလား.. (ပါ-ပါပြီဘုရား)။

အေး....ဒါကြောင့် ကဲ စ,ပါတော့မယ် တကာတကာမတို့ အမှားကလေးကိုဖြင့် ထပ်ပြန်တလဲလဲ ပြတယ်လို့ မအောက်မေ့နဲ့....( မှန်လှပါဘုရား ) ခင်ဗျားတို့ မှားချက်သန့်တာ သိအောင်လို့....(မှန်လှပါဘုရား)။

ဟောဒါ တရားနာနေတဲ့ ခန္ဓာငါးပါး....( မှန်လှပါဘုရား ) ဒီဟာကလေးဟာ ဘာပါလိမ့် .... (တရားနာနေ ခန္ဓာငါးပါးပါဘုရား)။

တရားနာနေတဲ့ ခန္ဓာငါးပါးကို အရိယာမျက်လုံး တပ်ပေးမည့်သူ မရှိတော့ဘူး။ ဒီ တကာတကာမတွေအား....၊ သုတဝါ အရိယသာဝကောဆိုတဲ့အတိုင်းအကြားအမြင်များတဲ့ အရိယာ၏ တပည့်မဖြစ်တော့ပါဘူး ဆိုလို့ရှိယင်ဖြင့် တဲ့ ဒီခန္ဓာငါးပါး အတွက်နဲ့ အမှားလိုက်လာတာဘဲ... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးဟာက သင်္ခတ်ပြီ အနိစ္စာ....(မှန်ပါ) ခန္ဓာကြီးဟာ ဘာကြောင့်ပျာ....(သင်္ခတ်ဖြစ်ရ အနိစ္စာပါဘုရား)။

အဲဒီ အနိစ္စကို ရုပ်တွေ နာမ်တွေ ခန္ဓာငါးပါးတွေ အာယတန ဆယ့်နှစ်ပါးတွေ စုပြီးသကာလ နေတဲ့ အနိစ္စတရားကို နိစ္စလို့ မှတ်ပြန်တယ်....(မှန်ပါ) အဲ...သုတာါ အရိယသာဝကော မဖြစ်လို့....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုတဝါ အရိယသာဝကော မဖြစ်ဘူးအတွက် ခန္ဓာငါးပါးကို တခါတည်း အနိစ္စတရားကို နိစ္စလို့ မှတ်တယ်.... ( မှန်ပါ ) သဘောကျပသလား....(ကျပါပြီဘုရား)။

ခန္ဓာငါးပါး အနိစ္စတရားကို ( နိစ္စလို့ မှတ်ပါတယ်ဘုရား ) နိစ္စလို့ မှတ်တယ်၊ခိုင်တယ်လို့ မှတ်လိုက်ဟယ်...( မှန်ပါ ) ခိုင်တယ်လို့ မှတ်ပြီးသကာလ တကာသစ်ရေ ခိုင်တယ်လို့ မှတ်ယင်ဖြင့် ဒီပစ္စည်း မပျောက်စေနဲ့ ဆိုသလိုဘဲ ခင်တဲ့စိတ် လာတယ်....(လာပါတယ်) ဒါက စိတ္တဝိပလ္လာသ....(မှန်ပါ ရှေ့ပိုင်းက သညာဝိပလ္လာသ....(မှန်ပါ) နောက်က .. (စိတ္တဝိပလ္လာသပါဘုရား)။

ဒီ ခန္ဓာငါးပါးကြီးကို တကယ် ခိုင်တယ်လို့ မြဲတယ်လို့ ယူတဲ့အယူကော မရှိပေဘူးလား...(ရှိပါတယ်ဘုရား) အဲဒါက ဒိဋ္ဌိဝိပလ္လာသ....(မှန်ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကြောင့်၊ ခန္ဓာငါးပါး အနိစ္စတရားကြောင့် ဝိပလ္လာသ ဘယ်နှစ်ချက် လာသတုံး....(သုံးချက်သာပါတယ်ဘုရား)သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ....(မှန်ပါ)ဘယ်နှစ်ချက်ပါလိမ့်....(သုံးချက်ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး အနိစ္စတရားကို နိစ္စလို့ မှတ်တာက ဘာတုံး... (သညာဝိပ္ပလ္လာသပါ) နိစ္စလို့ ခိုင်တယ်၊ မြဲတယ်လို့ သိတာက(စိတ္တဝိပ္ပလ္လာသပါ) နိစ္စလို့ ခိုင်တယ်၊ မြဲတယ်လို့ ယူကားတာက....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဩော်.... ဒါဖြင့် တကာတကာမတို့ ဒီဝိပ္ပလ္လာသ မကင်းသ၍ ကာလပတ်လုံးဖြင့် ဒိဋ္ဌိက မပြုတ်ပါဘူး.... (မပြုတ်ပါဘုရား)။

ဒိဋ္ဌိမပြုတ်သ၍ ကာလပတ်လုံးလဲ မဂ်တော့မှ သစ္စာ နှလေးမိကညာဏ် မရနိုင်ဘူး....(မှန်ပါ)။

သစ္စာ နှလေးမိကညာဏ် မရနိုင်လို့ရှိယင်ဖြင့် သာမုတ္တနိယမဆိုတဲ့ သောတာပတ္တိမဂ် မရနိုင်ဘူး....(မှန်ပါ)။

ဒီမဂ်မှ မရလို့ရှိယင် အထက်မဂ်တွေကော... (မရနိုင်ပါ) မရနိုင်ဘူးဆိုတာ သေချာပလား...(သေချာပါပြီ) ဩော် ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဝဋ္ဋဘဝတိုတို့နဲ့ မဂ်ဖိုလ် ရ,ရပါလို၏....မရဘူး တကာတကာမတို့... (မှန်ပါ) ဒိဋ္ဌိပြုတ်မှရမယ်.... (မှန်ပါဘုရား)။

ဝဋ္ဋဘဝတိုတို့နဲ့မဂ်ဖိုလ်ရရပါလို၏၊ ကျုပ်ဖြင့် ဒီ့ပြင်လဲ ဆုကမတောင်းတတ်ဘူး.... (မှန်ပါဘုရား)ဝဋ္ဋဘဝတိုတို့နဲ့မဂ်ဖိုလ်ရရပါလို၏၊ ကျုပ်က ဒါဘဲတောင်းဘတ်တယ်....(မှန်ပါဘုရား)။

မဂ်ဆိုတာ တကာတကာမတို့ ပွားရမည့်ကိစ္စ.... ( မှန်ပါ ) တောင်းယူလို့ရတဲ့ကိစ္စလား၊ ပွားယူရမည့်ကိစ္စလား.... (ပွားယူရမည့်ကိစ္စပါဘုရား)။

အဲဒါ တကာတကာမတွေက ဘယ်လိုလုပ်နေကြလဲ (တောင်း ယူနေပါတယ်ဘုရား)။

ဩြော်...ခက်တယ် ဦးဘအုန်းရေ... (မှန်ပါ့) မခက်ဘူးလား (ခက်ပါတယ်)ပွားယူရမည့်ဥစ္စာ တောင်းယူလို့ရှိယင်ဖြင့် ဘယ် ကနေရပါ့မလဲ....(မရပါဘုရား)။

သစ်ပင်တပင်ကို သစ်ပင်နားကပ်ပြီး သကာလ သီးစေ သတည်း· သီးစေသတည်းလို့ သစ်ပင်ကလေး ပေါက်စကို ခင်ဗျားတို့ သီးစေသတည်းဆိုပြီး တောင့်တနေလို့ရှိယင် သီးပါ့ မလား....(မသီးပါဘုရား)။

ဟာ .... ပေါင်းတွေရှင်းလို့ ရေးတွေလောင်းလို့၊ အင်း.... ပင့်ကူအိမ်တွေဘာတွေ ဖယ်လို့ ခြံတွေဘာတွေကို ဖယ်ရှားပစ် လို့ သူ့အလုပ်ပွားများတဲ့အလုပ်၊ သူ့ဆိုင်ရာ အလုပ်တွေကိုလုပ် လို့ရှိယင် ဒီသစ်သီးစားရမှာပေါ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ သီးစေသတည်းဆိုလို့ သီးပါ့ မလား... (မသီးပါ)ဆိုင်ရာအလုပ်-လုပ်ယင်တော့.... (သီးပါတယ် ဘုရား)။

အဲဒီမှာ နိဗ္ဗာန်တည်းဟူသော အသီး အပွင့်သည် တကာ တကာမတို့ ပွားများတဲ့အလုပ်-မလုပ်ယင် ရကိုမရဘူးလို့ဆုံးဖြတ် ချက်ချ....(မှန်ပါ)တောင်းယူလို့ဖြင့်... (မရပါဘုရား)။

ကိုင်း....တကာတကာမတို့ အနိစ္စကို နိစ္စထင်တဲ့ အမှတ်မှား၊ အသိမှား၊ အယူမှား... (မှန်ပါ့)ဘယ်နှစ်ခုရှိသွားပလဲ... (သုံးခုပါ ဘုရား)။

ဒီခန္ဓာကြီးကိုပင်လျှင် အရိယာမျက်လုံးတပ်ပေးမည့်သူမရှိကြလို့ရှိယင်ဖြင့် "သဗ္ဗေသင်္ခါရာ ဒုက္ခာ" လို့ ဘုရားက ဟောတယ်-- (မှန်ပါ) ဘုရားက ဟောချင်လို့ ဟောရတာလား .. ခန္ဓဒုက္ခ ကြည့်ဟောတာလား... (ခန္ဓဒုက္ခ ကြည့်ဟောတာပါ)ဒါဖြင့် ဒုက္ခပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒုက္ခကို သုခလို့ မှတ်ထားတာက အမှတ်မှား(မှန်ပါ့)ဒုက္ခကို သုခလို့ သိတာက....(အသိမှားပါ) ဒုက္ခကို သုခလို့ ယူထားတာက....(အယူမှားပါဘုရား)။

ဩော်... ခန္ဓာကိုယ်ကြီး အတွက်နဲ့ဲ အမှား ဘယ်နှစ်ခုက် လိုက်ပါလိမ့်... (သုံးချက်ပါဘုရား) အင်း... ဝိပ္ပလ္လာသ ခြောက်ပါး ရပြီ....(မှန်ပါ့)။

တကာတကာမတို့ ဓိခန္ဓာကိုယ်ကြီးဟာ 'သဗ္ဗေဓမ္မာ အနတ္တာ' ဆိုတာ ထင်ရှားတယ်....(မှန်ပါ့) ထိုင်နေလဲ ထိုင်တိုင်းမရဘူး ... (မှန်ပါ့)ကုလားထိုင်တွေ ဆိုဖာတွေ, အမျိုးမျိုးအဖုံဖုံနဲ့ ပြုပြင်ထားငြားသော်လဲ ပူတယ် အိုက်တယ်လေဆိုပြီး ရွှေ့ရပြန်တာဘဲ....(မှန်ပါ့)။

ပူတယ်,အိုက်တဲ့နေရာရွှေ့ပြန်လို့ရှိယင်လဲထိုင်ချင်လားပြန်ချင်တော့လဲ သူ့ကို ဘယ်လိုထားလို့မှ မရဘူးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ .. သူ့ အနတ္တခန္ဓာကိုယ်ကြီး ခဏခဏ ဖြစ်ပျက်နေတာ အစိုးမရဘူးဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒီ့အနတ္တကို အတ္တလို့ မှတ်တဲ့ သညာဝိပ္ပလ္လာသ....(မှန်ပါ့) အနတ္တကို အတ္တလို့ သိတာက.. (စိတ္တဝိပ္ပလ္လာသပါဘုရား)အနတ္တ

ကို အတ္တလို့ ခိုင်တယ်-မြဲတယ်လို့ ယူထားတာက . (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

တကာသစ် ဘယ်နှစ်ခု ရပြန်သတုံး....(သုံးခုရပါတယ်ဘုရား) သုံးခုရပြန်တယ်ဆိုတော့ ပေါင်းလိုက်တော့ ဘယ်လောက်ရသလဲ (ကိုးခုရပါပြီဘုရား) ကိုးခု ရပြီဆိုတော့ တကာသစ် မှတ်ပေတော့ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီ ခန္ဓာကြီးဟာ ကေသာ လောမာ နခါ ဒန္တာ့တစော ဆိုပြီး သုံးဆယ့်နှစ်ကောဋ္ဌာသ အစုကြီးပေါ့ဗျာ- (မှန်ပါ့ဘုရား)။

သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘ အစုကြီး.... (မှန်ပါ့ဘုရား) ဒါကြီး ဖ ိးကာ့ပြင်ကာ ဆင်ကာ လိမ်းကာနဲ့ တကာ တကာမ တွေက ခြေဒ်....ကျုပ်အသက်အရှယ်နဲ့ ဒီသားအရေနဲ့ ဆိုယင်-ဖြင့် အင်း... ကြည့်ဖွယ်-ရှုဖွယ် ရှိပါသေးတယ်.... (မှန်ပါ့ဘုရား) အံ့မာလေး....တကာတကာမတွေက ဟင်....(မှန်ပါ့)။

ဒီအသက်အရှယ်နဲ့ ဒီအသားအရေနဲ့ ဆိုတော့ အရွယ်ချင်း စာလို့ရှိယင် ကျုပ်ဟာ အတော်တင်တယ်.... (မှန်လှပါဘုရား) အင်း.... တကာကြွယ် ကိုယ့်ဟာကိုယ်ကော မထင်ဘူးလား .... (ထင်ခဲ့ပါတယ်ဘုရား)။

အဲဒီလို ထင်တဲ့အတွက် အသုဘကို သုဘလို့ မှတ်ပြန်တယ် (မှန်ပါ့)အမှတ်မှားလာပြန်ပြီ....(မှန်ပါ့)။

အဲဒီတော့.... ဒီလိုမှတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို တကာတကာမတို့ သုဘ .... လို့ ထင်ပြီးသကာလ မခင်ပေဘူး လား... ( ခင်ပါတယ်ဘုရား ) အင်း....ဒါက စိတ္တဝိပ္ပလ္လာသ.... (မှန်ပါ့ဘုရား) အင်း....တော်တော်နဲ့ မသေသေးပါဘူး၊ ခိုင်ပါ

သေးတယ်၊ မြဲပါသေးတယ်လို့ ယူလိုက်ပြန်တယ်၊ ဒါက ဘာ ဆိုကြမယ်....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။ဒါဖြင့် အသုဘကို သုဘ လို့ မှတ်တာက သညာဝိပ္ပလ္လာသ၊ သုဘလို့ သိတာက(စိတ္တ ဝိပ္ပလ္လာသပါ) သုဘလို့ အယူမှားနဲ့ ယူထားတာက ( ဒိဋ္ဌိ ဝိပ္ပလ္လာသပါဘုရား)။

တကာတကာမတို့ခန္ဓာကိုယ်တကိုယ်လုံးမှာခင်ဗျားတို့၏အမှား ဖြစ်စဉ် ဘယ်လောက်သာ...(ဆယ့်နှစ်ပါးပါ) ပေါ်ကြပြီလား..., (ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်မှာ အမှားဖြစ်စဉ် ဘယ်လောက်ပါလိမ့်...(ဆယ့် နှစ်ပါးပါဘုရား)။

ဪ....ဒီ အမှားဖြစ်စဉ် ဆယ့်နှစ်ခုမှ မပယ်နိုင်ကြလို့ .... တကာတကာမတို့ ပုဂ္ဂိုလ်က တယောက်တည်း၊ ရှုးနာက ဆယ့် နှစ်မျိုး....(မှန်ပါ)။

ပုဂ္ဂိုလ်က....(တယောက်တည်းပါ) ယောဒါက ယောကျ်ား တယောက်တည်း၊ မိန်းမတယောက်တည်း....(မှန်ပါ) ဒီဘက်က ရှုးနာက....(ဆယ့်နှစ်ပါးပါဘုရား)။

ရှုးနာက ဆယ့်နှစ်ပါး ဆိုတော့ ဪ....အနာနဲ့ လနဲ့ မျှရဲ့လား ...(မမျှပါဘုရား)။

တသံသရာလုံးမှာ ခင်ဗျားတို့ ဘာနဲ့များ နေလာကြပါလိမ့် မတုံးဆိုတော့ အရှုံး ဆယ့်နှစ်မျိုး တမျိုးပြီးတမျိုး ရှုံးနေတယ် ဘုရား....(မှန်ပါ)။

ဘယ်လိုဆိုကြမလဲ....( တမျိုးပြီး တမျိုး ရှူးနေပါတယ် ) တမျိုးပြီးတမျိုး ရှူးနေတယ်ဆိုတာ ငြင်းဘို့ လိုသေးသလား .... (မလိုပါဘုရား)။

ဒါကြောင့် ရှူးတယ်-မရှူးတယ် တကာကြွယ် သူများ မမေးနဲ့နော်....(မှန်ပါ)သူများ မကြည့်ပါနဲ့တဲ့ ကိုယ် သားသမီးရချင်မှု၊အိမ်ထောင်တည်ထောင်ချင်မှု၊စီးပွါးကြီးထွားမှုဒါတွေအလိုရှိတဲ့ဥစ္စာသည် ဒါတွေက ဒုက္ခသစ္စာတွေ မဟုတ်လားဗျာ(မှန်ပါ) ဒုက္ခရှာတဲ့ အလုပ်တွေဆိုယင် လွဲပါ့မလား....( မလွဲပါဘုရား ) သို့သော်လဲ မရှိယင် မဖြစ်ဘူးလို့ ခင်ဗျားတို့က ယူထားတယ်.... (မှန်ပါ)။

မရှိယင်... (မဖြစ်ဘူးလို့ ယူထားပါတယ်ဘုရား)ဒါဖြင့် ဒုက္ခကို သုခထင်တဲ့ အမှားတွေ ဘယ့်နှယ်နေသတုံး... ( မများဘူးလား....(များပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ်ရေ....ကိုယ်ကိုယ်တိုင်ဘဲ အမှား ဆယ့်နှစ်မျိုးနဲ့ နေခဲ့ရတဲ့ ဖြစ်ထွေဟာ အတော် အကြီးသားဘဲလို့ ဆိုလို့ရှိယင် လွဲပါ့မသား... (မလွဲပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လူတယောက်မှာ အရှူး ဘယ်နှစ်မျိုးရှိပါလိမ့်....( ဆယ့်နှစ်မျိုးရှိပါတယ် )ဦးလှဘူး ရှင်းပြီ.. (ရှင်းပါပြီ) မနေ့ကလဲ ဒါ ထပ်ဟောတယ်....(မှန်ပါ) ဒီနေ့လဲ ရှင်းသထက် ရှင်းအောင်လို့ တကာတကာမတို့ လူတယောက်မှာ အရှူး ဘယ်နှစ်မျိုးပါလိမ့်... (ဆယ့်နှစ်မျိုးပါဘုရား)။

ဒါ ဒီနေတုန်း ဆယ့်နှစ်မျိုး ရှုးတယ်ဆိုတာ သိတယ် .... (မှန်ပါ့)အိမ်ပြန်သွားတဲ့အခါကျတော့ တကာတကာမတို့ အခု တရားပွဲကလဲ ပြန်ပါရော အိမ်သဲရောက်ပါရော ဒီ ဆယ့်နှစ်မျိုး တမျိုးမျိုး ထ,တာဘဲ....(ထ,ပါတယ်ဘုရား)။

ဒီဆယ့်နှစ်မျိုးဟာ .... (တမျိုးမျိုး ထ,ပါတယ်) ဩြဲ... တကာတကာမတို့ ဘယ့်နှယ်ကြောင့် ဒီ ရှုးတဲ့နေရာ ပြန်ချင်ပါ လိမ့်မတုံးလို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

အရှုးဆိုတာက တကာတကာမတို့ အမှိုက်ပုံတွေယင် ကြိုက် တယ်....(မှန်ပါ့)အမှိုက်ပုံတွေလို့ ရှိယင် အရိုးအရင်းတွေ ကောက် ရတယ်....(မှန်ပါ့)အဝတ်စုတ်တွေ ဘာတွေ... (ကောက်ရပါတယ် ဘုရား)။

ဩြဲ....ခင်ဗျားတို့လဲ ရှုးတော့ကို အမှိုက်ပုံရှိတဲ့နေရာ ပြန် ချင်ကြတယ်....(မှန်ပါ့)။

ရှုးတော့ ဘာတဲ့....( အမှိုက်ပုံရှိတဲ့ နေရာ ပြန်ချင်ပါဘယ် ) ဒါမနာပါနဲ့တဲ့....( မှန်ပါ့ )မနာပါနဲ့ ခင်ဗျားတို့ အိမ်ရောက် တော့ အရှုပ်တွေနဲ့ အကုန်တွေ့ရတယ်....(မှန်ပါ့)။

သားအတွက် စိတ်မချ,သမီးအတွက် စိတ်မချ,ပစ္စည်းအတွက် စိတ်မချ, အိမ်နီးချင်းအတွက် စိတ်မချ....(မှန်ပါ့) အရှုပ်တွေဟာ မစုံသား....(စုံပါတယ်ဘုရား)။

အဲဒီ အရှုပ်တွေစုံတော့ တကာကြွယ် ပြန်တော့မလား၊ ပြန်မှ ဘဲ ဘုရား....အချိန်မလှဘူး၊ ဒီလို ဖြေလာတယ် .... ( မှန်လှပါ ဘုရား )။

အချိန်မလှဘူးဘုရာ့၊ အချိန်မလှတာ ဘာဖြစ်သတုံး ဗျာ့လို့ မေးတဲ့အခါကျတော့ တပည့်တော်တို့ ငါ့ပစ္စည်းဆိုတဲ့ ဒိဋ္ဌိတွေ၊

ငါ့ဟာတွေဆိုတဲ့ ဒိဋ္ဌိတွေ၊ ငါ့သမီး ငါ့သားဆိုတဲ့ ဒိဋ္ဌိအယူတွေဟာ ဒါတွေနဲ့ ခွဲရမှာ ကွဲရမှာကို စိုးရိမ်တဲ့အတွက် အချိန် လွန်သွားလို့ ရှိယင် ဘယ်လိုများ ဖြစ်ကြမတုံးဆိုတဲ့ ဒိဋ္ဌိနာ ထ,ပြီး ပြန်တာကိုးဗျ....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာနဲ့ ပြန်ကြသလဲ....(ဒိဋ္ဌိနာ ထ,ပြီး ပြန်ပါတယ်) ဒိဋ္ဌိနာ ကလဲ တကာသစ်ရေ သူက လာချင်လို့ လာရတာလား ဆိုတော့ အမှတ်များကြောင့် အသိများ .. (မှန်ပါ)အသိများကြောင့် (အယူများပါဘုရား)။

ဩော်.... တကာကြွယ်ကြီး ပြန်သွားတာဖြင့် အိမ်ပြန်တာ ဘာနဲ့ ပြန်ပါလိမ့်မတုံး .... အယူများနဲ့ ပြန်သွားတယ် .... (မှန်ပါ) တကာဦးလှဘူး ပြန်သွားတာကော....(အယူများနဲ့ပြန်သွားပါတယ်ဘုရား)။

ဒီ တကာတကာမတွေ တရားပွဲသိမ်းပြီးသာကာလ ခင်ဗျားတို့ ဘယ်များ ပြန်ကြမှာပါလိမ့်.. (အယူများနဲ့ ပြန်မှာပါ) အယူများနဲ့ ဆိုင်ရာ-ဆိုင်ရာ အရှုပ်ထဲ ပြန်ကြရမယ်... (မှန်ပါ)မပြန်ရပေဘူးလား (ပြန်ရပါတယ်ဘုရား)။

တကာကြွယ်....ဒါ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး ဆိုတော့ အယူများနဲ့ ပြန်တယ်....(မှန်ပါ)။

ဒါဖြင့် ပြန်တော့ အဲဒီ ပြန်ကြမှာဘဲ၊ တကာယ်လို့များ အသက်အတိုင်းနေလို့ သေကြတော့ ဘယ်များ သေချင်သတုံး မေးတော့ ဒီနေရာပေါ့ဘုရား....(မှန်ပါ) ဘယ်နေရာပါလိမ့်.... (ဒီနေရာပါဘုရား)။

ဘာဖြစ်လို့တုံးလို့မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဒီအယူမှားနဲ့ နေရတဲ့ နေရာမှာ အယူမှားနဲ့ သေချင်လို့ဘုရား.... ( မှန်လှပါဘုရား )။

ဘယ်လိုပါလိမ့်....(အယူမှားနဲ့ နေရာမှာ အယူမှားနဲ့သေချင်လို့ပါဘုရား)။

နေတုန်းကလဲ တပည့်တော်တို့ အယူမှားနဲ့ ဒီနေရာ သိပ်ပျော်တယ်ဘုရား....(မှန်ပါ့ဘုရား)။

သေတော့ ကိုယ့်အိမ် ကိုယ့်ရာကလေးဘဲ သေပါရစေလို့ တပည့်တော်တို့ ဘုရားရှေ့ ဆုတောင်းထားတယ်ဘုရား၊ သူများအိမ် ဧည့်သည်အဖြစ်နဲ့ မသေပါရစေနဲ့၊ မသာ မလှမှာစိုးလို့တဲ့....(မှန်ပါ့)။

မသာဟာ ဘယ်တော့မှ မလှဘူး....(မှန်ပါ့)မသာပါဆိုတာ လှစရာ ပါသေးသလား... (မပါပါ) သို့သော် သူ စိုးရိမ်တာက ဘာတုံး... (မသာမလှမှာ စိုးရိမ်ပါတယ်ဘုရား)။

ဒါဖြင့် အသုဘကို သုဘထင်တဲ့ အမှားဟာ သေသေချာချာ ပါတယ် ( မှန်ပါ့ဘုရား )မပါဘူးလား ...(ပါပါ-ဘယ်ဘုရား)။

ဪ....တကာသစ် ရှုးပုံတွေ ရှောက်ပြောမယ် ဆိုယင်ဖြင့် နာရီသာ ကုန်သွားစရာ ရှိတယ် ဆုံးစရာ မြင်သေးရဲ့လား .... (မမြင်ပါဘုရား)။

ကဲ .... ဦးလှဘူးတို့.... ဒီဘက်က တကာလှကြီးတို့ .... အင်း.... ဒီကနေပြီးသကာလ အရှုး မပျောက်ဘဲနဲ့ သေသွားလို့ရှိယင်ဖြင့် အယူမှားနဲ့ သေလေရဲ့....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(အယူမှားနဲ့ သေပါတယ်) ဩော်.... ခင်ဗျားတို့က ပြောကြတယ်၊ ဘယ်သူဖြင့် သေသွားရှာတယ်၊ သားတွေစွဲလမ်းပြီး အယူတော့ မှားတယ်... (မှန်ပါ့)။

သမီးကလေးစွဲလမ်းပြီး....(အယူတော့မှားပါတယ်) ခင်ဗျား တို့က ကိုယ့်ကိုယ် ကိုယ်ဘဲမသေချင်ဘဲ ခိုင်လိမ့်မယ်၊မြဲလိမ့် မယ်ထင်လျက်သားနဲ့ သေခြင်းဆိုးလမ်းကို လိုက်ရတဲ့အတွက် ခင် ဗျားတို့ကော ဘယ်နှယ် ဆိုကြမလဲ .... (အယူမှားနဲ့ သေပါ တယ်ဘုရား)အယူမှားနဲ့ သေယင်အပါယ်သွားရမယ်.... (သွားရ ပါမယ်ဘုရား)။

တကာတကာမတွေ အယူမှားနဲ့ သေယင်.... (အပါယ်သွား မှာပါဘုရား)။

ဒါဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက တသိန်း တယောက် သုဂတိရောက်တယ်ကွ။ ကျန်တာ အပါယ်ချည့်ဘဲ ဆိုတာများ-များများ နေသေးသလား... (မများပါ) မများပါ ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)အဲဒါ သစ္စသံယုတ် မှာ ဒီအတိုင်းလာပါတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် လူတယောက်မှာ အရှူးနာဘယ်နှစ်ခုသဲ .... (ဆဲ့နှစ်ခုပါ)အနာနဲ့ လူနဲ့ မမျှဘူး....(မမျှပါဘုရား)။

တကာတကာမတို့ အနာနဲ့ လူနဲ့မမျှဘူး.... (မမျှပါ) ဒီလူ မမာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ တကွ ဘုရား၏ တပည့်သားတွေကမှ ကုမပေးလို့ရှိယင် တကာသစ် ပျောက်ဘို့ မမြင်ဘူး....(မမြင်ပါ) မြင်သေးရဲ့လား .. ( မမြင်ပါ )အဲဒါ အင်မတန် ဆိုးဝါးနေပြီဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ရှုနေတာကလဲ တကာတကာမတို့ ရှုနေတာ သုံးမျိုးရှိတယ်....(မှန်ပါ) ဒီဥစ္စာ သဘောကျပလား .... (ကျပါပြီ) အမှတ်ရှုး၊ အသိရှုး၊ အယူရှုး....( မှန်ပါ ) ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါဘုရား)။

အမှတ်မှားပြီး ရှုတာကလဲ....(တမျိုးပါ) ရှိတာဘဲ.... (ရှိပါတယ်) အသိမှားပြီး ရှုတာကော.... (ရှိပါတယ်) အယူမှားပြီး ရှုတာကော....(ရှိပါတယ်) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

အေး .. ဒါကြောင့် တကာတကာမတို့ သေသေချာချာစဉ်းစားပြီး နားထောင်ပါ။ နဂိုရ်က ကျုပ်တို့သည်ကားလို့ ဆိုယင် ဟိုခလေးမကလေးလို သွက်သွက်ခါမနေဘူး (မှန်ပါ)ကျုပ်တို့က တော်သေးတယ်၊ အဝတ်ကလေး လုံအောင်ဝတ်နိုင်သေးတယ်၊ အစရှိသည်နဲ့ ထင်ပြီးသကာလ နေကြတယ်.... (မှန်ပါ) ဘာဖြစ်လို့တုံးဆိုတော့ အရှုး၊အရှုးမှန်းမသိလို့....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်-(အရှုး၊အရှုးမှန်းမသိလို့ပါ)ဒါဖြင့် အရှုး အရှုးမှန်းမသိတဲ့ ပုဂ္ဂိုလ်များ တကာတကာမတို့ ဆေးရှာချင်တဲ့ စိတ်ကလေး ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ကဲ... ဘုန်းကြီးတို့ တကာတကာမတွေဟာ ဘာနဲ့တူနေသတုံး (အရှုးနဲ့ တူနေပါတယ်ဘုရား)။

အခု ဒီသာတဲ့ တကာတကာမတွေဟာ ဆေးရှာတာ .... (မှန်ပါ) ဟို မြို့ထဲ ရွာထဲမှာ သွားရေး၊သမီးရေး၊ စီးပွားရေးနဲ့ ဒေါင်ချာစိုင်းနေတဲ့ ပုဂ္ဂိုလ်က တရားတော့ကောင်းတယ်ဆိုတာ သိတယ်၊ကျုပ်တို့ စားရေး၊သောက်ရေးကမပြည့်စုံတော့၊မသွား

နိုင်ဘူး....(မှန်ပါ့) ဒီလိုပုဂ္ဂိုလ်တွေကော မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

သူတို့က ရှူးတာမှ ဘယ်နှယ်တုံး.... (ရှူးမှန်းမသိပါ) ရှူးတာ ရှူးမှန်းမသိလို့ ဆေးမရှာဘူး... ( မှန်ပါ့ ) တရားနာတဲ့ ပုဂ္ဂိုလ်တွေကတော့....(ရှူးတာ, ရှူးမှန်းသိလို့ ဆေးရှာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပျောက်နိုင်မယ်.... ( မှန်ပါ့ )သွက်သွက်မခါသေးဘူး .. (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နာအောင် ပြောတာလား တကာကြွယ် အမှန်လား(အမှန်ပါဘုရား)။

ဗီအရှူးက တခါတလေများ ရှူးနေလိုက်တာဗျာ· တခါတည်း သမီးကလေးထွက်သွားလို့ ကျုပ်ဖြင့် ကိုယ်ကျိုးနည်းပြီ .... (မှန်ပါ့ဘုရား)။

သမီးကလေး ထွက်သွားလို့....( ကိုယ်ကျိုးနည်းပါပြီတဲ့ ) တခါတည်း ဒါကလေးဘဲ ကျုပ်အားကိုးနေတာ၊ အခု ဒါကလေးက ကလန်ကဆန်နဲ့ အနေအထိုင်မတတ်နဲ့ ထွက်သွားတဲ့အတွက် မြင်တဲ့အတိုင်းဘဲ ကျုပ်ဖြင့် စိတ်ဟာ နည်းနည်းမှ မသက်သာဘူး....( မှန်ပါ့ ) သူ့သမီးလို့ ဒိဋ္ဌိရှူးထနေတယ် .... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိရှူးထပြီးသကာလ ဟိုလက်တို့ပြောလိုက်(မှန်ပါ့)ဒီလက်တို့ပြောလိုက်၊ ဟိုတိုင်ပင်စရာရှိတဲ့ဆီ သွားတိုင်ပင်လိုက်၊ ရှူးတာဘဲ အိမ်ထဲတွင် နေသလားတဲ့၊ သွက်သွက်ခါ သွားသလား....(သွက်သွက်ခါသွားပါတယ်) ဒိဋ္ဌိရှူးဗျ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သမီးအတွက် စိတ်ရတက် မအေးလို့ လူကြီးတွေမို့ တိုင်ပင်ရတယ်....(မှန်ပါ့)ဟာ....တကာကြွယ်တို့ကလဲ လူကြီးထဲထားလိုက်ပါတော့....(မှန်ပါ့) ဟာ... ဒါဖြင့် ဒီလိုလုပ်ပါလား- ဒီလိုကိုင်ပါလားဆိုပြီး တကာကြွယ်ကလဲ အကြံပေးကောင်း ထားလိုက်ပါတော့... (မှန်ပါ့) ဘယ်သူ့ အကြံပေးတာတုံး မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေပါ့မလဲ.... (အရှုးအကြံပေးတာပါဘုရား)။

အရှုးကို အကောင်းက အကြံပေးတာလားတဲ့၊အရှုးကို အရှုးချင်းဘဲ အကြံပေးနေတာလား... (အရှုးကို အရှုးချင်းဘဲ အကြံပေးနေပါတယ်) အဲ... တသံသရာလုံး ဒီအတိုင်းနေခဲ့ကြတယ်.... (မှန်ပါ့) တသံသရာလုံး ဒီအတိုင်းဘဲ....။

ဒီ တကာနဲ့ တကာမ အိမ်ထောင်ကျတဲ့ အခါကျတော့ ကြည့်ပါလား ချစ်မြတ်နိုးတဲ့အတွက်၊ မင်း....ငါရှိနေယင် ဘာပူစရာရှိသတုံး....(မှန်ပါ့)အင်း....ဒိဋ္ဌိရူးနဲ့ သူကနေပြီး အားပေးနေတယ်....(မှန်ပါ့ဘုရား)။

ငါရှိနေယင် ဘာပူစရာရှိသတုံး .... တဲ့။ ဘယ်မှာတုံးငါက ခန္ဓာကိုယ်ထဲ ငါရှိရဲ့လား....(မရှိပါ) ရုပ်နာမ်ဖြစ်ပျက်ဘဲရှိတယ် (မှန်ပါ့ဘုရား)။

အဲဒါကို ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်က အားပေးကောင်းကောင်းနဲ့ အရှုးကောင်းကောင်းနဲ့ ရူးသံပြင်းပြင်းနဲ့.... (မှန်ပါ့) ထပြီး ပြောလိုက်တဲ့ အခါကျတော့ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်က ဩော်....တောင်ကြီးပမာပါလားဆိုပြီး အားကိုးချလိုက်တယ်... (မှန်ပါ့ဘုရား)။

ဘယ်လိုအားကိုးလိုက်ပါလိမ့်.... (တောင်ကြီးပမာ အားကိုးလိုက်ပါတယ်ဘုရား)။

တောင်ကြီးပမာ ပါလားဆိုပြီး အားကိုးပြီး ချလိုက်တော့ ဟိုကလဲ အားမကိုးကောင်းတဲ့ ရုပ်နာမ်ကို အားကိုးလိုက်တဲ့အတွက် ဟိုက အားကိုးလိုက်တဲ့ပုဂ္ဂိုလ်ကလဲ ဒိဋ္ဌိရှူး ...( မှန်ပါ့ ) အားပေးတဲ့ ပုဂ္ဂိုလ်ကကော... (ဒိဋ္ဌိရှူးပါဘုရား)။

အဲ... အားပေးတဲ့ ပုဂ္ဂိုလ်ကလဲ အရှူး ...(မှန်ပါ့) အားပေးလို့ အားကိုးလိုက်တဲ့ ပုဂ္ဂိုလ်ကကော....(အရှူးပါဘုရား)။

တကာကြွယ် ဒီလိုမများဘူးလား....( များပါတယ် )တကာကြွယ်တို့ ပြောကော ပြောဘူးသေးသလား....(ပြောဘူးပါတယ်) ဘုန်းနာ ထ,တ◌ုတ်း-ဒါ....(အရှူးနာ ထ,တာပါဘုရား)။

အိမ်မာလေး... ကြောက်စရာကြီးပါလား.... (မှန်ပါ့) သိပ်ဆိုးပါလား တကာတကာမတို့... (ဆိုးပါတယ်ဘုရား)။

ဒါ့ကြောင့်တဲ့ တကာသစ်ရေ- ဒီအရှူးနာပျောက်ဘို့ရာ လွယ်ပါ့မလား....(မလွယ်ပါ) သောတာပတ္တိမဂ်နဲ့ မကုယင် ဒိဋ္ဌိရှူးနာ ဘယ်နည်းမှ မရဘူး....(မှန်ပါ့)သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

သောတာပတ္တိမဂ်နဲ့မှမကုယင်....(ဘယ်နည်းနဲ့မှမရပါ) ဘယ်နည်းနဲ့မှ မရဘူးဆိုတာ သဘောကြပလား .... (သဘောပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ် မဂ်ရအောင် ပွားများမှရမယ်- (မှန်ပါ့ဘုရား) ပွားများမှသာလျှင် ဒိဋ္ဌိရှူးနာက.... (ပျောက်ပါမယ်ဘုရား) ပျောက်မှသာလျှင် ပဌမနိဗ္ဗာန်ရမယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဆုတောင်းနဲ့ ရမလား ပွားများယူမှရမလား....(ပွားများယူမှရပါမယ်ဘုရား) ပွားများပြီးသကာလပယ်ရဦးမှာ .... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဩော်....ဒါဖြင့် တကာတကာမတို့ မင့်မှာ ငါရှိနေတဲ့ဥစ္စာဘာများ ပူစရာရှိသတုံး၊ အေးအေးထိုင်နေတာပေါ့....(မှန်ပါ့) အစရှိသည်နဲ့ ဇီကနေပြီးသကာလ စီးပွားရေးက ဖြောင့်နေတဲ့အခါ ရော့....အင့်....လို့ ပေးနိုင်တဲ့အခါတော့ ပြောလိုက်တာပေါ့....(မှန်ပါ့)။

ဖျတ်ဆို ငှက်ဖျားသင့်ပြီးသကာလ.... ဆရာဝန်တွေ ဝိုင်းပြီးသကာလ ရှိတာကလေး ပြောင်တဲ့အခါကျတော့မှ ကိုယ်ပြောထားတာတွေက အလွဲချည်းဖြစ်တော့ ဟိုကလဲ မျက်ရည် ကျတယ်....(မှန်ပါ့) မကျဘူးလား (ကျပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် မျက်ရည်ကျပါလိမ့်မတုံး... လို့မေးတော့ နဂိုရ်က ရှူးတာ အဲဒါ သွက်သွက်ခါတာ.... (မှန်ပါ့) နဂိုရ်က ယုံတာက ရှူးတာ....(မှန်ပါ့)။

ယုံတာက ဘာတုံး....(ရှူးတာပါဘုရား)နောက်ရှူးတဲ့အတိုင်း တကာတကာမတွေက ဖောက်ပြန်ပြီးသကာလ ယောကျ်ားက ဖောက်ပြန်၊ မိန်းမက ဖောက်ပြန် ဝေဒနာတွေကရ စားဘို့သောက်ဘို့က မလွယ်ကူ - (မှန်ပါ့ ) ဒီလို ဖြစ်လာတဲ့အခါကျတော့ တကာတကာမတွေ အခက်ကြီးကြုံပေါ့ဆိုတာ မလာဘူးလား....(လာပါတယ်ဘုရား) အဲဒါ သွက်သွက်ခါတာ....(မှန်လှပါဘုရား)။

နဂိုရ်က ဘာသုပ်တာတုံး....(ရှူးတာပါဘုရား) နောက်တော့ အခက်ကြုံပြီလို့ ပြောလာတာက.... (သွက်သွက်ခါလာတာပါ

ဘုရား) သွက်သွက်ခါတာက အိမ်ထဲက မထွက်သေးဘူးနော်.... (မှန်ပါ) ထွက်လိမ့်ဦးမယ်...(မှန်ပါ)။

ထွက်လိမ့်ဦးမယ် တကာတကာမတို့.... (မှန်ပါ) နောက်ကျတော့ ဒီဝေဒနာက ဒီတောင်က မတက်လို့ သုသာန်ပို့လိုက်ရတဲ့ အခါကျတော့ တကာတကာမတွေ အိမ့်ပြင် မထုတ်လိုက်ရဘူးလား... (ထုတ်လိုက်ရပါတယ်ဘုရား)။

အဲဒီအခါကျတော့.... အိမ်သူ လုပ်တဲ့ ပုဂ္ဂိုလ်က ဖြစ်စေ အိမ်သားလုပ်တဲ့ ပုဂ္ဂိုလ်က ဖြစ်စေ- တကာတကာမတို့ သုသာန်မလိုက်ရဘူးလား.... (လိုက်ရပါတယ်ဘုရား) လိုက်တဲ့အခါကျတော့ အပြင်ထွက်ရှုးတာ... (မှန်ပါ)မရှုးဘူးလား....(ရှုးပါတယ်ဘုရား) သဘောပါပလား...(ပါပါပြီဘုရား)။

အဲဒါ ဒိဋ္ဌိဝိပ္ပလ္လာသမပြုတ်လို့ ပဋ္ဌာစာရီမှာ ရှုးရရှာတာ... (မှန်လှပါဘုရား)။

ဒါသ သေတော့ မရှုးဘူးလား....(ရှုးပါတယ်ဘုရား) သားကြီး သေတော့...(ရှုးပါတယ်ဘုရား) သားငယ် ရေမျောတော့ (ရှုးပါတယ်ဘုရား) ဘာကြောင့် ရှုးတာတုံး.... ( ဒိဋ္ဌိကြောင့် ရှုးတာပါဘုရား) ဒိဋ္ဌုမ္မတ္တက....(မှန်ပါ)။

သေသေချာချာမှတ်ပါ ဒိဋ္ဌိ×ဥမ္မတ္တက.... (မှန်ပါ) ဒိဋ္ဌိက မှားတာ၊ ဥမ္မတ္တကက ရှုးတာ၊ ဒိဋ္ဌိရှုး-ရှုးတာဟော့-လို့ ဘုရားက ဟောလိုက်တယ်.... (မှန်ပါဘုရား) ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

ဒါဖြင့် သုသာန်သွားငိုနေတဲ့ ပုဂ္ဂိုလ်များ ညမအိပ်နိုင်- မပြုနိုင်နဲ့ ဆင်းရဲနေတဲ့ပုဂ္ဂိုလ်များ ဘာရှုးလို့ဆိုကြမယ်....(ဒိဋ္ဌိရှုးပါ

ဘုရား)ဒိဋ္ဌမင်္ဂလာက.... (မှန်ပါ) ဒိဋ္ဌ ဥမ္မတ္တက၊ သဘောကျပ လား....(ကျပါပြီဘုရား)။

ဒိဋ္ဌ--ဥမ္မတ္တက ဆိုတာတော့ဖြင့် သူ့မှာ အားကိုးလုံး ပြုတ်လို့ အရူးထတာ.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ဒီနေရာမှာ တကာတကာမတို့ ရူးတဲ့အထဲမှာမှ ရူးအ့ကလဲ ပါလိုက်သေးတယ်....(မှန်ပါ) ရူးလဲ ရူးသေးတယ်၊ အ့လဲ အ့ သေးတယ်....(မှန်ပါ)။

ဘယ်နှယ်တုံး ရူးလဲ ရူးသေးတယ်ဆိုတာကတော့ဖြင့် တကာ တကာမတို့ တောင်ကြီးပြိုသွားလို့ ရူးတယ်ထားပါတော့.... (မှန်ပါ) လက်မောင်းကြီး ပြုတ်သွားလို့.... (ရူးပါတယ်ဘုရား) ရူးတယ်ထားလိုက်ပါတော့၊ တော်တော်ကြာကျတော့ တကာ ကြွယ် မြေပုံမှားပြီး ငိုတာက ရှိသေးတယ်.... (မှန်ပါ) ရှိသေး တယ် ရှိသေးတယ် ဒီဥစ္စာက.... (မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

မြေပုံမှားပြီး ငိုတဲ့အခါကျတော့ တကာတကာမတို့ ရူးတဲ့ အထဲ အ့ပြန်သေးတယ်.... (မှန်ပါဘုရား) ကိုယ့်ဟာ သူ့ဟာ တောင် ကွဲသေးရဲ့လား.... (မကွဲပါဘုရား) မကွဲတော့ဘူးဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

တကာကြွယ်.... သေသေချာချာ ဒီဒိဋ္ဌိဖြင့် စွန့်ကြပါတော့ လူပုံအလယ်မှာ အရှက်ကွဲလွန်းလို့.... ( မှန်ပါ ) လူပုံလယ်မှာ အရှက်ကွဲတာဟာ ဒိဋ္ဌိရူး... (မှန်ပါ) လူပုံအလယ်မှာ အရှက်ကွဲ တာဟာ....(ဒိဋ္ဌိရူးပါဘုရား)။

သုသာန်သွားတော့ တကာသစ်တို့လဲ ကားတွေဘာတွေနဲ့ လိုက်ပို့ကြတာပေါ့.... (မှန်ပါ့) အင်း....ဟိုမှာ အနှိပ်သည်နဲ့ တစ်ခါတည်း ခြေမချိုးရတဲ့ ပုဂ္ဂိုလ်နဲ့ မလာဘူးလား—( လာပါတယ်ဘုရား ) အင်း.. ဘာဖြစ်ကြတာတုံး မေးလို့ ရှိယင်ဖြင့် ဒိဋ္ဌိရှူး-ရှူးနေလို့....(မှန်ပါ့)။

အချက်ကွဲသလား.... မကွဲဘူးလား .... (ကွဲပါတယ်ဘုရား) အဲဒီမှာ ကျုပ်တို့တော့ မရှက်နိုင်ဘူး၊ ကိုယ့်အကြောင်းကိုယ်ဘဲ သိတယ်၊ သူများလာကူတာ မဟုတ်ဘူး၊ ကျုပ်မရှက်ဘူး ငို့မှာဘဲ.... (မှန်ပါ့) အင်း... ရှူးတဲ့အပြင် သွက်သွက်ခါလာတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရှူးတဲ့အပြင်ဘာတုံး....(သွက်သွက်ခါပါတယ်ဘုရား) ဒါဖြင့် သံသရာမှာ....(အချက်တကွဲ အကျိုးနည်း လုပ်လေသမျှ ဒိဋ္ဌိက.... (မှန်လှပါ)။

သံသရာမှာ....(အချက်တကွဲ အကျိုးနည်းလုပ်လေသမျှ ဒိဋ္ဌိကပါဘုရား) ဒါဖြင့် ဒိဋ္ဌိ ပယ်ကြစို့.... (မှန်လှပါ) ဒိဋ္ဌိပယ်ကြစို့ တကာတကာမတို့... (မှန်ပါ့)။

ဒိဋ္ဌိမပယ်ယင်.... ( အချက်ကွဲပါတယ်ဘုရား ) ခင်ဗျားတို့က မရှက်ရှိရမယ်....၊ အရိယာမျက်လုံး တပ်ကြည့်လို့ ရှိယင်ဖြင့် ဪ.. ပဋ္ဌာစာရီ အဝတ်လဲ မဝတ်တော့ဘူး....(မှန်ပါ့) သူဌေးသမီး... တဲ့....(မှန်ပါ့) သူဌေးသမီးပျောက်ပြီး အရူးမဖြစ်ပြီ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သူဌေးသမီးက အရူးမအဖြစ်ကို ရှက်ဆောင်ပေးတာဘယ်သူပါလိမ့်....(ဒိဋ္ဌိပါဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

တကာကြွယ် သူဌေးသမီးက အရှုးဖြစ်ရတာ ဘယ်သူပါလိမ့် (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိဆောင်လိုက်တာ ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)။

တခါ တကာတကာမတို့ ဥပရိမိဖုရားကြီးဟာ နောက်ချေး ပိုးထိုး ဖြစ်သွားတယ်... (မှန်ပါ) ဟာ... မိဖုရားနဲ့ နောက်ချေး ပိုးထိုးဟာ အဝေးကြီး.... ( အဝေးကြီးပါဘုရား ) ဘုန်းကြီးနဲ့ ဘီးက နိမ့်သေးဘယ်....(မှန်လှပါ)။

မိဖုရားကြီးနဲ့ နောက်ချေးပိုးထိုးက....( ဝေးပါတယ်ဘုရား ) ဝေးတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါ ဘယ်သူပို့လိုက်တာတုံး....(ဒိဋ္ဌိကပို့လိုက် တာပါဘုရား) ကဲ မဆိုးဝါးဘူးလား... ( ဆိုးဝါးပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ ကမ္ဘာတဝှမ်းလုံးမှာဖြင့် အရှုးဇာတ်ခင်းပေးနိုင်တဲ့ ဆရာကြီးတယောက် ဘယ်သူပါလိမ့်- (ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိ မဖြုတ်ယင် ရကိုမရဘူး.... (မရပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိဖြုတ်မယ်ကြံတော့ ပဋိစ္စသမုပ္ပါဒ်နားလည်မှ (မှန်ပါ) ဒါ အခြေကိုလိုက်တာနော် (မှန်ပါဘုရား)။

ဒိဋ္ဌိဖြုတ်ချင်လို့ရှိယင်—(ပဋိစ္စသမုပ္ပါဒ်နားလည်မှပါဘုရား) နားမလည်ယင်....(မရပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အရှုးဆဲ့နှစ်ပါးမှာ ဒိဋ္ဌိ တည်းဟူသော အရှုးလေးပါးကို ဖြုတ်ကြပါစို့လို့ ဆိုတော့ တကာတကာမတို့ ခန္ဓပဋိစ္စသမုပ္ပါဒ်ပြရမယ် .... (မှန်ပါ့ဘုရား)။

ဘာပြရမလဲ .... ( ခန္ဓပဋိစ္စသမုပ္ပါဒ်ပြရပါမယ် )ဒီတရားကို ကောင်းလို့ ခင်ဗျားတို့ လာမနာကြနဲ့နော် .... (မှန်ပါ့) သက် သက် အရှုးပျောက်သံသရာနာ ပျောက်အောင်လို့ ငါတို့လာ တာ ဒီအတိုင်းသာကျင့်ကြ .... (မှန်ပါ့) မပျောက်တော့မရှိဘူး တကာတကာမတို့.. (မှန်ပါ့) သေသေချာချာတော့ ကျေးဇူး များတယ်....(မှန်ပါ့ဘုရား)။

အိမ်မှာနေလို့ရှိယင်ဖြင့် သွားလိုက်ပါဦး သားကလေးက ငိုနေတယ်ဆိုတော့ မိန်းမက တွန်းလွှတ်- ယောကျ်ားကသွားတာ ဘဲ...(မှန်ပါ့)ဘာအမှတ်နဲ့ သွားတာတုံး ... (ဒိဋ္ဌိအမှတ်နဲ့ပါ) ဒိဋ္ဌိအမှတ်နဲ့ မသွားလိုက်ဘူးလား....(သွားပါတယ်ဘုရား)။

ဩော်....တယောက်က လက်တို့ပြီး အရှုးခိုင်းလိုက်တဲ့ အခါ ကျတော့ ပြာပြာသလဲ ရှုးတယ်... (မှန်ပါ့) မိန်းမကလက်တို့ပြီး အရှုးခိုင်းတဲ့အခါကျတော့ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်က.... (ရှုး ပါ့တယ်ဘုရား)။

ယောကျ်ားက လက်တို့ပြီး မင်းသွားမှ ဒီနေရာတော်မယ် ကွ၊ မင်းနဲ့ဆိုင်တယ်လို့ဆိုတဲ့ အခါကျတော့ မိန်းမ သွက်သွက် ခါအောင် ရှုးတယ်.... (မှန်လှပါဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အဲဒါ ပဋိစ္စသမုပ္ပါဒ် နား မလည်လို့....(မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ခန္ဓပဋိစ္စသမုပ္ပါဒ်ဟာ တကာကြွယ် တယ်အရေးကြီးတယ်....(မှန်လှပါ)။

တကာတကာမတို့ ဘာအရေးကြီးသလဲ.... (ခန္ဓပဋိစ္စသမုပ္ပါဒ် အရေးကြီးပါတယ် ) ခန္ဓပဋိစ္စသမုပ္ပါဒ် သိပ်အရေးကြီးတယ် ဆိုတာ သဘောကျပလား.... ( ကျပါပြီဘုရား)။

ခန္ဓပဋိစ္စသမုပ္ပါဒ်မှ မသိခဲ့လို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာမှာ ဘာ ဖြစ်၍ ဘာပျက်တယ်ဆိုတာ တကာတကာမတို့ ဝေဘန်နိုင်ပါ့ မလား.... ( မဝေဘန်နိုင်ပါဘုရား ) မဝေဘန်နိုင်လို့ရှိယင်ဖြင့် ကိုယ့်အကြောင်းကို ကိုယ်မသိဘူး....(မှန်လှပါ)။

ကိုယ့်အကြောင်းကို....(ကိုယ်မသိပါဘုရား) ဒါဖြင့် ကိုယ့် အကြောင်းမှ ကိုယ်မသိတဲ့ပုဂ္ဂိုလ် သူများအကြောင်းတော.... ( မသိပါဘုရား ) သံသရာ့ အကြောင်းကော.... ( မသိပါ ဘုရား)။

ဒါဖြင့် မသိသလိုနေပြီးသကာလ မသိတဲ့လူ သေလေရဲ့.... (မှန်ပါ) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

မသိနေ- နေပြီးသကာလ မသိသေ· သေသွားတယ် ဆိုတာ တကာတကာမတို့ မသာပေါင်း ဘယ်လောက်များမယ် ထင်ကြ သတုံး....(မရေတွက်နိုင်ပါဘုရား)။

ကိုင်း....တကာသစ် ပြင်ကြပါစို့ဗျာ.... (မှန်ပါ) ဒီအပြစ် တွေ ပြောရတာလဲ ဖော်ပြောနေတာ တချို့ ဖော်မှ သိလို့....

နော်.. (မှန်ပါဘုရား) မဖော်ယင် သိပါ့မလား.... (မသိပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြပါစို့၊ ဒီဘက်က နေပြီးသကာလ ပန်းကလေးတပွင့်....နော်.... (မှန်ပါဘုရား) ပန်းကလေးတပွင့်ဟာ လေကလေးက ယူလာတော့ နှာခေါင်း သွားထိတယ်...(မှန်လှပါ)။

နှာခေါင်းသွားထိတော့ နှာခေါင်းထဲမှာထိ-ထိခြင်း ဖဿက ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ထိ-ထိခြင်း ဖဿ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ဖဿပေါ့ဟာ... (ဝေဒနာပါဘုရား) အေး....ဒီဖဿဖြစ်လို့ ဝေဒနာဖြစ်ရတယ်နော်....(မှန်ပါ)။

ဒီလိုယူကြစမ်း တကာတကာမတို့....၊ ဖဿဖြစ်လို့ ဝေဒနာ ဖြစ်တယ်ဆိုတော့ ဖဿချုပ်ပြီးမှ ဝေဒနာဖြစ်တယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) ဖဿချုပ်ပြီးမှ.... ( ဝေဒနာ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုမေးကြဦး၊ ခင်ဗျားတို့ အသက်တမ်းဟာ တကာ တကာမတို့ ဘယ်လောက်တုံးလို့ မေးလို့ရှိယင်ဖြင့် ၁-နဲ့ ၂-ဘဲ လို့ မှတ်ကြ....(မှန်ပါ)။

ခင်ဗျားတို့ အသက်တမ်း ဘယ်လောက်ပါလိမ့်.... (၁-နဲ့ ၂-ပါဘုရား) ၁-မှာ စိတ်ကလေးတခု ဖြစ်တယ်....(မှန်ပါ) ၂-မှာ စိတ်ကလေးတခု ချုပ်တယ်....(မှန်ပါ)။

ဒါဖြင့် အဲဒီမှာ ခင်ဗျားတို့ အသက်တမ်းသည် ၁-နဲ့ ၂-ဘဲ ရှိတယ်.... (မှန်ပါ) ပဋ္ဌမစိတ်က ၁-နဲ့ ၂-ပြီးပါပြီ၊ ချုပ်သွားတယ်....(မှန်ပါ) နောက်စိတ်မလာယင် ဘာဆိုကြမယ်.... (သေပါတယ်ဘုရား)။

ဩော်...တကာတကာမတို့ ပဋ္ဌမစိတ်နဲ့ အသက်ရှင်တယ်.... (မှန်ပါ) အဲဒီ ပဋ္ဌမစိတ်က ၁-ဖြစ်တယ်၊ ၂ ချုပ်သွားတယ် ဆိုတော့ မသေသေးဘူးလား....(သေပါတယ်ဘုရား)။

နောက်စိတ်မလာယင် ဘယ့်နှယ်ဆိုကြမလဲ....(သေပါတယ်ဘုရား) နောက်စိတ်လာယင် ဘာနဲ့အသက်ရှင်မယ်.... (နောက်စိတ်နဲ့ ရှင်ပါတယ်ဘုရား) နောက်စိတ်နဲ့ အသက်ရှင်တယ်ထား (မှန်ပါဘုရား)။

ဒါဖြင့် အရင်တယောက်သေပြီ....(မှန်ပါဘုရား) နောက်တယောက် ရှင်ပြီ....(မှန်ပါ)။

ဝိပဿနာဆိုတာ တကာတကာမတို့ မှတ်လိုက်စမ်း ကိုယ့်အသေ ကိုယ်ကြည့်တာ....(မှန်လှပါဘုရား)။

ဝိပဿနာဆိုတာ....(ကိုယ့်အသေ ကိုယ်ကြည့်တာပါဘုရား) သေသေချာချာမှတ်ပါ ခင်ဗျားတို့၊ ဝိပဿနာဆိုတာ ရှုတာ ချည်းဘဲလို့ အောက်မေ့မနေနဲ့ (မှန်ပါဘုရား)ဝိပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်အသေ ကိုယ်ကြည့်တာပါဘုရား)။

ကိုယ့်အသေ ကိုယ်ကြည့်တာ ဘာခေါ်ကြမယ်-(ဝိပဿနာပါဘုရား) ရှင်းပြီ....(ရှင်းပါပြီဘုရား) ဒါကလေးတာသုံး နားလည်လိုက်တာ ဦးဘာအနုန်း သိပ်အတိုးတန်သွားတယ်... (သွားပါတယ်ဘုရား) ကိုယ့်အသေ ကိုယ်ကြည့်တာ.... (မှန်ပါ)။

တကာတကာမတို့ အခု ဖဿကလေးနဲ့ အသက်ရှင်နေတယ်၊ ဖဿကလေး အသက်တမ်းက ၁-၂-ဆို မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ချုပ်သွားတော့ သူရှိသေးရဲ့လား... (မရှိပါဘုရား) အင်း.... ဒါဖြင့် ခုနင်က ပန်းကလေးနဲ့တွေ့တဲ့ပုဂ္ဂိုလ်သေပေါ့- (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖဿနေရာမှာ ဘယ်သူလာပါလိမ့်.... ( ဝေဒနာပါဘုရား ) ဝေဒနာ....၊ ဖဿနေရာဘဲ ထပ်ဖြစ်တယ်.... (မှန်ပါ့) အခု ဘာနဲ့ အသက်ရှင်သတုံး.... ( ဝေဒနာနဲ့ အသက်ရှင်ပါတယ်ဘုရား)။

ဩော်.... တကာ တကာမတွေကလဲ မသိရှာတော့ တပည့်တော်တို့တော့ ဝေဒနာကောင်း၍ ဘေးရှင်းပါတယ်ဘုရား ပြောချင်ပြောတာ... (ပြောပါတယ်ဘုရား) သူအသက်ရှင်နေတာက ဘာနဲ့အသက်ရှင်နေတာတုံး....(ဝေဒနာနဲ့ အသက်ရှင်နေတာပါဘုရား)။

ဒီထဲကနေပြီး ကျုပ်တို့ဖြင့် ကံကောင်းအကြောင်းသင့်တာနဲ့ဘဲ ဝေဒနာကောင်းတယ်ပြောတယ်.... (မှန်ပါ့) သူ ရှင်နေတာက ဘာနဲ့ ရှင်နေသတုံး.... (ဝေဒနာနဲ့ ရှင်ပါတယ်ဘုရား) တကာ ကြွယ် ရိပ်မိပသလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီအထဲ တကာတကာမတွေ ဝေဒနာကောင်းတဲ့ ပုဂ္ဂိုလ်များ ပါသေးသလား ... (မပါ-ပါဘုရား) သဘောကျသွားပြီ- (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခနင်တုန်းက ဖဿနဲ့ အသက်ရှင်ပြီး သေခဲ့ပြီတယောက်.... (မှန်ပါ) အခု ဘာနဲ့ အသက်ရှင်နေသတုံး....(ဝေဒနာနဲ့ အသက်ရှင်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါ ပဋိစ္စသမုပ္ပါဒ် ပြရခြင်းက ဒိဋ္ဌိဖြုတ်ချင်လို့သာ သေသေချာချာ မှတ်ပေတော့... (မှန်ပါ)။

ဖဿကလေးချုပ်သွားတော့ ဖဿဟာ ခိုင်သလား-မြဲသလား ( မမြဲပါဘုရား ) မမြဲတာ သိလိုက်သဖြင့်....တဲ့၊ "သဿတော လောကော" ဆိုတဲ့ သဿတဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား) တကာသစ် သဘောပါရဲ့သား....(ပါ-ပါတယ်ဘုရား)။

သဿတဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား) ဘာမြင်လိုက်လို့လဲ.... (မမြဲတာ မြင်လို့ပါဘုရား) ဖဿကလေး မမြဲတာ ပျက်စီးတာ မမြင်လိုက်ဘူးသား.... (မြင်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့သည် လူတယောက် ဒါနဲ့ အသက်ရှင်တယ် ဆိုတော့ ဒါသေတော့ လူတယောက် မသေသေးဘူးလား.... (သေပါတယ်ဘုရား) ဒီထဲက မမြဲတဲ့အနိစ္စဆိုတာ မရှင်းသေးဘူးလား.. (ရှင်းပါတယ် ဘုရား) ဒီအနိစ္စမြင်သဖြင့် ဘာစင်သွားပါလိမ့်....(သဿတစင်ပါတယ်ဘုရား)။

ဪ .... ဒိဋ္ဌိစင်ဆိုတာ တကာတကာမတို့ သဿတပြုတ်မှပါကလား....(မှန်ပါဘုရား)။

ဒိဋ္ဌိစင်ဆိုတာက.... (သဿတပြုတ်မှပါဘုရား) အခု ဘာနဲ့ အသက်ရှင်နေသတုံး... (ဝေဒနာနဲ့အသက်ရှင်နေပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဪ.... တကာသစ်တို့ - ဦးဘအုန်းတို့ အသက် ရှင် တော့ ဒီဝေဒနာသည် အလိုလိုပေါ်တာလား၊ ဖဿက ဖြစ်ခွင့်ပေးလို့ ပေါ်တာလား.... (ဖဿက ဖြစ်ခွင့်ပေးလို့ ပေါ်တာပါဘုရား) ဒါဖြင့် ပါဠိတော်ရွတ်လိုက်၊ ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဟော....သေချာသွားပြီ....(မှန်ပါ)။

ဖဿပစ္စယာ....(ဝေဒနာပါ)ဟော... ဖဿက ဖြစ်ခွင့်ပေးလို့ ဝေဒနာနဲ့ အသက်ရှင်တယ်...(မှန်ပါဘုရား)။

ဒါဖြင့် ချုပ်သွားတဲ့တရားကတော့ ချုပ်သွားပြီတဲ့၊ ဖြစ်ခွင့် တော့ မပေးခဲ့ဘူးလား.... ( ပေးခဲ့ပါတယ် ) သဘောပါလား (ပါပါပြီဘုရား)။

ဒါဖြင့် ဖြစ်ခွင့်ပေးတော့ ဦးဘအုန်းတို့ တကာသစ်တို့ ဘာ ပေါ်သတုံး....(ဝေဒနာပေါ်ပါတယ်) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အခုဘာနဲ့ အသက်ရှင်နေသတုံး....(ဝေဒနာနဲ့ အသက်ရှင်ပါ တယ်) အလိုလိုရှင်တာလား၊ နောက် အကြောင်းကြောင့်လား (နောက်အကြောင်းကြောင့်ပါဘုရား)။

ဒါဖြင့် အရင်ဓမ္မအကြောင်း ကင်းရဲ့လား.... (မကင်းပါ) မကင်းတာသိသဖြင့် အရင်ဓမ္မ၊ ချုပ်သွားတဲ့ဓမ္မက အကြောင်း တရား... (မှန်ပါ)ပေါ်တဲ့ ဝေဒနာက.... ( အကျိုးတရားပါ ) အကျိုးတရားဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ အကြောင်းနဲ့ အကျိုးဆက်ပါလား....(မှန်ပါ) ဒီလိုသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိလွတ် ပါပြီ....(မှန်ပါဘုရား)။

ဒီလိုသိသဖြင့်....(ဥစ္စာဒိဋ္ဌိလွတ်ပါတယ်) ကိုင်း....ဒီနှစ်လုံးတည်းဘဲ ဒီနေ့ တကာတကာမတွေ ရှင်းပြရမယ်၊ ဖဿပစ္စယာဝေဒနာ၊ ရှင်းကြပလား....(မှန်ပါ့ဘုရား)။

ဖဿပစ္စယာ....( ဝေဒနာပါ ) ဖဿကလေးချုပ်သွားတော့ဒီနေရာမှာ ဘယ်သူလာသတုံး.... (ဝေဒနာလာပါတယ်ဘုရား)။

ဖဿချုပ်သွားတာ မြင်သဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး....(သဿတဒိဋ္ဌိစင်ပါတယ်) ဝေဒနာပေါ်တာ ဒီဖဿက ဖြစ်ခွင့်ပေးလို့ပေါ်တာ....(မှန်ပါ့) ဖဿကလေးက တကာတကာမတို့ သူ့အသက်တမ်းစေ့တော့ ချုပ်မသွားဘူးလား .... (ချုပ်သွားပါတယ်ဘုရား)။

ချုပ်ပေမဲ့လဲ ငါ့နေရာမှာ ဝေဒနာဖြစ်ရစ်လို့ အကြောင်းအကျိုးမဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ချုပ်သွားတာ မြင်သဖြင့် ဘာဒိဋ္ဌိစင်သတုံး .... (သဿတဒိဋ္ဌိစင်ပါတယ်) ဖြစ်ပေါ်တဲ့ ဝေဒနာကလေးနဲ့ အသက်ရှင်နေတာမြင်သဖြင့်လဲ ဘယ်ဒိဋ္ဌိစင်သလဲ....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

နေရာကျပြီ၊ တကာကြွယ် နေရာကျပြီ....( ကျပါပြီဘုရား ) ချုပ်သွာတာမြင်တော့ .... (သဿတဒိဋ္ဌိစင်ပါတယ်) အဲ....ဖဿချုပ်သွားတာ သိလိုက်ပြီ တကာတကာမတွေက အခုဉာဏ်နဲ့သိလိုက်ပြီ....(မှန်ပါ့) သူ့သိလိုက်သဖြင့် ဘယ်ဒိဋ္ဌိစင်ပါလိမ့်....(သဿတဒိဋ္ဌိစင်ပါတယ်)အခု သူ့နေရာမှာ ဘယ်သူ့အစားထိုးထားခဲ့ပါလိမ့်....(ဝေဒနာကို အစားထိုးပါတယ်) အင်း....ဘယ်သူက အစားထိုးခဲ့ပါလိမ့်....(ဖဿက အစားထိုးခဲ့ပါတယ်) ဒါသိသဖြင့် ဘယ်ဒိဋ္ဌိစင်ပါလိမ့်.... ( ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ် ) အ

ကြောင်း-အကျိုးက ပြတ်သေးရဲ့လား....(မပြတ်ပါ) သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ကြည့်....ဒါဖြင့် ဖဿလဲ ဖြစ်ပျက်ဘဲ...(မှန်ပါ) ဒီဝေဒနာ ကလေးကလဲ...(ဖြစ်ပျက်ပါဘဲ) ဖြစ်ပျက်ပြီးတော့ ဝေဒနာက တဏှာ အစားထိုးပြန်တယ်....(မှန်ပါဘုရား)။

ဝေဒနာက ဘာအစားထိုးသလဲ ... (တဏှာ အစားထိုးပါ တယ်) တဏှာအစားထိုးတော့ ဝေဒနာဖြစ်ပျက်မြင်သဖြင့် ဘယ် ဒိဋ္ဌိစင်သလဲ... (သဿတဒိဋ္ဌိစင်ပါတယ်)တဏှာအစားထိုးတာမြင် သဖြင့်....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ခင်ဗျားတို့ တရားတပွဲလုံး ဒီအတိုင်း ဖြေနိုင်တဲ့ အတွက် ခင်ဗျားတို့ ယခုတရားပွဲက အပြန်မှာ ကံ မကောင်း အကြောင်းမသင့်လို့ သေဦး အပါယ်တော့ မကျဘူး....(မှန်ပါ) စူဠသောတာပန် ဖြစ်သွားတယ်.... (မှန်ပါဘုရား)။

တကာတကာမတို့ ဘာသောတာပန် ဖြစ်သတုံး.... (စူဠသော တာပန်ဖြစ်ပါတယ်) အငယ် သောတာပန် ခေါ်တယ်။ ဒုတိယ ဘဝတော့ အပါယ်မကျဘူး....(မှန်ပါဘုရား)။

တကာအနုန်း ဘယ်လောက် အဘိုးတန်သတုံး....(တန်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အခုဘာကလေးနဲ့အသက် ရှင်နေပါလိမ့်...( တဏှာကလေးနဲ့ အသက်ရှင်နေပါတယ် ) တကာသစ် ပေါ်ပြီနေဘ်... (ပေါ်ပါပြီ) စိတ်တခုနဲ့ အသက်ရှင် ရတာကိုး....(မှန်ပါဘုရား)။

ဘာနဲ့ အသက်ရှင်နေကြပါလိမ့်....(စိတ်တခုနဲ့ အသက်ရှင်နေကြပါတယ်) ဒီစိတ်က ဘာစိတ်ပါလိမ့်....(တဏှာစိတ်ပါ)အင်း- ယခုဘာနဲ့ အသက်ရှင်နေသတုံး ... (တဏှာနဲ့ အသက်ရှင်ပါတယ်)သဘောကျပလား....( ကျပါပြီ ) သဘောပါပြီနော်.... (ပါ-ပါပြီဘုရား)။

ကဲ....ဗီဇတဏှာကလေးကလဲ သူ့အသက်တမ်းက ၁-၂-ဘဲ.... (မှန်ပါ) ဖြစ်ပျက်ကိုးဗျ....(မှန်ပါ) ဒါကလေးချုပ်သွားတော့ ကို တကာတကာမတို့ ဥပါဒါန် အစားထိုးခဲ့တယ် .... (မှန်ပါ ဘုရား)။

တဏှာ ချုပ်သွားတာ မြင်သဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး .... (သဿတဒိဋ္ဌိစင်ပါတယ်) ဥပါဒါန် အစားထိုးတာမြင်သဖြင့်.... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)အကြောင်း အကျိုးပြတ်သေးရဲ့လား .... (မပြတ်ပါ)ဩော်....ဒီလိုလှည့်နေတာ ပါလားဆိုတာ ပေါ်လာ တယ်....(ပေါ်လာပါတယ်ဘုရား)။

ကဲ... တခါသွားပါဦး၊ ဥပါဒါန်ကလေး၏ အသက်တမ်း ကလဲ ဘာပါလိမ့်... (၁-၂-ပါဘဲ)ဖျတ်ဆို ချုပ်သွားပြီး တကာ တကာမတို့၊ ဥပါဒါန်ကလေးဟာ အသက်တမ်းစေ့လို့ ချုပ် သွားတော့ သူ ဘယ်သူ့အစားထိုးခဲ့ပါလိမ့် .... (ကမ္မဘဝအစား ထိုးခဲ့ပါတယ်)ကံကလေး အစားထိုးခဲ့တယ်.... (မှန်ပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့ ဖဿနဲ့လဲ အသက်ရှင်ရတယ် .... (မှန်ပါ) ဝေဒနာနဲ့ကော.... (အသက်ရှင်ရပါတယ်) တဏှာနဲ့ ကော....(အသက်ရှင်ရပါတယ်) ဥပါဒါန်နဲ့ကော .... (အသက် ရှင်ရပါတယ်) ကံနဲ့ကော... (အသက်ရှင်ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေက ကံကောင်းလို့ အသက်ရှင်တယ်ဆိုတော့ ကျန်တဲ့လေးပါး လွတ်ထားတယ် ... ( မှန်ပါ ) ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်မလွတ်ဘူးလား .... (လွတ်ပါတယ်ဘုရား)။

အင်း .... တကာကြွယ် ခင်ဗျားအသက်ရှည်လှချည်လား....၊ အို....ကံကောင်းလို့ ဒီလိုပေါ့ဗျာ.... (မှန်ပါ) အံမာ ကံကလေး တခုတည်း သူကယူတယ်....( မှန်ပါ ) ယူရမှာက ပေါ်တဲ့စိတ် ဟူဘ၍သည် သူတို့နဲ့ အသက်ရှင်တာ....(မှန်ပါ) သဘောပါကြလား....(ပါ-ပါပြီဘုရား)။

ပေါ်တဲ့စိတ်နဲ့ အသက်ရှင်နေတာ....(မှန်ပါ) ကံတခုတည်းနဲ့ အသက်ရှင်တာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

သို့သော် တကာကြွယ်တို့တကာသစ်တို့ အယူက ကံကောင်းလို့ အသက်ရှင်တယ်.. (မှန်ပါ) မယူဘူးလား.... (ယူပါတယ်) မှားသလား-မှန်သလား....(မှားပါတယ်ဘုရား)။

အခုကြည့်လေ-ကိုယ့်စိတ်ကလေး တခုနဲ့ ကိုယ်အသက်ရှင်နေတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဥပါဒါန် ချုပ်သွားတာ မြင်သဖြင့် ဘယ်ဒိဋ္ဌိစင်သလဲ-(သဿတဒိဋ္ဌိစင်ပါတယ်)ဥပါဒါန် ချုပ်သွားတဲ့အခါ ဘယ်သူ့ အစားထိုးခဲ့ပါလိမ့်....(ကံကိုအစားထိုးခဲ့ပါတယ်) အဲ....ကံအစားထိုးတာမြင်သဖြင့် တကာတကာမတို့ ဘယ်ဒိဋ္ဌိစင်သလဲ....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်) အကြောင်းနဲ့ အကျိုးပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

ဒါဖြင့် တကာ့တကာမတို့ အထည်လဲမလိုက်ဘူး.... (မှန်ပါ့) အကြောင်းအကျိုးလဲ ဆက်လျက်ဘဲ....(ဆက်လျက်ပါ) အထည် မလိုက်ဘူးလို့ သိသဖြင့် တကာ့တကာမတို့ ဥပါဒါန်ဆိုတဲ့ အထည် ဒီကိုလိုက်သေးရဲ့လား....(မလိုက်ပါဘုရား)။

အထည်မလိုက်တာ သိသဖြင့်လဲတဲ့ တကာ့တကာတကာမတို့ အနိစ္စကို သေသေချာချာ မြင်ပါတယ်....(မှန်ပါ့)ရှင်းပလား.... ( ရှင်းပါပြီ )သဿတဒိဋ္ဌိ မလွတ်ဘူးလား ... (လွတ်ပါတယ် ဘုရား)။

အင်း....သဿတဒိဋ္ဌိတော့ လွတ်သွားပြီ၊ ဥစ္ဆေဒဒိဋ္ဌိ ကျန်မှာ စိုးနေရတဲ့အတွက် တကာ့တကာမတို့ ကံသည် ကံကို ဘယ်သူက အစားထိုးပါလိမ့်....(ဥပါဒါန်က အစားထိုးပါတယ်ဘုရား)ဥပါ ဒါန်က အစားမထိုးဘူးလား... (ထိုးပါတယ်ဘုရား)။

ဒါဖြင့် အစားထိုးတာ မြင်သဖြင့် ဥပါဒါန်နဲ့ ကံသည် အကြောင်း အကျိုး ဆက်မဆက်....(ဆက်ပါတယ် ဘုရား)။

ဩော်....ဒါဖြင့် ချုပ်သွားတဲ့ တရားက တကာ့တကာမတို့.... အကြောင်း အကျိုး မဆက်ဘဲနဲ့ ချုပ်သွားသလား.... ဆက်ပေး ထားခဲ့သလား....(ဆက်ပေးထားခဲ့ပါတယ်ဘုရား)။

ဩော်....ဆက်တာ သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် .... (မှန်ပါ့ဘုရား)။

ဆက်တာ သိသဖြင့်....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) သေ ချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ စိတ်တခုတည်း ပြယင် သဿတ ဥစ္ဆေဒ မရှင်းဘူး....(မရှင်းပါဘုရား) နှစ်ခုတွဲပြယင်....(ရှင်းပါတယ်ဘုရား) ကဲ....ယနေ့ သဿတ ဥစ္ဆေဒ စင်ပလား....(စင်ပါပြီ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒီလို ရှင်းတဲ့ ပုဂ္ဂိုလ်ကျလို့ရှိယင် နက်ဖြန် သဿတ ဥစ္ဆေဒ ပြုတ်ပြီဆိုပြီးတော့ ဒီနေ့က သိမှုနဲ့ ပယ်တာ....(မှန်ပါ)နက်ဖြန် ပွါးမှုနဲ့ ပယ်တာ ဟောလိမ့်မယ်....(မှန်ပါ) သဘက်ခါကျတော့ ပယ်မှုနဲ့ ပယ်တာ ဟောလိမ့်မယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ.. ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရှိ၌ - ဟောကြားတော်မူသော
( အမှတ်မှားကြောင့် ကျန်အမှားတွေ ဆက်တိုက်ဖြစ်လာပုံ )

# နေ့အလုပ်ပေး-တရားတော်

( ၈ - ၈ - ၆၁ )

ထိုင်နေတဲ့ ရုပ်ကို မေးလို့ရှိယင်ဖြင့် ထိုင်နေတဲ့ ရုပ်ကြီးဟာ ရူပက္ခန္ဓာ....(မှန်ပါဘုရား) ထိုင်နေတဲ့ ရုပ်ကြီးက....(ရူပက္ခန္ဓာပါ ဘုရား)။

ဒီအထဲမှာ တရားကို ကောင်းတယ်ဆိုတဲ့ ဥစ္စာက ဝေဒနာက္ခန္ဓာ....(မှန်ပါ)တရား ကောင်းကောင်းနာမည်ဆိုတဲ့ဝေဒနာ ကလေးဟာ ဝေဒနာက္ခန္ဓာ....(မှန်ပါ)။

ဒို့တော့ .... မှတ်မိအောင် ကြိုးစားရမှာဘဲ ဆိုတာက.... သညာက္ခန္ဓာ....(မှန်ပါ)လက်အုပ်တွေချီ ဘုန်းကြီးဘက် မျက်နှာ မူ လှည့်ပြီးသကာလ ထားကြတာက စေတနာ အလှည့်ခိုင်း တာနဲ့ လှည့်နေကြတော့ အဲဒီ စေတနာကလေးဟာ သင်္ခါရက္ခန္ဓာ (မှန်ပါ)ဒီဟာကို မသိ-သိအောင် ကြိုးစားနေတာက စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ... (မှန်ပါ)။

ဒါကြောင့် တရားနာနေကြတာ ဘယ်သူတွေတုံးလို့ မေး လို့ရှိယင်ဖြင့် ပရမတ္ထနယ်ကနေ ပြောလို့ရှိယင်ဖြင့် ခန္ဓာငါး ပါး....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

တရားနာနေတာ ဘယ်သူတွေပါလိမ့် .... (ခန္ဓာငါးပါးပါ ဘုရား) ခန္ဓာငါးပါးလို့ မှတ်ထားကြပါနော်....( မှန်လှပါ ဘုရား )။

အဲဒီတော့ ဒီ ခန္ဓာငါးပါးကို အခုလို သာသနာတွင်းတော့ ဆရာဘုန်းကြီးကလဲ ခေါင်းဆောင်၊ တကာ တကာမတွေကလဲ ကြိုးစားကြလို့ ခန္ဓာငါးပါး သိကြတယ်၊ ဘော်တော်ကြာ အိမ် ရောက်သွားတဲ့ အခါကျလို့ရှိယင်ဖြင့် ကိုယ့်ကိုယ်ကို မိန်းမဟူ သော အမှတ်၊ ယောကျ်ား လုပ်တဲ့သူကလဲ .... ယောကျ်ား ဟူသော အမှတ်၊ ဒီလို အမှတ်တွေက အိမ်ရောက်လာတဲ့ အခါ ကျလို့ရှိယင်ဖြင့် ခန္ဓာငါးပါးပျောက်ပြီးသကာလ ယောကျ်ား မိန်းမ, သားသမီးဟူသော အမှတ်များတွေက မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီ့ အမှတ်များတခု လာလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့.... တကာတကာမတွေမှာ ဒါ ယောကျ်ားဘဲ၊ ဒါ မိန်းမဘဲ၊ ဒါ သားသမီးဘဲဆိုပြီးသကာလ အမှတ်များ လာပြီဆိုမှဖြင့် ဩော်-- ဒါ ငါ၏ ခင်ပွန်းသည်ဘဲ၊ ဒါ ငါ၏ မောင်ဖွားဘဲလို့ ဆိုပြီး အသိများကလဲ လိုက်လာတယ်....(မှန်ပါ)။

ဆွေနဲ့ မျိုးနဲ့ ဆိုတာ အားကိုးရာ တခုဘဲဆိုပြီး အားကိုးမှား ကကော.... (လိုက်ပါတယ်ဘုရား) အားကိုးမှားကလဲ လိုက်လာ တယ်ဆိုတာ သဘောပါပလား....(ပါပါပြီဘုရား)။

ဩော်....ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် အလုပ်-မလုပ် တဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ဒီအမှားသုံးချက်ဟာ တကာကြွယ်....ရှိ လျက်ဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

အလုပ်-လုံးဝ မလုပ်ဘူးတဲ့ ပုဂ္ဂိုလ်များမှာ ဒီ အမှားသုံးချက် ဘယ်တော့မှ မပယ်ပါဘူး....(မှန်ပါ)မပယ်တော့ သောတာပန်လဲ မတည်နိုင် သကဒါဂါမိ အနာဂါမိ ရဟန္တာကော-(မတည်နိုင်ပါဘုရား)။

ဩော်....ဒါဖြင့် တကာဘကာမတွေမှာ ဘယ်သူများ နှိပ်စက်နေပါလိမ့်မတုံး....၊သံသရာထဲမှာ အိုဘေး၊နာဘေး၊သေဘေးတွေနဲ့ နေရတာဟာ ဘယ်သူ နှိပ်စက်လို့ပါလိမ့်မတုံးဆိုတော့ သိကြား၊ဗြဟ္မာ၊ဘုရား လာပြီးသကာလ နှိပ်စက်လို့ ဆင်းရဲကျွက်ကြုံရဘယ်ဆိုတာ တကာကြွယ်တို့ ဦးလှဘူးတို့ မမှတ်လိုက်ပါနဲ့နော်.... (မှန်ပါ)။

အမှတ်မှား၊ အသိမှား၊ အယူမှား နှိပ်စက်တယ်ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်သူ နှိပ်စက်နေပါလိမ့်....(အမှတ်မှား၊ အသိမှား၊ အယူမှား နှိပ်စက်နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ အမှတ်မှား၊ အသိမှား၊ အယူမှား နှိပ်စက်နေတာ သိတဲ့ ပုဂ္ဂိုလ်သည် အမှတ်မှားကိုလဲ ပယ်ရလိမ့်မယ်....(မှန်ပါ)အသိမှားလဲ....(ပယ်ရမှာပါ) အယူမှားလဲ....(ပယ်ရမှာပါဘုရား)။

ပယ်လိုက်တော့ နှိပ်စက်တတ်တဲ့ တရားတွေ မရှိတော့ဘူးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ပြတ်ထွက်သွားတယ်....(မှန်ပါ)။

နှိပ်စက်တတ်တဲ့ တရား မရှိတော့ ...(ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တကာတကာမတွေကို ခဏခဏဘဲ ပြောလို့ သတိရကြ

ပါလိမ့်မယ်၊ "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတာ ပဋိစ္စသမုပ္ပါဒ် ပေါ်လာသ၍ ဒုက္ခအစု ပေါ်တာဘဲ....( မှန်လှပါဘုရား )။

ပဋိစ္စသမုပ္ပါဒ် ပေါ်လာသ၍ဟာ....(ဒုက္ခအစု ပေါ်တာပါဘုရား)။

အဲဒီတော့ ဒီ အမှတ်မှားကလဲ ပဋိစ္စသမုပ္ပါဒ် ပေါ်စေတာဘဲ... (မှန်ပါ့) အသိမှားကကော....( ပေါ်စေပါတယ်ဘုရား ) အယူမှားကကော... (ပဋိစ္စသမုပ္ပါဒ် ပေါ်စေပါတယ်ဘုရား)။

ပေါ်တော့ ဘာသစ္စာတွေ ပေါ်လာသတုံးလို့ အကဲခတ်ကြစမ်း... (ဒုက္ခသစ္စာတွေ ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခသစ္စာတွေကို ပွားများအောင် လုပ်လေသမျှ အမှတ်မှား၊ အသိမှား၊ အယူမှားဘဲ....(မှန်ပါ့)။

ဒုက္ခသစ္စာတွေ ပွားများအောင် လုပ်လေသမျှ ဘာပါလိမ့်မယ် .... ( အမှတ်မှား၊ အသိမှား၊ အယူမှားပါ ) အမှတ်မှား၊ အသိမှား၊ အယူမှားဆိုတာ တကာတကာတွေ ရိပ်မိကြပြီ.... ( ရိပ်မိပါပြီဘုရား )။

သို့သော် သူတို့ကို ရိပ်မိကြငြားသော်လဲ ဘုန်းကြီးရှင်းပြပါဦးမယ်....တဲ့၊ ဒီခန္ဓာငါးပါးကို ယောကျ်ားခန္ဓာဖြစ်ဖြစ်၊ မိန်းမခန္ဓာဖြစ်ဖြစ်၊ သား၊ သမီး ခန္ဓာဖြစ်ဖြစ် တကာတကာမတွေ အမှတ်မှားလာပြီဆိုမှဖြင့် ဒီ ဥစ္စာကို မိမိ၏ ခင်ပွန်းသည် ယောကျ်ားရယ်လို့ မှတ်လိုက်ပြီဆိုတော့ သညာက္ခန္ဓာက မပေါ်လာဘူးလား....( ပေါ်လာပါတယ် ) ဩော်....အမှတ်မှားလာပြီနော် .. ( မှန်ပါ့ )။

အမှတ်များလာတော့ တကာတကာမတို့ ဒီဟာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သညာချည့်ပေါ်တယ်လို့ မယူလိုက်ပါနဲ့.... ( မှန်ပါ ) သညာချည့် ပေါ်တယ်လို့ မယူလိုက်ပါနဲ့၊ ယောကျ်ားရယ်လို့ အမှတ်များပြီဆိုမှဖြင့် ယောကျ်ားဆိုလို့ရှိယင်ဖြင့် ခင်ရမှာဘဲ၊ အားကိုးရမှာဘဲဆိုတဲ့ တဏှာ ဒိဋ္ဌိ လိုက်လာတယ်....( မှန်ပါ ) တဏှာ ဒိဋ္ဌိ မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား )။

ခင်ရမှာဘဲ၊ အားကိုးရမှာဘဲ ဆိုတဲ့၊ ခင်ရမှာဘဲက တဏှာ၊ အားကိုးရမှာဘဲ က ဒိဋ္ဌိ.... ( မှန်ပါ ) လိုက်မလာဘူးလား.... ( လိုက်လာပါတယ်ဘုရား )။

ဩော်....ဒါ သညာကြောင့် တဏှာ ဒိဋ္ဌိဖြစ်တယ်.... ( မှန်လှပါဘုရား )။

သညာကြောင့်....(တဏှာ ဒိဋ္ဌိ ဖြစ်ပါတယ်) တကာတကာမတွေက သညာအမှတ်များ ကလေးဟာ သာမညကလေးလို့ အောက်မေ့နေကြပြီးသော်လဲတဲ့ ခန္ဓာစဉ်မှာ ပဌမသညာက္ခန္ဓာ ဖြစ်တယ် (မှန်ပါ) နောက်ကျတဲ့ အခါကျလို့ရှိယင် တဏှာ ဆိုတဲ့ သင်္ခါရက္ခန္ဓာ (မှန်ပါ) မဖြစ်သေးဘူးလား.... ( ဖြစ်ပါတယ်ဘုရား ) တဏှာ ဒိဋ္ဌိ ဆိုတဲ့ သင်္ခါရက္ခန္ဓာတွေ မဖြစ်လား- ( ဖြစ်ပါတယ်ဘုရား )။

ဒါဖြင့် သညာပစ္စယာ တဏှာ....( မှန်ပါ ) ရှင်းပလား.... ( ရှင်းပါပြီ )။

သညာပစ္စယာ....( တဏှာပါဘုရား ) ဩော်.... တကာတ

ကာလမတွေ့ အမှတ်မှားနေကြတာနဲ့ ပဋိစ္စသမုပ္ပါဒ် ဆက်ပြီ.... ( မှန်ပါ့ )။

အမှတ်မှားတာနဲ့ ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ်တုံး... ( ဆက်ပါပြီ ဘုရား )။

ကဲ....ဒါဖြင့် တကာသစ်ရေ တဏှာပစ္စယာ....( ဥပါဒါန်ပါဘုရား ) ဥပါဒါန် သွားပြီ.... ( မှန်ပါ့ ) တဏှာဒိဋ္ဌိက တွဲနေတယ်·တကာကြွယ်ရ....( မှန်ပါ့ ) တဏှာနဲ့ ဒိဋ္ဌိက တွဲနေတယ် ( မှန်ပါ့ ) တွဲနေတော့ ဒိဋ္ဌိမထည့်ပါနဲ့တော့ တဏှာပစ္စယာ· ( ဥပါဒါန်ပါ ) ဥပါဒါန ပစ္စယာ...( ကမ္မဘဝေါပါ ) ကမ္မဘဝပစ္စယာ....( ဇာတိပါဘုရား )။

ဟော....အနာဂတ်ဘဝပေါ်ပြီ....( မှန်ပါ့ ) ပစ္စုပ္ပန်အမှတ်မှားကနေပြီးသကာလ ဒီအသိမှားရောက်တယ် .... ( ရောက်ပါတယ်ဘုရား ) အသိမှားရောက်တော့ စွဲလမ်းမှားကော....( လာပါတယ်ဘုရား ) အားထုတ်မှားကော....( လာပါတယ် ) ကမ္မဘဝဆိုတာ အားထုတ်မှားဘဲ....( မှန်ပါ့ ) မလာဘူးလား.... ( လာပါတယ် ) ကမ္မဘဝပစ္စယာ.... ( ဇာတိပါ ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....တကာတကာမတို့ အမှတ်မှားကြောင့် အသိမှား၊ အသိမှားကြောင့် စွဲလမ်းမှား၊ စွဲလမ်းမှားကြောင့် အားထုတ်မှား၊ အားထုတ်မှားကြောင့်တဲ့ အရမှားလာဖြစ်တယ်....( မှန်လှပါဘုရား ) အရမှား ဒုက္ခသစ္စာလာဖြစ်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....( ရှင်းပါပြီ )။

ဒါဖြင့် ဩော် .... တကာတကာမတို့ အမှတ်မှားလိုက်တော့ သံသရာမှာ နှစ်ဘဝဆက်သွားတယ်....(မှန်ပါ) ၁၊ ၂၊ ၃၊ ၄၊ ၈ ပစ္စုပ္ပန်ဘဝ....(မှန်ပါ) ဒီဇာတိ ဇရာ မရဏက.... ( အနာဂတ်ဘဝပါဘုရား )။

တကာသစ်ရေ အမှတ်မှားလိုက်တာ ဘယ်နှစ်ဘဝဆက်သွားသလဲ....( နှစ်ဘဝဆက်ပါတယ်ဘုရား ) ဦးလှဘူး-မနာဘူးလား-( နာပါတယ်ဘုရား )။

ဩော်....ဒါဖြင့် ပြင်ပေးမည့်လူ မရှိလို့ရှိယင် တကာတကာမတွေ တနေ့ ကိုယ့်ခင်ပွန်း၊ ကိုယ့် သား့သမီးဆိုတာ ဘယ်နှစ်ခါ မှတ်ကြပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

နာမည်များ ပျောက်သွားသေးသလား.... ( မပျောက်ပါ ) ကြီးလာတဲ့ အခါမို့ ငယ်မူတွေ ပျောက်သွားတဲ့အခါ ဖြစ်သွားသောကြောင့်လဲ၊ အင်း....မှတ်မိ-မှတ်မိကြရဲ့လား.... ( မှတ်မိပါတယ်ဘုရား ) ရိပ်မိပလား....( ရိပ်မိပါပြီ )။

ဒါဖြင့် အမှတ်မှားကြောင့် အသိမှားဆိုတဲ့ အယူဒိဋ္ဌိ မလာဘူးလား....( လာပါတယ်ဘုရား ) တဏှာဒိဋ္ဌိလာတော့ တဏှာပစ္စယာ....( ဥပါဒါန် ) အတူတူဘဲ၊ ဒိဋ္ဌိပစ္စယာသဲ ဥပါဒါန်ဘဲ.... ( မှန်ပါ ) ဒိဋ္ဌိပစ္စယာ ဥပါဒါန်ဆိုတော့ တကာတကာမဘော့ မသိမှာစိုးလို့ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန် (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ·ဘုရား) ဒိဋ္ဌိက တမျိုး၊ ဒိဋ္ဌုပါဒါန်က....( တမျိုးပါဘုရား ) သဘောကျပလား... (ကျပါပြီ)။

ဒီ ကံဟာ ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံ့သွားဖြစ်တယ်....( မှန်ပါ ) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ့သည် ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိဆိုတော့ တကာကြွယ်ဘယ်ဘဝတုံး....(အနာဂတ်ဘဝပါဘုရား)။

ဩော် .... ဘယ်ဇာတိပါလိမ့်မတုံး ဆိုတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ့ကြောင့် ပေါ်ရမည့် ဇာတိဆိုတော့ အပါယ်ဇာတိဖြစ်ပါတယ်....(မှန်ပါ) အပါယ်ဇာတိဖြစ်တယ်ဆိုတာ ရိပ်မိပလား.... ( ရိပ်မိပါပြီ )။

ဒါမနေ့က တရားရှင်းပြီးလို့ တရားရှေ့တက်တာလို့ အောက်မေ့ကြပါ....(မှန်ပါ)။

တရားက မနေ့က ရှင်းပြီးသွားပြီ... ( မှန်ပါ ) ဆယ့်နှစ်ခု ရှင်းသွားလို့ ဩော်....သညာတခုကလဲ သညာကနေပြီး သကာလ တဏှာဒိဋ္ဌိ၊ ဒိဋ္ဌိကနေပြီးသကာလ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ တချက် မှားလိုက်တာ သံသရာပါ မျောပါသွားရတယ်လို့ ဆိုယင် ငြင်းဘို့ရာ လိုသေးသလား (မလိုပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တနေ့ ဘယ်နှစ်ခါ သားဟူသော အမှတ်၊ သမီးဟူသောအမှတ်၊ ခင်ပွန်းဟူသောအမှတ် ဘယ်နှစ်ခါများ မှတ်ကြသတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ-( မရေတွက်နိုင်ပါဘုရား )။

မရေတွက်နိုင်အောင်ဘဲ မှတ်ပြီးသကာလ နေကြတော့ ဒီကံပေါင်း ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ့ပေါင်း တနေ့ ဘယ်လောက်များ ခင်ဗျားတို့ ကံ့ပြုလုပ်ကြသတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေမလဲ....( မရေတွက်နိုင်ပါ )။

ဦးဘအုန်း ခက်ပြီ....( မှန်ပါ ) ခက်ပြီ တကာတကာမတို့ ကြောင့်....ငါတို့ သား, လင်, ခင်ပွန်းနဲ့ နေကြတာ ဘာ- အပြစ် ရှိသတုံး၊ ကိုယ့် သား,သမီး၊ ကိုယ်မခင်ယင် တိရစ္ဆာန်ဖြစ်ရတော့ မပေါ့ အစရှိသည်နဲ့ ခင်ဗျားတို့က အခု တိရစ္ဆာန် ဖြစ်တာသာ မြင်တာကိုး၊ နောက် တိရစ္ဆာန်ဖြစ်မှာ မြင်မှ မမြင်ဘဲ....(မှန်လှ ပါဘုရား ) အတော်ဆိုးဝါးတယ်....(ဆိုးဝါးပါတယ်)။

ကိုင်း....ဒါဖြင့် သညာကနေ စ,လိုက်ဘာ တကာသစ် ကံ, မြောက်သွားဘယ်....(မြောက်ပါတယ်) ကံ,ကနေပြီး သကာလ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဇာတိဆိုတော့ ပစ္စုပ္ပန်ဘဝလား၊ အနာဂတ် ဘဝလား.... ( အနာဂတ်ဘဝပါဘုရား )။

တကာကြွယ် ခင်ဗျားတို့ လူ့ဘဝမှာ ဆရာကောင်း, သမား ကောင်းနဲ့ ဘုရား-သာသနာနဲ့ မတွေ့လို့ ဆုံးမသွန်သင် ကင်း ပြီးနေကြမယ်ဆိုယင် ဒီအမှတ်မှားကြီးကလဲ ပြင်လို့ မရတော့၊ အမှတ်မှားတခုတည်းနဲ့ အချိန်ကုန်သလား၊ ကံ,မြောက်သည် တိုင်အောင် လုပ်ကြသလား ( ကံ,မြောက်သည် တိုင်အောင် လုပ်ကြပါတယ် ) ကံ,မြောက်သည်တိုင်အောင် ဒီမှာ တကာ သစ် မြင်တဲ့အတိုင်း....(မှန်ပါ)။

ဒါဖြင့် တနေ့ မျက်လုံးပေါက်က အပြစ် ဘယ်လောက် သင့် ပါလိမ့်မတုံး....(မရေတွက်နိုင်ပါ) ကဲ....ဦးဘအုန်း သဘောကျ ပလား....( ကျပါပြီ ) ဦးလှကြီး သဘောကျပလား.... (ကျပါ ပြီဘုရား)။

တနေ့ ကံ့ပေါင်း ဘယ်လောက် မြောက်သတုံး .... ( မရေတွက်နိုင်ပါ ) ခင်ဗျားတို့ ကျောင်းဆောက်တဲ့ ကံ့က ဒါလောက်များသလား... ( မများပါ ) ဘုရားတည်တဲ့ ကံ့က.... ( မများပါ ) မများပါဘူး- တကာတကာမတို့၊ မဟုတ်တဲ့ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ့ကတော့ (များပါတယ်ဘုရား)။

များတယ်ဆိုသဖြင့် ဦးဘအုန်း ကယ်မည့်တရားကနည်းနည်း၊ ထိုးချမည့်တရားက များများ....(များပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီလို သယ်ယူပို့ဆောင်ပေးမည့် ကံ့ဖြတ်ပေးမည့် ဆရာကောင်း၊ သမားကောင်းနဲ့ မတွေ့တော့ပါဘူးဆိုလို့ရှိယင်၊ကိုယ်ကလဲ မရှာတော့ပါဘူးဆိုလို့ရှိယင်ဖြင့် ကိုယ်ကျိုးအကြီးအကျယ်နည်းပေါ့....(နည်းပါတယ်ဘုရား)။

ဒါ....ဥာဏ်နားနဲ့ ထောင်ကြည့်တော့မှ ဩော်... ဟုတ်ပါလား၊ မျက်လုံးပေါက်က ဖွင့်လိုက်လို့ရှိယင် ဒါခင်ပွန်းဘဲလို့ မှတ်လိုက်....(မှန်ပါ့) ခင်ပွန်းဖြစ်လို့ရှိယင် ခင်ရမှာဘဲ၊ အားကိုးရမှာဘဲဆိုတဲ့ ဒိဋ္ဌိ-ဘဏ္ဍာ မလာဘူးလား (လာပါတယ်)။

အင်း... သူ့ဘဲ စွဲစွဲ-လမ်းလမ်းဘဲ၊ သူနဲ့ဘဲ ထင်းပုံခေါင်းချသွားရမှာဘဲဆိုတဲ့ ဥပါဒါန်ကတော.... ( လာပါတယ်ဘုရား ) သဘောကျပလား....( ကျပါပြီ )။

အဲဒီတော့ကို ကာယကံ၊ ဝစီကံနဲ့ဘဲ သူ့ကို ပြောလိုက်-ဆိုလိုက် တိုင်ပင်လိုက်-နှီးနှောလိုက်ဆိုတဲ့ အလုပ်အကိုင်တွေ တိုင်ပင် နှီးနှောတာတွေက တကာသစ် ဘာခေါ်ကြမယ်.... ( ကမ္မဘဝပါဘုရား )။

ကာယကံနဲ့ နှိုးနှော....( မှန်ပါ့ ) ဝစီကံနဲ့ ပြော....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ ကံတွေက ဘယ်များ ပို့မှာပါလိမ့်မသဲလို့ မေးဘို မလိုဘူးလား ...( လိုပါတယ် ) ကမ္ဘာဝပစ္စယာ.... ( ဇာတိ ပါဘုရား )။

ခင်ဗျားတို့ အိမ်နေကြတာ ဘာလုပ်နေကြပါလိမ့်မတုံး မေး တဲ့အခါကျလို့ရှိယင်ဖြင့် အနာဂတ် ဒုက္ခအတွက် လုပ်နေတာဘဲ ဘုရာ့....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်ဆိုပါ့မယ်....(အနာဂတ် ဒုက္ခအတွက် လုပ်နေတာပါဘုရား)။

တကာသစ် ဒါက ပဋိစ္စသမုပ္ပါဒ်မှာ ငြင်းဘို့လိုသေးသလား- (မလိုပါဘုရား)။

အဲဒီလို သိပြီးသကာလထားတော့မှ ဩော် .... ငါတို့သည် ကားလို့ဆိုယင်ဖြင့် ဉာဏ်မျက်လုံးဖွင့်ပေးမည့် ဆရာနဲ့သာ မတွေ့လို့ရှိယင်ဖြင့် လူ့ပြည်အလည်လာတာ၊သေယင် အပါယ် သွားတော့မယ်....(မှန်ပါ့) အဓိပ္ပါယ် ဒါမှတပါး ဘာမှ ပြော စရာမရှိဘူး....(မရှိပါဘုရား)။

ဦးလှဘူး-ရိပ်မိပြီ....( ရိပ်မိပါပြီဘုရား ) ဦးလှကြီးကော.... ( ရိပ်မိပါပြီဘုရား ) မဆိုးဘူးလား၊ ကဲ.... ( ဆိုးပါတယ် ဘုရား )။

တနေ့ ဘယ်နှစ်ကြိမ်တုံး ဆိုတော့....( မရေတွက်နိုင်ပါ )

ဒါ မျက်လုံးတပေါက်တည်းက မရေတွက်နိုင်တဲ့ ကံ....(မှန်ပါ) နားပေါက်ကလဲ ရေတွက်နိုင်ပါမလား.... (မရေတွက်နိုင်ပါ)။

နားပေါက်က ကိုယ့်နာမည်ကို ခေါ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဘြော်....ဒါ ခင်ပွန်းက ခေါ်တာဘဲဆိုတော့ ခင်ပွန်း အမှတ်ကလေးက ပါသွားတယ်....( ပါသွားပါတယ် ) မဆိုင်တဲ့ လူဖြင့် ဘယ်ခေါ်မလဲ၊ ဆိုင်တဲ့လူမို့ ခေါ်တာပေါ့ - ဆိုပြီး သကာလ ကိုယ်ကလဲ ခေါ်သံကြားယင် ခပ်ပြုံးပြုံးနဲ့ ခင် လျက် အားကိုးလျက်ဘဲ....( မှန်ပါ ) အားကိုးရုံတွင် မကဘူး၊ စွဲလမ်းတယ်....(စွဲလမ်းပါတယ်) စွဲလမ်းရုံမဟုတ်ဘူး၊ ကာယကံ, ဝစီကံနဲ့ သွားလိုက်၊ လာလိုက်၊ ပြောလိုက်၊ ဆိုလိုက်ကော မလုပ်ဘူးလား .... ( လုပ်ပါတယ် ) အဲဒီတော့ ကမ္မဘဝ ပစ္စယာ....(ဇာတိပါဘုရား)။

ဘြော်....နားပေါက်က တနေ့ ဇာတိပေါင်း ဘယ်လောက် လုပ်ပါလိမ့်....( မရေတွက်နိုင်ပါ ) တကာသစ် ထွက်ပေါက်ရှိ သေးသလား....(မရှိပါဘုရား)။

တကာတကာမတို့ သေသေချာချာ စဉ်းစားမှ ခင်ဗျားတို့ နေပုံ-ထိုင်ပုံတွေသည် ထွက်ပေါက်မရှိဘူး ဆိုတာ ထင်ရှားပါ တယ်.... ( မှန်လှပါ ) ထွက်ပေါက် ဘယ့်နှယ် နေသလဲ.... ( မရှိပါဘုရား )။

ဘယ်ထွက်ပေါက်ရှိမတုံး၊ ကံ,စုနေကြတာ....( မှန်ပါ )။

တကာတကာမတို့ ဘယ်လိုဆိုကြပါမလဲ... ( ကံ,စုနေကြတာ ပါဘုရား ) ကံ,စုနေကြတယ်....( မှန်ပါ )။

ဩော်....တကာတကာမတို့ ဘယ့်နှယ်ကြောင့် ဒီကာံ့တွေ စုနေကြပါလိမ့်မတုံး ဘုရား-ဆိုတော့ ဒီ စွဲလမ်းမှုကြောင့်.... (မှန်ပါ)။

ဒီကာံ့တွေ ဘယ့်နှယ်ကြောင့် စုပါလိမ့် .... ( ဒီစွဲလမ်းမှုကြောင့်ပါ ဘုရား )။

ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ကလဲ စွဲလမ်းပါလိမ့်မဘုံး မေးတော့ ခင်တဲ့ ဒိဋ္ဌိကြောင့်-ဘုရား .... ( မှန်ပါ ) ခင်တဲ့ တဏှာ၊ အမှားစွဲလမ်းတဲ့ ဒိဋ္ဌိကြောင့်... ( မှန်ပါ ) မဆိုနိုင်ဘူးလား.... ( ဆိုနိုင်ပါတယ်ဘုရား )။

ဒီ ဒိဋ္ဌိက ဘယ်ကများ လာပါလိမ့်မတုံးဆိုတော့ တပည့်တော်တို့က ဉာဏ်မျက်လုံး မဖွင့်တော့ ဒါ-ခင်ပွန်းလို့ မှတ်ထားတဲ့ အမှတ်ကြောင့် ဘုရား.... ( မှန်ပါ ) ပေါ်ပလား....( ပေါ်ပါပြီဘုရား )။

ဒီလိုပြောင်းပြန်လဲ့ ပဋိလောမဆိုတဲ့ ဥစ္စာလဲ တကာသစ်သိမှ....( မှန်ပါ ) အနုလောမဖြစ်လို့ရှိယင် ပဋိလောမဟာလဲ အကြောင်းအကျိုးဆက်တတ်ရတယ်....(မှန်ပါ) ရိပ်မိကြပလား-( ရိပ်မိပါပြီ )။

ဒါဖြင့် ဟောဒါ ခင်ဗျားတို့ လူ့ဘဝကြီးဘဲ ထားပါဦး.... ( မှန်ပါ ) လူ့ဘဝကြီးဘဲထားပါဦး၊ ဒီဘဝ, လူ့ဘဝဇာတိ ဆိုတာ ဒုက္ခသစ္စာနော်....( မှန်ပါ ) ဇရာဆိုတာ... (ဒုက္ခသစ္စာပါဘုရား) မရဏဆိုတာ....(ဒုက္ခသစ္စာပါ)။

ကြော်....ဒို့မှာ ဇာတိ ဒုက္ခ, ဇရာ ဒုက္ခ, မရဏ ဒုက္ခနဲ့ ဒို့မှာ အဖေါ်လုပ်ပြီးသကာလ နေကြရတယ်..( မှန်ပါ ) ဘယ်နှယ် ကြောင့်ပါလိမ့်မတုံးဆိုတော့ အတိတ်ဘဝက ဒီကံ့ကြောင့်.... ( မှန်ပါ ) မဆိုနိုင်ဘူးလား....( ဆိုနိုင်ပါတယ်ဘုရား )။

ဒီ ကံ့ဘယ်က လာပါလိမ့်မတုံး ဆိုတော့ အတိတ်က သား၊ လင်၊ ခင်ပွန်းစွဲလမ်းမှု....(မှန်ပါ) သဘောကျပလား....(ကျပါ ပြီ ဘုရား)။

အတိတ်က သား၊ လင်၊ ခင်ပွန်း စွဲလမ်းမှု၊ ဘယ်နှယ်ကြောင့် လာပါလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် ခင်မှုအားကိုးမှုကြောင့်- ( မှန်လှပါ ) ခင်တာက တဏှာ၊ အားကိုးတာက ဒိဋ္ဌိ....(မှန်လှ ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်နှယ်ကြောင့် ခင်မှု အားကိုးမှုတွေ လာပါလိမ့်မလဲလို့ အမေးထုတ်တော့မှ အမှတ်မှားမှု....(မှန်ပါ) သား၊လင်၊ ခင်ပွန်း ရယ်လို့ အမှတ်မှားမှု....( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

ဒါဖြင့် အမှတ်မှားကြောင့် အထင်အားကိုးမှား....(မှန်ပါ) စွဲလမ်းမှား....(မှန်ပါ) ကံ့ပြုမှား....(မှန်ပါ) ဟော.... အရမှား- (မှန်ပါ) အကုန်တောက်လျှောက် အမှားချည့်ဘဲ.... (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကြော်.... ကိုယ့် အမှား တယ်ကြီးပါလားဆိုတာ ယနေ့ ပေါ်သွားပြီ.... ( ပေါ်သွားပါပြီဘုရား )။

တကာကြွယ် ဘယ်လိုပေါ်ပါလိမ့်.... ( ကိုယ့် အမှား တယ် ကြီးပါတယ်ဘုရား )။

တကာကြွယ်ကတော့ ဝါတွင်း ဆွမ်းစဉ်ရုံနဲ့ ပြီးပေါ့အောက် မေ့နေတယ်....( အောက်မေ့ပါတယ် ) အိမ်မာလေး... လွဲလိုက်တဲ့-ဖြစ်ခြင်း၊ မျက်လုံးတပေါက် ဖွင့်တာတောင် မကြေဘူး.... ( မှန်ပါ့ ) ကြေပါ့မလား....(မကြေပါဘုရား)။

မျက်လုံးတပေါက်ဖွင့်လိုက်တာက ကြည့်....အမှတ်မှား၊အထင် အားကိုးမှား၊ စွဲလမ်းမှား၊ အားထုတ်မှား... ( မှန်ပါ့ ) အမှား ပေါင်း ဘယ်လောက်များသတုံး .... ( မရေတွက်နိုင်ပါဘုရား ) အင်မတန်များတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါ ပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ သညာကနေ့ပြီး ယနေ့ ပဋိစ္စ သမုပ္ပါဒ်ဆက်ပြတယ်....( မှန်ပါ့ ) သညာက ဆက်ပြတယ်.... ( မှန်ပါ့ )။

တကာသစ် ဒီတရားဟာ မနာရသေးဘူး....( မနာရသေးပါ ဘုရား )။

မှတ်ပါတဲ့....၊ အားလုံး-တကာတကာမတို့ ပြော .... ငါတို့ မိဘရိုးရာ သင်ထားတဲ့ အမှတ်သည်ကားလို့ ဆိုလို့ရှိယင် ခေါ် ရုံ ပညတ်ရယ်လို့ ဒို့ကလဲ မမှတ်ဘူး၊ တကယ့်သားဘဲ၊ တကယ့် သား မယားဘဲလို့ ဒို့မှတ်ထားတဲ့၊ အမှတ်ကြီးက အမေ - မိဘ ဆုံးမတဲ့ အမှတ်ထက် ပိုမိုပြီးသကာလ ကြီးကျယ်နေတယ်ဆိုတာ ကော သေချာပလား....(သေချာပါပြီဘုရား)။

အမှတ်ကိုလဲ တကာတကာမတွေက နှစ်မျိုးထားပြီး မမှတ်ဘူး....(မှန်ပါ့) ခေါ်ဝေါ်ရုံမျှ မှတ်ရတဲ့ အမှတ် - ဟုတ်လား.... ဒီလိုဆိုယင် ကိစ္စမရှိပါဘူး၊ အခုတော့ တကာယ်သားဘဲ၊ တကာယ် သမီးဘဲ၊ တကာယ်မြေးဘဲ၊ တကာယ် ခင်ပွန်းမဘဲလို့ အားကိုး လိုက်တာ.... ( မှန်ပါ့ ) တကာယ့်ကို မှတ်ချလိုက်တော့ တကာ တကာမတို့ ဒါ-အမှတ်မှားလို့ မဆိုနိုင်ဘူးလား .... ( ဆိုနိုင်ပါ တယ်ဘုရား )။

အမှတ်မှားနောက်ကနေပြီး အထင်မှား၊ အားကိုးမှားက.... ( လိုက်ပါတယ်ဘုရား ) စွဲလမ်းမှား .... ( လိုက်ပါတယ် ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ကမ္မဘဝဖြစ်တဲ့ အားထုတ်မှု အမှားကော....(လိုက် ပါတယ်) မလိုက်ကြပေဘူးလား....(လိုက်ပါတယ်ဘုရား)။

တချို့ တကာတကာမတွေကျတော့ သား၊ လင်၊ ခင်ပွန်း ကိစ္စနဲ့ အားရတယ်ကို မရှိဘူး-တဲ့....(မှန်ပါ့)။

သား၊ လင်၊ ခင်ပွန်းကိစ္စနဲ့....( အားရတယ်ကို မရှိပါ ) ဒါ ကမ္မဘဝလုပ်နေကြတာ....(မှန်ပါ့)။

ဘာလုပ်နေကြတာကုံး.... (ကမ္မဘဝလုပ်နေကြတာပါ)။

အေး .. တကာကြွယ်တို့ကလဲ လင့်ဝတ်-မယားဝတ် ဆိုတာ ရှိသေးသကွ-တဲ့....(မှန်ပါ့) အင်း.... တကာကြွယ်တို့က သူတော် ကောင်းသံနဲ့ လေချိုသွေးပြီး....(မှန်ပါ့) မပြောဘူးလား၊ တကာ ကြွယ်... (ပြောပါတယ်ဘုရား)။

သား လင် ခင်ပွန်း ဝတ်ဆိုတာ ရှိသေးတယ်၊ အဲဒါ ကတော့ သီလပေါ့တာ....(မှန်ပါ့) ဝတ်နဲ့ ပြည့်စုံယင် သီလ ပေါ့တာ....(မှန်ပါ့)။

အခုဟာက အဲဒီသီလကို ပြောတာမဟုတ်ဘူးတဲ့၊ ဝိပဿနာ ဉာဏ်ကို ပြောနေတာ....(မှန်ပါ့)။

ဟိုဟာက သီလအကျိုးတော့ ပြီးပါတယ်၊ ဝတ်ပျက်ယင် သီလပျက်တာဘဲ....( မှန်ပါ့ ) ဝတ်နဲ့ပြည့်စုံယင် သီလပြည့်စုံ တာဘဲ....(မှန်ပါ့) ။

သို့သော် ဒီသီလလောက်နဲ့ဘဲ နိဗ္ဗာန် ရောက် မှာ လား လို့ မေးတဲ့ အခါကျတော့ သား လင် ခင်ပွန်း ဝတ်ပြုနေရုံနဲ့ လဲ မရောက်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတွေက ကျုပ်တို့ဖြင့် တရားဓမ္မတွေ လိုရင်းချုပ်ပြီး ပြောနေတယ်ဆိုတာ ကြားပါတယ်။ ခင်ပွန်းမ ကလဲ မမာမကျန်းရှိနေလို့ သူ့ ဝတ်ပြုနေရတာနဲ့ ကျုပ်မသွား နိုင်ဘူး... (မှန်ပါ့) တကာမတွေကလဲ ထို့အတူဘဲ ကျုပ်တို့ဖြင့် ဒီဝတ်က တယ်ကြီးသကိုး....ကြီးကြီးနဲ့ဘဲ ပြုနေတာဘဲ....(မှန်ပါ့) အဲဒါကမ္မဘာဝ လုပ်နေတယ်မှတ်ပါ....(မှန်လှပါဘုရား)။

ဘယ်လိုဆိုကြမယ်....(ကမ္မဘာဝ လုပ်နေတာပါ ဘုရား)။

ဒီကမ္မဘာဝ-ဒီကာယကံ ဝစီကံ ဘယ်နှယ်ကြောင့် လုပ်ဖြစ် ပါလိမ့်မတုံး မေးတော့ စွဲလမ်းမှုရှိတယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဘယ့်နှယ်ကြောင့် ဒီစွဲလမ်းမှုကြီး ကြီးကျယ်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ ခင်မှု အားကိုးမှုကြောင့်....(မှန်ပါ့)

ဘယ့်နှယ်ကြောင့် ခင်မှု အားကိုးမှုကြီးကို ခင်ဗျားတို့ သန္တာန်၌ တပေါ်တည်းပေါ်နေပါလိမ့်မလဲ မေးတော့ အမှတ်မှားမှုကြောင့်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြောင်းပြန်လဲမှန်တယ်....(မှန်ပါတယ်ဘုရား)။

အဲဒါက ဘုရားမပွင့်လဲ ရှိတာဘဲ....(မှန်ပါ့) ဘုရားပွင့်လဲ....(ရှိပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့ သန္တာန်မှာ ဘုရားပွင့်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်အလုပ်ကို မလုပ်ယင် ရှိတာဘဲ....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ်အလုပ်ကို လုပ်ပြန်တော့လဲ ပျက်သွားတာဘဲဆိုတာ ပေါ်လာကြပလား....(ပေါ်လာပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီနေရာမှာ ဝိပဿနာမဂ်ဆိုတဲ့ ပွါးများမှု မဂ်မှု တကာသစ် မသွင်းတော့ဘူးဆိုယင် ဒီကံချည့် မြောက်နေမယ်....(မှန်ပါ့)။

ဒီကံမြောက်လို့ ရှိယင် ငါသေယင် ဆွမ်းမသွတ်နဲ့။ အမျိုမရဘူးသာမှတ်....(မှန်ပါ့) ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား) အပါယ်သွားပြီ...(မှန်ပါ့)။

ခင်ဗျားတို့ လူ့ပြည်က ဆွမ်းကလေး ကွမ်းကလေးကို ငရဲသားက စားပါ့မလား....(မစားပါဘုရား) သူတို့သံတွေခဲတွေ ရှိလေရဲ့၊ အဲဒါစားနေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါလောက် ဖြစ်ပြီးသကာလနေတော့တကာကြွယ် တကာသစ်တို့ ဩော်... ဒို့အဖြစ်ဟာ အဖြစ်ဆိုးကြီးနော်....။သေသေချာချာတွေးမှ အဖြစ်ဆိုးကြီးပါလား....(မှန်ပါဘုရား)။

အိမ်နီးချင်းချင်းပြောတာတော့ သွားမယောင်နဲ့....(မှန်ပါဘုရား)ဟိုအိမ်က ဘယ်သူဖြင့် ခင်ပွန်းမ ကြည့်လိုက်ပြန်လဲ လင်ဝတ် သားဝတ် ကြေလိုက်တာ....(မှန်ပါ) အင်း... ယောကျ်ားဘက်ကနေပြီး ယောကျ်ားချီးမွမ်းပြန်တော့လဲ အင်း....သူကလဲသားမယားဝတ်ကော့ အတော်ကြေပွန်တဲ့လူ။ ဒါကြောင့်လဲ သင့်သင့်တင့်တင့်နဲ့ တော်ကြတယ်။ တယ်ကုသိုလ်ကောင်း....(မှန်ပါဘုရား)။

ဘယ် ကု သိုလ် ကောင်း ရ မှာ တုံး.... ဒီမှာ ကြည့်စမ်း တန်းနေတာ....(မှန်ပါ) ကုသိုလ်ကောင်းတာလား - အပါယ် သွားဘို့လားဆိုတာ (အပါယ်သွားဘို့ပါဘုရား) သေချာပလား....(သေချာပါပြီ)။

ဒါကြောင့် အိမ်နီးချင်းစကားကို မယောင်ပါနဲ့လို့ ပြောတာ....(မှန်ပါဘုရား) ဦးဘအုန်းယောင်ဦးမှာလား....(မယောင်ပါဘုရား) မယောင်နဲ့ မသိတဲ့လူကပြောတာ ခင်ဗျားတို့ကယောင်တဲ့လူက ပိုအ-လို့....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြောတဲ့လူကဘာတုံး....(မသိလို့ပြောတာပါဘုရား) အဲဒီသူပြောတာကိုဘဲ အင်း....ဒို့ဒီအတိုင်းဆိုလို့ရှိယင် လူချီးမွမ်းနတ်ချီးမွမ်းပါတယ်တဲ့....(မှန်ပါ) နတ်ကမချီးမွမ်းပါဘူး စိတ်သာချပါ....(မှန်ပါ)ရိပ်မိပလား....(ရိပ်ပါပြီ)။

မချိုးမွမ်းပါဘူး တကာ တကာမတို့ရဲ့ ခင်ဗျားတို့ဟာ ဘယ်မှာ ကံတွေက အကုသိုလ်ကံတွေ ဖြစ်ပြီးသကာလနေတဲ့ ဥစ္စာကြီးဘဲ အမှတ်မှားကလာတဲ့ဥစ္စာ အကောင်းတခုပါရဲ့လား....(မပါပါဘုရား)။

အကောင်းတခုမှ မပါတာကို တကာတကာမတွေသည်ကား လို့ဆိုယင်ဖြင့် မသိတဲ့လူကချိုးမွမ်း၊ မလိမ်မာတဲ့လူက ဝမ်းမြောက်....(မှန်ပါ့)ဒီလိုဖြစ်နေတဲ့ဇာတ်ထုပ်....(မှန်လှပါဘုရား)။

မသိတဲ့လူက....(ချိုးမွမ်းပါတယ်ဘုရား) မလိမ်မာတဲ့လူက.... (ဝမ်းမြောက်ပါတယ်ဘုရား)။

တကာကြွယ်တို့-ယုံသလား....(မယုံပါဘုရား) အဲဒါစဉ်းစား ကြည့်တော့ အမှတ်မှားကြောင့် အားကိုးမှား....(မှန်ပါ့) အားကိုးမှားကြောင့် စွဲလမ်းမှား....(မှန်ပါ့) စွဲလမ်းမှားကြောင့် .... (အားထုတ်မှားပါတယ်ဘုရား)အားထုတ်မှားကြောင့် အပါယ် ခန္ဓာရတယ်....(မှန်ပါ့) မရဘူးလား ရသလား....(ရပါတယ် ဘုရား)။

ဒါတွေ သေသေချာချာသိထားတော့မှ ဩော်....ဒို့သည်ဒီလို တရားထူးတရားမြတ်ကိုမှ ထူးထူးလည်လည်မနာရ မတွေ့ရလို့ ရှိယင်ဖြင့် ကိုယ့်ငါးချဉ်-ကိုယ်ချဉ်နေတာကိုး....(မှန်ပါ့)တကယ် သူတော်ကောင်းကတော့ မကြိုက်တာ အမှန်ဘဲ....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သူတော်ကောင်းမှ မကြိုက်တဲ့တရားကို တရားမှန်လို့ဆိုလို့ ရပါ့မလား (မရပါဘုရား)။

အေး . ဒါကြောင့် တကာတကာမတွေ အချပြင်ချိန်ဆင်ချိန် ကလေးရှိတုန်း ဆရာဘုန်းကြီးပြင်ပေးပါတယ်လို့ အောက်မေ့ ပါ....(မှန်လှပါဘုရား)။

ဦးဘအုန်း-အချိန်မီရှိတယ်နော်.... (မှန်ပါ) တကာကြွယ် ဘယ့်နှယ်ဆိုပါမလဲ....(အချိန်မှီရှိ ရှိပါတယ်ဘုရား)။

အချိန်မီရှိတယ်ဆိုတာက ခင်ဗျားတို့အတွက် ပြောတာပါ (မှန်ပါဘုရား) ဟို ဒီအတိုင်းနဲ့ ရှိးရာနဲ့ သေသွားတဲ့ပုဂ္ဂိုလ်တွေ အတွက်မှာ မမီလိုက်ပါဘူး... (မှန်လှပါ) မီသေးရဲ့လား တကာ ကြွယ်....(မမီပါဘုရား)။

မမီတော့ ဒါတွေ ပြင်သွားရရဲ့လား.... (မပြင်ရပါဘုရား)။ ဩော်.... မပြင်သွားရလို့ရှိယင်ဖြင့် အမှတ်မှား- ဟုတ်လား.... (မှန်ပါ) အားကိုးမှား... (မှန်ပါ) စွဲလမ်းမှား....(မှန်ပါဘုရား) အားထုတ်မှား ဟုတ်လား.... (မှန်ပါ) ရောက်ရာမှား (မှန်ပါ) ရောက်ရာဌာနကလဲ မှားတယ်....(မှန်ပါဘုရား)အပါယ်လေးပါး ရောက်ပါတယ်....(ရောက်ပါတယ်ဘုရား)။

တကယ်လို့ နတ်ရွာသုတေိ ရောက်ပါဦးတော့ သား့လင်၊ ခင်ပွန်းတွေသေလို့ဆိုလို့ရှိယင် ဒုက္ခသစ္စာပြန်ရတယ်....(မှန်ပါ) နိဗ္ဗာန်ရရဲ့လား....(မရပါဘုရား)။

မရသေးတော့ ဩော်.... တကာကြွယ် ဒီဥစ္စာ ဘုန်းကြီးတို့ သည် အင်မတန်မှ စေတနာကြီးနဲ့ ပြောလို့ တကာတကာမတော့ လဲ ထူးထူးခြားခြား မှတ်ပြီးသကာလ ဩော်-မျက်လုံးတပေါက် ဖွင့်လိုက်ရတဲ့ဥစ္စာ မပြင်မဆင်ယင်ဖြင့် သွားပေါ့....(မှန်ပါ)။

မပြင်မဆင်ယင်... (သွားပါပြီဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ပြင်ဆင်တယ်, မပြင်ဆင်တယ်ဆိုတာ ဘုန်းကြီးတို့ ရှင်းပြီး သကာလ ဒီပုဂ္ဂိုလ်ဟာပြင်ဆင်တယ်၊ပြင်ဆင်ပြီး သူသည် နေရာ ရှာတယ်၊ ဒီပုဂ္ဂိုလ်ဟာတော့ မပြင်ဆင်ဘူးဆိုတာ သား, သမီး, ခင်ပွန်း တယောက်သေကြည့်ပါ၊ ဒီဘဝ-ဒီဘဝ၊ ဒါစုတိနဲ့ သေ ကြည့်....(မှန်ပါ)။

သေကြည့်လို့ရှိယင်ဖြင့် တခါတည်း စိုးရိမ်ပူဆွေး ငိုကြွေး လို့ ဆုံးပါ့မလား.. (မဆုံးပါဘုရား) ဒီအမှတ်မှားတွေ- (မှန်ပါ ဘုရား)။

အမှတ်မှားကြောင့် ဒီမှာ အသိ အားကိုးမှား- (လာပါတယ် ဘုရား) စွဲလမ်းမှား... (လာပါတယ်) အားထုတ်မှား.... (လာ ပါတယ်ဘုရား) အဲဒါကြောင့် သောကပရိဒေဝ လာ-ခလာ.... (လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် သောကပရိဒေဝတို့လာတယ်၊ ဒုက္ခဒေါမနဿ တွေ လာပါတယ်ဆိုကတည်းက ပြင်လို့ဖြစ်ရတာလား၊ မပြင် လို့ ဖြစ်ရတာလား....(မပြင်လို့ဖြစ်ရတာပါဘုရား)။

ဦးလှ ဘယ့်နှယ်ဆိုပါ့မလဲ.... (မပြင်လို့ဖြစ်ရတာပါဘုရား) ပြင်ကို-မပြင်ဘူး၊ မပြင်တော့ ဘာဖြစ်သတုံး....လို့ ခင်ဗျားတို့က သက်သေခံ လုံလောက်အောင်ကြည့်-(မှန်ပါ) ဩော်....အားကိုး အားထားဖြစ်တဲ့ တောင်ကြီး ပြိုသွားလို့....(မှန်ပါ)။

ဦးဘအုန်း ဘယ်နှယ်ဖြေသတုံးဗျ(အားကိုးအားထားဖြစ်တဲ့ တောင်ကြီး ပြိုသွားလို့ပါဘုရား)။

မသိတဲ့ လူကတော့ ဒါ.... တောင်ကြီး မထင်ပါဘူး....၊ သူ့မှာတော့ တောင်ကြီးဖြစ်နေတယ်....(မှန်ပါ့) မဖြစ်ဘူးလား၊ ဖြစ်သလား.... (ဖြစ်ပါတယ်ဘုရား)၊

အဲဒါတွေ ထောက်ကြည့်တော့မှ တကာတကာမတို့ သြော်- နဂိုရ်အမှား မမြင်ဘဲနဲ့ သူ့စိတ်ထဲမှာ နေလို့ မမြင်တဲ့ဇာတ်ထုပ် ဟိုသေတဲ့လူကသေတဲ့အခါမှာ သူ အကုန်ပေါ်တာဘဲ... (မှန်ပါ့ဘုရား) မပေါ်ဘူးလား-ပေါ်သလား.... (ပေါ်ပါတယ်ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ)။

ကဲ....ဒီအထဲမှာ အမေမိဘ ဆွေမျိုးဉာတကာ သား၊လင်၊ ခင်ပွန်းဆိုသလိုဘဲ မသေဘူးတဲ့ ပုဂ္ဂိုလ်တော့ဖြင့် အခုပြောတဲ့ အထဲ တယောက်မှ မပါဘူး....(မပါ-ပါဘုရား)။

အမေမိဘကလဲ သေဘူးတာဘဲ.... (သေဘူးပါတယ်ဘုရား) သားသမီး ဆွေမျိုးဉာတကာ....(သေဘူးပါတယ်ဘုရား)။

သေဘူးကြတာချည်းဘဲ ဖြစ်နေတော့ သေဘူးယင် ထိခိုက်တာချည်းဘဲ....(မှန်ပါ့ဘုရား) ထိခိုက်တဲ့ပုဂ္ဂိုလ်မှန်သရွေ့ နာတော့ မြင်ပြီးသားလား-မမြင်သေးလို့လား၊ (မမြင်သေးလို့ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) မမြင်သေးလို့ ဖြစ်ရတဲ့ ဖြစ်တွေ အကြီးစားဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အခု ခင်ဗျားတို့ မြင်ချိန်

မို့သေးတယ် (မို့ပါသေးတယ်ဘုရား) ပြောထိုက်-မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား) ပြင်ချိန်မို့သေးဘယ် ဦးလှဘူးရဲ့.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့အတွက် ဘယ်လိုစဉ်းစားကွက် ရသတုံး... (ပြင်ချိန်မို့ပါသေးတယ်ဘုရား)။

ဒါလဲ အားထုတ်ပြင်မှနော်... ( မှန်ပါ့ ) အားထုတ်ပြင်မှ၊ ဒီအမှားကြီးက သညာမှားကြီးက ကကာသစ် မြင့်မိုရ်တောင် လောက်မက မြင်မားတယ်လို့ လွန်ခဲ့သည့် သုံးရက်လောက်က ပြောခဲ့တယ်....(မှန်ပါ့)။

တော်တော်ဖြိုလို့များ ရမယ်ထင်သလား... (မရပါဘုရား) ဝိပဿနာဉာဏ်နဲ့ ဦးဘအုန်း ပြင်းပြင်းထန်ထန်ရှုမှရမယ်(မှန်ပါ့ ဘုရား)။

ဘာ့ကြောင့် ပြင်းပြင်းထန်ထန်တုံး လို့ မေးတဲ့အခါကျ တော့ မှားသက်က ရှည်လို့... (မှန်လှပါဘုရား) ဘယ်လို ပြော ကြမလဲ....(မှားသက်က ရှည်လို့ပါဘုရား)။

ဦးလှဘူး ဘယ့်နှယ်တဲ့တုံး....(မှားသက်ကရှည်လို့ပါဘုရား) ဘယ်လောက်ရှည်ခဲ့သလဲ... (မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ တနေ့တည်းနဲ့ပြင်လို့ တနေ့တည်းနဲ့ ပွားများ လို့ ဦးဘအုန်း ရပါ့မလား....(မရနိုင်ပါဘုရား)။

ဉာဏ် အင်မတန်ထက်တဲ့ ပုဂ္ဂိုလ်တော့ ရလိမ့်မယ်ပေါ့ဗျာ (မှန်ပါ့) မထက်တဲ့ပုဂ္ဂိုလ်မှာဖြင့် ဝါးနှစ်လုံး မီးထွက်အောင်

ပွတ်သလို ပွတ်ရမှာဘဲ....(မှန်လှပါ ဘုရား) မပွတ်ရပေဘူးလား.... (ပွတ်ရမှာပ ါဘုရား)။

အေး....ဒါကြောင့် ဝိပဿနာအလုပ်ဆိုတာ တကာတကာမ တို့ အမှားကြီးတော့လဲ အပြင်ကြီးရမှာဘဲ.... ( မှန်လှပါ ဘုရား) အမှားကြီးတော့....( မပြင်ကြီးရမှာပါဘုရား)။

အဲဒါ ဒီအသဲ ဘုန်းကြီးတို့ တကာတကာမတွေ မှားချက်က ပြင်းထန်လိုက်တာကလဲ မြင့်မိုရ်တောင်လောက်မက မြင့်မားပါ တယ်၊ ထုကြီးကလဲ ဘယ်သူမှ မကျော်လွှားနိုင်ပါဘူး .. လို့ ပြောထားတယ်... (ပြောထားပါတယ်ဘုရား)။

အဲ့ဒါကြီး ဖြိုရမယ်, ဖျက်ရမယ်, ပြင်ရမယ်ဆိုတော့ တကာ သစ်,ရေ.... တော်တော်တော့ အားထုတ်မှရမယ်.... (မှန်လှပါ ဘုရား)။

အားထုတ်ဘာတောင်မှ တော်တော် အားထုတ်မှ ရမယ် ဆိုတာ ဆုတောင်းနဲ့ ဒီတောင်ကြီး ပြိုပါစေသတည်း၊ ဒိဿ အမှားတောင်ကြီး ပြိုပါစေသတည်း၊ စိတ်အမှားတောင်ကြီး ပြိုပါစေသတည်း၊ဒိဋ္ဌိအမှားတောင်ကြီး ပြိုပါစေသတည်း .. လို့ အဓိဋ္ဌာန်ရှိနဲ့ဘော့ တကာကြွယ် ပေးသေးတယ် .. (ပေးပါတယ် ဘုရား) တကယ့်ဝိပဿနာ ဉာဏ်နဲ့ကို ထိုးဖောက်ဖျက်ရမှာ.... (မှန်လှပါ)။

ဘယ်လိုလုပ်ရမယ် ထင်သတုံး... (ဝိပဿနာဉာဏ်နဲ့ထိုးဖောက် ရမှာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပြင်ချိန်လဲရှိပါသေးတယ်၊ ပြင်တဲ့နည်းကိုလဲ ဆရာဘုန်းကြီးက ပေးလိမ့်မယ်ဆိုတာ အသိသားဖြစ်နေတော့ ဒြော်....ဒို့သည် ပါရမီထူးပါပေတယ်.... (မှန်လှပါဘုရား)။

ပါရမီထူး၊ ကံထူး၊ ဉာဏ်ထူးတွေမို့ ဒို့သည် ဆရာကောင်း-သမားကောင်းတွေနဲ့ ကြုံရ၊ ဆုံရတယ် ဆိုတာ တကာကြွယ်ဝမ်းမြောက်ပေတော့....(မှန်လှပါ)။

သို့သော်... ဘုန်းကြီး တခုမှာချင်တယ် ... (မှန်လှပါဘုရား) တကာတကာမတွေ ကျန်းမာရေးကို ဂရုစိုက်ပါ.... ( မှန်ပါ ) မစိုက်ယင် အသေစောလို့ရှိယင် ဒီတရား အားမထုတ်ဘဲနဲ့ သေသွားလို့ရှိယင်ဖြင့် ဒီကြေးတွေ ပြေပါ့မလား-(မပြေပါဘုရား) မပြေတော့ဘူး ဆိုတာ သေချာကြပလား.... ( သေချာပါပြီဘုရား)။

အဲဒါကြောင့် ကျန်းမာရေးကြိုးစားပြီး တရားကိုအားထုတ်ရမယ်....(မှန်ပါ့ဘုရား)။

ဘုန်းကြီးကလဲ ကျန်းမာရေး ဆရာဝန်လားလို့ မေးတော့ မဟုတ်ပါဘူး။ ဘုရားကိုက ကျန်းမာမှရမယ်လို့ ဟောထားတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားက ဘာတဲ့တုံး .... (ကျန်းမာမှ ရပါမယ်တဲ့) အခုဟောတာတော့ဖြင့် ဒြော် .... ဒို့ဒီအတိုင်း သွားနေတယ်ဆိုတာ ယုံကြည်ပလား....(ယုံကြည်ပါပြီဘုရား)။

အဲ .... ယုံကြည်လို့ရှိယင် ဒါကို ပယ်ဖျက်တဲ့နည်း တကာ တကာမတို့ ကျန်းမာမှ အားထုတ်နိုင်တယ် .... ( မှန်ပါ ) မကျန်းမာရင်...(အားမထုတ်နိုင်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီး ရေး ထား တဲ့စာ "ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်ကာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နဲ့ ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ကျင့်ါးအင်၊ မှန်ပင်မဂ်ရ ကြောင်း"(မှန်ပါ)မပါဘူးလား- (ပါ-ပါတယ်ဘုရား)။

အေး... ဒါတွေသိထားတော့မှ ဩော်.... ဒို့ကျန်းမာရေးလဲ ဂရုစိုက်ရလိမ့်မယ်... (မှန်ပါ) ဘာကြောင့်တုံး .... မှားသက်ရှည် တာကို ပြန်းကန်ဖြေရှင်းလို့တော့ မပြေနိုင်တော့၊ ကျန်းမာမှ ရက်ကလေးများစွာ ဖြေမှုရှင်း- ဖြေရှင်းမှ အမှားတွေပျောက်၊ အမှားတွေပျောက်မှအမှန်တွေရောက်ပြီး သကာလ နိဗ္ဗာန်ပေါက် မယ်ဆိုတာ ဘာမှ သံသယမရှိနဲ့၊ ရတယ်လို့မှတ် .... (မှန်ပါ ဘုရား)။

တကာကြွယ် အားပေးတာ မဟုတ်ဘူးနော်....(မှန်ပါ)အမှန် ကို ပြောတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

အားပေးတာလား- အမှန်ပြောတာလား.... (အမှန်ပြောတာ ပါဘုရား)။

ကိုယ့်သား, လင်ခင်ပွန်း, ကိုယ့်သားသမီးနဲ့ ကိုယ့်ဟာကိုယ် ပြုံးရယ်နေတာများ ဘာအပြစ်ရှိသတုံး လို့များ ခင်ဗျားတို့ ရှေ့ကို မပြောကြနဲ့ ....( မှန်ပါ ) မနေနိုင်လို့ ပြုံးတောင် တယောက်တည်းပြုံးကြပါ .... ( မှန်ပါ ) ဘာပြစ်ရှိသတုံးလို့

သူများ သူတော်ကောင်းနား ကြားအောင်တော့ မလုပ်ကြပါနဲ့... (မှန်ပါ) အပြစ်ကကြီးလွန်းလို့... (မှန်ပါဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ သား လင် ခင်ပွန်း ဆိုကတည်းက အမှတ်မှားလာတာ....(မှန်ပါဘုရား) အမှတ်မှန်ကလာတာလား-အမှတ်မှားက လာတာလား (အမှတ်မှားကလာတာပါဘုရား)။

ဒါတွေဟာ ရုပ်နာမ်တွေ၊ ခန္ဓာငါးပါးတွေ... (မှန်ပါ) ဖြစ်ပျက် အနိစ္စတရားတွေ... (မှန်ပါ) ဒါကိုသူက အရမ်း သား လင် ခင်ပွန်းလုပ်နေတယ်... (မှန်ပါဘုရား)။

အဲဒီတော့ ကိုယ့် သား လင် ခင်ပွန်းနဲ့ကိုယ် အကြောင်းညီညွတ်လို့ ပြုံးရယ်ပြီးနေတာ ဘယ်သူက ဘာပြောဘိုလိုသေးသတုံး- မလုပ်ပါနဲ့....(မှန်ပါဘုရား)။

ဦးဘာအုန်း တော်ပါမလား....(မတော်ပါ) ခင်ဗျားတို့ကလဲ မာန်ကလေးက ခပ်ထက်ထက်နဲ့ ကိုယ့်ပစ္စည်း ကိုယ်စားတာ ဘယ်သူ့များ ကြောက်စရာလိုသေးသတုံး၊ အစရှိသည်နဲ့ တကာတကာမတွေက ပြောတတ် ဆိုတတ်ကြပါတယ် .... (မှန်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ကိုယ့်ပစ္စည်း ကိုယ်စားတာ ပေမဲ့လဲ ခင်ဗျားတို့က ကိုယ့် ပစ္စည်း ကိုယ်စားတယ် ဆိုကတည်းက ဒိဋ္ဌုပါဒါန် ပြောနေတာ.. (မှန်ပါ) ဒိဋ္ဌုပါဒါန်မပါဘူးလား (ပါပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ့ ဒိဋ္ဌုပါဒါန် လာတဲ့အခါကျတော့ တကာတကာမတွေ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကော မပါဘူးလား (ပါ·ပါတယ်) အဲဒါကြောင့် ဒါတွေကို တကာတကာမတွေက မသိကြတော့

ကိုယ့်ပစ္စည်း ကိုယ်စားတာဆိုပြီး ဘဝင်မြင့်နေတာ .... (မှန်ပါ) ဒါကြောင့် ဥပရိပဏ္ဏာသမျှားမှာ ဦးဘအုန်း လာတယ်ဗျာ .... ခွေးတကောင်ဟာတဲ့ ကျင်ကြီးပုံ ခပ်ကြီးကြီးရတယ်.... (မှန်ပါ ဘုရား)။

ခွေးတကောင်ဟာ ဘာပါလိမ့် ... (ကျင်ကြီးပုံခပ်ကြီးကြီးရ ပါတယ်ဘုရား)။

ကျင်ကြီးပုံ ခပ်ကြီးကြီး ရတဲ့အခါ ခွေးကခွေးတွေလာတဲ့ အခါကျတော့ သူသည်တကာတကာမတို ကောင်လိုက်- ဟိန်း လိုက်-ကိုက်မည်ပြင်လိုက်၊ လုပ်-မလုပ်....(လုပ်ပါတယ်) ဘယ်နှယ် ကြောင့် ဒီခွေးက ဘဝင်မြင့်ရပါလိမ့်... ( ကျင်ကြီးပုံရလို့ပါ ) ကျင်ကြီးပုံကြောင့် မာန်တက်တယ် .. (မှန်ပါဘုရား)။

တကာအုန်း .... ဘယ်နှယ်ကြောင့် မာန်တက်ကာတုံး .... (ကျင်ကြီးပုံကြောင့် မာန်တက်တာပါဘုရား)။

ဩော်....မာန်တက်တာက ဘယ်သူတုံး- ခွေး ...(မှန်ပါ)ခွေး ဘယ်သူ့ကြောင့် မာန်တက်သတုံး.... (ကျင်ကြီးပုံကြောင့် မာန် တက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ကျင်ကြီးပုံကလဲ အဘိုးမတန် ခွေးကလဲ တိရစ္ဆာန် .. (မှန်ပါ) သဘောကျပလား ( ကျပါပြီ ) အဘိုး မတန်တဲ့ တိရစ္ဆာန်မို့ မာန်တက်ကယ်.... ( မှန်ပါ )သဘောကျ လား....(ကျပါပြီဘုရား)။

အဘိုးမတန်တဲ့... (တိရစ္ဆာန်မို့ မာန်တက်ပါတယ်) တကာ ကြွယ်- စိန်ကလေး-မြကလေး ဝတ်သွားယင် ခြေထောက်မြေမထိ ဆိုတာတွေဟာ ဘာထင်သတုံး... ( မာန်တက်တာပါ ) ရိပ်မိပ လား....(ရိပ်မိပါပြီဘုရား)။

အင်း....ဘာ့ကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ ကျင်ကြီး ပုံကိုတဲ့ ခွေးမာန်တက်သလို တက်တယ်.... ( မှန်ပါ့ )မဘက်ဘူး လား....(တက်ပါတယ်ဘုရား)။

ဒါ နိမ့်ချပြောတာလားလို့ မေးတဲ့အခါကျတော့ ခင်ဗျား တို့ စိန်ကလဲအနိစ္စ၊ ခန္ဓာကိုယ်က အသုဘ...(မှန်ပါ့) အနိစ္စနဲ့ အသုဘ တွဲသွားတာ ဘာတက်စရာ ရှိသေးသတုံး...( မှန်ပါ့ ) ဘာမျှားရှိသေးသတုံး. (မရှိပါဘုရား)။

သို့သော်လဲ သူ့အနိစ္စလဲ မမြင်လို့ သူ့ခန္ဓာ အသုဘကိုလဲ မမြင်တဲ့အတွက်ကြောင့်တော့ ဒီအမှတ်မှားကြောင့်.... ( မှန်ပါ့ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အမှတ်မှားကြောင့် ကိုယ့်ခန္ဓာအထင်မှား၊ ကိုယ့် စိန်ကို အားကိုးမှား (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီအားကိုးမှားကြောင့် စွဲလမ်းမှုကကော .... (လာပါတယ်) စွဲလမ်းမှားကြောင့် အားထုတ်မှုကလေး ပြောလိုက်- ဆိုလိုက်၊ ကိုယ့်ဟာကိုယ် မောက်မောက်မာမာနဲ့ ပြောလိုက်- ဆိုလိုက် တာတွေကော.. (လာပါတယ်) ဒါက တကာတကာမတို့ အပြု မှား .. (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ .... အပြုမှားကြောင့် တကာ တကာမတို့ ခင်ဗျားတို့ အရောက်မှား... (မှန်ပါ့ဘုရား)။

အပါယ်လေးပါး ရောက်တော့ ဘယ့်နှယ်ဆိုကြမလဲ .... (အရောက်မှားပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအမှတ်မှားတခု မပြင်နိုင်တဲ့ ဖြစ်ထွေဟာဖြင့် ဒို့ မှာ အပါယ်လေးပါးကျသွားယင် ခေါင်းပြုစရာ မရှိဘူးဆိုတာ

ပေါ်ပြီ....( ပေါ်ပါပြီ ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ ဘုရား)။

ဒီဥစ္စာ ဘုန်းကြီးက ပို့တာလား- ခင်ဗျားတို့ သန္တာန်ဖြစ် ပေါ်တဲ့ တရားတွေက ပို့တာလား.... (တပည့်တော်တို့ သန္တာန် ဖြစ်ပေါ်တဲ့တရားတွေက ပို့တာပါဘုရား)။

သညာကနေပြီး တဏှာ့ဒိဋ္ဌိဆီ ပို့လိုက်တယ်.... ( မှန်ပါ ) တဏှာ့ဒိဋ္ဌိက ဥပါဒါန်ဆီ....(ပို့ပါတယ်)ဥပါဒါန်က ဘယ်ပို့ လိုက်သလဲ....(ကံ ပို့ပါတယ်)ကံက ဘယ်ပို့လိုက်သလဲ.... (ဇာတိ ဆီ ပို့ပါတယ်) ဇာတိ- ပဋိသန္ဓေဆီ မပို့လိုက်ဘူးလား .... (ပို့လိုက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကြော် မသိဘဲနဲ့ ဆိုလို့ရှိယင် ဒီ.... ပဋိစ္စသမုပ္ပါဒ်ဘဲ လာမယ်....(လာမှာပါဘုရား)။

မသိတဲ့ ပုဂ္ဂိုလ်ဖြင့်... (ဒီ ပဋိစ္စသမုပ္ပါဒ်ဘဲ လာမှာပါဘုရား) တကာကြွယ်....ရှင်းပလား....(ရှင်းပါပြီဘုရား) ။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်လွတ်တဲ့ ခန္ဓာကိုယ်ရယ်လို့ တကာသစ် ရှိရဲ့လား....(မရှိပါဘုရား) မရှိဘူး....(မှန်ပါဘုရား)။

ခန္ဓာကိုယ်ထဲ ဖြစ်တဲ့ ဖြစ်စဉ်ဟာလဲ ပဋိစ္စသမုပ္ပါဒ် လွတ်ပါ ရဲ့လား....(မလွတ်ပါဘုရား)မလွတ်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ သား လင် ခင်ပွန်း စိန် ကျောက်မြ ပတ္တမြားကို တကာယ့် သားလင်ခင်ပွန်း စိန်ကျောက်

မြ ပတ္တမြားလို့ ထင်လိုက်လို့ရှိယင် အမှတ်မှား... (မှန်ပါ့)အခင် အားကိုးမှား....(မှန်ပါ့ဘုရား)။

အမှတ်မှားယင်ဖြင့် အခင်အားကိုးမှား မလာပေဘူးလား.... (လာပါတယ်ဘုရား)လာလို့ရှိယင်ဖြင့် စွဲလမ်းမှားကော....(လာ ပါတယ်ဘုရား)စွဲလမ်းမှား လာယင် အားထုတ်မှား... (လာပါ တယ်ဘုရား)။

အားထုတ်မှားသာ ခင်ဗျားတို့ ပြုမိနေကြမယ်၊ ပြုလုပ်ကြ မယ်ဆိုယင်ဖြင့် ဦးဘာအုန်းရေ .. အရောက်မှားကော... (ရောက် ပါတယ်ဘုရား)အပါယ်လေးပါးဘဲ ရောက်ရမယ်.. ( မှန်ပါ့ ) ဒီ့ပြင် နေရာရှိသေးရဲ့လား.. (မရှိပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ပြင်ချိန်ကလေး ရှိသေး တယ်ဆိုတာဟာ ဘုန်းကြီး အဘိုးတန်အောင် ပြောနေတယ်လို့ ဒီလို မယူပါနဲ့... (မှန်ပါ့)ခင်ဗျားတို့ ကိုယ်တိုင် ဒီအကြောင်း သိကို-မသိဘူး....(မသိပါဘုရား)။

တနေ့လဲ ဖြစ်လိုက်တဲ့ အကြိမ်ပေါင်းက....(မရေတွက်နိုင်ပါ ဘုရား) ဒါ အပါယ်သွားလိမ့်မယ်လို့လဲ... ( မသိပါဘုရား ) ကိုယ်တိုင် အားထုတ်ပြီး သွားတာလို့ကော....(မသိပါဘုရား)။

သေသေချာချာ စဉ်းစား၊ ဒါ ကိုယ်တိုင် အားထုတ်တာ.... (မှန်ပါ့)အမှတ်မှားဆိုတာ သူများ မှတ်တာလား... မိမိမှတ်တာ လား....(မိမိမှတ်တာပါဘုရား)။

ကဲ....ကိုယ်တိုင်အမှတ်မှား....(မှန်ပါ့)ကိုယ်တိုင် အခင် အား ကိုးမှား....( မှန်ပါ့ ) ကိုယ်တိုင် အစွဲလမ်းမှား... (လာပါတယ် ဘုရား)။

ကိုယ်တိုင် အားထုတ်မှား....(လာပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါတွေဟာ ဦးဘာအုန်း စဉ်းစားမိပလား.... (စဉ်းစားမိပါပြီဘုရား) စဉ်းစားမိပါပြီနော်....(မှန်ပါ့ဘုရား)။

အဲဒီ စဉ်းစားတော့ ဩော်....အခုဟာကဖြင့် ဆိုးပြစ်တွေတော့ သိပြီ....(မှန်ပါ့) ကယ်တင်ဘို့တရား ရှာကြစမ်း....(မသိပါဘုရား)။

တကာတကာမတို့ ဆိုးတာတွေကဘော့.... (သိပါပြီဘုရား) ကယ်တင်မည့်တရား မသိရသေးဘူး.... (မှန်ပါ့ - မသိရသေးပါဘုရား)။

ကိုင်း... တကာတကာမတို့ ကယ်တင်မည့်တရားကလဲ အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

ကယ်တင်မည့် တရားသည် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ မဂ္ဂင်မှ တပါး ကယ်တင်နိုင်တဲ့ တရားကဖြင့် မရှိဘူးတဲ့... (မှန်ပါ့)။

မဂ္ဂင်မှတပါး... (ကယ်တင်နိုင်တဲ့တရား မရှိပါဘုရား) မဂ္ဂင်က ဒီကံကို ဖြတ်တာကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ္ဂင်က ဘာတုံး....(ဒီကံကို ဖြတ်ပါတယ်ဘုရား) ဒီကံ ဖြတ်တော့ ဒီအရောက်မှား ဇာတိ ဇရာ မရဏတွေဟာ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) မလာနိုင်ဘူးဆိုတာ သဘောပါပလား....(ပါပါပြီဘုရား)။

ဩော်....ဒါဖြင့်ကျုပ်တို့တကာတကာမတွေအမှတ်မှားကိုပြင်လိုက်ရလို့ရှိယင်ဖြင့် တကာတကာမတို့ အသိမှန်လဲ ရောက်

တော့မယ် .. (ရောက်ပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

စွဲလမ်းမှန်ကော....(ရောက်ပါတယ်ဘုရား) အားထုတ်မှု မှန်ကော....(ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အမှားလေ ချက်ရှိလို့ရှိယင် အမှန်လေးချက် ပေါ်ရမယ်....( မှန်ပါ့ဘုရား ) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ မှားထားတာက ဘယ်နှစ်ချက်တုံး....(လေးချက်ပါဘုရား)အမှားလေးချက် ရှိလို့ရှိယင် ဒါ အမှန်လေးချက် ဖြစ်ဘို့ ကျုပ်တို့ ကြိုးစားရတော့မယ်....(မှန်ပါ့)ဂဏန်းမှာ၄-မှားတယ်ဆိုလို့ရှိယင် ၄-က စ,ပြင်ရမှာဘဲ....(မှန်ပါ့) ၃-က မှားတယ်ဆိုလို့ရှိယင်(၃-က ပြင်ရမှာပါဘုရား) ခင်ဗျားတို့ကတော့ ဘယ်က စ,မှားသလဲ... (၄-က စ,မှားပါတယ်ဘုရား)။

ဒါဖြင့် ၄-ကို ပြင်ရသိမ့်မယ်....(မှန်ပါ့)ဒီ ၄-မပြင်လို့ရှိယင် ဖြင့် တကာတကာမတို့ ခင်ဗျားတို့ ရောက်လာသ၍ ရောက်လေရာဌာန အမှားချည့် လာမယ်....(မှန်ပါ့)သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဩော်...ဒါဖြင့် တော်တော် အရေးကြီးပါလား....ဆိုတာ ဦးလှ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ တကာတကာမတို့ မပေါ့ကြပါနဲ့...(မှန်ပါ့) အချိန် ရှိတုန်းကို ဂရုစိုက်လိုက်ပါ....(မှန်ပါ့) မပေါ့ပါနဲ့လို့ဆိုတာ ဦးဘအုန်း ဒါ အင်မတန် ကရုဏာနော်....(မှန်ပါ့)။

ပေါ့နေလိုက်လို့ ဒီအမှားမပြင်ယင် ဒီဟာတွေလဲ အမှန်ဖြစ်ပါဦးမလား....(မဖြစ်ပါဘုရား) ၁-အမှားကို မပြင်လို့ရှိယင် ၂-၃-၄-အမှန်ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဒါဖြင့် ၅-နံပါတ် အနာဂတ်ဘဝမှာလဲ အကောင်း ဖြစ်မလား....အဆိုးဖြစ်မလား....(အဆိုးဖြစ်မှာပါဘုရား)။

တကာသစ် ပြင်ချိန် ရှိသေးလို့ တော်သေးတယ်....(မှန်ပါ့) ဒီဘက်က တကာ ဘကာမတွေ ဘယ်လိုစိတ်ကူးကြမယ်.... (ပြင်ချိန်ရှိသေးလို့ တော်ပါသေးတယ်ဘုရား) တော်သေးတယ်ဆိုဘာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာအနုန်းရေ .. အမှတ်မှား ပြင်ကြစို့ .... (မှန်ပါ့)အမှတ်မှား ပြင်ကြပါစို့နော် ၊အမှတ်မှား ပြင်ကြလို့ ရှိယင် အသိမှားကော ...(ပြင်နိုင်ပါတယ်ဘုရား)။

အမှတ်မှား ပြင်နိုင်ယင် အသိမှား ပြင်နိုင်တယ်.... (မှန်ပါ့) အသိမှား ပြင်နိုင်ယင် စွဲလမ်းမှာကော....( ပြင်နိုင်ပါတယ် ) စွဲလမ်းမှန်ဖြစ်အောင် လုပ်နိုင်ပြီ....(လုပ်နိုင်ပါပြီဘုရား)။

အပြုမှားကို ပြင်လိုက်လို့ရှိယင်လဲ....(အပြုမှန် ဖြစ်ပါတယ်) အပြုမှန် ဖြစ်နိုင်တယ်ဆိုတော့ ဒါဖြင့် သညာမှန်, စိတ်မှန်, စွဲလမ်းမှန် သဘောကျပလား .. (မှန်ပါ့) အားထုတ်မှန် ဒီ အမှန်လေးချက်လာရဦးမယ်....(မှန်ပါ့)။

အမှားလေးချက်ရှိယင် .... (အမှန်လေးချက် လာရပါမယ်ဘုရား) အမှန်လေးချက် မလာယင် ရကို မရဘူးဆိုဘာဖြင့် တကာကြွယ် .... အေးအေးဆေးဆေး မနေပါနဲ့ .... (မှန်လှပါဘုရား)။

အမှားလေးချက်တော့ ခင်ဗျားတို့ မိဘရိုးရာနဲ့ မှားတတ်တယ်... (မှန်ပါ) အမှန်လေးချက်ကျတော့ ဆရာမကူယင် ရကို မရဘူး....(မရပါဘုရား)။

အမှားလေးချက်တော့.... ( မိဘရိုးရာနဲ့ မှားတတ်ပါတယ် ) မိဘရိုးရာနဲ့ ရပါတယ်တဲ့....၊ တကာတကာမတို့ အမှန်လေးချက် ကျတော့ ဘုရားပွင့်မှ ဆရာကူမှ ရမယ်...(မှန်ပါ) သဘောပါ ပါသား....(ပါပါပြီဘုရား)။

ကောင်းပြီ.. ဒါ ပြင်ကြပါစို့ဆိုတော့ တကာတကာမတို့.... လွယ်သွားပါပြီ....(လွယ်သွားပါပြီဘုရား)။

ဒီ ခန္ဓာငါးပါးကို တကာတကာမတွေက ငါးပါးစလုံး ရှု တော့ မဖြစ်နိုင်ဘူးတဲ့....၊ ကြီးကျယ်လွန်းတယ်နော် .... (မှန်ပါ ဘုရား)။

ဒီရှေ့က ပြထားတာ ခန္ဓာငါးပါး....(မှန်ပါ)ရှေ့က ပြထား တာ ဘာပါလိမ့်.. (ခန္ဓာငါးပါးပါ) ဪ....ခန္ဓာငါးပါး ဆို ကတည်းက သူ ဒီအမှတ်ကလေး မှန်လာပြီ....(မှန်ပါ)။

ဒီအမှတ်ကလေး ဘယ့်နှယ်နေသလဲ...(မှန်လာပါပြီ ဘုရား) မှန်လာပြီ... မှန်လာပြီ ခန္ဓာငါးပါး ...(မှန်ပါဘုရား)။

တကာကြွယ်ရ.... ခန္ဓာငါးပါးလို့ ဆိုကတည်းက သားလင် ခင်ပွန်းအဖြစ်မှ ပြုတ်ပြီ....( ပြုတ်ပါပြီ ) အင်း....ဒါကလေးဟာ ဘာဖြစ်သွားသတုံး....( ခန္ဓာငါးပါးပါ ) ခန္ဓာငါးပါးဆိုတာ အမှတ်မှန်လား....(အမှတ်မှန်ပါဘုရား) ၁ - စ,ပြင်လိုက်တယ်.... (မှန်ပါ)။

ခန္ဓာငါးပါးဆိုတာ ဘာပါလိမ့်....(အမှတ်မှန်ပါ) အင်း....နေရာကျပြီ တကာတကာမတို့၊ ခန္ဓာငါးပါးဆိုလို့ ရှိယင်ဖြင့်....အမှတ်မှန် ဖြစ်လာပြီနော်....(မှန်ပါ)။

အမှတ်မှန် ဖြစ်လာတော့ကို အမှတ်မှန်သိလာတဲ့ ပုဂ္ဂိုလ်တဦးတယောက် အမှတ်က မှန်လာပြီဆိုမှဖြင့် တကာကြွယ်ရေ....ခင်မှု အားကိုးမှု လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဒီဘက်ကလဲ အယူတော်တော်မှန်လာပြီ .. (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား) ဒီကလဲ စွဲလမ်းစရာ မရှိဘူးဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် စွဲလမ်းမှု မှားနေတာလဲ ဒီလို စွဲလမ်းလို့ မရဘူးဆိုတဲ့ အမှန် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

နဂိုရကတော့ သားလင် ခင်ပွန်းကိစ္စသာ အားထုတ်နေတယ်၊ အခုတော့ဖြင့် ဒီခန္ဓာ၏ ဖြစ်ပျက်ကို အားထုတ်မှ တော်တော့မယ်ဆိုတော့ အားထုတ်မှန် ရောက်တယ်....(ရောက်ပါတယ်ဘုရား)ပေါ်ပလား .. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အမှတ်မှန်မှ တကာတကာမတို့ အသိမှန်မယ်... (မှန်လှပါ) အသိမှန်မှ အစွဲလမ်းမှန်မယ်... (မှန်ပါ)အစွဲလမ်းမှန်မှ ... (အားထုတ်မှန်ပါတယ်) ဒါဖြင့်ဝိပဿနာအားထုတ်တာလဲဒီဟာနဲ့ အားထုတ်မှ ရမယ်....(မှန်ပါ)။

ဒီနေ့ တရား တကာတကာမတို့ တော်တော်အကွက်သည်ပြီ-(လည်ပါပြီဘုရား)တော်တော်အကွက်လည်ပြီ တကာတကာမတို့ အင်မတန် နေရာကျပြီ....(မှန်ပါ)၄-ခုစလုံး ပြင်ဘော့မယ်....(မှန်လှပါဘုရား)။

တကာ့တကာမတွေ အခု ဘယ်နှစ်ခု ပြင်ပြီးသွားပလဲ....(၄-ခု ပြင်ပြီးသွားပါပြီ)၄-ခု ပြင်ပြီးသွားတော့ ဒါက အလုပ်သဘော ပြပြီးသကာလ အားထုတ်မှုနဲ့ နေရာဌာနမှာ ဦးဘအုန်း မပြင် ရသေးပါဘူး... (မှန်ပါ)။

ဒီနေရာမှာ တကာ တကာမတို့ ၄-နံပါတ်က အင်မတန် အရေးကြီးပါတယ်... (မှန်ပါဘုရား) ၄-နံပါတ်က အားထုတ်မှု ပြင်ရမယ်....(မှန်ပါ)။

အဲဒီတော့ သူက စ,ပြင်ပါဆိုတော့ တကာသစ် ဖြစ်ပါ့ မလား....(မဖြစ်ပါဘုရား)။

ဒီက အမှတ်မှားက အမှတ်မှန်ဖြစ်အောင် လုပ်ဦးမှ-(မှန်ပါ) အသိမှားက အသိမှန်ဖြစ်အောင် လုပ်ဦးမှ....(မှန်ပါ) စွဲလမ်းမှား က....(စွဲလမ်းမှန်ဖြစ်အောင် လုပ်ဦးမှပါဘုရား)အားထုတ်မှားက (အားထုတ်မှန်ဖြစ်အောင် လုပ်ဦးမှပါဘုရား)။

ဪ... ဒါဖြင့် ဒီက စ,ပြင်ရတယ်ဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီ)တော်-တော်သေးတယ်ဗျာ....ခင်ဗျားတို့၊ တနေ့လုံး ဟာ မွေးကတည်းကဟာ ဒီအမှားလေးချက်နဲ့ချည့်ဘဲ အချိန်ကုန် တယ်... (မှန်ပါ)။

မနက်မိုးလင်းလာယင်... (ဒီ အမှား ၄ ချက်နဲ့ဘဲ အချိန်ကုန် ပါတယ်)နေ့လယ်ကျလာယင်လဲ....(ဒီအမှား၄ ချက်နဲ့ အချိန်ကုန် ပါတယ်)နေဝင်ပြန်တော့ကော....(ဒီအမှား ၄-ချက်နဲ့ဘဲ အချိန် ကုန်ပါတယ်)ည အိပ်ရာဝင်ပြန်တော့ကော....(ဒီအမှား၄-ချက်နဲ့ ဘဲ အချိန်ကုန်ပါတယ်) မနက်နိုးပြန်တော့.... (ဒီအမှား၄-ချက် နဲ့ဘဲ အချိန်ကုန်ပါတယ်ဘုရား)။

ဩော်... ခင်ဗျားတို့သည် အပါယ်လေးပါးက ပြန်ရက်ကို မရှိတော့ဘူး....(မှန်ပါ့)။

ဦးဘအုန်း ဘယ့်နှယ်တုံး(အပါယ်လေးပါးက ပြန်ရက် မရှိပါဘုရား)။

အခပြော ကြီးတာလား... ဖြစ်စဉ်က များတာလား....(ဖြစ်စဉ်က များပါတယ်) ဖြစ်စဉ်က များတာဆိုသာ တကာတကာမတွေ သေသေချာချာ မှတ်ပါ....(မှန်ပါ့)ကဲ... တကာသစ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် ဒီဟာ ဘာပါလိမ့် တကာတကာမတို့ .... (ခန္ဓာငါးပါးပါဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့သန္တာန် ဝမ်းထဲက မှတ်တတ်တဲ့ သညာကလေးက အမှတ်ကလေး မှန်သွားပြီ . (မှန်ပါ့)။

အမှတ်မှားကလေးက ဘာဖြစ်သွားသလဲ....(အမှတ်မှန် ဖြစ်သွားပါတယ်)အဲ....အမှတ်မှားကလေးက တကာတကာမတို့ နေရာကျပါပြီတဲ့....ခုနင်က အစိမ်းကလေးက အနီဖြစ်တယ် . (မှန်လှပါ)အမှတ်မှားက .. (အမှတ်မှန် ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး ရုပ်နာမ်ဘုရား ဆိုကတည်းက ဘယ်မှာ ခင်စရာ မင်စရာ ရှိပါ့မလဲဆိုတာကလေးကော ဘယ့်နှယ်တုံး .... မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဒီလိုကျတော့ အသိမှန်ကလေး ဖြစ်ဘယ်....(မှန်ပါ့) ခင်စရာ မင်စရာ မရှိပါဘူး... (မရှိပါဘုရား) သဘောကျပလား-(ကျပါပြီဘုရား)။

ကောင်းပြီ ခင်စရာမင်စရာမရှိတဲ့တရား စွဲလမ်းနေလို့လဲ အပို ပေါ့-ဆိုတော့ စွဲလမ်းမှုလဲ ပြင်လိုက်တယ်... (မှန်ပါ့) မပြင်ဘူး လား....(ပြင်ပါတယ်ဘုရား)။

သား လင် ခင်ပွန်းကိစ္စနဲ့ အချိန်ကုန်နေလို့ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးဆိုတဲ့ အပြုမှားကြီးကိုလဲ ဝတ္တရားအတိုင်းသာ ပြုတော့ မယ်၊ ကိုယ့်အရေး ကိုယ်ကြီးရဘောမယ်ဆိုတဲ့ တကာ တကာမ တွေ အပြုမှားကိုလဲ အပြုမှန်ဖြစ်အောင် ပြင်ရသိမ့်မယ်... (မှန်လှ ပါဘုရား)။

ဒါဖြင့် အမှား ၄-ချက်က ယခု တကာတကာမတွေ ဘာ တွေ တွေ့ရပါသတုံး မေးတော့မှ အမှန် ၄-ချက် တွေ့ရတယ်.... (မှန်ပါ့-အမှန် ၄-ချက် တွေ့ရပါတယ်ဘုရား)။

အမှား ၄-ချက် ပြင်လိုက်တော့....(အမှန် ၄-ချက် တွေ့ရ ပါတယ်ဘုရား)။

ဦးဘအုန်း သိပ်အတိုးတန်ပါလား....( တန်ပါတယ်ဘုရား ) အင်မတန် အတိုးတန်တယ် ဝကာ တကာမတို့....( မှန်လှပါ ဘုရား )။

အမှား ၄-ချက်က....(အမှန် ၄-ချက် ဖြစ်ပါတယ်) ဒီဟာ တသံသရာလုံး မပြင်ဘူးတာ....(မှန်ပါ့)အဖြေ့ကို မတွေ့ဘူးဘူး- (မတွေ့ဘူးပါဘုရား)။

တသံသရာလုံး အမှား ၄-ချက်ဆိုတာ .... အရှုး ၄-ချက်နဲ့ အချိန်ကုန်လာခဲ့တာ(မှန်ပါ့)အခုလိုအမှန် ၄-ချက်တည်းဟူသော တရားမွေကို ဘယ်အခါကာလမှလဲ မနာခဲ့ရ....(မှန်ပါ့)ဘယ်အခါ ကာလမှလဲ ကိုယ့်ကိုယ်တိုင်လဲ ပြင်ဘို့ စိတ်ကူး မပေါ်ခဲ့ ····

(မပေါ်ခဲ့ပါ)အင်း....ဒီဘဝတော့ ဒီမျှဘဲဆိုပြီး ဒီသား လင် ခင်ပွန်းနဲ့ သေလိုက်တာဘဲ....(မှန်ပါ)။

ဒီဘဝ ဒီမျှပေါ့....၊ဘယ်တတ်နိုင်ကြပါ့မတုံး....၊သေမျိုးချည့်ကိုး... (မှန်ပါ့ဘုရား)။

အင်း....ဒါဘဲ....(မှန်ပါ့)အဲဒီမှာ တကာကြွယ်တို့ လူစုက သူက မလွမ်းတတ် မဆွေးဘတ်လို့ တော်သေးရဲ့နော်ဘဲ့ ...(မှန်ပါ့ဘုရား)။

ဘယ်ဟုတ်သိမ့်မတုံးဗျ၊ အိမ်ထောင်ကျကတည်းက ဒီအမှားဟာ ပြင်ကို မပြင်ဘူး ...( မှန်ပါ့ ) တော်သေးရဲ့ဆိုတာဟာများ တကာသစ် ပြောတို့ အခွင့်ကို ပါရဲ့လား (မပါပါဘုရား)ရှင်းပလား....တကာကြွယ်ရ ..(ရှင်းပါပြီဘုရား)။

တကာကြွယ်ရေ .... ခြောက်ဆယ်ကျော်မှ ပြင်ဖေါ်ရလို့.... တော်သေးတယ်နော်....(မှန်ပါ့)။

ဟကာ့ကာမတို့ ဘာတုံး.... (ခြောက်ဆယ်ကျော်မှ ပြင်ဖေါ်ရလို့ တော်ပါသေးတယ်ဘုရား)။

ဒါ မပြင်ဘဲနဲ့ သေသွားမယ် ဆိုလို့ရှိယင်ဖြင့် ကြေးဖလားတခုကို ဈေးချိုသွားဝယ်လိုက်... (မှန်ပါ့) ဟိုက တိုက်ပြုထားတာ မဟုတ်တော့ အင်း....ဒီဟာ ဘယ်လောက်တုံး... ၊ ဘယ်လောက်ဆိုပြီး ဝယ်လာခဲ့၊ အိမ်ကျတော့လဲ တော်ရာထိုးထားတော့ နဂိုရိုကလဲ ဈေးတွေနဲ့....(မှန်ပါ့) နောက် တော်ရာ ထိုးထားပြန်တော့ ဈေးက ပိုတက်တယ်... (မှန်ပါ့)သုံးလို့ ဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

အဲ... ခင်ဗျားတို့ နဂိုရှိကလဲ ဘာမှ မသိခဲ့လို့ ကြေးဖလားက ချေးတွေနဲ့....(မှန်ပါ) နေ့ကျတော့လဲ ပွတ်သတ်တဲ့ အလုပ်ကို ဆရားကောင်း-သမားကောင်းက မတွေ့တော့ အိမ်ကျတော့လဲ ရိုးရာအတိုင်း နေလိုက်တဲ့အခါကျတော့ ချေးတက်တာဘဲ ရှိတယ်....(မှန်ပါ)ပြောင်တဲ့ အချိန်ကို မပါဘူး.. ( မပါပါ ) အသုံးချစရာ ပါသေးရဲ့လား....(မပါပါဘုရား)။

အဲ....ဒီလို သေသွားကြတာ များတယ်— (မှန်ပါဘုရား)ရှင်း ပလား... (ရှင်းပါပြီဘုရား)။

တယ်လဲ ကြောက်စရာကောင်းပါလား... ဒို့၏ဖြစ်စဉ်ကဖြင့် အဘိဓမ္မာနဲ့ စစ်ဆေးပဋ္ဌာန်းသမုပ္ပါဒ်နဲ့ စစ်ဆေး, စစ်ဆေးကြည့်လိုက်တဲ့အခါကျမှ ဒို့မှာဖြင့် နေ့တိုင်း အညစ်အကြေးတွေနဲ့ပါလားဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)အညစ်အကြေး ၄-ချက်မလာဘူးလား....(လာပါတယ်ဘုရား)။

ကိုင်း....အခု တရားနာလိုက်တဲ့အခါကျတော့ အညစ်အကြေး ၄-ချက်စင်ပြီးသကာလ ဖြူစင်မှု ၄-ခုပေါ်လာတယ်.... (မှန်ပါဘုရား)အမှတ်မှန်... (မှန်ပါ) အသိမှန်...(မှန်ပါ) အားကိုးမှန်.... ( မှန်ပါ )အားထုတ်မှန်... (မှန်ပါ) ဒီဟာ ရောက်တော့မယ်.... (မှန်ပါ)။

တော်တော်နေရာကျပြီ တကာတကာမတို့....( မှန်ပါ )တော်တော်နေရာကျပြီ တကာကြွယ်ရေ....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာအားထုတ်ကြ အားထုတ်ကြဆိုပြောသော်လဲ ဒီအမှတ်မှားမှု ပြင်မပေးလို့ ရှိယင်တော့ ရပါ့မလား.... (မရပါ)အမှတ်မှား ပြင်မပေးယင် အသိမှားလာမယ်....(မှန်ပါ)

စွဲလမ်းမှုအား....(လာပါမယ်)အားထုတ်မှုအား....(လာပါမယ်) မသာ ပေဘူးလား....(လာပါမယ်ဘုရား)။

ဒါကြောင့် တိတ္ထိတွေ အားထုတ်တော့ ဦးဘအုန်း ကြားဘူး ပါလိမ့်မယ်နော်....(မှန်ပါဘုရား)။

ဘုရားလက်ထက်က တိတ္ထိတွေ အားထုတ်နေတာ ဆူးပေါ် အိပ်နေလို့ရှိယင် နာလွန်းလို့ ဘယ်ကိလေသာမှ မလာဘူးတဲ့.... (မှန်ပါ) သူတို့က ဆူးပေါ်အိပ်တယ်....(မှန်ပါ) ပုလင်းကွဲတွေ စားကြတယ်၊ နေပူတဲ့အခါ မီးတွေဖိုလှုံဘယ်၊ ကိလေသာမလာ အောင်လို့ ဆိုဘဲ....(မှန်ပါဘုရား)။

သူတို့က ကိလေသာဆိုတာ လောဘတလုံးတည်း ယူထား တာ....( မှန်ပါ ) ဟိုမှာမီးလှုံလို့ ပူလွန်းလို့ ဒေါသဖြစ်နေတဲ့ ဒေါသ ကိလေသာကျတော့ သူမှမသိတော့ဘဲ....(မှန်ပါ)သိသေး ရဲ့လား....(မသိပါဘုရား)။

ကိုင်း.. ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့မှာလဲ အဲဒီလို ဖြစ်နေတယ်....(မှန်ပါ) ဒီလိုဖြစ်နေတယ်၊ လူရယ်လို့ဖြစ်ယင်ဖြင့် အိမ်ထောင် ရက်သားနဲ့နေဘိုဘဲ... (မှန်ပါ) ပိုလျှင်လဲ လှူဘိုဘဲ.... (မှန်ပါ)ဒါမှ သေရာကောင်းတော့ မပေါ့၊ ဘဝကူးကောင်းဘို့ အရေးကြီးတယ် .... ( မှန်ပါ ) ဒါဘဲ ခင်ဗျားတို့တတ်တယ်.... (မှန်ပါဘုရား)။

မနေ့က ဒါ့ကြောင့် ဘဝကူးကိုလဲ တော်တော်ပြောခဲ့တယ်.... ( ပြောခဲ့ပါတယ် ) ဘဝကူးကောင်းဆိုတဲ့ ဥစ္စာကိုပယ်ကြ .... (မှန်ပါ) ဘဝချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန်ကိုသာ ရောက်အောင် ကြိုးစားပါ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တတာ တကာမတို့ ဒီဘက်က အမှတ်မှန်၊ ဒီဘက်က အသိမှန်၊ ဒီဘက်က အားကိုးမှန်....(မှန်ပါ) ဒီဘက်က အားထုတ်မှန်.. (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အားထုတ်မှုမှန်အောင် လုပ်ကြပါစို့ဆိုတော့ ခန္ဓာငါးပါးကို ငါးပါးလုံး မရှုနဲ့... ( မှန်ပါ ) ငါးပါးစလုံး မရှုနဲ့-ရှုပကန္ဓာဆိုတာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ ဝေဒနာနုပဿနာသတိပဋ္ဌာန်... (မှန်ပါ) သဘောကျပလား.... ( ကျပါပြီ ) သညာနဲ့သင်္ခါရတို့က ဓမ္မာနုပဿနာ သတိပဋ္ဌာန် (မှန်ပါ) စိတ်ကစိတ္တာနုပဿနာ သတိပဋ္ဌာန်.. (မှန်ပါဘုရား)။

ခန္ဓာငါးပါးကို သတိပဋ္ဌာန်ထဲ သွင်းလိုက်တော့ လေးပါး ဖြစ်တယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာငါးပါး သတိပဋ္ဌာန်ထဲ သွင်းလိုက်တော့.... (လေးပါး ဖြစ်ပါတယ်) လေးပါးဖြစ်တယ်၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါကြောင့် သတိပဋ္ဌာန်လေးပါးနဲ့ ခန္ဓာငါးပါး တခြားစီ မမှတ်ပါနဲ့....(မှန်ပါဘုရား)။

သတိပဋ္ဌာန်လေးပါးနဲ့.... (ခန္ဓာငါးပါး တခြားစီ မမှတ်နဲ့) တခြားစီမမှတ်နဲ့။

ဒီခန္ဓာငါးပါးကို ဖြန့်လိုက်ယင် အာယတန ဆဲ့နှစ်ပါးဖြစ် မယ်....(မှန်ပါ) ပြန်ချုံးလိုက်ယင် ဒီသတိပဋ္ဌာန် လေးပါးထဲ ပြန်ဝင်မှာဘဲ....(မှန်ပါဘုရား)။

ဓါတ် တဆဲ့ရှစ်ပါး ရှိပြီးသော်လဲ တကာသစ်ရေ-ဖြန့်လိုက် လို့ ဆဲ့ရှစ်ပါး....(မှန်ပါ) ပြန်စုလိုက်ယင် သတိပဋ္ဌာန်လေးပါး ထဲ ပြန်ဝင်တယ်(မှန်ပါ)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘာတွေဘယ်လောက်များများ သစ္စာထဲဝင်မယ်.... (မှန်ပါ) သစ္စာလေးပါးထဲ ဝင်ရမယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာတွေ ဘယ်လောက်များများ သစ္စာထဲ ဝင်ရမှာဘဲ .... (မှန်ပါဘုရား)။

ဒါကြောင့် ရှင်သာရိပုတ္တရာက ဟတ္ထိပဒေပမာသုတ်မှာ ဟောတယ် ... (မှန်ပါ) ဟတ္ထိပဒေါပမသုတ်မှာ ဆိုလို့ရှိယင် တကာတကာမတို့ ဆင်တွေက ဟောဟိုဘက်က ဗွက်တွေရှိတဲ့ လမ်းသွားတယ် ဆိုပါတော့ဗျာ....(မှန်ပါ) ဆင်ခြေရာကြီးတွေ အကြီးကြီး မနေပေဘူးလား....(နေပါတယ်ဘုရား)။

နောက်က နွားတွေလိုက်လာ၊ ဆိတ်တွေလိုက်လာ၊ သား ကောင် ငါးကောင်တွေ အကုန်လိုက်ပြေးသော်ယဲ ဆင်ခြေရာကို အုပ်မိအောင် သွားနိုင်တဲ့ သတ္တဝါလာပါမလား.... (မလာပါ) ဘာ့ကြောင့်တုံး-ဆင်ခြေရာထဲ ထောက်သွားရကြတယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ဆုံးပိုတ် တနေ့ကျတော့ တကာတကာမတို့ သတိ ပဋ္ဌာန်လေးပါးဟာလဲ သစ္စာလေးပါး လမ်းဆုံးလို့ရှိယင် နိဗ္ဗာန် ဝင်မယ်....(မှန်ပါဘုရား)။

သတိပဋ္ဌာန်လေးပါးကို.... (သစ္စာလေးပါးထဲ ဝင်ယင်နိဗ္ဗာန် လမ်းဆုံးပါမယ်) သစ္စာ လေးပါးထဲသာ ဝင်လိုက်တော့ .... (မှန်ပါ) သဘောကျလား....(ကျပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဝိပဿနာရှုလို့ရှိယင် သစ္စာရှုရအောင်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီက ရူပက္ခန္ဓာဟာ ရုပ်ကယ်လို့ ကြည့်လိုက်ပြန်တော့ တကယ့်ဉာဏ်မျက်သုံး တပ်ကြည့်တော့ ဖြစ်ပျက်မှုဘဲတွေတယ်... (မှန်ပါ) ဝေဒနာကလေးလဲ ကြည့်ပြန်တော့ ... (ဖြစ်ပျက်မှုဘဲ တွေ့ပါတယ်) သညာ သင်္ခါရရယ်လို့ ကြည့်လိုက်ပြန်တော့.... (ဖြစ်ပျက်ဘဲတွေ့ပါတယ်ဘုရား) စိတ်ကယ်လို့ ကြည့်လိုက်ပြန်တော့....(ဖြစ်ပျက်ဘဲတွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ....( ဒုက္ခသစ္စာပါ ) ဒါဖြင့် ချုံးလိုက်တော့ ဒုက္ခသစ္စာထဲ အကုန်ဝင်တယ်.... ( မှန်ပါ ) ဆင်ခြေရာထဲ သွားဝင်တယ်....( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်ထဲသွားငင်သတုံး .... (ဆင်ခြေရာထဲ ဝင်သွားပါတယ်) အကုန် ဒုက္ခသစ္စာ ဒီဥစ္စာ....(မှန်ပါဘုရား)။

သတိပဋ္ဌာန်အလိုသာ လေးပါးပြားပါတယ်၊ သစ္စာသို့ဖွဲ့လိုက်တော့ သစ္စာဘယ်နှစ်ပါး ဖြစ်သွားသလဲ.... (သစ္စာလေးပါးပါ) လေးပါးမဖြစ်နဲ့တော့ သတိပဋ္ဌာန် လေးပါးကို ဖွဲ့လိုက်ယင်.... (တပါးပါ) ဒုက္ခသစ္စာတပါးတည်း...( မှန်ပါ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးကို သစ္စာဖွဲ့လိုက်လို့ ရှိယင်....(ဒုက္ခသစ္စာတပါးတည်းပါဘုရား)။

ဒါကြောင့် သံခိတ္တေန = အကျဉ်းကို ငါးဟောတော့မယ်ကွတဲ့။ မင်းတို့ ရှုနည်းအကျဉ်းကို... (မှန်ပါ) ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ ဆိုတော့ ဒီသစ္စာထဲ သွားဝင်တယ်.... ( မှန်ပါ )သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်ထဲသွားဝင်သလဲ(ဒုက္ခသစ္စာထဲသွားဝင်ပါတယ်) ဒါဖြင့် ခင်ဗျားတို့ ဒုက္ခသစ္စာတလုံးတည်းရှုရပြီ.... (မှန်ပါ့)ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အင်း....ဘယ်နှစ်ခု ရှုရမှာပါလိမ့် .... (ဒုက္ခသစ္စာ တခုတည်း ရှုရမှာပါဘုရား)။

ဒါဖြင့် တခုတည်းရှုရမှာ၊ တခုတည်းရှုပြီး အရှုးလဲပျောက် မယ်၊ အပါယ်လေးပါးလဲ တံခါးပိတ်မယ်(မှန်ပါ့) ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်လဲ ရောက်မယ်ဆိုတော့ ရှုရမှာက ဘယ်နှစ်ခု တုံး....(တခုတည်းပါ) များသေးသလား.... (မများပါဘုရား)။

ဒါမှများယင် မလျော့နိုင်တော့ဘူး၊ ရိပ်မိပလား .... (ရိပ်မိ ပါပြီ)ဒါမှ များလို့ရှုယင်လဲ လျော့စရာကို ကုန်နေပြီ....(မှန်ပါ့ ဘုရား)။

ကဲ .... အားလုံးချုံးလိုက်တဲ့ အခါမှာ ပေါ်ကြပလား .... (ပေါ်ပါပြီ) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်သာမြင်အောင် ရှုလို့ရှုယင် ဒုက္ခသစ္စာရှုတာဘဲ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်အောင်ရှုယင်.... (ဒုက္ခသစ္စာရှုတာပါ၊ ဒုက္ခသစ္စာ ရှုတာဘဲဆိုတော့ ဒုက္ခသစ္စာရှုလိုက်လို့ ရှုယင် အမှတ်ကကော ... (မှန်ပါတယ်) အသိကကော....(မှန်ပါတယ်) စွဲသမ်းမှုကကော (မှန်ပါတယ်) အားထုတ်မှုက....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်ကနေပြီး သကာလ တကာဘကာမတို့ အမှန် လေးချက်ကော ရောက်မလာဘူးလား .... (ရောက်လာပါတယ် ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ခြေ....တော်တော်ကံကောင်း ပြီး အကြောင်းသင့်တဲ့နေ့ဘဲ... (မှန်လှပါ) ဒါ့ကြောင့် ဘုရားက၊ ဧကော ဓမ္မော... ကွ၊ ဒုက္ခသစ္စာ တခုတည်း ရှု....တဲ့ .. ( မှန်ပါ့ ဘုရား)။

ဘယ့်နှစ်ခုရှုရမလဲ- (ဒုက္ခသစ္စာတခုတည်းရှုရပါမယ်ဘုရား) ဘယ်သူက အနိစ္စရှုရှု...၊ ဘယ်သူက ဒုက္ခရှုရှု၊ ဘယ်သူ အနတ္တ ရှုရှု၊ ပုဂ္ဂိုလ်သတ္တဝါစရိုက်ကြောင့်သာ ဟောရတာ ဖြစ်ပါတယ် (မှန်ပါ့) စင်စစ် ရှုစရာကတော့ ဒုက္ခသစ္စာတပါးဘဲ ရှိတယ်.... (မှန်လှပါ) သဘောကျပသွား.. (ကျပါပြီဘုရား)။

ရှုစရာကတော့ဖြင့်.... ( ဒုက္ခသစ္စာ တပါးတည်း ရှိပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာဆိုတာလဲ တခြားမှတ် ပြီးသကာလ မနေပါနဲ့နော်.... (မှန်ပါ့) ရုပက္ခန္ဓာကြည့်ပြန်လဲ ဖြစ်မှုပျက်မှု တွေ့ရမှာဘဲ.... (မှန်ပါ့) ဝေဒနာဆိုတဲ့ သတိပဋ္ဌာန် ကြည့်လိုက်ပြန်တော့ကော.... (ဖြစ်မှုပျက်မှု တွေ့မှာပါဘဲဘုရား) ဓမ္မဆိုတဲ့ သညာ သင်္ခါရကြည့်လိုက်ပြန်တော့လဲ....(ဖြစ်မှု ပျက်မှု ပါဘဲဘုရား)။

စိတ်ဆိုတာလဲ နာမည်သာရှိမယ်၊ ကျုပ်တို့ ရှုကြည့်တော့ ဘာတွေ့သလဲ....(ဖြစ်ပျက်ဘဲ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက် ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါဘုရား ) ဒါဖြင့် တကာတကာမတို့ သတိပဋ္ဌာန်လေးပါး ပေါင်းလိုက် တော့ ဘာသစ္စာ ဖြစ်သွားသတုံး....(ဒုက္ခသစ္စာ ဖြစ်သွားပါတယ် ဘုရား)။

ဒါဖြင့် 'ဧကော ဓမ္မော'ဖြစ်ပြီ.... (မှန်ပါ့) တကာကြွယ် ပိုင်ပလား....(ပိုင်ပါပြီဘုရား)။

ဒါဖြင့် ဒီသစ္စာတပါးသည်းကို တကာတကာမတို့ ရှုရတော့မယ်...(မှန်ပါ့) ဒီသစ္စာတပါး ရှုလိုက်လို့ရှိယင် အမှန်လေးချက်ဖြစ်တော့မယ်....(မှန်ပါ့) အမှန်လေးချက်ဖြစ်သည်နဲ့ တပိုင်နက်တည်း သောတာပန် တည်ပါလိမ့်မယ်.. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့တော့ နာရီစေ့ပြီ..၊ နက်ဖြန်မှ အမှန်လေးချက်သွားကြစို့....။

သာဓု... သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော

( ခိုကိုးရာ,အားထားရာ, မှီခိုရာအစစ် ရှာသင့်ကြောင်း )

# နေ့အလုပ်ပေး-တရားတော်

( ၈-၈-၆၁ )

တရားနာကြတဲ့ တကာ တကာမတွေ ပင်လယ်ထဲ သင်္ဘော ပျက်တဲ့ အခါကျလို့ ရှိယင်ဖြင့် တုံးလဲမတွေ - ဖောင်လဲမတွေ- ကျွန်းလဲမမြင်ရ-ကမ်းလဲမမြင်ရ ဆိုယင်တော့ဖြင့် ကိုးကွယ်ရာမဲ့ ဖြစ်ကြမယ် ဆိုတာ အထူး ပြောဘို့ မလိုပါဘူး.... ( မလိုပါ ဘုရား)။

ပင်လယ်ထဲ သင်္ဘောပျက်တဲ့ ပုဂ္ဂိုလ်သည်ကား...လို့ ဆိုလို့ ရှိယင်ဖြင့် ဖောင်လဲမတွေ- တုံးလဲမတွေ၊ ကမ်းလဲမတွေ- သောင် လဲမတွေ့ဆိုယင်ဖြင့် ကူးချင်ရာ ကူးပြေးသော်လဲ မှန်းခြေပေါက် ဘယ်နေရာမှ မရှိလို့ ကိုးကွယ်ရာ မရှိသောကြောင့် မြုပ်ခြင်း, မျောခြင်း,ကို လမ်းဆုံးရတယ်ဆိုတာ တကာကြွယ်တို့ ပြင်းဘို့ မလိုဘူး....(မလိုပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ် ပါဠိတော်မှာ....

"သနာထာ ဘိက္ခဝေ ဝိဟာရထ၊ မာအနာထာ၊ အနာထော ဘိက္ခဝေ ဒုက္ခံ ဝိဟာရတိ....''လို့ ဟောတော်မူတယ်.... (မှန်ပါ့ဘုရား)။

ဘိက္ခဝေ=ငါ၏ ချစ်သားသမီးများတို့၊ သနာထာ=ကိုးကွယ်ရာ ရှိကြကုန်သည်၊ (ဝါ)အားကိုးစရာရှိကြကုန်သည်၊ ဟောထ=ဖြစ်ရစ်ကြကုန်လော့(မှန်ပါ့)။

မင်းတို့ ကိုးကွယ်ရာ အားထားရာကလေးတော့ ရှာထား ကြဖော့၊ ကိုးကွယ်ရာ အားထားရာတော့ ရှာထားပါ... (မှန်ပါ့ဘုရား)။

မာ အနာထာ=ကိုးကွယ်ရာ အားထားရာ မရှိကြကုန်သည် မဖြစ်ကြပါကုန်လင့်၊ ကိုးကွယ်ရာမဲ့ အားထားရာမဲ့ဖြင့်မင်း တို့ မနေပါနဲ့ဆိုတဲ့အကြောင်း မှာတော်မူတယ် ...(မှန်ပါ့)။

ကိုးကွယ်ရာမရှိဘဲနဲ့ နေခဲ့လို့ရှိယင်ဖြင့် မင်းတို့သည်ကား.... လို့ ဆိုယင်ဖြင့် ဒုက္ခ ၄ လယ် ဝေရစ်မှာဘဲ.. တဲ့.... ( မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုးကွယ်ရာ အားထားရာ တခုခု တော့ ကျုပ်တို့ ရှိရတော့မှာဘဲ.... ( မှန်ပါ့ ) ရှိတဲ့ အထဲမှာလဲ စဉ်းစားရလိမ့်မယ်နော်၊ အင်း ... ဒါနလုပ်ထားတာဘဲ ဆိုပြန် တော့လဲ သက္ကာယဒိဋ္ဌိမပြုတ်တော့ ဒါနဖောင် သင်္ဘောနစ်နေတဲ့ သံသရာ့ခရီးသည်မှာ ဒါနဖောင် အားကိုးပြန်တော့လဲ ဝါး ဖောင် ဖြစ်နေတော့လဲ ခုနစ်ရက်လောက်ဘဲ ဝါးက လှိုင်းလေ ဒဏ်ခံနိုင်ပြီးသကာလ တော်တော်ကြာ ဗသဖွါကျဲ၍ လူပါ မြုပ်ခြင်း,မျောခြင်းထဲ ရောက်ရမယ်....(မှန်လှပါ)။

ထို့အတူ သီလ ဖောင်တွေအားကိုးလိုက်ပြန်လဲ လုံးလုံး ကိုးစားလောက်တဲ့အဖြစ်က မဖြစ်သောကြောင့် တကာတကာမတို့ မပျက်စီးနိုင်တဲ့ မဂ္ဂင်ဖောင်ကိုသာ ကိုးစားရာ အားထားရာရှိကြပါစေဆိုတဲ့ အကြောင်းကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မှာတော်မူတယ်... (မှန်ပါ)။

သံသရာ့ခရီးသည်ဆိုတော့ တကာတကာမတို့ သံသရာထဲမှာ ကန့်သတ်မရှိ သွားနေရတဲ့ပုဂ္ဂိုလ်....(မှန်ပါ) ခိုကိုးရာ အားထားရာ မတွေ့ပြီဆိုမှဖြင့်လဲ အလွန် အားငယ်ပါလိမ့်မယ်.... (မှန်ပါ ဘုရား)။

အဲဒီ အားငယ်တဲ့ဥစ္စာမှာ ဟာ... ငါတို့ ကိုးစားရာ တခုခု တော့ ရှိပါစေတော့ဆိုပြီး ရမ်းပြီး အားကိုးလိုက်ပြန်လို့ ရှိယင်လဲ တကာတကာမတို့ မခိုင်မြဲတဲ့ ဖောင်တွေ တွေ့မယ်ဆိုလို့ရှိယင် လဲ ခဏယာယီ သက်သာမှုတော့ ရှိမှာဘဲ.... (မှန်ပါ) စိတ်ချ လက်ချ ခိုကိုးရပြီ၊ ကိုးကွယ်ရပြီ- စိတ်ချရပြီဆိုတာ တကာကြွယ် တို့ ဦးလှဘူးတို့ မရှိနိုင်ဘူး .. (မရှိပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ လေးစားစွာနဲ့ သတိပေးလိုက်တာကဖြင့် မဂ္ဂင်ဖောင်မှတပါး, မဂ္ဂင်သင်္ဘောမှ တပါး, မဂ္ဂင်သင်္ဘောကြီးမှတပါး နိဗ္ဗာန်ကို မြင်ပြီး သကာလ ကိုးစားရာ အားထားရာအစစ်ဖြစ်တဲ့တရားဟာဖြင့် သူဘဲ အကြီး အကျယ် အခမ်းနားဆုံး မပျက်မစီး ခိုင်မြဲတဲ့ နိဗ္ဗာန်ကို သူဘဲ မဂ္ဂင်သင်္ဘောနဲ့ ကူးခတ်နိုင်တယ်....၊ မဂ္ဂင်ဖောင်ကြီးနဲ့ သွားနိုင် တယ်ဆိုတဲ့ဥစ္စာ သူ့ကိုဘဲ ကိုးစားရာ အားထားရာ လုပ်ရလိမ့် မယ်.... ( မှန်လှပါဘုရား ) သဘောပါပလား.... ( ပါ-ပါပြီ ဘုရား)။

အဲဒီတော့ ဒီ တကာ့တကာမတွေမှာ သေရမည့်ကိစ္စဆိုတာ လူတိုင်း၏ကိစ္စ....(မှန်ပါ) သေရမည့်ကိစ္စဆိုတာ.... (လူတိုင်း၏ ကိစ္စပါဘုရား)။

လူတိုင်း၏ ကိစ္စဖြစ်နေတော့ သေရတဲ့အခါကျလို့ ရှိယင်ဖြင့် တောင်ဆဲ့ မြောက်ဆဲ့ပြီး မဆဲ့ရအောင်.... (မှန်ပါ) တောင်ဆဲ့ မြောက်ဆဲ့ မဆဲ့ရအောင် တကာ့တကာမတို့သည် ကိုယ့်ခန္ဓာ ကိုယ်ရှုပြီးသကာလ ပြောဘ်.. အနိစ္စခန္ဓာကိုယ်ကြီးပါလားဆိုယင် မဂ္ဂင်ရောက်လာပြီ...(မှန်လှပါ) ပြောဘ်....ဒုက္ခသစ္စာ ခန္ဓာကိုယ် ကြီးပါလားဆိုတော့ ဝမ်းထဲ မဂ္ဂင်ရောက်ပြီ....(မှန်ပါ)။

သေခါနီး အခါကာလမှာလဲ ပြန်းကနဲ သေမဲ့ပုဂ္ဂိုလ်မဟုတ်တဲ့ အချိုးအစားတွေက ရှိသေးတယ်.... (မှန်လှပါ) ထိုကဲ့သို့ ရှိတဲ့အခါကျတော့ ကိုင်း....ငါသည်ကား .. လို့ဆိုယင်ဖြင့် ဘဝ မကူးလိုတော့ပါဘူး၊ ဘဝဆိုတာသည်ကားဆိုယင် ကူးလိုက်ယင် ဒုက္ခသစ္စာရမှာ ကေန်သိ တကယ်ရှိ ဖြစ်နေတော့ သူ့စိတ်ထဲ မကူးလိုတော့ပါဘူး၊ ဒုက္ခသစ္စာကြီး လှမ်းပြီးသကာလ မလိုချင်တော့ပါဘူးဆိုတဲ့ဉာဏ်တွေ အဲဒီ့အချိန်မှာသဲ ပေါ်ပြီးသကာလ ဝိညာဏ်ချုပ်ကာနီးနဲ့ မဂ်ရတာနဲ့လဲ တပြိုင်နက်ဖြစ်သေးတယ် (မှန်လှပါဘုရား)။

ဝိညာဏ်ချုပ်ကာနီးနဲ့ မဂ်ရတာနဲ့ သမသီသီ ရဟန္တာ ဖြစ်နိုင် သေးတယ်ဆိုတာ ယခုလို စောစောစီးစီး လုပ်ထားတဲ့ ပုဂ္ဂိုလ် ဆိုတာပါ....(မှန်လှပါ)။

အဲဒီပုဂ္ဂိုလ်ကျလာတော့ တကာ့တကာမတို့ ကိုးစားရာ,အား ထားရာ အစစ်ဖြစ်တဲ့ မဂ္ဂင်ဖောင်ကြီးနဲ့ သေသေချာချာ တွေ့ပြီး

သကာလ နေတော့ ဖျတ်ဆို နိဗ္ဗာန်မြင်ပြီးသကာလ ဩြော်....
တသံသရာလုံး မြုပ်-မျောနဲ့ နေခဲ့တာဖြင့် မြုပ်-မျောဇာတ်သိမ်း
ပြီး သကာလ ခိုကိုးရာ အားထားရာရှိတဲ့ နိဗ္ဗာန်သောင်ကမ်းကြီး
ဖြင့် မြင်ရပြီ၊ ရောက်ရပြီ၊ တွေ့ရပြီဆိုပြီး ပြုံးပြီးတော့ ဝိညာဏ်
ချုပ်ပါတယ်....(မှန်ပါ့)။

ပြုံးပြီးတော့....(ဝိညာဏ်ချုပ်ပါတယ်ဘုရား) ပြုံးပြီးတော့
ဝိညာဏ်ချုပ်တယ်လို့ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ
သည်ကား....လို့ ဆိုယင် ခိုကိုးရာ စောစောက လုပ်ထားလို့
(တနည်း) ခိုကိုးရာအရှိန် အတော်ကြီးတာနဲ့ သေခါနီး အပြင်း
အထန်လုပ်လိုက်တာနဲ့လဲ မဂ္ဂင်ဉာဏ်ကြီး 'စက္ခုံ ဥဒပါဒိ'ဆိုတဲ့
မဂ္ဂင်ဉာဏ်ကြီးဟာ ပေါ်ပေါက်ပြီး သကာလ ပြုံးနိုင်ကြတယ်-
(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ကို ခဏခဏသတိပေးတယ်၊
ပြုံးသေ့မဲ့သေဆိုတာ ခိုကိုးရာမရှိတဲ့ ပုဂ္ဂိုလ်မှာ တွေ့တဲ့ ခိုကိုးရာ
ကလဲ ကြောက်စရာကြီးဖြစ်နေတော့ မဲ့ပြီး ဝိညာချုပ်ရတယ်....
(မှန်ပါ့)။

အခုလို ဝိပဿနာအလုပ်တွေ လုပ်ပြီးသကာလ မင်္ဂမဆိုက်ချင်
နေဦး သေခါနီးမှာဖြင့် တကယ် ကိုးစားတော့မယ်ဆိုတဲ့စိတ်ဂ
မလဲ့သာလို့ အကြီးအကျယ် ကြုံတဲ့ အခါကျလို့ရှိယင် မလုပ်
မဖြစ်ဘူးဆိုတဲ့ ဝီရိယတွေပြင်းထန့်ပညာဉာဏ်တွေတက်လာမယ်
ဆိုလို့ရှိယင်လဲ ချက်ချင်းဘဲ ရနိုင်ပါတယ်....(မှန်ပါ့)။

ချက်ချင်းရနိုင်တဲ့အတွက် ပြုံးပြီးသကာလ တသံသရာလုံး
မြုပ်-မျောနဲ့ နေခဲ့ရတာ မြုပ်-မျော ဇာတ်သိမ်း ပေါ့ဟာ...

သောင်ပေါ်၊ ကမ်းပေါ် အေးချမ်းစွာ ရန်သူငါးတန် ဘေး မဆက်ဆံတဲ့နေရာဖြင့် ရောက်ပေါ့ပဟ....ဆိုပြီး သကာလ တကာ ကြွယ် ဦးလှဘူးတို့ ပြုံးပြီး ဝိညာဏ်ချုပ်တယ်.... ( မှန်လှပါ ဘုရား)။

အဲဒီတော့.. ပြုံးသေ မဲ့သေနှစ်ပါးတို့တွင် တကာတကာမတို့ ခိုကိုးရာဖြစ်တဲ့ အလုပ်တရား လုပ်မထားလို့ ရှိယင်ဖြင့် မဲ့သေ ဖြစ်ကြလိမ့်မယ်....(မှန်လှပါ) ခိုကိုးရာအစစ်ဖြစ်တဲ့ မဂ္ဂင်အလုပ် ကျကျနနသာ တကာတကာမတွေ လုပ်ထားကြမယ်ဆိုလို့ရှိယင် ဖြင့် ပြုံးပြီးသကာလ အခုခန္ဓာကြီး စွန့်ရတာ ဝမ်းမြောက်လိုက် တာ....(မှန်ပါ) နောက်ခန္ဓာသစ် မရခြင်းကြောင့်လဲ ဝမ်းသာ လိုက်တာဆိုတော့ သူ့မှာ ဝမ်းသာမှုနှစ်ခုနဲ့ဘဲ ပြုံးပြီးသကာလ ဝိညာဏ်ချုပ်ရတဲ့အတွက် ဒါ....ကိုးကွယ်ရာ လုပ်ထားတဲ့ မဂ္ဂင် သမားကို ဆိုတာ....(မှန်ပါ)။

ကိုးကွယ်ရာလုပ်ထားတဲ့.... (မဂ္ဂင်သမားကိုဆိုတာပါဘုရား)

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ရမ်းပြီးသကာ လ ဟိုဆွဲ-ဒီဆွဲလဲ မဆွဲရအောင် ကိုယ့်သန္တာန်မှာ မဂ္ဂင်ရှစ်ပါး ယာဉ်ရထား မဂ္ဂင်သင်္ဘောကြီး မပြိုမပျက်နိုင်တဲ့ ဘယ်လို လှိုင်း လေဂယက်မှ တိုက်ခတ်၍ မပျက်စီးနိုင်တဲ့ မဂ္ဂင်အလုပ်ကိုဖြင့် ဦးလှဘူးတို့ တကာကြွယ်တို့ ကြိုးကြိုးစားစား လုပ်ထားရမယ် . (မှန်ပါ) နို့မဟုတ်ယင် သေခါနီးမှ အရှက်ဘကွဲ အကျိုးနည်း ဖြစ်တတ်တယ်....(မှန်ပါ)။

သေခါနီးမှ အရှက်ဘကွဲ အကျိုးနည်းကော....(ဖြစ်တတ်ပါ တယ်ဘုရား)။

အေး ...အရှက်တကွဲ အကျိုးနည်းဆိုတာကယ်ကြပါဦး၊ ယူကြပါဦး၊ ခွေးနက်ကြီးက လာဆွဲနေပြီ၊ ကြောက်စရာကြီး, လန့်စရာကြီးဆိုပြီးသကာလ ဒီလိုအော်အင်ပြီး ကမ္မနိမိတ်တွေထင်လို့ ဂတိနိမိတ်တွေကလဲ မဟုတ်တာတွေ ပေါ်ပေါက်လာပြီဆိုမှဖြင့် သားက မကယ်နိုင်, သမီးက မကယ်နိုင်, တိုက်တာရွှေငွေ ကျောက်သံ ပတ္တမြား မိတ်ဆွေသင်္ဂဟတွေကလဲ မကယ်နိုင် မယူနိုင်ဘဲနဲ့ ခိုကိုးရာမဲ့ ကိုးကွယ်ရာမဲ့ဖြစ်ပြီး သေသွားလို့ရှိယင်ဖြင့် သစ်ပင်လှဲနေသလိုဘဲ... (မှန်ပါ)။

သစ်ပင် အရင်းကနေပြီး အရွက်တွေ ခြောက်တဲ့ အချိန်မှာ လှုပ်ချလိုက်ပြီဆိုမှဖြင့် သစ်ရွက်တွေဟာ ဗရမ်းဗတာကျတယ်.... (မှန်ပါဘုရား)၊

သစ်ရွက်တွေဟာ ဘာပါလိမ့်.... (ဗရမ်းဗတာ ကျပါတယ်ဘုရား) အေး.. သစ်ရွက်တွေက ဗရမ်းဗတာကျတာသည်ကားလို့ ဆိုယင်ဖြင့် လေယူရာ သွားရသလိုဘဲ....(မှန်ပါ) လှုပ်သောပုဂ္ဂိုလ်၏ လိုလ ပယောဂကြောင့်ဘဲဆိုယင်ကော လွဲပါမလား- (မလွဲပါဘုရား)။

လှုပ်သောပုဂ္ဂိုလ်၏ လို့လ ပယောဂ လေက တိုက်ချင်သလိုတိုက်ဆိုတော့ တကာတကာမတို့ သစ်ရွက်ဟာ မှန်းခြေပေါက်ကျရရဲ့လား.... ( မကျရပါဘုရား ) ဗရမ်းဗတာကျရတယ်.... (မှန်လှပါဘုရား)။

အဲဒီ ဝိနိပါတိကဘေးဆိုတဲ့ ဗရမ်းဗတာဘေးဟာ ခိုကိုးရာမဲ့ပုဂ္ဂိုလ်၏ဘေး....(မှန်လှပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ခိုကိုးရာမဲ့ ပုဂ္ဂိုလ်၏ ဗရမ်းဗတာ ဘေးတွေ သင့်လာလို့ ကျုပ်တို့ ခင်ဗျားတို့ တနေ့က ဥပုသ်နေ့က ဟောသလို နတ်သမီး ငါးရာ ဗရမ်းဗတာ ဘေးသင့်လိုက်တာ တခါတည်း အောက် ရောက်ကုန်တယ်....(မှန်ပါ) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါ တယ်ဘုရား)။

ဟို .... ဥပရိမိဖုရားကြီးတို့ ဗရမ်းဗတာဘေးသင့် လိုက်တာ နောက်ချေးပိုးထိုး ပဋ္ဌသန္ဓေနေရရှာတယ် (မှန်ပါ)။

မလ္လိကာမိဖုရားတို့ သေခါနီး ဗရမ်းဗတာ ဘေးသင့်ချလိုက် တာ အဝီစိရောက်သွားတယ်....(မှန်ပါ)။

ဒါ....ဘာတုံး၊ ခိုကိုးရာမဲ့နေကြလို့ ဗရမ်းဗတာ ဘေးသင့် တာ .. (မှန်ပါ)။

ဒါဖြင့် တကာ တကာမဘို့ ခိုကိုးရာအစစ် မည်သည့်တရား ဖြစ်ပါလိမ့်မတုံး....လို့ မေးတော့မှ ဩော်.... မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်သည်သာလျှင် ခိုကိုးရာအစစ်၊ ကိုးကွယ်ရာ အစစ်အမှန်ဖြစ်တော့တယ်ဆိုတဲ့ဥစ္စာ ကကာ တကာမတွေ သေ သေချာချာမှတ်ပါ .. (မှန်ပါ)။

တကာတကာမတို့ ကိုယ့်ခိုကိုးရာမရှိလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဘဲ စဉ်းစားကြည့်ပါ....၊ မိုးရွာတယ် ဆိုယင် ဇရပ်ကလေးမှ ဆောက်မထားတဲ့ပုဂ္ဂိုလ် ဟိုပြေးရတော့မလို ဒီပြေးရတော့မလို မဖြစ်ပေဘူးလား .. (ဖြစ်ပါတယ်ဘုရား) ပြေးရင်းသဲ စိုရွဲမှာဘဲ- (ရွဲမှာပါဘုရား)။

အဲ....ခိုကိုးရာမရှိတဲ့ပုဂ္ဂိုလ်မှာဖြင့် သံသရာ့ခရီးသည်ဆိုတာ ပြေးလွှားနေတာ....(မှန်ပါ့)။

ဟိုပြေး-ဒီပြေးနဲ့ဘဲ ရောက်ရာမြေ သေပွဲတွေရှိတဲ့ဆီသာ ပြေးပြီးသကာလ နေတဲ့ အခိုပ္ပါယ်မရောက်ဘူးလား (ရောက်ပါ ပါတယ်ဘုရား)။

ပိုးကောင်ငယ်လေးတွေများ သစ်ပင်ခြေရင်း ပြေးကြတယ်.... (မှန်ပါ့) ပုတ်သင်ညိုက ဆီးဆီး-ဆီးဆီး ပြီးစားတယ်- (မှန်ပါ့) သူတို့ကတော့ ခိုကိုးရာရယ်လို့ဆိုပြီး ပြေးရှာကြတယ်-(မှန်ပါ့) ပြေးပေမဲ့ သူ့ကိုနိုင်တဲ့သတ္တဝါက စားမှုသောက်မှုကိစ္စ ပြီးသွား ရတယ်....(မှန်ပါ့)။

ဒီမှာလဲ တကာတကာမတို့ တသံသရာလုံး ရှောက်ပြီး ပြေး လာလိုက်တာ ခင်ဗျားတို့ ခိုကိုးရာကို အစစ်လုပ်မထားတဲ့အတွက် မရဏမင်း၏ခံတွင်းအတွင်းမှာဘဲ ခန္ဓာကိုယ်တွေ ထိုးထိုးအပ်ကြ ရတယ်... (မှန်လှပါဘုရား) တကာကြွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ ဘုရား)။

ခိုကိုးရာအစစ်ကို တခါမှမတွေ့ခဲ့တဲ့အတွက် ဘာဖြစ်၊ နတ် ဖြစ်ပြန်လဲ မရဏမင်းခံတွင်း ခေါင်းစင်းပြီး တိုးဝင်လိုက်ရတယ်• ( မှန်လှပါ ) အင်း....သူဌေး သူကြွယ် မင်းစိုးဖြစ်ပြန်တော့လဲ မရဏမင်းခံတွင်း ခေါင်းစင်းပြီး ဝင်လိုက်ရတယ်....(မှန်ပါ့)။

ဩော် ခုနင်က ပိုးပရစ်ပိုးဟာတ် အစရှိသည်တို့သည် ခိုကိုး ရာရှာပြီး သစ်ပင်ခြေရင်း ပြေးလိုက်ပြန်တော့ ပုတ်သင်ညို၏ အစာ....(မှန်ပါ့)။

နိုင်ရာစား ပုဂ္ဂိုလ်တို့၏အစာကော မဖြစ်ရဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

ဒါ ခိုကိုးရာအစစ်ကို ရှာမတွေ့ဘဲအတွက် ခိုကိုးရာမှားတွေကြောင့် သူများ ပါးစပ်ထဲမှာ စားမှု သောက်မှုအဖြစ်နဲ့ လမ်းဆုံးရရှာတယ်....(မှန်ပါ)။

ကျုပ်တို့လဲ တသံသရာလုံးမှာ ရှာလိုက်တဲ့ ခိုကိုးရာ-အမေဘဲ ခိုကိုးရမလား...၊အဖေဘဲ ခိုကိုးရမလား ဆိုပြီးသကာလ ရှာလိုက်တာ တကာတကာမတွေ တော်တော်ကြာ အမေသေ၊ ကိုယ့်မှာ တကောင်ကြွက် ကျန်ရစ်... (မှန်ပါ) အဖေသေ တကောင်ကြွက် ကျန်ရစ်....(မှန်ပါ) ပစ္စည်း ခိုကိုးရမလား အောက်မေ့တယ်.... ရန်သူ ငါးတန်က သိမ်းသွားတာနဲ့ တကာတကာမတို့ ခိုကိုးရာမဲ့ ဖြစ်ရတယ်... (မှန်ပါ)။

နောက်ဆုံးပိတ် တနေ့ကျလို့ရှိယင်ဖြင့် ခန္ဓာကိုယ်ပါ တကာတကာမတို့ မရဏမင်း ပါးစပ်တွင်းမှာ ခေါင်းစင်းပြီး ထိုးအပ်လိုက်ရတယ်ဆိုတဲ့ အဓိပ္ပါယ်က ရှင်းလင်းသွားတယ်....(မှန်လှပါဘုရား)။

အဲဒါ ကိုးကွယ်ရာမဲ့ နေခဲ့တဲ့ တကာတကာမတွေမို့ ဘယ်ဘဝမှာ အန္တရာယ်ကင်းလို့ ဘေးရှင်းခဲ့ပါသတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် မရဏမင်းကို တပည့်တော်တို့ ခေါင်းစင်းအပ်ရတဲ့ ဘဝချည်းပါဘဲဘုရား....ဆိုတာ ခိုကိုးရာအစစ် မတွေ့ခဲ့ဘူး....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာမတွေ့ခဲ့ပါလိမ့်....(ခိုကိုးရာအစစ်မတွေ့ခဲ့ပါ)အခု တကာ

တကာမတွေလဲ သံဝေဂတွေက ပြောရမယ်ဆိုလို့ရှိယင် မဆုံး ပါဘူး တကာကြွယ်ရ....(မှန်ပါ့)။

အမေ အားကိုးလို့လဲ တကာကြွယ်....အခု ရှိသေးရဲ့လား.... (မရှိပါ) အဖေ အားကိုးခဲ့တာကော.... (မရှိပါဘုရား)။

ပြောင်... ခိုကိုးရာမဲ့ အခု ဖြစ်နေပြီ....(မှန်ပါ့)သားတွေ့သမီး တွေ အားကိုးပြန်တော့လဲ သူတို့က မမာတာနဲ့ .... သူတို့က မကျန်းမာတာနဲ့ နောက်ဆုံးပိုတ် သူတို့က ခွဲခွါသွားတာနဲ့ ဆို တော့ ခိုကိုးရာအစစ် ဖြစ်ပါရဲ့လား....(မဖြစ်ပါဘုရား)။

အင်း... လောကကြီး ခိုကိုးရာ ရှာပြီးလာကြတာတွေ ပိုးမွှား တိရစ္ဆာန် ရှာသလိုရှာလာကြတာ အစစ်ကို မတွေ့ဘူး....(မတွေ့ ပါဘုရား)။

အစစ်ကို မတွေ့တော့ ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ သေပွဲချည်း နွှဲခဲ့ရတယ်....(မှန်ပါ့)။

ဘယ်လို ဆိုကြမလဲ .... (သေပွဲချည်း နွှဲခဲ့ရပါတယ်) သေပွဲ ချည်း နွှဲခဲ့ရတာဟာ တကာသစ်တို့ စဉ်းစားကြည့်ပါ....ခိုကိုးရာ အရှာလွဲလို့....(မှန်ပါ့)။

ဖျတ်ဆို.... ကဲကွာ လူ့ပြည် အသက်တိုလှတယ်၊ နတ်ပြည် အသက်ရှည်တယ်ကွ....၊ ဆွမ်းကလေး ကွမ်းကလေးနဲ့ နတ်ပြည် သွားပါဦးမယ် ဆိုပြန်တော့လဲ နတ်ပြည်မှာလဲ မရဏမင်း အခွန် ဆက်ရတာဘဲ....(ဆက်ရပါတယ်ဘုရား)။

နတ်ပြည်သွားပြန်တော့ ဘယ်သူ့ အခွန်ဆက်ရသလဲ....(မရ ဏမင်း အခွန်ဆက်ရပါတယ်ဘုရား)။

မရဏမင်းကသဲ တကာတကာမတို့ ခန္ဓာကိုယ်နဲ့ အခွန်ဆက် ရပါတယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဟာ....နတ်ပြည် အသက်တိုတယ် ဗြဟ္မာလုပ်ငန်း လုပ်ပါဦး မယ် ဆိုပြန်တော့လဲ ဗြဟ္မာပြည်မှာ မရဏမင်းက ရှိလို့ အဲဒီမှာ ခေါင်းစင်းပြီး အပ်လိုက်ရတယ်.. (အပ်လိုက်ရပါတယ်) ခိုကိုးရာ လွဲကြတာ... (လွဲပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ခိုကိုးရာ အားထားရာ ကိုးကွယ်ရာ ရှိကြပါစေဆိုတာ သနာထသုတ် ဆို ပြီး အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ သေသေချာချာ ဟောတယ်.... ခင်ဗျားတို့ မဂ္ဂင်အလုပ်မှ တပါး အန္တရာယ်ကင်းလို့ ဘေးရှင်း တဲ့ နေရာကို ပို့နိုင်တဲ့ တရား မရှိသောကြောင့် ခိုကိုးရာ အစစ် ဧကန်ဖြစ်အောင်ဖြင့် မဂ္ဂင်အလုပ်-လုပ်ကြပါ....(မှန်ပါ့)သဘော ပါပလား....(ပါပါပြီဘုရား)။

ဘာလုပ်ကြရမယ်....( မဂ္ဂင်အလုပ်-လုပ်ကြရပါမယ် )မဂ္ဂင် အလုပ် ဆိုတာသဲ တကာတကာမတို့ ခဏ ခဏ ပြောနေရဘယ် နော်....(မှန်ပါ့)။

ဆုတောင်းလို့ မဂ်ဖိုလ်ရတာ မဟုတ်ဘူး၊ ပွားများယူမှ မဂ္ဂင်ရမယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)ဆုတောင်းလို့ မဂ္ဂင်ရမှာလား....၊၊ပွားများယူရမှာလား.... (ပွားများယူရမှာပါ ဘုရား)။

ပွားများယူမှ ရမယ်ဆိုတာ သေချာတော့ ပွားများလိုက် ယင် တကာတကာမတို့.... အမှားတွေ အကုန်ပျောက်၊ အမှန် တွေ အကုန်ရောက်လာလိမ့်မယ်....(မှန်ပါ့)။

ပွားများလိုက်ယင်....(အမှားတွေ အကုန်ပျောက်ပြီး အမှန်တွေ အကုန်ရောက်ပါတယ်ဘုရား)။

အမှားတွေ အကုန်ပျောက်ပြီးတော့ အမှန်တွေ အကုန်ရောက်လာလိမ့်မယ် ဆိုတာဘော့ဖြင့် တကာတကာမတို့ မပွားများဘဲနဲ့ သညာကလဲ မပျောက်ပါဘူး(မှန်ပါ့)သညာဝိပ္ပလ္လာသကလဲ မပျောက်၊ စိတ္တဝိပ္ပလ္လာသကော....( မပျောက်ပါ ) ဒိဋ္ဌိဝိပ္ပလ္လာသ... (မပျောက်ပါဘုရား)။

အေး ...ဒါကြောင့် မဂ်မှာ ဘာကိစ္စရှိသတုံးလို့ မေးတော့ မဂ်မှာ ဘာဝေတဗ္ဗကိစ္စရှိသကွ၊ ပွားများမှ ပြီးနိုင်တယ်ဆိုတာကိုလဲ တကာသစ် သေသေချာချာ ဘုရားဟောထားတယ် .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီမဂ္ဂင်ကို ပွားများတော့မယ်ဆိုတော့လဲ အနိစ္စကို နိစ္စထင်နေတယ်, နိစ္စလို့ မှတ်နေမယ်, နိစ္စလို့ သိနေမယ်,နိစ္စလို့ ယူနေမယ်ဆိုလို့ရှိယင်လဲ မယဉ်ကျေးတဲ့စိတ်....(မှန်ပါ့)။

အနိစ္စကို နိစ္စထင်နေယင်....(မယဉ်ကျေးတဲ့ စိတ်ပါ) အနိစ္စကို နိစ္စလို့ သိနေမယ်ဆိုယင်ကော.... (မယဉ်ကျေးတဲ့ စိတ်ပါ) မယဉ်ကျေးတဲ့ စိတ်ချည်းဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အနိစ္စကို နိစ္စလို့ အယူမှားကြီးနဲ့ ယူနေမယ်ဆိုလို့ရှိယင်လဲ မယဉ်ကျေးတဲ့ အယူဘဲ....(မှန်ပါ့) မယဉ်ကျေးတဲ့ စိတ်ကြောင့် ဖြစ်ရတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါ့ကြောင့် "စိတ္တံ ဒန္တံ သုခါဝဟံ"လို့ ဓမ္မပဒပါဠိမှာ

ဟောလိုက်တယ်....( မှန်ပါ့ )စိတ္တံ ဒန္တံ=အမှန်ကိုသိ၍ ယဉ်ကျေးသော စိတ်သည်၊သုခါဝဟံ=နိဗ္ဗာန်ကို ဆောင်တတ်သည် (ဝါ)မဂ္ဂင်ဖြစ်သည်၊ ဟောတိ=ဖြစ်၏-ဆိုတဲ့ အတိုင်း ဘုန်းကြီးတို့ တကာတကာမတွေမှာ မယဉ်ကျေးတဲ့ စိတ်ကို ယဉ်ကျေးအောင်ဆိုပြီး အခု ၄-၅-ရက် ရှိနေပြီ အမှားတွေ ပြနေတာ၊ မယဉ်ကျေးတဲ့ စိတ်ကြောင့် ဖြစ်ရတာ...( မှန်ပါ့ )အမှန်တွေ ပေါ်လာမှဖြင့် ယဉ်ကျေးပေါ့ဆိုတာ အောက်မေ့ရမယ် .... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပြကြစို့တဲ့ ဒီ တကာဘကာမတွေကို၊ ဒီနေ့တော့ အလုပ်နဲ့တကွ သွားရမည့်နေ့ ဖြစ်နေတော့ အမှားကလေး ရှေ့ပိုင်းက ခန္ဓာငါးပါး ရုပ်နာမ်တရားဆိုတာ တကာကြွယ်....ဒီ ရှေ့နားကပေါ့ဗျာ .... (မှန်ပါ့) မယဉ်ကျေးသေးတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာတော့ဖြင့် အနိစ္စကို နိစ္စလို့မှတ်ပြီး အမှတ်မှားကလဲ လာပြန်တယ်....(မှန်ပါ့)။

အနိစ္စကို နိစ္စလို့ သိနေတဲ့ အသိမှားကကော — (လာပါတယ်)အနိစ္စကို နိစ္စလို့ ယူထားတဲ့ အယူမှားကကော . (လာပါတယ်)မယဉ်ကျေးသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးခု လိုက်ပါတယ်...( မှန်ပါ့ဘုရား ) သဘောကျပလား .... ( ကျပါပြီဘုရား )။

ဒုက္ခကို သုခလို့ မှတ်နေတဲ့ ပုဂ္ဂိုလ်ဟာကော....(မယဉ်ကျေးသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်ပါ)မယဉ်ကျေးသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်.... (မှန်ပါ့)သဘောကြပြီတဲ့....။

ဒုက္ခကို သုခလို့ သိနေတာကော .. (မယဉ်ကျေးတဲ့ ပုဂ္ဂိုလ်ပါ)မှတ်ထား၊ မှတ်ထား၊ ကိုယ့်မှာ ကိုယ့်-ကိုယ်ကြီး ချမ်းသာ

တယ်လို့ ထင်ပြီးသကာလ နေကြလို့ရှိယင် မယဉ်ကျေးသော စိတ် ရှိသေးလို့ဘဲလို့ မှတ်လိုက်တာပေါ့ဗျာ....(မှန်ပါ)။

ဒုက္ခကို သုခလို့ ယူနေကြလို့ရှိယင်လဲတဲ့...တကာတကာမတို့ မယဉ်ကျေးသော အယူရှိတာဘဲ.. (မှန်ပါ)မရှိပေဘူးလား (ရှိပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အနတ္တကို အတ္တလို့ မှတ်နေလဲ့ မယဉ်ကျေးတာဘဲ....(မှန်ပါ) အနတ္တကို အတ္တလို့သိနေပြန်လဲ- (မယဉ်ကျေးတာပါ) အနတ္တကို အတ္တလို့ ယူထားပြန်လဲ .... မယဉ်ကျေးတဲ့ အယူလို့ဆိုယင် လွဲ့ပါ့မလား. (မလွဲ့ပါဘုရား)။

ဒါ့ကြောင့်"စိတ္တံ ဒန္တံ သုခါဝဟံ"နော် .... (မှန်ပါ)ဒန္တံ= ယဉ်ကျေးသော၊ စိတ္တံ=စိတ်သည်၊သုခါဝဟံ= နိဗ္ဗာန်ကိုဆောင်နိုင်သည်၊ ဟောတိ=ဖြစ်၏၊ဆိုတော့ ဝိပ္ပလ္လာသပျောက်တဲ့စိတ်ကို ဆိုပါတယ်....(မှန်ပါဘုရား)။

ကိုင်း....ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန်မဆို ကျင်ကြီးစွန့်ချင်ရတာနဲ့ ကျင်ငယ်စွန့်ချင်ရတာနဲ့ ချွေးထွက်လာရတာနဲ့၊ သလိပ်တွေ အန်လာရတာနဲ့၊ အနံ့အစော်တွေများ ပြင်းထန်လာရတာနဲ့၊ ရေးချိုးလို့ အမွှေးတိုဘာတို လိမ်းကြရတယ်၊ ပြုပြင်ကြရတယ်ဆိုတော့ သူ့ခန္ဓာကိုယ်ကြီးက အသုဘဟာမို့ အသုဘသဘောကို ဘယ်အချိန်မဆို ပြောပါတယ် .... (ပြောပါတယ်ဘုရား)။

ပြောပင် ပြောငြားသော်လဲ မယဉ်ကျေးတဲ့ ပုဂ္ဂိုလ်မှာတော့ဖြင့် အသုဘကို သုဘလို့ မှတ်ပြန်တယ်....(မှန်ပါ)အသုဘကိုဘဲ သုဘလို့ဘဲ သိပြန်ပါတယ်....(မှန်ပါ) အသုဘကို သုဘလို့ယူပြန်ပါတယ်....(မှန်ပါဘုရား)။

ဒါမယဉ်ကျေးသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ အမှားဆဲ့နှစ်ခု လိုက်တယ်လို့ ဆိုတာ အင်္ဂုတ္တိုရ်မှာ လာပြန်တယ် .... (မှန်ပါ ဘုရား)။

မယဉ်ကျေးသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ အမှားဘယ်နှစ်ခုလိုက် သတုံး... (ဆဲ့နှစ်ခုလိုက်ပါတယ်)ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တသံသရာလုံး ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒီအမှား ဆဲ့နှစ်ခုကိုဘဲ အကာအကွယ်ယူပြီး ဘုရားရှောင်ခဲ့ကြ တယ်....(မှန်ပါဘုရား)။

ဒီအမှားဆဲ့နှစ်ခုကို .... (အကာအကွယ်ယူပြီး ဘုရားရှောင်ခဲ့ ကြပါတယ်) အကာအကွယ်ယူပြီး ဘုရားရှောင်- တရားရှောင် ဆိုတာ လာခဲ့ကြတာ ကျုပ်တို့ သာမညမိုက်တဲ့ လူစားတွေလို့ တကာကြွယ် မဆိုနဲ့....(မှန်လှပါဘုရား)။

အမှားဆဲ့နှစ်ခုအကာအကွယ်ယူပြီး ဘုရားတွေရှောင်,တရား တွေရှောင်၊ ခိုကိုးရာမဲ့နေရာကို အပျော်ကြီးပျော်ပြီး သကာလ နေတဲ့ပုဂ္ဂိုလ်တွေဆိုတော့ တကာသစ်ရေ သူ့ထက်လွဲချော်ပြီး သကာလ ဆိုးဝါးတာတော့ဖြင့် မရှိတော့ပါဘူး (မရှိတော့ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အင်း....ကျုပ်တို့ တသံသရာလုံး ဘာတွေအကာအကွယ်ယူပြီး သကာလ မိုက်တွင်းနက်နေပါလိမ့် မလဲမေးလို့ရှိယင်ဖြင့် ဖြေ တတ်ကြပလား.... ( ဖြေတတ်ပါပြီဘုရား ) အမှားဆဲ့နှစ်ခုကို အကာအကွယ်ယူပြီး မိုက်တွင်းနက်နေတယ်...( မှန်ပါ ) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

အမှားဆဲ့နှစ်ခုကို....(အကာအကွယ်ယူပြီး မိုက်တွင်းနက်ပါတယ်ဘုရား)။

ဒါ ဒီအခါ ဒီအချိန် ဒီဆရာသမားနဲ့ ဒီနားနဲ့တွေ့တုန်းမှ အမှားဆဲ့နှစ်ခုကို မကျော်တော့ဘူး- မလွှားတော့ဘူး- မပယ်တော့ဘူး- မစွန့်တော့ဘူး ဆိုလို့ရှိယင်ဖြင့် ဘုရားတိုင်းကို ကျုပ်တို့ ကာကွယ်နေဦးမှာဘဲ... ( မှန်ပါ ) ကာကွယ်ရုံတွင်မကဘူး၊ ဘုရားတွေ့ယင် ရန်ဖြစ်မယ်ဆိုတဲ့ ဒေဝဒတ်အသွားတွေလဲ လာတော့မှာဘဲ....(လာပါတယ်) သဘောကျပလား .... (ကျပါပြီဘုရား)။

ဘုရားကို·ပဲ ကာကွယ်မယ်၊ ဘုရားကိုလဲ ရန်ဖြစ်မယ်တွေ့ယင် (မှန်ပါ)မတွေ့အောင်သဲ ကာကွယ်မယ်၊ တွေ့ယင်လဲ ရန်ဖြစ်မယ် (မှန်ပါဘုရား)။

မတွေ့အောင် ကာကွယ်မယ်ဆိုတာကလဲ ကိုယ့်အုပ်ချုပ်ကိုယ်စီသလို ဒီအုဘ်တွေကို ဆင့်တာဘဲ (မှန်ပါ) ဝိပ္ပလ္လာသဆဲ့နှစ်ပါးသော အုတ်ချပ်တွေကို ဆင့်လိုက်တာဘဲဆိုတာ ရိပ်မိပလား-(ရိမိပါပြီဘုရား)။

ဒါက ဘုရားနဲ့မတွေ့ချင်လို့, တရားနဲ့မတွေ့ချင်လို့ တကာကြွယ်ရေ ကိုယ့်အုတ်ကိုယ်စီပြီးသကာလ ကိုယ့်ကိုကာကွယ်တာ.... (မှန်ပါဘုရား)။

အကယ်၍ အကြောင်း တိုက် ဆိုင် လို့ တွေ့ ပြန် တော့လဲ ဝိပ္ပလ္လာသရှိတဲ့ ပုဂ္ဂိုလ်က ရန်ဖြစ်ပါတယ်....(မှန်ပါဘုရား)။

ဇနပဒ ကလျာဏီတို့ ဘုရားနဲ့လဲ ရန်ဖြစ်နေတာဘဲ၊ ဘုရားက အသုဘာဟောတယ်၊ သူမကြိုက်နိုင်ဘူး.... ( မှန်ပါ့ ) တကာသစ် ရန်များဖြစ်လိုက်သေးတယ်.... ( မှန်ပါ့ ) ရန်မဖြစ်ဘူးလား .... (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ထောက်ကြည့်လို့ရှိယင် ခြောက် .... ဒါတွေမပယ် သရွေ့ ကာလပတ်လုံး ဘုရား-တရားကိုလဲ ဒို့လုံခြုံအောင်ကာမဟာ- (မှန်ပါ့) ဘုရား,တရား မဝင်နိုင်အောင် လုံခြုံအောင်ကာမဟာ- ဆိုတာလဲ ဝိပ္ပလ္လာသဆဲ့နှစ်ပါး....(မှန်ပါ့ဘုရား)။

အကယ်၍ အတွင်းဝင်လာလို့ တွေ့လို့ရှိယင်လဲ ရန်ဖြစ်မယ် ဆိုတာလဲ ဝိပ္ပလ္လာသဘဲ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သံသရာရှည်ခဲ့ကြရ၊ အိုဘေး,နာဘေး,သေဘေး တွေနဲ့ အပေါ်လုပ်ခဲ့ကြရတာ ကာကွယ်မှုကြောင့်လဲ အိုဘေး, နာဘေး,သေဘေးတွေနဲ့မခွဲနိုင်ဖြစ်ရတယ် (မှန်ပါ့)တွေ့တဲ့ဘုရား တွေနဲ့လဲဝိပ္ပလ္လာသလက်ကိုင်ထားပြီးဒီလက်နက်တွေနဲ့ ဘုရားတွေ ပစ်ခတ်ပြီး ထုတ်ဘာနဲ့ကျုပ်တို့ အပါယ်မှာ မြုပ်ရတာတွေလဲ ဘဝများလှပြီ...(မှန်ပါ့) မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် ဒီဝိပ္ပလ္လာသကြောင့် ကျုပ်တို့သည်ကားလို့ ဆိုယင် ဖြင့် ကိုယ့်အမှား ကိုယ်သိပြီးသကာလ ဝိပ္ပလ္လာသကို ပယ်တဲ့ မဂ္ဂင်ကို ငါတို့သည် ကိုးကွယ်ရာ· ဆည်းကပ်ရာအဖြစ်နဲ့လုပ်ပါ တော့မယ်ဆိုတာ ယနေ့ဆုံးဖြတ်ချက်ချ.... ( မှန်ပါ့ )အင်မတန် အရေးကြီးသွားပြီ....(ကြီးပါပြီဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတို့ ဝိပ္ပလ္လာသပယ်ကြပါစို့၊ သူ့ခန္ဓာငါးပါးကြောင့် ဖြစ်ပေါ်လာတယ်နော် .... (မှန်ပါ ဘုရား)။

ဒီခန္ဓာငါးပါးကို တကာတကာမတွေ ငါးပုံ- ပုံလိုက်တော့လဲ ငါးပါးဖြစ်ရမှာဘဲ... (မှန်ပါ ဘုရား)။

ငါးပုံ- ပုံလိုက်တော့....( ငါးပါးဖြစ်ရပါမယ် ) ကောင်းပြီ ဒီခန္ဓာငါးပါး ငါးပုံ ပုံလိုက်တော့ ငါးပါးဖြစ်တယ် ဆိုတာ တကာတကာမတွေ အထင်အရှား ဖြစ်နေဖို့တော့ သတိပဋ္ဌာန်နဲ့ ပုံလိုက်တော့ ဘယ်နှစ်ပါးတုံး....(လေးပါးပါဘုရား)။

ရုပ်က ကာယာနုပဿနာ၊ ဝေဒနာက- ဝေဒနာနုပဿနာ၊ သညာနဲ့- သင်္ခါရက ဓမ္မာနုပဿနာ၊ စိတ်က စိတ္တာနုပဿနာ ဆိုတော့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်လိုက်တော့ ခန္ဓာငါး ပါးဟာ လေးပါးဖြစ်တော့တယ်....(မှန်ပါဘုရား)။

ခန္ဓာငါးပါးဟာ .... (လေးပါးဖြစ်ပါတယ်) ရှင်းသွားပြီ.... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါး ရှုနေလို့ရှိယင် ကြာပါလိမ့်မယ်.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား)။

သတိပဋ္ဌာန်လေးပါးကို ( တပါးပါး ကြိုးစားရမှာပါ ) တပါးပါး ကြိုးစားလိုက်လို့ရှိယင် အကုန်ပါပါတယ်.... (မှန်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် အရှင်ဘုရား- ဘုရားက လေးပါးဟော ထားပါလျက်သားနဲ့ တပါးပါးကြိုးစား အကုန်ပါသတုံးလို့

မေးတဲ့အခါကျတော့မှ ဟကာတကာမတို့ ထင်ရှားပါတယ်.... (မှန်ပါ)မနေ့က ပြောခဲ့တယ် တကာကြွယ်လဲ မှတ်မိပါလိမ့်မယ် ဟတ္ထိပဒေါပမသုတ် ဆိုတာ အရှင်သာရိပုတ္တရာက ဟောတယ်၊ မူလပဏ္ဏာသပါဠိတော်မှာနော်....(မှန်ပါ)။

ခြေရာတွေ အများကြီးရှိငြားသော်လဲ ဘယ်ခြေရာမဆို ဆင်ခြေရာထဲ ဝင်ကြရတယ်ကွ တဲ့...(မှန်လှပါဘုရား) မဟောဘူးလား .. (ဟောပါတယ်ဘုရား)။

ခြေရာတွေ....မြေပေါ်သွားတဲ့ခြေရာတွေ အများကြီး ရှိငြားသော်လဲ ဆင်ခြေရာထက် ကြီးတဲ့ခြေရာက မရှိဘူး-(မရှိပါဘုရား) ဆင်ခြေရာထဲဘဲ ထောက်လှမ်းပြီးသကာလ သွားကြရတယ် ဆိုတာကိုလဲ တကာတကာမတွေ သိပါပြီ....(သိပါပြီဘုရား)။

သိတော့ သစ္စာထဲဝင်တာဘဲ.... (မှန်ပါ)ဘာဘဲဟောနေနေ၊ ဝေဒနာရှုဆိုတာလဲ သစ္စာဘဲ... (မှန်ပါ) ရုပ်ရှုဆိုတော့ကော... (သစ္စာပါဘဲဘုရား) မွောနုပဿနာရှုဆိုပြန်တော့....(သစ္စာပါဘဲဘုရား) စိတ္တာနုပဿနာ ရှုပါဆိုတော့.... (သစ္စာပါဘဲဘုရား)။

ဩော်....ဟုတ်ပြီ တကာတကာမတို့...၊ ဒါဖြင့် ဒုက္ခသစ္စာ တလုံးဘဲ ရှုဘို့ဘဲ....(မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာကို တပည့်တော်တို့ မသိဘဲနေမှာ စိုးရပါတယ်ဘုရား....ဆိုတော့ တကာ တကာမတို့ ခန္ဓာကိုယ် ထဲမှာ ဥဒယနဲ့ ဝယ,ဘဲရှိတယ်....(မှန်ပါ)။

ဘာရှိသတုံး.... (ဥဒယနဲ့ ဝယ,ဘဲ ရှိပါတယ်ဘုရား) ဥဒယ ဆိုတာ ဖြစ်မှု၊ ဝယဆိုတာ ပျက်မှုပေါ့ဗျာ... (မှန်ပါ) ဒါဘဲ ရှိတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ကို....တဲ့၊ ဥဒယဝယသည် ဘာပါလိမ့်မတုံး.... လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်....

ဒုက္ခမေဝဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာသမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ—

လို့ သံယုတ်ပါဠိတော်ကြီးများမှာ ဟောထားပြန်တော့ ဖြစ်တာ ဒုက္ခ, ပျက်တာဒုက္ခ ဒါဘဲရှိတယ်ဟေ့....(မှန်ပါ) ဒီတော့ ဒုက္ခသစ္စာချည်း ဖြစ်သွားတယ်... (မှန်ပါ)။

ဖြစ်တာလဲ— (ဒုက္ခပါဘုရား) ဝေဒနာကလေးဖြစ်တာလဲ.... (ဒုက္ခပါဘုရား) ဝေဒနာကလေး ပျက်တာလဲ....(ဒုက္ခပါဘုရား) စိတ်ကလေးဖြစ်တာလဲ... (ဒုက္ခပါဘုရား) စိတ်ကလေးပျက်တာလဲ (ဒုက္ခပါဘုရား)။

ဒီ-ဒုက္ခဖြစ်၊ ဒုက္ခပျက်မှတပါး တခြားခန္ဓာကိုယ်ထဲမှာရှိသေးလား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက် တွေ့အောင်ရှာဘို့....(မှန်ပါ)။

ဘာအရေးကြီးပါလိမ့်.... ( ဖြစ်ပျက် တွေ့အောင် ရှာဘို့ပါဘုရား)။

ကိုင်း... တကာတကာမတို့ ဖြစ်ပျက်တွေ့အောင် ရှာကြစို့.... ( မှန်ပါ )တကာကြွယ် ဘာရှာရမယ်.... (ဖြစ်ပျက်တွေ့အောင် ရှာရပါမယ်ဘုရား)။

ဖြစ်ပျက်တွေအောင် ရှာတော့မယ်ဆိုတော့ ယနေ့လုပ်နည်း ကလေး တကာတကာမတို့ အားကိုးရာဖြစ်တဲ့ မဂ္ဂင်အလုပ်ကို လုပ်နည်းကလေးလိုက်တော့....

ကာယမိမံ သမ္မသထ၊
ပရိဇာနာ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတွာန၊
ဒုက္ခဿန္တံ ကရိဿတိ။

ရှင်သာရိပုတ္တာရာက ဟောလိုက်တယ်....(မှန်လှပါဘုရား)။

ဣမံကာယံ = ဤခန္ဓာကိုယ်ကြီးကို၊ ရုပ်ကြည့်ကြည့်, စိတ် ကြည့်ကြည့်ပေါ့ဗျာ.... (မှန်ပါ့) သမ္မသထ=ခင်ဗျားတို့ စောင့် ပြီး သုံးသပ်ကြည့်ပါ....(မှန်လှပါဘုရား) စောင့်ပြီး သုံးသပ်တဲ့ အခါကျလို့ရှိယင် ခန္ဓာကိုယ်ကြီးက ဟိုနေရာက ယားသလိုလို၊ ဒီနေရာက နာသလိုလို၊ ဒီနေရာက အောင့်ချင်သလိုလို၊ ဒီနေရာ က ရွေ့ချင်သလိုလို၊ ဟိုဘက်ဘဲ စောင့်လိုက်ချင်သလိုလို ဒီဘက် ဘဲ လှည့်လိုက်ချင်သလိုလို လာလိမ့်မယ်... ( မှန်လှပါဘုရား ) မလာပေဘူးလား... (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့လာလို့ရှိယင်ဖြင့် ဩော်....ပင်ကိုယ်သဘော စွန့် တာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်သို့မှတ်ကြမယ်.... (ပင်ကိုက်သဘောစွန့်တာပါဘုရား) ဩော်... ပင်ကိုယ်သဘောက ဖြစ်မှု၊ စွန့်တာက ပျက်မှု ... (မှန်လှ ပါဘုရား)။

ပင်ကိုယ်သဘောက....(ဖြစ်မှုပါဘုရား) စွန့်တာက· (ပျက်မှု ပါဘုရား ) တကာကြွယ် ဒါ.... စောင့်ကြည့်နေ ... ( မှန်ပါ ဘုရား)။

ပဌမ ရှေးဦးစွာ အာနာပါနကလေး မှန်မှန်ကလေးရှုနေ.... (မှန်ပါ) ပြင်းပြင်းထန်ထန် မရှုပါနဲ့၊ ထုံးစံအတိုင်း ခင်ဗျားတို့ ရှုမြဲတိုင်း ရှုတာပေါ့....( မှန်ပါ ) ရှုပြီးသကာလ သတိကလေး က ထားပြီး ရှုနေတော့ , ခန္ဓာကိုယ်ကြီးထဲက အင်း....ဝေဒနာ ကလေးတွေကလဲ ဟိုကယား, ဒီကနာ ပေါ်ချင်လဲ ပေါ်လာ တယ်... (မှန်လှပါဘုရား)။

စိတ်ကလေးတွေကလဲ ပြုံးချင်သလို ရယ်ချင်သလို အင်း.... ဒီလိုလဲ လာချင်လာလိမ့်မယ်.... (မှန်ပါ) ပျင်းသလိုလိုကော.... (လာပါတယ်ဘုရား)။

ဒါတွေလာလို့ ရှိယင် တကာတကာမတွေက ဘာမှမအောက် မေ့နဲ့၊ ဩော်... ဒါတွေဟာ အရှုခံလာတာလို့ အောက်မေ့ လိုက်.... (မှန်လှပါဘုရား) သဘောပါပလား.... ( ပါ-ပါပြီ ဘုရား)။

ဒါတွေ ဘာလုပ်လာကြတာတုံး... (အရှုခံလာတာပါဘုရား) တကာကြွယ် သဘောကျပလား (ကျပါပြီဘုရား)။

ပျင်းတဲ့စိတ်ကလေးဆိုတဲ့ ဒေါသစိတ်ကလေးလဲ ထိုင်နေရ တာ ရှုလိုက်, ရှုက်လိုက်နဲ့ ပျင်းလိုက်တာလို့ လာချင်လဲ လာ မယ်....(မှန်ပါဘုရား) လာလို့ရှိယင်ဖြင့် အဲဒီပျင်းတဲ့စိတ်ဟာ တကာတကာမတို့ ဒေါသဘဲ....(မှန်လှပါဘုရား)။

ဒီဒေါသကလေးဟာ ဘာလို့လာတာတုံး... လို့ တကာသစ် မေးယင် ဘယ့်နှယ်ဖြေပါမလဲ.... ( အရှုခံလာတာပါဘုရား )။

အရှုခံလာတဲ့စိတ်ကို ခင်ဗျားတို့က ခုနင်က ဘုန်းကြီးပြောတဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ

သမာဓိဆိုတဲ့ လောကီမဂ္ဂင်ငါးပါးနဲ့ ပျင်းယင်- ပျင်းတဲ့စိတ်ကလေးက အရင်ပေါ်လာယင် ပျင်းတဲ့စိတ်ကို အရင် ရှုပစ်လိုက်.... (မှန်လှပါဘုရား) သဘောကျပလား.... ( ကျပါပြီဘုရား)။

ပျင်းတဲ့စိတ်ကလေးလာယင်.... (ပျင်းတဲ့စိတ်ကို အရင်ရှုရပါမယ်ဘုရား)။

ဘာဖြစ်လို့ အရှင်ဘုရား ...၊ ပျင်းတဲ့ပုဂ္ဂိုလ် ပျင်းတဲ့စိတ် အရှုခိုင်းရသတုံး... လို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ သိပါတယ်တဲ့၊ ဧဟိ=လာခဲ့ပါ၊ ပဿ=ရှုပါ၊ ဧဟိပဿိကော....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပျင်းတဲ့စိတ်ကလေးဟာ တကာတကာမတို့ ဧဟိ=လာခဲ့ပါ၊ ပဿ=ငါ့ကိုရှုပါလို့ ခေါ်ပါတယ်.... (ခေါ်ပါတယ် ဘုရား)။

အဲဒါ သူက အရှုခေါ်တာ၊ ခင်ဗျားတို့က သူ့ကို ရှုရမည့်ဥစ္စာ ခင်ဗျားတို့က ဒီနေရာက ထပြေးဘို့ မလိုဘူး.... (မလိုပါဘုရား)။

သို့သော်... ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒီလို သင်ကြားပေးမည့် ဆရာသမားမရှိတော့ ထိုင်ရတာ ပျင်းလှပြီဗျာ သွားတော့မယ်... (မှန်လှပါဘုရား) ဆိုတော့ ခေါ်တဲ့ဆီ သွားသလား... တဲ့၊ တကာတကာမတွေက "ဧဟိပဿိကော" ဆိုတဲ့ ဓမ္မကို လိုက်နာသလား၊ ခုနင်က ပျင်းတဲ့စိတ် စီမံရာကိုဘဲ ပျင်းတဲ့စိတ်က တကာ တကာမတွေ အပါယ်လေးပါး ဆွဲချချင်လို့ လာတဲ့စိတ် ဟင်.... ( မှန်လှပါဘုရား ) အဲဒီစိတ်နောက်လိုက်သွားသလား....(အဲဒီစိတ်နောက်လိုက်သွားပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်မဖြတ်ဘဲနဲ့ ပဋိစ္စသမုပ္ပါဒ် ဆက်နေတဲ့နောက်လိုက်တယ်... (မှန်လှပါဘုရား)။

ကိုင်း.... တကာ-တကာမတို့.... ခန္ဓာကိုယ် စောင့်ကြည့်ယင် ပျင်းတဲ့စိတ်ကလေး အရင်လာတယ် ဆိုကြပါစို့.... ( မှန်လှပါ ဘုရား)။

ခန္ဓာကိုယ်စောင့်ကြည့်တော့ ဘယ်စိတ်က အရင်လာတတ် သတုံး....(ပျင်းတဲ့စိတ်က အရင်လာတတ်ပါတယ်ဘုရား)။

အင်း....ဘုန်းကြီးက ရှူပြီးနေပါ၊ ရှိုက်ပြီးနေပါ၊ မှန်မှန် ကလေးရှူပြီးလာတဲ့အခါကျမှ ဖမ်းရှုတာပေါ့ဆိုတော့ ရှူ,ရှိုက် နေရတာလဲကြာပြီဆိုပြီး ပျင်းလှပါပြီ....ဆိုတဲ့ ဒေါသကလေး မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကလေးလာလို့ ရှိယင် ခင်ဗျားတို့က တခါတည်း မှတ် ထား ဟေိပဿိကောသာ ရှုတ်လိုက်....(မှန်ပါ့ဘုရား)။

ဘာရှုတ်မယ်....(ဟောိပဿိကောရှုတ်ရပါမယ်) ဟောိကဘာတုံး (လာပါ)ပဿ... (ရှုပါဘုရား)။

ပဿကရှုပါ.... (မှန်ပါ့) ဟောိက....( လာပါ ) ပဿက .... (ရှုပါဘုရား)။

နဂိုရ်တုန်းက ဘာမှမရှိဘူး၊ ရှူတာက ရှိုက်တာကလေးနဲ့ နေရတာ ရှုစရာကို မရှိသေးတာ၊ ယခု ပျင်းတဲ့စိတ်လေးက ပေါ်လာတော့ ခင်ဗျားတို့ မသိဘူးလား .. (သိပါတယ်ဘုရား)။

သိလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ဩော် .... ဒီစိတ်ကလေး ဟာလဲ အခုမှပေါ်တဲ့ အသစ်ကလေးဘဲ....(မှန်ပါ့) အခုဘဲပျက်

သွားတာဘဲလို့ သူခေါ်ရာကို မဂ္ဂင်ကလိုက်ပါ .... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

သူခေါ်ရာကို .. ( မဂ္ဂင်ကလိုက်ရပါမယ် ) မဂ္ဂင်ကလိုက်လိုက်တော့ ဘုရားဟောနဲ့ ခင်ဗျားတို့က ညီသွားတယ်....(ညီပါတယ်) အင်း....ဘယ်ပါဠိတော်နဲ့ ညီသွားပါလိမ့် .... (ဟေိပဿိကောနဲ့ ညီပါတယ်ဘုရား)။

ဘုရားက ဘယ်လိုဟောပါလိမ့်... (ဟေိပဿိကောပါ) ဟေိ= လာခဲ့ဆိုတာ ဒီပျင်းတဲ့စိတ်က ခေါ်တာ....(မှန်ပါ့)ပဿ = ရှုပါ ဆိုတာကော.... (သူကပါဘဲ) သဘောကျပလား ... (ကျပါပြီ ဘုရား)။

ဟေိ=လာခဲ့ဆိုတာ ဘယ်သူကခေါ်သတုံး....(ပျင်းတဲ့စိတ်က ခေါ်ပါတယ်)ပျင်းတဲ့စိတ်က ပဿ=ရှုပါလို့ဆိုတာလဲ ကျုပ်ကို ရှုပါလို့ဆိုတာ သူကဘဲခေါ်တာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါ့ဖြင့် တကာတကာမတို့ ဟေိ=လာခဲ့၊ ပဿ=ရှုပါဆိုပြီး ကျုပ်တို့ကထ,ပြေးရမှာလား၊ ရှုရမှာလား....(ရှုရမှာပါဘုရား)။

ဟိုက မဂ်ဉာဏ်ပေးမလို့ ခေါ်နေတာ ခင်ဗျားတို့က အပါယ် ပြေးမလို့ စိတ်ကူးတယ်....(မှန်ပါ့ဘုရား)။

ဟိုက ဘယ်လိုခေါ်တာပါလိမ့် .... (မဂ်ဉာဏ်ပေးမလို့ခေါ်တာပါ) ဟေိ=လာခဲ့ပါ၊ ပဿ=ရှုပါဆိုလို့ရှုယင် သူ့ရှုလိုက်ယင် ကျုပ်တို့ မဂ်ပေးတာဘဲ....(မှန်ပါ့ဘုရား)။

သူ့ရှုလိုက်ယင်.... (မဂ်ပေးပါတယ်) ဩော်....ပျင်းလှသေး

တယ်ဆိုတဲ့ ထပြေးမည့် စိတ်လာတာကတော့ သူကတော့ မဂ်ပေးမလို့ ခေါ်တာ၊ ကျုပ်တို့က ဒယ်အိုး သွားယူသလိုဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

သူက ဘာပေးမလို့ ခေါ်တာတုံး.... (မဂ်ပေးမလို့ခေါ်တာပါဘုရား)အားကိုးရာဖြစ်တဲ့ မဂ်ပေးမလို့ တကာကြွယ်ရ ခေါ်တာပါ....(မှန်ပါ့ဘုရား)။

အားကိုးရာဖြစ်တဲ့ မဂ်ပေးမလို့ခေါ်တာကို တကာတကာမတွေက ပျင်းဘဲ့စိတ်ကလေး ပေါ်လာတော့ ပျင်းတဲ့စိတ်ဆိုတာ ဒေါသ....(မှန်ပါ့) ဒေါသနောက်က နေပြီးတော့ ခင်ဗျားတို့က "ဟေ့ပယ်သိကော"နဲ့ မဂ္ဂင်မလိုက်ဘဲနဲ့ ဒါကဒေါသ.... (မှန်ပါ့) ဒေါသနောက်က သောက၊ သဘောကျပလား.... ( ကျပါပြီ ) ပရိဒေဝ,ဒုက္ခ, ဒေါမနဿ....( မှန်ပါ့ ) ဒါတွေထဲမှာ အဝိဇ္ဇာတွေ တဲ့လျက်... (မှန်ပါ့)ဒီအထဲက အဝိဇ္ဇာကမပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီတော့"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ အပါယ်ဝိညာဏ်"ဆိုပြီး ခင်ဗျားတို့က အပါယ်ပြေးတယ် .... (မှန်ပါ့ဘုရား)။

ခေါ်တာက ခင်ဗျားတို့အားကိုးရာမဂ်ရအောင်လို့ ဟေ့ပယ်သိကောနဲ့ ဒေါသကခေါ်တယ်...(မှန်ပါ့) ခင်ဗျားတို့က ခေါ်ရာမသွားဘဲနဲ့ တကာတကာမတို့ ကျုပ်သွားချင်တဲ့ဆီ သွားမယ်ဆိုပြီး သကာလ ပျင်းတာနဲ့ ပျင်းတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်နေတယ်.... (မှန်ပါ့)မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ပျင်းတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပျင်းစက ဒေါသ .... (မှန်ပါ) သူ့နောက်က သောက.... ( မှန်ပါ ) "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာသင်္ခါရ" မလာဘူးလား .... (လာပါတယ် ဘုရား)။

ဩော်....တကာတဟာမတို့ မင်္ဂပေးမလို့ ခေါ်တာ ကျုပ်တို့က အပါယ်သွားမလို့ ဆုံးဖြတ်ချက်ချလိုက်တယ် .... (မှန်ပါ ဘုရား)။

ခေါ်တာက ဘာပါလိမ့်.... ( မင်္ဂပေးမလို့ ခေါ်တာပါ ) ခင်ဗျားတို့ စိတ်ထဲက ဘယ်သွားချင်ပါလိမ့်....(အပါယ်သွားပါ တယ်ဘုရား)။

ခက်တယ်-ခက်ဘယ် တကာဘကာမတို့ နော်.... ( မှန်ပါ ) တကာကြွယ် သိပ်ခက်ပါလား....(ခက်ပါတယ်ဘုရား)။

အသုံးမချတတ်တော့ တယ်ခက်ပါလား.... ( ခက်ပါတယ် ) ပဌမပေါ်တဲ့ စိတ်ကလေးဟာ တကာသစ် ပျင်းတဲ့စိတ်ကလေး ဟာတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ရှေးဦးစွာလာချင်လဲ လာတတ်တယ်....(မှန်ပါဘုရား)။

လာတော့ သူ့နေရာကို ခင်ဗျားတို့က ဘာနဲ့သွားရမတုံး.... (မင်္ဂနဲ့သွားရပါမယ်ဘုရား)။

မင်္ဂနဲ့ သွားလိုက်တဲ့အခါကျတော့ သွားတဲ့အချိန် သူရှိသေး ရဲ့လား... (မရှိပါဘုရား)။

ခေါ်တဲ့အချိန်မှာ သူရှိတယ်....(မှန်ပါ) သွားကြည့်လိုက်တဲ့ အချိန်ကျတော့ သူရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ သူသည် ကျုပ်မရှိတော့ပါဘူး၊ ကျုပ်ဟာ အနိစ္စ ပါဘဲလို့ ပြောသွားတယ်....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့်ခင်ဗျားတို့ကခန္ဓာကိုယ်ထဲ"သဒေါသံဝါစိတ္တံ" သဒေါသံစိတ္တန္တိပဇာနာတိ" ဆိုတဲ့အတိုင်း ဒီဒေါသစိတ်ကလေး ဟာလဲ ဖြစ်ပြီး ပျက်တာပါလားလို့ မဂ်က မသိဘူးလား .... (သိပါတယ်ဘုရား)၊

ဒီလိုသိအောင် အနိစ္စ၊ မဂ္ဂ .... ( မှန်ပါ့ ) သွားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

အနိစ္စ....(မဂ္ဂဖြစ်သွားပါတယ်) ခေါ်တာက အနိစ္စ၊ လိုက် တာက မဂ္ဂ....(မှန်ပါ့ဘုရား)။

ခေါ်တာက....(အနိစ္စပါဘုရား)လိုက်တာက-(မဂ္ဂပါဘုရား) ဩော်....ဒါဖြင့် ခေါ်ရာကိုလိုက်ပြန်လို့ရှိယင်လဲ တကာ့တကာမ တို့ မဂ်ရတယ်....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါ ပြီဘုရား)။

ခေါ်ရာလိုက်ပြန်တော့လဲ.... (မဂ်ရပါတယ်ဘုရား) အဲဒါ ကြောင့် အခု တရားနာတဲ့ပုဂ္ဂိုလ်တွေ ပျင်းယင် ပျင်းတဲ့စိတ် ဖြစ်ပျက်ရှု... (မှန်လှပါဘုရား)။

ပျင်းယင် ... ( ပျင်းတဲ့စိတ် ဖြစ်ပျက်ရှုရပါ့မယ် )ပျင်းတဲ့စိတ် ဘယ်မှာပေါ်သတုံးဆိုတော့ ဒေါသစိတ်ဟာ ဟဒယဝတ္ထုပေါ် မှာပေါ်လေ့ရှိပါတယ်...(မှန်ပါ့)သဘောကျပလား....(ကျပါ ပြီဘုရား)။

ဒေါသဟာ ဘယ်မှာပေါ်လေ့ရှိကြသတုံး ....(ဟဒယဝတ္ထု ပေါ်မှာ ပေါ်လေ့ရှိပါတယ်) အဲဒီ့ပေါ်တဲ့စိတ်ကို ဘာလုပ် ကြရမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဘာဖြစ်လို့ ခင်ဗျားတို့က ဖြစ်ပျက်ရှုရတာတုံး မေးတော့ ပါဠိတော်ရွတ်လိုက် ..(ဟေဟိပဿိကောပါဘုရား)။

ဟေဟိပဿိကော နော် ...(မှန်ပါ့) ဟေဟိ= ပျင်းတဲ့စိတ်က လာခဲ့ ပါတဲ့၊ ပဿ=ကျုပ်ကိုဘဲရှုပါ....( မှန်ပါ့ )မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)။

ဪ....တကာတကာမတို့ကလဲ ဟေဟိပဿိကော ဘုရားရှေ့ သာ ရွတ်တတ်တယ်၊ ကိုယ့်ကိုတိုက်ရိုက်ခေါ်တော့ မသွားတတ် ဘူး....(မသွားတတ်ပါဘုရား)။

ဒါဖြင့် ဘုရားရှေ့တော့ ခင်ဗျားတို့က စာပြန်တာပေါ့ မမေ့အောင် ဟုတ်လား....( မှန်ပါ့ ) အလုပ်-လုပ်ပါဆိုတော့ မလုပ်တတ်ဘူး....( မလုပ်တတ်ပါဘုရား ) စာပြန်ပါဆိုတော့.... (ပြန်တတ်ပါတယ်) စာတော့ ဘတ်တတ်တယ်၊ အဓိပ္ပါယ်မသိတဲ့ ခလေးတွေနဲ့တူနေတယ်....(မှန်ပါ့ဘုရား)။

အင်္ဂလိပ်စာ ဖတ်တော့ ဖတ်ဘတ်တယ်၊ အဓိပ္ပါယ်ပြန်စမ်းပါ ဆိုတော့ ဒါတော့ မသိဘူး၊ ဖတ်တတ်ဘာ ရှိတာဘဲ.... (မှန်ပါ့) ခင်ဗျားတို့သဲ ဒီလို ဖြစ်နေတယ်....(မှန်ပါ့)။

တကာကြွယ်....ဒါဖြင့် ယနေ့က စပြီး ဟေဟိပဿိကောဆိုတာ သဘောကျပလား....(ကျပါပြီ) ဟေဟိက ဘာတုံး....( လာပါ ) ပဿက....(ရှုပါ)။

ဒါဖြင့် ပေါ်တဲ့ ဓမ္မဟူသရျှဟာဖြင့် ခေါ်တာချည်းဘဲ....( မှန်ပါ )ခင်ဗျားတို့ မလိုက်တာက ခဲယဉ်းတယ်....(မှန်လှပါဘုရား)။

ခေါ်တဲ့ဆီ မလိုက်လို့ ရှိယင်ဖြင့် စိမံရာ သွားမယ်ဆိုတဲ့ — အဓိပ္ပါယ်ရောက်တယ်....(ရောက်ပါတယ်ဘုရား)။

ခေါ်တဲ့ဆီ မသိုက်ယင်....(စီမံရာ သွားမယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်ပါတယ်ဘုရား)။

တကာကြွယ်....ဒီနှစ်ခု ရှင်းရဲ့လား....(ရှင်းပါတယ်) ခေါ်တဲ့ဆီ လိုက်ယင် မဂ်ရမယ်....( မှန်ပါ ) စီမံရာလိုက်ယင် အပါယ်ရောက်မယ်....(ရောက်မှာပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ခေါ်တဲ့ဆီလိုက်ယင်... (မဂ်ရပါမယ်ဘုရား)စီမံရာလိုက်ယင်--(အပါယ်ကျပါမယ်ဘုရား)။

ခေါ်တဲ့ဆီ လိုက်တော့ ဖြစ်ပျက်၊ မဂ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)ခေါ်တဲ့ဆီ လိုက်တော့....(ဖြစ်ပျက် မဂ်ပါ) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားတယ်....(မှန်ပါ)။

ခေါ်တော့ ခေါ်တယ်ဘုရား... တပည့်တော်တို့ကလဲ မသိလိုက်ဘူး၊ ဟုတ်လား....(မှန်ပါ)မသိလိုက်ဘူးလို့ ဆိုတဲ့ အခါကျလို့ ရှိယင် အဝိဇ္ဇာ သင်္ခါရဘက် လိုက်သွားတယ်....(မှန်လှပါဘုရား)။

အဝိဇ္ဇာပစ္စယာ....( သင်္ခါရပါ ) ဒီဘက် လိုက်သွားတယ်၊ မလိုက်လို့ ရှိယင်လဲ ဒေါသနောက်က ကိုယ့်ဒေါသကိုယ် မနိုင်လို့ သောကတွေ ပရိဒေဝတွေ ဒုက္ခဒေါမနဿ အဝိဇ္ဇာ သင်္ခါရဘက် လိုက်သွားတယ်....(မှန်ပါ)။

ဒါဖြင့် ခေါ်ရာကို လိုက်ယင် မင်....(မှန်ပါ့)စိမ်ရာကို လိုက်ယင် အပါယ်လေးပါး....(မှန်ပါ့)။

ခေါ်ရာကို လိုက်ယင်....( မင်္ဂပါဘုရား )စိမ့်ရာလိုက်ယင်....(အပါယ်လေးပါးပါဘုရား)။

တကာကြွယ် ဒီနှစ်လုံးဟာ သဘောပျော်တဲ့ တရား....(မှန်ပါ့) ဒီနှစ်လုံးဟာ သဘောပျော်တဲ့ တရားပါဘဲ...(မှန်ပါ့)။

တကာသစ် ရိပ်မိပလား....(ရိပ်မိပါပြီ)ခေါ်ရာကို လိုက်ယင်တော့....(မင်္ဂပါဘုရား)မင်ရတယ်နော်....(မှန်ပါ့)ခေါ်ရာ မလိုက်ပါဘူး၊ သူတို့ စိမ်ရာ လိုက်ပါတော့မယ်ဆိုတော့ .... (အပါယ်လေးပါးပါဘုရား)အပါယ်လေးပါးဘဲ ရတယ် .... ( မှန်ပါ့ )။

ကြည့်လေ... အဝိဇ္ဇာ သင်္ခါရဆိုတော့ ဝိညာဏ် နာမ်ရုပ်ဘက် လှည့်မသွားဘူးလား....( လှည့်သွားပါတယ် ) အဲ... ပဋိသန္ဓေ ဝိညာဏ်က အပါယ်ဝိညာဏ်လဲ ဖြစ်နိုင်ပါတယ် .... (မှန်လှပါဘုရား)။

ဒါကြောင့် ဆရာဘုန်းကြီး မှာတာက စောင့်ပြီး ကြည့်လို့ ရှိယင် ပျင်းတဲ့စိတ် အရင်လာချင် လာလိမ့်မယ်... (မှန်ပါ့) လာလို့ရှိယင် ပျင်းတဲ့စိတ် နောက်ကို ကျုပ်တို့ ဉာဏ်ကလိုက်၊ မဂ္ဂင်ငါးပါးက လိုက်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း...ဘုန်းကြီးက အဆန်းဟောနေတာလား .... အင်္ဂုတ္တိုရ်ပါဠိတော်မှာဘဲ မင်းတို့ "ဟေတုပဿိကော" သဘောကျအောင် လုပ်ယင် မင်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်ဆိုတဲ့ ဥစ္စာ တကာ တကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပျင်းတဲ့ စိတ်က ဟေ=ငါ့ဆီ လာခဲ့....(မှန်ပါ့)ပဿ=ငါ့ကို ရှုပါ....(မှန်ပါ့)တကာ့တကာ့မှတွေ့ကို သူက ခေါ်လဲခေါ်တယ် ငါ့ရှုလို့ ဆိုပြီး မဂ္ဂင်နဲ့ လိုက်လိုက်တဲ့အခါကျတော့ ရှိသေးရဲ့လား....(မရှိပါဘုရား) ဘယ်ရှိမလဲ....နှစ်စိတ်မှ မပေါ်ဘဲ....(မှန်ပါဘုရား) ပျင်းတဲ့စိတ် ချုပ်၊ မဂ်စိတ်နဲ့ အသက်ရှင်နေတယ်—(မှန်ပါ့)။

ပျင်းတဲ့ စိတ်က....(ချုပ်ပါတယ်ဘုရား)မဂ်စိတ်နဲ့... (အသက်ရှင်ပါတယ်ဘုရား)။

မဂ်စိတ်နဲ့ အသက်ရှင်တော့ အရှင်က-နေပြီး အသေကြည့်လိုက်တဲ့အခါကျတော့ မရှိတာ တွေ့တယ်....(မှန်ပါ)ဒါဖြင့် မရှိတာက အနိစ္စ၊ တွေ့တာက... (မဂ္ဂပါဘုရား)။

မရှိတာက--(အနိစ္စပါဘုရား) တွေ့သိတာက... (မဂ္ဂပါဘုရား) ကဲ.... ပါဠိတော်နဲ့ သူက ကိုက်သွားတယ် .... (ကိုက်ပါတယ်ဘုရား)။

အားလုံး တကာ့တကာ့မတွေ့ ဘုန်းကြီးပြောတာ မရှုတတ်စရာများ ရှိသေးသလား....(မရှိပါဘုရား)။

ဘယ်သူက ခေါ်ခေါ် လိုက်....(မှန်ပါ့) ဥပမာမယ် ကိုယ်ပေါ်မှာ ယားတယ်၊ ယားတာကလေး ပေါ်လာတယ်ဆိုကြပါစို့....(မှန်ပါ့) တကာ့သစ်က ဘာလုပ်မယ်... (မဂ်နဲ့ လိုက်ရပါမယ်ဘုရား)။

လိုက်တဲ့အခါကျတော့ကို ယားတာကလေးကို တွေ့သေးရဲ့လား....(မတွေ့ပါ)ယားတာက ဘာဆိုကြမယ်....( အနိစ္စပါ ) ယားတာက အနိစ္စ၊ သိတာက မဂ္ဂဆိုတော့ သူ ခေါ်ရာလိုက်ယင် မဂ်ရတယ်....(မှန်ပါ့)။

သူခေါ်ရာလိုက်ယင်...(မဂ်ရပါတယ်)အင်း....ဒါဖြင့် တကာ တကာမတို့စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊လောဘစိတ် ကလေး ဆိုကြပါစို့....(မှန်ပါ့)ထမင်းဆာလာတယ်၊ တရားအား ထုတ်တာ နဲ့နဲ့ကလေး ကြာလာလို့ ထမင်းဆာလာတယ် ဆိုတော့ ထမင်းဆာတဲ့ စိတ်ကလေး နောက်ကို ခင်ဗျားတို့က ထမင်းဆာတဲ့ စိတ်ဟာ ဒီအတိုင်း နေမည့် စိတ်လား .... ပျက်စီး မည့် စိတ်လားလို့ ... လိုက်ကြည့်စမ်း....(ပျက်စီးမည့် စိတ်ပါ ဘုရား)။

ဘာတွေ့သတုံး...(ပျက်စီးတာ တွေ့ပါတယ်) ဒါဖြင့် ပျက် စီးတာက ဘာခေါ်သတုံး....(အနိစ္စပါ) လိုက်တာက....(မဂ္ဂပါ ဘုရား)။

ဒါ စိတ္တာနုပဿနာ....(မှန်ပါ့) ရှင်းပလား ...( ရှင်းပါပြီ ) ဒါ ဝေဒနာနုပဿနာဆိုလဲ ဟုတ်တာဘဲ၊ ဓမ္မာနုပဿနာဆိုလဲ ဟုတ်တာဘဲ၊ ဖြစ်ပျက်တွေ့တဲ့အခါကျတော့ သစ္စာချည့် တွေ့ တာဘဲ...(မှန်ပါ့)။

သစ္စာတွေ့ယင် ဓမ္မာနုပဿနာ ဖြစ်သွားတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်မတုံး ဆိုတော့ ခေါ်ရာ လိုက်တဲ့ အလုပ်...(မှန်ပါ့)။

မှတ်မိကြပလား....(မှတ်မိပါပြီဘုရား) ဝိပဿနာ အလုပ်ဆို တာ....(ခေါ်ရာ လိုက်တဲ့ အလုပ်ပါဘုရား)။

ခင်ဗျားတို့က ယားတယ်ဆိုလို့ ရှိယင် ယားတဲ့ဆီကို ဉာဏ် နဲ့ လိုက်ရမယ်....(မှန်ပါ့)။

ခင်ဗျားတို့က ဒီလိုတော့ မလိုက်ဘူး၊ ယားဘဲ ယားနိုင်လွန်းတယ်ဆိုတော့ ယားတဲ့ နောက်က-နေပြီး ဒုက္ခနောက်က ဒေါသလိုက်သွားတယ်....(မှန်ပါ)။

တော်တော်ခက်ပါသေးတယ်....(မှန်ပါ)ခင်ဗျားတို့က ဒေါသတဲ့ တရားနဲ့ ရန်ဖြစ်တယ် (မှန်ပါ) မဂ်ဉာဏ်ပေးမည့် တရားနဲ့ (ရန်ဖြစ်ပါတယ်ဘုရား)။

ဖြစ်မှ ဖြစ်ရပလေ...၊ပစ္စည်းပေးမည့် ပုဂ္ဂိုလ်၊ အိုဘေး နာဘေး သေဘေး တားပေးမည့် ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်ရတယ် ဆိုကတည်းက ခင်ဗျားတို့လောက် ဆိုးဝါးတာလဲ ရှာမတွေ့ဘူး....(မတွေ့ပါ)တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်....(ဒေါသရလိုက်တဲ့ အလုပ်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒေါသကော ဒေါသလဲ ဒေါသနောက်လိုက်-(မှန်ပါ) လောဘ ဒေါသယင် .... (လောဘနောက်လိုက်ရပါမယ်ဘုရား)ဘာနဲ့ လိုက်မယ်... (မဂ်နဲ့ လိုက်ရပါမယ်ဘုရား)။

လိုက် လိုက်တဲ့ အခါကျတော့ ဒေါသတဲ့ တရားက ဒေါသဒေါသသေသေ....(မှန်ပါ)ဒေါသဒေါသ....(သေသေပါဘုရား)။

အဲဒီတော့ ဘာတွေသတုံး....(အနိစ္စတွေပါတယ်)အနိစ္စတွေတော့ကို အနိစ္စနဲ့ မဂ္ဂနဲ့ဟာ ကိုက်သွားတယ်....(ကိုက်သွားပါတယ်ဘုရား)။

အနိစ္စနဲ့ ... (မဂ္ဂနဲ့ ကိုက်သွားပါတယ်) ဒုက္ခနဲ့ မဂ္ဂနဲ့ကော-(ကိုက်သွားပါတယ်) အနတ္တနဲ့ မဂ္ဂ.... ( ကိုက်သွားပါတယ် ) အသုဘနဲ့ မဂ္ဂနဲ့... (ကိုက်သွားပါတယ်ဘုရား)။

ဒီ ဝိပ္ပလ္လာသတွေ အကုန်ချေတာဘဲ .... ( မှန်ပါ့ဘုရား ) ဒီ လိုသာကိုက်အောင် လုပ်နေလို့ ရှိယင်ဖြင့် သညာဝိပ္ပလ္လာသ အမှတ်မှားကလဲ၊အင်း....အနိစ္စမြင်ကတည်းက မရှိဘူး....(မှန်ပါ့) ဒုက္ခမြင်ကတည်းကစိတ္တဝိပ္ပလ္လာသဘာမရှိဘူး....(မှန်ပါ့) အနတ္တမြင် ကတည်းက ဒိဋ္ဌိဝိပ္ပလ္လာသ....(မရှိပါဘုရား)။

မရှိတော့ဘူး၊ ဩော်....ဒီတံတိုင်းကြီး ပြိုသွားတာ ခေါ်ရာ လိုက်တဲ့နည်းနဲ့ လိုက်မှကိုးဆိုတာ ပေါ်လာတယ် (မှန်ပါ့ဘုရား)။

ဘယ်ဟာ ပေါ်ပါလိမ့် .. (ခေါ်ရာလိုက်တဲ့ နည်းနဲ့လိုက်တာ ပေါ်ပါတယ်ဘုရား)။

ဟေိဆိုတာ ဘာပါလိမ့် .. ( ခေါ်တာပါ )လာခဲ့.... (မှန်ပါ့ အရှုခိုင်းတာပါဘုရား)အင်း....လာခဲ့ခေါ်တာ....(မှန်ပါ့ဘုရား)။

ဟေိက ဘာပါလိမ့်....(လာခဲ့ခေါ်တာပါ) ပဿက .... (ရှု ခိုင်းတာပါ)အဲ....ရှုပါလို့ဆိုတာ လာပါ-ရှုပါ....(မှန်ပါ့)တရား ဓမ္မက မခေါ်ဘူးလား....(ခေါ်ပါတယ်) ဘယ်လိုခေါ်ပါလိမ့် (ဟေိပဿပါဘုရား)။

အေး... ဟေိက=လာခဲ့၊ ပဿက=ရှုပါ၊ လာသာရှုစမ်းပါ၊ ဟုတ်လား ခင်ဗျားတို့... (မှန်ပါ့) လာရှုယင် ကျုပ်က ဒုက္ခသစ္စာ ပြောပါမယ်....(မှန်ပါ့)ဖြစ်ပျက် ဒုက္ခသစ္စာပြောပါမယ်(မှန်ပါ့) ဖြစ်ပျက်ဒုက္ခသစ္စာ ပြောပါ့မယ်လို့ မပြောဘူးလား .... (ပြော ပါတယ်)ကဲ....ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယားတဲ့နေရာဆိုလို့ရှိယင် သွားမဖျောက်နဲ့၊ ဉာဏ်နဲ့ သိုက်-လိုက်....(မှန်ပါ့) နာတဲ့နေရာကို....(ဉာဏ်နဲ့ လိုက်ရပါတယ် ဘုရား)။

စားချင်တဲ့ စိတ်ကလေးရှိတဲ့နေရာကော .... (ဉာဏ်နဲ့ လိုက်ရပါမယ်) အိပ်ချင်တဲ့ စိတ်ကလေးရှိတဲ့နေရာ .... (ဉာဏ်နဲ့ လိုက်ရပါမယ်ဘုရား)။

အကုန်လိုက်ပါ၊ "သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ" ဆိုတဲ့ ထင်နမိဒ္ဓပေါ်ယင် ထိနမိဒ္ဓကို ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား)။

"ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ" ဆိုတော့ ဥဒ္ဓစ္စကုက္ကုစ္စတွေ ပေါ်လဲ ဘာလုပ်ရမလဲ .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ခေါ်ရာလိုက်လို့ ရှိယင်ဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပါတယ်....(မှန်ပါ့) ခေါ်ရာမလိုက်တော့ ပါဘူးဆိုလို့ ရှိယင် ဒီတရားတွေ ဖြစ်ယင် အကုန် ပဋိစ္စသမုပ္ပါဒ်ဆက်ပြီး အပါယ်လေးပါးချည့် ပို့တယ်....(မှန်ပါ့ဘုရား)။

ခေါ်ရာမလိုက်ကြလို့ ရှိယင်.... (အပါယ်လေးပါးချည့်ပို့မှာပါဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဩော်....ဒါကြောင့် သတိပဋ္ဌာန် တယ်အရေးကြီးပါလား၊ ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

သတိပဋ္ဌာန်ဟာ....( အရေးကြီးပါတယ်ဘုရား ) အရေးကြီးတယ်ဆိုတာ ရှင်းရှင်းလင်းလင်း မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

အေး.... ဒါ့ကြောင့် ဟေ့ပယ်ကော ဆိုတာကလေးကိုဖြင့် ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

“ဟေဝိပဿိကော”က ဘုရားရှိခိုးဘို့ တရားရှိခိုးဘို့ဟော ထားတာဆိုလဲ ဟုတ်ပါတယ်.... (မှန်ပါ) အဲဒါ ဓမ္မာနုဿတိဖြစ် တယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာလုပ်တဲ့ အခါကျတော့ ဓမ္မာနုဿတိ မဟုတ်ဘူး၊ ဝိပဿနာသွားဖြစ်တယ် .... ( မှန်ပါ ) မဂ်ရဘို့သွားဖြစ်တယ်.... (မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်“ဟေဝိပဿိကော”ဆိုတဲ့ဥစ္စာ ခေါ်ရာလိုက်တာဘဲ.... (မှန်ပါ)ခေါ်ရာလိုက်တော့ ခင်ဗျားတို့ ရိုးရိုးတော့ မလိုက်ပါနဲ့ တဲ့....(မှန်ပါ) ရိုးရိုးမလိုက်ပါနဲ့ တကာတကာမတို့ တလုံးတိုး လိုက်ပါဦးနော်.... ( မှန်ပါ ) သန္ဒိဋ္ဌိကော=ကိုယ့်အမြင်နဲ့ ကိုယ် လိုက်စမ်းပါ....(မှန်ပါဘုရား)။

သန္ဒိဋ္ဌိကော ဆိုတာက....(ကိုယ့်အမြင်နဲ့ ကိုယ်လိုက်ရမှာပါ ဘုရား)။

ကိုယ့်အမြင်နဲ့ ကိုယ်လိုက်လိုက်တဲ့ အခါကျတော့ ခေါ်ရာကို လဲ ဟေဝိပဿိကောနဲ့ လိုက်လိုက်တော့ ဒီအတိုင်း မလိုက်ပါနဲ့ တဲ့၊ ဉာဏ်အမြင်နဲ့ လိုက်-လိုက်စမ်းပါ.... (မှန်ပါ)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အင်း... ဘာအမြင်နဲ့ လိုက်ရမလဲ.... (ဉာဏ်အမြင်နဲ့ လိုက်ရပါ မယ်ဘုရား)။

ဉာဏ်အမြင်နဲ့ လိုက်လိုက်တော့ အရင်ခေါ်တဲ့လူက ရှိတယ် ... (မှန်ပါ)ခေါ်တဲ့လူက ရှိဘာယ်၊ နောက်ကျလာတော့ တကယ့် ဉာဏ်အမြင်နဲ့ လိုက်လိုက်တဲ့ အခါကျတော့ မရှိတာတွေ့တယ်.... (မှန်ပါ)သဘောကျပသား....(ကျပါပြီဘုရား)။

အဲဒီတော့ကို ကိုယ်တိုင်မြင်လား- သူတပါးပြောတာလား.... (ကိုယ်တိုင်မြင်ပါဘုရား)။

အဲဒါ အနိစ္စကိုယ်တိုင်မြင်ဆိုတာ တကာတကာမတို့ ဟေိ ပဿိကောဒေါရာကို 'သန္ဒိဋ္ဌိကော' က ဉာဏ်နဲ့လိုက်လိုက်လို့ ရှိယင် ကိုယ်တိုင်မြင်တာပါဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဟေိ ပဿိကောက ခေါ်သနော်....(မှန်ပါ့)သန္ဒိဋ္ဌိကောက ဘယ်လိုလိုက်ရမယ်.... ( ဉာဏ်အမြင်နဲ့ လိုက်ရပါမယ်ဘုရား ) ကိုယ်တိုင်မြင်အောင် ဉာဏ်နဲ့လိုက်လိုက်ပါ့....(မှန်ပါ့ဘုရား)။

ဉာဏ်နဲ့ လိုက်လိုက်တဲ့အခါကျတော့ ရှိတာ တွေ့သလား.... မရှိတာ တွေ့သလား....(မရှိတာ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် မရှိတာ ဘာခေါ်မယ်.... (အနိစ္စပါဘုရား) အဲ.... မရှိမှန်း သိတာက... (မဂ္ဂပါဘုရား)။

အဲဒီတော့ အနိစ္စနဲ့ မဂ္ဂနဲ့သာ ခင်ဗျားတို့ လိုက်နေပါဆိုတာ ဟေိပဿိကောက ခေါ်ပြောသော်လဲ ဟိုမှာ တကာတကာမတို့ ဥပမာ--သားက လက်ယပ်ခေါ်နေလို့ အမေက သွားသလို ခင်လို့ သွားတာမျိုး မသွားဘဲနဲ့ သန္ဒိဋ္ဌိကောနဲ့ ကိုယ်တိုင် မြင်အောင် ဉာဏ်နဲ့ သွားစမ်းပါ....(မှန်ပါ့)။

ဒါဖြင့် ခင်သွား-မသွားနဲ့ ဉာဏ်သွား-သွားပါလို့ သန္ဒိဋ္ဌိကောက ဟောတယ်... (မှန်ပါ့)။

ခင်သွား-မသွားဘဲနဲ့....(ဉာဏ်သွား-သွားရပါတယ်) ခင်လို့ သွားတာကတော့ ခလေးက ဟိုက ငိုပြီးသကာလ နေတာနဲ့ ငို

ခေါ-ခေါ လိုက်တာနဲ့ အမေတွေက ကပြာကယာ ပြေးရတာ၊ အဖေတွေက ကပြာကယာ ပြေးရတာ ရှိသေးတယ်.... (မှန်လှပါ ဘုရား)။

အဲဒါက တကျော့ခေါ်လို့ ပြေးတာ....( မှန်ပါ )တကျော့က ဆွဲတာနဲ့ ပြေးလိုက်၊ သံယောဇဉ်က သံယောဇနိယ ဖြစ်တဲ့.... အာရုံက ဆွဲတာနဲ့ ပြေးရတယ်... (မှန်ပါ)အဲဒါက ဉာဏ်နဲ့ သွားတာ မဟုတ်ဘူး.... (မဟုတ်ပါဘုရား)။

ဒါကြောင့် အနမတဂ္ဂ သွားတဲ့အခါကျတော့ ခလုတ်တိုက်ရတာနဲ့ ဆူးငြိရတာနဲ့ အဝတ်မမြဲရတာနဲ့၊ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဒါကြောင့် ယောဂီကောက ခေါ်ငြားသော်လဲ သန္တိဋ္ဌိကော ဆိုတဲ့ ဉာဏ်ဦးစီးပြီး ပြေးလိုက်....(မှန်ပါ)ပြေးလိုက်တော့ ဘာတွေ့သတုံး .. (မရှိတာ တွေ့ပါတယ်ဘုရား)။

မရှိတဲ့ အနိစ္စတွေ့တယ် (မှန်ပါ) အဲဒီတော့မှ ဉာဏ်ကနေပြီးသကာလ သန္ဒိဋ္ဌိကောတို့က ရှုရတဲ့ဉာဏ်သည် အနိစ္စခန္ဓာကြီး ပါလားဆိုတော့ အမှတ်မှားရှိသေးရဲ့လား....( မရှိပါဘုရား )။

ခင်ပွန်း မင်ပွန်းဆိုတဲ့ အသိမှားကော.. (မရှိပါ)ခိုင်တယ်, မြဲတယ်ဆိုတဲ့ အယူမှားကော....(မရှိပါဘုရား)။

ဩော်...ဒါဖြင့် ယောဂီကော ခေါ်ရာကို သန္ဒိဋ္ဌိကောဆိုတဲ့ ကိုယ့်ဉာဏ်နဲ့ လိုက်လိုက်ပြီဆိုမှဖြင့် ဝိပ္ပလ္လာသ သုံးချက် စင်တယ်....(မှန်ပါ)။

ဘယ်နှစ်ခု စင်ပါလိမ့်....( ဝိပ္ပလ္လာသ သုံးချက် စင်ပါတယ်ဘုရား )။

တကာသစ်ရေ....သိပ်နေရာကျနေပြီ....( မှန်ပါ )ဒီတရားကို ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး တွင်တွင်ဟောနေပါလိမ့်မတုံး ဆိုတော့ ခင်ဗျားတို့ ရပြီးသား ပါဠိကို ခင်ဗျားတို့ အသုံးမချတတ်လို့....(မှန်ပါ)။

တကာကျော် ဘာတဲ့တုံး....(ကိုယ်ရပြီးသား ပါဠိကို ကိုယ်အသုံးမချတတ်လို့ပါဘုရား)။

ဆေးက သောက်ဆေး၊ ခင်ဗျားတို့က လိမ်းဆေး လုပ်နေတယ်....(မှန်ပါ)။

ဆေးက ဘာဆေးပါလိမ့်....(သောက်ဆေးပါဘုရား)ခင်ဗျားတို့က....(လိမ်းဆေး လုပ်နေပါတယ်ဘုရား)။

ခက်ပြီ...၊ ဒီရောဂါ ပျောက်မှာ မဟုတ်ပါဘူး.. (မပျောက်ပါဘုရား) ကိလေသာ နာ ပျောက်စရာ မြင်သေးရဲ့လား .... (မမြင်ပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံး....ဆေးအသုံး မှားနေတယ်.... (မှန်ပါဘုရား)ဆေးအသုံး မှားနေလို့ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က အန္တရာယ်ကင်း, ဘေးကင်းရှတ်တယ်....(မှန်ပါဘုရား) ဒါ လိမ်းဆေးလုပ်တယ်....(မှန်ပါ)ဟာ-ဒီဥစ္စာလိမ်းဆေး မလုပ်တော့ဘူး၊ ငါသည် ခေါ်ရာလိုက်နာယင် ဉာဏ်နဲ့ လိုက်မယ်ဆိုယင်တော့ သောက်ဆေးဖြစ်ပြီ....( မှန်ပါ )သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေသည် တရားဂုဏ်တော်တွေ ရှိငြားသော်လဲ အသုံးမချတတ်တာနဲ့ လိမ်းဆေးလုပ်ပြီး သုံးနေကြတာနဲ့ သံသရာရှည်တဲ့ သဘော ရောက်တယ်.... (ရောက်ပါတယ်ဘုရား)။

သောက်ဆေး လုပ်လို့ရှိယင် ခုလောက်ရှိယင် ကိစ္စပြီးပြီ.... (မှန်လှပါဘုရား) သဘောပါပလား.... (ပါပါပြီ)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဆိုတာ ဟေပယာ၀ကော ခေါ်ရာကို သန္တိဋ္ဌိကောနဲ့ လိုက်ပါ.... (မှန်ပါဘုရား)။

သေသေချာချာ မှတ်ပါ၊ ဒီ နှစ်လုံးဟာ အကုန်ပြီးတဲ့တရားလို့ တကာကြွယ်....မှတ်လိုက်စမ်း.... (မှန်ပါ)။

ဟေပယာ၀ကော ခေါ်ရာကို....(သန္တိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)။

အင်း....သန္ဒိဋ္ဌိကော ဆိုတော့ သာမံပယာိတဗ္ဗော၊ သာမံ=ကိုယ်တိုင်ဉာဏ်နဲ့၊ ပယာ၀တဗ္ဗော=မြင်အောင် လိုက်ပါ....(မှန်လှပါဘုရား)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီလို လိုက်လိုက်တဲ့အခါကျတော့ ခုနင်က ခေါ်တဲ့ တရား၏ ပဋိစ္စသမုပ္ပါဒ်ဆက်နိုင်သေးရဲ့လား....( မဆက်နိုင်ပါဘုရား )။

ဘာဖြစ်လို့တုံး...၊ သန္ဒိဋ္ဌိကော....ဆိုတဲ့ လိုက်တဲ့ ဉာဏ်က တကာတကာမတို့ တခါတည်း ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်လိုက်ပါတယ်....(မှန်ပါဘုရား) မဖြတ်ဘူးလား....(ဖြတ်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဪ....သူက ဟေိပဿိကော....ဟုတ်လား၊ သူက သန္ဒိဋ္ဌိကော... ဆိုတဲ့ မဂ်ဉာဏ်နဲ့ လိုက်-လိုက်တော့.... ဒီဘက်က ပဋိစ္စသမုပ္ပါဒ်တွေဟာ တန်းပြီး လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

ဒါဖြင့် ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်တဲ့ အတွက် ပဋိစ္စသမုပ္ပါဒ် ပြတ်ရတယ်.... (ပြတ်ပါတယ်ဘုရား) မလိုက်တဲ့ပုဂ္ဂိုလ်မှာဖြင့် ပဋိစ္စသမုပ္ပါဒ် ဆက်လျက်... ( မှန်ပါ ) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

ကဲ....ဒါနဲ့ ဒီလိုဘဲ ရှုရှု-ရှုရှုပြီးနေတော့ အဖြစ်အပျက်တွေက ခန္ဓာကိုယ်ထဲ စုံနေအောင် မတွေ့ပေဘူးလား.... (တွေ့ပါတယ်ဘုရား)။

အင်း....ဖြစ်ပျက်တွေ အကုန်စုံအောင် တွေ့လို့ရှိယင် တကာသစ် ယထာဘူတဉာဏ်ရပြီ... (မှန်ပလှပါ)။

ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ ဉာဏ်နဲ့ချည်း လိုက်လိုက်တော့ မရှိတာတွေချည်း မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား) ဒါဘာဉာဏ်ပါလိမ့်.... ( ယထာဘူတဉာဏ်ပါဘုရား)။

သို့သော်လဲ အမြဲတမ်း ခန္ဓာကြီးက ရှိပြီးသကာလ ခဏခဏ ဖြစ်လိုက်ပျက်လိုက်တွေက ခေါ်ခေါ်နေပြန်တော့ တကာကြွယ်ရေ....အဆုံးတွေ့အောင်, မုန်းသည်တိုင်အောင် လိုက်ရလိမ့်မယ်.... ( မှန်ပါဘုရား ) မလိုက်ယင် တော်ပါ့မလား.... ( မတော်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့.... ခေါ်ရာ လိုက်ပါများတော့ ဘာတွေ တွေ့သတုံး....ဆိုတော့ မရှိတဲ့ အသေတွေ တွေ့တယ် ဘုရား....(မှန်လှပါဘုရား)။

မရှိတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တဟုတ်လား- (မှန်ပါ) ရှုစရာ, မှန်းစရာဖြစ်တဲ့ အသုဘတွေဟာ တခါတည်း တွေ့တယ်....(မှန်လှပါဘုရား) တွေ့လိုက်ကတည်းကိုက ခုနင်က ဝိပ္ပလ္လာသတွေ ခံနိုင်သေးရဲ့လား....(မခံနိုင်ပါဘုရား) ရှိသေးရဲ့ လား....(မရှိပါဘုရား)။

ဪ....ဒါဖြင့် ဟေိပဿိကော ခေါ်ရာ သန္ဒိဋ္ဌိကောနဲ့ လိုက်တာနဲ့ ဝိပ္ပလ္လာသတောင်ကြီးပြိုရတယ်.... (မှန်လှပါဘုရား) ဝိပ္ပလ္လာသ တံတိုင်းကြီး ပျက်စီးရတယ်.... (မှန်လှပါ) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီတံတိုင်း ပျက်စီးပါလိမ့်မတုံး....မေးတဲ့ အခါကျတော့မှ တကာ သစ္စာရေ.... အကာလိကော.... (မှန် ါ) အခါမလင့် အကျိုးပေးချလိုက်တယ်....(မှန်ပါ)။

ဘယ်လို အကျိုးပေးပါလိမ့်.... (အခါမလင့် အကျိုးပေးပါ တယ်ဘုရား)။

အပါယ်သွားမည့် တရားတွေ နောက်ဆက်တွဲ မလာနိုင် အောင် အခါမလင့် အကျိုးပေးလိုက်တယ်....(မှန်ပါ)။

ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်တာနဲ့ အကာ လိကော ဆိုတဲ့ ခုနင်က အခါမလင့် အကျိုးပေးတယ်ဆိုတော့ အပါယ်သွားမည့်တရားတွေ အကုန် ဖြတ်ချလိုက်တယ်....(မှန်ပါ ဘုရား)။

ဘယ်သူက ဖြတ်ပါလိမ့်....(မဂ်က ဖြတ်ပါတယ်ဘုရား)မဂ်က ဖြတ်လိုက်တော့ ဘယ့်နှယ်ဆိုကြမလဲ.... ( အကာလိကောပါ ဘုရား)။

အကာလိကောဆိုတာ အခု မဂ်ဆိုယင် အခု ဖြတ်တယ်.... (မှန်ပါ့ဘုရား) လောကီမဂ်ကလဲ လောကီ ပဋိစ္စသမုပ္ပါဒ် ဖြတ် တာဘဲ...(မှန်ပါ့ဘုရား) မပြတ်သေးဘူးလား.... (ပြတ်ပါတယ် ဘုရား)။

ကိုင်း....တကာတကာမတွေ ဒီပဋိစ္စသမုပ္ပါဒ်တွေ ပြတ်တယ် ဆိုကတည်းက ဝိပ္ပလ္လာသပြတ်လို့ ပြတ်တာ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ဝိပ္ပလ္လာသ မပြတ်ယင်....(မပြတ် ပါဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာရှုမှသာလျှင် ခိုကိုးရာဖြစ်တဲ့ မဂ်ကို လဲ ရမယ်....(မှန်ပါ့ဘုရား) ရမှသာလျှင် အကာလိကော....ဆိုတဲ့ သံသရာ့ခရီးသည်တွေ ပြတ်မယ်.... (မှန်ပါ့) တဏှာ၊ဥပါဒါန်၊ ကံတွေကော.... (ပြတ်ပါတယ်ဘုရား) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ....(ပြတ်ပါတယ်ဘုရား) အဝိဇ္ဇာ သင်္ခါရ.... (ပြတ်ပါ တယ်ဘုရား)။

ကဲ...ဒါဖြင့် တကာတကာမတို့ ဟေိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်မယ်.... (သဒ္ဓိန္ဒြေကောနဲ့ လိုက်ရပါမယ်ဘုရား) သဒ္ဓိန္ဒြေ ကောနဲ့ လိုက်၊လိုက်တဲ့အခါကျတော့ ဘယ်လို ကျေးဇူး ခံစား ရသတုံး....ဆိုတော့ အပါယ်သံသရာပြတ်တယ်.... (မှန်လှပါ ဘုရား)။

ဘာ့ကြောင့်တုံး....ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ အကာလိကော=အခါမလင့် အကျိုးပေးလိုက်တော့ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား.... (မဆက်နိုင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် မဆက်နိုင်တာ ဘာပါလိမ့်....(အကာလိကော ပါဘုရား) အကာလိကော=အခါမလင့် အကျိုးပေးလိုက်တယ်-(မှန်ပါ့ဘုရား)။

အဲဒီလို အခါမလင့် အကျိုးပေးတော့ တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ဆက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါက မဂ်စစ် မဟုတ်သေးဘူး၊ ဝိပဿနာမဂ်တွင် ဟောနေသေးတယ်....( မှန်ပါ့ ) နက်ဖြန် လောကုတ္တရာမဂ်ဟောတော့ ဒီ့ထက် ရှင်းလိမ့်မယ်....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ၊ ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု....

# ဤတွင်အမှတ်စဉ်(၁၆) ပြီးပါပြီ။